# မြန်မာနိုင်ငံ တရားစီရင်ထုံးများ

# BURMA LAW REPORTS

## ၁၉၇၁

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ နိုင်ငံတော်တရားရုံးချုပ်

စစ်ဘက်အယူခံတရားရုံး

စီရင်ချက်များ


စာတည်း ---- ဦးတင်ညွန့်၊ ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ တရားရုံးချုပ်ရှေ့နေ

စာပြု ---- ဦးဝင်းကြည်၊ မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ တရားရုံးချုပ်ရှေ့နေ

ဒေါ်တင်တင်မြင့်၊ ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ တရားရုံးချုပ်ရှေ့နေ



ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၏ ခွင့်ပြုချက်အရ ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ကော်ပိုရေးရှင်းတွင် ရိုက်နှိပ်ထုတ်ဝေသည်။

20958

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

တရားရုံးများလက်စွဲ အပိုဒ်၉၇၂အရ တစ်ကြိမ်ငှားရမ်းလျှင်
ရက်သတ္တပတ်(၃)ပတ်ထက်မပိုစေရ

စာကြည့်တိုက်
မြန်မာ့တရားသူကြီးအဖွဲ့ရုံး

# စီရင်ထုံးပြုသော မှုခင်းများ

# LIST OF CASES REPORTED

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

ကာဆင် (ခေါ်) အဘုလာ ပါ ၁၁ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... ၁
ဦးဘအေး-မောင်၊ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... .... ၄

# ညွှန်းချက်

# INDEX

---

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

**အက်ဥပဒေများ——**


**ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ။**

**သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ။**


**ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေ—— ရင်းဥပဒေပုဒ်မ ၁၅ (၁) (က) အရ၊ အပြစ်ပေးနိုင်ရန်အတွက် ဆိုရှယ်လစ်စီးပွါးရေးစနစ်ကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရားလိုဘက်မှ သက်သေထူရန် တာဝန်ရှိခြင်း။** ။အယူခံတရားလိုတို့ကို အချိန်မတော် ညအခါ၌၊ နယ်ခံပ်နှင့် မနီးမဝေး၊ မှောင်ခိုသူတို့ သုံးစွဲတတ်သည့် တောလမ်းတွင် နိုင်ငံခြားပစ္စည်းများနှင့် အတူ လက်ပူးလက်ကြပ်မိခဲ့သဖြင့် ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁)(က)အရ မှုဖြင့်စီရင်ခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။ပြစ်မှုကို ၁၉၆၆ ခုနှစ်က ကျူးလွန်ခဲ့သည်ဖြစ်ရာ၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁)(ဃ)အရ၊ အပြစ်ပေးနိုင်ရန်အတွက်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်ကိုပျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရားလိုဘက်မှ သက်သေထူရမည်ဖြစ်သည်။ ထို့ကြောင့် လက်ထောက်ရှေ့နေချုပ် တင်ပြသည့်အတိုင်း၊ ပြစ်မှုကို သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေပုဒ်မ ၅(၁)အရ၊ စီရင်ခြင်းကသာ သင့်မြတ်မှန်ကန်မည်ဟု ယူဆသည်။ **။သတိပေးချက်။** ။အာမခံဝန်ဖြင့်အယူခံကြားနာနေစဉ်အတွင်း၌၊ အချုပ်လွတ် နေထိုင်စဉ်၊ အယူခံတရားလိုသို့သည်၊ အာမခံစည်းကမ်းချက်များအရ၊ တိကျစွာ လိုက်နာကြရန် လိုအပ်သည်။ ၎င်းတို့အတွက် ဝန်ခံချုပ်ပြုသူများသည် ခံဝန်ပြုခြင်းကို လေးနက်စွာ ဆောင်ရွက်ကြရန်ဖြစ်သည်။


၁။ ကာဆင် (ခ) အဘူလာ ပါ ၈ } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ ၁
၂။ ဆေးကန်ဒါ (ခ) စိုးမြင့်
၃။ မာမက်ဆဒီ (ခ) လှမြင့်
၄။ အဒူရှစ် (ခ) ကျော်ရွှေ

**သက်သေထွက်ချက်ကို ချိန်ဆရာတွင် အရည်အတွက်ထက် အရည်အသွေးက အရေးကြီးခြင်း—တရားလိုနှင့် တရားခံဘက် ထွက်ဆိုချက်များ နှစ်ဖက်ချိန်ခွင် ညီနေလျှင် ထင်ကြေးဖြင့်ဖြည့်၍၊ တရားလိုဘက်ကို အလေးပို့စေကာ တရားခံအား အပြစ်ပေးခြင်းမပြုသင့် — အချင်းချင်း မသင့်မြတ်၍၊ တိုင်ကြားခြင်းမျိုးတွင် ရာဇဝတ်တရားစီရင်ရေးအာဏာကို သုံး၍ပါဝင်စွက်ဖက်ခြင်းဖြင့်၊ တရားရုံး၏ ဂုဏ်သိက္ခာ ကျဆင်းနိုင်သည်ကို သတိချပ်သင့်ခြင်း။** ။ဤအမှုတွင် အထူးရာဇဝတ်ရုံး တရားလိုပြသက်သေများနှင့် တရားခံပြသက်သေများ ဆန့်ကျင်ထွက်ဆိုနေကြရာတွင် တရားလိုသက်သေများကို လက်ခံ၍၊ အယူခံတရားလိုအား ပြစ်မှုထင်ရှားတွေ့ရှိကြောင်း စီရင်ချက်ရေးခဲ့သည်။ အတည်ပြုအဖွဲ့က စီရင်ချက်ကိုအတည်မပြုပဲ အယူခံတရားလိုသည် သောင်းကျန်းသူများနှင့် မိမိသဘောအလျောက် အမှန်ဆက်သွယ်ခဲ့ခြင်း ရှိ မရှိ၊ ဆက်ကြေး ပေး မပေး စသည်တို့နှင့်ပတ်သက်၍ လွတ်လပ်သော သက်သေများ ထပ်မံခေါ်ယူစစ်ဆေး၍ စီရင်ချက်သစ်ရေးသားကာ၊ ပြန်လည်တင်ပြရန် အထူးရာဇဝတ်ရုံးသို့ ပြန်ပို့ခဲ့သည်။ အထူးရာဇဝတ်ရုံးက သက်သေအချို့ကို ထပ်မံခေါ်ယူစစ်ဆေးပြီးနောက်၊ အယူခံတရားလိုအပေါ် ပြစ်မှုထင်ရှားသည်ဟု ထပ်မံတွေ့ရှိသည်။ ထောင်ဒဏ် ၁၀ နှစ်သတ်မှတ်၍ အတည်ပြုအဖွဲ့သို့ တင်ပို့ခဲ့ရာ၊ ပြစ်မှုကိုအတည်ပြုသော်လည်း ထောင်ဒဏ်ကို ၃ နှစ်သို့လျှော့ပေါ့ အတည်ပြုခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။သက်သေ ထွက်ချက်ကို ချိန်ဆရာတွင် အရေအတွက်ထက် အရည်အသွေးက အရေးကြီးသည်။ တရားလိုဘက်မှ အင်္ဂါသက်သေ ၂ ယောက်သာ ပြနိုင်ပြီးလျှင်၊ တရားခံဘက်က သက်သေ ၃ ယောက်ထုတ်နိုင်သောကြောင့်၊ တရားခံဘက်ကို အလေးပေးရမည်ဟု မဟုတ်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။သို့ရာတွင်၊ ဤအမှုမှာကဲ့သို့ တရားခံပြ သက်သေများသည်လည်း ကျေးရွာလူကြီးများဖြစ်ကြရာ၊ အတိအကျအခိုင်အမာ ထွက်ဆိုနေကြလျှင် နှစ်ဘက်ချိန်ခွင် ညီနေသည်ကို ထင်ကြေးဖြင့်ဖြည့်၍ တရားလိုဘက်ကို အလေးပို့စေပြီးလျှင်၊ တရားခံအား အပြစ်ပေးခြင်း မပြုသင့်ချေ။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။နယ်အခြေအနေ မငြိမ်ဆိမ်သည့်အခိုက်၊ အချင်းချင်းမသင့်မြတ်ကြ၍ တဦးအပေါ်တဦး တိုင်ကြားကြရာမှ၊ မှုခင်းဖြစ်ပွါးခဲ့ရသည်ဟု ယူဆသည်။ ယင်းကဲ့သို့ အချင်းချင်း မသင့်မမြတ်ဖြစ်ခြင်းကြောင့်၊ တိုင်ကြားခြင်းမျိုးတွင်၊ နိုင်ငံတော်၏ ရာဇဝတ်တရားစီရင်ရေး အာဏာကိုသုံး၍ ပါဝင်စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကျဆင်းနိုင်သည်။ အစိုးရနှင့်တရားရုံးအပေါ် ပြည်သူတို့ လေးစားယုံကြည်မှု နည်းပါးစေနိုင်သည်။ ယင်းအချက်ကိုကောင်းစွာ သတိချပ်သင့်သည်။

**ဦးအေးမောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** ၄

စာကြည့်တိုက်
မြည်သူ့တရားသူကြီးအဖွဲ့ရုံး

# စီရင်ထုံးပြုသောမှုခင်းများ

# LIST OF CASES REPORTED

---

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## SPECIAL CRIMINAL COURTS' APPEAL COURT


စာမျက်နှာ

တင်အောင်၊ မောင်၊ ပါ ၁၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၉

# ညွှန်းချက်

# INDEX

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

အက်ဥပဒေများ—

ရာဇသတ်ကြီး။

ချိန်းခြောက်သောကြောင့် သောင်းကျန်းသူတို့ စေခိုင်းသည့် အတိုင်း ပြုလုပ်ဆောင်ရွက်ရခြင်းသည် ဖြစ်မှု မြောက် မမြောက်—ဖြစ်ပျက်ခဲ့သမျှကို ထောက်ရှု၍ အယူခံတရားလိုတို့သည် အလို အလျောက် သောင်းကျန်းသူတို့အား ကူညီခဲ့သည် မကူညီခဲ့သည်ကို စဉ်းစားဝေဘန်ရခြင်း။ ။ဆုံးဖြတ်ချက်။ ။သောင်းကျန်းသူတို့ ရွာကိုရောက်လာပြီးနောက်၊ ၎င်းတို့ ချိန်းခြောက် ခေါ်ဆောင်လာသော မော်တော်သည်လည်း ဆိုက်ကပ်လာသည်။ သောင်းကျန်းသူတို့က လက်နက်ပြ၍ တအိမ်တယောက် ယောကျ်ားများ ဆင်းခဲ့ရမည်ဟု ခေါ်သည်မှာ အငြင်း မပွါးသော အချက်ဖြစ်သည်။ ယင်းအမိန့်အရ ကြောက်ရသော အယူခံ တရားလိုတို့ ထွက်လာ၍၊ သောင်းကျန်းသူများ စေခိုင်းသည့် အတိုင်း၊ နို့ဆီ သေတ္တာများကိုသယ်ပိုးကြသည်။ ယင်းသို့ ဖြစ်ပွါးပြီး မကြာမီပင် တပ်မတော် ရောက်လာပြီးတိုက်ပွဲဖြစ်သည်ဟု အထောက်အထားရှိသည်။ သောင်းကျန်းသူတို့ ထွက်ပြေးကြသောအခါ၊ အယူခံ တရားလိုတို့ကပင် ကျန်ရှိသော နို့ဆီသေတ္တာများကို တပ်မတော်၏တာဝန်ပေးချက်ဖြင့်၊ မော်တော်ပေါ်သို့ တင်ပို့ကြပြန်သည်။ ထို့ကြောင့် နို့ဆီသေတ္တာများကို အယူခံ တရားလိုတို့က ဝှက်ထားရန် အချိန်မရှိခဲ့။ အခွင့်သာလျှင်နို့ဆီသေတ္တာများကို ဝှက်သိမ်းထား၍ မိမိတို့ အကျိုးအတွက် အသုံးပြုမည်ဟူသောစိတ်၊ အယူခံ တရားလိုတို့၌ မဖြစ်ခဲ့ဟု မဆိုသာ၊ သို့ရာတွင် အချိန်တိုတိုအတွင်း တပ်မတော် ဆိုက်ရောက်လာသောကြောင့်၊ အကယ်၍ စိတ်ဖြစ်ပွါးခဲ့လျှင်လည်း၊ ကာယကံမြောက် ကျူးလွန်ခဲ့ခြင်း မရှိနိုင်ခဲ့ချေ။ ဖြစ်ပျက်ခဲ့သမျှကိုသာထောက်ရှုလျှင်၊ အယူခံ တရားလိုတို့သည် အလို အလျောက် မိမိတို့၏ ဆန္ဒစေတနာဖြင့်၊ သောင်းကျန်းသူတို့အား ကူညီခဲ့သည်ဟု အခိုင် အမာ ဆုံးဖြတ်ရန်ခဲယဉ်းသည်။ ဤကဲ့သို့သော အမှုမျိုး၌ ကာလ ဒေသ အခြေအနေကို ထည့်သွင်းစဉ်းစားအပ်သည်ဟု မကြာမကြာ မှတ်ချက်ပြုခဲ့ဘူးသည်။ ယင်း အခြေအနေကိုထည့်သွင်း စဉ်းစားလျှင်၊ အယူခံ တရားလိုတို့က အထူး ရာဇဝတ်ရုံး ရှေ့၌ ထုချေတင်ပြခဲ့သည့် အတိုင်း ၎င်းတို့သည် ကြောက်ရွံ့၍ သောင်းကျန်းသူတို့ စေခိုင်းသည့် အတိုင်း လုပ်ခဲ့ရပါသည် ဟူသော အချက်သည် သဘာဝ ယုတ္တိနှင့် ကိုက်ညီသည်ဟု ဆိုနိုင်သည်။

မောင်တင်အောင် ပါ၁၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... .... ၉

# အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် ဝိန်ဝင်း၊ ဒေါက်တာမောင်မောင် တို့ရှေ့တွင်

† ၁၉၇၁ ဖေဖော်ဝါရီလ ၁၈ ရက်။

၁။ ကာဆင် (ခေါ်) အဘူလာ ပါဂ
၂။ ဆေးကန်ဒါ (ခေါ်) စိုးမြင့်
၃။ မာမက်ဆဒီ (ခေါ်) လှမြင့်
၄။ အဒူရှစ် (ခေါ်) ကျော်ရွှေ

နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ*

**ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ— ၎င်းဥပဒေပုဒ်မ ၁၅ (၁)(က)အရ အပြစ်ပေးနိုင်ရန်အတွက် ဆိုရှယ်လစ် စီးပွါးရေးစနစ်ကို ဖျက်စီးစေလိုသောရည်ရွယ်ချက်ကို တရားလိုဘက်မှ သက်သေထူရန် တာဝန်ရှိခြင်း။**

အယူခံတရားလိုတို့ကို အချိန်မတော်ညအခါ၌ နယ်စပ်နှင့် မနီးမဝေး မှောင်ခိုသူတို့ သုံးစွဲတတ်သည့်တောလမ်းတွင်၊ နိုင်ငံခြားပစ္စည်းများနှင့်အတူ လက်ပူးလက်ကြပ်မိခဲ့သဖြင့် ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) (က) အရ၊ မှုပြစ်စီရင်ခဲ့သည်။

**ဆုံးဖြတ်ချက်။** ။ပြစ်မှုကို ၁၉၆၆ ခုနှစ်က ကျူးလွန်ခဲ့သည်ဖြစ်ရာ၊ ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) (ဃ) အရ အပြစ်ပေးနိုင်ရန်အတွက်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်ကို ဖျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရားလိုတို့ဘက်မှ သက်သေထူရမည်ဖြစ်သည်။ ထို့ကြောင့် လက်ထောက် ရှေ့နေချုပ် တင်ပြသည့်အတိုင်း၊ ပြစ်မှုကို သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ၊ စီရင်ခြင်းကသာ သင့်မြတ်မှန်ကန်မည်ဟု ယူဆသည်။

**သတိပေးချက်။** ။အာမခံဝန်ဖြင့် အယူခံကြားနာနေစဉ်အတွင်း၌၊ အချုပ်လွတ် နေထိုင်စဉ်၊ အယူခံတရားလိုတို့သည်၊ အာမခံစည်းကမ်းချက်များအရ၊ တိကျစွာလိုက်နာကြရန် လိုအပ်သည်။ ၎င်းတို့အတွက် ခံဝန်ချုပ်ပြုသူများသည် ခံဝန်ပြုခြင်းကို လေးနက်စွာ ဆောင်ရွက်ကြရန်ဖြစ်သည်။

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈၀၊ ၈၃၊ ၈၄ နှင့် ၈၅။

† မော်လမြိုင်ခရိုင်၊ ၁၉၆၇ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၇၇ ၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂ တွင်၊ ၁၉၆၈ ခုနှစ်၊ ဇန္နဝါရီလ ၃၁ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၁၉၇၁ အယူခံ တရားလိုအတွက။ ။တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်။

၁။ ကာဆင်(ခ) အယူခံ တရားခံအတွက်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

အဘူလာ ပါ ၀၊
၂။ ဆေးကန်ဒါ (ခ) စိုးမြင့်၊
၃။ မာမက်ဆစ် (ခ) လှမြင့်၊
၄။ အဒူရှစ်(ခ) ကျော်ရွှေ နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံ တရားလိုတို့အပေါ် အထူးရာဇဝတ်ရုံးအမှတ် ၇၇/၁၉၆၇ က၊ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) (ဃ)အရ၊ ပြစ်မှုထင်ရှား တွေ့ရှိ၍၊ ထောင်ဒဏ် ၁၀ နှစ်စီကျခံ စေရန် အမိန့်ချမှတ်ခဲ့သည်။

၁၉၆၆ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် တပ်မတော် ကင်းပုန်းက နယ်စပ်နှင့် မလှမ်း မကမ်းဖြစ်သော ထန်းတောကုန်းနှင့် အန်ကရဲကုန်း တဝိုက်၌၊ မှောင်ခိုသူတို့ကိုဖမ်းဆီး ရန် တပ်ချနေခဲ့သည်။ ည ၁၀ နာရီခန့်တွင် လူတစုလာသည်ကို တွေ့ရ၍၊ ကင်းက အရပ်ခိုင်းသည်၊ ရှေ့မှလာသူက လက်မြှောက်၍ ရပ်သော်လည်း နောက်ကလူများ ထွက်ပြေးကြသဖြင့် တပ်မတော်ကင်းက သေနတ်ပစ်ဖေါက်၍၊ ပြေးသူတို့ကို လိုက်လံ ဖမ်းဆီးလာသည်။ အယူခံ တရားလိုများနှင့်အတူ နိုင်ငံခြားမှ သွင်းယူလာသော ပစ္စည်းအမျိုးမျိုးကို လက်ပူးလက်ကြပ် ဖမ်းဆီးရမိခဲ့သည်။ ယင်းပစ္စည်းများကို ရှာဖွေ စာရင်းပြုလုပ်၍၊ ရုံးတွင်သက်သေခံ တင်ထားသည်။ တန်ဖိုး ၁၇,၀၀၀ိ မျှရှိသည်ဟု ဖြတ်သည်။ အထူးရာဇဝတ်ရုံးတွင် တရားခံများက ပစ္စည်းများကို ကရင်တဦးက ငှါးပြီး အထမ်းခိုင်း၍ အခကြေးငွေယူကာ ထမ်းလာခြင်းသာ ဖြစ်ပါသည်။ မိမိတို့ ကိုယ်တိုင် မှောင်ခိုသွင်းယူလာခြင်း မဟုတ်ပါဟု တင်ပြကြသည်။

အယူခံ တင်သွင်းရာ၌လည်း၊ အယူခံ တရားလိုတို့က ယင်းသို့ပင်တင်ပြသည်။ တဦးလျှင် ငွေ ၅ဝိ စီပစ္စည်းထမ်းခရ၍၊ ယူလာခြင်းသာ ဖြစ်ပါသည်။ မှောင်ခိုကုန်မှန်း မသိပါဟု ဆိုကြသည်။ အယူခံကို လျှောက်လဲသော ရှေ့နေကြီး ဦးတင်မောင်က ပြစ်မှုထင်ရှား တွေ့ရှိထားသော ပုဒ်မသည် မဆီလျော်ပါ၊ ယင်းပုဒ်မအရ အပြစ်ပေး နိုင်ရန် ဆိုရှယ်လစ် စီးပွါးရေး စနစ်ကို ဖျက်ဆီးလိုသော ရည်ရွယ်ချက်ဖြင့် ပြစ်မှုကို ကျူးလွန်ကြောင်း တရားလိုဘက်မှ သက်သေထူရပါသည်။ အယူခံတရားလိုတို့သည် ပစ္စည်းများကို ထမ်းပိုးသယ်ဆောင် လာခဲ့သည်ဆိုစေဦး၊ ယင်းသို့ပြုခြင်းကြောင့် ဆိုရှယ် လစ်စီးပွါးရေး စနစ်ကို ထိခိုက်စေလိမ့်မည်ဟုမသိ၊ မရည်ရွယ်ခဲ့ကြပါ၊ ဝမ်းရေးအတွက် လုပ်ကိုင်စားသောက်ခြင်းသာ ဖြစ်ပါသည်ဟု တင်ပြသည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း က၊ ပုဒ်မ ၁၅ (၁) (ဃ)အတွက် လိုအပ်သော အင်္ဂါရပ်များ စုံသည်ဟု မဆိုနိုင်ပါ၊ ၎င်းတို့၏ ဝိသမလောဘကြောင့် လုပ်ခဲ့ခြင်းဖြစ်သောကြောင့်၊ သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅ (၁)အရ၊ လွှဲပြောင်း၍ အပြစ်ပေးသင့်ပါသည်ဟု တင်ပြသည်။

အယူခံတရားလိုတို့ကို အချိန်မတော်သော ညအခါ၌ နယ်စပ်နှင့်မဝေး မှောင်ခိုသူတို့ သုံးစွဲတတ်သည့် တောလမ်းတွင် နိုင်ငံခြား ပစ္စည်းများနှင့်အတူ လက်ပူးလက်ကြပ် မိခဲ့ခြင်းဖြစ်သည်။ မှောင်ခို ပစ္စည်းများဖြစ်ကြောင်း အယူခံ တရားလိုတို့က မသိပါဟု ထုချေသည်ကို လက်ခံရန် ခဲယဉ်းသည်။ သို့ရာတွင် ပြစ်မှုကို ၁၉၆၆ ခုနှစ်က ကျူးလွန်ခဲ့သည်ဖြစ်ရာ၊ ၁၅ (၁) (ဃ) အရ၊ အပြစ်ပေးနိုင်ရန်အတွက် ဆိုရှယ်လစ် စီးပွါးရေးစနစ်ကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရားလိုတို့ဘက်မှ သက်သေထူရမည်ဖြစ်သည်။ ထို့ကြောင့်လက်ထောက် ရှေ့နေချုပ် တင်ပြသည့်အတိုင်း ပြစ်မှုကို သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁)အရ၊ စီရင်ခြင်းကသာ သင့်မြတ် မှန်ကန်မည်ဟု ကျွန်ုပ်တို့ယူဆသည်။

အယူခံ တရားလိုတို့သည် အစုဖြင့် မှောင်ခိုပစ္စည်း အမြောက်အမြားကို သယ်ယူလာကြခြင်းဖြစ်သည်ကို ရှေထောက်ချင့်၍ သတ်မှတ်ထားသော ထောင်ဒဏ် ၁၀ နှစ်သည် များသည်ဟု မဆိုနိုင်။ သင့်မြတ်သည်ဟု ဆိုရမည်သာဖြစ်သည်။ ထို့ကြောင့် လွှဲပြောင်းသော ပုဒ်မအရလည်း ထောင်ဒဏ် ၁၀ နှစ်စီပင် ကျခံစေရမည်ဟု သတ်မှတ်သည်။

အယူခံလွှာများကို လက်ခံစဉ်က အာမခံ လျှောက်ထားကြသောကြောင့် အယူခံ တရားလိုတို့အား ကျွန်ုပ်တို့က အာမခံနှင့် နေထိုင်ခွင့် ပြုခဲ့သည်။ သို့ရာတွင် ရုံးချိန်းနေ့များ၌ မပျက်မကွက်ရုံးသို့ လာရောက်ရမည်ဟူသော စည်းကမ်းချက်ကို ချမှတ်ခဲ့သည်။ အချို့သော အယူခံတရားလိုတို့သည် ယင်းစည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ကြသောကြောင့် ၎င်းတို့အတွက် ခံဝန် ပြုလုပ်သူတို့အပေါ် ခံဝန် ပျက်ကွက်မှုဖြင့် အရေးယူခဲ့သည်။ အာမခံဝန်ဖြင့် အယူခံကြားနာနေစဉ်အတွင်း၌၊ အချုပ်လွတ်နေထိုင်စဉ်၊ အယူခံ တရားလိုတို့သည် အာမခံလွှာ စည်းကမ်းချက်များအရ၊ တိကျစွာ လိုက်နာကြရန် လိုအပ်ကြောင်း၊ ကျွန်ုပ်တို့ ရေး၍ ပြလိုသည်။ ၎င်းတို့အတွက် ခံဝန်ချုပ် ပြုသူများသည် ခံဝန်ပြုခြင်းကို လေးနက်စွာ ဆောင်ရွက်ကြရန်ဖြစ်သည်။ အယူခံ တရားလိုတို့က ရုံးကချမှတ်ထားသော စည်းကမ်းချက်တို့ကို လိုက်နာကြရန်ကိုလည်း ခံဝန်ပြုသူတို့က ကူညီစောင့်ကြပ် ပေးသင့်သည်။

၁၉၇၁

၁။ ကာဆင်(ခ) အဘူလာ ပါ ၇၊
၂။ ဆောကန်ဒါ (ခ) စိုးမြင့်၊
၃။ မာမက်ဆဒီ (ခ) လှမြင့်၊
၄။ အဒူရှစ်(ခ) ကျော်ရွှေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

† ၁၉၇၁ မတ်လ ၄ ရက်။

ဦးဖအေးမောင်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ*

သက်သေထွက်ချက်ကို ချိန်ဆ ရာတွင် အရေအတွက်ထက် အရည်အသွေးက အရေးကြီးခြင်း— တရားလိုနှင့် တရားခံဘက် ထွက်ဆိုချက်များ နှစ်ဖက်ချိန်ခွင်ညီနေလျှင် ထင်ကြေးဖြင့် ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေကာ တရားခံအား အပြစ်ပေးခြင်း မပြုသင့်—အချင်းချင်း မသင့်မြတ်၍ တိုင်ကြားခြင်းမျိုးတွင် ရာဇဝတ် တရားစီရင်ရေးအာဏာကို သုံး၍ ပါဝင် စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာ ကျဆင်းနိုင်သည်ကို သတိချပ်သင့်ခြင်း။

ဤအမှုတွင် အထူး ရာဇဝတ်ရုံးက တရားလိုပြ သက်သေများနှင့် တရားခံပြ သက်သေများ ဆန့်ကျင်ထွက်ဆိုနေကြရာတွင် တရားလိုပြ သက်သေများကို လက်ခံ၍၊ အယူခံ တရားလိုအား ပြစ်မှုထင်ရှား တွေ့ရှိကြောင်း စီရင်ချက် ရေးခဲ့သည်။ အတည်ပြုအဖွဲ့က စီရင်ချက်ကို အဘည်မပြုပဲ အယူခံ တရားလိုသည် သောင်းကျန်းသူများနှင့် မိမိသဘောအလျောက် အမှန် ဆက်သွယ်ခဲ့ခြင်း ရှိ-မရှိ၊ ဆက်ကြေး ပေး-မပေး စသည်တို့နှင့် ပတ်သက်၍ လွှတ်လပ်သော သက်သေများ ထပ်မံ ခေါ်ယူ စစ်ဆေး၍ စီရင်ချက်သစ် ရေးသားကာ၊ ပြန်လည် တင်ပြရန် အထူး ရာဇဝတ်ရုံးသို့ ပြန်ပို့ခဲ့သည်။ အထူးရာဇဝတ်ရုံးက သက်သေအချို့ကို ထပ်မံ ခေါ်ယူ စစ်ဆေးပြီးနောက်၊ အယူခံ တရားလိုအပေါ် ပြစ်မှုထင်ရှားသည်ဟု ထပ်မံတွေ့ရှိသည်။ ထောင်ဒဏ် ၁၀ နှစ် သတ်မှတ်၍ အတည်ပြုအဖွဲ့သို့ တင်ပို့ခဲ့ရာ၊ ပြစ်မှုကို အတည်ပြုသော်လည်း ထောင်ဒဏ်ကို ၃ နှစ်သို့ လျှော့ပေါ့ အတည်ပြုခဲ့သည်။

**ဆုံးဖြတ်ချက်။** ။သက်သေထွက်ချက်ကို ချိန်ဆရာတွင် အရေအတွက်ထက် အရည်အသွေးက အရေးကြီးသည်။ တရားလိုဘက်မှ အဓိကသက်သေ ၂ ယောက်သာပြနိုင်ပြီးလျှင် တရားခံဘက်က သက်သေ ၃ ယောက်ထူနိုင်သောကြောင့် တရားခံဘက်ကို အလေးပေးရမည်ဟု မဟုတ်။

---

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁။

† မအူပင်ခရိုင်၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၉ ၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅ တွင် ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၇၁

ဦးအေးမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

**ထပ်မံဆုံးဖြတ်ချက်။** ။သို့ရာတွင် ဤအမှုမှာကဲ့သို့ တရားခံပြသက်သေများသည်လည်း ကျေးရွာ လူကြီးများ ဖြစ်ကြကာ အတိအကျ အခိုင်အမာ ထွက်ဆိုနေကြလျှင် နှစ်ဘက် ချိန်ခွင်ညီနေသည်ကို ထင်ကြေးဖြင့် ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေပြီးလျှင် တရားခံအား အပြစ်ပေးခြင်း မပြုသင့်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ နယ်အခြေအနေ မငြိမ်ဆိမ်သည့်အခိုက်၊ အချင်းချင်း မသင့်မြတ်ကြ၍ တဦးအပေါ်တဦး တိုင်ကြားကြရာမှ မှုခင်းဖြစ်ပွါးခဲ့ရသည်ဟု ယူဆသည်။ ယင်းကဲ့သို့ အချင်းချင်း မသင့်မြတ် ဖြစ်ခြင်းကြောင့် တိုင်ကြားခြင်းမျိုးတွင် နိုင်ငံတော်၏ ရာဇဝတ် တရားစီရင်ရေး အာဏာကို သုံး၍ ပါဝင် စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာ ကျဆင်းနိုင်သည်။ အစိုးရနှင့် တရားရုံးအပေါ် ပြည်သူတို့ လေးစားယုံကြည်မှု နည်းပါးစေနိုင်သည်။ ယင်းအချက်ကို ကောင်းစွာ သတိချပ်သင့်သည်။

**အယူခံ တရားလိုအတွက်။** ။မရှိ

**အယူခံ တရားခံအတွက်။** ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း။

အယူခံတရားလို ဦးအေးမောင်သည်၊ သောင်းကျန်းသူတို့နှင့် ဆက်သွယ်၍ ၎င်းတို့အတွက် ဆက်ကြေး ကောက်ခံပေးသည်၊ ထို့ပြင် ရွာသူရွာသားများအား စပါးများကို အစိုးရထံ မရောင်းရဟု ခြိမ်းခြောက် ဟန့်တားသည်ဟူသော စွဲချက်တို့ကို မအူပင်မြို့၊ **အထူးရာဇဝတ်ရုံးအမှတ် ၅၉/၁၉၆၆ က၊ စစ်ဆေးခဲ့သည်။** စွဲဆိုသည့်အတိုင်းမှန်ကန်သည်ဟု အထူးရာဇဝတ်ရုံးကယူဆကာ ဦးအေးမောင်အပေါ် မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁)အရ၊ ထောင်ဒဏ် ၁၀ နှစ်အပြစ်ပေးခဲ့သည်။ အတည်ပြုအဖွဲ့က ထောင်ဒဏ် ၃ နှစ်သို့ လျှော့ပေါ့ပေးခဲ့သည်။

တရားလိုပြ သက်သေများအနက် အဓိကသက်သေ ၂ ဦးသည်၊ ဦးစံမောင (လိုပြ-၂)နှင့် ဦးထွန်းညို (လိုပြ-၃ )တို့ ဖြစ်ကြသည်။ ဦးစံမောင်သည် အချင်းဖြစ်ပွါးရာ မအူပင်မြို့နယ်၊ အိုင်ဝိုင်းကျေးရွာ မြေယာကော်မီတီ ဥက္ကဋ္ဌ၊ လုလသသ အမှုဆောင်နှင့် လအက ဥက္ကဋ္ဌဖြစ်သည်။ ဦးစံမောင်က ဦးအေးမောင်သည် သောင်းကျန်းသူ ရှေ့နီအဖွဲ့နှင့် စာပေးစာယူပြုသည်။ ရှေ့နီက ဆက်ကြေးကောက်ပေးရန် မှာကြားသော စာများကို ဦးအေးမောင်က ပြပြီးလျှင် ဆက်ကြေးငွေများ ကောက်ခံလေ့ရှိသည်။ အစိုးရထံ စပါးမရောင်းရဟု သောင်းကျန်းသူတို့က တားမြစ်သည့် စာကိုလည်း ဦးအေးမောင် ရပါသည်ဟု ထွက်ဆိုသည်။ ဦးထွန်းညိုကလည်း အလားတူ ထွက်ဆိုသည်။ ဦးထွန်းညို၊ ဦးစံမောင်တို့က (သက်သေခံ "ခ") တိုင်စာကို တပ်မတော်မှ ဗိုလ်ကြီး ကျော်စိန် (လိုပြ-၄)ထံ ပေးပို့ရာမှ အမှုကို အထူးရာဇဝတ်ရုံးသို့ တင်သွင်းရန် အမှုပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

၁၉၇၁

ဦးအေးမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဦးအေးမောင်သည်လည်း ကျေးရွာတွင် လလသသ ကော်မီတီဝင် ဆယ်အိမ်ခေါင်း ဖြစ်သည်။ ၎င်းကန့်ကွက်သည်ကိုတွင် ထွက်ဆိုရာ၌ ဦးစံမောင်က ရွာလူကြီး ၇ ယောက်တို့အား အိမ်သို့ခေါ်၍ သောင်းကျန်းသူ ဌာနီထံမှ ဆက်ကြေးတောင်းစာ ရောက်သည်ဟု ပြောကာ ဆက်ကြေးကောက်ခံပါသည်။ ဦးစံမောင်ကပင် ဆက်ကြေးငွေကို သောင်းကျန်းသူထံ ပို့ပေးရန် ၎င်းအားပြောကြားပါသည်၊ ၎င်းက မသွားဝံ့ကြောင်းဖြင့် ငြင်းဆိုခဲ့ပါသည်ဟု ထွက်ဆိုသည်။ ရွာလူကြီးနှင့် မြေယာကော်မီတီ၊ လအက ကော်မီတီဝင်များ ဖြစ်ကြသော ဦးမောင်ကြီး၊ ဦးမြဟန်၊ ဦးစိန်ညွှာတို့က အထူးရာဇဝတ်ရုံး တွင် သက်သေခံရာ၌ ဦးအေးမောင်အား ထောက်ခံ ထွက်ဆိုကြသည်။ ဦးစံမောင်နှင့် ဦးထွန်းညိုတို့သည် ဆွေမျိုးများ ဖြစ်ကြသည်ဟုလည်း ထွက်ဆိုကြသည်။ ဦးအေးမောင် က အစိုးရထံ စပါးမရောင်းရဟု မတားပါ၊ မိမိတို့ရွာမှ စပါးများ ရောင်းကြသည်ဟုလည်း ထွက်ဆိုထားသည်။

အထက်ပါကဲ့သို့ တရားလိုပြ သက်သေများနှင့် တရားခံပြသက်သေများ ဆန့်ကျင် ထွက်ဆိုနေကြရာတွင် အထူးရာဇဝတ်ရုံးက တရားလို သက်သေများကို လက်ခံ၍ ဦးအေးမောင်အား ပြစ်မှုထင်ရှား တွေ့ရှိကြောင်း စီရင်ချက် ရေးသားခဲ့သည်။ အတည် ပြုအဖွဲ့က စီရင်ချက်ကို သုံးသပ်ကာ အတည်မပြုပဲ၊ ဦးအေးမောင်သည် သောင်းကျန်း သူများနှင့် မိမိသဘောအလျောက် အမှန်တကယ် ဆက်သွယ်ခဲ့ခြင်းရှိ မရှိ၊ ဆက်ကြေး ပေး မပေး၊ အစိုးရထံ စပါးမရောင်းရန် လှုံ့ဆော်ဟန့်တားခဲ့ခြင်းကို အမှန်တကယ် ပြုခဲ့ မပြုခဲ့ စသည်တို့နှင့်ပတ်သက်၍ လွတ်လပ်သော သက်သေများ ထပ်မံခေါ်ယူ၍ စစ်ဆေးကြားနာသင့်သည်၊ စစ်ဆေးပြီးနောက် နှစ်ဖက် သက်သေများကို ထပ်မံ စစ်ဆေး၍ မည်သည့် သက်သေများကို မည်သည့်အတွက် လက်ခံသည်၊ မည်သည့် သက်သေများကို မည်သည့်အတွက် ငြင်းပယ်သည် စသည့်အကြောင်းအရာများ ပြည့်စုံစွာ စီရင်ချက်သစ် ရေးသား၍ အတည်ပြုအဖွဲ့သို့ ပြန်လည်တင်ပြရမည်ဟု အမှုတွဲကို အထူးရာဇဝတ်ရုံးသို့ ပြန်လည်ပေးပို့ခဲ့သည်။

အထူးရာဇဝတ်ရုံးက သက်သေအချို့ကို ထပ်မံခေါ်ယူ စစ်ဆေးခဲ့သည်၊ ယင်းတို့ အနက် ဦးသာကျော် (ရုံးခေါ်သက်သေ-၁) က၊ ဦးအေးမောင်သည် ဆက်ကြေးများကို သောင်းကျန်းသူတို့ထံ သွားပေး မပေး မသိပါဟု ထွက်ဆိုသည်။ ဦးအေးမောင်က စပါးများကို မရောင်းရန်တားမြစ်ကြောင်း ပြောသံကြားဘူးပါသည်ဟု ထွက်ဆိုသည်။

ကိုသောင်း (ရုံးခေါ်သက်သေ-၂)က၊ ဦးအေးမောင်ထံ သူပုန်ဌာနီထံမှ စာရောက် ကြောင်း ကြားဘူးပါသည်။ ရငွေသာငွေကို သူပုန်ထံသွားပေး မပေး မသိပါဟု ထွက်ဆိုသည်။ ဦးအေးမောင်ကို ဖမ်းပြီးသည့် နောက်ပိုင်းတွင် ဆက်ကြေး မပေးရတော့ ပါဟုလည်း ထွက်ဆိုသည်။

၁၉၇၁

ဦးအေးမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးတင်မြင့် (ရှုံးခေါ် သက်သေ-၃) က၊ သက်သေခံ "ခ" တိုင်စာကို တပ်ခွဲမှူးနှင့် ဘတ်ရကြောင်း ထွက်ဆိုသည်။ တိုင်ကြားစာနှင့်ပတ်သက်၍ မှန်သည် မမှန်သည် စစ်ဆေးရန် အချိန်မရသဖြင့် မစစ်ဆေးခဲ့ရပါဟု ထွက်ဆိုသည်။

ဦးဘရင် (ရှုံးခေါ် သက်သေ-၄) က၊ သောင်းကျန်းသူအား ဆက်ကြေးပေးရန် ငွေ ၆ ကျပ် ကို၊ ကိုစံမောင်၊ ကိုထွန်းညို၊ ကိုစိန်ညွှာတို့အား ပေးလိုက်ရဘူးပါသည်ဟု ထွက်ဆိုသည်။

ဦးဝင်းထိန် (ရှုံးခေါ် သက်သေ-၅) သည်၊ ကုန်သွယ်ရေး (၁)၏ အငယ်တန်း စုံမန်နေဂျာဖြစ်သည်။ မအူပင်မြို့နယ်အဝန်နေဖြင့် ၁၉၆၄-၆၅ နှင့် ၁၉၆၅-၆၆ ခုနှစ်များတွင် ဝယ်ယူသော စပါးများစာရင်းကို နှိုင်းယှဉ်ကြည့်ပါက၊ စပါးတင်း နှစ်သိန်းခန့်လျော့၍ ဝယ်ယူရရှိကြောင်း တွေ့ရပါသည်ဟု ထွက်ဆိုသည်။

အထက်ဖော်ပြပါ အဓိက သက်သေများ၏ ထွက်ဆိုချက်တို့ကို အခြေခံ၍၊ အထူး ရာဇဝတ်ရုံးက ဦးအေးမောင်အပေါ် ပြစ်မှုထင်ရှားသည်ဟု ပင်ထပ်မံ တွေ့ရှိကြသည်။ ထောင်ဒဏ် ၁၀ နှစ်သတ်မှတ်၍ အတည်ပြုအဖွဲ့ထံ တင်ပို့ခဲ့ရာ ပြစ်မှုထင်ရှား တွေ့ရှိခြင်း ကို အတည်ပြုသော်လည်း၊ ထောင်ဒဏ်ကို ၃ နှစ်သို့ လျော့ပေါ့ အတည်ပြုခဲ့သည်။

လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း က ရှုံးခေါ် သက်သေများ၏ ထွက်ဆိုချက်တို့သည် တိကျခိုင်မာသည်ဟု မဆိုနိုင်ပါ၊ မြို့နယ်တွင် စပါးတင်း နှစ်သိန်း ခန့်လျော့နည်း၍ ဝယ်ယူနိုင်ခဲ့ခြင်းသည်၊ ဦးအေးမောင်၏ လှုံ့ဆော်ချက်ကြောင့် ဖြစ်သည် ဟူ၍လည်း အတိအကျ မပြောနိုင်ပါ၊ သို့ရာတွင် အထူးရာဇဝတ်ရုံးက ကာလဒေသ၊ အခြေအနေကို ထောက်၍ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းပင် ဖြစ်ဟန် တူပါသည်ဟု တင်ပြသည်။

မှုလကပင် တရားလိုဘက် ထွက်ဆိုချက်များနှင့် တရားခံဘက် ထွက်ဆိုချက်များ သည် အလေးတူနေ ကြသဖြင့် အထူးရာဇဝတ်ရုံးက တရားလိုဘက် သက်သေထွက်ချက် များကိုသာ လက်ခံထားခြင်းကို၊ အတည်ပြုအဖွဲ့က အတည်မပြုပဲ ပိုမိုခိုင်မာ၍ လွတ်လပ် သော သက်သေများ ရှာဖွေခေါ်ယူ စစ်ဆေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ သက်သေ ထွက်ချက်ကို ချိန်ဆ ရာတွင် အရေအတွက် ထက်အရည်အသွေးက အရေးကြီးသည်။ တရားလိုဘက်မှ အဓိကသက်သေ ၂ ယောက်သာ ပြနိုင်ပြီးလျှင်၊ တရားခံဘက်က သက်သေ ၃ ယောက် ထုနိုင်သောကြောင့်၊ တရားခံဘက်ကို အလေးပေးရမည်ဟု မဟုတ်။ သို့ရာတွင် ဤအမှုမှာကဲ့သို့ တရားခံပြ သက်သေများသည်လည်း ကျေးရွာ လူကြီးများဖြစ်ကြကာ၊ အတိအကျ အခိုင်အမာ ထွက်ဆိုနေကြလျှင် နှစ်ဖက်ချိန်ခွင် ညီနေသည်ကို ထင်ကြေးဖြင့်ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေပြီးလျှင် တရားခံ အား အပြစ်ပေးခြင်း မပြုသင့်ချေ။

၁၉၇၁
ဦးအေးမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရုံးက ထပ်မံခေါ်ယူသော သက်သေများသည်လည်း၊ ၎င်းတို့ ကြားဘူးသမျှ ထင်မြင်ယူဆရသမျှကိုသာထွက်ဆိုနိုင်ကြသည်။ ကိုယ်တိုင်မြင်တွေ့သိရှိကြသည်မဟုတ်။ သက်သေတဦး (ရုံးခေါ်-၄)ကမူ၊ ဆက်ကြေးကို ဦးစံမောင်အား ပေးရသည်ဟုပင် ထွက်ဆိုသည်။

အယူခံကို အကျဉ်းစနစ်မှ တင်သွင်းသော ဦးအေးမောင်က၊ ဦးစံမောင်သည် ၎င်းအပေါ် အညှိုးအာဃာတဖြင့် ယိုးစွပ်ခြင်းသာ ဖြစ်ပါသည်ဟုဆိုသည်။ အထူး ရာဇဝတ်ရုံးရှေ့တွင်လည်း ဦးအေးမောင်က ၎င်းအပေါ် ဦးစံမောင်နှင့် ဦးထွန်းညိုတို့က အညှိုးအာဃာတ ရှိပါသည်ဟု ထွက်ဆိုခဲ့သည်၊ ၎င်းအဖမ်းခံရပြီး နောက်ပိုင်းတွင် ဦးစံမောင်သည်လည်း အဖမ်းခံရပါသည်ဟု ရုံးကမေးသဖြင့် ဖြေကြားခဲ့သည်။

စပါးဝယ်ယူရေးနှင့် ပတ်သက်၍၊ အထူးရာဇဝတ်ရုံးရှေ့တွင် တရားခံဘက် သက်သေများက ၎င်းတို့၏စပါးကို အစိုးရထံ ရောင်းပါသည်၊ ရွာမှလည်း ရောင်းပါသည်ဟု ထွက်ဆိုကြသည်၊ စပါးအဝယ်ရနည်းခြင်း၊ ဦးအေးမောင်အား ဖမ်းဆီးပြီးသည့်နောက် ရွာမှဆက်ကြေး မပေးရတော့ခြင်း စသည်တို့သည်၊ ဦးအေးမောင်နှင့် တိုက်ရိုက် သက်ဆိုင်သော ကိစ္စများဖြစ်သည်ဟု ခိုင်မာသော အထောက်အထား မရှိချေ။ ကာလဒေသ အခြေအနေပေါ်တွင်တည်၍ ဖြစ်ပေါ်သော ကိစ္စများ ဖြစ်နိုင်သည်။ သောင်းကျန်းသူတို့ အင်အားပြို၍ ရွာသူရွာသားများအဖို့ ဆက်ကြေးပေးရသော ဒုက္ခမှ လွတ်မြောက်သွားခြင်း၊ ထွန်ယက်စိုက်ပျိုးမှုကောင်းကာ စပါးဗိုင်သို့ ပို၍ ရောင်းရခြင်း၊ အန္တရာယ်ကင်းခြင်း စသော ကျယ်ဝန်းသည့် အကြောင်းအကျိုးများ ဖြစ်နိုင်သည်။

နယ်အခြေအနေ မငြိမ်ဆိမ်သည့်အခိုက်၊ အချင်းချင်း မသင့်မြတ်ကြ၍ တဦး အပေါ်တဦး တိုင်ကြားကြရာမှ မှုခင်းဖြစ်ပွါးခဲ့ရသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ယင်းကဲ့သို့ အချင်းချင်း မသင့်မမြတ်ဖြစ်ခြင်းကြောင့် တိုင်ကြားခြင်းမျိုးတွင် နိုင်ငံတော်၏ ရာဇဝတ်တရားစီရင်ရေး အာဏာကိုသုံး၍ ပါဝင် စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကျဆင်းနိုင်သည်။ အစိုးရနှင့်တရားရုံးအပေါ် ပြည်သူတို့ လေးစားယုံကြည်မှု နည်းပါးစေနိုင်သည်။ ဤအချက်ကို ကောင်းစွာ သတိချပ်သင့်သည်။

အယူခံ တရားလိုအပေါ် ပြစ်မှုထင်ရှား စီရင်ထားခြင်းသည် ပြည့်စုံခိုင်မာသော အထောက်အထားများ ပေါ်တွင် အခြေခံသည်ဟု မယူဆနိုင်သောကြောင့် ၎င်းအပေါ် ပြစ်မှုထင်ရှား စီရင်ထားခြင်း၊ ပြစ်ဒဏ်သတ်မှတ် ထားခြင်းတို့ကို ဤအမှုနှင့် ပတ်သက်သမျှ ပယ်ဖျက်၍ ၎င်းအား တရားသေလွှတ်လိုက်သည်။

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်၊

မောင်တင်အောင်ပါ ၁၅

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ*

† ၁၉၇၀ မတ်လ ၁၁ ရက်။

**ချိန်းခြောက်သောကြောင့် သောင်းကျန်းသူတို့ စေခိုင်းသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ရခြင်းသည် ပြစ်မှု မြောက် မမြောက်—ဖြစ်ပျက်ခဲ့သမျှကို ထောက်ရှု၍ အယူခံတရားလိုတို့သည် အလို အလျောက် သောင်းကျန်းသူတို့အား ကူညီခဲ့သည် မကူညီခဲ့သည်ကို စဉ်းစားဝေဘန်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။သောင်းကျန်းသူတို့ ရွာကို ရောက်လာပြီးနောက်၊ ၎င်းတို့ ချိန်းခြောက် ခေါ်ဆောင်လာသော မော်တော်သည်လည်း ဆိုက်ကပ်လာသည်။ သောင်းကျန်းသူတို့က လက်နက် ပြ၍ တအိမ် တယောက် ယောကျ်ားများ ဆင်းခဲ့ရမည်ဟု ခေါ်သည်မှာ အငြင်း မပွါးသော အချက် ဖြစ်သည်။ ယင်းအမိန့်အရ ကြောက်ရသော အယူခံ တရားလိုတို့ ထွက်လာ၍၊ သောင်းကျန်းသူများ **စေခိုင်း**သည့် အတိုင်း နို့ဆီသေတ္တာများကို သယ်ပိုးကြသည်။ ယင်းသို့ ဖြစ်ပွါးပြီး မကြာမီပင် **တပ်မတော် ရောက်လာပြီး တိုက်ပွဲဖြစ်သည်ဟု အထောက် အထားရှိသည်။ သောင်းကျန်းသူတို့** ထွက်ပြေးကြသောအခါ၊ အယူခံတရားလိုတို့ကပင် ကျန်ရှိသော နို့ဆီသေတ္တာများကို တပ်မတော်၏ တာဝန်ပေးချက်ဖြင့်၊ မော်တော်ပေါ်သို့ တင်ပို့ကြပြန်သည်။ ထို့ကြောင့် နို့ဆီသေတ္တာများကို အယူခံတရားလိုတို့က ဝှက်သိမ်းထားရန် အချိန်မရှိခဲ့။ အခွင့်သာလျှင် နို့ဆီသေတ္တာများကို ဝှက် သိမ်းထား၍ မိမိတို့အကျိုးအတွက် အသုံးပြုမည်ဟူသော စိတ်၊ အယူခံတရားလိုတို့၌ မဖြစ်ခဲ့ဟု မဆိုသာ၊ သို့ရာတွင် အချိန်တိုတိုအတွင်း တပ်မတော် ဆိုက်ရောက်လာသောကြောင့်၊ အကယ်၍ ထိုစိတ်ဖြစ်ပွါးခဲ့လျှင်လည်း၊ ကာယကံမြောက် ကျူးလွန်ခဲ့ခြင်း မရှိနိုင်ခဲ့ချေ။

ဖြစ်ပျက်ခဲ့သမျှကိုသာ ထောက်ရှုလျှင်၊ အယူခံ တရားလိုတို့သည် အလိုအလျောက် မိမိတို့၏ ဆန္ဒစေတနာဖြင့်၊ သောင်းကျန်းသူတို့အား ကူညီခဲ့သည်ဟု အခိုင်အမာ ဆုံးဖြတ်ရန် ခဲယဉ်းသည်။ ဤကဲ့သို့သော အမှုမျိုး၌ ကာလဒေသ အခြေအနေကို ထည့်သွင်းစဉ်းစားအပ်သည်ဟု မကြာမကြာ မှတ်ချက်ပြုခဲ့ဘူးသည်။ ယင်းအခြေအနေကို ထည့်သွင်းစဉ်းစားလျှင်၊ အယူခံ တရားလိုတို့က

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၂၂။

† ပန်းတနော်မြို့၊ ၁၉၆၆ ခုနှစ်၊ အထူး ရာဇဝတ်မှုအမှတ် ၅၃ ၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီး အမှတ် ၁၉ တွင်၊ ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၇၀ — မောင် တင် အောင် ပါ ၁၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးရှေ့၌ ထုချေတင်ပြခဲ့သည့် အတိုင်း ၎င်းတို့သည် ကြောက်ရွံ၍ သောင်းကျန်းသူတို့ စေခိုင်းသည့်အတိုင်း လုပ်ခဲ့ရပါသည်ဟူသော အချက်သည် သဘာဝယုတ္တိနှင့် ကိုက်ညီသည်ဟု ဆိုနိုင်သည်။

**အယူခံတရားလိုအတွက်။** ။ဘုရားရုံးချုပ်ရှေ့နေ ဦးအေးမောင်။

**အယူခံတရားခံအတွက်။** ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

အယူခံတရားလို မောင်တင်အောင်နှင့် အခြားအယူခံတရားလိုများသည်၊ ပန်းတနော်မြို့နယ်၊ ကဇင်းငူရွာမှ လယ်သမား၊ ကိုင်းသမားများဖြစ်ကြသည်။ ၁၉၆၆ ခု၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင်၊ သောင်းကျန်းသူများက ရွာအနီးချောင်းဝမှ မော်တော်တစီးကို လက်နက်ပြချိန်းခြောက်ကာ၊ ကဇင်းငူသို့ကပ်စေကြသည်။ မော်တော်ပေါ်တွင်ပါလာသော၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း၏ နို့ဆီသေတ္တာ ၆၆ သေတ္တာကို မောင်တင်အောင်နှင့် အခြားသူများအား မော်တော်ပေါ်မှချစေကြသည်။ ရွာမှ မိန်းမယောကျ်ားအချို့ သောင်းကျန်းသူတို့လာသောအခါကြောက်၍ ထွက်ပြေးတိမ်းရှောင်ကြသည်။ မောင်တင်အောင်နှင့် အယူခံတရားလိုများသည်ကား၊ သောင်းကျန်းသူတို့ ခိုင်းစေသည့်အတိုင်း၊ နို့ဆီသေတ္တာများကို သယ်ယူပေးကြရသည်။

များမကြာမီ တပ်မတော်ရောက်လာ၍ သောင်းကျန်းသူတို့နှင့်တိုက်ပွဲဖြစ်သည်။ သောင်းကျန်းသူတို့ ထွက်ပြေးကြသောအခါ၊ တပ်မတော်ကပင် နို့ဆီသေတ္တာများကို အယူခံတရားလိုတို့အား မော်တော်ပေါ်သို့ ပြန်လည်သယ်ပိုးစေသည်။

ပြည်သူ့ရဲက အမှုကိုစုံစမ်းပြီးနောက်၊ မောင်တင်အောင်နှင့် ယခုအယူခံတရားလိုတို့အား ခိုးရာပါပစ္စည်းများကို ဝှက်သိမ်းရာတွင် ကူညီခြင်းဖြင့်၊ ရာဇသတ်ကြီး ပုဒ်မ ၄၁၄ အရရင်း၊ မငွေမြိုင်ဆိုသူအား နို့ဆီတဘူးဝှက်သိမ်းထားသည့်အတွက် ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် လက်ခံခြင်းအတွက်၊ ရာဇသတ်ကြီး ပုဒ်မ ၄၁၁ အရရင်း၊ အထူးရာဇဝတ်ရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။ ပန်းတနော်မြို့၊ အထူးရာဇဝတ်ရုံး အမှတ် ၅၃/၁၉၆၆ ကအမှုကိုစစ်ဆေးပြီးနောက်အထောက်အထား ခိုင်လုံသည်ဟုတွေ့ရှိ၍၊ မောင်တင်အောင်အပါအဝင် ယခုအယူခံတရားလို ၁၅ ဦး အပေါ်ရာဇသတ်ပုဒ်မ ၄၁၄ အရရင်း၊ မငွေမြိုင်အပေါ် ရာဇသတ်ပုဒ်မ ၄၁၁ အရရင်း ပြစ်မှုထင်ရှားတွေ့ရှိ၍၊ ထောင်ဒဏ်သုံးနှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အတည်ပြုအဖွဲ့က မောင်တင်အောင်နှင့် အခြားယောကျ်ားများအပေါ် သတ်မှတ်ထားသောပြစ်ဒဏ်ကိုအတည်ပြု၍၊ မငွေမြိုင်အပေါ် ပြစ်မှုထင်ရှားစီရင်ထားခြင်းကို ပယ်ဖျက်ကာ၊ ၎င်းအားတရားသေလွှတ်ခဲ့သည်။

၁၉၇၀

မောင် ကြိုင်
အောင်ပါ ၁၅
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အယူခံတသွင်းသော ရှေ့နေကြီး ဦးအေးမောင်က၊ အယူခံတရားလိုတို့သည် လက်နက်ကိုင်သောင်းကျန်းသူတို့အား ကြောက်ရွံ့ရသောကြောင့်၊ ခိုင်းစေရာလုပ်ခဲ့ရခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ရာဇသတ်ကြီးပုဒ်မ ၉၄ အရ၊ ချိန်းခြောက်၍ခိုင်းစေသောကြောင့်၊ ပြုလုပ်မှုဖြစ်ရာပြစ်ဒဏ်မှလွတ်ကင်းသင့်ပါသည်။ သက်သေခံအထောက်အထားများအရ၊ သောင်းကျန်းသူတို့က ယောက်ျားများ တအိမ်တယောက် ဆင်းခဲ့ရမည်ဟု ဆင့်ခေါ်ကြောင်း ထင်ရှားပါသည်။ ထိုအမိန့်အရ မနာခံလျှင်၊ အသက်ဘေးကိုပင် စိုးရိမ်ရသောကြောင့်၊ အယူခံတရားလိုတို့သည် စေခိုင်းရာကို ပြုလုပ်ခဲ့ရခြင်းဖြစ်ပါသည်ဟု လျှောက်လဲသည်။

လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်းက၊ သောင်းကျန်းသူတို့စေခိုင်း၍ လုပ်ရခြင်း ထင်ရှားပါသည်။ သို့ရာတွင် အယူခံတရားလိုတို့ကိုယ်တိုင် လိုလိုချင်ချင် အလိုအလျောက် ကူညီခဲ့ခြင်း ဟုတ်-မဟုတ်စဉ်းစားသင့်ပါသည်။ အလိုအလျောက် ကူညီခဲ့ခြင်းဖြစ်လျှင်၊ ပုဒ်မ ၄၁၄ တွင်သတ်မှတ်ပြဋ္ဌာန်းသော အင်္ဂါရပ်စုံလင်ပါသည်။ ကြောက်ရွံ့သဖြင့်၊ ပစ္စည်းများကို သယ်ပိုးဝှက်သိမ်းရာတွင် ကူညီခြင်းဖြစ်လျှင်မူကား၊ ရာဇသတ်ကြီးပုဒ်မ ၄၁၄ တွင် အကျုံးဝင်မည်မဟုတ်ပါဟု တင်ပြသည်။

အထူးရာဇဝတ်ရုံးက ပြစ်မှုထင်ရှားတွေ့ခဲ့ရာတွင် တရားခံ (အယူခံတရားလို)များသည်၊ အခြားသူများ ထွက်ပြေးတိမ်းရှောင်ကြပါလျက်၊ ၎င်းတို့က ထွက်ပြေးတိမ်းရှောင်ခြင်းမပြု၊ ထိုပြင်အခြင်းဖြစ်ပွါးခြင်းကို တပ်မတော် သို့မဟုတ် ပြည်သူ့ရဲသို့ သွားရောက် တိုင်ကြားခြင်းလည်းမပြု ဟူသောအချက်တို့ကို အလေးထားခဲ့သည်။ တရားခံပြ သက်သေများဖြစ်ကြသော၊ ကျေးရွာ လလသသ ဥက္ကဋ္ဌနှင့်ရွာလူကြီးများက တရားခံများသည်၊အကျင့်စာရိတ္တကောင်းမွန်ကြ၍၊ သောင်းကျန်းသူတို့နှင့် ဆက်သွယ်ကြသူများမဟုတ်ပါဟု ထွက်ဆိုကြသည်ကို အလေးမထားခဲ့ချေ။

သောင်းကျန်းသူတို့ ရွာကိုရောက်လာပြီးနောက်၊ ၎င်းတို့ချိန်းခြောက်ခေါ်ဆောင်လာသော မော်တော်သည်လည်း ဆိုက်ကပ်လာသည်။ သောင်းကျန်းသူတို့ကလက်နက်ပြ၍ တအိမ်တယောက် ယောက်ျားများ ဆင်းခဲ့ရမည်ဟု ခေါ်သည်မှာ အငြင်းမပွါးသောအချက်ဖြစ်သည်။ ယင်းအမိန့်အရ ကြောက်ရသော အယူခံတရားလိုတို့ ထွက်လာ၍၊ သောင်းကျန်းသူများ စေခိုင်းသည့်အတိုင်း၊ နို့ဆီသေတ္တာများကို သယ်ပိုးကြသည်။ယင်းသို့ဖြစ်ပွါးပြီး မကြာမီပင် တပ်မတော်ရောက်လာပြီး တိုက်ပွဲဖြစ်သည်ဟု အထောက်အထားရှိသည်။ သောင်းကျန်းသူတို့ ထွက်ပြေးကြသောအခါ၊ အယူခံတရားလိုတို့ကပင်ကျန်ရှိသောနို့ဆီသေတ္တာများကို တပ်မတော်၏တာဝန်ပေးချက်ဖြင့်၊ မော်တော်ပေါ်သို့ တင်ပို့ကြပြန်သည်။ ထို့ကြောင့် နို့ဆီသေတ္တာများကို အယူခံတရားလိုတို့က ဝှက်သိမ်းထားရန်အချိန်မရှိခဲ့။ အခွင့်သာလျှင် နို့ဆီသေတ္တာများကို

၁၉၇၀
———
မောင် တင်အောင် ၁၊ ၁၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဖွက်သိမ်းထား၍ မိမိတို့အကျိုးအတွက် အသုံးပြုမည်ဟူသောစိတ်၊ အယူခံတရားလိုတို့၌ မဖြစ်ခဲ့ဟုမဆိုသာ။ သို့ရာတွင် အချိန်တိုတိုအတွင်း တပ်မတော်ဆိုက်ရောက်လာသောကြောင့်၊ အကယ်၍ ထိုစိတ်ဖြစ်ပွါးခဲ့လျှင်လည်း၊ ကာယကံမြောက် ကျူးလွန်ခဲ့ခြင်း မရှိနိုင်ခဲ့ချေ။

ဖြစ်ပျက်ခဲ့သမျှကိုသာ ထောက်ရှုလျှင်၊ အယူခံတရားလိုတို့သည် အလိုအလျောက် မိမိတို့၏ ဆန္ဒစေတနာဖြင့်၊ သောင်းကျန်းသူတို့အား ကူညီခဲ့သည်ဟု အခိုင်အမာ ဆုံးဖြတ်ရန်ခဲယဉ်းသည်။ ဤကဲ့သို့သောအမှုမျိုး၌ ကာလဒေသအခြေအနေကို ထည့်သွင်းစဉ်းစားအပ်သည်ဟု ကျွန်ုပ်တို့မကြာမကြာ မှတ်ချက်ပြုခဲ့ဘူးသည်။ ယင်းအခြေအနေကို ထည့်သွင်းစဉ်းစားလျှင်၊ အယူခံတရားလိုတို့က အထူးရာဇဝတ်ရုံးရှေ့၌ ထုချေတင်ပြခဲ့သည့်အတိုင်း ၎င်းတို့သည်ကြောက်ရွံ၍သောင်းကျန်းသူတို့စေခိုင်းသည့်အတိုင်း လုပ်ခဲ့ရပါသည်ဟူသော အချက်သည် သဘာဝယုတ္တိနှင့် ကိုက်ညီသည်ဟုဆိုနိုင်သည်။

အထက်ပါအကြောင်းတို့ကြောင့်၊ အယူခံတရားလိုတို့အပေါ် ပြစ်မှုစီရင်ထားခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်၍၊ ဤအမှုနှင့်ပတ်သက်သမျှ ၎င်းတို့အား တရားသေလွှတ်လိုက်သည်။

# စီရင်ထုံးပြုသောအမှုခင်းများ

# LIST OF CASES REPORTED

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

### ရာဇဝတ်မှုများ

### CRIMINAL CASES


| | စာမျက်နှာ |
|---|---|
| ကျော်စိန်၊ ဦး၊ နှင့် ဦးစိန် .... .... .... .... | ၁ |
| ချစ်၊ မောင် ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးသိန်းမောင်) .... | ၅ |
| ဥဘတ်ထွန်း၊ မောင်၊ နှင့် မအေးရင်မြ .... .... .... | ၉ |
| ဘိုကျော်ကြီး၊ မောင်၊ (ခေါ်) သန်းစိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... | ၁၃ |
| အေးတင်၊ ဒေါ်၊ နှင့် မိဘ္ထိလာခရိုင်ဒေသ ပြည်သူ့တရားရုံး အဖွဲ့ခံအဖွဲ့ ပါ ၂ | ၁၇ |

## ကိုးကားသောမှုခင်းများ

## LIST OF CASES CITED

### နိုင်ငံတော်တရားရုံးချုပ်

### CHIEF COURT OF BURMA

### ရာဇဝတ်မှုများ

### CRIMINAL CASES


စာမျက်နှာ

Chit Tun, Maung *v.* Ma Pwa Sein, 35 Criminal Law Journal, 1934 (Rangoon), 813 ... ... ၁၁

ဒူးဝါး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၂၊ မြန်မာနိုင်ငံ စီရင်ထုံး ၉၁ (တရားလွှတ်တော်) .... .... .... ၁၆

အစိုးရ နှင့် မောင်ဘသုန်၊ အတွဲ ၉၊ ရန်ကုန်၊ စာ ၂၃၉ (၂၆၂) .... ၇

# ညွှန်းချက်

# INDEX

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

## ရာဇဝတ်မှုများ

## CRIMINAL CASES

**စာမျက်နှာ**

**အက်ဥပဒေများ**

**ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ။**

**ရာဇဝတ်ကျင့်ထုံး။**

**ရာဇသတ်ကြီး။**

**ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ။**

**သီးစားချထားရေးအက်ဥပဒေ။**

**အထူးရာဇဝတ်ရုံးဥပဒေ။**

**ကာကွယ်ခုခံပိုင်ခွင့်**—ရာဇသတ်ကြီး ပုဒ်မ ၂၉၉ (၂) အရ မည်သည့်အခါ လူသတ်မှု မြောက်ခြင်း။ ။ဤအမှုတွင်အယူခံတရားလိုနှင့်ဦးမောင်ကျော့တို့သည်စကားများ ရန်ဖြစ်ကြပြီး ထွေးလုံးသတ်ပုတ်နေကြစဉ်၊ မအုန်းရွှေက တံမြက်စီးနှင့် အယူခံ တရားလိုအား၊ ဝင်ရိုက်သောကြောင့် အယူခံတရားလိုသည် မအုန်းရွှေကို စပါး ချိန်သော ဆန်တုတ်နှင့်ပြန်၍ရိုက်ရာ၊ မအုန်းရွှေ၏ ဦးခေါင်းတွင် ဒဏ်ရာရပြီး၊ ၎င်းဒဏ်ရာဖြင့် သေဆုံးသွားသည်။ ။ဆုံးဖြတ်ချက်။ ။နှစ်ဦးနှစ်ဖက်ခိုက်ရန် ဖြစ်ပွါးနေသောအချိန်တွင်၊ ထိုသို့ခိုက်ရန်ဖြစ်ပွါးကြသူများသည် ကာကွယ်ခုခံ ပိုင်ခွင့်ကို မည်သူမျှ အကာအကွယ် မယူနိုင်ပေ၊ သို့ဖြစ်ရာ ကာကွယ်ခုခံပိုင်ခွင့် အရ၊ ဆန်တုတ်ဖြင့် မအုန်းရွှေအား ပြန်လည်ရိုက်ခဲ့ခြင်းဖြစ်၍ ပြစ်မှု မမြောက်ပါ ဆိုသော အယူခံတရားလို၏ ထုချေချက်ကို လက်ခံခြင်း မပြုနိုင်ပေ။ ။ထပ်မံ ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီး ပုဒ်မ ၂၉၉ (၂) အရ၊ သေစေရန် အကြံနှင့် ဖြစ်စေ၊ ဖြင့်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကို ဖြစ်စေရန် အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုတခုခုကိုပြု၍ လူကို သေစေလျှင် လူသတ်မှုမြောက်သည်။ တရားခံတဦးသည် လူတဦးအား မုချ

စာမျက်နှာ

သေစေမည့် နာကျင်မှုကို ပြုလုပ်ပါက ၎င်းအနေဖြင့် သေစေရန် အကြံဖြင့် ပြုသည်ဟု ယူဆနိုင်မည် ဖြစ်သည်။ တရားခံပြု၍ရသော နာကျင်မှုသည် ဖြစ်တတ်သော သဘောအရ၊ အမှန်အားဖြင့် သေစေလောက်သည့် အပြင်၊ ထို ဒဏ်ရာကြောင့်ပင် အပြုခံရသူ သေဆုံးခဲ့ရခြင်း ဖြစ်ပါမူ ဖြစ်တတ်သော သဘောအရ၊ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကို ဖြစ်စေရန် အကြံဖြင့်ပြုသည်ဟု ဆိုရမည်ဖြစ်သည်။ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ နှင့် ၃၀၄ တို့ကို ၁၉၄၇ ခုနှစ်တွင် ပြင်ဆင်ခဲ့ရာ၊ ထိုပြင်ဆင်ချက်အရ ဆိုပါက၊ သေသူ၌ ရရှိသောဒဏ်ရာသည် ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သည့်နာကျင်မှုဖြစ်ပြီး၊ ထိုဒဏ်ရာကြောင့်ပင် သေဆုံးရပါမူ လူသတ်မှု မြောက်သည်ဟု ယူဆရမည်ဖြစ်သည်။ **ဒူးဝါး နှင့် ပြည်ထောင်စု၊ ၁၉၅၂ ခုနှစ်၊** မြန်မာပြည်စီရင်ထုံး၊ ၉၁ (တရားလွှတ်တော်) ကို ရည်ညွှန်းသည်။

**မောင်ဘိုက်ကြီး (ခေါ်) သန်းစိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၁၃**

**ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ—ယင်း ဥပဒေကိုကျော်၍ အယူခံဝင်ခြင်း၊ စာချွန်လျှောက်ထားခြင်း၊ ပြင်ဆင်မှုလျှောက်ထားခြင်း စသည်တို့ပြုနိုင် မပြုနိုင်—၎င်းဥပဒေ အရ ဖွဲ့စည်းသောဒေသပြည်သူ့တရားရုံးနှင့် အယူခံရုံးများသည် တရားရုံးချုပ်၏ ကြီးကြပ်ကွပ်ကဲခြင်း၏ အပြင်အပတွင် ကျရောက်ခြင်းရှိ မရှိ—တရားရုံးချုပ်၏ စီရင်ပိုင်ခွင့် အာဏာ။** ။**ဆုံးဖြတ်ချက်**။ ။၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေသည် ပြစ်မှုများကိုသာ ပြဋ္ဌာန်း သည်မက၊ ယင်းပြစ်မှုများကို စစ်ဆေးရန် ပြည်သူ့တရားရုံးများကို အစိုးရကမည်သို့မည်ပုံ ဖွဲ့စည်းပေးရမည်ဟုသတ်မှတ်ထားပြီး ဖြစ်သည်။ ပြစ်မှုနှင့်ရုံး တပါတည်းတပ်ဆင်ထားသော ဥပဒေဖြစ်သည်။ ထိုဥပဒေကိုကျော်၍ အယူခံဝင်ခြင်း၊ စာချွန်လျှောက်ထားခြင်း၊ ပြင်ဆင်မှု လျှောက်ထားခြင်း စသည်ကို မပြုနိုင်ပေ။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။၁၉၆၄ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခ အက် ဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေစသည့် အထူးဥပဒေ သာဓကတို့ကို ထောက်ရှုလျှင် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရ၊ ဖွဲ့စည်းသော ဒေသပြည်သူ့တရားရုံးနှင့် အယူခံရုံးများသည်၊ တရားရုံးချုပ်၏ ကြီးကြပ်ကွပ်ကဲခြင်း၏ အပြင်အပတွင် ကျရောက်သော ပြည်သူ့တရားရုံးများ ဖြစ်ကြသည်မှာ ထင်ရှားသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ဤရုံး၏ စီရင်ပိုင်ခွင့် အာဏာကို တရားဥပဒေကပြဋ္ဌာန်း သတ်မှတ်သည်။ ဤရုံးသို့ ဥပဒေဖြင့် အထင်အရှား အပ်နှင်းသော အာဏာကိုသာ ဤရုံးက ကိုင်တွယ်သုံးစွဲနိုင်သည်။ ပေးအပ်သော စီရင်ပိုင်ခွင့်နှင့် တာဝန်တို့ကို ကျေပွန်ပိုင်နိုင်စွာ ထမ်းဆောင်ရန် အရေးကြီးသည်။ အလားတူပင် ဥပဒေဖြင့် အတိအလင်း အပ်နှင်းခြင်းမရှိသော စီရင်ပိုင်ခွင့်တာဝန်တို့ကို ချဲ့ထွင်ကောက်ယူခြင်းမပြုမိရန်အရေးကြီးသည်။

**ဒေါ်အေးတင် နှင့် မိတ္တီလာခရိုင်ဒေသပြည်သူ့တရားရုံး အယူခံအဖွဲ့ ပါ ၂ ၁၇**

စာမျက်နှာ

ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေ အရ၊ စစ်ဆေးသော ပြည်သူ့တရားရုံးများသည် နိုင်ငံတော် တရားရုံးချုပ်၏ ကြီး ကြပ် ကွတ်ကဲမှုအောက်တွင် ရှိ-မရှိ .... .... .... ၁၇

**တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ဆက်လက်စုံစမ်းစစ်ဆေးရန် ညွှန်ကြားသည့်အမိန့်၌ မည်သို့စစ်ဆေး၍၊ မည်သည့်ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားနိုင်-မနိုင်——ဆက်လက်စစ်ဆေးသည့် တရားသူကြီး၌ လွတ်လပ်စွာစစ်ဆေး ပိုင်ခွင့် ရှိ-မရှိ။ ။ဆုံးဖြတ်ချက်။** ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ၊ တရားရှင် လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ဆက်လက်စုံစမ်း စစ်ဆေးရန် ညွှန် ကြားသည့်အမိန့်၌ မည်သို့မည်ပုံစစ်ဆေးရမည်၊ မည်သည့်ပုဒ်မအရ စွဲချက်တင် ရမည်ဟု ညွှန်ကြားခြင်းမပြုနိုင်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ဆက်လက်စစ်ဆေး သည့် ရာဇဝတ်တရားသူကြီးသည်၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ စစ်ဆေးစီရင် ပိုင်ခွင့်ရှိသည်။ ဥပမာ ၎င်းအနေဖြင့် စစ်ဆေးပြီးသည့် သက်သေကိုဖြစ်စေ၊ မစစ် ဆေးရသေးသည့် သက်သေကိုဖြစ်စေ ခေါ်ယူစစ်ဆေးနိုင်သည်။ တရားခံအပေါ် စွဲချက် တင်လိုက်တင်နိုင်သည်၊ မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ရမည်ဟု မိမိဘာသာ ဆုံးဖြတ်နိုင်သည်။ **အစိုးရ နှင့် မောင်ဘသန်း၊** အတွဲ ၉၊ ရန်ကုန်၊ စာ ၂၃၉(၂၆၂) ကိုညွှန်းသည်။

**၁။ မောင်ချစ်၊ ၂။ မောင်ဟာရှင် ၃။ မောင်ရီစွတ်၊ } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးသိန်းမောင်)** .... ၅

**မယားစရိတ် ရလိုမှုလျှောက်ထားခြင်း——ယောကျ်ားဖြစ်သူလည်း ဇနီးအား ပြန်ခေါ်ယူ ပေါင်းသင်းခွင့် ရရှိထားခြင်း——မယားအား ပြန်ခေါ်ပေါင်းသင်းခွင့်နှင့် တသီး တခြားစီနေစဉ် ကာလအတွက် မယားအား ထောက်ပံ့ရန် တာဝန်တို့သည် ဆန့် ကျင်ခြင်း ရှိ-မရှိ။ ။ဆုံးဖြတ်ချက်။** ။ယောကျ်ားဖြစ်သူက ဇနီးအား ပြန်ခေါ် ပေါင်းသင်းခွင့် တရားမရုံးတွင် တောင်းခံရရှိထား၏။ ထိုအမိန့်သည် တည်နေ၏။ ဇနီးဖြစ်သူကလည်း ယောကျ်ားနှင့်ခွဲ၍ တသီးတခြား နေရစဉ်အတွင်း မယား စရိတ်ကို ရာဇဝတ်ရုံးတွင် တောင်းခံရရှိထား၏။ ခွဲခွါနေသည့်ကာလအတွက် ရုံးက ခွင့်ပြုခဲ့သော မယားစရိတ်ကိုပေးရန် လင်ယောကျ်ားတွင် တာဝန်ရှိ၏။ မယား အား ပြန်ခေါ်ပေါင်းသင်းခွင့်နှင့် တသီးတခြားနေကြစဉ် ကာလအတွက် မယား အား ထောက်ပံ့ရန် တာဝန်တို့သည် ဆန့်ကျင်သည်ဟုဆိုနိုင်။ တာဝန်နှင့်ရပိုင်ခွင့် ယှဉ်တွဲလျက်ရှိသည်။ *Maung Chit Tun* v. *Ma Pwa Sein*, 35 Cr. Law Journal 1934 (Rangoon) 813 ကိုရည်ညွှန်းသည်။

**မောင်ဥက္ကာထွန်း နှင့် မအေးရင်မြူ** .... .... .... ၉

**သီးခြားမှုပြစ်ဖြစ်ခြင်း——ရာဇသတ် ပုဒ်မ ၂၂၈ နှင့် ပုဒ်မ ၅၀၄ တို့သည် သီးခြားမှုပြစ် ဖြစ်-မဖြစ်။** ။လျှောက်ထားသူ(ရှေ့နေ) က လျှောက်ထားခံရသူ(ရှေ့နေ) အား၊ ရာဇဝတ်တရားသူကြီးရုံးတွင် လျှောက်လွှဲချက်ကြားနာနေစဉ် "ခင်ဗျား ဘာလုပ်ပါး စသလဲ" ဟုပြောရာ၊ တရားသူကြီးကလျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၂၂၈

အရ၊ တရားစစ်ဆေးနေစဉ် စော်ကားနှောင့်ယှက်ခြင်း ပြုသည်ဆိုကာ တရားစွဲဆိုခဲ့သည်။ လျှောက်ထားခံရသူကလည်း လျှောက်ထားသူက ၎င်းအား တမင် မခန့်မငြား စော်ကားခြင်းဖြင့် ရန်ရှာသည်ဆိုကာ ရာဇသတ်ပုဒ်မ ၅၀၄ အရ တရားစွဲဆိုခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။သီးခြားမှုပြစ်များဆိုသည်မှာ တချိန်တနေရာတည်းမှာပင်ဖြစ်စေ၊ ရာဇသတ်ကြီး၏ သီးခြားပုဒ်မ အတွင်း ကျရောက်သောမှုပြစ်များကို ကွဲပြားခြားနားသော ပုဂ္ဂိုလ်များအား ကျူးလွန်လျှင် သီးခြားမှုပြစ်ဖြစ်သည်။ (Offences falling under different section of the Penal Code committed against different persons even though on the same occasion are distinct offences) **ထပ်မံဆုံးဖြတ်ချက်။** ။ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ ပြည်သူ့ဝန်ထမ်းတဦးသည် တရားစစ်ဆေးကြားနာနေစဉ် တမင်စော်ကားခြင်း သို့မဟုတ် အနှောင့်အယှက် ဖြတ်ဝင်ခြင်း ပြုလုပ်သည်ကို ခံရမည်ဖြစ်သည်။ ပုဒ်မ ၅၀၄ အရဆိုသော်၊ ပြည်သူ့ ဝန်ထမ်းတဦးဖြစ်ရန်မလိုပေ။ တယောက်သောသူက တမင်မခန့်မငြား စော်ကား ခြင်း၊ **ဒေါသထွက်အောင် ရန်ရှာခြင်းကြောင့် ငြိမ်ဝပ်ရေးကို ထိခိုက်ခြင်း၊ သို့မဟုတ်** အခြားမှုပြစ်တခုကို ကျူးလွန်စေတတ်ခြင်း လက္ခဏာရှိသည်ကို သိလျက်နှင့်ရန်ရှာခြင်း ပြုလုပ်ရပေမည်။ ပုဒ်မ တခုနှင့်တခု အလွန်ကွာခြားသည်။ နစ်နာသူမှာလည်း မတူသဖြင့်၊ တရားလိုမှာ ဤမှုပြစ်နှစ်ခုအတွက် တဦးတည်းမဖြစ်နိုင်ပေ။ တရားလို (နစ်နာသူ) သီးခြားနှစ်ဦးဖြစ်ရမည်၊ တင်ပြရန်အမှု၏ အကြောင်းအရာများမှာလည်း မတူပေ။ ပြည်သူ့ဝန်ထမ်း (တရားသူကြီး)နှင့် ရှေ့နေ(လျှောက်ထားခံရသူ) တို့အပေါ် ကျူးလွန်သောမှုပြစ်ကို တရားခံအပေါ် ရာဇသတ်ပုဒ်မတခုတည်းနှင့်ပင် စွဲချက်တင်၍ မရနိုင်ပေ။

**ဦးကျော်စိန် နှင့် ဦးစိန်** .... .... .... .... ၁

# စီရင်ထုံးပြုသော အမှုများ

# LIST OF CASES REPORTED

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

### ရာဇဝတ်မှုများ

### CRIMINAL CASES

စာမျက်နှာ


ကြည်ကြည်စန်း၊ မ၊ နှင့် မခင်ဌေး .... .... .... ၂၁

ခင်၊ မောင်၊ (ခေါ်) အေးမောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်တင်မြင့် .... .... ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ (ခေါ် ရှခင်)နှင့် {၁။ မောင်မြ (ခေါ်) မြဦး; ၂။ မောင်အေး(ခေါ်) အေးပု; ၃။ မောင်မှတ်ကြီး; ၄။ သန်းအောင်} .... ၃၁

ဘွန်တိတ်၊ ဦး၊ ပါ ၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... .... ၃၆

အောင်ရှင်၊ မောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... .... ၄၀

# ကိုးကားသောမှုခင်းများ

# LIST OF CASES CITED

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

### ရာဇဝတ်မှုများ

### CRIMINAL CASES


| | စာမျက်နှာ |
|---|---|
| *Union of Burma* v. *Ah Sein and two others*, 1955, B.L.R. 317 (H. C.) ... ... ... | ၃၀ |
| ကတုံး၊ မောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ စာ ၆၆၁ ... ... ... | ၄၃ |
| ပြည်ထောင်စု နှင့် ဂိုဗင်ဒါဆွာမိ ၁၉၄၉၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်)၊ စာ ၆၆၂ .... .... .... | ၂၃ |
| ဘရှိန် နှင့် အစိုးရ၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ စာ ၃၇၆ .... | ၃၀ |
| ရှာဘီ၊ မ၊ နှင့် ပြည်ထောင်စု၊ ၁၉၅၀၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်)၊ စာ ၃၇၄ .... .... .... | ၂၃ |

# ညွှန်းချက်

# INDEX

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

## ရာဇဝတ်မှုများ

## CRIMINAL CASES

စာမျက်နှာ

အက်ဥပဒေများ—

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

**ကာကွယ်ခုခံ ပိုင်ခွင့်—လူတဦးသည်၊ ရန်မူခြင်း ခံနေရသည့် အချိန်တွင် ပွဲကြည့်သူ တဦး အနေဖြင့် ခေါင်းအေးအေးထားပြီး ကာကွယ် ခုခံပိုင်ခွင့်ကို တဆင့်ပြီးတဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးဆရန် အချိန်ရနိုင်မည် မဟုတ်ခြင်း။** ။ဆုံးဖြတ်ချက်။ ။သေသူ မောင်ချစ်ဟန်သည် စတင်၍ ရန်မူသူဖြစ်သည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့် အတူပါလာသော မောင်ချစ်မြထံ၌လည်း ပေါက်တူး တလက် ပါလာသည်။ မောင်ချစ်ဟန်က အယူခံ တရားလိုအား ဒါးနှင့် ခုတ်ရာ၊ အယူခံ တရားလိုကို မထိဘဲ ဒါးသည် မြေကြီးပေါ် သို့ ကျသွားသည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့် အတူ မောင်ချစ်မြလည်း ရှိနေရာ၊ အယူခံ တရားလို အနေဖြင့် ၎င်းအား မောင်ချစ်မြသည် ပေါက်တူးဖြင့် ရန်မူခြင်း မပြုဟု မဆိုနိုင်ပေ။ မောင်ချစ်ဟန်ကလည်း မြေကြီးပေါ် သို့ ကျသွားသော ဒါးကို ကောက်ယူပြီး၊ အယူခံ တရားလိုအား နောက်ထပ် မခုတ်ဟု မဆိုသာချေ။ ယခုကဲ့သို့ လူတဦးသည် ရန်မူခြင်း ခံနေရသည့် အချိန်တွင်၊ ထိုသူသည် မိမိ၏ လွတ်ရာ လွတ်ကြောင်းကို ဖြစ်သည့် နည်းနှင့်ပြုမည်သာဖြစ်သည်။ ပွဲကြည့်သူ တဦး အနေဖြင့် ခေါင်းအေးအေးထားပြီး၊ ကာကွယ် ခုခံပိုင်ခွင့်ကို တဆင့်ပြီးမှ တဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးတော ချိန်ဆနေရန် အချိန်ရနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံ တရားလိုသည် မိမိအား ရန်မူသူကို မြေကြီးပေါ် သို့ လွတ်ကျသွားသည့် ရန်မူသူ၏ ဒါးနှင့် တချက် ပြန်ခုတ်လိုက်ခြင်းသည်၊ ဥပဒေခွင့်ပြုထားသော ကာကွယ် ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟု ဆိုရန် ခဲယဉ်းပေသည်။ **မောင်ကတုံး နှင့် ပြည်ထောင်စု၊** ၁၉၄၀၊ မြန်မာ ပြည်စီရင်ထုံး၊ ၆၆၁ ကို ရည်ညွှန်းသည်။

**မောင်အောင်ရှင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** .... .... ၄၀

**စာမျက်နှာ**

တရားသူကြီးများသည် အမှန်ကိုဖေါ်ထုတ်ရန် ဆီလျော်သည့်မေးခွန်းများကို မေးမြန်းသင့် မသင့်—မိမိတို့ကိုယ်ကို ဒိုင်လူကြီးများ သဘွယ်သဘောလျှင် မှတ်ယူပြီး၊ သက်သေက မေ့လျော့ ချန်လှပ်ထားရုံမျှဖြင့် ပစ္စည်းရှာ စာရင်းတွင် ဖေါ်ပြထားသော ပစ္စည်း မပါဝင်ဟု ယူဆနိုင် မနိုင်။ ဤအမှုတွင် ပစ္စည်းသိမ်းသူ ရဲအရာရှိက၊ သိမ်းဆည်းသော ပစ္စည်း စာရင်းတွင် မော်တော်ကားနံပါတ်ပြားတခု ပါဝင်ကြောင်း ဖေါ်ပြထားသော်လည်း၊ ၎င်း၏ အစစ်ခံချက်၌ နံပါတ်ပြား ပါဝင်သည်ဟု တိတိကျကျ ထွက်ဆိုထားခြင်း မရှိ၍၊ မူလရုံး တရားသူကြီးက တရားခံများသည် မှုပြစ် ကျူးလွန်ကြောင်း ဒွိဟ သံသယကင်းရှင်းသည့် သက်သေ ခံချက်များ ရှိသည်ဟု မဆိုနိုင်ပါဟု ကောက်ယူ ဆုံးဖြတ်ခဲ့သည်။ ။ဆုံးဖြတ်ချက်။ ။အမှုစစ် တရားသူကြီးများသည် မိမိတို့ကိုယ်ကို ဒိုင်လူကြီးများသဘွယ်သဘောလျှင် မှတ်ယူရန်မဟုတ်၊ အမှန်ကိုဖေါ်ထုတ်ရန်အတွက် ဆီလျော်သည့် မေးခွန်းများကို မေးမြန်းသင့်သည်။ ထိုကဲ့သို့ အမှန်ကို ဖေါ်ထုတ်ရန်အတွက် လျော်ကန် သင့်မြတ် သည့် မေးခွန်းများကို မေးနိုင်ရန် ဥပဒေအာဏာများ အပ်နှင်းထားသည်။ သို့ဖြစ်လေရာ၊ သက်သေက မေ့လျော့ပြီး ချန်လှပ်ထားရုံကာမျှဖြင့် ပစ္စည်းရှာ စာရင်းတွင် အသေအချာ ဖေါ်ပြထားသောပစ္စည်း မပါဝင်ဟု ယူဆနိုင်ချေ။

| | | |
|---|---|---|
| ပြည်ထောင်စုမြန်မာနိုင်ငံ(ဒေါ်ရှုခင်) နှင့် | ၁။ မောင်မြ (ခ) မြဦး<br>၂။ မောင်အေး (ခ) အေးပု<br>၃။ မောင်မှတ်ကြီး<br>၄။ သန်းအောင် | ၃၁ |

ပြစ်ဒဏ်တိုးမြှင့်ခြင်း—စက်ရှင် တရားသူကြီးသည် ပြစ်ဒဏ်နှင့် ပတ်သက်၍ အယူခံဝင်သော အယူခံမှုတွင် ပြစ်ဒဏ် တိုးမြှင့်ပေးရန်၊ အဆုံးအဖြတ်ပြုသင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။စက်ရှင် တရားသူကြီးသည်၊ တရားခံ တဦး အပေါ် မူလရုံးက ချမှတ်ထားသည့် အပြစ်ဒဏ်မှာ၊ သင့်လျော် လုံလောက်ခြင်း မရှိသဖြင့် တိုးမြှင့်ပေးသင့်သည်ဟု ယူဆပါက၊ ထိုပြစ်ဒဏ်နှင့် ပတ်သက်၍၊ အယူခံဝင်သော တရားခံ၏ အယူခံမှုကို အဆုံးအဖြတ် မပြုသင့်ပေ။ တရားခံ၏ အယူခံလွှာအား၊ ၎င်းအပေါ် မည်သည့် အတွက်ကြောင့် ပြစ်ဒဏ် တိုးမြှင့်ပေးသင့်သည် ဆိုသော ထောက်ခံချက်နှင့်အတူ ဤရုံးသို့ တင်ပြသင့်ပေသည်။ **ဘရှိန် နှင့် အစိုးရ၊ ၁၉၄၇၊** ရန်ကုန် စီရင်ထုံး၊ ၃၇၆ ကို ရည်ညွှန်းသည်။

| | |
|---|---|
| ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ဇာင်မြင့် .... .... | ၂၀ |

ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၃၅၀ (က)—၎င်း ပုဒ်မ အရ၊ တရားသူကြီးများ ခုံရုံးတွင် အမှုစစ်စဉ်အတွင်း အဖွဲ့ဝင် အပြောင်းအလဲ ရှိစေကာမူ၊ ထိုရုံးက ချမှတ်သော စီရင်ချက်သည် အင်္ဂါရပ်နှင့် ပြည့်စုံပါက ပျက်ပြယ်မှု မရှိ—ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ မလိုက်နာခြင်းကြောင့် စီရင်သော အမှုတခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆနိုင် မနိုင်။ ။ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၀ (က) အရဆိုပါက၊ အကျိုးဆောင် သူကောင်းပြု တရားသူကြီးများ ခုံရုံးတွင် အမှုစစ်ဆေးနေစဉ်အတွင်း အဖွဲ့ဝင်အပြောင်းအလဲ ရှိစေကာမူ၊ ထိုရုံးမှ ချမှတ်သော စီရင်ချက်သည် အင်္ဂါနှင့်ရပ်နှင့် ပြည့်စုံပါက ပျက်ပြယ်ခြင်း မရှိပေ။ ထိုအင်္ဂါရပ်

စာမျက်နှာ

များမှာ (၁) ခုံရုံးသည် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၅၊ ၁၆ တို့နှင့် အညီ ဖွဲ့စည်းထားသည့် ခုံရုံးဖြစ်ခြင်း၊ (၂) ခုံရုံး အဖွဲ့ဝင်များသည် အမှု စစ်ဆေးနေသည့် ကာလ တလျှောက်လုံးတွင် ရှိနေခြင်း ဖြစ်သည်။ **။ထပ်မံ ဆုံးဖြတ်ချက်။** ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာခြင်း မရှိသည့် အကြောင်းကြောင့်၊ စီရင်သော အမှု တခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ တရားခံအဘို့ တရားမျှတစွာ စစ်ဆေးစီရင်ခြင်းခံရလျှင် တရားမျှတမှုဆိတ်သုဉ်းရာ မရောက်၍၊ ၎င်းအပေါ် ပြစ်ဒဏ် ထင်ရှား စီရင်ထားခြင်းသည် ပျက်ပြယ်ခြင်း မရှိပေ။ **ပြည်ထောင်စု နှင့် ဂိုပင်ဒါဆွာမိ**၊ ၁၉၄၉၊ မြန်မာပြည် စီရင်ထုံး၊ (တရားလွှတ်တော်) ၆၆၂၊ **မရှာဘီ နှင့် ပြည်ထောင်စု**၊ ၁၉၅၀၊ မြန်မာပြည် စီရင်ထုံး၊ (တရားလွှတ်တော်) ၃၇၄ တို့ကို ကိုးကားသည်။

**မကြည်ကြည်စန်း နှင့် မခင်ဌေး** .... .... .... ၂၁

**ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)—လူအုပ်ထဲသို့ သေနတ်များဖြင့် သောင်းကျန်းသူများက** ပစ်ခဲ့၍ လူသေဆုံးသွားခြင်းသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ တွင် အကျုံးဝင် မဝင်—ထိုသောင်းကျန်းသူများ အဖွဲ့တွင် ပါဝင်သော်လည်း မိမိကိုယ်တိုင် ကျူးလွန်ခဲ့ခြင်းမရှိသူသည် ရာဇသတ်ကြီး ပုဒ်မ ၁၄၉ အရ၊ အပြစ်ရှိ မရှိ။ **။ဆုံးဖြတ်ချက်။** ။အခင်းဖြစ်သည့် ညက သောင်းကျန်းသူများသည် ပွဲကြည့်နေသည့် လူအုပ်ထဲသို့ သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း အငြင်းပွါးချက် မရှိချေ။ ထိုကဲ့သို့ ပစ်ခတ်လိုက်သဖြင့် ရှာသား နှစ်ယောက် သေနတ် ထိမှန်ပြီး သေဆုံးသွားသည့်ပြင် တဦးတွင်လည်း ပြင်းထန်သော နာကျင်စေမှုကို ဖြစ်စေသည့်ဒဏ်ရာများ ရရှိစေခဲ့သည်။ အသုံးပြုသည့် လက်နက်နှင့် သေဆုံးသူများ ရရှိသည့် ဒဏ်ရာ အမျိုးအစားကို ထောက်ဆခြင်းအားဖြင့် သေနတ်ဖြင့် ပစ်ခတ်သူများသည် ရှာသားနှစ်ဦးကို သေစေခဲ့ရာ၌ သေစေရန် အကြံဖြင့်သော်၎င်း၊ ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါ နာကျင်မှုကို ဖြစ်စေရန် အကြံဖြင့်၎င်း၊ ပြုလုပ်သည်ဟု ယူဆရမည်ဖြစ်ရာ၊ ထိုပစ်ခတ်သူများ ကျူးလွန်သည့် ပြစ်မှုသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ တွင် အကျုံးဝင်သည်။ အယူခံ တရားလိုသည် သေနတ်နှင့် ပစ်ခတ်ကြသော သောင်းကျန်းသူများ အဖွဲ့တွင် ပါဝင်သည်မှာ ထင်ရှားသည်။အမှု၏ ပတ်ဝန်းကျင် အကြောင်းချင်းရာများကို ထောက်ဆ၍ ကြည့်ရှုသော အခါ၊ လူအုပ်ထဲသို့ သေနတ်နှင့် ပစ်ခတ်လိုက်ခြင်းသည် သောင်းကျန်းသူများ အားလုံး၏ တူညီသော ရည်ရွယ်ချက် အတိုင်း ပြုလုပ်ခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။ ပွဲခင်းထဲသို့ လာရောက်ကြသည့် သောင်းကျန်းသူ ဦးရေမှာ ရှစ်ယောက်ထက် မနည်းကြောင်း သက်သေခံ အထောက်အထား လုံလောက်စွာ ရရှိခဲ့သည်။ ထို့ကြောင့် ထိုသောင်းကျန်းသူ လူစုသည်၊ ရာဇသတ်ကြီး ပုဒ်မ ၁၄၁ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးဖြစ်သည်။ ထို့ကြောင့် ထိုအစုအဝေးတွင် ပါဝင်ခဲ့သည့် အယူခံ တရားလို မောင်ခင်သည်၊ မိမိကိုယ်တိုင် လူသတ်မှုနှင့် ပြင်းထန်သော နာကျင်စေမှုများကို ကျူးလွန်ခဲ့ခြင်း မရှိစေကာမူ ထိုပြစ်မှုများ အတွက် ရာဇသတ်ကြီး ပုဒ်မ ၁၄၉ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း အပြစ်ရှိသည်ဟု ယူဆရမည်။

**မောင်ခင် (၁) အေးမောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** ၂၄

စာမျက်နှာ

သမ္မာန်မှု—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၄၄ (၁)—သမ္မာန်မှုတွင် တရားခံက ပြစ်မှု ကျူးလွန်ကြောင်းဝန်မခံလျှင် တရားခံများနှင့် ၎င်းတို့၏ သက်သေများကို စစ်ဆေးခြင်း မပြုဘဲ တရားသေ လွှတ်နိုင် မနိုင်—ဝရမ်းမှုတွင် တရားလိုဘက်ကို စစ်ဆေးပြီး တရားခံကို မစစ်ဆေးပဲ တရားရှင် လွှတ်နိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ အမှုမှာ သမ္မာန်မှု ဖြစ်၍ ရာဇဝတ် ကျင့်ထုံး အခန်း ၂၀ တွင် ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ ဤကျင့်ထုံး၏ ပုဒ်မ ၂၄၄ (၁) အရ၊ တရားခံက မှုပြစ်ကို ကျူးလွန်ပါသည်ဟု ဝန်မခံလျှင်၊ တရားသူကြီးသည် တရားလို နှင့် တရားလိုပြ သက်သေများကို စစ်ဆေးပြီး၊ တရားခံက သက်သေခံချက် ပေးလိုသော ဆန္ဒရှိလျှင်၊ သူ့ကို ကြားနာရမည်။ ထိုသို့ ဆန္ဒမရှိလျှင် သူ့ကို ရိုးရိုး စစ်ဆေးရမည်။ ထို့အပြင် သူ၏ သက်သေများကိုလည်း စစ်ဆေးရမည် ဖြစ်သည်။ ယခုအမှုတွင် တရားခံများ၏ ဆန္ဒကို တရားသူကြီးက မေးမြန်းခြင်း မရှိခဲ့ချေ။ ဤကဲ့သို့ ပုဒ်မ ၂၄၄ (၁) အရ၊ မေးမြန်းစစ်ဆေး ကြားနာပြီးမှသာ မှုပြစ် ကျူးလွန်သည်ဟု မတွေ့ရှိလျှင်၊ ပုဒ်မ ၂၄၅ (၁) အရ၊ တရားသေ လွှတ်ရမည် ဖြစ်သည်။ ပုဒ်မ ၂၄၄ (၁) အရ၊ တရားခံသည် အပြစ်မရှိပါဟု ငြင်းဆိုလျှင်၊ တရားလိုဘက်ကို စစ်ဆေးပြီး၊ တရားခံကို သက်သေအဖြစ်၊ သို့မဟုတ်၊ ရိုးရိုးအပြင် ၎င်း၏ သက်သေများကို မစစ်ဆေးဘဲ မနေရပေ။ ဤပုဒ်မ ၂၄၄ (၁) တွင် "and also" ဆိုသည့် စကားသည် အလွန် အရေးကြီးသည်။ ဝရမ်းမှုမှာ ဆိုလျှင် ပုဒ်မ ၂၅၂ (၁) အရ၊ တရားလိုဘက်ကို စစ်ဆေးပြီး တရားခံကို မစစ်ဆေးပဲ၊ ပုဒ်မ ၂၅၃ (၁) အရ၊ မှုပြစ်မထင်ရှားလျှင် တရားခံကို တရားရှင်လွှတ်နိုင်သည်။ ထို့ပြင် ပုဒ်မ ၂၅၃ (၂) အရ၊ တရားလိုဘက်ကို စစ်ဆေး၍ မပြီးစီးမီပင် စွဲချက်တင်ရန် အကြောင်းမရှိလျှင်၊ တရားခံကို တရားရှင်လွှတ်နိုင်သည်။ သမ္မာန်မှုတွင်ကား တရားခံက မှုပြစ်မကျူးလွန်ပါဟု ဆိုလျှင် နှစ်ဘက်စလုံးကို စစ်ဆေးရမည်။ ။Union of Burma V. Ah Sein and two others, 1955 B. L. R. 317 (H.C) ကိုရည်ညွှန်းသည်။

ဦးဘွန်တိတ် ပါ (၈) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... .... ၃၆

ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ မလိုက်နာခြင်းကြောင့် စီရင်သော အမှုတခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆနိုင် မယူဆနိုင်။ .... .... .... ၂၁

# စီရင်ထုံးပြုသောအမှုခင်းများ

# LIST OF CASES REPORTED

---

## နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်မှုများ

## CHIEF COURT OF BURMA

## CRIMINAL CASES


| | | |
|---|---|---|
| | | စာမျက်နှာ |
| ကျင်ရှိန်၊ ဒေါ်၊ နှင့် ဒေါ်အေးမှင် | .... .... .... | ၄၄ |
| ချစ်မယ်၊ဒေါ်၊ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မောင်ဖြူကာင်) | .... | ၄၆ |
| တင်မောင်၊မောင် ပါ-၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | .... | ၅၁ |
| ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ပိုးထွန်း ပါ-၅ | .... .... | ၅၄ |

ကိုးကားသောအမှုခင်းများ

# LIST OF CASES CITED

---

## နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်မှုများ

## CHIEF COURT OF BURMA

## CRIMINAL CASES


| | စာမျက်နှာ |
|---|---|
| ကုတ်ချို၊ မောင် နှင့် ပြည်ထောင်စု၊၁၉၆၅၊မြန်မာနိုင်ငံစီရင်ထုံး၊စာ ၁၀၉၆ | ၄၉ |
| ကြည်ညွန့်၊ ဒေါ် နှင့် အစိုးရ၊ ၁၉၆၄၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၀၉ .... | ၇ |
| ချောင်ချင်ယို နှင့် လူဝင်မှုကြီးကြပ်ရေးဝန်၊ ၁၉၆၂၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၆ .... .... .... .... | ၆၂ |
| ထွန်းစိန်၊ မောင်၊ နှင့် ပြည်ထောင်စု၊၁၉၆၂၊မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၃၃၇ (တရားရုံးချုပ်) .... .... .... | ၄၉ |
| ဒေါ်ဆင် နှင့် အစိုးရ၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ ၂၅၅ .... | ၅၈ |
| ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ကိုင်း၊၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၄၃၃ .... .... .... .... | ၆၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်တင်အောင်၊ ၁၉၆၇၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၄၄၆ .... .... .... | ၆၁ |
| ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးလှထွန်းဖြူ၊၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၆၀ (တရားလွှတ်တော်ချုပ်) .... .... | ၅၀ |
| မန်ဒတ်မျှ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၈၊မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၆၄၃ .... .... .... .... | ၆၁ |
| မှတ်၊မောင်၊ နှင့် ပြည်ထောင်စု၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၈ (တရားလွှတ်တော်) .... .... .... | ၄၉ |
| အစိုးရ နှင့် လှမောင်၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၀ .... .... | ၄၉ |

# ညွှန်းချက်

# INDEX

---

## နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်မှုများ

## CHIEF COURT OF BURMA

## CRIMINAL CASES

စာမျက်နှာ

**အက်ဥပဒေများ—**

ရာဇဝတ်ကျင့်ထုံး ။

ရာဇသတ်ကြီး ။

သက်သေခံဥပဒေ ။

**တရားခံ၏ပြုမှုချက်သည် ရာဇသတ်ကြီး၏ အထွေထွေကင်းလွတ်ချက် တခုနှင့် အကျုံးဝင်နေကြောင်း တရားလိုပြသက်သေများ၏ ထွက်ချက်အရ ပေါ်လွင်နေ၍ တရားခံအား တရားရှင်လွှတ်လိုက်ခြင်း—သက်သေခံဥပဒေပုဒ်မ ၁၀၅ နှင့် ဆန့်ကျင်ခြင်းရှိ မရှိ—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြသက်သေများ၏ ထွက်ချက်—သက်သေခံဝင်၍ တရားခံအပေါ် စဉ်းစားနိုင်ခြင်းရှိ မရှိ။** ။ဆုံးဖြတ်ချက်။ ။သက်သေခံ ဥပဒေ ပုဒ်မ ၁၀၅ အရ၊ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်း ခံရသည့် တရားခံတဦးက မိမိ၏ ပြုလုပ်မှုသည် ရာဇသတ်ကြီး၏ အထွေထွေ ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်သည်ဟု ဆိုလာလျှင် ထိုအဆိုပြုချက်ကို သက်သေထူရန် တာဝန်သည် ၎င်းအပေါ်၌ တည်ရှိနေသည်မှာမှန်၏။ သို့ရာတွင် အမှု၌ပေါ်ပေါက်လျက်ရှိသော သက်သေ အထောက်အထားများအရပင် တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်ချက်တခုခုနှင့် အကျုံးဝင်ကြောင်း တွေ့ရှိပါက၊ ထိုအချက်ကို တရားခံ၏ အကျိုးအလို့ငှါ ထည့်သွင်း စဉ်းစားနိုင်ပေသည်။ တရားခံကိုယ်တိုင်က ၎င်း၏ ပြုလုပ်မှုသည် ကင်းလွတ်ချက်တခုခုနှင့် အကျုံးဝင်ပါသည်ဟု ထုချေခြင်း မပြုသော်လည်း၊ တရားလိုသက်သေများ၏ ထွက်ချက်အရပင် ကင်းလွတ်ချက် တခုခုနှင့်အကျုံးဝင်နေကြောင်း ပေါ်ပေါက်ပါက တရားရုံးမှ တရားခံအတွက် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အစိုးရ နှင့် လှမောင်၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၅၀။ ။ မောင်မှတ် နှင့် ပြည်ထောင်စု၊ ၁၉၅၄ မြန်မာပြည်စီရင်ထုံး၊ ၂၈ (တရားလွှတ်

တော်) တို့ကို ကိုးကားသည်။ ။အမှု၏ အဖြစ်အပျက် အကြောင်းအရာတို့ကပင် တရားခံသည် ကင်းလွတ်ခွင့် တခုဖြစ်သည့် စိတ်ပေါ့သွပ်နေခိုက် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်နေလျှင် တရားခံ ကိုယ်တိုင်က ထိုအချက်ကို တင်ပြထုချေခြင်း မပြုစေကာမူ၊ ယင်းကင်းလွတ်ချက်၏ အကျိုးကျေးဇူးကို တရားခံအားခံစားခွင့် ပေးရမည်ဟု ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ **မောင်ထွန်းစိန် နှင့် ပြည်ထောင်စု၊** ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၃၃၇ (တရားရုံးချုပ်) နှင့် **မောင်ကုတ်ချိ နှင့် ပြည်ထောင်စု၊** ၁၉၆၅၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၀၉၆ တို့ကိုရည်ညွှန်းသည်။ **ထပ်မံဆုံးဖြတ်ချက်။** ။ထို့ပြင် ရာဇဝတ်ကျင့်ထုံး အခန်း ၂၁ အရ၊ ဝါရမ်းမှုများ၌ တရားခံအား စွဲချက်မတင်မီ ပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြသက်သေများ၏ ထွက်ချက်သည် သက်သေခံဝင်၍ တရားခံ အပေါ် စဉ်းစားနိုင်သည်ဆိုခြင်းမှာလည်း ယုံမှားသွယ်မရှိ။ပြည်ထောင်စု နှင့် ဦးလှထွန်းဖြူ၊ ၁၉၅၇၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၆၀ (တရားလွှတ်တော်ချုပ်) ကို ကိုးကားသည်။ ယခုအမှု၌ မောင်ဖြူတင်အပေါ် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၂ အရ စစ်ဆေးခဲ့သည့် တရားလိုပြသက်သေများ၏ ထွက်ချက်အရပင်၊ ၎င်း၏ပြုလုပ်မှုသည် ရာဇသတ်ကြီး ပုဒ်မ ၁၀၀ တွင် အကျုံးဝင်သည့် ကင်းလွတ်ချက် အတွင်းကျရောက်နေ၍ ပြစ်မှုမမြောက်ကြောင်း ပေါ်လွင်နေသဖြင့် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၄ အရ စွဲချက်တင်ရန် အကြောင်း မပေါ်ပေါက်နိုင် တော့ပေ။ ပုဒ်မ ၂၅၃ တွင်လည်း ပုဒ်မ ၂၅၂ အရ သက်သေများကို စစ်ဆေးပြီးနောက် တရားခံက ဆန့်ကျင်ဘက် သက်သေထူထောင်ခြင်း မပြုစေကာမူ ၎င်းအား ပြစ်ဒဏ်စီရင်ရန် အထောက်အထား ခိုင်လုံခြင်း မရှိက၊ တရားရှင်လွှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်ချက် အတွင်း ကျရောက်သဖြင့် ပြစ်မှုမမြောက်ကြောင်း တရားလိုပြ သက်သေတို့၏ ထွက်ချက်များအရ ပင်ထင်ရှားနေသည့်ကိစ္စ၌ တရားခံအား စွဲချက်တင်ရန် လိုအပ်မည်မဟုတ်ပေ။

**ဒေါ်ချစ်မယ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မောင်ဖြူတင်)** .... ၄၆

**ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြသက်သေများ၏ ထွက်ချက်—သက်သေခံဝင်၍ တရားခံအပေါ် စဉ်းစားနိုင်ခြင်းရှိ မရှိ။** .... ၄၆

**ရာဇ တ်ကျင့်ထုံးပုဒ်မ ၃၅၀ (၁) (က)—အမှုကို အသစ်မှတဖန် ပြန်လည်၍ စစ်ဆေးခြင်း—တရားခံများ၏လျှောက်ထားချက်ကို ခွင့်ပြုလိုက်ရုံမျှဖြင့် ပဋ္ဌမတရားသူကြီးက တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ရန် အာဏာ ရှိ မရှိ။ ။ဆုံးဖြတ်ချက်။**

။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၀ တွင် အပိုဒ် (၁) ၏ပဋ္ဌမခြွင်းချက်၌တရားခံသည် စစ်ပြီးသည့် သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆိုနိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ တရားခံ ထိုကဲ့သို့ စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆိုလျှင် တောင်းဆိုသည့်အတိုင်း တရားသူကြီးသည် စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူစစ်ဆေးရန်သာရှိသည်။ ပဋ္ဌမတရားသူကြီး ချမှတ်ခဲ့ပြီးသည့် တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ရန်အာဏာမရှိ။

၁။ မောင်တင်မောင်<br>
၂။ မောင်အုန်းမြိုင်<br>
၃။ မောင်အောင်သန်း။ } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၅၁

စာမျက်နှာ

**သက်သေခံပစ္စည်းကို အပ်နှံခံရသူက၊ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလျှင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၄ အရသော်လည်းကောင်း၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရသော်လည်းကောင်း အရေးယူနိုင် မယူနိုင်။ ။ဆုံးဖြတ်ချက်။ ။** အချင်းဖြစ် သက်သေခံ ပစ္စည်းကို လျှောက်ထားခံရသူ (တရားခံ) အား မူလတရားရုံးကသာ ပေးအပ်ခဲ့ခြင်းဖြစ်၍၊ ဤအဆင့်မှာ မူလတရားရုံးကသာလျှင် သက်သေခံ ပစ္စည်းနှင့် ပတ်သက်ပြီး အရေးယူပိုင်ခွင့်ရှိသည်။ မည်သို့ အရေးယူရမည်မှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၄ ၏ ပြဋ္ဌာန်းချက်အရသာ ဖြစ်သည်။ အချင်းဖြစ် သက်သေခံ ပစ္စည်းမှာ ရာဇဝတ်ကြီးမှု အမှတ် ၁၄၅၅/၆၂ မှုပစ္စည်းဖြစ်၍၊ ယင်းအမှုကို စစ်ဆေး၍ ပြီးစီးသောအခါ၊ မူလရုံးအနေဖြင့် သင့်တော်သည့်အမိန့်တရပ် ချမှတ်ရပါမည်။ အကယ်၍ ချမှတ်သည့် အမိန့်အတိုင်း လျှောက်ထားခံရသူ (တရားခံ) က သက်သေခံ ပစ္စည်းကို မူလရုံးသို့ မပေးအပ်နိုင်ပါက၊ မူလရုံးသည် ခံဝန်မှာ သတ်မှတ်ထားသည့် ငွေတန်ဘိုးကို ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သည်။ ခံဝန်မှာ သတ်မှတ်ထားသည့် ငွေနှင့် လုံလောက်ခြင်းမရှိဟု လျှောက်ထားသူက ယူဆပါက၊ ၎င်းမှာ တရားမကြောင်း အရ အရေးယူနိုင်ခွင့်ရှိသေးသည်။

**ဒေါ်ကျင်ရှိန် နှင့် ဒေါ်အေးမှင်** .... .... .... ၄၄

**၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ—၁၉၇၀ ခုနှစ်၊ မေလ ၂၈ ရက်နေ့ နောက်ပိုင်းတွင် ဖြစ်ပွါးခြင်းကြောင့်၊ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ အရေးယူရမည် ဖြစ်ခြင်း—သမဝါယဥပဒေပုဒ်မ ၅၃ ၏ ပြဋ္ဌာန်းချက်—မြို့နယ်ရာဇဝတ် တရားသူကြီးသည် စီရင်ပိုင်ခွင့် အာဏာမရှိဘဲ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သဖြင့် စီရင်ချက်နှင့် အမိန့်တို့သည် ပျက်ပြယ်၍တရားမဝင်သော အမိန့်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။**၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ ဥပဒေအရ၊ သမဝါယမ အသင်း၏ ပစ္စည်းများကို ခိုးယူလျှင်၊ လိမ်ယူလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း အက်ဥပဒေအရ ကျူးလွန်ဖေါက်ဖျက်မှုဖြစ်၍၊ ၎င်းဥပဒေ အရသာ အရေးယူရမည်ဖြစ်သည်။ သမဝါယမပိုင် ပစ္စည်းကို လိမ်ယူလျှင်၊ လိမ်ယူရန်ကြိုးပမ်းလျှင်၊ လိမ်ယူရန် လုပ်ဆောင်မှုများကို အားပေးကူညီလျှင်၊ **ယင်းဥပဒေနှင့်သာ အရေးယူရ၍ အခြား ဥပဒေဖြစ်သော ရာဇသတ်ဥပဒေနှင့် အရေးမယူနိုင်ဟု အဓိပ္ပါယ် ကောက်ယူရမည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။** ၁၉၇၀ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ၊ အရေးယူရမည့်မှုခင်းကို စစ်ဆေးကြားနာစီရင် ဆုံးဖြတ်ချက်ပေးရန်၊ ထိုဥပဒေတွင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးများကို ဖေါ်ပြ ပြဋ္ဌာန်းထား၏။ ထိုဥပဒေအရ၊ အရေးယူရန်ရှိသော ပြစ်မှုများကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများက စီရင်ပိုင်ခွင့် အာဏာမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ အဘယ်ကြောင့်ဆိုသော်၊ ၁၉၇၀ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်းဥပဒေပုဒ်မ ၅၃ နှင့် ပုဒ်မ ၅၀ တို့နှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၉ တို့ကိုယှဉ်တွဲသုံးသပ်၍၊ ယင်း ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်းဥပဒေကို ကျူးလွန်ဖေါက်ဖျက်သော ပြစ်မှုကို ကြားနာစစ်ဆေးရန် ရုံးကို အတိအလင်း ဖေါ်ပြထား၍၊ ၎င်းပြစ်မှုများကို ယင်းဥပဒေအရသာ

စာမျက်နှာ

အရေးယူနိုင်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသဖြင့်၊ ယင်းဥပဒေ အရ ဖွဲ့စည်းထားသော ရုံးကသာ ကြားနာ စစ်ဆေးနိုင်သည်။ ရာဇဝတ် တရားသူကြီးက ကြားနာစစ်ဆေးခြင်း မပြုနိုင်ပေ။ ။ထပ်ံဆုံးဖြတ်ချက်။ ။မူလရုံးဖြစ်သော မိုးညှင်းမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီးသည်၊ စီရင်ပိုင်ခွင့်အာဏာ မရှိဘဲနှင့် မှုခင်းကို စစ်ဆေးစီရင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ စီရင်ခွင့် အာဏာမရှိဘဲနှင့် စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သော အမှုဖြစ်သည့် အတွက်ကြောင့်၊ မိုးညှင်းမြို့နယ် ရာဇဝတ်တရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၉၅ သည် မခိုင်မာ၊ အတည်မဖြစ်ဘဲ အစကနဦးကပင် ပျက်ပြယ်သော မှုခင်းဖြစ်သည်။ ထို့ကြောင့် ၎င်းအမှုတွင် မူလရုံး တရားသူကြီး၏ ၁၉၇၁ ခု၊ မေလ ၂ ရက်နေ့စွဲပါ စီရင်ချက်နှင့် အမိန့်တို့သည်လည်း အာဏာမရှိဘဲမခိုင်မာ ပျက်ပြယ်၍ တရားမဝင်သော အမိန့်ဖြစ်သည်။ ဒေါ်တင် နှင့် အစိုးရ၊ ရန်ကုန် စီရင်ထုံး၊ အတွဲ ၂၊ စာ ၂၅၅။ ။ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် **မောင်ကိုင်း၊** ၁၉၆၃ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၄၃၃။ ဒေါ်ကြည်ညွန့် နှင့် အစိုးရ၊ ၁၉၆၄ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၀၉။ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် **မောင်တင်အောင်၊** ၁၉၆၇ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၄၄၆။ ။**မန်ဒတ်မျှ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊** ၁၉၆၈ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၆၄၃။ နှင့် **ချောင်ချင်ယို နှင့် လူဝင်မှုကြီးကြပ်ရေးဝန်၊** ၁၉၆၂ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၆ တို့ကိုရည်ညွှန်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် {
၁။ မောင်ဖိုးထွန်း၊
၂။ မောင်ခင်မောင်ဝင်း၊
၃။ မောင်ညိုမောင်၊
၄။ မောင်သန်းဖေ၊
၅။ **မောင်ထွေးမောင်** .... ၅၄

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ် အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ရှေ့တွင်

ဦးကျော်စိန်

နှင့်

ဦးစိန် *

† ၁၉၇၁ ဖေဖော်ဝါရီလ ၂၄ ရက်။

**သီးခြားမှုပြစ်ဖြစ်ခြင်း—ရာဇသတ်ပုဒ်မ ၂၂၈ နှင့် ပုဒ်မ ၅၀၄ တို့သည် သီးခြားမှုပြစ်ဖြစ်မဖြစ်။**

လျှောက်ထားသူ (ရှေ့နေ) က လျှောက်ထားခံရသူ (ရှေ့နေ)အား၊ ရာဇဝတ်တရားသူကြီးရုံးတွင် လျှောက်လဲချက် ကြားနာနေစဉ် "ခင်ဗျားဘာလှုပ်ပါးဝသလဲ" ဟုပြောရာ၊ တရားသူကြီးက လျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ တရားစစ်ဆေးနေစဉ် စော်ကားနှောင့်ယှက်ခြင်း ပြုသည်ဆိုကာ တရားစွဲဆိုခဲ့သည်။ လျှောက်ထားခံရသူကလည်း လျှောက်ထားသူက ၎င်းအား တမင်မခန့်မညား စော်ကားခြင်းဖြင့် ရန်ရှာသည်ဆိုကာ ရာဇသတ်ပုဒ်မ ၅၀၄ အရ တရားစွဲဆို ခဲ့သည်။

**ဆုံးဖြတ်ချက်။** ။သီးခြားမှုပြစ်များဆိုသည်မှာ တချိန်တနေရာတည်းမှာပင်ဖြစ်စေ၊ ရာဇသတ်ကြီး၏ သီးခြားပုဒ်မအတွင်း ကျရောက်သောမှုပြစ်များကို ကွဲပြားခြားနားသော ပုဂ္ဂိုလ်များအား ကျူးလွန်လျှင် သီးခြားမှုပြစ်ဖြစ်သည်။ (**Offences falling under different sections of the Penal Code committed against different persons even though on the same occasion are distinct offences.**)

**ထပ်မံဆုံးဖြတ်ချက်။** ။ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ ပြည်သူ့ဝန်ထမ်းတဦးသည် တရားစစ်ဆေး ကြားနာနေစဉ် တမင်စော်ကားခြင်း သို့မဟုတ် အနှောင့်အယှက်ဖြတ်ဝင်ခြင်း ပြုလုပ်သည်ကိုခံရမည် ဖြစ်သည်။ ပုဒ်မ ၅၀၄ အရဆိုသော်၊ ပြည်သူ့ဝန်ထမ်းတဦးဖြစ်ရန်မလိုပေ။ တယောက်သော သူကတမင်မခန့်မငြား စော်ကားခြင်း၊ ဒေါသထွက်အောင်ရန်ရှာခြင်းကြောင့် ငြိမ်ဝပ်ရေးကိုထိခိုက်ခြင်း

---

* ၁၉၇၁ခုနှစ်၊ ရာဇဝတ် အထွေထွေလျှောက်လွှာအမှတ် ၁။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ဤရုံး၏ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၃၀(ခ)/၇၀ တွင်၊ ၁၉၇၀ခု၊ အောက်တိုဘာလ ၂၄ ရက် နေ့စွဲပါစီရင်ချက်ကို မကျေနပ်၍ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားသောလျှောက်လွှာ။

သို့မဟုတ်၊ အခြားမှုပြစ်တခုကို ကျူးလွန်စေတတ်ခြင်း လက္ခဏာရှိသည်ကို သိလျက်နှင့် ရန်ရှာခြင်းပြုလုပ်ရပေမည်။ ပုဒ်မတခုနှင့်တခု အလွန်ကွာခြားသည်၊ နစ်နာသူမှာလည်း မတူသဖြင့်၊ တရားလိုမှာ ဤမှုပြစ်နှစ်ခုအတွက် တဦးတည်းမဖြစ်နိုင်ပေ။ တရားလို (နစ်နာသူ) သီးခြားနှစ်ဦးဖြစ်ရမည်၊ တင်ပြရန် အမှု၏အကြောင်းအရာများမှာလည်း မတူပေ။ ပြည်သူ့ဝန်ထမ်း (**တရားသူကြီး**) နှင့်ရှေ့နေ (လျှောက်ထားခံရသူ) တို့အပေါ် ကျူးလွန်သောမှုပြစ်ကို တရားခံအပေါ် ရာဇသတ်ပုဒ်မတခုတည်းနှင့်ပင် စွဲချက်တင်၍မရနိုင်ပေ။

**အယူခံ တရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးမြင့်စိုး။

**အယူခံ တရားခံအတွက်။** ။မရှိ။

**တရားသူကြီး ဦးကျော်ဇံဦး။** ။ညောင်လေးပင်မြို့၊ မြို့နယ် ရာဇဝတ် တရားသူကြီးသည်၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၁၀ တွင် လျှောက်လဲချက်များကြားနာနေစဉ်၊ လျှောက်ထားသူ၏ ရှေ့နေက လျှောက်ထားခံရသူ၏ ရှေ့နေအား၊ "ခင်ဗျား ဘာလုပ်ပါးဝသလဲ" ဟု ပြောရာ၊ တရားသူကြီးသည် ပြည်သူ့ဝန်ထမ်းတဦးအနေဖြင့် လျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ တရားစစ်ဆေးနေစဉ်အတွင်း တမင်စော်ကား သို့မဟုတ် တစုံတရာအနှောင့်အရှက် ဖြတ်ဝင်ပြုလုပ်သည်ဟုဆိုကာ၊ ဒုတိယ ရာဘက်ရာဇဝတ် တရားသူကြီးရုံး၌ ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂၀ တွင်တရားစွဲဆို အရေးယူခဲ့ရာ၊ ဝန်ခံတောင်းပန်သဖြင့်၊ အမှုကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၈ အရ၊ ရုံးကရုပ်သိမ်းခွင့် ပေးပြီးနောက်၊ လျှောက်ထားသူ (တရားခံ) အား တရားသေလွှတ်ခဲ့သည်။ လျှောက်ထားသူသည် ရှေ့နေ မလုပ်ကိုင်မီက၊ တရားဌာနဝန်ထမ်း (အကြီးတန်း)အဖြစ်မှ အငြိမ်းစား ယူခဲ့သူဖြစ်သည်။

ထို့နောက် ၁၉၆၆ ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် လျှောက်ထားခံရသူက သူ့ကို လျှောက်ထားသူက တမင် မခန့်မငြား စော်ကားခြင်းဖြင့် ဒေါသ ထွက်အောင်ရန်ရှာ၍ ငြိမ်ဝပ်ရေးကို ထိခိုက်ပျက်စီးစေရန် သို့မဟုတ် အခြားမှုပြစ်တခုခုကို ကျူးလွန်စေရန် အကြံဖြင့် သော်လည်းကောင်း၊ ထိုသို့ ကျူးလွန်တန်ရာသည်ကို သိလျက်နှင့် သော်လည်းကောင်း ရန်ရှာသည်ဟုဆိုကာ ရာဇသတ်ပုဒ်မ ၅၀၄ အရ၊ ပဲခူးမြို့၊ (ဂ) ရာဘက် ရာဇဝတ်တရားသူကြီးရုံး၌ ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅၇ တွင် တရားစွဲဆိုရာ စီရင်ချက်အရ၊ လျှောက်ထားသူက လျှောက်ထားခံရသူအား "ဘာလုပ်ပါးဝသလဲ" ဟုနှစ်ကြိမ်တိုင်တိုင် ပြောသည်သာမက၊ လျှောက်ထားခံရသူက ထိုသို့ပြောခြင်းကို အမှုနေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားရန် ပြောသောအခါ လျှောက်ထားသူကတဖန် "ပြောတယ်ဗျ၊ဘာဖြစ်သလဲ၊ ရေးပါ" ဟု တဆင့်တက်၍ပြောသည်။ လျှောက်ထားသူက အမှုနှစ်မှုမှာ တနေရာတည်းမှာ ဖြစ်ပျက်ပေါ်ပေါက်ခဲ့သောကြောင့်

အခြင်းအရာမှာလည်း တူညီ၍၊ ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ ပထမအမှုတွင် တရားသေလွှတ်ခဲ့ပြီးဖြစ်ရာ၊ ရာဇသတ်ပုဒ်မ ၅၀၄ အရ၊ ယခုလျှောက်လွှာ ပေါ်ပေါက်လာသော ဒုတိယအမှုကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ (၁)အရ စုံစမ်းစစ်ဆေးခြင်း မပြုနိုင်သဖြင့်၊ အမှုကို ပယ်ရပါမည်ဟုဆိုရာ လျှောက်ထားခံရသူက အမှုနှစ်မှုမှာ တခြားစီဖြစ်၍ လျှောက်ထားသူအပေါ် စွဲချက်တခြားစီ တင်နိုင်သဖြင့် တရားသေ လွှတ်ခဲ့စေကာမူ၊ ဒုတိယအမှုကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ (၂)အရ စုံစမ်းစစ်ဆေးနိုင်ပါသည်ဟု ပြန်ဖြေသည်။မူလရုံး(ဂ ရာဘက် ရာဝတ်တရားသူကြီး)က လျှောက်ထားခံရသူ(တရားလို)ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၀ အရစစ်ဆေးပြီး၊ လျှောက်ထားသူအား ရာဇသတ်ပုဒ်မ ၅၀၄ အရ အရေးယူ ဆောင်ရွက်ခဲ့ပြီးဖြစ်၍၊ အမှုကို ဆက်လက်ဆောင်ရွက်ရန်သာ ရှိသောကြောင့် လျှောက်ထားသူ၏ တောင်းဆိုချက်ကို ပယ်ခဲ့သည်။

ထိုအမိန့်ကို မကျေနပ်၍ စက်ရှင်တရားသူကြီးရုံး၌ ပြင်ဆင်ရန် လျှောက်ထားရာ၊ ဒုတိယအမှုတွင် **ရာဇသတ်ပုဒ်မ ၅၀၄ အရ စွဲဆိုသောမှုပြစ်မှာ အခြင်းဖြစ် အကြောင်း** အရာ တခုတည်းအပေါ်တွင် မူတည်၍ သီးခြားစွဲချက်အဖြစ် ထပ်မံစွဲဆိုခြင်းသာ ဖြစ်သည်ဟုဆိုကာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ (၁)နှင့် သက်ဆိုင်သဖြင့် လျှောက်လွှာကို ခွင့်ပြုပြီး အမှုကို ပယ်ဖျက်ပေးပါရန် ဤရုံးသို့ ထောက်ခံပေးပို့ရာ၊ ခုံရုံးက လက်မခံခဲ့သဖြင့်၊ ယခုတဖန် အယူခံဝင်ရန် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူးတောင်းခြင်းဖြစ်သည်။ ခုံရုံးက လျှောက်ထားသူ၏ "ပြုမူချက်သည် တရားရုံးနှင့် ပတ်သက်၍ ပြစ်မှုတရပ်ဖြစ်ပြီး ပြောဆိုခြင်းခံရသူ ဦးစိန် (လျှောက်ထားခံရသူအတွက်) မှုပြစ်တရပ် ဖြစ်သောကြောင့်၊ သီးခြားပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်"ဟု ရေးသားထားသည်မှာ မှားသည်ဟု မဆိုနိုင်ပေ။ ဆိုလိုသည်မှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ (၂)အရ အမှုကို စုံစမ်းစစ်ဆေးနိုင်သည်ဟု ဆုံးဖြတ်သည်။

အရေးကြီးသော အချက်မှာ ရာဇသတ်ပုဒ်မ ၂၂၈ နှင့် ပုဒ်မ ၅၀၄ တို့သည် သီးခြားပြစ်မှုဖြစ်မဖြစ်ကို ဆုံးဖြတ်ရပေမည်။ ကနဦးကပင် ပြောရမည်ဆိုလျှင် သီးခြားမှုပြစ်များ ဖြစ်သည်ဟု ဆုံးဖြတ်သည်။ သီးခြားမှုပြစ်များ ဆိုသည်မှာ တချိန် တနေရာတည်းမှာပင်ဖြစ်စေ၊ ရာဇသတ်ကြီး၏ သီးခြားပုဒ်မအတွင်း ကျရောက်သော မှုပြစ်များကို ကွဲပြားခြားနားသော ပုဂ္ဂိုလ်များအား ကျူးလွန်လျှင် သီးခြားမှုပြစ် ဖြစ်သည်။ (Offences falling under different sections of the Penal Code committed against different persons even though on the same occasion are distinct offences.)

ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ ပြည်သူ့ဝန်ထမ်းတဦးသည် တရားစစ်ဆေး ကြားနာနေစဉ် တမင်စော်ကားခြင်း သို့မဟုတ် အနှောင့်အရှက် ဖြတ်ဝင်ခြင်း ပြုလုပ်သည်ကို

၁၉၇၁ — ဦးကျော်စိန် နှင့် ဦးစိန်

ခံရမည်ဖြစ်သည်၊ ပုဒ်မ ၅၀၄ အရဆိုသော် ပြည်သူ့ဝန်ထမ်းတဦး ဖြစ်ရန်မလိုပေ၊ တယောက်သောသူက တမင် မခန့်မငြား စော်ကားခြင်း၊ ဒေါသထွက်အောင် ရန်ရှာခြင်းကြောင့် ငြိမ်ဝပ်ရေးကို ထိခိုက်ခြင်း သို့မဟုတ် အခြားမှုပြစ်တခုကို ကျူးလွန်စေတတ်ခြင်း လက္ခဏာရှိသည်ကိုသိလျက်နှင့် ရန်ရှာခြင်း ပြုလုပ်ရပေမည်။ ပုဒ်မ တခုနှင့်တခု အလွန်ကွာခြားသည်၊ နစ်နာသူမှာလည်း မတူသဖြင့် တရားလိုမှာ ဤမှုပြစ်နှစ်ခုအတွက် ထဦးတည်း မဖြစ်နိုင်ပေ၊ တရားလို (နစ်နာသူ) သီးခြားနှစ်ဦး ဖြစ်ရမည်၊ တင်ပြရန် အမှု၏ အကြောင်းအရာများမှာလည်း မတူပေ၊ ပြည်သူ့ဝန်ထမ်း (တရားသူကြီး)နှင့် ရှေ့နေ (လျှောက်ထားခံရသူ)တို့ အပေါ် ကျူးလွန်သော မှုပြစ်ကို တရားခံအပေါ် ရာဇသတ်ပုဒ်မ တခုတည်းနှင့်ပင် စွဲချက်တင်၍ မရနိုင်ပေ။ ဤအကြောင်းများကြောင့် ခုံရုံး၏ အမိန့်မှာ မှန်သည်ဟု ဆိုရပေမည်။ နစ်နာသူများ၊ ဖြစ်ပျက်သောနေရာ၊ အမှု၏ အခြေအနေစသည်တို့ကို ထောက်ထားကြည့်ရှုလျှင်၊ မှုပြစ်မှာ လျှောက်ထားသူ၏ ဝတ်လုံတော်ရကာ တင်ပြသော (**De minimis non curat lex**) မှုအရာဥပဒေအချက်အလက် တခုခုနှင့်လည်း စပ်ဆိုင်သည်ဟု မဆိုနိုင်သဖြင့် လျှောက်လွှာကိုပယ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးဦးသက်ဖေနှင့် တရားသူကြီးဦးစိန်သင်းတို့ရှေ့တွင်။

| | | | |
|---|---|---|---|
| ၁။ မောင်ချစ်<br>၂။ မောင်ဟာရှင်<br>၃။ မောင်ရီစွတ် | နှင့် | ပြည်ထောင်စု မြန်မာနိုင်ငံ<br>(ဦးသိန်းမောင်) * | † ၁၉၇၁<br>ဇန္နဝါရီလ<br>၁ ရက်။ |

**တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ဆက်လက်စုံစမ်းစစ်ဆေးရန် ညွှန်ကြားသည့် အမိန့်၌ မည်သို့စစ်ဆေး၍၊ မည်သည့်ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားနိုင် မနိုင်— ဆက်လက်စစ်ဆေးသည့် တရားသူကြီး၌ လွတ်လပ်စွာစစ်ဆေးပိုင်ခွင့်ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ၊ တရားရှင်လွှတ်သည့်အမိန့်ကိုပယ်ဖျက်ပြီး၊ တရားခံအား ဆက်လက်စုံစမ်းစစ်ဆေးရန်ညွှန်ကြားသည့်အမိန့်၌ မည်သို့မည်ပုံစစ်ဆေးရမည်၊ မည်သည့်ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားခြင်းမပြုနိုင်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဆက်လက်စစ်ဆေးသည့် ရာဇဝတ်တရားသူကြီးသည်၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။ ဥပမာ ၎င်းအနေဖြင့် စစ်ဆေးပြီးသည့် သက်သေကိုဖြစ်စေ၊ မစစ်ဆေးရသည့် သက်သေကိုဖြစ်စေ ခေါ်ယူစစ်ဆေးနိုင်သည်။ တရားခံအပေါ် စွဲချက်ဘင်လိုက တင်နိုင်သည်၊ မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ရမည်ဟု မိမိဘာသာဆုံးဖြတ်နိုင်သည်။ **အခိုးရ နှင့် မောင်ဘသုန်**၊ အတွဲ ၉၊ ရန်ကုန်၊ စာ ၂၃၉(၂၆၂)ကိုညွှန်းသည်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးတင်အောင်။

**ပြင်ဆင်ရန်လျှောက်ထား ခံရသူအတွက်။** ။တရားရုံးချုပ်ရှေ့နေဦးညွန့်မြိုင်။

**တရားသူကြီး ဦးသက်ဖေ။** ။မန္တလေးမြို့၊ (၁) ရာဘက် ရာဇဝတ်တရားသူကြီး ရုံးတွင် လျှောက်ထားသူတို့အပေါ် ဦးသိန်းမောင် ဆိုသူက ရာဇသတ်ပုဒ်မ ၄၄၇/၄၂၇/ ၅၀၆ အရ၊ အရေးယူရန် ဦးတိုက်လျှောက်ထားရာ ရာဘက်ရာဇဝတ် တရားသူကြီးသည် တရားလိုပြ သက်သေများကို စစ်ဆေးပြီးနောက်၊ လျှောက်ထားသူတို့အား တရားရှင် လွှတ်လိုက်သည်။ ထိုအမိန့်ကို ဦးသိန်းမောင်က မကျေနပ်၍ မန္တလေးမြို့၊ စက်ရှင်ရုံးသို့

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၁ (ခ)။

† ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၇ တွင်ချမှတ်သော ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့စွဲပါ မန္တလေးမြို့ (၁) ရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ပြင်ဆင်မှု။

၁၉၇၁

၁။ မောင်ချစ်
၂။မောင်ဟာရှင်
၃။မောင်ရီစွတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ပြင်ဆင်မှု တင်သွင်းသောအခါ၊ ရာဘက်စက်ရှင် တရားသူကြီးက မူလရုံး၏အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ လျှောက်ထားသူတို့အား ရာဇသတ်ပုဒ်မ ၅၀၆/၄၂၇ အရ စွဲချက် အသီးသီးတင်၍ ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို လျှောက် ထားသူတို့က မကျေနပ်၍ ပယ်ဖျက်ပေးရန် ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

လျှောက်ထားသူ မောင်ချစ်နှင့် မူလရုံး၌ တရားလို ဦးသိန်းမောင်တို့သည်၊ မန္တလေးမြို့၊ ချမ်းအေးသာဇံ ရပ်ကွက်တွင် နေထိုင်ကြသည့် အိမ်နီးချင်းများ ဖြစ်ကြ သည်။ ၎င်းတို့အိမ် နှစ်အိမ်အကြားတွင် အုတ်နံရံ အဟောင်းတခုရှိသည်၊ ၁၉၆၉ ခု၊ ဇွန်လ ၁ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဦးသိန်းမောင် အိမ်၌မရှိခိုက် မောင်ချစ် နှင့် အခြားလျှောက်ထားသူတို့ ဖြစ်ကြသည့် မောင်ဟာရှင်နှင့် မောင်ရီစွတ်တို့သည် ထိုအုတ်နံရံကို ဖျက်ကြသည်။ ဦးသိန်းမောင်၏ဇနီး ဒေါ်ခင်မေက ၎င်း၏ခင်ပွန်း မရှိ သေး၍ မဖျက်ရန် တားမြစ်သော်လည်း မရချေ။ ထိုကဲ့သို့ အုတ်နံရံကို လျှောက်ထား သူတို့က ဖျက်သည့်အတွက် အုတ်နံရံတွင် မှီ၍ဆောက်လုပ်ထားသော ဦးသိန်းမောင်၏ မီးဖိုနောက်ပိုင်း အမိုးလန်သွားသည့်ပြင်၊ မီးဖိုဘေးအကာများ ပြုတ်ကျကုန်သည်။ ထို့ကြောင့် ဦးသိန်းမောင်က လျှောက်ထားသူတို့အပေါ် အထက်တွင် ဖော်ပြသည့် အတိုင်း ရာဇသတ်ပုဒ်မ ၄၄၇/၄၂၇/၅၀၆ အရ၊ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

မူလရုံးမှ လျှောက်ထားသူတို့ ဖျက်သည်ဆိုသော အုတ်တံတိုင်းမှာ လျှောက်ထား သူ မောင်ချစ်ပိုင် မြေအတွင်းရှိခြင်း၊ ထို့ကြောင့် ၎င်း၏ပစ္စည်းဖြစ်၍ ထိုအုတ်နံရံကို ဖျက်ယူခြင်းသည် ရာဇသတ်ပုဒ်မ ၄၄၇ အရသော်၎င်း၊ ၄၂၇ အရသော်၎င်း ပြစ်မှု ကျူးလွန်ခြင်းမရှိကြောင်း၊ မောင်သိန်းမောင်၏ဇနီး ဒေါ်ခင်မေကို လျှောက်ထားသူ တို့က ခြိမ်းခြောက်သည်ဆိုသော အထောက်အထား မရှိသဖြင့် ပုဒ်မ ၅၀၆ အရ ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း ယူဆခဲ့သည်။ ရာဘက်စက်ရှင် တရားသူကြီးက အုတ်နံရံကို ဆောက်လုပ်ထားသူတို့က ဦးသိန်းမောင်အား ကြိုတင် အကြောင်း မကြားဘဲ ဖျက်လိုက်ခြင်း ဖြစ်သဖြင့်၊ ဦးသိန်းမောင်ပိုင် မီးဖိုနောက်ပိုင်း အမိုးလန် သွားသည့်ပြင်၊ မီးဖိုဘေးအကာများ ပြုတ်ကျကုန်ကြောင်း တရားလိုသက်သေ မောင် မောင်ကြီးနှင့် ဦးခင်မောင်တို့၏ ထွက်ချက်များ ရှိနေသောကြောင့်၊ လျှောက်ထားသူ တို့အပေါ် အရေးယူရန် အထောက်အထား လုံးဝမရှိဟု မဆိုနိုင်ကြောင်း ကောက်ယူ ခဲ့သည်။

ကျွန်ုပ်တို့သည် မူလရုံး အမှုတွဲတွင် ရရှိသည့် သက်သေခံချက်များကို သေချာစွာ သုံးသပ် ကြည့်ရှုပြီးဖြစ်သည်။ ရာဘက်စက်ရှင် တရားသူကြီး ဝေဖန်ထားသည့်အတိုင်း လျှောက်ထားသူတို့သည် အုတ်နံရံကို ဖျက်ဆီးမည်ဟု ကြိုတင်အကြောင်းကြားခြင်း မပြုသဖြင့်၊ အုတ်နံရံတွင်မှီ၍ ဆောက်ထားသော ဦးသိန်းမောင်၏ မီးဖိုအမိုးနှင့်

၁၉၇၁

၁။ မောင်ချစ်
၂။မောင်ယာရှု
၃။မောင်ရိစ္စတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အကာတို့မှာ ပျက်စီးရကြောင်း ပေါ်ပေါက်နေသောကြောင့် လျှောက်ထားသူတို့အပေါ် ဆက်လက်အရေးယူရန် အကြောင်း ရှိပါသည်ဟု ဆိုခြင်းမှာ မှန်ကန်ကြောင်း တွေ့ရသည်။ ထို့ကြောင့် လျှောက်ထားသူတို့အား ဆက်လက်စုံစမ်း စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည့် မန္တလေးမြို့၊ ရာဘက် စက်ရှင်တရားသူကြီး၏ စီရင်ချက်သည် မှားယွင်းသည်ဟု မဆိုသာချေ။ သို့ရာတွင် ရာဘက်စက်ရှင် တရားသူကြီးက လျှောက်ထားသူတို့အပေါ် ရာဇသတ်ပုဒ်မ ၄၂၇ နှင့် ၅၀၆ တို့အရ စွဲချက်အသီးသီး တင်သွင်းကာ ဆက်လက် စစ်ဆေးရမည်ဟု ဖေါ်ပြထားသော ညွှန်ကြားချက်မှာ ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၆ အရ တရားရှင်လွှတ်သည့် အမိန့်ကို ပယ်ဖျက်ပြီး၊ တရားခံအား ဆက်လက်စုံစမ်း စစ်ဆေးရန် ညွှန်ကြားသည့် အမိန့်၌ မည်သို့မည်ပုံ စစ်ဆေးရမည်၊ မည်သည့် ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားခြင်း မပြုနိုင်၊ ဆက်လက်စစ်ဆေးသည့် ရာဇဝတ် တရားသူကြီးသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ **စစ်ဆေး စီရင်ပိုင်ခွင့်ရှိသည်**။ ဥပမာ၊ **ၖင်းအနေဖြင့် စစ်ဆေးပြီးသည့် သက်သေကို ဖြစ်စေ၊ မစစ်ဆေးရသေးသည့် သက်သေကိုဖြစ်စေ ခေါ်ယူ စစ်ဆေးနိုင်သည်၊ တရားခံ** အပေါ် စွဲချက်တင်လိုက တင်နိုင်သည်။ မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ရမည်ဟု မိမိဘာသာ ဆုံးဖြတ်နိုင်သည်၊ ထိုကိစ္စနှင့် ပတ်သက်၍ **အစိုးရ** နှင့် **မောင်ဘသန်** (၁)တို့အမှုတွင် အောက်ပါအတိုင်း မှတ်ချက်ပြုထားသည်ကို ရည်ညွှန်းလိုသည်။

> " I am further of opinion that in an order for further inquiry passed under section 436 no directions or instructions can lawfully be given to the Magistrate as to the manner in which he should conduct the inquiry. The Magistrate must exercise the power that he possesses in that behalf according to law. It is the function of the Magistrate to determine whether or not process shall issue or a trial take place, and his discretion in the matter is not to be fettered by instructions or directions from any quarter. In holding the further inquiry the Magistrate will be at liberty to conduct the inquiry in his own way, provided he conforms to the provisions of the Code. For example, he can examine such persons (whether or not they were examined in the course of the previous enquiry), and take such further or other steps for the purpose of ascertaining whether or not process should issue or a charge should be

---

(၁) အတွဲ ၉ ရန်ကုန်၊ စာ ၂၃၉ (၂၆၂)။

၁၉၇၁

၁။ မောင်ချစ်
၂။ဇနီးမောင်ဟာရှင်
၃။မောင်ရှိရွတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

framed as are permitted by law, and as he deems to be advisable; or he may determine the matter upon a reconsideration of the same materials as were available when the earlier order of dismissal or discharge was passed in the light of the observations of the revising officer and at the conclusion of the enquiry, the Magistrate will decide according to law whether or not process will issue, or an order of committal be made, or a trial be held, as the case may be ".

လျှောက်ထားသူတို့အား ဆက်လက်စစ်ဆေးရန် မူလရုံးသို့ပင် ရာဘက်စက်ရှင် တရားသူကြီးက ညွှန်ကြားခဲ့သည်ကို တွေ့ရသည်၊ သာမန်အားဖြင့် တရားရှင်လွှတ်သော အမိန့်ကို ပယ်ဖျက်၍ တရားခံအပေါ် ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်သော အခါ မူလရုံးအား ပြန်၍ ပေးပို့ခြင်း မပြုသင့်ပေ။ သို့ရာတွင် ယခုအမှု၌ မူလရုံး တရားသူကြီးသည် မူလရုံး၌ ဝတ္တရားဆောင်ရွက်ခြင်း မရှိတော့ကြောင်းသိရ၍ ယင်းကိစ္စနှင့် ပတ်သက်၍ ပြင်ဆင်ရန် မလိုတော့ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ လျှောက်ထားသူတို့အား ဥပဒေအရ ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သော မန္တလေးမြို့၊ ရာဘက်စက်ရှင် တရားသူကြီး၏ ၁၉၇၀ ခု၊ ဇွန်လ ၁၇ ရက်နေ့စွဲပါ စီရင်ချက်ကို အတည်ပြုသည်။ သို့ရာတွင် လျှောက်ထားသူတို့အား ရာဇသတ်ပုဒ်မ ၄၂၇/၅၀၆ တို့အရ အသီးသီး စွဲချက်တင်ရန် ညွှန်ကြားချက်ကိုမူ ပယ်ဖျက်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ် အထွေထွေ လျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် နှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ ရှေ့တွင်

## မောင်ချစ်ထွန်း

နှင့်

## မအေးရင်ဖြူ *

† ၁၉၇၁
ဇန္နဝါရီလ
၁၄ ရက်။

**မယားစရိတ် ရလိုမှုလျှောက်ထားခြင်း—ယောကျ်ားဖြစ်သူလည်း ဇနီးအား ပြန်ခေါ်ယူ ပေါင်းသင်းခွင့် ရရှိထားခြင်း—မယားအား ပြန်ခေါ် ပေါင်းသင်းခွင့်နှင့် တသီးတခြားစီနေစဉ်ကာလအတွက် မယားအားထောက်ပံ့ရန် တာဝန်တို့သည် ဆန့်ကျင်ခြင်းရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။ယောကျ်ားဖြစ်သူက ဇနီးအား ပြန်ခေါ်ပေါင်းသင်းခွင့် တရားမရုံးတွင် တောင်းခံရရှိထား၏။ ထိုအမိန့်သည်တည်နေ၏။ ဇနီးဖြစ်သူကလည်း ယောကျ်ားနှင့်ခွဲ၍ တသီးတခြားနေရစဉ်အတွင်း မယားစရိတ်ကို ရာဇဝတ်ရုံးတွင် တောင်းခံရရှိထား၏။ ခွဲခွာနေသည့်ကာလအတွက် ရုံးကခွင့်ပြုခဲ့သော မယားစရိတ်ကိုပေးရန် လင်ယောကျ်ားတွင်တာဝန်ရှိ၏၊ မယားအားပြန်ခေါ် ပေါင်းသင်းခွင့်နှင့် တသီးတခြားနေကြစဉ်ကာလအတွက် မယားအားထောက်ပံ့ရန် တာဝန်တို့သည် ဆန့်ကျင်သည်မဆိုနိုင်။ တာဝန်နှင့် ရပိုင်ခွင့် ယှဉ်တွဲလျက်ရှိသည်။ *Maung Chit Tun* v. *Ma Pwa Sein*, 35 Cr. Law Journal 1934 (Rangoon) 813 ကိုရည်ညွှန်းသည်။

**လျှောက်ထားသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဒေါက်တာရွှေဘော်။

**လျှောက်ထားခံရသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်ခင်။

**တရားသူကြီး ဦးကျော်ဇံဦး။** ။လျှောက်ထားသူအပေါ် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့က၊ ကျောက်ဖြူမြို့ ၂ ရာဘက် တရားသူကြီးက၊ လျှောက်ထားခံရသူအား ရာဇဝတ်ကျင့်ထုံးဥပဒေ ၄၈၈ အရ၊ မယားစရိတ် တလလျှင်ငွေ ၅၀ ကျပ်၊ ပေးရန်အမိန့် ချမှတ်ခဲ့ရာ၊ ပဌမတွင် အမိန့်ကိုနာခံ၍ စရိတ်ပေးနေသော်လည်း၊ နောက်မပေးဘဲ ပျက်ကွက်နေစဉ်၊ ရန်ကုန်မြို့ တရားမရုံး၏ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁၆ ၌

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်လွှာအမှတ် ၁၆။

† ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၈(ခ)တွင် ချမှတ်သော၊ ၁၉၇၀ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၀ ရက်နေ့စွဲပါ နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး၏အမိန့်ကို အခွင့်ထူးအယူခံဝင်မှု။

၁၉၇၁

မောင်ဥာဏ်ထွန်း နှင့် မအေးရင်မြ

ပြန်လည်ပေါင်းသင်းရန် သို့မဟုတ် ကွာရှင်းရန်နှင့် ၎င်းအပေါ် ချမှတ်ထားသော မယားစရိတ်ပေးရန်အမိန့်ကို အတည်ပြုခြင်းမှ တားမြစ်ပေးရန် လျှောက်ထားခံရသူ အား တရားစွဲဆိုရာ၊ ဤရုံး၏ ၁၉၆၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၀၅ တွင် အောက် ရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်လိုက်ပြီး၊ ၁၉၆၄ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့စွဲဖြင့် ပြန် လည် ပေါင်းသင်းရန်သာ၊ စည်းကမ်းအတားမရှိဘဲ အမိန့်ချမှတ်ခဲ့လေသည်။ ဤစီရင် ချက်နှင့် ဒီကရီမှာ ယခုတိုင်တည်လျက်ပင်ရှိနေသည်။ လျှောက်ထားခံရသူအပေါ် ဇာရီ ပြုလုပ်ခဲ့သော်လည်း၊အကြောင်းအမျိုးမျိုးပြပြီး ရုံး၏အမိန့်ကိုမနာခံဘဲ ပြန်လည်ပေါင်း သင်းခြင်းမပြုသေးပေ။

ထို့ပြင် ၁၉၆၈ ခု၊ မတ်လ ၁၁ ရက်နေ့တွင်၊ မယားစရိတ် သုံးနှစ်ခန့် ပျက်ကွက်နေ သောကြောင့်၊ ၁၉၆၇ ခုနှစ်၊ မတ်လမှ ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ တနှစ်အတွက် ငွေ ၆၀၀ ကျပ်ကို ရလိုကြောင်း လျှောက်ထားခံရသူက လျှောက်ထားပြန်ရာ၊ ကျောက် ဖြူမြို့ ၂ ရာဘက် ရာဇဝတ်တရားသူကြီးက ၁၉၆၈ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့က **လျှောက်ထားသည့်အတိုင်း ငွေ ၆၀၀ ကျပ်ကိုပေးရန် အမိန့်ချမှတ်ခဲ့ရာ၊ အယူခံရုံး၊ (ရာဘက်စက်ရှင်ရုံး) က၊ လျှောက်ထားသူ၏ တရားမ မှုတွင်** ပြန်လည်ပေါင်းသင်းရန် အမိန့်ချမှတ်ပြီး၊ နောက်ပိုင်းတွင် မယားစရိတ်မှာ ပျက်ပြယ်သွားပြီဟု ဆုံးဖြတ်ကာ၊ အောက်ရုံးအမိန့်ကို ၁၉၆၉ ခုမေလ ၁၇ ရက်နေ့က ပယ်ဖျက်လိုက်သဖြင့်၊လျှောက်ထား ခံရသူကတဖန် ပြင်ဆင်ရန်လျှောက်ထားရာ၊ ခုံရုံးက *Maung Dun* v. *Ma Sein* (1) ပေါင်းသင်းရန် စီရင်ချက်ဒီကရီကြောင့်၊ ရာဇဝတ်ရုံးက မယားစရိတ်ပေးရန်အမိန့်သည် အလိုအလျောက် ပျက်ပြယ်ခြင်းမရှိဟုဆိုကာ၊ ၂ ရာဘက်ရာဇဝတ်တရားသူကြီး၏ ၁၉၆၈ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့စွဲပါ အမိန့်ကိုအတည်ပြု၍၊ ၁၉၆၉ ခု၊ မေလ ၁၀ ရက်နေ့ စွဲပါ အယူခံရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သဖြင့်၊ ယခုတဖန် လျှောက်ထားသူက **အယူခံဝင်ရန် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူး** တောင်းပြန်၍၊ လက်ခံရေးအတွက် ကျွန်ုပ်တို့သည် နှစ်ဦးနှစ်ဘက် လျှောက်လဲချက် များကိုကြားနာခဲ့ကြသည်။

ခုံရုံးက *Maung Po Kwe* v. *Ma Pwa Shein* (2) အမှု စီရင်ထုံး ကိုလည်း အကိုးအကားပြု၍၊ ပြန်လည်ပေါင်းသင်းလိုမှု စွဲဆိုရာတွင် မယားစရိတ်ကို မပေးလိုသည့်အတွက်ကြောင့်သာ တရားမ မှုစွဲဆိုသည်ဟု ပေါ်ပေါက်လာလျှင်၊ မယား စရိတ်ကို ပေးရန်အမိန့် ချမှတ်နိုင်သည်ဟုဆိုထားပြီး၊ လျှောက်ထားသူသည် အမှု၏ အကြောင်းအရာများအရ၊ မယားစရိတ်ကိုပေးဆောင်ခြင်း မပြုရအောင် တရားမ မှု စွဲဆိုခြင်း မဟုတ်ဟုဆိုကာ၊ မူလရုံးနှင့် သဘောတူညီပြီး ဆုံးဖြတ်သည်။

(1) I.L.R. 3 Ran, 160. (2) 1939 R.L.R. 741.

တရားမ ရုံးက စည်းကမ်းအတားမရှိဘဲ ပြန်လည်ပေါင်းသင်းရန် စီရင်ချက်ဒီကရီ ချမှတ်ခဲ့သော်လည်း၊ လျှောက်ထားခံရသူက—

(၁) ကျန်ရှိသော မယားစရိတ်များကို ပေးရမည်၊

(၂) သူမကို လျှောက်ထားသူ၏ မိဘဆွေမျိုးတို့နှင့်မထားဘဲ၊ သီးသီးခြားခြား အိမ်တလုံး၌ထားရမည်၊

(၃) လျှောက်ထားသူသည် ကျောက်ဖြူမြို့ရှိ သူမ၏ မိဘများထံမှ ကိုယ်တိုင် အခွင့်ယူပြီးမှ၊ သူမကို ရန်ကုန်ရှိ သူ၏နေရပ်သို့ခေါ်ယူရန်

စသည့် စည်းကမ်းချက်တို့ကို ရုံးမှပြန်လည်ပေါင်းသင်းရန် ပေးထားသောအချိန်ကာလ လွန်ပြီးမှ တောင်းဆိုသဖြင့်၊ သူမ၏တောင်းဆိုချက်များကို ရုံးကလက်မခံဘဲ ပယ်ခဲ့ကြောင်း တွေ့ရှိရသည်။ တရားမ ရုံး၏ စီရင်ချက်ဒီကရီမှာလည်း ယခုတိုင်အတည်ရှိနေသဖြင့်၊ သူမ၏ လင်ယောကျ်ားဖြစ်သူ လျှောက်ထားသူနှင့် ပြန်လည်ပေါင်းသင်းရမည်သာဖြစ်သည်။

လျှောက်ထားသူသည် ယခုတိုင် တည်လျက်ရှိသည့် ရာဇဝတ်ရုံးမှ ချမှတ်ထားသော တရားဥပဒေအရ တောင်းဆို ရသင့်ရထိုက်သော မယားစရိတ်များကိုလည်း ပေးရန် တာဝန်ရှိသည့်အလျောက် ပေးရမည်သာဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၉(၂) တွင်—

"(2) Where it appears to the Magistrate that, in consequence of any decision of a competent civil Court, any order made under section 488 should be cancelled or varied, he shall cancel the order or, as the case my be, vary the same accordingly."

ဟုအဆိုရှိသည့်အလျောက်၊ ကျောက်ဖြူမြို့ ၂ ရာဘက်ရာဇဝတ်တရားသူကြီးက တရားရုံး၏ စီရင်ချက်ဒီကရီကို စဉ်းစားဝေဖန်ကြည့်ပြီး၊ မယားစရိတ်ကျန်ငွေ ၆၀၀ ကျပ်ကို ပေးရန်အမိန့်ချမှတ်ခဲ့သည်ကို၊ အယူခံရုံး (ရာဘက်စက်ရှင်ရုံး)က မယားစရိတ်မှာ ပျက်ပြယ်သွားပြီဟု ဆုံးဖြတ်ချက်မှာ၊ **မောင်ဒွန်း နှင့် မစိန် (၁) နှင့် မောင်ဘိုးခွေး နှင့် မဖွါးစိန် (၂)** စီရင်ထုံးများအရ လိုက်နာဆုံးဖြတ်ခြင်းမဟုတ်ပေ။ ဤကိစ္စမှာ မည်သို့မည်ပုံ ပြုလုပ်ဆောင်ရွက်ရမည်ကို၊ *Maung Chit Tun* v. *Ma Pwa Sein* (3) စီရင်ထုံးတွင် သေချာစွာရေးသား ညွှန်ပြထားခြင်းကို၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့က လိုက်နာရန်သာရှိပေသည်။

အခြေအနေကို အကျဉ်းအားဖြင့် ပြန်လည်ဖေါ်ပြရသော်၊ ယောကျ်ားဖြစ်သူက ဇနီးအား ပြန်ခေါ် ပေါင်းသင်းခွင့် တရားမ ရုံးတွင် တောင်းခံရရှိထား၏။ ထိုအမိန့်သည်

(3) 35 Cr. Law Journal 1934 (Rangoon) 813.

ဆရာ
မောင်ဥက္ကာထွန်း
နှင့်
မအေးရင်ဖြူ

တည်နေ၏။ ဇနီးဖြစ်သူကလည်း ယောကျ်ားနှင့်ခွဲ၍ တသီးတခြား နေရစဉ်အဘင်း မယားစရိတ်ကို ရာဇဝတ်ရုံးတွင် တောင်းခံရရှိထား၏။ ခွဲခွါနေသည့်ကာလအတွက် ရုံးကခွင့်ပြုခဲ့သော မယားစရိတ်ကိုပေးရန် လင်ယောကျ်ားတွင် တာဝန်ရှိ၏။ မယားအား ပြန်ခေါ်ပေါင်းသင်းခွင့်နှင့် တသီးတခြား နေကြရစဉ်ကာလအတွက် မယားအာ ထောက်ပံ့ရန်တာဝန်တို့သည် ဆန့်ကျင်သည်မဆိုနိုင်။ တာဝန်နှင့်ရပိုင်ခွင့် ယှဉ်တွဲလျက် ရှိသည်။

အဖြစ်အပျက်ဘို့နှင့်ပတ်သက်၍ အထက်ရုံးများက ပြန်လည်သုံးသပ် ဆုံးဖြတ်ပြီး ဖြစ်သည်။ မပြေမလည်ဖြစ်နေကြသေးသည်မှာ ဥပဒေပြဿနာမဟုတ်၊ အချင်းချင်း အပေါ် ထားရှိကြသည့်သဘောနှင့် စေတနာဖြစ်သည်။ အထူးအယူခံတွင် ငြင်းခုံကြသည်ထက်၊ အချင်းချင်းသဘော၊ စေတနာ၊ မျှတဖို့က အဓိကဖြစ်သည်။

ထို့ကြောင့် အထူးအယူခံဝင်ခွင့်ပြုရန် အကြောင်းမမြင်၊ လျှောက်လွှာကို စရိတ်မဲ့ ပယ်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အယူခံမှု

တရားသူကြီးဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

## မောင်ဘိုက်ကြီး (ခေါ်) သန်းစိန်

နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၁ ဇန္နဝါရီလ ၂၃ ရက်။

**ကာကွယ်ခုခံပိုင်ခွင့်—ရာဇသတ်ကြီးပုဒ်မ ၂၉၉(၂)အရ မည်သည့်အခါ လူသတ်မှုမြောက်ခြင်း။**

**ဤအမှုတွင်** အယူခံတရားလိုနှင့် ဦးမောင်ကျော့တို့သည် **စကားများ**ရန်ဖြစ်ကြပြီး ထွေးလုံးသတ်ပုတ်နေကြစဉ်၊ မအုန်းရွှေက တံမြက်စီးနှင့် အယူခံတရားလိုအား ဝင်ရိုက်သောကြောင့် အယူခံတရားလိုသည် မအုန်းရွှေကို စပါးချင်သော ဆန်တုတ်နှင့် ပြန်၍ရိုက်ရာ၊ မအုန်းရွှေ၏ဦးခေါင်းတွင် ဒဏ်ရာရပြီး၊ ၎င်းဒဏ်ရာဖြင့် သေဆုံးသွားသည်။

**ဆုံးဖြတ်ချက်။** ။နှစ်ဦးနှစ်ဖက် ခိုက်ရန်ဖြစ်ပွါးနေသောအချိန်တွင်၊ ထိုသို့ခိုက်ရန်ဖြစ်ပွါးကြသူများသည် ကာကွယ်ခုခံပိုင်ခွင့်ကို မည်သို့မျှအကာအကွယ်မယူနိုင်ပေ။ သို့ဖြစ်ရာ ကာကွယ်ခုခံပိုင်ခွင့်အရ၊ ဆန်တုတ်ဖြင့် မအုန်းရွှေအား ပြန်လည်ရိုက်ခဲ့ခြင်းဖြစ်၍ ပြစ်မှုမမြောက်ပါဆိုသော အယူခံတရားလို၏ ထုချေချက်ကို လက်ခံခြင်းမပြုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ရာဇသတ်ကြီးပုဒ်မ ၂၉၉ (၂)အရ၊ သေစေရန်အကြံနှင့်ဖြစ်စေ၊ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သောကိုယ်အင်္ဂါ နာကျင်မှုကိုဖြစ်စေရန် အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုတခုခုကိုပြု၍ လူကိုသေစေလျှင် လူသတ်မှုမြောက်သည်။ တရားခံတဦးသည် လူတဦးအား မုချသေစေမည့် နာကျင်မှုကိုပြုလုပ်ပါက ၎င်းအနေဖြင့် သေစေရန်အကြံဖြင့် ပြုသည်ဟု ယူဆနိုင်မည်ဖြစ်သည်။ တရားခံပြု၍ရသော နာကျင်မှုသည် ဖြစ်တတ်သောသဘောအရ၊ အမှန်အားဖြင့် သေစေလောက်သည့်အပြင်၊ ထိုဒဏ်ရာကြောင့်ပင် အပြုခံရသူ သေဆုံးခဲ့ရခြင်းဖြစ်ပါမူ၊ **ဖြစ်တတ်သောသဘောအရ၊ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကိုဖြစ်စေရန် အကြံဖြင့် ပြုသည်ဟုဆိုရမည်ဖြစ်သည်။ ရာဇသတ်ကြီးပုဒ်မ ၃၀၂ နှင့် ၃၀၄ တို့ကို ၁၉၄၇ ခုနှစ်တွင်** ပြင်ဆင်ခဲ့ရာ ထိုပြင်ဆင်ချက်အရဆိုပါက၊ သေသူ၌ရရှိသော့ဒဏ်ရာသည် ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သည့် နာကျင်မှုဖြစ်ပြီး၊ ထိုဒဏ်ရာကြောင့်ပင် သေဆုံးရပါမူ လူသတ်မှုမြောက်သည်ဟု ယူဆရမည်ဖြစ်သည်။ **ဒူးဝါး နှင့် ပြည်ထောင်စု**၊ ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၉၁ (တရားလွှတ်တော်)ကို ရည်ညွှန်းသည်။

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၈။

† ၁၉၇၀ ခုနှစ်၊ အထူးတရားသူကြီးမှုအမှတ် ၅ တွင်ချမှတ်သော၊ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့စွဲပါ ပုသိမ်မြို့၊ အထူး (စက်ရှင်) တရားသူကြီး၏ အမိန့်ကိုအယူခံမှု။

၁၉၇၁

မောင်ဘိုက်ကြီး (ခ) သန်းစိန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ မဒ္ဒတာ့အင်န်၊ စီ၊ ဆင။

**အယူခံတရားခံအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးလှသောင်း။

**တရားသူကြီး ဦးသက်ပေ။** ။အယူခံတရားလို ဘိုက်ကြီး (ခေါ်) သန်းစိန်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ပုသိမ်မြို့ အထူးတရားသူကြီး၏ စီရင်ချက်ကိုမကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

လွန်ခဲ့သည့် ၁၉၇၁ ခု၊ ဇန္နဝါရီလ ၁၂ ရက်နေ့နံနက် ၈ နာရီခန့်အချိန်တွင် ပုသိမ်ခရိုင်၊ သိုင်းချောင်းမြို့နယ်၊ ကွင်းပေါက်ရွာနေ ဦးမောင်ကျော် (လိုပြ ၁) သည် ၎င်း၏ တလင်းထဲ၌ရှိနေသည်။ ဦးမောင်ကျော်က မစန်းရီ (လိုပြ ၃) အား စပါးသုံးတင်းကို ချင်ပေးနေသည်။ စပါးချင်သူမှာ ကိုအငယ် (လိုပြ ၂) ဖြစ်သည်။ ထိုအချိန်တွင် အယူခံတရားလိုသည် ဦးမောင်ကျော်ထံ၌ ရရန်ရှိသော စပါးကြွေးများကို လာတောင်းရာ ဦးမောင်ကျော်က လုပ်သားများကိုပေးပြီးမှ စပါးကြွေးများကို ပေးမည်ဟုပြောရာ အယူခံတရားလိုက ချက်ခြင်းချင်ပေးရန် ပြန်ပြောသောကြောင့် ၎င်းတို့နှစ်ဦး စကားများ ရန်ဖြစ်ကြသည်။ ထိုကဲ့သို့ စကားများရန်ဖြစ်ရာမှ အယူခံတရားလိုသည် အနီးရှိ တင်းတောင်းမှ ဆန်တုတ်ကိုယူ၍ ရိုက်ရန်လုပ်သဖြင့် ဦးမောင်ကျော်က ဆန်တုတ်ကိုပြန်လု၍ ဦးမောင်ကျော်မှာ လဲကျသွားသည်။ ထိုစဉ်က ဦးမောင်ကျော်၏ဇနီး မအုန်းရွှေသည် အနီး၌ တံမြက်စီးလှဲနေရာ ဦးမောင်ကျော်နှင့် အယူခံတရားလိုတို့ကို ထွေးလုံးသတ်ပုတ်ကြ၍ မအုန်းရွှေသည် တံမြက်စီးနှင့် အယူခံတရားလိုအား ဝင်ရိုက်တော့ကြောင်း။ အယူခံတရားလိုသည် မအုန်းရွှေကို ဆန်တုတ်နှင့်တချက် ပြန်ရိုက်လိုက်သည်။ မအုန်းရွှေ၏ဦးခေါင်းတွင် ဒဏ်ရာရရှိသွားပြီး နှာခေါင်းမှသွေးများလည်း ယိုစီးကျလာသည်။ အယူခံတရားလိုကို ၎င်း၏ဇနီးက ဆွဲခေါ်သွားရသည်။

ဒဏ်ရာရသူ မအုန်းရွှေအား သိုင်းချောင်းမြို့၊ ပြည်သူ့ဆေးရုံသို့ပို့လိုက်၍ ဆရာဝန် ဦးချစ်ကြည် (လိုပြ ၇) က စစ်ဆေးကြည့်ရှုရာ ဦးခေါင်းခွံန်၌ စုတ်ပြတ်သော ဒဏ်ရာ တချက် တွေ့ရသည့်အပြင် ဦးစွန်းရိုး ကျိုးနေသည်ကိုလည်း တွေ့မြင်ရသည်။ ထို့ပြင် လက်ဝဲဘက်ပုခုံး၌ ပွန်းပဲ့သောဒဏ်ရာများကိုလည်း တွေ့မြင်ရသောကြောင့် အတွင်း လူနာအဖြစ် လက်ခံကုသထားစဉ်၊ လူနာမှာ လက်ဝဲဘက်တခြမ်း သေသွားသောကြောင့် ဦးနှောက်သွေး ရောက်နေခြင်းဖြစ်သည်ဟု ခန့်မှန်းရသည့်အလျောက်၊ ပုသိမ်မြို့၊ တိုင်းဆေးရုံသို့ပေးပို့ရန်ကြိုးစားသော်လည်း အထမမြောက်ပဲ နောက်နေ့နံနက် ၄ နာရီခန့် အချိန်တွင် မအုန်းရွှေမှာ သေဆုံးသွားသည်။ အလောင်းကို ခွဲစိပ်ကြည့်ရှုသောအခါ၊ ဦးခေါင်းခွံန် ဝဲတည့်တည့်ရှိ သွေးကျောပေါက်နေ၍ ဦးစွန်းရိုးသည်းကျိုးနေကြောင်း။

ဦးနှောင့်အမှေးပါးပေါ်ရှိ သွေးများခဲ၍ သေဆုံးရသည်ဖြစ်ကြောင်း။ ဦးခေါင်းတွင် ရရှိသောဒဏ်ရာတို့သည် သဘာဝအလျောက် သေစေနိုင်သည့် ဒဏ်ရာများဖြစ်ကြောင်း ဆရာဝန်က ထင်မြင်ချက်ပေးသွားသည်။

၁၉၇၁ မောင်ဘိုက်ကြီး (ခ) သန်းစိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတရားလိုက မိမိသည် ဦးမောင်ကျေနှင့်ရန်ဖြစ်၍ ထွေးလုံးသတ်ပုတ်နေစဉ် မအုန်းရွှေက တံမြက်စီးနှင့်ရိုက်၍ ဆန်တုတ်ဖြင့် ပြန်လည်ခုခံ ကာကွယ်ခြင်းသာဖြစ်၍ ပြစ်မှုမမြောက်ပါ။ ဆန်တုဘ်နှင့် ပြန်၍ရိုက်ရာ၌ သေစေရန်အကြံဖြင့် ပြုသည်ဟု မဆိုနိုင်၍ လူသတ်မှုသော်လည်းကောင်း၊ လူသေမှုသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းမရှိပါ။ အများဆုံး ဆန်တုဘ်ဖြင့်ရိုက်သည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၂၅ အရသာ ပြစ်မှုထင်ရှားစီရင်သင့်ပါသည်ဟု တင်ပြသော်လည်း မူလရုံးမှ ၎င်း၏တင်ပြချက်များကို လက်မခံဘဲ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပြစ်ဒဏ်ထင်ရှားစီရင်ခဲ့ခြင်း ဖြစ်ပေသည်။

ဤအယူခံတွင်လည်း အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေက မူလရုံးတွင်တင်ပြခဲ့သည့်အချက်များကိုပါ ထပ်မံတင်ပြသွားသည်။ စပါးကြွေး ပြန်ပေးရန်ပြောသည့်ကိစ္စနှင့်ပတ်သက်၍ အယူခံတရားလိုနှင့် ဦးမောင်ကျေတို့သည် စကားများရန်ဖြစ်ကြပြီး ထွေးလုံးသတ်ပုဘ်နေကြစဉ် မအုန်းရွှေက တံမြက်စီးနှင့် အယူခံတရားလိုအား ဝင်ရိုက်သောကြောင့် အယူခံတရားလိုသည် မအုန်းရွှေကို စပါးချင်ရာတွင် အသုံးပြုသော ဆန်တုတ်နှင့် ပြန်၍ရိုက်သည်ဆိုခြင်းမှာ မျက်မြင်သက်သေထွက်ချက်များအရသော်လည်းကောင်း၊ အယူခံတရားလို၏ သက်သေအဖြစ် ထွက်ဆိုခဲ့သည့် ထွက်ချက်အရသော်လည်းကောင်း အငြင်းမပွါးသောကြောင့် မူလရုံးမှ ယူဆထားသည့်အတိုင်း နှစ်ဦးနှစ်ဖက် ခိုက်ရန်ဖြစ်ပွါးနေသောအချိန်တွင် ထိုသို့ခိုက်ရန်ဖြစ်ပွါးကြသူများသည် ကာကွယ်ခုခံပိုင်ခွင့်ကို မည်သူမျှ အကာအကွယ်မယူနိုင်ပေ။ သို့ဖြစ်ရာ ကာကွယ်ခုခံပိုင်ခွင့်အရ ဆန်တုဘ်ဖြင့် မအုန်းရွှေအား ပြန်လည်ရိုက်ခဲ့ခြင်းဖြစ်၍ ပြစ်မှုမမြောက်ပါ ဆိုသော အယူခံတရားလို၏ ထုချေချက်ကိုလက်ခံခြင်း မပြုနိုင်ပေ။

ဒုတိယအချက်အနေဖြင့် မစ္ဆတာဆင်းက တံမြက်စီးနှင့်ဝင်ရိုက်သည့် မအုန်းရွှေကို **စပါးချင်သော ဆန်တုဘ်နှင့်ပြန်၍ ရိုက်ခဲ့သော အယူခံတရားလို၏ ပြုလုပ်မှုသည် အဆိုပါ** မအုန်းရွှေအား သေစေရန်အကြံဖြင့်သော်လည်းကောင်း ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကိုဖြစ်စေရန်အကြံနှင့်သော်လည်း ပြုခဲ့သည်ဟုမဆိုနိုင်၍ ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ အယူခံတရားလိုအပေါ် ပြစ်ဒဏ် ထင်ရှားစီရင်ထားခြင်းသည် မှားယွင်းနေပါသည်။ ရာဇသတ်ကြီးပုဒ်မ ၃၂၅ အရသာလျှင် စီရင်သင့်ပါသည်ဟု တင်ပြကာ **ပြည်ထောင်စု နှင့် မောင်ညွန့် (၁)**

(၁) ၁၉၄၀ ခု၊ မြန်မာ့ပြည်စီရင်ထုံး၊ ၇၀၀။

၁၉၇၁ မှောင်ခိုကုန်ကြီး (မ)သန်းဇိုး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တို့အမှုကို ရည်ညွှန်းသွားသည်။ ရာဇသတ်ကြီးပုဒ်မ ၂၉၉(၂)အရ သေစေရန်အကြံနှင့် ဖြစ်စေ၊ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါ နာကျင်မှု ဖြစ်စေရန် အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုတခုခုကိုပြု၍ လူကို သေစေလျှင် လူသတ်မှုမြောက်သည်။ တရားခံတဦးသည် လူတဦးအား မချသေစေမည့် နာကျင်မှုကို ပြုလုပ်ပါက ၎င်းအနေဖြင့် သေစေရန်အကြံဖြင့် ပြုသည်ဟုယူဆနိုင်မည်ဖြစ်သည်။ တရားခံပြု၍ရသောနာကျင်မှုသည် ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သည့်အပြင် ထိုဒဏ်ရာကြောင့်ပင် အပြုခံရသူ သေဆုံးခဲ့ရခြင်းဖြစ်ပါမူ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါ နာကျင်မှုကိုဖြစ်စေရန်အကြံဖြင့် ပြုသည်ဟုဆိုရမည်ဖြစ်သည်။ ရာဇသတ်ကြီးပုဒ်မ ၃၀၂ နှင့် ၃၀၄ တို့ကို ၁၉၄၇ ခုနှစ်တွင် ပြင်ဆင်ခဲ့ရာ ထိုပြင်ဆင်ချက်အရဆိုပါက သေသူ၌ရရှိသော ဒဏ်ရာသည် ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သည့် နာကျင်မှု ဖြစ်ပြီး ထိုဒဏ်ရာကြောင့်ပင် သေဆုံးရပါမူ လူသတ်မှုမြောက်သည်ဟု ယူဆရမည် ဖြစ်သည်။ ထိုအတိုင်းပင် **ဖိုးဝါး နှင့် ပြည်ထောင်စု**(၂) တို့အမှု၌ ယူဆထားသည်ကို ကျွန်ုပ်တို့ သဘောတူလက်ခံသည်။ မဏ္ဍာဆင်းတင်ပြသည့် **ပြည်ထောင်စု နှင့် မောင်ညွှန့်**(၁) တို့အမှုတွင် တရားသူကြီး ဦးစံမောင်က စာမျက်နှာ ၇၉၄ ၌ သေသူတွင် ရရှိသောဒဏ်ရာသည် ဖြစ်တတ်သော သဘောအလျောက် အမှန်အားဖြင့် သေစေလောက်သည့် ကိုယ်အင်္ဂါ နာကျင်မှုဖြစ်လျှင် တရားခံ၏ပြုလုပ်မှုသည် လူသတ်မှု ဖြစ်ကြောင်း ဝေဖန်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

အထက်ပါအကြောင်းများကြောင့် အယူခံတရားလိုက မအုန်းရွှေအား ဆန်တုတ်ဖြင့်ရိုက်ခဲ့သည့် ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၃၂၅ ၌သာ အကျုံးဝင်ပါသည်။ ပုဒ်မ ၃၀၄ ဖြင့်အကျုံးမဝင်ပါဆိုသော မဏ္ဍာဆင်း၏ တင်ပြချက်ကို ကျွန်ုပ်တို့လက်မခံနိုင်ပေ။

အယူခံတရားလိုအပေါ် မအုန်းရွှေသေဆုံးရသည့် ကိစ္စနှင့်ပတ်သက်၍ မူလရုံးမှ ချမှတ်ထားသော အပြစ်ဒဏ်မှာလည်း လိုသည်ထက် ပို၍ကြီးလေးသည်ဟု မယူဆနိုင်သည့်အလျောက် ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းကို အတည်ပြုလိုက်ပြီး ဤအယူခံကိုပယ်လိုက်သည်။

* (၂) ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၉၁ (တရားလွှတ်တော်)။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အထွေထွေ လျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

## ဒေါ်အေးတင်

† ၁၉၇၁

မတ်လ ၃၁ရက်။

နှင့်

## မိတ္ထီလာခရိုင်ဒေသပြည်သူ့ တရားရုံး အယူခံအဖွဲ့ပါ ၂ *

**ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေ—ယင်းဥပဒေကိုကျော်၍ အယူခံဝင်ခြင်း၊ စာချုပ်လျှောက်ထားခြင်း၊ ပြင်ဆင်မှုလျှောက်ထားခြင်း စသည်တို့ပြုနိုင်-မပြုနိုင်—ရင်းဥပဒေအရ၊ ဖွဲ့စည်းသောဒေသ ပြည်သူ့တရားရုံးနှင့် အယူခံရုံးများသည်၊ တရားရုံးချုပ်၏ ကြီးကြပ်ကွပ် ကဲခြင်း၏ အပြင်အပတွင် ကျရောက်ခြင်းရှိ-မရှိ—တရားရုံးချုပ်၏စီရင်ပိုင်ခွင့်အာဏာ။**

**ဆုံးဖြတ်ချက်။** ။၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေသည် ပြစ်မှုများကိုသာ ပြဋ္ဌာန်းသည်မက၊ ယင်းပြစ်မှုများကို စစ်ဆေးရန် ပြည်သူ့တရားရုံးများကို အစိုးရက မည်သို့မည်ပုံ ဖွဲ့စည်းပေးရမည်ဟု သတ်မှတ်ထားပြီးဖြစ်သည်။ ပြစ်မှုနှင့် ရုံး တပါတည်း တပ်ဆင်ထားသော ဥပဒေဖြစ်သည်။ ထိုဥပဒေကိုကျော်၍ အယူခံဝင်ခြင်း၊ စာချုန်လျှောက်ထားခြင်း၊ ပြင်ဆင်မှုလျှောက်ထားခြင်း စသည်ကိုမပြုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။၁၉၆၄ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၁၉၆၂ ခုနှစ်၊ **အထူးရာဇဝတ်ရုံး ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ စသည့်အထူးဥပဒေသာခကတို့ကိုထောက်ရှုလျှင် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေအရ ဖွဲ့စည်းသော ဒေသ ပြည်သူ့တရားရုံးနှင့် အယူခံရုံးများသည်၊ တရားရုံးချုပ်၏ကြီးကြပ်ကွပ်ကဲခြင်း၏ အပြင်အပတွင် ကျရောက်သော ပြည်သူ့တရားရုံးများဖြစ်ကြသည်မှာထင်ရှားသည်။**

**ထပ်မံဆုံးဖြတ်ချက်။** ။ဤရုံး၏စီရင်ပိုင်ခွင့်အာဏာကို တရားဥပဒေက ပြဋ္ဌာန်းသတ်မှတ်သည်။ ဤရုံးသို့ ဥပဒေဖြင့် အထင်အရှားအပ်နှင်းသော အာဏာကိုသာ ဤရုံးက ကိုင်တွယ်သုံးစွဲနိုင်သည်။

---

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ် အထွေထွေလျှောက်လွှာအမှတ် ၁၈။

† မိတ္ထီလာခရိုင်ဒေသ ပြည်သူ့တရားရုံးအယူခံအဖွဲ့၊ အယူခံမှုအမှတ် ၁/၆၉ နှင့် မိတ္ထီလာမြို့နယ်ဒေသ ပြည်သူ့တရားရုံး အမှုအခင်းအမှတ် ၁/၆၉ တွင်ချမှတ်သော အမိန့်တို့ကို မကျေနပ်၍ အမှုခေါ်စာချုန်မိန့် ထုတ်ဆင့်ပေးရန်လျှောက်ထားသောလျှောက်လွှာ။

၁၉၇၁

ဒေါ်အေးတင်နှင့် မိတ္ထီလာခရိုင်ဒေသပြည်သူ့တရားရုံး အယူခံအဖွဲ့ ပါ ၂။

ပေးအပ်သောစီရင်ပိုင်ခွင့်နှင့် တာဝန်တို့ကို ကျေပွန်ပိုင်နိုင်စွာ ထမ်းဆောင်ရန် အရေးကြီးသည်၊ အလားတူပင် ဥပဒေဖြင့် အတိအလင်း အပ်နှင်းခြင်းမရှိသော စီရင်ပိုင်ခွင့်တာဝန်တို့ကို ချဲ့တွင်ကောက်ယူခြင်း မပြုမိရန် အရေးကြီးသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်၊ ရှေ့နေကြီး ဦးသန်းမောင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ အရ၊ ဒေသပြည်သူ့ တရားရုံးက စစ်ဆေးစီရင်ခဲ့သော အမှုကို လျှောက်ထားသူက ဒေသပြည်သူ့တရားရုံး အယူခံအဖွဲ့သို့ အယူခံ တက်ရောက်ခဲ့သည်၊ တားမြစ်ကုန် သယ်ယူလာသော လော်လီကားကို ရှာဖွေအရေးယူခဲ့ရာမှ ဖြစ်ပွါးသော အမှုဖြစ်သည်။ ဒေသပြည်သူ့ တရားရုံးက တားမြစ်ကုန်ဖြစ်သော ကော့စတစ်ဆိုဒါ ပုံးများကိုသိမ်းဆည်းသည်။ သယ်ယူလာသူ ကားမောင်းသူနှင့် စပယ်ယာတို့အား ထောင်ဒဏ်၊ ငွေဒဏ်စသည်တို့ကို ချမှတ်သည်။ ထို့ပြင် လော်လီကားကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်။

လျှောက်ထားသူက လော်လီကားသည် မိမိတို့ပိုင် ဖြစ်ပါသည်၊ မိမိတို့သည် ကားကို ငှါးရမ်းခဲ့ခြင်းသာ ဖြစ်ပါသည်၊ တားမြစ်ကုန် သယ်ယူခြင်းကိုမသိ၊ အားမပေးပါဟု အယူခံချုံးတွင် တင်ပြခဲ့ကြသည်။ ဒေသပြည်သူ့တရားရုံးတွင်မိမိတို့အား ခေါ်ယူစစ်ဆေးမေးမြန်ခြင်းမရှိခဲ့ပါဟူ၍လည်းတင်ပြသည်။

အယူခံတွင် မအောင်မြင်သဖြင့်၊ လျှောက်ထားသူက ဤရုံးသို့ လာရောက်၍ ဒေသပြည်သူ့ တရားရုံးနှင့် အယူခံအဖွဲ့တို့၏ အမိန့်တို့ကို မိမိတို့နှင့် ပတ်သက်သမျှ ပယ်ဖျက်ကာ လော်လီကားကို မိမိတို့အား ပြန်ပေးစေ အမိန့်ချမှတ်ပေးပါရန်လျှောက်ထားသည်။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးသန်းမောင်က ဒေသပြည်သူ့ တရားရုံးသည် သက်ဆိုင်သူ ကားပိုင်ရှင်အား ခေါ်ယူ မေးမြန်းခြင်းမပြု၊ ထုချေခွင့် မပေးခဲ့သောကြောင့် လျှောက်ထားသူ၏ကားကို သိမ်းဆည်းရန် ချမှတ်သော အမိန့်သည် မျှတမှုကင်းမဲ့ကာ အဓ‌ဇ္ဈာလွန်နေသည်ဟု ဆိုရပါမည်၊ အဓ‌ဇ္ဈာလွန်သော အမိန့်ဖြစ်သောကြောင့်၊ ယင်းအမိန့်ကို ပယ်ဖျက်ပေးရန် ဤရုံးသို့ စာချွန် လျှောက်ထားခြင်း ဖြစ်ပါသည်ဟု လျှောက်ထားသည်။

ရည်ညွှန်းခဲ့ပြီးသော ၁၉၆၅ ခုနှစ် အထူးဥပဒေဖြင့် ပြဋ္ဌာန်းသော ပြစ်မှုများကို စစ်ဆေးစီရင်ရန် ယင်းဥပဒေကပင် တရားရုံးအဆင့်ဆင့် တည်ဆောက်ထားသည်။

ပုဒ်မ ၁၄ ပါ ပြစ်မှုများကို ဒေသပြည်သူ့ တရားရုံးက စစ်ဆေးရမည်၊ ယင်းတရားရုံးကို အစိုးရက ဖွဲ့စည်းပေးရမည်၊ ဒေသပြည်သူ့ တရားရုံး၏ စီရင်ချက်ကို မကျေနပ်လျှင် အစိုးရက ဖွဲ့စည်းပေးသော အယူခံအဖွဲ့သို့ အယူခံဝင်နိုင်သည်၊ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ် အတည်ဖြစ်စေရမည်ဟု ပုဒ်မ ၁၄ တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ အလားတူပင် ပုဒ်မ ၁၅ အရ အရေးယူသည့်အမှုကို စစ်ဆေးရန် အထူးရာဇဝတ်ရုံး ဖွဲ့စည်းပေးရမည်ဟု သတ်မှတ်သည်။ အထူးရာဇဝတ်ရုံးက ချမှတ်သော အမိန့်မှာ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့သို့သာ အယူခံ ဝင်နိုင်ပေသည်။ ၁၉၇၁ ဒေါ်အေးတင် နှင့် မိတ္ထီလာ ခရိုင် ဒေသ ပြည်သူ့ တရားရုံး အယူခံ အဖွဲ့ ပါ ၂။

ထို့ကြောင့် ၁၉၆၅ ခုနှစ်၊ ဥပဒေသည် ပြစ်မှုများကိုသာ ပြဋ္ဌာန်းသည်မက၊ ယင်းပြစ်မှုများကို စစ်ဆေးရန် ပြည်သူ့တရားရုံးများကို အစိုးရက မည်သို့မည်ပုံ ဖွဲ့စည်းပေးရမည်ဟု သတ်မှတ်ထားပြီးဖြစ်သည်၊ ပြစ်မှုနှင့် ရုံးတပါတည်း တပ်ဆင်ထားသော ဥပဒေဖြစ်သည်။ ထိုဥပဒေကိုကျော်၍ အယူခံဝင်ခြင်း၊ စာချွန် လျှောက်ထားခြင်း၊ ပြင်ဆင်မှု လျှောက်ထားခြင်း စသည်ကို မပြုနိုင်ပေ။ အလားတူပင် အထူးဥပဒေ နမူနာများရှိသည်။ ၁၉၆၄ ခုနှစ်၊ ဝါဏိဇ္ဇ ပဋိပက္ခ အက်ဥပဒေကို ပြင်သည့် ဥပဒေ (တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၀)တွင် ဝါဏိဇ္ဇ ပဋိပက္ခမှုများကို မူလစစ်ဆေးရန် ကော်မီတီများ၊ အယူခံ ကြားနာရန် ကော်မီတီများနှင့် ဗဟိုဝါဏိဇ္ဇ ပဋိပက္ခမှု ကော်မီတီတို့ကို အဆင့်ဆင့် ဖွဲ့စည်းပေးထားသည်။ ဗဟိုကော်မီတီသည် အယူခံကော်မီတီများမှ ချမှတ်သော အမိန့်များကို ပြင်ဆင်ပေးနိုင်သည် ဟူ၍လည်း အတိအလင်း ပြဋ္ဌာန်းထားသည်၊ ဗဟိုကော်မီတီ၏ ဆုံးဖြတ်ချက်၊ သို့မဟုတ် အမိန့်ကို တရားမရုံး သို့မဟုတ် ရာဇဝတ်ရုံး တရုံးရုံးတွင် သော်၎င်း၊ စာချွန်မိန့်ဖြင့် တရားရုံးချုပ်တွင်သော်၎င်း ငြင်းဆိုခြင်း မပြုရဟု ပြဋ္ဌာန်းထားသည်။

၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေပုဒ်မ ၁၉ တွင် ယင်းဥပဒေအရ ဆောင်ရွက်သည့်ပြစ်မှုနှင့် ၎င်းချမှတ်သော ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍၎င်း၊ တရားရုံးချုပ်တွင် ပြင်ဆင်ခွင့်၊ ကြီးကြပ်ကြည့်ရှုနိုင်ခွင့်၊ အယူခံကို လက်ခံနိုင်ခွင့်စသည့် အခွင့်အာဏာများ မရှိစေရဟု ပြဋ္ဌာန်းထားသည်။

၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေပုဒ်မ ၈ တွင်၊ ယင်းဥပဒေအရ အာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ် အဖွဲ့အစည်းတခုခုက ချမှတ်သည့် အမိန့်ကို မည်သည့် တရားမရုံး၊ ခုံရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့် မရှိစေရ၊ ထိုအမိန့်ကို အယူခံဝင်လိုက ဥပဒေက သတ်မှတ်ထားသော အဖွဲ့အစည်း တခုခုတွင်သာ အယူခံ ဝင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ သီးစားချထားရေး ဥပဒေအပိုဒ် ၁၅ တွင်၊ ကျေးရွာမြေယာကော်မီတီ၊ မြို့နယ်မြေယာကော်မီတီတို့၏ ဆုံးဖြတ်ချက်ကို ဗဟိုမြေယာကော်မီတီထံ အယူခံဝင်နိုင်ခွင့်ရှိသည်။ ဗဟိုမြေယာကော်မီတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်

၁၉၇၁

ဒေါ်အေးတင် နှင့် မိတ္ထီလာ ခရိုင် ဒေသ ပြည်သူ့ တရားရုံး အယူခံ အမှု ပါ ၂။

ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက် ရှိသောကြောင့် ဗဟိုမြေယာကော်မီတီ၏ ဆုံးဖြတ်ချက်ကို တရားရုံးချုပ်က စာချွန်ဖြင့် ပယ်ဖျက်ပေးနိုင်သည့် အာဏာမရှိဟု **ဒေါ်သိန်းရင် နှင့် ဗဟိုမြေယာကော်မီတီပါ ၃ အမှု** (၁) တွင် ဤရုံးက ထုံးပြုပြီးဖြစ်သည်။

အထက်ပါ သာဓကတို့ကို ထောက်ရှု၍ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရ ဖွဲ့စည်းသော ဒေသ ပြည်သူ့တရားရုံးနှင့် အယူခံရုံးများသည်၊ တရားရုံးချုပ်၏ ကြီးကြပ်ကွပ်ကဲခြင်း၏ အပြင်အပတွင် ကျရောက်သော ပြည်သူ့တရားရုံးများ ဖြစ်ကြသည်မှာ ထင်ရှားသည်။ ကျွန်ုပ်တို့သည် အကြိမ်ကြိမ်အဖန်ဖန် ကြုံကြိုက်တိုင်း မှတ်ချက်ပြုခဲ့ကြပြီး ဖြစ်သည့်အတိုင်း ဤရုံး၏ စီရင်ပိုင်ခွင့် အာဏာကို တရားဥပဒေက ပြဋ္ဌာန်းသတ်မှတ်သည်။ ဤရုံးသို့ ဥပဒေဖြင့် အထင်အရှားအပ်နှင်းသော အာဏာကိုသာ ဤရုံးက ကိုင်တွယ်သုံးစွဲနိုင်သည်။ ပေးအပ်သော စီရင်ပိုင်ခွင့်နှင့် တာဝန်တို့ကို ကျေပွန်ပိုင်နိုင်စွာ ထမ်းဆောင်ရန် အရေးကြီးသည်။ အလားတူပင် ဥပဒေဖြင့် အတိအလင်း အပ်နှင်းခြင်း မရှိသော စီရင်ပိုင်ခွင့် တာဝန်တို့ကို ချဲ့ထွင်ကောက်ယူခြင်း မပြုမိရန် အရေးကြီးသည်။

အထက်ပါ အကြောင်းတို့ကြောင့် ဤလျှောက်လွှာကို လက်ခံကြားနာ၍ ဤရုံးတွင် စာချွန်မိန့် ထုတ်ပေးခွင့်မရှိဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်၊ ထို့ကြောင့် လျှောက်လွှာကိုပယ်လိုက်သည်။

ဤလျှောက်လွှာကို ဤရုံးက လက်ခံကြားနာရန် စီရင်ပိုင်ခွင့် ရှိပါသလားဟု လျှောက်ထားသူ၏ ရှေ့နေကြီးအား အစကနဦးကပင် အတွင်းဝန်များက မေးမြန်းခဲ့ကြောင်း၊ အမှုတွဲ နေ့စဉ်မှတ်တမ်းတွင် မှတ်တမ်းရှိသည်။ လျှောက်ထားသူ၏ ရှေ့နေကြီးက ဥပဒေအချက်အလက်များ ရှာဖွေ တင်ပြပါမည်ဟု ရက်ချိန်းအလီလီ တောင်းခဲ့သည်မှာ တနှစ်နှင့် သုံးလခန့် ကြာမြင့်ခဲ့လေသည်။ ဤမျှကြာမြင့်ခဲ့ခြင်းသည် မဖြစ်စကောင်း။ ဤမျှကြန့်ကြာနေခဲ့ကြစဉ်အတွင်း၌ အမှုသည်တို့မှာမူ မျှော်တလင့်လင့်နှင့် ကြောင့်ကျစိုးရိမ် နေခဲ့ရပေလိမ့်မည်။ လမ်းမှားသို့ လိုက်ခဲ့မိသည်ကို သိကောင်းမှ သိကြမည်၊ လမ်းမှန်သို့ ညွှန်ပြ၍ ပြည်သူတို့ကိုကူညီရန် တရားရုံးများတွင်လည်း ကောင်း၊ ပြည်သူ့ ရှေ့နေကြီးများတွင် လည်းကောင်း တာဝန်ရှိပေသည်။ ရှေ့နေကြီးများက ထိုမျှကြာအောင် ရက်ချိန်းအတန်တန် တောင်းဆိုနေသည်ကိုလည်း အတွင်းဝန်များက ခွင့်ပြုရန်မဟုတ်၊ သင့်မြတ်သော အချိန်ပေးပြီးသည့်နောက် အမှုကိုအပြီးအပြတ် ကြားနာနိုင်ရန် ရုံးသို့တင်ရန်သာ ဖြစ်ပေသည်။

---

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ စ၁ ၇၇၇။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးမိန်သင်းတို့ရှေ့တွင်

## မကြည်ကြည်စန်း

နှင့်

## မခင်ဌေး *

† ၁၉၇၁ ဧပြီလ ၂၀ ရက်။

**ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀ (က)—ရင်းပုဒ်မအရ တရားသူကြီးများ ခုံရုံးတွင် အမှုစစ်စဉ်အတွင်း အဖွဲ့ဝင် အပြောင်းအလဲရှိစေကာမူ ထိုရုံးကချမှတ်သော စီရင်ချက်သည် အင်္ဂါနှစ်ရပ်နှင့် ပြည့်စုံပါက ပျက်ပြယ်မှု မရှိ—ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ မလိုက်နာခြင်းကြောင့် စီရင်သော အမှုတခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆနိုင် မနိုင်။**

**ဆုံးဖြတ်ချက်။** ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀ (က) အရဆိုပါက၊ အကျိုးဆောင် သူကောင်းပြု တရားသူကြီးများ ခုံရုံးတွင် အမှုစစ်ဆေးနေစဉ် အတွင်း အဖွဲ့ဝင် အပြောင်းအလဲ ရှိစေကာမူ၊ ထိုရုံးမှ ချမှတ်သော စီရင်ချက်သည် အင်္ဂါနှစ်ရပ်နှင့်ပြည့်စုံပါက ပျက်ပြယ်ခြင်း မရှိပေ။ ထိုအင်္ဂါရပ်များမှာ (၁) ခုံရုံးသည် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၅၊ ၁၆ တို့နှင့် အညီ ဖွဲ့စည်းထားသည့် ခုံရုံးဖြစ်ခြင်း၊ (၂) ခုံရုံးအဖွဲ့ဝင်များသည် အမှုစစ်ဆေးနေသည့် ကာလ တလျှောက်လုံးတွင် ရှိနေခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာခြင်း မရှိသည့် **အကြောင်းကြောင့်၊ စီရင်သော အမှု တခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။** တရားခံအဘို့ တရားမျှတစွာ စစ်ဆေး စီရင်ခြင်းခံရလျှင် တရားမျှတမှု ဆိတ်သုဉ်းရာ မရောက်၍၊ ၎င်းအပေါ် ပြစ်ဒဏ်ထင်ရှားစီရင်ထားခြင်းသည် ပျက်ပြယ်ခြင်းမရှိပေ။ **ပြည်ထောင်စု နှင့် ဂိုဗင်ဒါ ဆွာမီ၊** ၁၉၄၉၊ မြန်မာပြည် စီရင်ထုံး၊ (တရားလွှတ်တော်) ၆၆၂၊ **မရှာဘီ နှင့် ပြည်ထောင်စု** ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) ၃၇၄ တို့ကို ကိုးကားသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ရန်ကုန်မြို့ ခရိုင်ရာဇဝတ်တရားသူကြီး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်။

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၅၀ (ခ)။

† ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၅၃ တွင် ချမှတ်သော၊ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၃ ရက် နေ့စွဲပါ မြောက်ဥက္ကလာပ၊ သူကောင်းပြု တရားသူကြီးများ ခုံရုံး အမှတ် (၂) ၏ အမိန့်ကို ပြင်ဆင်ခြင်းမှု။

၁၉၇၁

မကြည်ကြည်စန်း နှင့် မခင်ဌေး။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့ မြောက်ဥက္ကလာပ၊ အကျိုးဆောင်သူကောင်းပြု တရားသူကြီးများ ခုံရုံးအမှတ် (၂)တွင်၊ မကြည်ကြည်စန်းကမခင်ဌေးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၃ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားသဖြင့် တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် ရုံးမှပုဒ်မ ၃၂၃ ဖြင့်စွဲချက်တင်ရာ၊ မခင်ဌေးက အပြစ်ရှိကြောင်းဝန်ခံသည်။ ထို ဒါအပြစ်ရှိကြောင်း ဝန်ခံသည့်နေ့၌ စီရင်ချက်ချမှတ်ခြင်းမပြုဘဲ၊ နောက်တနေ့သို့ ပြစ်ဒဏ်ချမှတ်ရန် ချိန်းဆိုလိုက်သည်။

သက်သေများကိုစစ်ဆေးစဉ်က ခုံရုံးတွင်ပါဝင်ကြသော တရားသူကြီးများမှာ၊ ဦးမောင်၊ ဦးသော်နှင့် ဟာဂျီဦးဘောင်စိန်တို့ဖြစ်ကြသည်။ စီရင်ချမှတ်ရန် ချိန်းဆိုလိုက်သည့်နေ့တွင်၊ ခုံရုံးအဖွဲ့ဝင်တဦးဖြစ်သူ ဦးသော်သည် မကျန်းမာသဖြင့် ရုံးမလာနိုင်၍၊ ၎င်း၏နေရာ၌ ဦးကျင်ဟုတ်ကဆောင်ရွက်သည်။ ထိုနေ့ကစီရင်ချက်ကို ဦးမောင်ကဖတ်ပြသည်။ စီရင်ချက်တွင် မခင်ဌေးအား ပုဒ်မ ၃၂၃ အရ ဒဏ်ငွေ ၁၀၀ ကျပ် တပ်ရိုက်ပြီး၊ ဒဏ်ငွေများရရှိက ၅၀ ကျပ်ကို မကြည်ကြည်စန်းသို့ လျော်ကြေးအဖြစ်ပေးရန်ဖြစ်သည်။ ဒဏ်ငွေမဆောင်က အလုပ်နှင့်ထောင်ဒဏ် တလကျခံရန်ဖြစ်သည်။ ထိုစီရင်ချက်ကို ဦးမောင်နှင့် ဦးကျင်ဟုတ်တို့က လက်မှတ်ထိုးကြသော်လည်း၊ ဟာဂျီဦးဘောင်စိန်က ပြစ်မှုနှင့်နှိုင်းစာလျှင် ပြစ်ဒဏ်သည် ပြင်းထန်လွန်းသည်ဟုဆိုကာ လက်မှတ်မထိုးဘဲ ပြန်သွားသည်။ ထို့ကြောင့် ရန်ကုန်မြို့ ခရိုင်ရာဇဝတ်တရားသူကြီးက အဆိုပါခုံရုံးမှချမှတ်သော စီရင်ချက်သည် တရားဝင်သည်၊ မဝင်သည်ကို အဆုံးအဖြတ်ပေးရန် ဤရုံးသို့ တင်ပြလာခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၀ က တွင် ဤသို့ဆိုထားသည်။

> "No order or judgment of a Bench of Magistrates shall be invalid by reason only of a change having occurred at any stage of the inquiry or trial in the number of Magistrates sitting on the Bench, if the Bench by which such order or judgment is passed is duly constituted under section 15 and the rules made under section 16 and the Magistrates constituting the same have been present on the Bench throughout the proceedings."

ထိုပုဒ်မအရဆိုပါက၊ အကျိုးဆောင်သူကောင်းပြု တရားသူကြီးများခုံရုံးတွင် အမှုစစ်ဆေးနေစဉ်အတွင်းအဖွဲ့ဝင်အပြောင်းအလဲရှိစေကာမူ၊ ထိုရုံးမှချမှတ်သော စီရင်ချက်သည်အင်္ဂါရပ်နှစ်ရပ်နှင့်ပြည့်စုံပါက ပျက်ပြယ်ခြင်းမရှိပေ။ ထိုအင်္ဂါရပ်များမှာ (၁) ခုံရုံးသည်ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၅၊ ၁၆တို့နှင့်အညီ ဖွဲ့စည်းထားသည့်ခုံရုံး ဖြစ်ရန်၊ (၂) ခုံရုံးအဖွဲ့ဝင်များသည်အမှုစစ်ဆေးနေသည့်ကာလအလျှောက်လုံးတွင်ရှိနေခြင်းဖြစ်သည်။

၁၉၇၁

မကြည်ကြည်စန်း နှင့် မခင်ဌေး။

ယခုအမှုတွင်ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့်ဦးမာဒင်၊ ဦးသော၊ ဟာဂျီဦးအောင်စိန် နှင့် ဦးကျင်ဟုတ်တို့သည်၊ ပုဒ်မ ၁၅ အရခန့်ထားသည့် အကျိုးဆောင်သူကောင်းပြု တရားသူကြီးများဖြစ်ကြသည်။ ပုဒ်မ ၁၆ အရ ထုတ်ပြန်ခဲ့သည့်နည်းဥပဒေ (တရားရုံးများလက်စွဲအပိုဒ် ၃၆၆) များအရ၊ အဖွဲ့ဝင် ၂ ဦးထိုင်သောရုံးသည် ခုံရုံးဖြစ်မြောက်သဖြင့်၊ ဦးမာဒင်နှင့် ဦးကျင်ဟုတ်တို့ပါဝင်ကာ စီရင်ချက်ချမှတ်သော ခုံရုံးသည်၊ ပုဒ်မ ၁၅၊ ၁၆ တို့နှင့်အညီ ဖွဲ့စည်းထားသည့် ခုံရုံးဖြစ်သည့်အားလျော်စွာ၊ ပဌမအင်္ဂါရပ်နှင့်ညီညွတ်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ရာတွင်စီရင်ချက်ချမှတ်ရာ၌ ပါဝင်ခဲ့သော အဖွဲ့ဝင်ဦးကျင်ဟုတ်သည်၊ အမှုကိုစစ်ဆေးစဉ်က လုံးဝပါဝင်ဆောင်ရွက်ခဲ့သူမဟုတ်သဖြင့်၊ အထက်၌ဖော်ပြခဲ့သော ဒုတိယအင်္ဂါရပ်နှင့် ညီညွတ်ခြင်းမရှိကြောင်း ပေါ်လွင်နေသည်။ သို့ဖြစ်ရာ၊ ၎င်းပါဝင်သည့်ခုံရုံးမှ ချမှတ်ခဲ့သော စီရင်ချက်သည်၊ ဥပဒေပါပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်။

ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာခြင်း မရှိသည့် အကြောင်းကြောင့်၊ စီရင်သောအမှုတခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။ တရားခံအဘို့ တရားမျှတစွာ စစ်ဆေးစီရင်ခြင်းခံရလျှင် တရားမျှတမှုဆိတ်သုဉ်းရာမရောက်၍၊ ၎င်းအပေါ် ပြစ်ဒဏ်ထင်ရှားစီရင်ထားခြင်းသည် ပျက်ပြယ်ခြင်းမရှိပေ။ ပြည်ထောင်စု နှင့် ဂိုဗင်ဒါသွာမိ(၁)၊ မရှာဘီ နှင့် ပြည်ထောင်စု(၂) တို့အမှုများကိုကြည့်ပါ။

ယခုအမှုတွင် မခင်ဌေးက၊ ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၃ အရ စွဲချက်တင်သည်ကိုအပြစ်ရှိကြောင်း ဝန်ခံထားသည်။ ထိုပုဒ်မအရ ကပ်ရိုက်ခဲ့သောဒဏ်ငွေများကို ပေးဆောင်ခဲ့ပြီးဖြစ်သည်။ မခင်ဌေးအနေဖြင့် ၎င်းအပေါ် ချမှတ်ခဲ့သည့်အမိန့်ကို မကျေနပ်ပါဟု ပြောဆိုတင်ပြလာခြင်းလည်းမရှိ၊ သို့ဖြစ်ရာရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၁ (က) ပါပြဋ္ဌာန်းချက်နှင့် မညီညွတ်သည့်အကြောင်းကြောင့်၊ ခုံရုံး၏စီရင်ချက်ကို ပယ်ဖျက်ပြီး မခင်ဌေးအား အသစ်တဖန် ပြန်လည်စစ်ဆေးစေရန် မသင့်ဟုကျွန်ုပ်တို့ ယူဆသည်။ ထိုသို့ပြန်လည်စစ်ဆေးလျှင်လည်း တရားမျှတလိမ့်မည်မဟုတ်၊ ရာဇဝတ်ပြစ်မှုတခုအတွက် ဒုတိယအကြိမ်ဖြေရှင်းရလျှင် ၎င်းအဘို့ စိတ်ရောကိုယ်ပါ သောကရောက်ရမည့်အပြင်၊ စရိတ်ကြေးငွေလည်း ကုန်ကျဘွယ်ရာရှိသည်။

အထက်ပါအကြောင်းများကြောင့်၊ ခုံရုံး၏စီရင်ချက်သည် ဥပဒေပါပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိဟု မှတ်ချက်ပြုကာ၊ အမှုတွဲကိုပြန်လည်ပေးပို့လိုက်သည်။

(၁) ၁၉၄၉၊ မြန်မာပြည် စီရင်ထုံး၊ ၆၆၂ (တရားလွှတ်တော်)။

(၂) ၁၉၅၀၊ မြန်မာပြည် စီရင်ထုံး၊ ၃၇၄ (တရားလွှတ်တော်)။

## နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အယူခံမှု

ကရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

† ၁၉၇၁
ဧပြီလ
၂၀ ရက်။

### မောင်ခင် (ခေါ်) အေးမောင်

နှင့်

### ပြည်ထောင်စုမြန်မာနိုင်ငံ *

**ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂)—လူအုပ်ထဲသို့ သေနတ်များဖြင့် သောင်းကျန်းသူများက ပစ်ခဲ့၍ လူသေဆုံးသွားခြင်းသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ တွင် အကျုံးဝင် မဝင်—ထိုသောင်းကျန်းသူများအဖွဲ့တွင်ပါဝင်သော်လည်း မိမိကိုယ်တိုင် ကျူးလွန်ခဲ့ခြင်း မရှိသူသည် ရာဇသတ်ကြီး ပုဒ်မ ၁၄၉ အရ အပြစ်ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။အခင်းဖြစ်သည့် ညက သောင်းကျန်းသူများသည် ပွဲကြည့်နေသည့် လူအုပ်ထဲသို့ သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း အငြင်းပွါးချက် မရှိချေ။ ထိုကဲ့သို့ ပစ်ခတ်လိုက်သဖြင့် ရွာသားနှစ်ယောက် သေနတ်ထိမှန်ပြီး သေဆုံးသွားသည့်ပြင် တဦးတွင်လည်း ပြင်းထန်သော နာကျင်စေမှုကိုဖြစ်စေသည့် ဒဏ်ရာများရရှိစေခဲ့သည်။ အသုံးပြုသည့် လက်နက်နှင့် သေဆုံးသူများ ရရှိသည့်ဒဏ်ရာ အမျိုးအစားကို ထောက်ဆခြင်းအားဖြင့် သေနတ်ဖြင့် ပစ်ခတ်သူများသည် ရွာသားနှစ်ဦးကို သေစေခဲ့ရာ၌ သေစေရန် အကြံဖြင့်သော်၎င်း၊ ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါ နာကျင်မှုကို ဖြစ်စေရန် အကြံဖြင့်၎င်း၊ ပြုလုပ်သည်ဟု ယူဆရမည်ဖြစ်ရာ၊ ထိုပစ်ခတ်သူများ ကျူးလွန်သည့် ပြစ်မှုသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ တွင် အကျုံးဝင်သည်။ အယူခံ တရားလိုသည် သေနတ်နှင့် ပစ်ခတ်ကြသော သောင်းကျန်းသူများ အဖွဲ့တွင် ပါဝင်သည်မှာ ထင်ရှားသည်။ အမှု၏ ပတ်ဝန်းကျင် အကြောင်းချင်းရာများကို ထောက်ဆ၍ ကြည့်ရှုသောအခါ၊ လူအုပ်ထဲသို့ သေနတ်နှင့် ပစ်ခတ်လိုက်ခြင်းသည် သောင်းကျန်းသူများအားလုံး တူညီသော ရည်ရွယ်ချက်အတိုင်း ပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ ပွဲခင်းထဲသို့ လာရောက်ကြသည့် သောင်းကျန်းသူ ဦးရေမှာ ရှစ်ယောက်ထက် မနည်းကြောင်း သက်သေခံ အထောက်အထား လုံလောက်စွာ ရရှိခဲ့သည်။ ထို့ကြောင့် ထိုသောင်းကျန်းသူ လူစုသည်၊ ရာဇသတ်ကြီး ပုဒ်မ ၁၄၁ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးဖြစ်သည်။ ထို့ကြောင့်

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၄၀၄။

† ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အသေးမှု အမှတ် ၈ တွင် ချမှတ်သော ၁၉၇၀ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် နေ့စွဲပါ ကျောက်ဖြူမြို့၊ အထူးတရားသူကြီး၏ အမိန့်ကို အယူခံမှု။

ထိုအစုအဝေးတွင် ပါဝင်ခဲ့သည့် အယူခံ တရားလို မောင်ခင်သည်၊ မိမိကိုယ်တိုင် လူသတ်မှုနှင့် ပြင်းထန်သော နာကျင်စေမှုများကို ကျူးလွန်ခဲ့ခြင်း မရှိစေကာမူ၊ ထိုပြစ်မှုများအတွက်ရာဇသတ်ကြီး ပုဒ်မ ၁၄၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အပြစ်ရှိသည်ဟု ယူဆရမည်။

၁၉၇၁

မောင်ခင် (ခေါ်) အေးမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

**အယူခံတရားလိုအတွက်။** ။မရှိ။

**အယူခံတရားခံအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးလှသောင်း။

**တရားသူကြီး ဦးစိန်သင်း။** ။၁၉၆၆ခု၊ မတ်လ ၆ ရက်နေ့ညက မင်းဂံရွာတွင် ဇာတ်ပွဲတခုကပြရာ၌ရွာနီးချုပ်စပ်မှ ရွာသူရွာသားများသွားရောက်ကြည့်ရှုကြသည်။ နံနက် ၄ နာရီအချိန်ခန့်သို့ရောက်သောအခါ အလံနီကွန်မြူနစ်များက ပွဲခင်းထဲသို့ သေနတ်များဖြင့် ပြစ်ပေါက်သောကြောင့် ရွာသားနှစ်ဦးသေဆုံးသွားသည်။ ပွဲခင်း အနီး၌ အပေါ့သွားနေသည့်အောင်မြချမ်းအားလည်းသေနတ်ထိမှန်သွားသဖြင့် ပေါင်တွင် ဒဏ်ရာသုံးချက်ရရှိခဲ့သည်။

ထိုအမှုနှင့်စပ်လျဉ်း၍ မောင်ခင် (ခေါ်) အေးမောင်အား ကျောက်ဖြူမြို့ အထူးတရားသူကြီးရုံး၊ ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၈ တွင်ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ တရားစွဲဆိုတင်ပို့ခဲ့သည်။ မူလရုံးတွင် တရားလိုပြသက်သေများက ပွဲခင်းသို့ လာရောက်ပစ်ခတ်ကြသည့် သောင်းကျန်းသူများထဲတွင် အယူခံတရားလို မောင်ခင်ပါပင်ကြောင်း ထွက်ဆိုထားသည်။ သို့ရာတွင်မောင်ခင်၌ထိုစဉ်က လက်နက် တစုံတရာ ကိုင်ဆောင်ထားခြင်းမရှိကြောင်းတညီတညွတ်တည်းထွက်ဆိုကြသည်။မူလ ရုံးတွင် မောင်ခင်ကအခင်းဖြစ်သည့်အချိန်အတောအတွင်းတွင်မိမိသည် သောင်းကျန်း သူတဦးဖြစ်ခဲ့ကြောင်း ဝန်ခံသွားသည်။ သို့ရာတွင်အခင်းဖြစ်သည့်နေ့က မိမိသည် အခွင့်ယူထားသဖြင့် ပွဲခင်းသို့ သွားရောက်ပစ်ခတ်သော သောင်းကျန်းသူများထဲတွင် မပါဝင်ပါ။ ထိုညက မိမိသည် ကြက်တောပြင်ရွာရှိမနုယိုင်ဦးအိမ်တွင် အိပ်နေပါသည်ဟု ခုခံချေပသည်။

မူလရုံးတရားသူကြီးက အယူခံတရားလိုမောင်ခင်သည်ပွဲခင်းထဲသို့သေနတ်များပစ် ခတ်ကာ ဝင်လာသည့် သောင်းကျန်းသူများထဲတွင် ပါဝင်ကြောင်း ခိုင်လုံသည့် သက်သေခံချက်များရရှိပါသည်။ မောင်ခင်နှင့်အတူလာသည့် သောင်းကျန်းသူများ သည် မည်သူမည်ဝါအား ရည်ရွယ်ပြီးပစ်ခတ်ခြင်းမဟုတ်ပါ။ သေစေနိုင်လောက်သော လက်နက်မှန်းသိလျက်နှင့် ထိုကဲ့သို့ သောလက်နက်မျိုးဖြင့် ပွဲခင်းထဲသို့ ပစ်လိုက်ခြင်း ကြောင့် လူနှစ်ယောက်သေဆုံးပြီးတယောက်မှာ ပြင်းထန်သောဒဏ်ရာ ရရှိသွားသော ကြောင့် ဤအမှုမှာ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အတွင်း မကျရောက်သော်လည်း

၁၉၇၁
မောင်ခင် (ခေါ်) အေးမောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ရာဇသတ်ကြီးပုဒ်မ ၃၀၄ အတွင်းကျရောက်ပါသည်။ အယူခံတရားလိုမောင်ခင်သည် ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သူမဟုတ်သော်လည်းအားပေးကူညီမှု ပြုလုပ်ခဲ့သောကြောင့် ရာဇသတ်ကြီးပုဒ်မ ၁၀၉ အရ ငြိစွန်းနေပါသည်ဟု ကောက်ယူဆုံးဖြတ်ပြီး ရာဇသတ်ကြီးပုဒ်မ ၃၀၄/၁၀၉ အရရင်း၊ ၃၂၆/၁၀၉ အရရင်း၊ မူပြစ်ထင်ရှားစီရင်၍ ထောင်ဒဏ် တသက်တကျွန်းနှင့် ၁၀ နှစ်စီ အသီးသီးကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ထိုစီရင်ချက်နှင့်အမိန့်တို့ကို မကျေနပ်သဖြင့် မောင်ခင်က ယခုကျွန်ုပ်တို့ရှေ့ရှိ အယူခံလွှာကို တင်သွင်းခြင်းဖြစ်သည်။

အခင်းဖြစ်သည့်ညက သောင်းကျန်းသူများသည် ပွဲကြည့်နေသည့်လူအုပ်ထဲသို့သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း အငြင်းပွါးချက်မရှိချေ။ ထိုကဲ့သို့ပစ်ခတ်လိုက်သဖြင့် ရွာသားနှစ်ယောက် သေနတ်ထိမှန်ပြီး သေဆုံးသွားသည့်ပြင် တဦးတွင်လည်းပြင်းထန်သော နာကျင်မှုကို ဖြစ်စေသည့်ဒဏ်ရာများကိုရရှိခဲ့သည်။ အသုံးပြုသည့်လက်နက်နှင့် သေဆုံးသူများရရှိသည့် ဒဏ်ရာအမျိုးအစားကို ထောက်ဆခြင်းအားဖြင့် သေနတ်ဖြင့် ပစ်ခတ်သူများသည် ရွာသားနှစ်ဦးကို သေစေခဲ့ရာ၌ သေစေရန်အကြံဖြင့် သော်၎င်း၊ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့်သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကိုဖြစ်စေရန်အကြံဖြင့်၎င်း၊ ပြုလုပ်သည်ဟုယူဆရမည်ဖြစ်ရာ၊ ထိုပစ်ခတ်သူများကျူးလွန်သည့်ပြစ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ တွင်အကျုံးဝင်သည်။ အယူခံတရားလိုသည်သေနတ်ဖြင့် ပစ်ခတ်ကြသော သောင်းကျန်းသူများအဖွဲ့တွင်ပါဝင်သည်မှာထင်ရှားသည်။ အမှု၏ ပတ်ဝန်းကျင်အကြောင်းခြင်းရာများကိုထောက်ဆ၍ ကြည့်ရှုသောအခါ လူအုပ်ထဲသို့ သေနတ်နှင့်ပစ်ခတ်လိုက်ခြင်းသည်သောင်းကျန်းသူများအားလုံး၏ တူညီသောရည်ရွယ်ချက်အတိုင်း ပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ ပွဲခင်းထဲသို့ လာရောက်ကြသည့် သောင်းကျန်းသူဦးရေမှာရှစ်ယောက်ထက်မနည်းကြောင်း သက်သေခံအထောက်အထား လုံလောက်စွာရရှိခဲ့သည်။ သို့ကြောင့် ထိုသောင်းကျန်းသူလူစုသည် ရာဇသတ်ကြီးပုဒ်မ ၁၄၁ တွင်အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဖြစ်သည်။ ထို့ကြောင့် ထိုအစုအဝေးတွင် ပါဝင်ခဲ့သည့် အယူခံတရားလိုမောင်ခင်သည် မိမိကိုယ်တိုင်လူသတ်မှုနှင့်ပြင်းထန်သောနာကျင်စေမှုများကို ကျူးလွန်ခဲ့ခြင်းမရှိစေကာမူ ထိုပြစ်မှုများအတွက် ရာဇသတ်ကြီးပုဒ်မ ၁၄၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အပြစ်ရှိသည်ဟုယူဆရမည်။

အယူခံတရားလိုမောင်ခင်သည် လက်နက်ချ အလင်းဝင်တဦးဖြစ်သည်။ မိမိပြုလုပ်ခဲ့သည့်ပြစ်မှုများအတွက် နောင်တရရှိသဖြင့် မိမိကိုယ်ကို မိမိပြုပြင်ရန်အတွက် ဥပဒေစိုးမိုးသည့် နယ်ပယ်ထဲသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ရာ ပြစ်ဒဏ်သတ်မှတ်ရာ၌ ထိုအချက်ကိုထည့်သွင်းစဉ်းစားသင့်သည်။ အယူခံတရားလိုသည်ယခင်ကရာဇဝတ်ပြစ်မှုတစုံတရာ

ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်မရှိ။ ယင်းကဲ့သို့သောအာခိကမ္မိကပုဂ္ဂိုလ်ဘဦးအား ဘာအညွန့်တုံးစေသည့် ပြစ်ဒဏ်မျိုးကို မသတ်မှတ်သင့်ဟုကျွန်ုပ်တို့ထင်မြင်ယူဆသည်။

**၁၉၇၁**

**မောင်ခင် (ခေါ်) အေးမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။**

အထက်ဖေါ်ပြပါအကြောင်းများကြောင့် မူလရုံးတရားသူကြီးက အယူခံတရားလို မောင်ခင်အပေါ်၌ ချမှတ်ခဲ့သောစီရင်ချက်နှင့် အမိန့်တို့ကို ပယ်ဖျက်လိုက်ပြီး ထိုအစား မောင်ခင်အားရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)၊ ၁၄၉ အရရင်း၊ ၃၂၆/၁၄၉ အရရင်း၊ မှုပြစ်ထင်ရှား စီရင်၍ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်နှင့် (၇) နှစ်အသီးသီး ကို တပေါင်းတည်းကျခံစေရန်ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။ ၎င်းကျခံရမည့် ထောင် ဒဏ်မှ အချုပ်ရက်ပေါင်း ၂၃၈ ရက်ကိုထုတ်နုတ်ပစ်ရမည်။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

† ၁၉၇၁
ဧပြီလ ၉ ရက်။

## ပြည်ထောင်စုမြန်မာနိုင်ငံ

## နှင့်

## မောင်တင်မြင့် *

**ပြစ်ဒဏ်တိုးမြှင့်ခြင်း——စက်ရှင်တရားသူကြီးသည် ပြစ်ဒဏ်နှင့် ပတ်သက်၍ အယူခံဝင်သော အယူခံမှုတွင်ပြစ်ဒဏ်တိုးမြှင့်ပေးရန် အဆုံးအဖြတ် ပြုသင့် မပြုသင့်။**

**ဆုံးဖြတ်ချက်။** ။စက်ရှင် တရားသူကြီးသည်၊ တရားခံ တဦးအပေါ် မူလရုံးက ချမှတ်ထားသည့် အပြစ်ဒဏ်မှာ၊ သင့်လျော် လုံလောက်ခြင်း မရှိသဖြင့် တိုးမြှင့်ပေးသင့်သည်ဟု ယူဆပါက၊ ထိုပြစ်ဒဏ်နှင့် ပတ်သက်၍ အယူခံဝင်သော တရားခံ၏ အယူခံမှုကို အဆုံးအဖြတ် မပြုသင့်ပေ။ တရားခံ၏ အယူခံလွှာအား၊ ၎င်းအပေါ် မည်သည့် အတွက်ကြောင့် ပြစ်ဒဏ် တိုးမြှင့်ပေးသင့်သည်ဆိုသော ထောက်ခံချက်နှင့်အတူ ဤရုံးသို့ တင်ပြသင့်ပေသည်။ ဘရှိန် နှင့် အစိုးရ၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၃၇၆ ကို ရည်ညွှန်းသည်။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးသန်းဟင်။

**တရားသူကြီး ဦးသက်ဖေ။** ။သရက်မြို့၊ ဒုတိယရာဇဝတ်ရာဇဝတ် တရားသူကြီးရုံးမှ လျှောက်ထားခံရသူ မောင်တင်မြင့်အား၊ ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)အရ၊ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မောင်တင်မြင့်က မကျေနပ်၍၊ သရက်မြို့စက်ရှင်ရုံးသို့ အယူခံဝင်ရာ၊ စက်ရှင်တရားသူကြီးသည် မောင်တင်မြင့်၏ အယူခံလွှာကို ပယ်ချလိုက်ပြီးနောက်၊ မူလရုံးမှချမှတ်ထားသော ပြစ်ဒဏ်အစား အလုပ်နှင့်ထောင်ဒဏ် ၅ (ငါး) နှစ်အထိ ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးရန်၊ ဤရုံးသို့ ထောက်ခံတင်ပို့ခဲ့သည်။

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှု အမှတ် ၂၃၄ (ခ)။

† ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၃၄ (ခ) တွင် ချမှတ်သော ၁၉၇၀ ခုနှစ်၊ မတ်လ ၉ ရက် နေ့စွဲပါ သရက်မြို့၊ ဒုတိယ ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၇၁
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်တင်မြင့်။

လျှောက်ထားခံရသူသည် သရက်မြို့၊ ပြည်သူ့ရေနံလုပ်ငန်း၊ ရေနံကုန် ပစ္စည်း အရောင်းဆိုင်မှ တာဝန်ခံဆိုင်ထိုင်ဖြစ်သည်။ ၎င်း၏ဆိုင်မှ ဓါတ်ဆီ၊ ရေနံဆီဖြူ၊ ရေနံဆီနီ၊ ဒီဇယ်ဆီ၊ စက်ဆီအမျိုးမျိုး၊ အမဲဆီနှင့် ဖယောင်းတိုင်များကို ဖြန့်ဖြူးရောင်းချခဲ့သည်။ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လအတွင်းက ပြည်မြို့၊ ပြည်သူ့ရေနံလုပ်ငန်းဌာနခွဲမှ ဌာနခွဲမှူး မဏ္ဍတာဂျက်ကော့ဗ်သည် လျှောက်ထားခံရသူ၏ဆိုင်သို့ သွားရောက်စစ်ဆေးရာ၊ လယ်ဂျာစာရင်းလက်ကျန်နှင့် အမှန်တကယ်လက်ကျန်ဖြစ်သည့် ရေနံပစ္စည်းများမှာ ကွာခြားနေသည်ကို တွေ့ရသဖြင့်၊ ရန်ကုန်မြို့ရုံးချုပ်သို့ အစီရင်ခံလိုက်သည်။ ထို့ကြောင့် လျှောက်ထားခံရသူ ပြုလုပ်ခဲ့သည့် စာရင်းအင်းများကို၊ မြန်မာပြည်တောင်ပိုင်း ဒေသန္တရအရောင်းမှူး (ပရလ) ဦးတင်နှင့် အရောင်းစာရင်းဌာနလက်ထောက် စာရင်းကိုင်အရာရှိ ဦးလှဖေတို့က စစ်ဆေးကြည့်ရှုရာ၊ တန်ဘိုးငွေ လေးသောင်း နှစ်သောင်းကျော်ရှိသည့် ပစ္စည်းများ ကွာခြားလျက်ရှိသည်ကို တွေ့ရသည်။ ယင်းသို့ ကွာခြားလျက်ရှိသည့် ပစ္စည်းများမှ လျော့သင့် လျော့ထိုက်သည့် အလျော့တွက်များကို ခုနှိမ်သည့်တိုင်အောင်၊ စုစုပေါင်း ၃၂,၇၇၅ ကျပ်၊ ၇၆ ပြား လျော့နည်းကွာခြားနေသည်ကိုတွေ့ရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ လျှောက်ထားခံရသူက၊ လျော့နည်းကွာခြားသည့်ပစ္စည်းများတန်ဘိုးကို၊ တာဝန်ယူ၍ ပြန်ဆပ်ပါမည်ဟု ဝန်ခံသော စာတစောင်ရေးပေးပြီး၊ ၁၉၆၆ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့နှင့် ၁၉၆၆ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပဌမအရစ်အနေဖြင့်ငွေ ၅,၀၀၀ ကျပ်ကိုပေးသွင်းခဲ့သည်။ ကျန်ငွေများကိုမူ ပေးသွင်းခြင်းမပြုခဲ့ပေ။

အထက်ပါ အချက်အလက်ကိုထောက်ရှုပါက၊ လျှောက်ထားခံရသူသည် ပြည်သူပိုင်ပစ္စည်းဖြစ်သည့် တန်ဘိုး ၃၀,၀၀၀ ကျပ်ကျော်ရှိသော ရေနံပစ္စည်းများကို အလွဲသုံးစားပြုခဲ့သည်ဆိုသော၊ မူလရုံးနှင့် အယူခံရုံးတို့၏ တွေ့ရှိချက်များသည် မှန်ကန်သည်ဟု ဆိုရမည်ဖြစ်သည်။

လျှောက်ထားခံရသူ၏ တရားရုံးချုပ်ရှေ့နေ ဦးသန်းတင်က၊ စက်ရှင်တရားသူကြီးသည် လျှောက်ထားခံရသူအပေါ် ချမှတ်ထားသောပြစ်ဒဏ်မှာ လုံလောက်ခြင်းမရှိသဖြင့်၊ တိုးမြှင့်ပေးသင့်သည်ဟု ဆူဆပါက အယူခံမှုကို ဆုံးဖြတ်ခြင်းမပြုဘဲ၊ ဤရုံးသို့ပြစ်ဒဏ်တိုးမြှင့်ပေးရန် ထောက်ခံချက်နှင့်အတူ တင်ပြသင့်ပါသည်။ လျှောက်ထားခံရသူသည် စာရင်းအင်း မကျွမ်းကျင်သည့်အကြောင်း၊ ဓါတ်ဆီ၊ ရေနံဆီ စသည့် ကုန်ပစ္စည်းများမှာ၊ ယိုဖိတ်တတ်သည့် ပစ္စည်းများဖြစ်၍ လျော့နည်းနိုင်သည့်အကြောင်း၊ ဆိုင်တာဝန်ခံဝတ္တရားကို ဆောင်ရွက်ရသည့်အပြင်၊ သရက်မြို့နယ်ရှိ ပတောက်ပင် ရေနံလုပ်ငန်းကိုပါ အုပ်ချုပ် ကွပ်ကဲရသည့်အကြောင်း၊ ထိုအကြောင်းများ

၁၉၇၁
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်တင်မြင့်။

ကြောင့် ရေနံပစ္စည်းများ လျော့နည်း ကွာခြားရခြင်းဖြစ်ပါသည်။ ကိုယ်ကျိုးအတွက် အလွဲသုံးစားမပြုခဲ့ရပါ၊ ထို့ကြောင့် ပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန် မသင့်ပါဟု တင်ပြသွားသည်။ နိုင်ငံတော် အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်ကလည်း၊ လျှောက်ထားခံရသူအပေါ် အရေးယူခဲ့သည့် ဥပဒေအရ ဆိုပါက၊ ပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန် အကြောင်းမရှိပါဟု ထောက်ခံတင်ပြသွားသည်။

စက်ရှင်တရားသူကြီးသည် တရားခံတဦးအပေါ် မူလရုံးကချမှတ်ထားသည့်အပြစ်ဒဏ်မှာ၊ သင့်လျော်လုံလောက်ခြင်းမရှိသဖြင့် တိုးမြှင့်ပေးသင့်သည်ဟုယူဆပါက၊ ထိုပြစ်ဒဏ်နှင့်ပတ်သက်၍ အယူခံဝင်သော တရားခံ၏ အယူခံမှုကို အဆုံးအဖြတ်မပြုသင့်ပေ။ တရားခံ၏အယူခံလွှာအား၊ ၎င်းအပေါ် မည်သည့်အတွက်ကြောင့် ပြစ်ဒဏ်တိုးမြှင့်ပေးသင့်သည်ဆိုသော ထောက်ခံချက်နှင့်အတူ ရုံးသို့ တင်ပြသင့်ပေသည်။ ဘရှိန် နှင့် အစိုးရ (၁)။

စက်ရှင်တရားသူကြီးက၊ မောင်မြင့်သန်းပါ ၂ ဦး နှင့် ပြည်ထောင်စု (၂) ကျို့အမှုတွင်၊ အလားတူကိစ္စအတွက် အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ချမှတ်ခဲ့သောကြောင့်၊ ယခုအမှုတွင်လည်း ထောင်ဒဏ် ၂ နှစ်မှ ၅ နှစ်သို့ တိုးမြှင့်ပေးသင့်ပါသည်ဟု တင်ပြထားသည်။ အဆိုပါအမှုတွင် တရားခံအား ရာဇသတ်ကြီးပုဒ်မ ၃၀၉ အရ ပြစ်ဒဏ်ထင်များစီရင်ခဲ့ခြင်းဖြစ်ပြီး၊ ယခုအမှု၌မူ လျှောက်ထားခံရသူအား ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)အရ အရေးယူခဲ့ခြင်းဖြစ်သည်ကိုသတိချပ်ရမည်ဖြစ်သည်။ ထိုဥပဒေနှစ်ရပ်၌သတ်မှတ်ထားသည့် ပြစ်ဒဏ်များမှာ မတူကြပေ။ ထိုပြစ်မှုအတွက်ပင် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အရေးယူပါမူ၊ ရာဇသတ်ကြီးပုဒ်မ ၃၀၉ အရရင်း၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)အရရင်း၊ ချမှတ်သည့် ပြစ်ဒဏ်များနှင့် တူညီနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ၊ ယခုအမှု၌ လျှောက်ထားခံရသူအား အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန် ချမှတ်ထားသော မူလရုံး၏အမိန့်သည်၊ အလွန်အလွန် သက်ညှာလွန်းသည်ဟုသော်၎င်း၊ ဥပဒေအရ မှားယွင်းချွတ်ချော်သည်ဟုသော်၎င်း မဆိုနိုင်သဖြင့်၊ ပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန် မသင့်ဟု ကျွန်ုပ်တို့ယူဆကြသည့်အတိုင်း၊ စက်ရှင်တရားသူကြီးထောက်ခံချက်ကိုလက်မခံဘဲ၊အထက်ပါမှတ်ချက်များနှင့်အတူ အမှုတွဲကိုပြန်လည်ပေးပို့လိုက်သည်။

(၁) ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၃၇၆။
(၂) ၁၉၆၆၊ မြန်မာပြည် စီရင်ထုံး၊ ၁၄၇၄။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဒေါ်ရှုခင်) နှင့် { ၁။ မောင်မြ (ခေါ်) မြဦး*, ၂။ မောင်အေး (ခေါ်) အေးပု, ၃။ မောင်မှတ်ကြီး, ၄။ သန်းအောင် }

† ၁၉၇၁ ဧပြီလ ၂၂ ရက်။

**တရားသူကြီးများသည် မိမိကိုယ်ကို ဒိုင်လူကြီးများသဘွယ်သာလျှင် မှတ်ယူပြီး ၊ အမှန်ကို ဖေါ် ထုတ်ရန် ဆီလျော်သည့်မေးခွန်းများကိုမေးမြန်းသင့် မသင့်—သက်သေက မေ့လျော့ချန်လှပ် ထားရုံမျှဖြင့် ပစ္စည်းရှာ စာရင်းတွင် ဖေါ်ပြထားသော ပစ္စည်း မပါဝင်ဟု ယူဆနိုင် မနိုင်။**

ဤအမှုတွင် ပစ္စည်းသိမ်းသူ ရဲအရာရှိက၊ သိမ်းဆည်းသော ပစ္စည်း စာရင်းတွင် မော်တော်ကား နံပါတ်ပြားတခု ပါဝင်ကြောင်း ဖေါ်ပြထားသော်လည်း၊ ၎င်း၏ အစစ်ခံချက်၌ နံပါတ်ပြား ပါဝင်သည်ဟု တိတိကျကျ ထွက်ဆိုထားခြင်းမရှိ၍၊ မူလရုံးတရားသူကြီးက တရားခံများသည် မှုပြစ် ကျူးလွန်ကြောင်း ဒွိဟ သံသယ ကင်းရှင်းသည့် သက်သေခံချက်များ ရှိသည်ဟု မဆိုနိုင်ပါဟု ကောက်ယူဆုံးဖြတ်ခဲ့သည်။

**ဆုံးဖြတ်ချက်။** ။အမှုစစ် တရားသူကြီးများသည် မိမိတို့ကိုယ်ကို ဒိုင်လူကြီးများသဘွယ် သာလျှင် မှတ်ယူရန် မဟုတ်၊ အမှန်ကို ဖေါ်ထုတ်ရန်အတွက် ဆီလျော်သည့် မေးခွန်းများကို မေး မြန်းသင့်သည်။ ထိုကဲ့သို့ အမှန်ကို ဖေါ်ထုတ်ရန်အတွက် လျော်ကန်သင့်မြတ်သည့် မေးခွန်းများကို မေးမြန်းနိုင်ရန် ဥပဒေအာဏာများ အပ်နှင်းထားသည်။ သို့ဖြစ်လေရာ၊ သက်သေက မေ့လျော့ပြီး ချန်လှပ်ထားရုံကာမျှဖြင့် ပစ္စည်းရှာ စာရင်းတွင်အသေအချာ ဖေါ်ပြထားသော ပစ္စည်း မပါဝင်ဟု မယူဆနိုင်ချေ။

အယူခံတရားလိုအတွက်။ ။အစိုးရဘရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်။

အယူခံတရားခံအတွက်။ တရားရုံးချုပ်ရှေ့နေများ ဦးလှတင် နှင့် ဦးဘသိုင်။

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၄၉။

† အယူခံ တရားခံများအပေါ် ရန်ကုန်မြို့၊ (၁၀) ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ရာကြီးမှု ၇၇/၆၉ တွင် ရာဇသတ် ပုဒ်မ ၃၇၉/၁၁၄ နှင့် ၄၁၁ တို့အရ၊ စွဲဆိုထားခြင်းမှ ၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့က တရားသေ လွှတ်လိုက်သဖြင့် နိုင်ငံတော် ရှေ့နေချုပ်က မကျေနပ်၍ ရာကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ တင်သွင်းသော အယူခံလွှာ။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်ရှုခင်) **နှင့်** ၁။ မောင်မြ (ခေါ်) မြဦး၊ ၂။ မောင်အေး (ခေါ်) အေးပု၊ ၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

**တရားသူကြီး ဦးစိန်သင်း။** ။၁၉၆၉ ခု၊ မတ်လ ဂ ရက်နေ့ နေ့လည် ၄ း ၃ ရှိ အချိန်ခန့်တွင်၊ ရန်ကုန်မြို့ ၁၀ လမ်း အမှတ် ၆၇ နေ ဒေါ်ရှုခင်သည်၊ ဂျစ်ကားအစိမ်းရောင် မှတ်ပုံတင်အမှတ် ခ/ဂ၆၀၇ ကိုကိုယ်တိုင်မောင်းနှင်လျက် ဗိုလ်ချုပ်ဈေးသို့ သွားရောက်ခဲ့သည်။ ဒေါ်ရှုခင်သည် ဂျစ်ကားကို ကားရပ်တန့်ရာနေရာတွင် ရပ်ခဲ့ပြီး ဈေးထဲသို့ဝင်သွားသည်။၁၀ မိနစ်ခန့်အကြာ ပြန်ထွက်လာရာတွင်ဂျစ်ကားပျောက်ဆုံး နေသည်ကိုတွေ့ရသဖြင့်၊ ပန်းဘဲတန်းရဲတပ်ဖွဲ့စခန်းတွင် ပထမ သတင်းပေးအစီရင်ခံ ချက်ပေးခဲ့သည်။ ပထမသတင်းပေး အစီရင်ခံချက်၌ ဒေါ်ရှုခင်က ပျောက်ဆုံးသွားသည့် ဂျစ်ကားမှာ ကိုယ်ထည်အစိမ်းရောင် အမိုးမှာကာကီရောင်ဖြစ်ပြီး နောက်တွင် အပိုတာယာ တပ်လျက်ရှိပါသည်။ အင်ဂျင်နံပါတ်မှာ (ဂျီ၊ဒီ၊ဒဗလျူ၊၁၉၇၇၉ဂ) ဖြစ်ပါသည်ဟုဖေါ်ပြထားသည်။ထိုအမှုကို ဒု-လုံခြုံရေးမှူးဦးခင်မောင်ရီ (လိုပြ-၃) က စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ခဲ့သည်။၁၉၆၉ ခု၊ မေလ ၁၀ ရက်နေ့တွင် ဦးခင်မောင်ရီ **သည် သနပ္ပင်မြို့ ကိုသောင်းထံမှ ဂျစ်ကားတာယာသုံးလုံးနှင့် ဘရင်စတုံး အမျိုးအစား** အစိမ်းရောင်ဂွေပါသည့် တာယာတလုံးအပါအဝင် **ကားပစ္စည်း ၉ မျိုးကို သိမ်းဆည်း** လိုက်သည်။ ထိုနေ့တွင်ပင် စွန်ဒီကျေးရွာနေ အယူခံတရားခံ မောင်သန်းအောင်ထံမှ နံပါတ်ပြားတခုအပါအဝင် ကားပစ္စည်း ၆ မျိုးကို ပစ္စည်းရှာစာရင်းပြုလုပ်ပြီးသိမ်းဆည်း လိုက်သည်။ ထိုစာရင်းကို မှုလရုံးတွင်သက်သေခံအမှတ်(ဂ)အရ တင်သွင်းခဲ့သည်။ ထိုနေ့တွင်ပင်လျှင်၊ အယူခံတရားခံ မောင်မှတ်ကြီး လိုက်လံပြသသောနေရာမှ ကား ပစ္စည်းအမျိုးပေါင်း ၅၀ ကျော်ကို သိမ်းဆည်းလိုက်သည်။ မောင်သောင်းက မိမိထံမှ တွေ့ရှိရသည့်တာယာသုံးလုံးမှာ၊အယူခံတရားခံကိုအေးထံမှငွေ ၇၀၀ ကျပ်ဖြင့်ဝယ်ထား သည့် ပစ္စည်းများဖြစ်ပါသည်ဟုဆိုသည်။ ရှာဖွေပုံစံအမှတ် (ဂ)အရ သိမ်းဆည်းခဲ့သည့် ပစ္စည်းများအနက် နံပါတ်များကိုဖျက်ထားသည့် နံပါတ်ပြားကို မြန်မာနိုင်ငံ မှုခင်း စုံစမ်းစစ်ဆေးရေးတပ်ဖွဲ့ခွဲ ညွှန်ကြားရေးမှူးရုံးသို့ ပို့လိုက်ရာ၊ ထိုနံပါတ်ပြားအပေါ်၌ မူလကရေးသားထားသည့် နံပါတ်မှာ (ခ/ဂ၆၉၇) ဖြစ်ပါသည်ဟု လောကဓါတ်ဆိုင်ရာ ကျွမ်းကျင်စစ်ဆေးသူအရာရှိ ဦးထွန်းလှိုင် (လိုပြ-၆) က အစီရင်ခံထားသည်။ ထိုအမှုနှင့်စပ်လျဉ်း၍ မောင်မြ၊ မောင်အေး၊ မောင်မှတ်ကြီးနှင့် မောင်သန်းအောင် တို့ကို၊ ရန်ကုန်မြို့ (၁၀) ရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင်၊ ၁၉၆၉ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ဂ၇၇ ဥ္ဇရာဇသတ်ပုဒ်မ ၃၇၉ အရ တရားစွဲဆိုတင်ပို့ခဲ့သည်။ မူလရုံးတရားသူကြီးက ဒေါ်ရှုခင်သည် မိမိ၏ဂျစ်ကားမှာ အစိမ်းရောင်ဖြစ်၍ အမိုးမှာ ကာကီရောင်ဖြစ်ပြီး စပယ်ယာဘီး တပ်ထားကြောင်းမျှသာလျှင် ထွက်ဆိုနိုင်ပါသည်။ တရားခံများထံမှသိမ်းဆည်းရမိသောပစ္စည်းများသည်ဒေါ်ရှုခင်ပျောက်ဆုံးသွားသော ဂျစ်ကားမှ ပစ္စည်းများဖြစ်ကြောင်း မထင်ရှားပါ။ အစိမ်းရောင်ကားပစ္စည်းများ တွေ့

ရှိကာချဖြင့်၊ထိုပစ္စည်းများသည် ပျောက်ဆုံးသွားသည့် ကားပစ္စည်းများဖြစ်သည်ဟု တသတ်ချ မယူဆနိုင်ပါ။ အင်းစိန်ဓါတုဗေဒဌာနသို့ ပို့ခဲ့သည့် နံပါတ်ပြား၏ မူလ နံပါတ်မှာ(ခ/၈၉၇)ဖြစ်ကြောင်း တွေ့ရှိရသော်လည်း၊ ထိုကားနံပါတ်ပြားကို မည်သည့်တရားခံထံမှ သိမ်းယူခဲ့သည်ဆိုခြင်းမှာ ပေါ်လွင်ခြင်းမရှိပါ။ သက်သေခံအမှတ် (၇) ပစ္စည်းစာရင်းတွင် နံပါတ်ပြားတခုပါဝင်ကြောင်းဖေါ်ပြထားသော်လည်း သိမ်းဆည်းခဲ့သူ ရဲအရာရှိ ဦးခင်မောင်ရီ ၏ အစစ်ခံချက်၌ နံပါတ်ပြား ပါဝင်သည်ဟု တိတိကျကျ ထွက်ဆိုထားခြင်းမရှိပါ။ ထို့ကြောင့် တရားခံများအပေါ်၌ တင်သွင်းထားသည့် စွဲချက်များအရ မှုပြစ်ကျူးလွန်ကြောင်း ဒွိဟာသံသယကင်းရှင်းသည့် သက်သေခံချက်များ ရရှိသည်ဟုမဆိုနိုင်ပါ အစရှိသဖြင့် ကောက်ယူဆုံးဖြတ်ပြီး၊ တရားခံ ၄ ယောက်စလုံးအား တရားသေလွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို အမှုမှ အယူခံသူ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက မကျေနပ်သဖြင့်၊ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ခြင်းဖြစ်သည်။ အယူခံလွှာ၌ ဖေါ်ပြထားသည့် အကြောင်းပြချက်များမှာ၊ သက်သေခံအမှတ်( ၇) ပစ္စည်းရှာစာရင်းအရ သိမ်းဆည်းသော ပစ္စည်းများသည် နံပါတ်ပြားအမှတ်(ခ/၈၉၇)ပါဝင်ပါသည်။ ထိုပစ္စည်းများကို အယူခံတရားခံ မောင်သန်းအောင်က ၎င်း၏အကိုထံအပ်ထားသော ပစ္စည်းများဖြစ်ကြောင်း ဝန်ခံခဲ့ပြီးဖြစ်သဖြင့် ထိုနံပါတ်ပြားကို မည်သူ့ထံမှ သိမ်းဆည်းခဲ့ကြောင်း မပေါ်လွင်ပါဟု၊ မူလ တရားသူကြီးက ကောက်ယူဆုံးဖြတ်ခြင်းသည် မှားယွင်းပါသည်။ ဘိနပ်ချုပ်သူများထံမှဝယ်ယူခဲ့ပါသည်ဆိုသည့် ကားတာယာသုံးလုံးကို အဖိုးငွေ ၇၀၀ ကျပ်ဖြင့် ကိုသောင်းဆိုသူထံ ရောင်းချလိုက်ပါသည်ဆိုသော မောင်အေး၏ ခုခံချေပချက်မှာ အလွန်ယုတ္တိကင်းမဲ့ကြောင်းထင်ရှားပါသည်။ ဒေါ်ရှုခင် သည် မိန်းမသားတဦးဖြစ်သည်နှင့်အမျှ ကားပစ္စည်းများကို အမှတ်အသားများနှင့်တကွ ဖေါ်ပြနိုင်ရန် ခဲယဉ်းပါသည် အစရှိသဖြင့်ဖြစ်သည်။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ။ (ဒေါ်ရှုခင်) နှင့် ၁။ မောင်မြ (ခေါ်) မြဦး ၂။ မောင်အေး (ခေါ်) အေးပု ၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

ယခုကျွန်ုပ်တို့ရှေ့တွင် လျှောက်လဲချက်များပေးရာ၌ အယူခံ တရားလိုအတွက် လိုက်ပါဆောင်ရွက်သည့်အစိုးရရှေ့နေ ဦးကျော်မြင့်က မူလရုံးအမှုတွဲတွင် ရရှိသည့် သက်သေခံချက်များအရ၊ အယူခံတရားခံ မောင်မြ (ခေါ်) မြဦးအပေါ်၌ မှုပြစ်ကျူးလွန်ကြောင်းဖြင့် တစုံတရာ ငြိစွန်းခြင်းမရှိပါ။ ထို့ကြောင့် ၎င်းအားမူလရုံးက တရားသေလွှတ်ခြင်းမှာ မှန်ကန်ပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်တို့သည် မူလရုံးအမှုတွဲတွင် ရရှိသည့် သက်သေခံချက်များနှင့်တကွ အမှု၏ ပတ်ဝန်းကျင် အကြောင်းခြင်းရာများကို သေချာစွာ လေ့လာစိစစ်ခဲ့ပြီး ဖြစ်သည်။ ကားပစ္စည်းများ အရောင်းအဝယ် အပေးအယူလုပ်ခြင်းနှင့် ပတ်သက် အယူခံတရားခံများသည် တဦးနှင့်တဦး ဆက်သွယ်မှုရှိခဲ့ကြောင်းပေါ်လွင်သည်။ ဤအမှုတွင်

၁၉၇၁
သ်ထောင်စု
န်မာနိုင်ငံ
ဒါ ရှခင်)
နှင့်
၊ မောင်မြ
ဒါ) မြဦး၊
မောင်အေး
ဒါ) အေးပု၊
မောင်မှတ်
၊ ၄။ သန်း
အောင်။

အငြင်းမပွါးနိုင်သည့် အချက်မှာ ပျောက်ဆုံးသွားသော ကားနံပါတ်ပြားကို ပြန်လည်ရရှိခဲ့သည်။ ထိုနံပါတ်ပြားနှင့်တကွ အခြားပစ္စည်း ၅ မျိုးကို သိမ်းဆည်းရာ၌ အသုံးပြုသည့် ပစ္စည်းရှာစာရင်းမှာ သက်သေခံအမှတ် (ဂ) ဖြစ်သည်။ ဦးခင်မောင်ရီက မောင်သန်းအောင်ထံမှ သက်သေခံအမှတ် (ဂ) ပစ္စည်းရှာစာရင်းတွင် ဖေါ်ပြထားသော ပစ္စည်းများကို သိမ်းဆည်းခဲ့ပါသည်ဟုထွက်ဆိုထားသည်။ စကား တရာ စာ တလုံးဟူသည့်အတိုင်း ထိုနံပါတ်ပြားကို သက်သေခံအမှတ်(ဂ)တွင်စာဖြင့် ရေးသားထားရကား၊ ဦးခင်မောင်ရီ၏ နှုတ်အစစ်ခံချက်၌ နံပါတ်ပြားကိုမေ့လျော့ပြီး ချန်ခဲ့ရုံကာမျှဖြင့်၊ ထိုနံပါတ်ပြားမှာ မည်သူ့ထံမှ သိမ်းဆည်းရမိကြောင်းမထင်ရှား ဟု ကောက်ယူဆုံးဖြတ်ရန်မသင့်ချေ။

အမှုစစ် တရားသူကြီးများသည် မိမိတို့ကိုယ်ကို ဒိုင်လူကြီးများသဘွယ်သာလျှင် မှတ်ယူရန်မဟုတ်၊ အမှန်ကိုဖေါ်ထုတ်ရန်အတွက် ဆီလျော်သည့် မေးခွန်းများကိုမေးမြန်းသင့်သည်။ ထိုကဲ့သို့အမှန်ကို ဖေါ်ထုတ်ရန်အတွက် လျော်ကန်သင့်မြတ်သည့် မေးခွန်းများကို မေးနိုင်ရန် ဥပဒေအာဏာများ အပ်နှင်းထားသည်။ သို့ဖြစ်လေရာ သက်သေကမေ့လျော့ပြီး ချန်လှပ်ထားရုံကာမျှဖြင့် ပစ္စည်းရှာစာရင်းတွင် အသေအချာဖေါ်ပြထားသော ပစ္စည်းမပါဝင်ဟု မယူဆနိုင်ချေ။

မောင်မှတ်ကြီးထံမှ သိမ်းဆည်းရမိသော ပစ္စည်းများအနက် အစိမ်းရောင်သုတ်ထားသည့်ကားပစ္စည်းများပါဝင်သည်။ထို့ပြင် မောင်မှတ်ကြီး၊ မောင်သန်းအောင်နှင့် မောင်အေးတို့အဆက်အသွယ်ရှိကြောင်း မှုလရုံးအမှုတွဲတွင်ရရှိသည့် သက်သေခံချက်များအရ ပေါ်လွင်သည်။ အယူခံအကြောင်းပြချက်၌ ဖေါ်ပြထားသည့်အတိုင်း ဂျစ်ကားဘာယာသုံးလုံးကို ကိုသောင်းထံမှသိမ်းဆည်းရမိခဲ့သည်။ ထိုတာယာများကို ကိုသောင်းအား အယူခံတရားခံမောင်အေးက ငွေ ၇၀၀ ကျပ်ဖြင့် ရောင်းချခဲ့ကြောင်း အငြင်းပွါးချက်မရှိချေ။ထိုကဲ့သို့ငွေ ၇၀၀ ကျပ်ခန့်တန်သော တာယာများကို ဘိနပ်ချုပ်သူများထံမှ ဝယ်ယူခဲ့ပါသည်ဆိုသော အကြောင်းပြချက်မှာ လုံးဝယုတ္တိမရှိနိုင်။ အယူခံတရားခံမှတ်ကြီးထံမှ သိမ်းဆည်းရမိသည့်တာယာတွင် အစိမ်းရောင်ဂွေတပ်ဆင်ထားသည်။ မောင်မှတ်ကြီးက ထိုဘာယာများကို အယူခံတရားခံမောင်အေးထံမှ ဝယ်ယူကြောင်းပစ္စည်းသိမ်းစဉ်က ထွက်ဆိုထားသည်။ထိုတာယာတွင် ဂွေပါနေသဖြင့် ဘိနပ်ချုပ်သူများထံမှဝယ်ယူခဲ့ပါသည်ဆိုသောမောင်အေး၏ခုခံချေပချက်မှာ အခြေအမြစ်မရှိချေ။ အယူခံတရားခံများထံမှ သိမ်းဆည်းရမိသောပစ္စည်းများကို ပစ္စည်းပြသခြင်းမပြုလုပ်ခဲ့သဖြင့် ထိုပစ္စည်းများနှင့်ပတ်သက်၍ သက်သေခံချက်တန်ဘိုးမှာ အလွန်ယုတ်လျော့နေသည်ဟု၊ အယူခံတရားခံများအတွက် လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်ကြီးများက တင်ပြသွားသည်။ ကားပစ္စည်းများကို ကားပိုင်ရှင်သည်

၁၉၇၁
ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်ရှုခင်) နှင့် ၁။ မောင်မြ (ခေါ်) မြဦး၊ ၂။ မောင်အေး (ခေါ်) အေးပု၊ ၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

အမှတ်အသားများနှင့်တကွ မှတ်မိရန် အလွန်ခဲယဉ်းသည်။ စက်ကျွမ်းကျင်သူ ကား မောင်းသမားသော်မှ မိမိတို့မောင်းနှင်သည့်ကားများမှ အစိတ်အပိုင်းများကို မှတ်မိနိုင်မည်မဟုတ်ချေ။ ဒေါ်ရှုခင်သည် မိမိ၏ကားကို အရောင်အဆင်းအားဖြင့်သာလျှင် ဖေါ်ပြနိုင်ခြင်းမှာ ထူးဆန်းသည်ဟုမဆိုသာချေ။ သက်သေခံကားပစ္စည်းများကိုတရားခံများထံမှ သိမ်းဆည်းရမိသည့် နေ့ရက်မှာလည်း၊ အချင်းဖြစ်ပြီး နှစ်လခန့်မျှသာ ကြာသောအခါဖြစ်သည်။ ထို့ကြောင့်အမှုတခုလုံးတွင် ရရှိသည့်သက်သေခံချက်များကို ခြုံ၍ကြည့်ရှုသောအခါ အယူခံတရားခံများသည် ရာဇသတ်ပုဒ်မ ၄၁၁ အရ မှုပြစ်ကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သည်။

ထို့ကြောင့်၊ အယူခံတရားခံမောင်မြ (ခ) မြဦးအပေါ်၌ မူလရုံးက တရားသေလွတ်ရန်ချမှတ်ထားသည့်အမိန့်ကို အတည်ပြုပြီး၊ ကျန်အယူခံတရားခံအပေါ် တရားသေလွတ်ရန် ချမှတ်ထားသည့်အမိန့်များကို ပယ်ဖျက်လိုက်သည်။ အယူခံတရားခံများဖြစ်ကြသော မောင်အေး (ခ) အေးပု၊ မောင်မှတ်ကြီးနှင့် မောင်သန်းအောင်တို့သည် ရာဇသတ်ပုဒ်မ ၄၁၁ အရ မှုပြစ်ကျူးလွန်ကြောင်း ထင်ရှားသဖြင့်၊ အလုပ်နှင့် ထောင်ဒဏ် ၄ လစီကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

အယူခံဘရားခံ မောင်မှတ်ကြီး အချုပ်တွင်နေခဲ့ရသည့် ရက်ပေါင်း ၇၂ ရက်ကို၊ ယခုကျခံရမည့် အလုပ်နှင့်ထောင်ဒဏ် ၄ လမှထုတ်နုတ်ရမည်။ ထို့အတူ အယူခံတရားခံမောင်အေး (ခ) အေးပုနှင့် မောင်သန်းအောင်တို့သည် အချုပ်တွင်နေခဲ့ရသည့် ရက်ပေါင်း ၇၃ ရက်ကိုလည်း၊ ယခုကျခံရမည့် အလုပ်နှင့် ထောင်ဒဏ် ၄ လမှ ထုတ်နုတ်ရမည်။

မူလရုံးရှေ့တွင် တင်သွင်းထားသည့် သက်သေခံပစ္စည်းများကို၊ ဒေါ်ရှုခင်အား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

† ၁၉၇၁

ဇွန် လ ၁၁ ရက်။

## ဦးဘွန်ဘိတ် ပါ (ဂ)

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံ*

**သမ္မာန်မှု—ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၄၄ (၁)—သမ္မာန်မှုတွင် တရားခံက ပြစ်မှုကျူးလွန်ကြောင်း ဝန်မခံလျှင် တရားခံများနှင့် ၎င်းတို့၏ သက်သေများကို စစ်ဆေးခြင်း မပြုဘဲ တရားသေလွှတ်နိုင် မနိုင်—ဝရမ်းမှုတွင် တရားလိုဘက်ကို စစ်ဆေးပြီး တရားခံကို မစစ်ဆေးပဲတရားရှင်လွှတ်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမှုမှာ သမ္မာန်မှုဖြစ်၍၊ ရာဇဝတ် ကျင့်ထုံး အခန်း ၂၀ တွင် ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ ၎င်းကျင့်ထုံး၏ ပုဒ်မ ၂၄၄ (၁) အရ၊ တရားခံက မှုပြစ်ကို ကျူးလွန်ပါသည်ဟု ဝန်မခံလျှင်၊ တရားသူကြီးသည်၊ တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေးပြီး၊ တရားခံက သက်သေခံချက် ပေးလိုသော ဆန္ဒရှိလျှင် သူ့ကို ကြားနာရမည်။ ထိုသို့ ဆန္ဒမရှိလျှင် သူ့ကို ရိုးရိုး စစ်ဆေးရမည်။ ထို့အပြင် သူ၏ သက်သေများကိုသည်း စစ်ဆေးရမည် ဖြစ်သည်။ ယခုအမှုတွင် တရားခံများ၏ ဆန္ဒကို တရားသူကြီးက မေးမြန်းခြင်း မရှိခဲ့ချေ။ ၎င်းကဲ့သို့ ပုဒ်မ ၂၄၄(၁) အရ၊ မေးမြန်း စစ်ဆေးကြားနာပြီးမှသာ မှုပြစ်ကျူးလွန်သည်ဟု မတွေ့ရှိလျှင်၊ ပုဒ်မ ၂၄၅ (၁) အရ၊ တရားသေလွှတ်ရမည်ဖြစ်သည်။ ပုဒ်မ ၂၄၄ (၁) အရ၊ တရားခံသည် အပြစ်မရှိပါဟု ငြင်းဆိုလျှင်၊ တရားလိုဘက်ကို စစ်ဆေးပြီး၊ တရားခံကို သက်သေအဖြစ်၊ သို့မဟုတ်၊ ရိုးရိုးအပြင် ၎င်း၏ သက်သေများကို မစစ်ဆေးပဲ မနေရပေ။ ၎င်းပုဒ်မ ၂၄၄ (၁) တွင် "and also" ဆိုသည့် စကားသည် အလွန် အရေးကြီးသည်။ ဝရမ်းမှုမှာဆိုလျှင် ပုဒ်မ ၂၅၂ (၁) အရ၊ တရားလိုဘက်ကို စစ်ဆေးပြီး တရားခံကို မစစ်ဆေးပဲ၊ ပုဒ်မ ၂၅၃(၁) အရ၊ မှုပြစ်မထင်ရှားလျှင် တရားခံကို တရားရှင်လွှတ်နိုင်သည်။ ထို့ပြင် ပုဒ်မ ၂၅၃ (၂) အရ၊ တရားလိုဘက်ကို စစ်ဆေး၍ မပြီးစီးမီပင် စွဲချက်တင်ရန်

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ် အထွေထွေလျှောက်လွှာ အမှတ် ၃၂။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၄၀၃ တွင် ၁၉၇၀ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့စွဲပါ စီရင်ချက်ကို မကျေနပ်၍ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားသော လျှောက်လွှာ။

အကြောင်းမရှိလျှင်၊ တရားခံကို တရားရှင်လွှတ်နိုင်သည်။ သမ္မာန်မှုတွင်ကား တရားခံက မှုပြစ်မကျူးလွန်ပါဟု ဆိုလျှင် နှစ်ဘက်စလုံးကို စစ်ဆေးရမည်။ ၁၉၇၁

*Union of Burma* v. *Ah Sein and two others*, 1955 B.L.R. 317 (H.C.) ကိုရည်ညွှန်းသည်။

ဦးဘွန်တိတ် ပါ ၈ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

**လျှောက်ထားသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ သခင်ချစ်။

**လျှောက်ထားခံရသူအတွက်။** ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

တရားသူကြီး ဦးကျော်ဇံဦး။ ။လျှောက်ထားသူတို့ကို ဘိုကလေးမြို့ (၂)ရာဘက် ရာဇဝတ် တရားသူကြီး (ဦးသိန်းညွန့်၊ ဒုတိယတန်းအာဏာရ)ရုံးသို့ လောင်းကစား အက်ဥပဒေပုဒ်မ ၁၁/၁၂ အရ၊ ရဲကတရားစွဲတင်ပို့ခဲ့ရာ၊ သမ္မာန်မှုအဖြစ် စစ်ဆေးရာ အပြစ်မရှိပါဟု ထုချေကြသဖြင့်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၄(၁)အရ တရားလိုပြသက်သေသုံးယောက်ကို စစ်ဆေး၍ တဆက်တည်း နှစ်ဖက်လျှောက်လဲချက်များကိုကြားနာပြီး၊ ပုဒ်မ ၂၄၅(၁)အရ တရားသေလွှတ်ခဲ့သည်။ ဖမ်းဆီးမိသောငွေများကိုလည်း လျှောက်ထားသူကိုယ်ရှုန်၊ ကိုခင်မောင်နှင့် ကိုချစ်မောင်တို့အား ပြန်ပေးစေပြီး၊ ကျန်သက်သေခံပစ္စည်းများကို ပြင်ဆင်ရက်ကျော်လွန်က ဖျက်ဆီးစေရန်၊ ၁၉၆၈ ခု၊ သြဂုတ်လ ၁၂ ရက်နေ့က အမိန့်ချမှတ်ခဲ့ရာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက မကျေနပ်၍၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ၊ ၄၁၇ အရ အယူခံဝင်ခဲ့ရာ၌ တခြားအကြောင်းပြချက်များအပြင် မူလရုံးတရားသူကြီးသည် အမှုကိုသမ္မာန်နည်းဖြင့် စစ်ဆေးသော်လည်း တရားခံများအား၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၄(၁)၏ ပြဋ္ဌာန်းချက်များအတိုင်း စစ်ဆေးခဲ့ခြင်းမရှိဟု တင်ပြရာ၊ တရားရုံးချုပ်ကလက်ခံ၍ မူလရုံး၏ တရားသေလွှတ်ခဲ့သောအမိန့်ကို ပယ်ဖျက်၍၊ မိမိကိုယ်တိုင်ဖြစ်စေ၊ တခြားတရားသူကြီးတဦးဦးအားဖြစ်စေ၊ အမှုကို အသစ်တဖန်ပြန်လည်စစ်ဆေးရန်၊ ခရိုင်ရာဇဝတ်တရားသူကြီးအား ညွှန်ကြားလျက် ၁၉၇၀ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်ကို၊ လျှောက်ထားသူများ၊ (မူလတရားခံများ) က မကျေနပ်၍ အယူခံဝင်ရန်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်တောင်း၍ ၎င်းတို့၏တရားရုံးချုပ်ရှေ့နေနှင့် လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်တို့၏ လျှောက်လဲချက်များကို ကျွန်ုပ်တို့ကြားနာခဲ့သည်။

လျှောက်ထားသူများ၏ တရားရုံးချုပ်ရှေ့နေက သမ္မာန်မှုတွင်၊ တရားခံများနှင့် ၎င်းတို့၏သက်သေများကို စစ်ဆေးခြင်းမပြုပဲ၊ နှစ်ဖက်လျှောက်လဲချက်များကို ကြားနာပြီး တရားသေလွှတ်ခဲ့ရုံမျှဖြင့် အမှုတခုလုံးကိုပယ်ဖျက်ခြင်း မပြုသင့်ပါဟုလျှောက်လဲသည်၊ ပျက်ကွက်ခြင်းသည် ကုစား၍ရနိုင်သော ချို့ယွင်းချက်မျှသာဖြစ်ကြောင်း

၁၉၅၁

ဦးဘွန့်တိတ် ပါ ၈ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ယူဆလင့်ပါသည်ဟု တင်ပြသည်။ ဤတင်ပြလျှောက်လဲချက်များကို ကျွန်ုပ်တို့လက်ခံ ရန်မဖြစ်နိုင်ပေ။

အမှုမှာ သမ္မာန်မှုဖြစ်၍၊ ရာဇဝတ်ကျင့်ထုံးအခန်း ၂၀ တွင်ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ ဤကျင့်ထုံး၏ပုဒ်မ ၂၄၄ (၁) သည် အိန္ဒိယပြည်ပုဒ်မ ၂၄၄ (၁) နှင့် ကွဲလွဲသည်။ ကျွန်ုပ်တို့ဥပဒေက ဤသို့ဆိုသည်—

> "244. (1) If the Magistrate does not convict the accused under section 243 or if the accused does not make such admission, the Magistrate shall proceed to hear the complainant (if any) and take all such evidence as may be produced in support of the prosecution and also, if the accused desire to give evidence on his own behalf, to hear the accused, or, if the accused does not desire to give evidence, to examine the accused, and take all such evidence as the accused produces in his defence; provided that the Magistrate shall not be bound to hear any person as complainant in any case in which the complaint has been made by a Court."

တရားခံက မှုပြစ်ကိုကျူးလွန်ပါသည်ဟု ဝန်ခံလျှင်၊ တရားသူကြီးသည် တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးပြီး၊ တရားခံက သက်သေခံချက်ပေးလိုသော ဆန္ဒရှိလျှင် သူ့ကိုကြားနာရမည်။ ထိုသို့ဆန္ဒမရှိလျှင် သူ့ကိုရိုးရိုးစစ်ဆေးရမည်။ ထို့ပြင် သူ၏သက်သေများကိုလည်း စစ်ဆေးရမည်ဖြစ်သည်။ ယခုအမှုတွင် တရားခံများ၏ ဆန္ဒကို တရားသူကြီးက မေးမြန်းခြင်းမရှိခဲ့ချေ။ ဤကဲ့သို့ပုဒ်မ ၂၄၄ (၁) အရ မေးမြန်း စစ်ဆေးကြားနာပြီးမှသာ မှုပြစ်ကျူးလွန်သည်ဟု မတွေ့ရှိလျှင်၊ ပုဒ်မ ၂၄၅ (၁) အရ တရားသေလွှတ်ရမည်ဖြစ်သည်။ ပုဒ်မ ၂၄၄ (၁) အရ တရားခံသည် အပြစ်မရှိပါဟု ငြင်းဆိုလျှင်၊ တရားလိုဘက်ကိုစစ်ဆေးပြီး၊ တရားခံကိုသက်သေအဖြစ် သို့မဟုတ် ရိုးရိုးအပြင် ၎င်း၏သက်သေများကို မစစ်ဆေးပဲ မနေရပေ။ ဤပုဒ်မ ၂၄၄ (၁) တွင် "and also" ဆိုသည့် စကားသည် အလွန်အရေးကြီးသည်။ ဝရမ်းမှုမှာဆိုလျှင် ပုဒ်မ ၂၅၂ (၁) အရ၊ တရားလိုဘက်ကိုစစ်ဆေးပြီး တရားခံကိုမစစ်ဆေးပဲ၊ ပုဒ်မ ၂၅၃ (၁) အရ မှုပြစ်မထင်ရှားလျှင် တရားခံကို တရားရှင်လွှတ်နိုင်သည်။ ထို့ပြင်ပုဒ်မ ၂၅၃ (၂) အရ တရားလိုဘက်ကိုစစ်ဆေး၍ မပြီးစီးမီပင် စွဲချက်တင်ရန်အကြောင်းမရှိလျှင်၊ တရားခံကို တရားရှင်လွှတ်နိုင်သည်။ သမ္မာန်မှုတွင်မူကား၊ တရားခံက မှုပြစ်မကျူးလွန်ပါဟု ဆိုလျှင်၊ နှစ်ဘက်စလုံးကိုစစ်ဆေးရမည်။ *Union of Burma* v. *Ah Sein and two others* (1) စီရင်ထုံး၌ သမ္မာန်မှုတွင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၄ (၁) အရ တရား

(1) 1955 B.L.R. 317 (H.C.).

လိုသို့မဟုတ်၊ တရားလိုပြသက်သေများကိုမစစ်ဆေးပဲ တရားသေလွှတ်ခြင်းသည် တရားနည်းလမ်းမဟုတ်သည့်အပြင်၊ ပုဒ်မ ၅၃၇ အရလည်း ကုသ၍မရသဖြင့် အမှုကိုအသစ်တဖန်ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် *U Ba Aye and Three others* v. *The Union of Burma* (2) အမှုစီရင်ထုံးတွင်လည်း မပြု၊ မလုပ်မနေရဟု ဥပဒေကပြဋ္ဌာန်းထားလျှင် တရားမျှတမှုရှိစေရန် လိုက်နာရမည်။ မလိုက်နာလျှင် မှားယွင်းချို့ယွင်းချက်များကို ကုသ၍မရဟုပြဋ္ဌာန်းထားသည်။ ၎င်းစီရင်ထုံး၌ သမ္မာန်မှုတွင်တရားခံအား အမှုနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၂ အရစွပ်စွဲချက်များကို နားလည်အောင် ရှင်းပြခြင်းမပြုလုပ်ခဲ့သည်မှာ တရားနည်းလမ်းမကျသဖြင့်၊ ပုဒ်မ ၅၃၇ အရ မကုသနိုင်ဟု စာမျက်နှာ၅၅၁ တွင်—

> "Section 537 of the Criminal Procedure Code applies to mere errors of procedure arising out of mere inadvertence and not to substantive errors of law or to cases of disregard or disobedience of the mandatory provisions of law."

ဟုပြဋ္ဌာန်းထားသည်။

အထက်ပါအကြောင်းများကြောင့်၊ ၎င်းလျှောက်လွှာကို ခွင့်ပြုရန်အကြောင်းမမြင်သဖြင့် ကျွန်ုပ်တို့ပယ်လိုက်သည်။

(2) 1958 B.L.R. 548 (H.C.).

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

†၁၉၇၁

ဧပြီလ ၂၉ ရက်။

မောင်အောင်ရှင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ*

**ကာကွယ် ခုခံပိုင်ခွင့်—လူတဦးသည် ရန်မူခြင်း ခံနေရသည့် အချိန်တွင် ပွဲကြည့်သူ တဦးအနေဖြင့် ခေါင်းအေးအေးထားပြီး ကာကွယ် ခုခံ ပိုင်ခွင့်ကို တဆင့်ပြီး တဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးဆရန် အချိန်ရနိုင်မည် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သေသူ မောင်ချစ်ဟန်သည် စတင်၍ ရန်မူသူဖြစ်သည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့် အတူပါလာသော **မောင်ချစ်မြထံ၌လည်း ပေါက်တူးတလက် ပါလာသည်။** မောင်ချစ်ဟန်က အယူခံတရားလိုအား ဓါးနှင့်ခုတ်ရာ၊ အယူခံတရားလိုကို မထိဘဲ ဓါးသည် မြေကြီး ပေါ်သို့ကျသွားသည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့်အတူ မောင်ချစ်မြလည်းရှိနေရာ၊ အယူခံတရားလို အနေဖြင့် ၎င်းအား မောင်ချစ်မြသည် ပေါက်တူးဖြင့် ရန်မူခြင်း မပြုဟု မဆိုနိုင်ပေ။ မောင်ချစ်ဟန်က လည်း မြေကြီးပေါ်သို့ ကျသွားသော ဓါးကို ကောက်ယူပြီး၊ အယူခံတရားလိုအား နောက်ထပ် မခုတ်ဟု မဆိုသာချေ။ ယခုကဲ့သို့ လူတဦးသည် ရန်မူခြင်းခံနေရသည့် အချိန်တွင်၊ ထိုသူသည်၊ မိမိ၏ လွှက်ရာ လွတ်ကြောင်းကို ဖြစ်သည့်နည်းနှင့် ပြုမည်သာ ဖြစ်သည်။ ပွဲကြည့်သူ တဦးအနေဖြင့် ခေါင်းအေးအေးထားပြီး၊ ကာကွယ်ခုခံပိုင်ခွင့်ကို တဆင့်ပြီးတဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေး တောချိန်ဆနေရန် အချိန်ရနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံ တရားလိုသည် မိမိအား ရန်မူ သူကို မြေကြီးပေါ်သို့ လွတ်ကျသွားသည့် ရန်မူသူ၏ ဓါးနှင့် တချက် ပြန်ခုတ်လိုက်ခြင်းသည် ဥပဒေခွင့်ပြုထားသော ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟု ဆိုရန် ခဲယဉ်းပေသည်။ **မောင်ကတုံး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၇၊ မြန်မာပြည် စီရင်ထုံး၊ ၆၆၁ ကို ရည်ညွှန်းသည်။**

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးစံသိန်း။

**အယူခံတရားခံအတွက်။** ။အစိုးရေတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်။

---

*၁၉၇၀ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၄၆၉။

†၁၉၆၉ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၃ တွင် ချမှတ်သော၊ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့စွဲပါ မအူပင်မြို့၊ ဒုတိယအထူး တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၇၁
F ———
မောင်အောင်ရှင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလို မောင်အောင်ရှင် အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ၊' အလုပ်နှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည့် မအူပင်မြို့၊ ဒုတိယ အထူး တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

လွန်ခဲ့သည့် ၁၃၃၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့နံနက်က၊ မအူပင်မြို့နယ်၊ အညာစုရွာ ဇရပ်၌ ရွာလုံးကျွတ် စုပေါင်း ပငါရဏာအလှူပွဲရှိသည်။ နံနက် ၉ နာရီခန့် အချိန်တွင် အလှူပွဲ၌ လုပ်အားပေးနေကြသော မောင်နက်နှင့် မောင်အောင်တင်တို့သည် တယောက် တခွန်းစကားများပြီး ရန်ဖြစ်ကာ ထိုးကြိတ်ကြရာ၊ အနီးရှိ လူများက ဖြန်ဖြေပေးလိုက်ရသည်။ မောင်အောင်တင်ကို ၎င်း၏ အစ်ကို အယူခံတရားလို မောင်အောင်မှုင်၊ ဝမ်းကွဲအစ်ကို မောင်ကျော်မြနှင့်အတူ မောင်သောင်းငွေတို့က၊ အလှူဇရပ်မှ နေအိမ်သို့ ပြန်ပို့ရန် ခေါ်လာကြသည်။ မောင်နက်ကိုမူ၊ အခြားလူများက ဇရပ်ပေါ်၌ ခေါ်ထားလိုက်သည်။ ထိုသို့ မောင်အောင်တင်ကို နေအိမ်သို့ ပြန်ပို့ရန် ခေါ်လာစဉ် လမ်း၌ မောင်နက်၏ အစ်ကို သေသူ မောင်ချစ်ဟန်၊ မောင်ချစ်မြစ် (လိုပြ-၁) တို့နှင့် ဆုံမိကြသည်။ မောင်နက်နှင့် မောင်အောင်တင်တို့ ရန်ဖြစ်ကြစဉ်၊ အလှူဇရပ်၌ မောင်နက်၏ နှမ မတင်ဝင်းလည်း ရှိနေသဖြင့်၊ မတင်ဝင်းသည် ဇရပ်မှ အိမ်သို့ ပြန်ပြေးလာပြီး၊ အစ်ကိုများဖြစ်ကြသည့် မောင်ချစ်မြနှင့် သေသူ မောင်ချစ်ဟန်တို့ကို တိုင်ပြောသည်။ ထို့ကြောင့် သေသူ မောင်ချစ်ဟန်သည် ဓါးကိုဆွဲ၍ ဇရပ်ဆီသို့ ပြေးသွားသည်။ ဦးထန်းရှန် (လိုပြ-၃) ၏ ထွက်ဆိုချက်အရ၊ မောင်ချစ်မြထံ၌လည်း ပေါက်တူး တလက် ပါလာကြောင်း တွေ့ရသည်။ ၎င်းတို့သည် မောင်အောင်တင်၊ မောင်အောင်ရှင်၊ မောင်ကျော်မြ၊ မောင်သောင်းငွေတို့နှင့် ဆုံမိကြသောအခါ၊ သေသူ မောင်ချစ်ဟန်က အယူခံ တရားလိုအား ဓါးနှင့် ဝင်ခုတ်သည်။ သို့ရာတွင် မောင်အောင်ရှင်က ရှောင်လိုက်သဖြင့်၊ ဓါးမှာ မြေကြီးပေါ်သို့ လွတ်ကျသွားသည်။ ထိုအခါ မောင်အောင်ရှင်သည် သေသူ မောင်ချစ်ဟန်၏ ဓါးကို ကောက်ယူ၍၊ မောင်ချစ်ဟန်အား တချက်ခုတ်ပြီး နောက် ထွက်ပြေးသွားသည်။ ထိုကဲ့သို့ ထွက်ပြေးသွားစဉ်က မောင်အောင်ရှင်၏ ဦးခေါင်း၌ ရှတ်ပြဲသည့် ဒဏ်ရာ တချက်လည်း ရရှိခဲ့ကြောင်း တွေ့ရသည်။

ဒဏ်ရာရရှိသည့် မောင်ချစ်ဟန်ကို မအူပင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်၍ ဆေးရုံမှ ကုသသော်လည်း သက်သာခြင်း မရှိသဖြင့်၊ ရန်ကုန်မြို့ ပြည်သူ့ ဆေးရုံကြီးသို့ ဆက်လက်တင်ပို့ပြီး ကုသသော်လည်း မသက်သာဘဲ၊ ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၌ သေဆုံးသွားသည်။ မောင်ချစ်ဟန်၏ အလောင်းကို စစ်ဆေးသောအခါ၊

၁၉၇၁ — မောင်အောင်ရှင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လက်ဝဲဘက် နားထင်တွင် ထိပြတ်သည့် ဒဏ်ရာတချက် တွေ့ရသည်။ ထိုဒဏ်ရာကြောင့် ဦးခွံ ရိုးကွဲသွားပြီး၊ ဦးနှောက် အမြှေးပါးပေါ်၌ သွေးများအုခဲ၍ ဦးနှောက်အား ဖိခြင်းကြောင့် သေရပါသည်။ ထိုဒဏ်ရာမှာ မုချ သေစေမည့် ဒဏ်ရာ တခုဖြစ်ပါသည်ဟု ဆရာဝန် ဦးမြက မောင်ချစ်ဟန်အား လက်ခံကုသပေးရသည့် ဆရာဝန် ဦးမောင်သိန်းနှင့် ဦးမောင်မောင်တိတ်တို့ ကိုယ်စား ထွက်ဆို ထင်မြင်ချက်ပေးသွားသည်။ အထက်ပါ အချက်အလက်များမှာ၊ မှုလရုံးမှ တရားလို၊ တရားခံပြသက်သေများကို သေချာစွာ သုံးသပ်ပြီး နောက် တွေ့ရှိရသည့် အချက်အလက်များပင်ဖြစ်သည်။ ကျွန်ုပ်တို့ အနေဖြင့် တရားလို၊ တရားခံပြ သက်သေ ထွက်ချက်များကို သေချာစွာဘတ်ရှု လေ့လာကြည့်ရာ၊ အထက်ပါ မူလရုံး၏ တွေ့ရှိချက်သည် မှန်ကန်ကြောင်း တွေ့ရသဖြင့် လက်ခံရမည်ဖြစ်သည်။

ယခုအမှုတွင် တခုတည်းသော ပြဿနာကိုသာ စဉ်းစားရန်ရှိသည်။ ထိုပြဿနာမှာ အယူခံ တရားလိုက မောင်ချစ်ဟန်အား ဓါးနှင့် ခုတ်ရာ၌ ဥပဒေက ခွင့်ပြုထားသည့် ကာကွယ်ခုခံပိုင်ခွင့် အတွင်း ကျရောက်ခြင်းရှိ မရှိ ဆိုခြင်းပင် ဖြစ်သည်။ မှုလရုံးမှ တွေ့ရှိချက်အရ၊ အယူခံ တရားလိုနှင့် ၎င်း၏ အပေါင်းများသည်၊ အလှူရေပ်မှ အိမ်သို့ အေးဆေးစွာ ပြန်လာကြရာ သေသူ မောင်ချစ်ဟန်သည် အယူခံ တရားလိုအား ဓါးနှင့် ဝင်ခုတ်သည်။ ကံကောင်း ထောက်မသဖြင့် အယူခံ တရားလိုကို မထိဘဲ၊ ဓါးမှာ မြေကြီးပေါ်သို့ လွတ်ကျသွားသည်။ ထိုကဲ့သို့ လွတ်ကျသွားသော ဓါးကို အယူခံ တရားလိုက ကောက်ယူပြီး၊ မောင်ချစ်ဟန်အား တချက်ပြန်ခုတ်ခဲ့ခြင်းဖြစ်သည်။ မှုလရုံးက အယူခံ တရားလိုသည် သေသူ မောင်ချစ်ဟန်၏ ဓါးကို ၎င်း၏ လက်ဝယ် ရရှိသည့်အချိန်၌၊ သေစေလောက်သည့် အသက် အန္တရာယ် စိုးရိမ်တွယ်ရာ အကြောင်းမရှိတော့သဖြင့်၊ မောင်ချစ်ဟန်အား သေသည်အထိ ကာကွယ်ခုခံသည့် အနေဖြင့် မပြုနိုင်ဟု ကောက်ယူခဲ့သည်။ အယူခံ တရားလို အတွက် လိုက်ပါ ဆောင်ရွက်သည့် တရားရုံးချုပ် ရှေ့နေ ဦးစံသိန်းက၊ ဓါးလွတ်ကျသည့် အချိန်၌ သေသူ မောင်ချစ်ဟန်တွင် လက်နက် တစုံတရာမရှိသည်မှာ မှန်သော်လည်း မောင်ချစ်ဟန်သည် ထိုဓါးကို ကောက်ယူ၍ အယူခံ တရားလိုအား ရန်မူနိုင်သည့် အခြေအနေရှိနေသေးသဖြင့်၊ အယူခံ တရားလိုက ဓါးကို ကောက်ပြီး မောင်ချစ်ဟန်အား တချက်ခုတ်လိုက်ခြင်းသည်၊ ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးပြုရာ မရောက်ပါဟု တင်ပြသွားသည်။

အထက်၌ ဖေါ်ပြခဲ့သည့် အတိုင်း၊ သေသူ မောင်ချစ်ဟန်သည် စတင်၍ ရန်မူသူဖြစ်သည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့် အတူပါလာသော မောင်ချစ်မြထံ၌လည်း ပေါက်တူး တလက်ပါလာသည်။ မောင်ချစ်ဟန်က အယူခံ တရားလိုအား ဓါးနှင့်

**၁၉၇၁**

**မောင်အောင်ရှင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။**

ချာ်ရာ၊ အယူခံ တရားလိုကို မထိဘဲ ဓါးသည် မြေကြီးပေါ်သို့ ကျသွားသည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့်အတူ မောင်ချစ်မြလည်း ရှိနေရာ၊ အယူခံ တရားလို အနေဖြင့် ၎င်းအား မောင်ချစ်မြသည် ပေါက်တူးဖြင့် ရန်မူခြင်း မပြုဟု မဆိုနိုင်ပေ။ မောင်ချစ်ဟန်ကလည်း မြေကြီးပေါ်သို့ ကျသွားသော ဓါးကို ကောက်ယူပြီး၊ အယူခံ တရားလိုအား နောက်ထပ် မခုတ်ဟု မဆိုသာချေ။ ယခုကဲ့သို့ လူတဦးသည် ရန်မူခြင်း ခံနေရသည့် အချိန်တွင်၊ ထိုသူသည် မိမိ၏ လွတ်ရာလွတ်ကြောင်းကို ဖြစ်သည့်နည်းနှင့် ပြုမည်သာဖြစ်သည်။ ပွဲကြည့်သူ တဦးအနေဖြင့် ခေါင်းအေးအေးထားပြီး၊ ကာကွယ် ခုခံပိုင်ခွင့်ကို တဆင့်ပြီးမှ တဆင့် မည်ကဲ့သို့ပြုလုပ်ရမည်ဟု စေ့စေ့တော ချိန်ဆနေရန် အချိန်ရနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံ တရားလိုသည် မိမိအား ရန်မူသူကို မြေကြီးပေါ် သို့လွတ်ကျသွားသည့် ရန်မူသူ၏ ဓါးနှင့်တချက် ပြန်ခုတ်လိုက်ခြင်းသည် ဥပဒေ ခွင့်ပြုထားသော ကာကွယ် ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟု ဆိုရန် ခဲယဉ်းပေသည်။ **မောင်ကတုံး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) အမှုတွင်၊ ဓါးကိုင်၍ သွားနေသောတရားခံ၏ နောက်မှ သေသူက မှိန်းဖြင့် လိုက်လံပြီး ထိုးရာ၊ တရားခံကို မထိဘဲ မှိန်းသည် မြေကြီးသို့ ကျသွားစဉ်၊ တရားခံက သေသူကို ဓါးနှင့်ခုတ်ခြင်းသည် ကာကွယ်ခုခံပိုင်ခွင့် အတွင်း ကျရောက်သည်ဟု အုံးဖြတ်ထားသည်ကို ရည်ညွှန်းနိုင်ပေသည်။

အထက်ပါ အကြောင်းများကြောင့်၊ အယူခံ တရားလိုသည် မောင်ချစ်ဟန်အား သေစေရာ၌၊ ဥပဒေက ခွင့်ပြုထားသော ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်ခြင်း မရှိသည့် အလျောက်၊ ၎င်း၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်သဖြင့်၊ မူလရုံးမှ ၎င်း အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ ပြစ်မှု ထင်ရှားသည်ဆိုသော မတွေ့ရှိချက်ကို ပယ်ဖျက်လိုက်သည်။ ၎င်းအား ဤအမှုနှင့် ပတ်သက်၍ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

(၁) ၁၉၄၇၊ မြန်မာပြည် စီရင်ထုံး၊ ၆၆၁။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးလှသင်းတို့ရှေ့တွင်

† ၁၉၇၁

အောက်တိုဘာ
လ ၁၄ ရက်။

ဒေါ်ကျင်ရှိန်

နှင့်

ဒေါ်အေးမှင်*

**သက်သေခံပစ္စည်းကို အပ်နှံခံရသူက၊ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလျှင်ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၄ အရသော်လည်းကောင်း၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရသော်လည်းကောင်း အရေးယူနိုင် မယူနိုင်။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ် သက်သေခံ ပစ္စည်းကို လျှောက်ထားခံရသူ (တရားခံ) အား မူလတရားရုံးကသာ ပေးအပ်ခဲ့ခြင်းဖြစ်၍၊ ဤအဆင့်မှာ မူလတရားရုံးကသာလျှင် သက်သေခံ ပစ္စည်းနှင့်ပတ်သက်ပြီး အရေးယူပိုင်ခွင့်ရှိသည်။ မည်သို့ အရေးယူရမည်မှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၄ ၏ ပြဋ္ဌာန်းချက်အရသာဖြစ်သည်။ အချင်းဖြစ် သက်သေခံ ပစ္စည်းမှာ ရာဇဝတ်ကြီး မှုအမှတ် ၁၄၅၅/၆၂ မှ ပစ္စည်းဖြစ်၍၊ ယင်းအမှုကို စစ်ဆေး၍ ပြီးပြီးသောအခါ၊ မူလရုံးအနေဖြင့် သင့်တော်သည့်အမိန့်တရပ် ချမှတ်ရပါမည်။ အကယ်၍ ချမှတ်သည့် အမိန့်အတိုင်း လျှောက် ထားခံရသူ (တရားခံ) က သက်သေခံပစ္စည်းကို မူလရုံးသို့ မပေးအပ်နိုင်ပါက၊ မူလရုံးသည် ခံဝန်မှာသတ်မှတ်ထားသည့် ငွေတန်ဘိုးကို ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သည်။ ခံဝန်မှာသတ်မှတ် ထားသည့်ငွေနှင့် လုံလောက်ခြင်း မရှိဟု လျှောက်ထားသူက ယူဆပါက၊ ၎င်းမှာ တရားမကြောင်း အရအရေးယူနိုင်ခွင့်ရှိသေးသည်။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။တရားရုံးချုပ် ရှေ့နေ ဦးစံသိန်း (၁)။
**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးအေးမောင်။

**တရားသူကြီး ဦးလှသင်း။** ။ရန်ကုန်မြို့၊ ဒဿမရာဘက် ရာဇဝတ်တရားသူကြီး (အထူး) ရုံး၊ ရာကြီးမှုအမှတ် ၁၄၅၅/၆၂ မှ သက်သေခံပစ္စည်းဖြစ်သည့်လော်လီကား ကို ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့စွဲပါတရားရုံးချုပ်၏ အမိန့်ဖြင့် လျှောက်ထား

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၀ (ခ)။
† ၁၉၆ဂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၆ တွင်ချမှတ်သော ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့စွဲပါ ရန်ကုန်ခရိုင် ရာဘက်စက်ရှင်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၁ ဒေါ်ကျင်ရှိန်နှင့် ဒေါ်အေးမှင်။

ခံရသူအား တသောင်းတန် ခံဝန်ချုပ်နှစ်ယောက်ဖြင့်ခေတ္တအပခဲ့သည်။ ဤသက်သေခံပစ္စည်းကိုလျှောက်ထားခံရသူက ထုခွဲရောင်းချ၍ လျှောက်ထားသူသည် လျှောက်ထားခံရသူအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ ဖြင့်အရေးယူပေးပါရန်ဒသမရာဘက် ရာဇဝတ်တရားသူကြီးရုံးရာဇဝတ်ကြီးမှု အမှတ် ၇၅၆/၆၇တွင်ဦးတိုက်လျှောက်ထားခဲ့သည်။မူလရုံးက တရားလိုအား၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၀၃ အရလျှောက်လွှာကိုပယ်လိုက်သည်။ယင်းအမိန့်ကိုမကျေနပ်၍ရန်ကုန်-ဟံသာဝတီရာဘက်စက်ရှင်ရုံး ပြင်ဆင်မှုအမှတ် ၃၆/၆၇ တွင်လျှောက်လွှာတင်သွင်းပြန်ရာ ရာဘက်စက်ရှင် တရားသူကြီးကလည်း လျှောက်လွှာကို ပယ်လိုက်သဖြင့် ဤပြင်ဆင်မှုလျှောက်လွှာတင်လာခြင်းဖြစ်သည်။

မူလရုံး၏ အကြောင်းပြချက်မှာသက်သေခံလော်လီကားကို တရားလိုက တရားခံအား အပ်နှံထားသည့် ပစ္စည်းမဟုတ်၊ ထိုပြင်တရားခံက အခြားသူတဦးထံသို့ ရောင်းချလိုက်သည်ဆိုခြင်းနှင့် ပတ်သက်၍ တရားခံအပေါ် ကျင့်ထုံးပုဒ်မ ၅၁၄ အရ အရေးယူနိုင်ရန် စုံစမ်းဆဲဖြစ်သည်။ထိုပြင် ယင်းအမှုမှာ ဆုံးခန်းတိုင်မရောက်သေးသဖြင့် တရားခံအား ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရအရေးယူရန် အကြောင်းပေါ်လွင်မှု မတွေ့ရဟု အကြောင်းပြ၍ လျှောက်ထားသူ၏ လျှောက်ထားချက်ကို ပယ်လိုက်သည်။

လျှောက်ထားသူ (တရားလို) က တင်ပြသည်မှာ အမှုစစ်ဆေးနေဆဲတွင် တရားရုံးက တဦးတယောက်အားသက်သေခံပစ္စည်းကို ရုံးကအလိုရှိသောအခါ ယူလာပါမည်ဟု ခံဝန်ချုပ် ချုပ်၍ ခေတ္တပေးထားရာမှ ထိုသက်သေခံပစ္စည်းကိုအပ်နှံခံရသူက မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလျှင် ၎င်းအား ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၄ အရသော်လည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရသော်လည်းကောင်း နှစ်နည်းဖြင့် အရေးယူနိုင်ကြောင်း တင်ပြသည်။

အချင်းဖြစ် သက်သေခံပစ္စည်းကို လျှောက်ထားခံရသူ (တရားခံ) အား မူလတရားရုံးကသာပေးအပ်ခဲ့ခြင်းဖြစ်၍၊ ဤအဆင့်မှာ မူလတရားရုံးကသာလျှင် သက်သေခံပစ္စည်းနှင့်ပတ်သက်ပြီး အရေးယူပိုင်ခွင့်ရှိသည်။ မည်သို့အရေးယူရမည်မှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၄ ၏ပြဋ္ဌာန်းချက်အရသာ ဖြစ်သည်။ အချင်းဖြစ် သက်သေခံပစ္စည်းမှာ ရာဇဝတ်ကြီးမှုအမှတ် ၁၄၅၅/၆၂ မှပစ္စည်းဖြစ်၍ ယင်းအမှုကို စစ်ဆေး၍ ပြီးစီးသောအခါ မူလရုံးအနေဖြင့် သင့်တော်သည့်အမိန့်တရပ် ချမှတ်ရပါမည်။ အကယ်၍ ချမှတ်သည့်အမိန့်အတိုင်း လျှောက်ထားခံရသူ (တရားခံ) က သက်သေခံပစ္စည်းကို မူလရုံးသို့ မပေးအပ်နိုင်ပါက၊မူလရုံးသည် ခံဝန်မှာ သတ်မှတ်ထားသည့်ငွေ တန်ဘိုးကို ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သည်။ ခံဝန်မှာ သတ်မှတ်ထားသည့်ငွေနှင့် လုံလောက်ခြင်းမရှိဟု လျှောက်ထားသူက ယူဆပါက ၎င်းမှာ တရားမကြောင်းအရ အရေးယူနိုင်ခွင့်ရှိသေးသည်။ သို့ပါ၍ လျှောက်လွှာကို ပယ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးလှသင်းတို့ရှေ့တွင်

† ၁၉၇၁ ဒေါ်ချစ်မယ်

ဇီဗဘော်လ နှင့်

၂၈ ရက်။ ပြည်ထောင်စု မြန်မာနိုင်ငံ (မောင်ဖြူတင်)*

**တရားခံ၏ပြုမှုချက်သည် ရာဇသတ်ကြီး၏ အထွေထွေကင်းလွတ်ချက်တခုနှင့် အကျုံးဝင်နေကြောင်း တရားလိုပြသက်သေများ၏ ထွက်ချက်အရ ပေါ်လွင်နေ၍ တရားခံအား တရားရှင်လွှတ်လိုက်ခြင်း—သက်သေခံ ဥပဒေပုဒ်မ ၁၀၅ နှင့် ဆန့်ကျင်ခြင်းရှိ မရှိ—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြ သက်သေများ၏ ထွက်ချက်—သက်သေခံဝင်၍ တရားခံအပေါ် စဉ်းစားနိုင်ခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။သက်သေခံဥပဒေပုဒ်မ ၁၀၅ အရ၊ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်းခံရသည့် တရားခံတဦးက၊ မိမိ၏ပြုလုပ်မှုသည် ရာဇသတ်ကြီး၏ အထွေထွေ ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်သည်ဟု ဆိုလာလျှင်၊ ထိုအဆိုပြုချက်ကို သက်သေထူရန် တာဝန်သည် ၎င်းအပေါ် ၌တည်ရှိနေသည်မှာမှန်၏။ **သို့ရာတွင် အမှု၌ ပေါ်ပေါက်လျက်ရှိသော သက်သေအထောက်အထားများအရပင်** တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်ချက်တခုခုနှင့် အကျုံးဝင်ကြောင်းတွေ့ရှိပါက၊ ထိုအချက်ကို တရားခံ၏ အကျိုးအလို့ငှါ ထည့်သွင်း စဉ်းစားနိုင်ပေသည်။ တရားခံကိုယ်တိုင်က ၎င်း၏ ပြုလုပ်မှုသည် ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်ပါသည်ဟု ထုချေခြင်း မပြုသော်လည်း၊ တရားလိုသက်သေများ၏ ထွက်ချက်အရပင် ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်နေကြောင်း ပေါ်ပေါက်ပါက တရားရုံးမှ တရားခံအတွက် ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။ **အစိုးရ နှင့် လှမောင်၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၅၀။** ။**မောင်မှတ် နှင့် ပြည်ထောင်စု၊ ၁၉၅၄၊** မြန်မာပြည်စီရင်ထုံး၊ ၂၈ (တရားလွှတ်တော်) တို့ကို ကိုးကားသည်။ ။အမှု၏အဖြစ်အပျက် အကြောင်းအရာတို့ကပင် တရားခံသည် ကင်းလွတ်ခွင့် တခုဖြစ်သည့် စိတ်ပေါ့သွပ်နေခိုက် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်နေလျှင်၊ တရားခံကိုယ်တိုင်က ထိုအချက်ကို တင်ပြထုချေခြင်း မပြုစေကာမူ၊ ယင်းကင်းလွတ်ချက်၏ အကျိုးကျေးဇူးကို တရားခံအား ခံစားခွင့်ပေးရမည်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၉၅ (ခ)။

† ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆ တွင် ချမှတ်သော၊ ၁၉၇၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့စွဲပါ မင်းဘူးမြို့၊ ဒုတိယ အထူးတရားသူကြီး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၁
ဒေါ်ချစ်မယ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(မောင်ဖြူတင်)

**မောင်ထွန်းစိန် နှင့် ပြည်ထောင်စု၊** ၁၉၆၂၊ မြန်မာပြည် စီရင်ထုံး၊ ၃၃၇ (တရားရုံးချုပ်) နှင့် **မောင်ကုတ်ချို နှင့် ပြည်ထောင်စု၊** ၁၉၆၅၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၀၉၆ တို့ကို ရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထို့ပြင် ရာဇဝတ်ကျင့်ထုံးအခန်း ၂၁ အရ၊ ဝါရမ်းမှုများ၌ တရားခံအား စွဲချက်မတင်မီ ပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြ သက်သေများ၏ ထွက်ချက်သည် သက်သေခံဝင်၍ တရားခံအပေါ် စဉ်းစားနိုင်သည် ဆိုခြင်းမှာလည်း ယုံမှားဘွယ်မရှိ၊ **ပြည်ထောင်စု နှင့် ဦးလှထွန်းမြို့၊** ၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၆၀ (တရားလွှတ်တော်ချုပ်) ကို ကိုးကားသည်။ ယခုအမှု၌ မောင်ဖြူတင်အပေါ် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၂ အရ စစ်ဆေးခဲ့သည့်တရားလိုပြ သက်သေများ၏ ထွက်ချက်အရပင်၊ ၎င်း၏ပြုလုပ်မှုသည် ရာဇသတ်ကြီး ပုဒ်မ ၁၀၀ တွင် အကျုံးဝင်သည့် ကင်းလွတ်ချက်အတွင်း ကျရောက်နေ၍ ပြစ်မှုမမြောက် ကြောင်း ပေါ်လွင်နေသဖြင့်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၄ အရ၊ စွဲချက်တင်ရန် အကြောင်းမပေါ်ပေါက်နိုင်တော့ပေ။ ပုဒ်မ ၂၅၃ တွင်လည်း ပုဒ်မ ၂၅၂ အရ၊ သက်သေများကို စစ်ဆေးပြီးနောက် တရားခံကဆန့်ကျင်ဘက် သက်သေထူထောင်ခြင်း မပြုစေကာမူ၊ ၎င်းအား ပြစ်ဒဏ်စီရင်ရန် အထောက်အထား ခိုင်လုံခြင်းမရှိက၊ တရားရှင် လွှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ၊ တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်ချက်အတွင်း ကျရောက်သဖြင့် ပြစ်မှုမမြောက်ကြောင်း တရားလိုပြ သက်သေတို့၏ ထွက်ချက်များအရပင် ထင်ရှားနေသည့် ကိစ္စ၌၊ တရားခံအား စွဲချက်တင်ရန် လိုအပ်မည်မဟုတ်ပေ။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။ ကိုယ်တိုင်။

**ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။** ။**အစိုးရတရားရုံးချုပ်ရှေ့နေ ဦးတင်ညွှန့်။**

တရားသူကြီး ဦးသက်ဖေ။ ။၁၉၇၁ ခု၊ မတ်လ ၆ ရက်နေ့ညနေ ၃ နာရီခန့် အချိန်တွင် မင်းဘူးခရိုင်၊ ကန်သာရွာနေ မောင်လှရွှေ (လိုပြ-၂)၏ အိမ်တွင် အိမ်ရှင် မောင်လှရွှေသည် ကိုအောင်သောင်း (လိုပြ-၃)၊ မောင်အောင်ငြိမ်း (လိုပြ-၄)၊ လျှောက်ထား ခံရသူ မောင်ဖြူတင်နှင့် အခြားလူ ၄-၅ ဦးတို့အား စိန်ရည်တိုက်နေစဉ် မောင်ကောက်သည် အိမ်ပေါ်သို့ တက်လာပြီး မောင်ဖြူတင်၏ ကျောကုန်းကို ဒါးချွန်းဖြင့် ထိုးလိုက်၍ မောင်ဖြူတင်သည် ရှေ့သို့ လက်ထောက်လျက် လဲသွားသည်။ အရက်သောက်နေကြသည့် လူများလည်း ခုန်ဆင်းထွက်ပြေးသဖြင့် အိမ်ပေါ်၌ မောင်လှရွှေ၊ မောင်ဖြူတင်၊ မောင်ကောက်နှင့် ကိုအောင်သောင်းတို့သာ ကျန်ရစ်ခဲ့သည်။ ကိုအောင်သောင်းက လက်လွန်ကုန်မယ်၊ တော်ကြပါဟု ပြောသော်လည်း ရပုံမပေါ်သဖြင့် ၎င်းလည်း အိမ်ပေါ်မှ ခုန်ချထွက်ပြေးသွားသည်။

မောင်ဖြူတင်သည် ကျောကုန်း၌ ဒဏ်ရာရရှိပြီးနောက် အိမ်၏ အနောက်ဖက်သို့ ထွက်ပြေးရာ မောင်ကောက်က အနောက်ပေါက်မှ ဒါးချွန်းကိုင်၍ စောင့်နေသဖြင့် မောင်ဖြူတင်သည် အိမ်ပေါ်၌ တွေ့ရှိသည့် ဒါးကိုကောက်ယူပြီး မောင်ကောက်အား

ခုတ်လိုက်သည်။ ထိုသို့ ခုတ်လိုက်သည် ကို မြင်ရသဖြင့် အိမ်ရှင် မောင်လှရွှေလည်း အိမ်ပေါ်မှ ခုန်ချထွက်ပြေးခဲ့သည်။

ထို့နောက် မောင်ဖြူတင်သည် ရ-လ-က ဥက္ကဋ္ဌ ဦးအောင်သိန်း (လိုပြ-၅)ထံသို့ သွားရောက်ကာ မောင်ကောက်က ဓါးနှင့်ထိုးလိုက်ကြောင်း တိုင်ပြောသဖြင့် ဦးအောင်သိန်းသည် ပြည်သူ့စစ်များကိုခေါ်၍ မောင်ကောက်အား ဘမ်းဆီးရန် စီစဉ်နေစဉ် မောင်ကောက်သည် ဦးခေါင်း၌ ဒဏ်ရာများဖြင့် ရောက်လာကာ ၎င်းလည်း ဓါးခုတ်ခံရကြောင်းပြောသည်။ မောင်ကောက်၏ ဒဏ်ရာကို ပတ်တီးစည်း၍ ခေါ်လာစဉ် ရွာလယ်၌လဲပြီး အသက်ပျောက်သွားသည်။

မောင်ကောက်၏ ဦးခေါင်းထိပ်နှင့် လက်ဝဲဘက် မျက်နှာတို့တွင် ဓါးဒဏ်ရာ ၂ ချက်ရရှိခဲ့သည်။ မျက်နှာတွင် ရရှိသော ဒဏ်ရာမှာ သေစေရန်လုံလောက်သည့် ဒဏ်ရာဖြစ်ပြီး ဦးခေါင်းမှ ဒဏ်ရာမှာ သာမန်ဒဏ်ရာသာဖြစ်သည်။ မောင်ဖြူတင်ကိုလည်းဒဏ်ရာဖြင့် ဆေးရုံသို့ချက်ခြင်း ပို့လိုက်၍ ဆရာဝန် ဦးသက်တင်က စစ်ဆေးကြည့်ရှုရာ သွေးအထွက် လွန်နေသည်ကို တွေ့ရသဖြင့် စိုးရိမ်စရာအကြောင်းရှိနေသည့်အလျောက် မင်းဘူးမြို့ ပြည်သူ့ဆေးရုံသို့ ပေးပို့ကုသခဲ့ရသည်။

မောင်ကောက် သေဆုံးရသည့် ကိစ္စအတွက် မောင်ဖြူတင်အား လူသတ်မှုဖြင့် မင်းဘူးမြို့၊ ဒုတိယ အထူးတရားသူကြီးရုံးတွင် တရားစွဲဆိုရာ၊ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်အရ၊ တရားခံ၏ ပြုလုပ်မှုသည် ခုခံကာကွယ်ပိုင်ခွင့်အတွင်း ကျရောက်နေသဖြင့် ပြစ်မှုမမြောက်ဟု အထူးတရားသူကြီးက ကောက်ယူပြီး မောင်ဖြူတင်ကို တရားရှင်လွှတ်လိုက်သည်။ ယင်းသို့ တရားရှင်လွှတ်သော အမိန့်ကို မောင်ကောက်၏ မိခင် ဒေါ်ချစ်မယ်က ပြင်ဆင်ပေးရန် တင်ပြလာသောကြောင့် ဤပြင်ဆင်မှုကို ဖွင့်လှစ်ခဲ့ရခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် တရားလိုပြ သက်သေများ၏ ထွက်ချက်ကို သေချာစွာလေ့လာသုံးသပ် ကြည့်ရှုသောအခါ၊ သေသူ မောင်ကောက်သည် အိမ်ပေါ်၌ ထိုင်နေသော **မောင်ဖြူတင်အား နောက်မှနေ၍ ဓါးချွန်းဖြင့်ထိုးသည့်အပြင်၊ ထွက်ပြေးရန်ကြိုးစားသည့်** မောင်ဖြူတင်အား ဆက်လက်၍ အန္တရာယ်ပြုရန် လှေကားပေါက်မှ ဓါးချွန်းကိုင်၍ စောင့်ကြိုတားဆီးနေစဉ် မောင်ဖြူတင်က ဓါးဖြင့် ၂ ချက်ခုတ်လိုက်ကြောင်း ထင်ရှားသဖြင့် မောင်ဖြူတင်၏ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၁၀၀ တွင်အကျုံးဝင်သည့် ကာကွယ် ခုခံပိုင်ခွင့်အတွင်း ကျရောက်နေကြောင်း တွေ့ရသည်။ သို့ရာတွင် မူလရုံးမှ မောင်ဖြူတင်အား တရားရှင်လွှတ်ခြင်းသည် သက်သေခံဥပဒေ ပုဒ်မ ၁၀၅ နှင့် ဆန့်ကျင်ခြင်းရှိ မရှိဆိုသော ပြဿနာကို စဉ်းစားရန် ဤပြင်ဆင်မှုကိုလက်ခံခဲ့ခြင်းဖြစ်သည်။

သက်သေခံ ဥပဒေပုဒ်မ ၁၀၅ မှာ ဤသို့ဆိုပေသည်။

၁၉၅၀

ဒေါ်ချစ်မယ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မောင်မြွှတင်)။

"105. When a person is accused of any offence, the burden of proving the existence of circumstances bringing the case within any of the General Exceptions in the Penal Code, or within any special exception or proviso contained in any other part of the same Code, or in any law defining the offence, is upon him, and the Court shall presume the absence of such circumstances."

ထိုပုဒ်မအရ ရာဇဝတ်ပြစ်မှုဖြင့် တရားစွဲဆိုခြင်းခံရသည့် တရားခံတဦးက မိမိ၏ ပြုလုပ်မှုသည် ရာဇသတ်ကြီး၏ အထွေထွေ ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်သည် ဟုဆိုလာလျှင် ထိုအဆိုပြုချက်ကို သက်သေထူရန် တာဝန်သည် ၎င်းအပေါ်၌ တည်ရှိနေသည်မှာမှန်၏။ သို့ရာတွင်အမှု၌ ပေါ်ပေါက်လျက်ရှိသော သက်သေအထောက် အထားများအရပင် တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင် ကြောင်း တွေ့ရှိပါက၊ ထိုအချက်ကို တရားခံ၏ အကျိုးအလို့ငှါ ထည့်သွင်းစဉ်းစားနိုင် ပေသည်။ တရားခံကိုယ်တိုင်က ၎င်း၏ပြုလုပ်မှုသည်ကင်းလွတ်ချက်တခုခုနှင့် အကျုံးဝင် ပါသည်ဟု ထုချေခြင်း မပြုသော်လည်း၊ တရားလိုသက်သေများ၏ ထွက်ချက်အရပင် ကင်းလွတ်ချက်တခုခုနှင့် အကျုံးဝင်နေကြောင်း ပေါ်ပေါက်ပါက တရားရုံးမှ တရားခံ အတွက် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထိုအတိုင်းပင် **အစိုးရ နှင့် လှမောင်** (၁)၊ **မောင်မှတ် နှင့် ပြည်ထောင်စု** (၂)၊ တို့အမှုများတွင် ဆုံးဖြတ်ထားသည်ကိုတွေ့မြင်နိုင် သည်။ **မောင်ထွန်းစိန် နှင့် ပြည်ထောင်စု** (၃)၊ **မောင်ကုတ်ချီ နှင့် ပြည်ထောင်စု**(၄)၊ စီရင်ထုံး များ၌လည်း အမှု၏ အဖြစ်အပျက်အကြောင်းအရာတို့ကပင် တရားခံသည် ကင်းလွတ်ခွင့်တခုဖြစ်သည့် စိတ်ပေါ့သွပ်နေခိုက် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက် နေလျှင် တရားခံကိုယ်တိုင်က ထိုအချက်ကို တင်ပြထုချေခြင်း မပြုစေကာမူ၊ ယင်း ကင်းလွတ်ချက်၏ အကျိုးကျေးဇူးကို တရားခံအား ခံစားခွင့် ပေးရမည်ဟု ဆုံးဖြတ် ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ရာဇဝတ်ကျင့်ထုံး အခန်း ၂၁ အရ၊ ဝါရမ်းမှုများ၌ တရားခံအား စွဲချက် မတင်မီ ပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြ သက်သေများ၏ ထွက်ချက် သည် သက်သေခံဝင်၍ တရားခံအပေါ် စဉ်းစားနိုင်သည် ဆိုခြင်းမှာလည်း ယုံမှားဘွယ်

(၁) ၁၉၆၄ ရန်ကုန်စီရင်ထုံး ၅၀။

(၂) ၁၉၅၄ မြန်မာနိုင်ငံစီရင်ထုံး ၂၈ (တရားလွှတ်တော်)။

(၃) ၁၉၆၂ မြန်မာနိုင်ငံစီရင်ထုံး ၃၃၇ (တရားရုံးချုပ်)။

(၄) ၁၉၆၅ မြန်မာနိုင်ငံစီရင်ထုံး ၁၀၉၆။

စဉ်ရှာ
ဒေါ်ချစ်မယ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မောင်ဖြူတင်)။

မချ၊ ပြည်ထောင်စု နှင့် ဦးလှထွန်းဖြူ (၅)၊ ယခုအမှု၌ မောင်ဖြူတင်အပေါ် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၂ အရ၊ စစ်ဆေးခဲ့သည့် တရားလိုပြ သက်သေများ၏ ထွက်ချက်အရပင် ၎င်း၏ ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၁၀၁ တွင် အကျုံးဝင်သည့် ကင်းလွတ်ချက်အတွင်း ကျရောက်နေ၍ ပြစ်မှုမမြောက်ကြောင်း ပေါ်လွင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၄ အရ၊ စွဲချက်တင်ရန်အကြောင်း မပေါ်ပေါက် နိုင်တော့ပေ။ ပုဒ်မ ၂၅၃ တွင်လည်း ပုဒ်မ ၂၅၂ အရ၊ သက်သေများကို စစ်ဆေးပြီးနောက် တရားခံကဆန့်ကျင်ဘက် သက်သေထူထောင်ခြင်း မပြုစေဘဲမူ ၎င်းအားပြစ်ဒဏ် စီရင်ရန်အထောက်အထား ခိုင်လုံခြင်းမရှိက တရားရှင် လွှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ၊ တရားခံ၏ပြုလုပ်မှုသည် ကင်းလွတ်ချက်အတွင်း ကျရောက်သဖြင့် ပြစ်မှု မမြောက်ကြောင်း တရားလိုပြ သက်သေတို့၏ ထွက်ချက်များအရပင် ထင်ရှားနေသည့် ကိစ္စ၌၊ တရားခံအား စွဲချက်တင်ရန် လိုအပ်မည် မဟုတ်ပေ။

အထက်ပါ အကြောင်းများကြောင့် မောင်ဖြူတင်အား မူလရုံးမှ ကာကွယ်ခုခံပိုင်ခွင့်အတွင်း မောင်ကောက်ကို သေဆုံးစေခဲ့သဖြင့် ပြစ်မှုမမြောက်ဟု ဆုံးဖြတ်ကာ တရားရှင်လွှတ်ခဲ့သော အမိန့်သည် မှားယွင်းသည်ဟု မဆိုနိုင်၍ ပြင်ဆင်မှုကို ပယ်လိုက်သည်။

(၅) ၁၉၅၈ မြန်မာနိုင်ငံစီရင်ထုံး ၁၆၀ (တရားလွှတ်တော်ချုပ်)။

# နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ပေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

| | | | |
|---|---|---|---|
| ပြည်ထောင်စုမြန်မာနိုင်ငံ | နှင့် | ၁။ မောင်တင်မောင်၊<br>၂။ မောင်အုန်းမြိုင်၊<br>၃။ မောင်အောင်သန်း။ * | † ၁၉၇၁<br>ဇူလိုင်လ<br>၁၀ ရက်။ |

**ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀(၁)(က)—အမှုကိုအသစ်မှတဖန် ပြန်လည်၍စစ်ဆေးခြင်း— တရားခံများ၏ လျှောက်ထားချက်ကို ခွင့်ပြုလိုက်ရုံမျှဖြင့် ပဋ္ဌမ တရားသူကြီးက တရားရှင် လွှတ်သည့်အမိန့်ကို ပယ်ဖျက်ရန် အာဏာရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၀ တွင် အပိုဒ် (၁) ၏ ပဋ္ဌမခြွင်းချက်၌တရားခံသည် စစ်ပြီးသည့် သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆိုနိုင်ခွင့်ရှိကြောင်းပြဋ္ဌာန်းထားသည်။ တရားခံက ထိုကဲ့သို့စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူစစ်ဆေးရန်အတွက် တောင်းဆိုလျှင် တောင်းဆိုသည့်အတိုင်း တရားသူကြီးသည် စစ်ပြီးသက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်သာရှိသည်။ ပဋ္ဌမတရားသူကြီးချမှတ်ခဲ့ပြီးသည့် အခြားတရားခံအပေါ် တရားရှင်လွှတ်သည့်အမိန့်ကိုပယ်ဖျက်ရန်အာဏာမရှိ။

**လျှောက်ထားသူအတွက်။** ။

**လျှောက်ထားခံရသူအတွက်။** ။

**တရားသူကြီး ဦးစိန်သင်း။** ။အမှုမှ လျှောက်ထားသူများ ဖြစ်ကြသော မောင်တင်မောင်၊ မောင်အုန်းမြိုင်နှင့် မောင်အောင်သန်းတို့အပြင် မောင်မြသန်း ဆိုသူကိုပါ ကသာမြို့၊ မြို့မရာဇဝတ် တရားသူကြီးရုံး၌ ရာဇသတ်ပုဒ်မ ၄၀၉ အရ၊ တရားစွဲဆိုတင်ပို့ခဲ့သည်။ အမှုစစ် တရားသူကြီးသည် တရားလိုပြသက်သေ ၉ ယောက်တို့အား စစ်ဆေးပြီးနောက် လျှောက်ထားသူများအား တရားရှင် လွှတ်ပြီး မောင်မြသန်း အပေါ်၌ ရာဇသတ်ပုဒ်မ ၄၀၉ အရ စွဲချက်တင်ပြီး အမှုကို ဆက်လက်စစ်ဆေးရန်

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၅ (ခ)။

† ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃ တွင် ချမှတ်သော ၁၉၇၀ ခုနှစ်၊ ဇွန်လ ၈ ရက် နေ့စွဲပါ ကသာမြို့၊ မြို့မရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ။ နှင့် ၁။ မောင်တင် မောင်၊ ၂။ မောင်အုန်း မြိုင်၊ ၃။ မောင် အောင်သန်း

ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ ဆောင်ရွက်နေစဉ် အတွင်း အမှုစစ် တရားသူကြီးသည် ပြောင်းရွှေ့ သွားရသဖြင့် ဤအမှုကို နောက်ဆက်ခံသည့် တရားသူကြီးက ဆက်လက် ကိုင်တွယ်ခဲ့သည်။ တရားသူကြီး အသစ်ထံသို့ တရားခံ မောင်မြသန်းက အမှုကို အသစ်တဖန် ထပ်မံစစ်ဆေးရန် လျှောက်ထားခဲ့သည်။ ထို့ကြောင့်အမှုစစ်တရားသူကြီး သည် ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့စွဲပါအောက်ပါအမိန့်ကို ချမှတ်လိုက် သည်။

> "တရားခံတွင် ခံစားခွင့်ရှိသော ရာဇဝတ် ကျင့်ထုံးပုဒ်မ ၃၅၀ (၁)အရ၊ တောင်းဆို လျှောက်ထားချက်ကို ရုံးမှသဘောတူ ခွင့်ပြုသည်။ တရားလိုပြ သက်သေများကို အစမှပြန်လည်စစ်ဆေးရမည်ဖြစ်၍ တရားရှင်လွှတ်ပြီး တရားခံ ၃ ဦးကိုပြန်လည် ဆင့်ဆိုရန် ခံဝန်နှင့် ဝါရမ်းထုတ်ပါ။"

ထိုအမိန့်ကို လျှောက်ထားသူများက မကျေနပ်သဖြင့် ကသာမြို့၊ စက်ရှင်တရားသူကြီး ရုံး၊ ၁၉၇၁ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ (ခ)တွင် ပြင်ဆင်မှု လျှောက်ထားခဲ့သည်။ စက်ရှင် တရားသူကြီးက မူလရုံးသည် မောင်မြသန်း၏ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀ (၁) (က)အရ၊ လျှောက်ထားချက်ကို ခွင့်ပြုလိုက်ရုံမျှဖြင့် လျှောက်ထားသူများ အပေါ် မူလက တရားရှင်လွှတ်ထားသည့် အမိန့်သည် ပျက်ပြယ်သည်ဟု မယူဆနိုင်ပါ။ ထို့ကြောင့် လျှောက်ထားသူများအား ပြန်လည်ဘမ်းဆီး စစ်ဆေးစေရန် ချမှတ်ထား သည့်အမိန့်ကို ပယ်ဖျက်ပေးပါမည့် အကြောင်းဖြင့် ထောက်ခံချက် ရေးသားကာ မူလ ရုံးအမှုတွဲများကို ဤရုံးသို့ တင်ပို့လိုက်ခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀ တွင် အပိုဒ် (၁)၏ ပထမခြွင်းချက်၌ တရားခံသည် စစ်ပြီးသည့် သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆိုနိုင်ခွင့် ရှိကြောင်း ပြဋ္ဌာန်းထားသည်။ တရားခံက ထိုကဲ့သို့စစ်ပြီး သက်သေများကို ပြန်လည် ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆိုလျှင် တောင်းဆိုသည့်အတိုင်း တရားသူကြီး သည် စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်သာ ရှိသည်။ ပထမတရား သူကြီး ချမှတ်ခဲ့ပြီးသည့် အခြားတရားခံအပေါ် တရားရှင်လွှတ်သည့် အမိန့်ကို ပယ်ဖျက်ရန် အာဏာမရှိ၊ တရားရှင်လွှတ်သည့် အမိန့်ကို သက်ဆိုင်သူများကမကျေနပ် လျှင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ၊ လျှောက်ထားရန်ဖြစ်သည်။ အမှုကိုအသစ် တဖန် ပြန်လည်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၀ (၁)၏ ခြွင်းချက် (ခ)တွင် ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်မှာလည်း တရားခံက စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးစေရန် တောင်းဆိုခြင်းနှင့် မသက်ဆိုင်။ တရားခံက ယင်းကဲ့သို့ တောင်းဆိုလျှင် အမှုစစ် တရားသူကြီးသည် တရားခံအလိုရှိသည့်

သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်သာ ဖြစ်သည်။ အမှုကို အသစ်တဖန် ပြန်လည် စစ်ဆေးစေရန်အမိန့် မချမှတ်နိုင်။ ထို့ကြောင့် ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့စွဲပါ မူလရုံး တရားသူကြီး ချမှတ်ထားသည့် အမိန့်မှာ တရားဥပဒေနှင့် ဆန့်ကျင်နေသဖြင့် ပယ်ဖျက်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် စက်ရှင် တရားသူကြီး ၏ထောက်ခံ ချက်များကို လက်ခံပြီး လျှောက်ထားသူများအား ပြန်လည်ဘမ်းဆီး စစ်ဆေးစေရန် ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင်တင် မောင်၊ ၂။ မောင်အုန်း မြိုင်၊ ၃။ မောင် အောင်သန်း

## နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသန်းအောင်တို့ရှေ့တွင်

† ၁၉၇၁
နိုဝင်ဘာလ ၂၆
ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် {
၁။ မောင်ဖိုးထွန်း၊
၂။ မောင်ခင်မောင်ဝင်း၊
၃။ မောင်ညိုမောင်၊
၄။ မောင်သန်းဖေ၊
၅။ မောင်ထွေးမောင်။*

**၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ——၁၉၇၀ ခုနှစ်၊မေလ ၂၈ ရက်နေ့ နောက်ပိုင်းတွင် ဖြစ်ပွါးခြင်းကြောင့်၊ ၁၉၇၀ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ အရေးယူရမည်ဖြစ်ခြင်း——သမဝါယမ ဥပဒေပုဒ်မ ၅၃ ၏ ပြဋ္ဌာန်းချက်——မြို့နယ်ရာဇဝတ်တရားသူကြီးသည် စီရင်ပိုင်ခွင့်အာဏာမရှိဘဲ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သဖြင့် စီရင်ချက်နှင့် အမိန့်တို့သည်ပျက်ပြယ်၍ တရားမဝင်သော အမိန့်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ ဥပဒေအရ၊ သမဝါယမ အသင်း၏ ပစ္စည်းများကို ခိုးယူလျှင်၊ လိမ်ယူလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း အက်ဥပဒေအရ ကျူးလွန်ဖေါက်ဖျက်မှုဖြစ်၍၊ ၎င်းဥပဒေအရသာ အရေးယူရမည် ဖြစ်သည်။ သမဝါယမပိုင်ပစ္စည်းကို လိမ်ယူလျှင်၊ လိမ်ယူရန် ကြိုးပမ်းလျှင်၊ လိမ်ယူရန် လုပ်ဆောင်မှုများကို အားပေးကူညီလျှင် ယင်းဥပဒေနှင့်သာ အရေးယူရ၍ အခြားဥပဒေဖြစ်သော ရာဇသတ်ဥပဒေနှင့် **အရေးမယူနိုင်ဟု အဓိပ္ပါယ်ကောက်ယူရမည်။**

**ထပ်မံဆုံးဖြတ်ချက်။** ။၁၉၇၀ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ၊ အရေးယူရမည့် မှုခင်းကို စစ်ဆေးကြားနာ စီရင်ဆုံးဖြတ်ချက်ပေးရန်၊ ထိုဥပဒေတွင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးများကို ဖေါ်ပြ ပြဋ္ဌာန်းထား၏။ ထိုဥပဒေအရ၊ အရေးယူရန်ရှိသော ပြစ်မှုများကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများက စီရင်ပိုင်ခွင့်အာဏာ မရှိဟု ကျွန်ုပ်တို့ယူဆသည်။ အဘယ်ကြောင့်ဆို သော်၊ ၁၉၇၀ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေပုဒ်မ ၅၃ နှင့် ပုဒ်မ ၅၀ တို့နှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၉ တို့ကို ယှဉ်တွဲသုံးသပ်၍၊ ယင်း ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်းဥပဒေကို ကျူးလွန်

* ၁၉၇၁ ခု၊ ရာဇဝတ်ပြင်ဆင်မှု ၅၆ (ခ)။

† ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၉၅ တွင်ချမှတ်သော ၁၉၇၁ ခုနှစ်၊ မေလ ၂ ရက်နေ့စွဲပါ မိုးညှင်းမြို့နယ် ရာဇဝတ် တရားသူကြီး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၁

ပြည်ထောင်စု မြန်မာ နိုင်ငံ
နှင့်
၁။ မောင် ဖိုးထွန်း၊
၂။ မောင် ခင်မောင်ဝင်း၊
၃။ မောင် ညိုမောင်၊
၄။ မောင် သန်းဖေ၊
၅။ မောင်ထွေးမောင်။

ဖေါက်ဖျက်သော ပြစ်မှုကို ကြားနာစစ်ဆေးရန် ရုံးကို အတိအလင်း ဖေါ်ပြထား၍၊ ၎င်းပြစ်မှုများကို ယင်းဥပဒေအရသာ အရေးယူနိုင်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသဖြင့်၊ ယင်းဥပဒေအရ ဖွဲ့စည်းထားသော ရုံးကသာ ကြားနာ **စစ်ဆေးနိုင်သည်။** ရာဇဝတ်တရားသူကြီးက ကြားနာစစ်ဆေးခြင်းမပြုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။မူလရုံးဖြစ်သော မိုးညှင်းမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီးသည်၊ စီရင်ပိုင်ခွင့်အာဏာ မရှိဘဲနှင့် မှုခင်းကို စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့စီရင်ခွင့်အာဏာမရှိဘဲနှင့် စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သော အမှုဖြစ်သည့် အဘွက်ကြောင့်၊ မိုးညှင်းမြို့နယ်ရာဇဝတ်တရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၉၅ သည် မခိုင်မာ၊ အတည်မဖြစ်ဘဲ အစကနဦးကပင် ပျက်ပြယ်သော မှုခင်းဖြစ်သည်။ ထို့ကြောင့် ၎င်းအမှုတွင် မူလရုံးတရားသူကြီး၏ ၁၉၇၁ ခု၊ မေလ ၂ ရက်နေ့စွဲပါ စီရင်ချက်နှင့် အမိန့်ဟူသည်လည်း အာဏာမရှိဘဲ၊ မခိုင်မာ ပျက်ပြယ်၍ တရားမဝင်သော အမိန့်ဖြစ်သည်။ **ဒေါ်ဆင် နှင့် အစိုးရ၊** ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ ၂၅၅။ ။**ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ကိုင်း၊** ၁၉၆၃ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၄၃၃။ **ဒေါ်ကြည်ညွန့် နှင့် အစိုးရ၊** ၁၉၆၄ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၀၉။ **ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်တင်အောင်၊** ၁၉၆၇ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၄၄၆။ **မန်ဒတ်မျှာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊** ၁၉၅၈ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၆၄၃ နှင့် **ချောင်ချင်ယို နှင့် လူဝင်မှု ကြီးကြပ်ရေးဝန်၊** ၁၉၆၂ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၆ တို့ကိုရည်ညွှန်းသည်။

**လျှောက်ထားသူအတွက်။** ။အစိုးရ တရားရုံးချုပ် ရှေ့နေ၊ ဦးတင်ညွန့်။

**လျှောက်ထားခံရသူအတွက်။** ။

**တရားသူကြီး ဦးသန်းအောင်။** ။မြစ်ကြီးနားမြို့၊ ခရိုင်ရာဇဝတ် တရားသူကြီးက၊ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁ တွင် မိုးညှင်းမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၉၅ တွင်ချမှတ်သော ၁၉၇၁ ခုနှစ်၊ မေလ ၂ ရက်နေ့စွဲပါ ရာဇသတ်ပုဒ်မ ၄၂၀ အရ၊ ပြစ်ဒဏ်စီရင်ချက်နှင့် ပတ်သက်၍ ၎င်းတရားသူကြီးသည် ထိုအမှု၌ စီရင်ပိုင်ခွင့်အာဏာ မရှိသဖြင့် အမှုတခုလုံးကို ပယ်ဖျက်ပေးပါရန် **ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၈ အရ၊ ထောက်ခံချက်ရေးသား၍ အမှုတွဲ**များကို ဤရုံးသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

ဤအမှုတွင် စွပ်စွဲချက်မှာ မိုးညှင်းမြို့နယ်၊ နပွါးကျေးရွာအုပ်စု လလသသစပါးအဝယ်ဒိုင်တွင် ၁၉၇၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့က မောင်ဖိုးထွန်းသည် စပါးမသွင်းဘဲ စပါး ၁၂၂ တင်းဘိုးငွေ ၄၁၇ ိ ကိုလိမ်လည် ထုတ်ယူခဲ့သည်၊ ထိုသို့ပြုလုပ်နိုင်ရန် မောင်သန်းဖေက ကူညီ၍ မောင်ညိုမောင်က ငွေထုတ်ပေးခဲ့သည်၊ မောင်ခင်မောင်ဝင်းက စပါးမသွင်းဆဲ စပါး ၅၅ တင်းအသွင်းပြ၍ မောင်သန်းဖေက ဘောက်ချာဖြတ်ပေး

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့်
၁။ မောင် ဖိုးထွန်း၊
၂။ မောင် ခင်မောင်ဝင်း၊
၃။ မောင် ညိုမောင်၊
၄။ မောင် သန်းဖေ၊
၅။ မောင် ထွေးမောင်။

ခဲ့သည်၊ အတိုချုပ်အားဖြင့်ဆိုလျှင် အဆိုပါ မြို့ညှင်းမြို့၊ နပ္ပါးကျေးရွာအုပ်စု လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမ အဝယ်ဒိုင်တွင် တရားခံများက စပါးမဝယ်ဘဲ အဝယ်ပြပြီး၊ ဘောက်ချာလိမ်ဖြင့် ငွေထုတ်ယူခြင်း၊ ရယူရန် ကြိုးပမ်းခြင်း၊ ယင်းသို့ ပြုလုပ်သည်ကို အားပေးကူညီခြင်း ပြုလုပ်ခဲ့သည်ဟု စွပ်စွဲထား၏။

၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ နောက်ဆက်တွဲဇယား ၂ အမှတ်စဉ် ၁၀ တွင် ဤသို့ပါရှိသည်။

သမဝါယမအသင်း၏လုပ်ငန်းနှင့် ပစ္စည်းများကို ကျူးလွန်မှုများ

| | | | |
|---|---|---|---|
| ၁၀ | သမဝါယမ အသင်းပိုင်ပစ္စည်းများကို ခိုးယူခြင်း၊ လိမ်လည် ရယူခြင်း၊ **ချောက်လှန့်ရယူခြင်း၊ ခိုးရန်၊ လိမ်လည်ရယူရန်၊** ချောက်လှန့် ရယူရန် ကြိုးပမ်းခြင်း၊ ခိုး၍၊ လိမ်လည်၍၊ ချောက်လှန့်၍ ရယူထားသည့် သမဝါယမ အသင်းပိုင် ပစ္စည်းများအား ဤကဲ့သို့ရရှိထားကြောင်း သိလျက်နှင့်လက်ခံခြင်း။ | ၁ | ၅ နှစ်အထိထောင်ဒဏ်။ |
| | | ၂ | ကျပ် ၂,၅၀၀ အထိငွေဒဏ်။ |
| | | ၃ | **ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆအထိ** လျော်ကြေး။ |
| | ဤကဲ့သို့ လုပ်ဆောင်သူများကို အားပေးကူညီခြင်း။ | ၄ | ဖြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကိုပြည်သူပိုင်အဖြစ်သိမ်းဆည်းခြင်း။ |

မြစ်ကြီးနားခရိုင် ရာဇဝတ်တရားသူကြီးက အချင်းဖြစ် မှုခင်းကိစ္စသည် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေနှင့် အကျုံးဝင်သော မှုခင်းကိစ္စဖြစ်သည်၊ ဖြစ်ပွားသည့် အချိန်မှာလည်း ၁၉၇၀ ခုနှစ်၊ မေလ ၂၈ ရက်နေ့နောက်ပိုင်းတွင် ဖြစ်ပွါးခြင်းဖြစ်သည်၊ ထို့ကြောင့် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေနှင့်သာ အရေးယူထိုက်သော မှုခင်းဖြစ်သည်ဟု ထောက်ခံ အစီရင်ခံချက်တွင် ဖေါ်ပြထားသည်၊ အစိုးရရှေ့နေ ဦးတင်ညွန့်ကလည်း ထိုအစီရင်ခံစာကို ထောက်ခံ၍ လျှောက်လဲသွားသည်။

ကျွန်ုပ်တို့ သုံးသပ်ကြည့်သည့်အခါ၌အထက်တွင် ဖေါ်ပြထားသည့်အတိုင်းလျှောက်ထားခံရသူများအပေါ် စွပ်စွဲချက်မှာ ၎င်းတို့သည် သမဝါယမပိုင် ပစ္စည်းများကို လိမ်လည်ရယူခြင်း၊ ရယူရန်ကြိုးပမ်းခြင်း၊ ယင်းသို့ လိမ်လည်ရယူခြင်းကို အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြစ်သည်၊ အမှုသည် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ ပုဒ်မ ၅၀ နှင့်၎င်း၊ ဥပဒေ

နောက်ဆက်တွဲဇယား ၂ နှင့် သက်ဆိုင်သော မှုခင်းဖြစ်သည်၊ နောက်ဆက်တွဲဇယား ၂၊ အမှတ်စဉ် ၁၀ တွင် အကယ်၍ သမဝါယမအသင်းပိုင် ပစ္စည်းကို လိမ်လည်ရယူခြင်း ဖြစ်လျှင်၊ သို့မဟုတ် လိမ်လည်၍ ရရှိထားကြောင်း သိလျက်နှင့် လက်ခံလျှင်၊ သို့မဟုတ် လိမ်လည်ရယူရန် ကြိုးပမ်းလျှင်၊ သို့မဟုတ်လုပ်ဆောင်မှုကို အားပေးကူညီလျှင် ၅ နှစ် အထိ ထောင်ဒဏ်အပြစ်ပေးနိုင်သည်၊ ယင်းဥပဒေပုဒ်မ ၅၀ အရ၊ ထိုသို့သောအမှုများကို ဒေသတရားရုံးက စီရင်ပိုင်သည်ဟု၍ ကြားနာစစ်ဆေးရမည့်ရုံးကို ပြဋ္ဌာန်းထားသည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၈ အရ၊ ရာဇသတ် ဥပဒေကို ကျူးလွန်သော အမှုများကို ရာဇဝတ် တရားသူကြီးများက သို့မဟုတ် စက်ရှင်တရားသူကြီးများက စစ်ဆေးပိုင်ခွင့် ရှိသည်၊ ယခုအမှုတွင် ရာဇသတ်ဥပဒေပုဒ်မ ၄၂၀ နှင့် အရေးယူရမည့်မှုခင်းဆိုလျှင် မူလရုံး ရာဇဝတ်တရားသူကြီးက စစ်ဆေးပိုင်ခွင့်ရှိသည်၊ သို့သော် ဤအမှုတွင် အထက်တွင်မှု ဖေါ်ပြခဲ့သည့်အတိုင်း မူလရုံး ရာဇဝတ်တရားသူကြီးက စစ်ဆေးခဲ့သော မှုခင်းသည် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသမဝါယမအသင်း ဥပဒေအရ၊ အရေးယူရန် မှုခင်းကိစ္စဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့သော အမှုများကို ယင်း သမဝါယမအသင်း ဥပဒေအရသာ အရေးယူရမည်လော၊ သို့မဟုတ် ရာဇသတ်ဥပဒေ အရလည်း အရေးယူလိုလျှင် အရေးယူနိုင် ပါသလောဟု စဉ်းစားဆင်ခြင်သည့်အခါ ယင်းဥပဒေပုဒ်မ ၅၃ တွင် ဤသို့ အတိအလင်းပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

> " ၅၃။ ။ဤဥပဒေအရ ကျူးလွန် ဖေါက်ဖျက်သော ပြစ်မှုများကို ဤဥပဒေ အရသာလျှင် အရေးယူရမည် "။

သမဝါယမပိုင် ပစ္စည်းများကို လိမ်လည်ရယူခြင်း၊ လိမ်လည်ထားကြောင်း သိလျက် နှင့် လက်ခံခြင်း၊ လိမ်လည်ရယူရန် ကြိုးပမ်းခြင်း၊ လိမ်လည် လုပ်ဆောင်မှုများကို အား ပေးကူညီခြင်းနှင့် စပ်လျဉ်းသော ပြစ်မှုများမှာ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေကို ကျူးလွန်ဖေါက်ဖျက်သော ပြစ်မှုများဖြစ်၍ ယင်းဥပဒေ အရသာလျှင် အရေးယူနိုင်၍ ရာဇသတ်ဥပဒေအရ အရေးမယူနိုင်ပေ။

သမဝါယမ ဥပဒေပုဒ်မ ၅၀ မှာ အောက်ပါအတိုင်းဖြစ်သည်—

> " ၅၀။ ။ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား (၂) နှင့် (၃) တွင်ဖေါ်ပြသော ပြစ်မှုများတွင် ၅ နှစ်အထိ ထောင်ဒဏ် အပြစ်ပေးနိုင်သည့် ပြစ်မှုများ ကို ဒေသတရားရုံးက စီရင်နိုင်သည်။
>
> (၂) အစိုးရသည်၊ လိုသည့်ဒေသတရားရုံးများကို ဖွဲ့စည်းပေးရမည်။
>
> (၃) ဒေသ တရားရုံး၏ စီရင်ချက်ကို မကျေနပ်လျှင် အယူခံဝင်ခွင့် ရှိစေရန် အယူခံအဖွဲ့များကို အစိုးရက လိုသကဲ့သို့ ဖွဲ့စည်းပို့ပေးရမည်။

၁၉၇၃

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့်

၁။ မောင် ဖိုး ထွန်း၊

၂။ မောင် ခင် မောင်ဝင်း၊

၃။ မောင် ညို မောင်၊

၄။ မောင် သန် ဖေ၊

၅။ မောင် ထေ မောင်။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင် ဖိုး ထွန်း၊ ၂။ မောင် ခင် မောင်ဝင်း၊ ၃။ မောင် ညို မောင်၊ ၄။ မောင် သန်း အေး ၅။ မောင် ထွေး မောင်။

(၄) နိုင်ငံတော် တရားရုံးချုပ်သည်၊ ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား ၂ နှင့် ၃ တွင်ဖော်ပြသော ပြစ်မှုများနှင့် စပ်လျဉ်း၍ ပြင်ဆင်စီရင် ပိုင်ခွင့် ရှိစေရမည့်အပြင်၊ ဒေသတရားရုံးများနှင့် အယူခံ အဖွဲ့များ ကို ကြီးကြပ်ကွပ်ကဲပိုင်ခွင့်လည်း ရှိရမည်။

(၅) ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား ၂ နှင့် ၃ အသီးသီး၏ စာတိုင် ၁ ၌ဖော်ပြသော အမှတ်စဉ် တခုစီတွင်၊ စာတိုင် ၂ ၌ဖော်ပြ သော ပြစ်မှုအတွက် စာတိုင် ၃ ၌ဖော်ပြသော ပြစ်ဒဏ်များကို တခုစီ သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကျခံရန်စီရင် နိုင်သည်။

(၆) တချိန်တည်းတွင် ပြစ်မှုတခုထက်ပို၍ ကျူးလွန်လျှင် နောက်ဆက်တွဲ ဇယား (၂) နှင့် (၃) အသီးသီး၏ စာတိုင် ၃ ၌ ဖော်ပြသည့် ပိုမိုကြီးလေးသော ပြစ်ဒဏ်ကိုစီရင်ရမည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၉ တွင်အောက်ပါအတိုင်း ပါရှိသည်—

"29. (1) Subject to the other provisions of this Code, any offence under any other law shall, when any Court is mentioned in this behalf in such law, be tried by such Court.

(2) When no Court is mentioned, it may be tried by the Supreme Court or, subject as aforesaid, by which such offence is shown in the eighth column of the second schedule to be triable."

ဒေါ်ဆင်နှင့် အစိုးရ[(၁)] အမှုတွင် ဒေါ်ဆင်သည် ရဲအုပ်ဖြစ်၍ ဖြောင့်ချက်ကို ခြိမ်းခြောက်၍ရယူခဲ့ကြောင်း၊ ထိုသို့ရယူခဲ့ရာ၌ နှာကျင်မှုပြုခဲ့ကြောင်းစွပ်စွဲ၍ တရားစွဲ ဆိုခဲ့သည်။ ခြိမ်းခြောက်၍ ဖြောင့်ချက်ရယူခြင်းပြစ်မှုသည် ရာဇသတ်ပုဒ်မ ၃၃၀ နှင့် အကျုံးဝင်၍ တရားဥပဒေအရ စက်ရှင်တရားသူကြီးသာ စီရင်ပိုင်ခွင့်အာဏာရှိသည်။ ထိုအမှုတွင် စက်ရှင်တရားသူကြီးရုံးတွင် စစ်ဆေးခြင်းမပြုဘဲ၊ အနောက်ပိုင်း ရာဇဝတ် တရားသူကြီးက ရာဇသတ်ပုဒ်မ ၃၂၃၊၃၄၂ နှင့် ၃၄၇ တို့အရ၊အရေးယူ၍ ကြားနာ စစ်ဆေးပြီးလျှင် တရားခံအား အပြစ်ပေးခဲ့သည်။ အနောက်ပိုင်းရာဇဝတ်တရားသူကြီး သည် ပုဒ်မ ၃၂၃၊၃၄၂၊၃၄၇ ပြစ်မှုများကို စီရင်ပိုင်ခွင့်အာဏာ ရှိသော်လည်း ရာဇသတ်ပုဒ်မ ၃၃၀ ပြစ်မှုကိုမူစီရင်ပိုင်ခွင့်အာဏာ မရှိချေ။ အမှုအဖြစ်အပျက်အရ ဆိုလျှင် ရာဇသတ်ပုဒ်မ ၃၃၀ နှင့်လည်း အကျုံးဝင်သည်။ သို့သော် ရာဇသတ်ပုဒ်မ

(၁) ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ ၂၅၅။

၃၂၃၊၃၄၂၊၃၄၇ တို့ဖြစ်သော လျော့ပေါ့သောပြစ်မှုအရလည်း အပြစ်ပေးနိုင်သည်။ ရန်ကုန်မြို့ တရားလွှတ်တော်က၊အနောက်ပိုင်းရာဇဝတ်တရားသူကြီးသည် မိမိ၏ စီရင်ပိုင်ခွင့်အာဏာမရှိသောပြစ်မှုအရမစစ်ဆေးဘဲ၊မိမိ၏စီရင်ပိုင်ခွင့်အာဏာအတွင်းရှိသော ပြစ်မှုနှင့်ပတ်သက်၍သာစစ်ဆေးခဲ့ခြင်းဖြစ်၍ထိုရာဇဝတ်တရားသူကြီးသည်တရားဥပဒေ ပြဋ္ဌာန်းချက်တခုခုကို ချိုးဖေါက်ခြင်း၊ အလေးမမူခြင်း ပြုလုပ်ခဲ့သည်ဟု မဆိုနိုင်ဟု ကောက်ယူ၍ အနောက်ပိုင်း ရာဇဝတ်တရားသူကြီးက ကြားနာစစ်ဆေးမှုသည် ပျက်ပြယ်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့သည်။ ထိုအမှုတွင် တရားရုံးအနေနှင့် ကြီးလေးသောပုဒ်မဖြစ်သည့် ရာဇသတ်ပုဒ်မ ၃၃၀ အရဖြစ်စေ၊ လျော့ပေါ့သောပြစ်မှုဖြစ်သည့် ရာဇသတ်ပုဒ်မ ၃၂၃၊၃၂၄၊၃၄၇ တို့အရဖြစ်စေ အရေးယူနိုင်လေရာ မိမိစီရင်ပိုင်ခွင့် ရှိနိုင်ရန်အတွက် လျော့ပေါ့သောပြစ်မှုနှင့် အရေးယူရာ၌ မှန်ကန်စွာဆင်ခြင်သုံးသပ်ထားလျှင် ထိုကဲ့သို့ ဥပဒေအရ ဆောင်ရွက်နိုင်သည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်သည်။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင် ဖိုးထွန်း၊ ၂။ မောင် ခင်မောင်ဝင်း၊ ၃။ မောင် ညိုမောင်၊ ၄။ မောင် သန်းဖေ၊ ၅။ မောင် ထွေးမောင။

ရာဇသတ်ပုဒ်မအရ အပြစ်ပေးနိုင်သောပြစ်မှုများကိုအခြားဥပဒေတရပ်အရလည်း အပြစ်ပေးနိုင်သည့်အခါမျိုး ရှိတတ်သည်။ ဥပမာ ပစ္စည်းခိုးယူလျှင် ရာဇသတ်ပုဒ်မ ၃၇၉ အရအပြစ်ပေးနိုင်သည်။ ၎င်းပစ္စည်းသည် ပုဂ္ဂလိကပိုင်ပစ္စည်းသော်၎င်း၊ ပြည်သူပိုင်ပစ္စည်းသော်၎င်း၊ အမျိုးနှင့်သက်ဆိုင်သော ပစ္စည်းသော်၎င်း ဖြစ်နိုင်သည်။ ပြည်သူပိုင်ပစ္စည်းဖြစ်လျှင် ထိုရာဇသတ်ပုဒ်မ ၃၇၉ နှင့် အရေးယူအပြစ်ပေးနိုင်သည်။ သို့မဟုတ် ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ (၆) အရလည်း အရေးယူအပြစ်ပေးနိုင်သည်။ သို့မဟုတ် အမျိုးနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရလည်း (အခွင့်အမိန့်ရှိလျှင်) အရေးယူအပြစ်ပေးနိုင်သည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဖွဲ့စည်းထားသော အာဏာရှိရာဇဝတ်တရားရုံးများက ထိုခိုးမှုနှင့် ပတ်သက်၍ မည်သည့်ဥပဒေနှင့် အရေးယူယူ (အထူးရာဇဝတ်ရုံးနှင့် မစစ်ဆေးလျှင်) အရေးယူ ကြားနာ၍ စီရင်နိုင်သည်။ ထိုရာဇဝတ်ရုံးများသည်၊ သာမန်ယေဘုယျဥပဒေဖြစ်သောရာဇသတ်ဥပဒေအရ တရားစွဲဆိုတင်ပို့လျှင် ထိုဥပဒေအတိုင်း အပြစ်ပေးနိုင်သည်။ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ စွဲဆိုတင်ပို့လျှင်၊ ၎င်းဥပဒေအရ အပြစ်ပေးနိုင်သည်။ ကြိုတင်ခွင့်မိန့်နှင့် အမျိုးနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ တရားစွဲဆိုတင်ပို့လျှင်၊ ထိုဥပဒေအရ အပြစ်ပေးနိုင်သည်။ တရားစွဲဆိုတင်ပို့သည့်အခါ၌လည်း၊ ၎င်းဥပဒေ ၃ ခုအနက် ကြိုက်နှစ်သက်ရာ ဥပဒေနှင့် တရားစွဲဆိုတင်ပို့နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူပိုင်ပစ္စည်းကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေအရသာ အရေးယူရမည်။ သို့မဟုတ်အမျိုးနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေအရသာအရေးယူရမည်ဟု ပြဋ္ဌာန်းထားခြင်း

၁၉၇၁ ｜ မရှိ။ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမဥပဒေအရ၊ သမဝါယမ အသင်း၏ပစ္စည်းများကို ခိုးယူလျှင်၊လိမ်ယူလျှင်၊ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်း အက်ဥပဒေအရ ကျူးလွန်ဖေါက်ဖျက်မှုဖြစ်၍ ၎င်းဥပဒေအရသာ အရေးယူ ရမည်ဖြစ်သည်။ သမဝါယမပိုင်ပစ္စည်းကိုလိမ်ယူလျှင်၊ လိမ်ယူရန်ကြိုးပမ်းလျှင်၊ လိမ်ယူ ရန် လုပ်ဆောင်မှုများကို အားပေးကူညီလျှင်၊ ယင်းဥပဒေနှင့်သာ အရေးယူရ၍ အခြားဥပဒေဖြစ်သော ရာဇသတ်ဥပဒေနှင့် အရေးမယူနိုင်ဟု အဓိပ္ပါယ်ကောက်ယူ ရမည်။

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင် ဖိုးထွန်း၊ ၂။ မောင် ခင်မောင်ဝင်း၊ ၃။ မောင် ညိုမောင်၊ ၄။ မောင် သန်းဖေ၊ ၅။ မောင် ထွေးမောင်။

ရာဇသတ်ဥပဒေသည်ယေဘုယျဥပဒေဖြစ်သည်။ ယင်း ၁၉၇၀ ခုနှစ်၊ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေသည် အထူးဥပဒေဖြစ်သည်။ အထူးဥပဒေ သည် ယေဘုယျဥပဒေကို လွှမ်းမိုးသည်ဟု ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ကိုင်း (၂) အမှုစီရင်ထုံးတွင် ဤသို့သုံးသပ်ထားသည်ကို တွေ့ရ၏။

> "၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့် ခံဝန်အက်ဥပဒေသည် ယေဘုယျဥပဒေ (General Law) မဟုတ်ဘဲ၊ သီးသန့်ပြုလုပ်ထားသည့် အထူးအက်ဥပဒေ (Special Law) ဖြစ်သည်မှာ ပေါ်လွင်ထင်ရှား၏။ ထို့ကြောင့် အဆိုပါပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ သည် ယေဘုယျဥပဒေ (General Law) ကိုလွှမ်းမိုးမည်ဖြစ်၏"။

အလားတူပင်၊ ဒေါ်ကြည်ညွန့် နှင့် အစိုးရ (၃) အမှုစီရင်ထုံးတွင်၊ အထူးဥပဒေတခု သည် ယေဘုယျဥပဒေတခုကို လွှမ်းမိုးသည်ဟု သုံးသပ်ထားသည်ကို တွေ့ရသည်။ ထိုအမှုတွင် တတိယရာဘက်ရာဇဝတ်တရားသူကြီးသည်၊ ပထမတန်း အာဏာရသော တရားသူကြီးသာဖြစ်၍၊ အထူးဥပဒေဖြစ်သော မြန်မာနိုင်ငံ ကာကွယ်ရေး နည်းဥပဒေ အပိုဒ် ၁၁၅ (က) အရ ပြစ်မှုသည် ၇ နှစ် အထိ ထောင်ဒဏ်ပေးနိုင်သော ပြစ်မှု ဖြစ်လေရာ၊ ထိုတတိယရာဘက် ရာဇဝတ်တရားသူကြီးသည်၊ ထိုအမှုကို ကြားနာ စစ်ဆေး စီရင်နိုင်သောအာဏာမရှိဘဲ ၎င်းကကြားနာစစ်ဆေးခြင်းဖြစ်၍၊ ထိုကြားနာ စစ်ဆေးမှုသည် အစကနဦးကတည်းကပျက်ပြယ်ပြီးဖြစ်သည်ဟု ရန်ကုန်မြို့ တရားလွှတ် တော်က ဆုံးဖြတ်၍ လျှောက်ထားသူ ဒေါ်ကြည်ညွန့်၏ပြစ်မှုစီရင်ချက်နှင့် ပြစ်ဒဏ်ကို ပယ်ဖျက်၍၊ စီရင်ပိုင်ခွင့်အာဏာရှိသော တရားသူကြီး တဦးဦးက တရားဥပဒေနှင့် လျော်ညီစွာ ထပ်မံစစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။

---

(၂) ၁၉၆၃ ခု၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၃၃။

(၃) ၁၉၆၄ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၀၉။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့်
၁။ မောင် ဖိုး ထွန်း၊
၂။ မောင် ခင် မောင်ဝင်း၊
၃။ မောင် ညို မောင်၊
၄။ မောင် သန်း ဖေ၊
၅။ မောင် ထွေး မောင်။

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်တင်အောင် (၄) တွင် ဒေါ်ဆင်နှင့် အစိုးရ စီရင်ထုံးကို ရည်ညွှန်းပြီးနောက်၊ တရားသူကြီးက မိမိစီရင်ပိုင်ခွင့် အာဏာရှိသော အမှုမျိုးထက် ကြီးလေးနေသော အမှုပေါ်ပေါက် မှန်းသိလျှင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၄၆ အရ အစီရင်ခံရမည်။ စီရင်ပိုင်ခွင့်အာဏာ ရရှိရန် ကြီးလေးသောပြစ်မှုကို အလေးမမူဘဲ ထိုမျှလောက်မကြီးလေးသော ပြစ်မှုနှင့်စွဲချက်တင်ခြင်းသည် မှန်ကန်စွာ ဆင်ခြင်ထားခြင်းမဟုတ်၍ အမှုကို စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတခုခုက ထပ်မံစစ်ဆေး ကြားနာ ရန်အမိန့်ချမှတ်ထားသည်။

၁၉၇၀ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ၊ အရေးယူရမည့်မှုခင်းကို စစ်ဆေးကြားနာ စီရင်ဆုံးဖြတ်ချက်ပေးရန်၊ ထိုဥပဒေတွင်စီရင်ပိုင်ခွင့် ရှိသော တရားရုံးများကို ဖော်ပြ ပြဋ္ဌာန်းထား၏။ ထိုဥပဒေအရ၊ အရေးယူရန်ရှိသော ပြစ်မှုများကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများက စီရင်ပိုင်ခွင့်အာဏာ မရှိဟုကျွန်ုပ်တို့ယူဆသည်။ အဘယ်ကြောင့်ဆိုသော်၊ ၁၉၇၀ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေပုဒ်မ ၅၃ နှင့် ပုဒ်မ ၅၀ တို့နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၉ တို့ကိုယှဉ်တွဲ သုံးသပ်၍ ယင်းပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေကို ကျူးလွန်ဖောက်ဖျက်သော ပြစ်မကို ကြားနာ စစ်ဆေးရန် ရုံးကို အတိအလင်းဖော်ပြထား၍၊ ၎င်းပြစ်မှုများကို ယင်းဥပဒေအရသာ အရေးယူနိုင်သည်ဟု အတိအလင်းပြဋ္ဌာန်းထားသဖြင့် ယင်းဥပဒေအရ ဖွဲ့စည်းထား သော ရုံးကသာကြားနာစစ်ဆေးနိုင်သည်။ ရာဇဝတ်တရားသူကြီးက ကြားနာစစ်ဆေး ခြင်းမပြုနိုင်ပေ။

မန်ဒတ်မျာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၅) အမှု၌၊ စက်ရှင်တရားသူကြီး၏ အာဏာများကို အပ်နှင်းထားခြင်းခံရသော ရာဇဝတ်တရားသူကြီးသည်၊ ရာဇသတ် ပုဒ်မ ၃၀၂ နှင့်အပြစ်ပေးနိုင်သော အမှုကို စစ်ဆေးရာ၌၊ ရာဇဝတ်တရားသူကြီး အနေနှင့် စစ်ဆေး၍ စက်ရှင်တရားသူကြီးအနေနှင့် မစစ်ဆေးခဲ့ပေ။ တရားလွှတ်တော်က ထိုသို့စစ်ဆေးကြားနာခဲ့သော မှုခင်းတခုလုံးသည်ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၀(တ) အရ ပျက်ပြယ်သည်ဟု ဆုံးဖြတ်၍ ထပ်မံစစ်ဆေးရန် အောက်ပါအတိုင်း သုံးသပ်၍ အမိန့်ချမှတ်ထားသည်။

" As District Magistrates are not empowered to try cases under section 302 of the Penal Code, the proceedings in which the three appellants were tried and convicted were thus void

(၄) ၁၉၆၇ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၄၄၆။

(၅) ၁၉၅၀ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၆၄၃။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင် ဖိုးထွန်း၊ ၂။ မောင် ခင်မောင်ဝင်း၊ ၃။ မောင် ညိုမောင်၊ ၄။ မောင် သန်းဖေ၊ ၅။ မောင် ထွေးမောင်။

*ab initio ; vide* section 530 (*p*) of the Criminal Procedure Code, and there is no other alternative but to order a retrial."

ချောင်ချင်ယို နှင့် လူဝင်မှုကြီးကြပ်ရေးဝန် (၆) အမှုတွင် တရားသူကြီးသည် အာဏာမရှိဘဲ စစ်ဆေးခဲ့သည်။ ထိုအမှုစီရင်ထုံးတွင် ဤသို့ပြဆိုထားသည်။

" နယ်ပိုင်ရာဇဝတ်တရားသူကြီးသည် အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးရန် အာဏာမရှိဘဲ စစ်ဆေးသဖြင့် တရားသူကြီး၏ ပြစ်မှုထင်ရှား စီရင်ချက်မှာ တရားမဝင် အတည်မဖြစ်နိုင်ချေ "။

မူလရုံးဖြစ်သော မိုးညှင်းမြို့၊ မြို့နယ်ရာဇဝတ်တရားသူကြီးသည်၊ စီရင်ပိုင်ခွင့် အာဏာမရှိဘဲနှင့် မှုခင်းကို စစ်ဆေးစီရင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ စီရင်ခွင့် အာဏာမရှိဘဲနှင့် စစ်ဆေးစီရင် ဆုံးဖြတ်ခဲ့သောအမှုဖြစ်သည့်အတွက်ကြောင့်၊မိုးညှင်း မြို့နယ် ရာဇဝတ်တရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၉၅ သည် မခိုင်မာ၊ အတည်မဖြစ်ဘဲ အစကနဦးကပင် ပျက်ပြယ်သောမှုခင်းဖြစ်သည်။ထို့ကြောင့် ရင်းအမှုတွင် မူလရုံးတရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ မေလ ၂ ရက်နေ့စွဲပါ စီရင်ချက်နှင့် အမိန့်တို့သည်လည်း အာဏာမရှိဘဲ မခိုင်မာပျက်ပြယ်၍ တရားမဝင်သော အမိန့် ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မြစ်ကြီးနားမြို့၊ ခရိုင်ရာဇဝတ်တရား သူကြီး၏ ထောက်ခံချက်ကို လက်ခံ၍၊ မူလရုံး၏စီရင်ချက်နှင့်အမိန့်တို့သည် ပျက်ပြယ် ကြောင်း စီရင်ဆုံးဖြတ်၍ အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ပြစ်ဒဏ်စီရင်ချက်နှင့် ခံဝန် ချုပ်များကို ပယ်ဖျက်ပြီး၊ အခြားစီရင်ပိုင်ခွင့်အာဏာရှိသော ရုံးတွင်းအမှုကိုသက်ဆိုင် ရာဥပဒေအရ စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

---

(၆) ၁၉၆၂ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၂၆။

# စီရင်ထုံးပြုသောမှုခင်းများ

# LIST OF CASES REPORTED

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

### တရားမမှုများ

### CIVIL CASES


| | စာမျက်နှာ |
|---|---|
| ကျော်ညိမ်း၊ ဦး၊ နှင့် ဒေါ်အုံးမြိုင်ပါ ၂ .... .... .... | ၁ |
| စိန်၊ ဒေါ်၊ နှင့် ဆူလူချန်(ခ) နီလာအန်နီ .... .... .... | ၄ |
| [illegible]ပြု၊ ဦး၊ နှင့် ဦးဘအေးပါ ၂ .... .... .... ... | ၆ |
| [illegible]ညွန့်၊ ဦး၊ ပါ၂ နှင့် ဦးစိန်ကြည်ပါ-၈ .... .... .... | ၁၁ |
| မိုဟာမက်ဟာနစ်ခန် နှင့် မိုင်ရှန်နုစဆာ .... .... .... | ၁၈ |
| မြ[illegible]ရွှေ၊ ဦး၊ နှင့် ဗွီ၊အီး၊အာ(ရ်)၊အမ်၊အေ၊အာ(ရ်)၊ ချစ်တီးယားဖမ်း .... | ၂၂ |
| [illegible]ပြင်း၊ ဦး (သေသူ) ၎င်း၏တရားဝင် ကိုယ်စားလှယ်များ ဖြစ်သော— (၁) ဒေါ်မမကြီး (၂) ဒေါ်မမလေး (၃) ဒေါ်ပုလေး (၄) ဦးအောင်ကြည် နှင့် ဒေါ်တုပ်တုပ်(ခေါ်)ဒေါ်ခတုပ် .... | ၂၆ |
| [illegible]မိ၊ ဒေါ်၊ နှင့် လက်ထောက်ငှါးရမ်းခကြီးကြပ်ရေးဝန်၊ ရန်ကုန်မြို့ ။ .... | ၃၁ |

# ကိုးကားသောအမှုခင်းများ

# LIST OF CASES CITED

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

### တရားမမှုများ

### CIVIL CASES

စာမျက်နှာ


*Ram Krishna Sina and others* v. *Petitioners*, 42, C. W. N. 246 (250) ... ... ၂

ချစ်တီးယား၊ အမ်၊ အော၊ အာ(ရ်)၊ အာ(ရ်)၊ အမ်၊ အာ(ရ်) နှင့် မေဒီယာ ရာမန်ချောက်ဒရီ၊ အတွဲ ၉၊ ဘားမားလောတိုင်း(စ်)၊ ၁၆၆ .... ၂၅

တန်စွီကြူ နှင့် ချန်ချိန်လျန်၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၁၀၇ .... .... ၂၀

ဓါဝတ်ဟာရှင်အိစ္စပ် နှင့် တင်ရှိန်၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၁၊ စာ ၄၈၀ .. ၉

မဗစိန်၊ မောင်၊ နှင့် မသင်းမြ၊ အတွဲ ၇၊ ရန်ကုန်၊ စာ ၃၇ .... ၂၈

ယက်မန့်နန့်ချစ်တီးယားဖမ်း၊ အယ် (လ်)၊ အင် (န်) နှင့် ဗွီ၊ အမ်၊ ဖမ်း ၁၉၅၂၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၂၅ (တရားလွှတ်တော်) .... ၂၄

မောင်မောင်၊ ဦး၊ နှင့် မအေးသူ၊ ၁၉၅၂၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၄၁၆ (တရားလွှတ်တော်) .... .... .... .... ၂၀

အနာမလဲယားချစ်တီး နှင့် ဒေါ်ကျင်စိန်၊ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ (တရားလွှတ်တော်ချုပ်)၊ စာ ၉၅ .... .... ... ၂၉

# ညွှန်းချက်

# INDEX

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

## တရားမမှုများ

## CIVIL CASES


စာမျက်နှာ

အက်ဥပဒေများ

**တရားမကျင့်ထုံး။**

**မြို့ပြဆိုင်ရာငါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ။**

**သက်သေခံအက်ဥပဒေ။**

**အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများဥပဒေ။**

**ကိုယ်စားလှယ်တဦး၏ အပ်နှင်းထားသော အာဏာကိုကျော်လွန်၍ ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲတွင် တာဝန်ရှိ-မရှိ—ပစ္စည်းကိုပေါင်နှံ၍ ငွေချေးခြင်းသည်၊ အော်ဒီမန်စာချုပ် ချုပ်၍ ငွေချေးခြင်းနှင့်တူမတူ။ ။ဆုံးဖြတ်ချက်။** ။ကိုယ်စားလှယ်တဦး၏ ပြုလုပ်ဆောင်ရွက်မှုသည်၊ ၎င်းအား ကိုယ်စားလှယ်စာဖြင့်လွှဲအပ်ထားသည့် အာဏာဘောင်အတွင်း ကျရောက်ပါမူ၊ ထိုပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တာဝန်ရှိရမည်ဖြစ်သည်။ ကိုယ်စားလှယ်စာတွင် အပ်နှင်းထားသောအာဏာကို ကျော်လွန်၍ ပြုသည့် ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တစုံတရာ တာဝန်ရှိမည်မဟုတ်ပေ။ **အယ်လ်၊ အင်န်၊ လက်မန်နန်ချစ်တီးယားဖမ်း နှင့် ဗိုု၊ အမ်၊ ဖမ်း၊ ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊** ၂၂၅ (တရားလွှတ်တော်) ကို ရည်ညွှန်းသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ပစ္စည်းကို ပေါင်နှံ၍ ငွေချေးခြင်းသည် သာမန်အော်ဒီမန်စာချုပ် ချုပ်ဆို၍ ငွေချေးခြင်းနှင့် တူညီခြင်း မရှိသည်ကို သတိချပ်ရမည်ဖြစ်သည်။ ပစ္စည်းကိုပေါင်နှံ၍ ငွေချေးလျှင် မြီရှင်သည် ပစ္စည်းအပေါ်၌သာ အရေးယူနိုင်မည်ဖြစ်သည်။ ငွေချေးသူအား ပုဂ္ဂိုလ်အရ ဒီကရီ တောင်းဆိုနိုင်မည်မဟုတ်။ အော်ဒီမန်စာချုပ် ချုပ်ဆို၍ ငွေချေးလျှင် ငွေချေးသူအပေါ် ပုဂ္ဂိုလ်အရ တာဝန်ထားရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပစ္စည်းကို အပေါင်ထား၍ ငွေချေးယူခွင့်ပြုခြင်း၌ သာမန်အော်ဒီမန်စာချုပ် ချုပ်ဆိုပြီး ငွေချေးယူနိုင်ခွင့်အာဏာ ပါဝင်သည်ဟု မယူဆနိုင်။**အမ်၊အေ၊အာ(ရ်)၊အာ(ရ်)၊ အမ်၊အာ(ရ်)၊ချစ်တီးယားနှင့် ဗေဒီယာရာမန်ချောက်ဒရီ၊** အတွဲ ၉၊ ဘားမား လောတိုင်း(မ်)၊ ၁၆၆ ကိုရည်ညွှန်းသည်။

ဦးမြရွှေ နှင့် ဗိုု၊အီး၊အာ(ရ်)၊အမ်၊အေ၊အာ(ရ်)၊ချစ်တီးယားဖမ်း .... ၂၂

**စာမျက်နှာ**

**တရားမကျင့်ထုံး အမိန့် ၂၁ နည်းဥပဒေ ၉၂ အရ ချမှတ်သောအမိန့်သည် အယူခံဝင်နိုင်သော အမိန့်ဟုတ်-မဟုတ်—တရားမအယူခံမှုတွင် တရားဝင် ကိုယ်စားလှယ်များအား အယူခံတရားပြိုင်အဖြစ် ထည့်သွင်းခြင်းမပြုဘဲ သေဆုံးသူ တရားနိုင်အား အယူခံ တရားပြိုင်အဖြစ် ထည့်သွင်းခဲ့ခြင်းကြောင့် အယူခံမှုသည် ရပ်စဲပြီးဖြစ် မဖြစ်—လေလံရောင်းချခြင်းကို ပယ်ဖျက်ရန် လျှောက်ရာ၌ လေလံဝယ်သူသည် လိုအပ်သည့် အမှုသည်တဦးဖြစ်မဖြစ်။ ။ဆုံးဖြတ်ချက်။** ။တရားမ ကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၉၂ အရချမှတ်သော အမိန့်သည် တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ ၁ (ဥ) အရ၊ အယူခံဝင်နိုင်သော အမိန့်ဖြစ်သည်။ ထိုကဲ့သို့ အယူခံဝင်နိုင်သော အမိန့်ဖြစ်လျှင်၊ တရားမ ကျင့်ထုံးပုဒ်မ ၁၀၄ (၂) အရ၊ ဒုတိယအယူခံပိုင်ဝင်ခွင့် မရှိတော့ပေ။ **မောင်ဖေခိန် နှင့် မသင်းမြ**၊ အတွဲ ၇၊ ရန်ကုန်၊ စာ ၃၇ ကို ကိုးကားသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။တရားမကြီးမှုတွင်သော်၎င်း၊ အယူခံမှုတွင်သော်၎င်း၊ အမှုသည်တဦးဦး သေဆုံးပြီးနောက်၊ ၎င်း၏တရားဝင်ကိုယ်စားလှယ်များကို အမှုသည်အဖြစ် အချိန်မှီထည့်သွင်းခြင်း မပြုပါက၊ စွဲဆိုသောအမှုသည် ထိုသေဆုံးသူနှင့် ပတ်သက်၍ ရပ်စဲသည်ဆိုသော တရားမ ကျင့်ထုံးအမိန့် ၂၂ ပါပြဋ္ဌာန်းချက်များမှာ စွဲဆိုသည့်တရားမ ကြီးမှု၊ သို့မဟုတ် အယူခံမှုကြားနာနေဆဲအချိန်၌ အမှုသည်တဦးဦး သေဆုံးသည့်ကိစ္စနှင့်သာ သက်ဆိုင်သည်။ ဒေါ်ခင်တုပ်က၊ ခရိုင်တရားမရုံးသို့ အယူခံမှုစွဲဆိုခြင်းမပြုမီကပင်ဦးသက်ပြင်းမှာသေဆုံးပြီးဖြစ်သည်။ အယူခံမှုစွဲဆိုစဉ်အချိန်အတွင်း သေဆုံးခြင်းမဟုတ်၍ တရားမ ကျင့်ထုံးအမိန့် ၂၂ ပါပြဋ္ဌာန်းချက်သည်၊ ဒေါ်ခင်တုပ်စွဲဆိုသည့်အယူခံမှုနှင့် အကျုံးမဝင်ချေ။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်ကိစ္စ၌ လေလံဆွဲဝယ်သူသည် လိုအပ်သည့်အမှုသည်တဦးဖြစ်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုနည်းဥပဒေအရ လျှောက်ထားနိုင်သည့် ပုဂ္ဂိုလ်များမှာ တရားနိုင်၊ သို့မဟုတ် ပစ္စည်းကိုရောင်းချရာ၌ အကျိုးထိခိုက်နိုင်သူတို့သာဖြစ်သည်။ ပစ္စည်းကိုရောင်းချစဉ်က လေလံဆွဲဝယ်သူသည် ပစ္စည်းပေါ်၌ တစုံတရာ အကျိုးခံစားခွင့်မရှိသေးသဖြင့် ပစ္စည်းရောင်းချခြင်းကြောင့်၎င်း၏ အခွင့်အရေးကို ထိခိုက်သည်ဟု ယူဆခြင်း မပြုနိုင်။ **အနာမလဲယား ချစ်တီး နှင့် ဒေါ်ကျင်စိန်**၊ ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ (တရားလွှတ်တော်ချုပ်) စာ ၉၅ ကို ရည်ညွှန်းသည်။

**ဦးသက်ပြင်း (သေသူ)**
**၎င်း၏ တရားဝင်ကိုယ်စား**
**လှယ်များ ဖြစ်သော —**
**၁။ ဒေါ်မမကြီး**
**၂။ ဒေါ်မမလေး**
**၃။ ဒေါ်ပုလေး**
**၄။ ဦးအောင်ကြည်**

**နှင့် ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင်တုပ်** .... ၂၆

**အခွင့်ထူး အယူခံတရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့်စီရင်ချက်ကို တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင် မနိုင်—စီရင်ပိုင်ခွင့်အာဏာကို မအပ်ပဲ ရ-မရ—အခွင့်ထူးလျှောက်လွှာ၊ အခွင့်ထူးအယူခံမှု၊ စာချွန်မှုတို့အပေါ် တရား**

**စာမျက်နှာ ၁**

**လွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓကရှိ-မရှိ—အဘိုင်းအဘာမရှိ အယူခံ ဝင်ခြင်တိုင်း ဝင်သင့်မသင့်—အမှေပုံကုန်ခါမှ တရားပြတ်သည်ဟူသော အစွဲအလန်းကို ပယ်ဖျောက်သင့်ခြင်း—အယူခံရုံးများက အမှုတွဲခေါ်ယူခြင်းနှင့် မူလရုံးများကအမှုကိုဆိုင်းငံ့ထားခြင်း။** ။ဤအမှုတွင် လျှောက်ထားသူဘို့သည်၊ မန္တလေးခရိုင် တရားမရုံးတွင် အချင်းဖြစ်မြေနှင့် အဆောက်အဦကို၊ ၎င်းတို့ ပိုင်ကြောင်း မြွက်ဟကျေညာပေးရန် တရားစွဲဆိုခဲ့ရာ၊ အမှုကို ၅ နှစ်ကြာမျှ စစ်ဆေးပြီးနောက် လျှောက်ထားသူတို့၏အမှုကို ပယ်ခဲ့သည်။ လျှောက်ထားသူတို့က မကျေနပ်၍ တရားရုံးချုပ်သို့ ပထမအယူခံဝင်သည်။ သို့သော်မအောင်မြင်ခဲ့သဖြင့် အခွင့်ထူးလျှောက်လွှာလျှောက်ရာ ရုံးတော်ကပယ်ခဲ့သည်။ ဤတွင် လျှောက်ထားသူတို့က အခွင့်ထူးလျှောက်လွှာကို ပယ်သောအမိန့်ကို ပြန်လည် သုံးသပ်ရန် ထပ်မံ လျှောက်ထားခြင်းဖြစ်သည်။ **။ဆုံးဖြတ်ချက်။** ။၁၉၆၂ ခုနှစ်၊ ဥပဒေအမှတ် ၄၁ ဖြင့်တရားရုံးချုပ်ကချမှတ်သောအချို့စီရင်ချက်၊ ဒီကရီ၊ အမိန့်တို့မှ အယူခံဝင်ရန် အခွင့်ထူးလျှောက်ထားခွင့်ကို ဖွင့်ပေးခဲ့စဉ်က အခွင့်ထူး လျှောက်လွှာ သို့မဟုတ် အခွင့်ထူးအယူခံတရပ်ရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့်စီရင်ချက်ကိုလည်း တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင်သည်ဟူ၍ နောက်တဆင့်တိုးထွင်ခြင်း၊ အာဏာအပ်နှင်းခြင်း မပြုခဲ့ပေ။ **ထပ်မံဆုံးဖြတ်ချက်။** ။စီရင်ပိုင်ခွင့်အာဏာကိုမအပ်ပဲမရချေ။မအပ်သောအာဏာကိုလည်း ဖန်တီးပြုလုပ်၍ မယူနိုင်ချေ။ တရားရုံးချုပ်သည် ဥပဒေပြုအာဏာပိုင် အဖွဲ့မဟုတ်ချေ။ အပ်နှင်းသော အာဏာအတွင်းကသာလျှင် ထုံးတမ်းသာဓက၊ လုပ်ထုံး စသည်တို့နှင့်အညီ မျှတမှန်ကန်စွာ စီရင်ရသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အယူခံဝင်ရန် အခွင့်လျှောက်လွှာ၊ အခွင့်ထူးအယူခံမှု၊ စာချွန်မှု စသည်တို့အပေါ်၌ တရားလွှတ်တော်ချုပ်က ချမှတ်ပြီးသောအမိန့်၊ စီရင်ချက် ဘိုကို တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓကတရပ်မျှပင် မရှိချေ။ **ထပ်မံဆုံးဖြတ်ချက်။** ။တရားသူကြီးများသည်လည်း လူသားများသာ ဖြစ်ကြပါသည်။ တင်ပြသော သက်သေအထောက်အထားများကိုသာ အခြေခံ၍ ဆုံးဖြတ်ကြရပါသည်။ ထို့ကြောင့် ဤရုံးနောက်ဆုံးဆင့်သို့ တက်ရောက်ပြီးကာ မျှဖြင့် မမှားမယွင်း ကေန်မှန်သည်မဆိုနိုင်ပါချေ။ သို့ရာတွင် အတိုင်းအတာမရှိ၊ အယူခံဝင်ချင်တိုင်းဝင်၊ အမိန့်များကို ပြန်လည်သုံးသပ်လိုတိုင်း သုံးသပ်ရပါမူ ပြည်သူတို့၏ အရေးအခင်းတို့သည် ပြီးပြတ်သည်မရှိ၊ ပြည်သူတို့၏အခွင့်အရေးတို့ သည် တည်ငြိမ်သည်မရှိ၊ ပြည်သူတို့၏ဘဝသည် တရားရုံးများတွင်သာ ဆောက် တည်ရာမရ ဖြစ်နေရတော့သည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အမွေပုံ ကုန်ခါမှ တရားပြတ်သည်ဟူသော အဟောင်းအခေါ် အစွဲအလန်းကို လက်တွေ့အလုပ်ဖြင့် ပယ်ဖျောက်ကာ ပြည်သူချင်းချင်း၏ အရေးအခင်းများကို တရားရုံးများက မျှတ မြန်ဆန် မှန်ကန်စွာ ပြေလည်ပြီးပြတ်လေအောင် ဆောင်ရွက်ပေးနိုင်ပါမှ၊ ပြည်သူ က တရားရုံးများကို အားကိုးယုံကြည်ကြပေလိမ့်မည်။ ယင်းသို့ ပြည်သူအားကိုး ယုံကြည်သော တရားစီရင်ရေးဖြစ်ထွန်းစေအောင် တရားရုံးများအား ရှေ့နေကြီး များက ဝိုင်းဝန်းကူညီအပ်၏။ သို့မှသာ ပြည်သူ့ရှေ့နေကြီးများ ပြီသကြမည်ဖြစ် ပေသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသည့်အချက် ရှိ၏။ ဤရုံးအပါအဝင် အယူခံရုံးများသည် အယူခံလွှာ၊ လျှောက်လွှာစသည်ကို ရသမျှနှင့် မူလရုံးများမှ အမှုတွဲကိုခေါ်ယူခြင်း။ ဆီလျော်ဆက်စပ်မှုမရှိသော

စာမျက်နှာ

အခြားရုံးများမှ အမှုတွဲများကို ခေါ်ယူခြင်းစသည်ကိုပြုတတ်ကြသည်ဟုသိရသည်။ မူလရုံးများကလည်း အယူခံရုံးသို့ အယူခံဝင်သည်၊ လျှောက်လွှာတင်သည်ဆိုကာ မျှနှင့် အမှုကိုဆိုင်းငံ့ထားခြင်း စသည်ကိုပြုတတ်ကြသည်ဟုလည်း သိရသည်။ ယင်းသို့ ပြုကြခြင်းသည် လုပ်ထုံးနှင့်မညီ၊ အမှုများကို ကြန့်ကြာစေသည်။ ထိုကြောင့် ထုံးတမ်းလက်စွဲ နည်းဥပဒေများနှင့်အညီသာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှတ်ချက်ပြုသည်။ တရားရုံးချုပ်ကလည်း တရားရုံးများ ညွှန်ကြားလွှာ တရပ်ကို ထုတ်ပြန်ရန် စီစဉ်လျက်ရှိသည်။

ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈ ... ... ... ၁၃

အပြီးသတ်အမိန့်နှင့်ပတ်သက်၍ အစီပွါယ်ဖွင့်ဆိုချက် .... .... ....

**အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ အရွယ်မရောက်သေးသူအား မည်သူက အုပ်ထိန်းသင့်သည်ဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာဘာသာ ထုံးတမ်းအရ အုပ်ထိန်းခွင့်ရှိ-မရှိ ဆိုသောအချက်သည် အဓိကမဟုတ်။ အရွယ်မရောက်သေးသူ၏ ကောင်းကျိုးချမ်းသာမှုကို ဦးစားပေးသုံးသပ်ရန်လိုခြင်း။ ။ ဆုံးဖြတ်ချက်။** ။မဟာမေဒင်ဘာသာ ထုံးတမ်းအရ၊ မိခင်ဖြစ်သူသည်၊ တစိမ်းတရံ သူနှင့်နောက်အိမ်ထောင်ပြုလျှင် ၎င်း၏ အရွယ်မရောက်သေးသည့် သားသမီးများကိုအုပ်ထိန်းရန် အခွင့်အရေးဆုံးရှုံးသည်မှာမှန်၏။ သို့ရာတွင် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ အရွယ်မရောက်သေးသူ တဦးဦးအား မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိသင့်သည်ဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ဘာသာထုံးတမ်းအရ၊ အုပ်ထိန်းပိုင်ခွင့်ရှိသည်၊ မရှိသည်ဆိုသောအချက်မှာ အဓိကမဟုတ်၊ မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိခြင်းဖြင့် အရွယ်မရောက်သေးသူ၏ ကောင်းကျိုးချမ်းသာမှုကို အကျိုးပြုမည် ဆိုခြင်းကို ဦးစားပေး၍ သုံးသပ်ရမည်ဖြစ်သည်။ **တန်စီကြူ နှင့် ချန်ချိန်လျန်**၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၁၀၇၊ **ဦးမောင်မောင် နှင့် မအေးသူ**၊ ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၄၁၆ (တရားလွှတ်တော်) တို့ကိုရည်ညွှန်းသည်။

မိုဟာမက်ဟာနစ်ခန် နှင့် မိုင်ရှန်နစ်ဆာ ... ... ... ၁၉

## စီရင်ထုံးပြုသောမှုခင်းများ

## LIST OF CASES REPORTED

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

### တရားမမှုများ

### CIVIL CASES


| | စာမျက်နှာ |
|---|---|
| ကာရစ် (ရှ) နန်း၊ မစ္စတာ အာ (ရ်) နှင့် ဝိုင်၊ အမ်၊ စီ၊ အေ .... | ၃၈ |
| ကာစီပရာဆပ်၊ ကန်ထရိုက်တာ နှင့် ဒလစ်ဆင်း၊ ကန်ထရိုက်တာ၊ ကမ်ဇာခန် နှင့် လွှာနင်း ပါ ၆ .... .... .... | ၄၂ |
| ကျော်မြင့်၊ မောင် နှင့် မောင်ကျော်ဆင့်၊ (ငယ်ရွယ်သူ) ၎င်း၏ အုပ်ထိန်းသူ ဒေါ်မြကျင် .... .... .... | ၄၇ |
| ကြည်ကြည်၊ ဒေါ် နှင့် မစ္စစ် မေရီဝိန် ပါ ၉ .... .... | ၅၂ |
| စောရွှေ၊ ဒေါ်၊ ပါ ၁ နှင့် ဒေါ်မှန် .... .... .... | ၆၂ |
| ဇင်၊ ဒေါ် (ခ) ဒေါ်မယ်ဇင်နှင့် ၁၊အပွင့်ဆပ်တား (ခ) မောင်သာထွန်း၊ ၂။ နူးမိုဟာမက် .... .... .... .... | ၆၈ |
| တင်ဂွမ်၊ ဦး၊ နှင့် ဦးသော်ဒါ .... .... .... | ၇၆ |
| တင်တင်၊ ဒေါ်၊ ပါ ၁ နှင့် ၁။ ဦးတင်မောင် ၂။ ဒေါ်သိန်းတင် .... | ၇၉ |
| ထွန်း၊ ဦး၊ ရေစအေးတွင်းရပ်၊ တောင်ကြီးမြို့ နှင့် { ဒေါ်သိန်းငွေ၊ ဦးညွန့်မောင်၊ } သားအမိ ပွဲစားတန်း၊ မိတ္ထီလာမြို့၊ မလှိုင်စာတိုက် .... | ၈၃ |
| ထွန်းလှိုင်၊ ဦး၊ ပါ ၁ နှင့် { ၁။ ဦးကြည်ဝင်း ပါ ၅၊ ၂။ ဦးကျော်စိန် ပါ ၄ } .... | ၉၂ |

စာမျက်နှာ

ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်(ယခင် နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေးဘဏ်) နှင့် { ၁။ ဦးလှသိန်း၊ ၂။ ဒေါ်စန်း .... ၁၀၃

ဘခင်၊ ဦး၊ နှင့် { ၁။ ဦးသာဝင်း၊ ၂။ ရွှေတိဂုံစေတီတော်ဂေါပကလူကြီးအဖွဲ့ .... ၁၀၇

ဘရှိန်၊ ဦး၊ နှင့် ဦးမောင်မောင်ကလေး .... .... ၁၁၀

ဘိုးစိန်၊ ဦး၊ ပါ ၆ နှင့် မောင်အေး (ခ) အင်ါအင်ါကီး .... .... ၁၂၁

မဒါး၊ အေ၊ အီး၊ နှင့် ကိုမောင်ရွှေ .... .... .... ၁၂၄

မေမေခင်၊ ဒေါ်၊ ပါ ၂ နှင့် ဒေါ်ကျောင်စွန်း ပါ ၄ .... .... ၁၂၇

မြသိန်း၊ ဦး၊ ပါ ၁ နှင့် { (၁) ဦးမြသီး၊ (၂) ဒေါ်မြသွင်၊ (၃) ဦးမောင်မောင်သင် .... .... ၁၃၄

အောင်သိန်း၊ ဦး၊ ပါ ၁ နှင့် { (၁) ဒေါ်အမာ၊ (၂) ကိုခွေးမောင် .... .... ၁၃၇

# ကိုးကားသောအမှုခင်းများ

# LIST OF CASES CITED

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

### တရားမမှုများ

### CIVIL CASES


စာမျက်နှာ

*Law and custom in Burma and Burmese family Law* by
Dr. Maung Maung, The Hugue, 1963 ... ၆၀

ကောသမ္ဗကသုတ်အင်္ဂုတ္တိုရ်ပါဠိတော်၊ ၂ မဟာဝဂ်၊ ဗုဒ္ဓသာသနာအဖွဲ့ .. ၉၉

ကျော်ခင်၊ ဦး၊ နှင့် ဦးကြီးမောင်၊ ၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၄၅၆ ၁၂၅

ကြင်မေ့၊ မ၊ နှင့် ဒေါ်အေးကြည်၊ ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု
အမှတ် ၂၅၀ (ခ) .... .... .... .... ၁၀၀

မိုလမ်ကေဂျာဗီ၊ အိုင်၊ အိမ်၊ အိုင်၊ နှင့် အိဗရာဟင်ရန်ဂူးကုမ္ပဏီလီမိတက်၊
၁၉၆၂ မြန်မာနိုင်ငံ စီရင်ထုံး၊ ၁၅၂ (တရားရုံးချုပ်) .. ၁၂၂

စောရှင်၊ ဒေါ်နှင့် ဟွာကိုးရား၊ ၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၇၆၅ ၁၄၀

စံဘွင့်၊ မောင်၊ နှင့် မေသင်ရွှေခင်၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၁၊
ရန်ကုန်၊ စာ ၆၅ .... .... .... .... ၉၁

စိန်ရထနာ ပိုးယက်ကန်းစက် လီမိတက် နှင့် ကုန်သွယ် လုပ်ငန်း ရှန်မင်း
ကြီး ၁၉၆၉ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅ .... ၇၁(၁၉)
(၉၉)

ဘညွန့်၊ ဦး နှင့် ဦးစိန်ကြည်၊ ၁၉၇၀၊ တရားမ အထွေထွေ လျှောက်လွှာ
အမှတ် ၄၁ .. .... ... .... ၁၀၀

ဘရှင်၊ ဦး နှင့် ဟာဆန်၊ ၁၉၆၉၊ တရားမ အထွေထွေ လျှောက်လွှာ
အမှတ် ၇ — ... — — ၁၀၀

စာမျက်နှာ

ဘိုးကျော်၊ မောင် နှင့် မလေး၊ အတွဲ ၇၊ ရန်ကုန်၊ စာ ၁၈ .... ၁၂၂

ဘော်ဖြူ၊ မောင် နှင့် မောင်ရန်ရှင်း၊ ၁၉၃၉၊ ရန်ကုန် စီရင်ထုံး၊ စာ ၆၈၆.... ၁၂၂

မြရင်၊ ဒေါ် ပါ ၅ နှင့် ဒေါ်စော၊ ၁၉၆၉၊ တရားမ အထွေထွေ လျှောက်
လွှာ အမှတ် ၃၈ (စုံညီခုံရုံး) .... ... .... ၉၉

မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေ၊ ဦးမြစိန်ရေး .... .... ၆၀

မောင်၊ဘိုး နှင့် ဗို၊ အာ (ရ်)၊ အမ်၊ စီ၊ အာ (ရ်)၊ အမ်၊ ချစ်တီး အတွဲ ၁၂၊
ဘားမား လောတိုင်း၊ စာ ၁၅၆ .... .... .... ၁၃၆

မွန်းနွီး၊ ဒေါ်ပါ ဂ နှင့် အယ် (လ်) အနှင်း၊ ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်
ထုံး၊ စာ ၂၃၂ .... .... .... .... ၁၃၀

ရာဟန်ဘတ် (စ်)၊ ဟာဂျီ နှင့် ရှိတ်မူဘာရက်ဟူစိန်၊ ၁၉၅၃၊ မြန်မာပြည်
စီရင်ထုံး၊ စာ ၈၀ (တရားလွှတ်တော်ချုပ်) .... .... ၃၇

ရီရီ၊မ နှင့် မကလေး၊ အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၆၊ စာ ၁၆၇ .... ၅၀

ရဲကျော်သူ ကုမ္ပဏီလီမိတက်၊ ဦးနှင့် မလှဦးဖြူ၊ ၁၉၄၀၊ မြန်မာပြည်
စီရင်ထုံး၊ စာ ၁၈၀ .... .... .... ၁၄၀

လှအုန်း၊ဒေါ် နှင့် မညွန့်၊ ၁၉၃၇၊ ရန်ကုန် စီရင်ထုံးများ၊ စာ ၄၁၀ .... ၅၉

ဝ၊ ဦး နှင့် ဦးဘထွန်း၊ ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၃၈၉ (တရား
ရုံးချုပ်) .... .... .... ၁၂၅

ဝင်နီဆူးမား နှင့် ဒေါ်အေးကြည်၊ ၁၉၆၉၊ တရားမ အထွေထွေ လျှောက်
လွှာ အမှတ် ၁၄၆ .... .... .... ၉၉

သန်းအောင်၊ ကို နှင့် မချစ်၊ ၁၉၅၈၊ မြန်မာပြည် စီရင်ထုံး စာ ၂၉၁
(တရားလွှတ်တော်) .... .... .... ၁၄၁

သိန်းရင်၊ မ နှင့် မောင်သာဒွန်း၊ အတွဲ ၂၊ ရန်ကုန်၊ စာ ၆၂ .... ၅၉

ဟာမစ်၊ အဗ္ဗဒူ၊ နှင့် အ က် (စ်) အေ၊ အဗ္ဗဒူ ဟာမစ်၊ ၁၉၅၁ မြန်မာပြည်
စီရင်ထုံး၊ စာ ၃၉၄ (တရားလွှတ်တော်) .... .... ၃၇

အေးတင်၊ ဒေါ်နှင့် မိတ္ထီလာခရိုင် ပြည်သူ့တရားရုံး အယူခံအဖွဲ့၊
၁၉၆၉၊ တရားမ အထွေထွေ လျှောက်လွှာ ၁၈ .... ၁၀၄

အောင်လှ နှင့် ထုံးကြီး၊ အတွဲ ဂ၊ အောက်မြန်မာပြည် စီရင်ထုံး၊
စာ ၂၆၄ .... .... .... .... ၁၄၉

# ညွှန်းချက်

# INDEX

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

### တရားမမှုများ

### CIVIL CASES


စာမျက်နှာ

**အက်ဥပဒေများ—**

ငွေထိုးချေးသူများ အက်ဥပဒေ

ပန့်ညီးလွှဲပြောင်းရေး အက်ဥပဒေ

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ

မှတ်ပုံတင် အက်ဥပဒေ

တရားမကျင့်ထုံး

သီးခြား သက်သာခွင့် အက်ဥပဒေ

အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ အက်ဥပဒေ

၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေ


**ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားရန် တရားရုံးချုပ်၏ ညွှန်ကြားထားချက်—တည်ဆဲ ဥပဒေနှင့် ထက်စေ့ အခြေအနေများ အကြား ပေါင်းကူး တံတား ခင်းပေးသည့် သဘော ညွှန်ကြားစေခြင်း—တရားရုံးချုပ် အမှာစာသည် အိမ်မြေများနှင့် ပတ်သက်၍ ဇာရီပြုလုပ်ခြင်းကို ယာယီအားဖြင့်ဆိုင်းငံ့ထားခြင်း—ဇာရီပြုလုပ်ခြင်းကို အချိန်မီ ပြုလုပ်ရန် ဤစီရင်ချက်ဖြင့် သတိပေးခြင်း။** ။ဆုံးဖြတ်ချက်။ ။ ဆင်းရဲနွမ်းပါးသော သူတို့အား မြေမှ အိမ်မှ၊ ဥပဒေ အာဏာဖြင့် ဖယ်ရှားလိုတိုင်း

စာမျက်နှာ

ဖယ်ရှားနိုင်ကြလျှင်၊ အတိဒုက္ခရောက်နိုင်ကြသည်ကို မြင်၍၊ ဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရန်နှင့် ဥပဒေ ဘောင် အတွင်းမှ မျှတသော နည်းလမ်းများကို ဖန်တီးနိုင်ရန် တရားရုံးချုပ်က တရားရုံးများအား ရည်ညွှန်းသော အမှုစာကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ တရားစီရင်ရေးကို အုပ်ချုပ် ကွပ်ကဲသည့် သဘော၊ တည်ဆဲ ဥပဒေများနှင့် လက်တွေ့ အခြေအနေများ အကြား ပေါင်းကူး တံတား ခင်းပေးသည့် သဘော ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ယင်းညွှန်ကြားလွှာသည် ဥပဒေ အာနိသင် အပြည့် မရှိစေကာမူ၊ တရားရုံးချုပ်၏ အုပ်ချုပ် ကွပ်ကဲမှုကို ခံယူရသော တရားရုံးများက လိုက်နာကြရသည့် ညွှန်ကြားချက်မျိုးဖြစ်သည်။ ။ **ထပ်မံဆုံးဖြတ်ချက်နှင့် သတိပေးချက်။** ။တရားစရိတ်ကို ဇာရီပြုလုပ်နိုင်ကြောင်း တရားရုံးချုပ် အမှုစာသည် အိမ်မြေများနှင့် ပတ်သက်၍ ဇာရီပြုလုပ်ခြင်းကို ယာယီအားဖြင့် ဆိုင်းငံ့ထားခြင်းသာ ဖြစ်ကြောင်း၊ ဤစီရင်ချက်ဖြင့် ထင်ရှားစေပြီး၍၊ နောင်အခါတွင် ဇာရီပြုလုပ်ခြင်းကို အချိန်မီ ပြုလုပ်ကြရမည် ဖြစ်ကြောင်း သတိပေးလိုက်သည်။ တရားနိုင်က မိမိ၏ အခွင့်အရေးကို စွန့်ပယ်ခြင်း မပြုကြောင်း၊ ကာလ စည်းကမ်းသတ် အတွင်း ဇာရီ လျှောက်ထားခြင်းဖြင့် တရားရှုံးအား သိစေရန် တာဝန် ရှိပေသည်။

| | | | |
|---|---|---|---|
| ၁။ ဒေါ်တင်တင်<br>၂။ ဦးဘရှင် | နှင့် | ၁။ ဦးတင်မောင်၊<br>၂။ ဒေါ်သိန်းတင်၊ .... | ၇၉ |

**ဒီကရီမိတ္တူကို အယူခံလွှာနှင့်ပူးတွဲ တင်သွင်းခြင်း မပြုပဲနေ၍ ရ မရ—တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁—ဒီကရီ ရေးဆွဲခြင်း မပြုရသေးသည့် အကြောင်းကြောင့် အယူခံအတွက် ဒီကရီမိတ္တူကို ကူးပေးရန် မလျှောက်ထားပဲနေ၍မရခြင်း။** **။ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး အမိန့် ၄၁၊ နည်း ဥပဒေ ၁ အရ၊ တရားမရုံး၏ ဒီကရီတခုခုကို အယူခံဝင်လျှင် အယူခံလွှာနှင့်အတူ အယူခံသော ဒီကရီ၏ မိတ္တူနှင့် စီရင်ချက် မိတ္တူတို့ကို ပူးတွဲ၍ တင်သွင်းရမည်။ စီရင်ချက် မိတ္တူကို အယူခံရုံးက ခွင့်ပြုပါက တင်သွင်းခြင်း မပြုပဲနေနိုင်သည်။ ဒီကရီမိတ္တူကို မူကား တင်သွင်းခြင်းမပြုပဲ နေ၍ မရချေ။ ဒီကရီ မိတ္တူမပါပဲ အယူခံလွှာ တင်သွင်းလျှင် ထိုအယူခံသည် တရားဝင်သော အယူခံ မဟုတ်ချေ။ **ဗွီ၊ အိုင်၊ အီး၊ အိုင် စမီလမ်စကေဂျာ နှင့် အီဗရာဟင်ရန်း ကုမ္ပဏီလီမိတက်** ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၁၅၂ (တရားရုံးချုပ်) ကို ကိုးကားသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ရန်ကုန်မြို့၊ တရားမရုံး အက်ဥပဒေ ပုဒ်မ ၂၄ အရ၊ ထိုရုံးမှ ချမှတ်သော ဒီကရီကို တလအတွင်း အယူခံဝင်ရမည်ဖြစ်သည်။ ဒီကရီကို မည်သည့်နေ့ရက်၌ပင် ရေးဆွဲစေကာမူ၊ စီရင်ချက် ချမှတ်သည့် နေ့မှစ၍ ကာလ စည်းကမ်းသတ် အချိန်ကို စတင်၍ ရေတွက်ရမည်။ ဒီကရီရေးဆွဲခြင်း မပြုသေးသည့် အကြောင်းကြောင့် ဒီကရီ မိတ္တူကို ကူးပေးရန် မလျှောက်ထားပဲနေ၍ မရချေ။ လျှောက်ထားခြင်းမပြု၍ ကာလ စည်းကမ်းသတ် အချိန် ကျော်လွန်လျှင် ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်သည်။ **မောင်အိုးကျော်နှင့် မလေး၊** အတွဲ ၇၊ ရန်ကုန် ၁ဂ။ **မောင်ဘော်မြနှင့် မောင်ရန်ရှုဝ်း၊** ၁၉၃၉ ခု၊ ရန်ကုန် စီရင်ထုံး ၆ဂ၆ ကို လိုက်နာသည်။

**ဦးအိုးစိန် ပါ ၆ နှင့် မောင်အေး (ခ) အင်အင်ကီး** .... .... ၁၂၁

စာမျက်နှာ

**တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁—တရားမမှု တခုခုတွင် သက်ဆိုင်ရာရုံး - သည် သင့်တော်သည်ဟု ထင်သော သူ တဦးအား စာရင်းများ စစ်ဆေးရန် ညွှန်ကြားနိုင်သည့် အာဏာရှိ မရှိ—တရားမရုံး အက်ဥပဒေ ပုဒ်မ ၃၄ အရ ထုတ်ပြန်သည့် ပြဋ္ဌာန်းချက်များသည် တရားမ ကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကို လွှမ်းမိုးနိုင် မနိုင် —ကော်မရှင်နာခန့်ထားခြင်းမှာ သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ခန့်အပ်ရသည့် ကိစ္စဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးအမိန့် ၂၆၊ နည်းဥပဒေ ၁၁ အရ တရားမမှု တခုခုတွင်သက်ဆိုင်ရာရုံးသည် မိမိသင့်တော်သည်ဟု ထင်မြင်သောသူ တဦး တယောက်အား စာရင်းများ စစ်ဆေးရန် အတွက် ညွှန်ကြားနိုင်သည့် အာဏာရှိသည်။ ရန်ကုန်မြို့၊ တရားမရုံး၊ ရုံးလက်စွဲ အပိုဒ် ၁၁ ၌ ရုံးဝန်ထောက်နှင့် စပ်ဆိုင်သည့် တာဝန် ဝတ္တရားများ ပြဋ္ဌာန်းထားသည်။ ထိုတာဝန်ဝတ္တရားများထဲတွင် စာရင်းရှင်းလင်းသည့် တာဝန် လည်း ပါဝင်သည်။ ထိုတာဝန်များကို တရားမရုံး အက်ဥပဒေ ပုဒ်မ ၃၄ အရ ထုတ်ပြန်သည့် ပြန်တမ်းအရ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ရာတွင် ယင်းကဲ့သို့ ရုံးဝန်ထောက်၏ တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းထားရာ၌ စာရင်းရှင်းလင်းသည့် အလုပ်တာဝန်ပါယုံကာမျှဖြင့်၊ ထိုပြဋ္ဌာန်းချက်များသည် တရားမ ကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကို လွှမ်းမိုး၍ မသွားနိုင်။ စာရင်းရှင်းရန် အတွက် ကော်မရှင်နာခန့်ထားခြင်းမှာ သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ခန့်အပ်ရသည့် ကိစ္စဖြစ်သည်။ သာမန်အားဖြင့် ရုံးဝန်ထောက်အား ကော်မရှင်နာ ခန့်အပ်ရန် ဖြစ်သော်လည်း အကျိုး အကြောင်း သင့်မြတ်သည့် အကြောင်းအရာများရှိလျှင် အပြင်လူကိုလည်း ခန့်ထားနိုင်သည်။

**ဦးတင်ဂွမ် နှင့် ဦးသော်ဒါ** .... .... .... ၇၆

**တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရခြင်း—တရားရုံးသည် ဥပဒေကအပ်နှင်းသောအာဏာကိုသာသုံးစွဲနိုင်ခြင်း—ဂေါပကလူကြီးအဖြစ် ရွေးကောက်ခြင်း ခံရသည်ဟုကြေညာခြင်းခံရသောပုဂ္ဂိုလ်သည် ဂေါပကလူကြီးအဖြစ် သို့ရောက်-မရောက်—ဂေါပကလူကြီး ရွေးကောက်ခံရခြင်းကို တရားရုံးချုပ်သို့ အတည်ပြုပေးရန်အတွက် လျှောက်ထားရန်လို-မလို—ဂေါပကဖွဲ့စည်းပုံစည်းမျဉ်း တွင်၊ ဂေါပကရွေးကောက်ပွဲ ကြေညာပြီးနောက် တရားရုံးသို့ အတည်ပြုရန်ပြဋ္ဌာန်း ချက်များသည် အချီးနှီးဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။** သာဓက လုပ်ထုံးများယွင်းချွတ်ချော်နေသည်ကိုမြင်ရလျှင် သင့်မြတ်သလိုပြင်ပေးရန် တရားရုံးချုပ် တွင် တာဝန်ရှိသည်။ ဗုဒ္ဓဘုရား မှင်တော် ကိုယ်တိုင်ပင်လျှင်၊ ကာလမ မင်းတို့အား ဆုံးမစကားမြွက်ကြားရာ၌ "သင်တို့သည် ပြောသံကြားကာမျှဖြင့်၊ ဟုတ်ပြီ၊ မှန်ပြီဟု အတည်မယူကုန်လင့်ဦး၊ အစဉ်အဆက်စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ဖြစ်ဘူးသတတ် ဟူသောစကားဖြင့်လည်း မယူကုန်လင့်ဦး . . . . "စသည်ဖြင့် သတိပေးတော်မူကာ၊ ဤကားကုသိုလ်တရားတည်း၊ ဤကား အကုသိုလ်တရားတည်းဟုမိမိတို့ကိုယ်ဘိုင်သိသောအခါ၌မူ၊ ပယ်စွန့်ခြင်း၊ ပြည့်စုံစေခြင်းတို့ကို ပြုအပ်ပေသည်ဟု ဟောတော်မူ၏။ ။ကောင်းမြတ်သော ရှေးထုံးသို့ကိုမပယ်ကောင်း၊ သို့ရာတွင် ရှေးထုံးကိုသာလျှင် ရင်ဝယ်ပိုက်ကာ ပြုပြင် ပြောင်းလဲခြင်းမပြုလျှင်မူကား တရားဥပဒေသည်၊ ရှေးခေတ်၌ပင်ဝပ်လျှိုး၍ နေရစ်မည်ဖြစ်ကြောင်းကိုလည်း အလျဉ်းသင့်သလို ညွှန်ပြခဲ့ကြဘူးပြီ။ တသူ့ရုံး

စာမျက်နှာ

ချုပ်၏ တရားဥပဒေ သဘာဝယုတ္တိတို့နှင့်အညီ ချမှတ်ခဲ့သော စီရင်ထုံးတို့ကို အောက်ရုံးများက တညီတညွတ် လိုက်နာကြရန်ဖြစ်သော်လည်း၊ တရားရုံးချုပ်၏ စီရင်ထုံးသည်ပင် မှားယွင်းချွတ်ချော်နေသည်၊ သို့မဟုတ် ခေတ်နှင့်မလျော် ဖြစ်နေသည်ကိုတွေ့ရလျှင် တရားရုံးချုပ်ကပင် လိုအပ်သလို ပြန်လည်သုံးသပ် ပြင်ဆင်ပေးရမည်ဖြစ်ပေသည်။ ထိုသို့မဟုတ်က အမှား၏အသက်သည် ရှည်လိမ့်မည်။ တရားဥပဒေသည် လက်တွေ့အခြေအနေနှင့် ကင်းကွာနေလိမ့်မည်။ ကေသ မုတ္တိသုတ် အင်္ဂုတ္တိုရ်ပါဠိတော် ၂ မဟာဝဂ်၊ဗုဒ္ဓသာသနာအဖွဲ့နှင့် ဒေါ်မြရင်ပါ ၅ နှင့် ဒေါ်စော ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ ၃၈ (စုံညီခုံရုံး) တို့ကိုရည်ညွှန်းသည်။ ။တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရသည်။ ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်ကို တရားရုံးက အဓိပ္ပါယ် ဖွင့်ဆိုရန် ဋီကာချဲ့ရန်မလို၊ အဓိပ္ပါယ်ဖွင့်သလိုနှင့် ဥပဒေကိုချဲ့ခြင်း၊ ချုံးခြင်း၊ထင် ခြင်းပြုမိတတ်သည်ကို ဆင်ခြင်ရမည်။ ယင်းသို့ပြုရန်လိုလျှင် ဥပဒေပြုအာဏာပိုင် အဖွဲ့ကသာ လုပ်ပိုင်ခွင့်ရှိသည်ဟုလည်း မကြာခဏ သတိပေးခဲ့ဘူးပြီ။ စိန်ရထနာ ပိုးယက်ကန်းစက် နှင့် ကုန်သွယ်လုပ်ငန်းစန်မင်းကြီး၊ ၁၉၆၉ ခုနှစ်၊ မြန်မာ နိုင်ငံစီရင်ထုံး၊ ၂၀၅။ ဝင်နီဆူးမား နှင့် ဒေါ်အေးကြည်၊ ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၄၆ တို့ကိုရည်ညွှန်းသည်။ ။ထပ်မံ ဆုံးဖြတ်ချက်။ ။တရားရုံးသည် ဥပဒေကမိမိအား အပ်နှင်းသောအာဏာ ကိုသာ သုံးစွဲနိုင်သည်။ အာဏာကို ဖန်တီးပြုလုပ်ယူ၍မရ၊ စီရင်ပိုင်ခွင့် အာဏာကို မလွန်စေရဟူ၍ လိုအပ်သလို ညွှန်ပြခဲ့ဘူးပြီ။ မကြင်မွေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု ၂၅၀ (ခ)။ ဦးအရှင် နှင့် ဖောဆန်၊ ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ ၇။ ဒေါ်အေးတင် နှင့် မိတ္ထီလာခရိုင်ဒေသ ပြည်သူ့ တရားရုံးအယူခံအဖွဲ့၊ ၁၉၆၉ ခုနှစ်၊တရားမအထွေထွေ လျှောက်လွှာ ၁၈၊ ဦးအညွန့် နှင့် ဦးစိန်ကြည်၊ ၁၉၇၀ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာ ၄၁ တို့ကိုရည်ညွှန်းသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖြစ် အရွေးခံလို သော ပုဂ္ဂိုလ်တို့၏ အရည်အချင်းကို စိစစ်ဆုံးဖြတ်ပြီးနောက်၊ ညွှန်ကြားကာ၊ စည်းကမ်း၊ ထုံးတမ်းနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ မဲဆန္ဒ ရှင်တို့ကလည်း မဲပေး၍ ရွေးကောက်တင်မြှောက်ခဲ့ပြီးပြီ။ ရွေးကောက်တင်မြှောက် ခြင်းကိုလည်း ဂေါပကအဖွဲ့က စည်းဝေးစိစစ်၍ ဆုံးဖြတ်ကြေညာပြီးဖြစ်သည်။ ယင်းသို့ကြေညာပြီးသည်ကို တရားရုံးက ထပ်မံစိစစ်၍ အတည်ပြုရန်မလိုပြီး ရွေးကောက်သည်ကို အတည်မပြုမနေ ပြုရမည်သာဆိုလျှင် ကြန့်ကြာ အလုပ်ပို စရိတ်ကုန်၍ အချိန်း အလဟသဖြစ်မည်။ အဆင့်ဆင့် စိစစ်ကာ ဂေါပကလူကြီး ဖြစ်ရန် အရည်အချင်းပြည့်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ဂေါပကအဖွဲ့က သတ်မှတ် ပြီးသော၊ မဲဆန္ဒရှင်များကလည်း ဆန္ဒပေးပြီး ရွေးချယ်ပြီးသော၊ ရွေးကောက် ခြင်းကို ဂေါပကအဖွဲ့က ကြေညာပြီးသောပုဂ္ဂိုလ်အား တရားရုံးကအတည် မပြု ပြန်လျှင်လည်း လက်တွေ့အဘောအားဖြင့် ရွေးကောက်ခြင်းခံရသော ပုဂ္ဂိုလ်အား ဂေါပကလူကြီးအဖြစ်မှ ထုတ်ပယ်ခြင်းမြောက်သည်။ ရွေးကောက်ခြင်းကိုအတည် မပြုခြင်းသည် ရွေးကောက်ခံရသူအား ထုတ်ပယ်ခြင်းပင်ဖြစ်သဖြင့်၊ ပုဒ်မ ၉၂ က ပြဋ္ဌာန်းသော စည်းကမ်းချက်တို့နှင့်အညီ တင်သွင်းလာသော တရားမကြီးမှုကို အခြေခံ၍သာ တရားရုံးကဆုံးဖြတ်ရမည့် လေးနက်သော ကိစ္စရပ်ဖြစ်သည်။

ယင်းသို့ တရားဥပဒေနှင့်အညီ မဲ့ဆိုသော တရားမကြီးမှု၏အပင်္ဂ တရားရုံးက
ထုတ်ပယ်နိုင်ခွင့်မရှိ။ ။ထို့ကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း
ဂေါပကအဖွဲ့၊ ဖွဲ့စည်းပုံစည်းမျဉ်းပါအပိုဒ် ၆ သည် မလိုပဲ၊ ပိုနေ၍အချိုးနှီးဖြစ်သော
ပြဋ္ဌာန်းချက်ဖြစ်သည်။ ဂေါပကလူကြီးရွေးကောက်ခြင်းကို ဂေါပကအဖွဲ့ကအပိုဒ်
၅(င)နှင့်အညီ ကျေညာသည်နှင့်၊ ကျေညာခြင်းခံရသော ပုဂ္ဂိုလ်သည် ဂေါပကလူ
ကြီးအဖြစ်သို့ရောက်ကာ၊ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်သည်။ တရားရုံး
ချုပ်သို့ အတည်ပြုပေးရန် လျှောက်ထားရန်မလို။ ရွေးကောက်ခြင်းကို စောဒက
တက်လိုသော ပုဂ္ဂိုလ်တို့သည် တရားမကျင့်ထုံးပုဒ်မ ၉၂ နှင့်အညီဖြစ်စေ၊ အခြား
ဆီလျော်သော ဥပဒေအရဖြစ်စေ၊ တရားမကြီးမှုဖွဲ့ဆိုရန်သာရှိသည်။ ။ထပ်မံ
**ဆုံးဖြတ် ချက်။** ။တရားရုံးများက ပုဒ်မ ၉၂ အရ အတည်ပြုထားသော ဂေါပက
ဖွဲ့စည်းပုံစည်းမျဉ်းများတွင် ဂေါပကရွေးကောက်ပွဲကို ဂေါပကအဖွဲ့က ကျေညာပြီး
နောက်၊ တရားရုံးသို့အတည်ပြုရန် လျှောက်ထားရမည်ဟု ရွှေတိဂုံစေတီတော်
ကြီး ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းအပိုဒ် ၆ ကဲ့သို့သော ပြဋ္ဌာန်းချက်များရှိနေခဲ့လျှင်၊
ယင်းတို့သည်အချိုးနှီးဖြစ်သည့်ပြင် တရားရုံးဟို့အား အာဏာလွန်၍ဆုံးဖြတ်စေနိုင်
သည်။ ယင်းပြဋ္ဌာန်းချက်တို့ကို လိုက်နာရန်မဟုတ်ဟု စီရင်ထုံးပြုသည်။ ယင်းသို့
သော ပြဋ္ဌာန်းချက်ပါရှိစေကာမူ၊ တရားရုံးသည် ရွေးကောက်ပွဲကိုအတည်ပြုပေးရန်
လျှောက်ထားလာပါက၊ ဆက်လက်အရေးယူဆောင်ရွက်ခြင်း မပြုမူ၍ လျှောက်
လွှာကိုပယ်ရန်ဖြစ်သည်။ ဂေါပကအဖွဲ့မျာ:ကလည်း ရွေးကောက်ခြင်းကို အတည်ပြု
ရန် တရားရုံးသို့ လျှောက်ထားမှုန်မလိုချေ။ နောင်အခါများ၌ ဂေါပကဖွဲ့စည်းပုံ
စည်းမျဉ်းကို တရားရုံးက စီစစ်အတည်ပြုပေးလျှင် ရွေးကောက်ပွဲကို ရုံးကအတည်
ပြုပေးရမည့် သဘောပါရှိသည့် ပြဋ္ဌာန်းချက်မျိုးကို ထည့်သွင်းဖေ ခြင်းမပြုစေရ။

ဦးထွန်းလှိုင် } နှင့် { ဦးကြည်ဝင်း ပါ ၅ .... .... ၉၂
ဦးသာဝင်း } { ဦးကျော်စိန် ပါ ၄

**ပဋိညာဉ်အတိုင်း မြေကို လွှဲပြောင်းရေး ဆောင်ရွက်စေရန် ဒီဂရီပေးခြင်းနှင့် ဒီဂရီပေး
ရန် ငြင်းခြင်း—မည်သည့်ယူဆချက်က မှန်မမှန်—သီးခြားသက်သာခွင့် အက်
ဥပဒေ ပုဒ်မ ၂၂ ကတရားရုံးအားအပ်နှင်းထားသော အာဏာသည်၊ ၎င်းအက်
ဥပဒေပြဋ္ဌာန်းချက်များကို လွှမ်းခြုံခြင်းရှိ-မရှိ—အယူခံရုံးသည် မိမိ၏ဆင်ခြင်တုံ
တရားကို မူလရုံး၏ဆင်ခြင်တုံတရားနှင့် အစားထိုးရန်မဟုတ်ခြင်း။** ။ဤအမှု
တွင် အယူခံတရားလို ဒေါ်စောရွှေတို့က၊ အယူခံတရားပြိုင် ဒေါ်မှန်အား၊ ၎င်းတို့
ပိုင်မြေအချို့ကို ရောင်းရန်သဘောတူ စာချုပ်ချုပ်ဆိုခဲ့သည်။ ဒေါ်မှန်က မြေကို
ပေးအပ်၍ အရောင်းအဝယ်မှတ်ပုံတင်ရန် ပြောဆိုရာ ဒေါ်စောရွှေက ငြင်းဆန်သ
ဖြင့်၊ ဒေါ်မှန်က ပဋိညာဉ်အတိုင်း ဆောင်ရွက်စေလိုမှုစွဲသည်။ မူလရုံးနှင့် ပထမ
အယူခံရုံးများတွင် စွဲဆိုသည့်အတိုင်း ဆောင်ရွက်ပေးစေရန် ဒီကရီပေးသင့်မသင့်
စဉ်းစားရာ၌ထူးခြားသော ပြဿနာတွေ့ခဲ့ရသည်။ ။**ဆုံးဖြတ်ချက်။** ။မူလက
အကြောင်း အချက်တို့ကို ကောင်းစွာ သုံးသပ်ပြီးနောက် ဆင်ခြင်တုံတရားကို
သဘာဝယုတ္တိနှင့်အညီ မျှတစွာ သုံးစွဲထားခြင်းဖြစ်သည်။ ပုဒ်မ ၂၂ ကလည်း
ဆင်ခြင်တုံတရားကို သုံးစွဲခွင့်အာဏာကို ရုံးအား အပ်နှင်းထားသည်။ ယင်းသို့
သုံးစွဲ၍ ဆုံးဖြတ်ထားသည်ကို အယူခံရုံးက ကြည့်ရှု၍ တရားမျှတမှု ကင်းနေလျှင်
ပြင်ဆင်နိုင်သည် မှန်၏။သို့ရာတွင် မူလရုံးက ဆင်ခြင်တုံတရားသုံးစွဲပုံမှန်၊ မမှန်ကို

စီစစ်ဝေဖန်ရန်ဖြစ်၏။ အယူခံရုံးက မိမိ၏ဆင်ခြင်တုံတရားကို မူလရုံး၏ ဆင်ခြင်တုံ တရားနှင့် အစားထိုးရန်မဟုတ်။ အယူခံရုံးထိုင်တရားသူကြီးက မိမိသာလျှင် မူလအမှုကို စစ်ဆေးလိုက်ရလျှင်၊ ဤသို့ ကွဲလွဲ၍ ဆုံးဖြတ်လိုက်ရလျှင် သင့်မြတ်မည်ဟုယူဆကာမျှနှင့်လည်း၊ အယူခံမှုတွင် ယင်းသို့ ကွဲလွဲ၍ ဆုံးဖြတ်ပေးရန် မဟုတ်ချေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ ၏ ရှင်းလင်းချက်တွင် " အခြားဆန့်ကျင်သော အချက်အလက်ကို သက်သေမထူနိုင်လျှင် " ဟူသော စကားရပ်များက ချုပ်ထားသည်ကို မမေ့အပ်။ သာမန်အားဖြင့် မြေကို လွှဲပြောင်းပေးခြင်းကို ငွေလျော်ကြေးဖြင့် အစားထိုး၍ မလုံလောက်ဟု ယူဆရမည်။ သို့ရာတွင် မြေကို လွှဲအပ်သဖြင့် အိမ်ဖျက်ရမည်၊ ရေတွင်းဖို့ရမည်ဟု ထင်ရှားစွာ အမှုတွင် ပေါ်နေသော အချက်သည်၊ ယင်းယူဆချက်ကို ဆန့်ကျင်၍ သက်သေထူထားသော အချက်ဖြစ်၏။ ပုဒ်မ ၂၂ က တရားရုံးအား အပ်နှင်းသော အာဏာသည် အက်ဥပဒေ ပြဋ္ဌာန်းချက်များကို လွှမ်းခြုံသည်။ ရှေ့ကပါသော ပုဒ်မ ၁၂ ကိုလည်း လွှမ်းခြုံသည်။ ပုဒ်မ ၁၂ တွင် ပါရှိသော ရှင်းလင်းချက်အရ အချင်းဖြစ်ကိစ္စသည် မြေစသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်လျှင် ပစ္စည်းကိုပင် မပေးမနေ ပေးအပ်စေရမည်ဆိုလျှင်၊ တရားရုံးအား ပုဒ်မ ၂၂ က အပ်နှင်းသော အာဏာသည် အဓိပ္ပါယ်မရှိ၊ အချီးနှီးဖြစ်လိမ့်မည်။ မူလရုံးက နှစ်ဖက်မျှတစေသောငှါ၊ ဒေါ်မှန်အား၊ ဒေါ်စောရွှေက လျော်ကြေးပေးစေ၏။ ပုဒ်မ ၁၉ အရ၊ ယင်းသို့လျော်ကြေးပေးရန် အမိန့်ချမှတ်ပေးနိုင်သည်။ ပုဒ်မ ၁၉ ၏ ဒုတိယအပိုဒ်တွင်၊ တရားရုံးက ပဋိညာဉ်အတိုင်း ဆောင်ရွက်စေဟုလည်း အမိန့်မပေး၊ ပဋိညာဉ်ဖေါက်ဖျက်မှုလည်း ရှိနေသည်ဟု တွေ့ရလျှင်၊ တရားလိုအား သင့်တော်သော လျော်ကြေးကို ပေးစေရန် မိန့်ဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တရားလိုက လျော်ကြေးမတောင်းစေကာမူ တရားရုံးက လျော်ကြေးပေးထားခြင်းသည် ဥပဒေအာဏာမလွန်။

**၁။ ဒေါ်စောရွှေ၊**
**၂။ ဦးဆင့် (ကွယ်လွန်) ရင်း၏တရားဝင်** } နှင့် ဒေါ်မှန် .... ၆၂
**ကိုယ်စားလှယ်ဒေါ်စောရွှေ။**

**ပြည်သူပိုင်မလုပ်မီက ရရန်ရှိသော ကြွေးမြီအဘွက် တရားစွဲဆိုပိုင်ခွင့်သည်၊ပြည်သူပိုင် ပြုလုပ်ပြီးနောက် အစိုးရ၌ တည် မတည်** .... .... ....

**မယားကြီး မယားငယ် ခေါ်ဝေါ်သည့်ထက်၊ ပထမ မယား၊ ဒုတိယ မယား ဟု ခေါ်ဝေါ်သည်က ပို၍ တိကျမှန်ကန်မည် ဖြစ်ခြင်း—တရားဝင် မယားသည်၊ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ လင့်အမွေကို ဆက်ခံနိုင်ခွင့်ရှိသည့် တရားဝင် မယားပြိုင်အဖြစ်ပေးခြင်း။** .... .... .... .... ၅၂

**မရွှေ့ပြောင်းနိုင်သောပစ္စည်းမှနှင်ထုတ်သည့် ဒီကရီကိုအကျိုးသက်ရောက်အောင်ဆောင်ရွက်ခြင်းမှ ဆိုင်းထားရန် တရားရုံးချုပ်က ညွှန်ကြားထားချက်—အစိုးရဘဏ်များ မှရရှိထားသည့် ဒီကရီများနှင့် အကျုံးဝင် မဝင်။ ။ဆုံးဖြတ်ချက်။ ။**တရားရုံးချုပ်(အထွေထွေဌာန)၏ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့စွဲပါ၊ စာအမှတ် ၂၃၂/၂၀-၁၅၅ (၆၃) အမှာစာဖြင့်၊ တရားမတရားသူကြီးအားလုံးထံသို့ မရွှေ့မပြောင်းနိုင်သော ပစ္စည်းမှ နှင်ထုတ်သည့် ဒီကရီ၊ သို့မဟုတ် အမိန့်ကို အကျိုး

စာမျက်နှာ

သက်ရောက်စေရန် အရေးယူ ဆောင်ရွက်ခြင်းမှ ခေတ္တဆိုင်းထားရန် ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့တွင် ညွှန်ကြားခဲ့သည်။ ထိုကဲ့သို့ ညွှန်ကြားရခြင်းမှာ တရားမရုံးများမှ ဒီကရီဖြင့် နေအိမ်များအား ဝရမ်းကပ်၍ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်းစသော အမိန့်များကြောင့် ဆင်းရဲသားများ နစ်နာ၍ အိုးအိမ်မဲ့ခြင်း၊ မဖြစ်ရအောင် လိုအပ်သည့် ဥပဒေတရပ်ကို ပြဋ္ဌာန်းရန်ရှိ၍ တရားမတရားသူကြီးများအား လိုအပ်သလို ညွှန်ကြားချက်တရပ် ထုတ်ပြန်ရန် တော်လှန်ရေးအစိုးရ၊ တရားရေးဌာနမှ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့စွဲပါ၊ စာအမှတ် ၃-တစ-၆၃ အရ၊ မေတ္တာရပ်ခံခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်မှ ညွှန်ကြားလွှာထုတ်ပြီးသည့်နောက် နိုင်ငံတော်ကုန်သွယ်ရေးဘဏ်မှ ထိုညွှန်ကြားချက်သည် ဘဏ်မှ ရရှိထားသည့် အပေါင်ဒီကရီများနှင့် အကျုံးဝင်ခြင်း ရှိ၊ မရှိ ပြန်ကြားရန် ၁၉၆၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် စာအမှတ် ငွေချေး ၁၄၁ အရ၊ မေးမြန်းခဲ့သည်။တရားရုံးချုပ်မှ ထိုစာ၏ မိတ္တူကို တရားရေးဌာနသို့ ပေးပို့၍ မေးမြန်းရာ၊ တရားရေးဌာနမှ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့စွဲပါ၊ စာအမှတ် ၂ တ-င-၆၄ (၁၁၆) အရ၊ အောက်ပါအတိုင်း ပြန်ကြားခဲ့သည်။

"တရားမရုံးများမှ ဒီကရီဖြင့် နေအိမ်များအား၊ ဝရမ်းကပ်၍ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်းစသော အမိန့်များကြောင့် ဆင်းရဲသား လူနေများ နစ်နာ၍၊ အိုးအိမ်မဲ့ဖြစ်ရသော ကိစ္စနှင့်စပ်လျဉ်း၍၊ လိုအပ်သော ဥပဒေတရပ် ပြဋ္ဌာန်းရန်ကိစ္စကို ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသို့ ထပ်မံတင်ပြထားဆဲ ဖြစ်ပါသည်။ ထိုသို့ ယခုရေးဆွဲလျက်ရှိသော ဥပဒေကြမ်း၏ သဘောတွင် နိုင်ငံတော် ကုန်သွယ်ရေးဘဏ်တွင် ငွေချေးဌာနမန်နေဂျာထံမှ မေးမြန်းထားသည့် ဘဏ်လက်ဝယ်ရှိ အပေါင်ပစ္စည်းဖြစ်သည့် မြေ၊ နေအိမ် အဆောက်အဦများ၊ စက်ရုံများနှင့် စက်ပစ္စည်းများစသည်တို့ကို အပေါင်ဒီကရီ (**Mortgage Decree**) များဖြင့် ဇာရီမှုပြုလုပ်ခြင်း၊ ရောင်းချခြင်းစသော အမှုများ အကျုံးမဝင်ကြောင်း ပြန်ကြားအပ်ပါသည်"။

ထိုပြန်စာနှင့် စပ်လျဉ်း၍ နိုင်ငံတော် ကုန်သွယ်ရေးဘဏ်မှ ၁၉၆၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့စွဲဖြင့်၊စာအမှတ် ငွေချေး ၁၀၆ အရ၊တရားရုံးချုပ်၏ မူလ ညွှန်ကြားလွှာသည်၊ ဘဏ်မှ စွဲဆိုထားသည့် အမှုများနှင့် အကျုံးမဝင်ကြောင်း ခရိုင်တရားမရုံးများသို့ ညွှန်ကြားချက်ထုတ်ပြန်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ ထို့ကြောင့် တရားရုံးချုပ်မှ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့စွဲပါ (အထွေထွေဌာန) စာအမှတ် ၅၂၃/၂၀-၁၅၅ (၆၃) အရ၊ တရားရေးဌာန၏ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့စွဲပါ စာအမှတ် ၂-တ-င-၆၄ (၁၁၆) ကိုရည်ညွှန်း၍ ခရိုင်တရားမရုံးများသို့ သိသာရန်နှင့် လိုအပ်သလို ဆောင်ရွက်ကြရန် ညွှန်ကြားခဲ့သည်။ တနည်းဆိုသော် မူလက ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်၌ အစိုးရဘဏ်များမှ ရရှိထားသည့် ဒီကရီများသည် အကျုံးဝင်ခြင်းမရှိဟု ပြင်ဆင်၍ ညွှန်ကြားခဲ့ပြီးဖြစ်သည်။

| | | | |
|---|---|---|---|
| ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် (ယခင်နိုင်ငံတော်ကုန်သွယ်ရေး ဘဏ်)။ | နှင့် | ၁။ ဦးလှသိန်း<br>၂။ ဒေါ်စန်း .... | ၁၀၃ |

စာမျက်နှာ

**မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၁—အိမ်ရှင်သည်၊ အိမ်ငှါးထံမှ ငှါးရမ်းခအတိုင်းတောင်းဆိုခွင့်ရှိခြင်း—ရေမရသည့်အကြောင်းကြောင့် စံငှါးရမ်းခကို ပြင်ဆင်သတ်မှတ်ပေးရန် ပုဒ်မ ၂၇ (၂) အရ၊ အိမ်ငှါးသည်၊ ကြီးကြပ်ရေး ဝန်ထံသို့ လျှောက်ထားသင့်ခြင်း။** **။ဆုံးဖြတ်ချက်။** ။စံငှါးရမ်းခမှာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ်ထားသည့် ငှါးရမ်းခဖြစ်ရာ၊ အိမ်ရှင်သည်၊ အိမ်ငှါးထံမှ ထိုငှါးရမ်းခအတိုင်း တောင်းဆိုပိုင်ခွင့်ရှိသည်။ အိမ်ရှင်သည် ယင်း ငှါးရမ်းခအတိုင်း တောင်းဆိုပိုင်ခွင့်မရှိပဲ၊ အချို့အဝက်ကိုသာ ရပိုင်ခွင့်ရှိသည်ဟု ဆိုလျှင် စံငှါးရမ်းခကို ပြင်ဆင်ရာ ရောက်မည်ဖြစ်သည်။ စံငှါးရမ်းခကို မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၂ အရ၊ လွှဲအပ်လက်ခံနိုင်သည့် အာဏာပိုင်ကသာ ပြင်ဆင်နိုင်သည်။ ။အယူခံတရားပြိုင် တင်ပြသည့်အတိုင်း ငှါးရမ်းခတွင် အခန်းအတွက်သာမက၊ ရေအတွက်လည်း ပါသည်ဟုဆိုလျှင် ရေမရသည့် အကြောင်းကြောင့် စံငှါးရမ်းခကို ပြင်ဆင်သတ်မှတ်ပေးသင့်ပါသည်ဟု ပုဒ်မ ၂၇ (၂) အရ၊ အိမ်ငှါးသည် ကြီးကြပ်ရေးဝန်ထံသို့ လျှောက်ထားသင့်သည်။

**ဦးဘရှိန် နှင့် ဦးမောင်မောင်ကလေး .... .... .... ၁၁၈**

**မြန်မာဓလေ့ထုံးတမ်းဥပဒေ—ဗုဒ္ဓဘာသာတဦးဖြစ်ရန် စိတ်နေစိတ်ထားသာလျှင်ပဓါန ဖြစ်ခြင်း။** **။ဆုံးဖြတ်ချက်။** ။ဗုဒ္ဓဘာသာ မိဖများမှ ဆင်းသက်သည့် သားသမီးများသည်၊ အခြားဘာသာတခုသို့ ကူးပြောင်း ကိုးကွယ်ခြင်းမရှိလျှင်၊ ဗုဒ္ဓဘာသာများဖြစ်သည်ဟုယူဆနိုင်သည်။ မိရိုးဖလာအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသူများအဖို့ဘုရားသွား ကျောင်းတက် အစရှိသည့် ဘာသာရေး ကိုင်းရှိုင်းမှုများ မပြုလုပ်စေကာမူ၊ အခြားသာသာသို့ မကူးပြောင်းသေးသမျှကာလပတ်လုံး ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟုလွယ်လင့်တကူယူဆနိုင်သည်။ သို့ရာတွင် အခြားဘာသာမှ ကူးပြောင်းလာသည့်သူများ၊မိရိုးဖလာအားဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူများနှင့် ပတ်သက်၍မူ၊ ထိုသူများသည်၊ ဗုဒ္ဓဘာသာဝင်များ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ပြုရန် မလွယ်ကူပေ။ ဗုဒ္ဓဘာသာဝင်တဦး ဖြစ်ရန်အတွက်အခြားဘာသာ များမှာကဲ့သို့ ဘာသာသစ်သို့ သွတ်သွင်းသော ပွဲလမ်းအခမ်းအနားဟူ၍ မရှိသည်နှင့်အမျှ၊ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ရောက်မရောက်သက်သေထင်ရှားပြသရန် ခက်ခဲသည်။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူသည်၊ ဗုဒ္ဓဘာသာဖြစ်သည်ဟု ယေဘုယျအားဖြင့်ဆိုသည်။ သို့ဖြစ်လေရာ၊ ဗုဒ္ဓဘာသာတဦးဖြစ်ရန်အတွက် စိတ်နေစိတ်ထားသာလျှင် ပဓါနဖြစ်သည်။ သူတဦး၏ စိတ်ဓါတ်ကို သိရှိနိုင်ရန် ခဲယဉ်းသည်။ **ဒေါ်မွန်းနီး ပါ ၈ နှင့် အယ် (လ်) အနှင်း ၁၉၆၂၊** မြန်မာနိုင်ငံ စီရင်ထုံးများ၊ စာ ၂၃၂ ကို လိုက်နာသည်။

**ဒေါ်မေမေခင်ပါ ၂ နှင့် ဒေါ်ကျောင်စွန်းပါ ၄ .... .... ၁၂၇**

**မြန်မာဓလေ့ထုံးတမ်းဥပဒေ—လင်မယားကွာရှင်းပြီးနောက်၊ မိဘများထံမှ သားသမီးများ၏ အမွေဆက်ခံခွင့်—အမိအဘတို့၏ အိုးအိမ်သစ်—မိဘတို့၏ဆန္ဒ—သားသမီးတို့၏ ပြုဘွယ်သောဝတ္တရား။** **။ဆုံးဖြတ်ချက်။** ။လင်မယားကွာရှင်းပြီးသည်နှင့်တပြိုင်နက်၊ အဖ၏အိုးအိမ်၊ အမိ၏အိုးအိမ် ဟူ၍ အိုးအိမ်သစ်နှစ်ခု

ပေါ်ပေါက်လာသည်။ အဖနှင့် အတူလိုက်နေသည့် သားသမီးများသည် အဖထံမှ အမွေကို လက်ခံနိုင်သည်။ အမိထံမှ အမွေကို မူလက်ခံခွင့်မရှိ။ ထိုနည်းတူစွာပင် အမိနှင့်လိုက်ပါသွားသော သားသမီးများသည်လည်း ဖခင်ထံမှ အမွေကိုဆက်ခံခွင့် မရှိတော့ပေ။ လင်မယားကွာရှင်းပြတ်စဲရာ၌ မည်သည့် သားသမီးသည်၊ မည်သူ့ထံမှ အမွေကို ဆက်ခံစေရမည်ဟူသောအချက်မှာ မိဘတို့၏ ဆန္ဒအလျောက် ဆုံးဖြတ်ရသည့်အချက်ဖြစ်သည်။ **မရီရီ** နှင့် **မကလေး**၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၆၊ ၁၁ ၁၉၆၇ ကို ရည်ညွှန်းသည်။ ။ **ထပ်မံဆုံးဖြတ်ချက်**။ ။ သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရားဆိုရာ၌၊ ရိုဖန်ရံခါ အလည်အပတ်သွားခြင်း၊ မိဘ၏ ပေးကမ်းထောက်ပံ့မှုကို လက်ခံရရှိခြင်း အစရှိသည့် အချက်အလက်များ ပေါ်ပေါက်လာမှုဖြင့်၊ အဆိုပါဝတ္တရားများကို ပြန်လည် ဆောင်ရွက်ရာ မရောက်ကြောင်း စီရင်ထုံးအများအပြား၌ပြဆိုခဲ့ပြီးဖြစ်သည်။

**မောင်ကျော်မြင့်** နှင့် **မောင်ကျော်ဆင့်** (ငယ်ရွယ်သူ)၊ (၎င်း၏ အုပ်ထိန်းသူ ဒေါ်မြကျင်) .... .... ....

မြေကို လက်မဲ့ဖြစ်သူက လက်ရှိဖြစ်သူအား၊ ဖယ်ရှားပေးရန် စွဲဆိုသည့်အမှုများ၌ လက်မဲ့ဖြစ်သူသည် မြေကိုပိုင်ဆိုင်ကြောင်း သက်သေထူရန် တာဝန်ရှိပြီး၊ လက်ရှိဖြစ်သူတွင် ပိုင်ဆိုင်ခွင့်ရှိကြောင်း ညွှန်ပြရန် တာဝန်မရှိခြင်း .... ၁၃၇

**သမ္မာန်စာအတည်ပြုခြင်း—တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သမ္မာန်စာ အတည်ပြုရာတွင် တိကျစွာ ဆောင်ရွက်ရန်လိုအပ်ခြင်း။** ။**ဆုံးဖြတ်ချက်**။ ။တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ အရ၊ တရားပြိုင်တဦးသည်၊ သမ္မာန်စာ လက်ခံရရှိကြောင်း ဝန်ခံလက်မှတ်ရေးထိုးရန် ငြင်းဆန်ပါက သမ္မာန်စာ အတည်ပြုသူသည်၊ တရားပြိုင်အိမ်၏ အပြင်ဟံခါး သို့မဟုတ် ထင်ရှားသည့် အစိတ်အပိုင်းတွင် သမ္မာန်စာကို တွဲထား၊ ကပ်ထားရန်လိုသည်။ ယင်းသို့ တွဲထား၊ ကပ်ထားခြင်းမရှိလျှင် သမ္မာန်စာသည် အတည်ဖြစ်သည်ဟု ယူဆနိုင်မည်မဟုတ်ပေ။ ထိုနည်းဥပဒေအရ၊ သမ္မာန်စာအတည်ဖြစ်လျှင် အမှုကို တဘက်သတ်ကြားနာနိုင်သဖြင့် ယင်းနည်းဥပဒေသည် အပြစ်ဒဏ်ခတ်သော သဘောရှိသည့် ပြဋ္ဌာန်းချက်တခုဖြစ်၍ ပြဋ္ဌာန်းချက်တွင် ပါသည့်အတိုင်း တိကျစွာ ဆောင်ရွက်ရန်လိုသည်။ **ဦးဝ** နှင့် **ဦးဘထွန်း**၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး ၃၇၉။ (တရားရုံးချုပ်)။ **ဦးကျော်ခင်**နှင့် **ဦးကြီးမောင်**၊ ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၄၅၆ တို့ကို ရည်ညွှန်းသည်။

အေး၊ အီး၊ မဒါး နှင့် ကိုမောင်ရွှေ .... .... ၁၂၄

**အမှုတခုကို စိတ်တွင် ပွင့်လင်းသန့်ရှင်းစွာ စစ်ဆေးနိုင်သည်ဟု အမှုစစ်တရားသူကြီးက ယုံကြည်လျှင်၊ ယင်းသို့ စစ်ဆေးစီရင်ရန်မှာ အခွင့်အရေးတရပ်သာမဟုတ်၊ တာဝန်ဖြစ်ခြင်း—တဦးကို တဦးလေးစားယုံကြည် ယဉ်ကျေးစွာဆက်ဆံကြခြင်း သည်ရုံးနှင့် ရှေ့နေတို့ထားရှိအပ်သော ကျင့်ဝတ်ဖြစ်ခြင်း—တရားသူကြီးသည်၊ မူလဘက်မှုခင်းတွင် အနည်းငယ် ဆောင်ရွက်ခဲ့ခြင်း၊ ယင်းအမှုမှ ပေါက်ပွါးသော ကိစ္စတရပ်တွင် အယူခံဘက်၌ ပါဝင်ဆုံးဖြတ်ခဲ့ခြင်းတို့ကြောင့်၊ ၎င်းတရားသူကြီးအား၊ အမှုအတွင်း ဆက်လက်ဆောင်ရွက်ခြင်း ပြုသင့်၊ မပြုသင့်။** ။ဤအမှုမှာ နိုင်ငံတော်တရားရုံးချုပ်မူလဘက်ဌာန၏၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ်(၇)

စာမျက်နှာ

ဘွင်၊ တရားလို (ယခုအယူခံ တရားပြိုင်) တို့အား အနိုင်ဒီကရီချမှတ်ပေးသည်ကို မကျေနပ်၍ အယူခံတရားလို (မူလတရားပြိုင်) တို့က အယူခံဝင်သောအမှုဖြစ်သည်။ ။အယူခံတရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော တရားရုံးချုပ်ရှေ့နေ ဦးဝမ်ဟုတ်က အယူခံခုံရုံးတွင်ပါဝင်သော တရားသူကြီးတဦးဖြစ်သော ဦးကျော်ဇံဦးသည်၊ မူလအမှုတွင် ငြင်းချက်ထုတ်ခဲ့ပြီး တရားလို မျှားဘက်ကို စစ်ဆေးခဲ့၍၊ တရားသူကြီးဦးကျော်ဇံဦး မပါဝင်သော ခုံရုံးကသာ ဤအယူခံမှုကို ကြားနာသင့်ကြောင်း တင်ပြရာ၊ ၎င်းနှင့်အတူ လိုက်ပါဆောင်ရွက်သော ဘတ်လုံတော်ရ ဦးချန်ထွန်းအောင်က ထောက်ခံသည်။ အယူခံတရားပြိုင်များ၏ တရားရုံးချုပ်ရှေ့နေ မစ္စတာ ဘီ၊ ကေ၊ ဆင်းကမူ ဤအယူခံမှုမှာ ၄ နှစ်ခန့်ပါးကြာပြီဖြစ်၍၊ တရားသူကြီး ဦးကျော်ဇံဦး ပါဝင်သော ခုံရုံးက စစ်ဆေးကြားနာခြင်းကို ကန့်ကွက်ရန်မရှိဟုဆိုသည်။ သို့ဖြစ်၍ ခုံရုံးတရားသူကြီးများက တရားသူကြီးချုပ်ထံ သိသာရန်နှင့် ညွှန်ကြားချက်ပေးရန် တင်ပြခဲ့သည်။ ။ **ဆုံးဖြတ်ချက်။** ။အမှုအမှုကို စိတ်တွင်ပွင့်လင်းသန့်ရှင်းစွာ စစ်ဆေးစီရင်နိုင်သည်ဟု အမှုစစ်တရားသူကြီးက ယုံကြည်လျှင်၊ ယင်းသို့စစ်ဆေးစီရင်ရန်မှာ အခွင့်အရေးတရပ်မျှသာမဟုတ်၊ တာဝန်တရပ်ဖြစ်သည်။ စစ်ဆေးနိုင်ပါလျက် ငြင်းဆန်ခြင်းမပြုက၊ တာဝန်ကိုပင် တိမ်းရှောင်ရာရောက်နိုင်သည်။ ကိုယ်ကြိုက်သော အမှုကို ရွေး၍ စစ်ဆေးကြလျှင်၊ မလျော်သောကိစ္စများဖြစ်နိုင်သည်။ ။ **ဆပ်မံဆုံးဖြတ်ချက်။** ။တရားရုံးချုပ်၏ သက်တမ်းတွင်လည်း အမှုသည်များ အပြင်း အထန် ပဋိပက္ခ ဖြစ်နေသည့် အခါမျိုးမှာလဲ၍၊ ရှေ့နေကြီးများသည် ရုံးအပေါ် လေးစားယုံကြည်စွာ ဆက်ဆံခဲ့ကြသည်ကို တသမတ်တည်းတွေ့ခဲ့ရသည်။ ဤသို့ တဦးကို တဦးလေးစား ယုံကြည် ယဉ်ကျေးစွာဆက်ဆံကြခြင်းသည်၊ ရုံးနှင့် ရှေ့နေတို့ ထားရှိအပ်သော ရှေးဟောင်းကျင့်ဝတ်လည်းဖြစ်သည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။မူလဘက် တရားသူကြီးသည်လည်း၊ ယခင်အခါများမှာကဲ့သို့ အသက်တည်း နှစ်အတန်ကြာအောင် မထိုင်ကြပါ။ အယူခံဘက်သို့ ဝင်ရောက်ကူညီရခြင်း၊ အလှည့်ကျ မန္တလေးသို့ သွားရောက်ရုံးထိုင်ရခြင်းများပြုကြရပါသည်။ ထို့ကြောင့် မူလဘက် မှုခင်းတရပ်တွင် သက်သေ အနည်းငယ်စစ်ဆေးခဲ့ခြင်း၊ ကြားဖြတ်အမိန့်တရပ်ရပ် ချမှတ်ခဲ့ခြင်း၊ ယင်းအမှုမှ ပေါက်ပွါးသော ကိစ္စတရပ်ရပ်တွင် အယူခံဘက်၌ ပါဝင် ဆုံးဖြတ်ခဲ့ခြင်းတို့ရှိလာပါသည်။ ထိုသို့ရှိတိုင်း တရားသူကြီးအား အမှုတွင် ဆက်လက်ဆောင်ရွက်ခြင်း မပြုရဆိုလျှင် မှုခင်းများ ပြီးပြတ်တော့မည် မဟုတ်၊ သာသူသာ၍၊ နာသူ နာကြပါလိမ့်မည်။

ကမ်ဒေါခန် နှင့် လှနင်းပါ (၆) .... .... .... ၄၂

အယူခံရုံးသည် အယူအဆကဲ့လွဲကာမျှဖြင့် အောက်ရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်ဖျက်ဖက်ခြင်းပြုနိုင်မပြုနိုင်——အခွန်မြေပုံတွင် နာမည်ပေါက်ရုံမျှဖြင့် နာမည်ပေါက်သူသည် မြေ၏ ပိုင်ရှင်ဖြစ်မဖြစ်——မြေကို လက်မဲ့ဖြစ်သူက လက်ရှိဖြစ်သူအား ဖယ်ရှားပေးရန် စွဲဆိုသည့် အမှုမျိုး၌ လက်မဲ့ဖြစ်သူသည် ထိုမြေကို ပိုင်ကြောင်း သက်သေထူရန် တာဝန်ရှိပြီး လက်ရှိဖြစ်သူတွင် ပိုင်ဆိုင်ခွင့် ရှိကြောင်း တင်ပြရန်တာဝန်မရှိခြင်း။ ။**ဆုံးဖြတ်ချက်။** ။လူတဦးသည်၊ ပစ္စည်းကိုပိုင်ရှင်၏ အခွင့်အမိန့်နှင့် လက်ရှိဖြစ်သည်၊ မဖြစ်သည် ဆိုသော ဆုံးဖြတ်ချက်သည်

ကြောင်းခြင်းရာနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်။ ယင်းဆုံးဖြတ်ချက်သည် အထောက်အထားလုံးဝ မရှိသည့် ဆုံးဖြတ်ချက် မဟုတ်လျှင် ဒုတိယ အယူခံရုံး အနေဖြင့် ပထမ အယူခံရုံး၏ အဆိုပါ ဆုံးဖြတ်ချက်မျိုးကို ဝင်ရောက် စွက်ဖက်ခြင်း မပြုနိုင်ပေ။ အယူအဆ ကွဲလွဲကာမျှဖြင့် ပြင်ရမည်ဆိုလျှင် ဆုံးဖြတ်ချက် အမျိုးမျိုး၊ မိုးမဆုံးလေမဆုံး ဖြစ်ပေါ်ရန်သာ ရှိပေသည်။ ထိုအတိုင်းပင် တရားရုံးများက အစဉ်တစိုက် ကျင့်သုံးခဲ့သည်ကို သတိချပ်သင့်ပေသည်။ **ဦးရဲကျော်သူ ကုမ္ပဏီလီမိတက် နှင့် မလှဦးဖြူ၊** ၁၉၄၀၊ ရန်ကုန် စီရင်ထုံး၊ ၁၈၀ ကို ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။အခွန်မြေပုံတွင် နာမည် ပေါက်ရုံမျှဖြင့် နာမည်ပေါက်သူသည်၊ မြေ၏ပိုင်ရှင်ဖြစ်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။ **အောင်လှနှင့် ထုံးကြီး၊** အတွဲ ၈ အောက်မြန်မာပြည်စီရင်ထုံး ၂၆၄ ကို ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။မြေကို လက်မဲ့ဖြစ်သူက လက်ရှိဖြစ်သူအား၊ ဖယ်ရှားပေးရန် တရားစွဲဆိုသည့် အမှုများ၌ လက်မဲ့ဖြစ်သူသည် ထိုမြေကို ပိုင်ဆိုင်ကြောင်းထင်ရှားအောင် သက်သေထူရန် တာဝန်ရှိပေသည်။ **ဒေါ်စောရှင် နှင့် ဟွာကီးရား၊** ၁၉၆၃၊ မြန်မာပြည်စီရင်ထုံး ၇၆၅ ကို ရည်ညွှန်းသည်။

ယခုအမှု၌အယူခံတရားပြိုင်တို့သည်၊မြေကိုပိုင်ဆိုင်ကြောင်း ထင်ရှားအောင် အထောက်အထားတင်ပြခြင်းမပြုနိုင်။ အယူခံဟရားလိုတို့ အနေဖြင့်လည်း မြေကို ပိုင်ဆိုင်ကြောင်း သက်သေမထူနိုင်သည်မှာ မှန်သော်လည်း၊ မြေကို လက်ရှိဖြစ်သူက ၎င်း၏ ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် မပြသနိုင်ကာမျှဖြင့် လက်မဲ့ဖြစ်သူသည်၊ ထိုမြေကိုပြန်မရနိုင်။ လက်ရှိဖြစ်သူတွင် ပိုင်ဆိုင်ခွင့်ရှိကြောင်း တင်ပြရန် တာဝန်မရှိချေ။ **ကိုသန်းအောင် နှင့် မချစ်၊** ၁၉၅၈၊ မြန်မာပြည်စီရင်ထုံး ၂၉၁၊ (တရားလွှတ်တော်) ကို ရည်ညွှန်းသည်။

**၁။ ဦးအောင်သိန်း ၂။ ဒေါ်ခင်ထွေး** } နှင့် { **၁။ ဒေါ်အမ ၂။ ကိုခွေးမောင်** .... ၁၃၇

**အာမခံစာချုပ်—အမှုတွင် တင်သွင်းသော မရွှေမပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးသက်ရောက်စေသည့် အာမခံစာချုပ်သည်၊ မှတ်ပုံတင်ထားခြင်းမရှိက တရားဝင် မဝင်—ခံဝန်ပြုသူတို့၏ အာမခံစာချုပ်သည်တရားမဝင်ကာမျှနှင့်၊ ၎င်းခံဝန်ပြုသူတို့တွင် ပေးချေရန် တာဝန်ရှိမရှိ—တရားစီရင်ထုံးဟူသည် မှန်ကန်မျှတ၍ တရားဥပဒေနှင့် ညီညွတ်မှုသာ လမ်းညွှန်တရပ် ဖြစ်နိုင်ခြင်း—စီရင်ထုံးကိုးကားခြင်း—နိုင်ငံခြား စီရင်ထုံးများကို ဗဟုသုတအလို့ငှါ လေ့လာကောင်းသော်လည်း အမှီသဟဲ မပြုအပ်။** ။**ဆုံးဖြတ်ချက်**။ ။အမှုတွင် တင်သွင်းသော၊ မရွှေမပြောင်းနိုင်သောပစ္စည်းတွင် အကျိုးသက်ရောက်စေသည့် အာမခံစာချုပ်သည်၊ မှတ်ပုံတင်အက်ဥပဒေနှင့် အခြားဆီလျော်သော ဥပဒေပြဋ္ဌာန်းချက်တို့နှင့် ကိုက်ညီမှသာ တရားဝင်သည်ဟု မြန်မာနိုင်ငံ တရားရုံးများက ကျင့်သုံးလာခဲ့ခြင်းသည် ဥပဒေနှင့် ကိုက်ညီသည်၊ တည်နေသော စီရင်ထုံးများနှင့်လည်း ကိုက်ညီသည်။ မရွှေမပြောင်းနိုင်သော ပစ္စည်း (တန်ဖိုးငွေ ၁၀၀ိ နှင့် အထက်) နှင့် ပတ်သက်သော အရောင်းအပေါင်စသော စာချုပ်ကို မှတ်ပုံတင်စေခြင်းဖြင့်ပို၍လေးနက်စေသည်။ ပစ္စည်းနှင့်ပတ်သက်သူတို့သည်မှတ်ပုံတင်ရုံးတွင် သွားရောက်၍ စစ်ဆေးကြည့်ရှုနိုင်

စာမျက်နှာ

စေသည်။ ယင်းပစ္စည်းနှင့် ပတ်သက်၍ ရောင်းဝယ်ဆက်သွယ်ခြင်းသည်၊ ရှင်းလင်းနိုင်သည်။ သတ်မှတ်သော တံဆိပ် ခွန်ဖိုး ပြည်သူ့ဘဏ္ဍာတွင်တိုးသည်။ ယင်းသို့မပြုမူ၍၊ ဤအမှုမှာကဲ့သို့ စာရွက်ပေါ်တွင် ခံဝန်ပြုကြောင်း ရေးသားကာ တရားရုံးတွင် တင်သွင်းလျှင် တရားမဝင်။ **။ထပ်မံဆုံးဖြတ်ချက်။** ။တရားစီရင်ထုံးဟူသည် မှန်ကန်မျှတ၍ တရားဥပဒေနှင့် ညီညွတ်မှသာလျှင်၊ လမ်းညွှန်တရပ်ဖြစ်နိုင်သည်။ မြင့်သောရုံးတွင် ထိုင်သော တရားသူကြီး တယောက်က ဆုံးဖြတ်ကာမျှနှင့်၊ ကြာမြင့်ကာမျှနှင့် စီရင်ထုံးများတွင် ထည့်သွင်းပုံနှိပ်ထားကာမျှနှင့် အာနိသင်မရှိချေ။ ထို့ကြောင့် တရားသူကြီးတဦးဦးသည် ယခင် စီရင်ထုံးနှင့် ကွဲလွဲယူဆလျှင်၊ စုံညီခုံရုံးသို့ တင်ပြကာ၊ ကျယ်ဝန်းနက်နဲစွာ ပြဿနာကို အပက်ဇက်မှလေ့လာ ကြားနာပြီးမှ၊ အဆုံးအဖြတ်ပေးသော လုပ်ထုံးကို ကျွန်ုပ်တို့လိုက်နာလျက်ရှိကြသည်။ ။စီရင်ထုံးကို ကိုးကားရာတွင်စီရင်ချက်အပြည့်အစုံကို ဖတ်ရှုမှသာလျှင် အမှုအချက် အလက်တို့ကို သိမြင်နိုင်သည်။ ခေါင်းစီးမှတ်ချက်ကိုသည် အကြောင်းအရာ ဆုံးဖြတ်ချက်ကို အရိပ်ပြခြင်းမျှသာပြုနိုင်သည်။ စီရင်ထုံးပါ အမှုအကြောင်းအရာနှင့် ဆုံးဖြတ်ရန် အမှုအကြောင်းအရာတို့ကို ကောင်းစွာ နှိုင်းယှဉ်ရသည်။ ပြီးမှသာ စီရင်ထုံး၏ လမ်းညွှန်မှုကို ယူသင့်သလောက် ယူအပ်သည်။ စီရင်ထုံးနောက်သို့ ဆုံးဖြတ်ရန်အမှု၏အကြောင်းချင်းရာက လိုက်ရန်မဟုတ်၊ အမှုအကြောင်းချင်းရာကို ဥပဒေနှင့် စပ်ဟပ်ရာတွင် အခက်အခဲရှိသဖြင့်သာလျှင် စီရင်ထုံးက ဆီလျော်သမျှထောက်ကူရန်ဖြစ်သည်။ ။နိုင်ငံခြား စီရင်ထုံးများကို လေ့လာလျှင်လည်း၊ သူတို့၏ အခြေအနေ နောက်ခံအပြင်၊ သူတို့၏ ဥပဒေကိုပါ အဘိအကျလေ့လာအပ်သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံတွင် ပြည်နယ်အသီးသီးက မိမိတို့၏ ဥပဒေများကို ပြဋ္ဌာန်းထားသည်လည်းရှိ၏။ အချင်းချင်းပင်မတူကြချေ။ တရားလွှတ်တော်အများကလည်း ကွဲပြားသော စီရင်ထုံးများကို ပြုကြသည်။ ဥပဒေများကိုလည်း ပြင်ဆင်ပြဋ္ဌာန်းလျက်ရှိကြသည်။ ပြင်ဆင်ပြဋ္ဌာန်းထားသော ဥပဒေများကို မကြည့်ပဲ၊ စီရင်ထုံး၏ခေါင်းစီးမှတ်ချက်ကိုသာ အပေါ်ရန်ဖတ်ကာ မြန်မာနိုင်ငံမှုခင်းများကို ဆုံးဖြတ်ကြလျှင် အမှားအယွင်းများ၍၊ မမျှမတ မညီမညွတ်ဖြစ်မည်၊ မြန်မာ့တရားစီရင်ရေး ဆိပ်သုဉ်းမည်။ ထို့ကြောင့် နိုင်ငံခြားစီရင်ထုံးများကို ဗဟုသုတအလို့ငှါ လေ့လာကောင်းသော်လည်း၊ အမှီသဟဲမပြုအပ်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အယူခံ တရားလို ဦးထွန်းတို့တွင် တာဝန်ကင်းပြီးကား မဟုတ်သေး။ မြေနှင့်တိုက် ကို အပေါင်ထားခြင်း တရားမဝင်ကာမျှနှင့် ၎င်းတို့နှစ်ဦးပေါင်း၍ ငွေ ၂၀,၀၀၀ အထိပေးချေရန် တာဝန်ယူပါသည်ဟု လေးနက်စွာ ခံယူ ကတိပြုထားခြင်း ကျန်သေးသည်။ တရားရုံးသို့ လာရောက်၍ ပေါ့ပေါ့လွယ်လွယ်ခံဝန်ပြုရသည်မဟုတ်။ ဦးထွန်းနှင့် ဦးအေးမောင်တို့သည်၊ ၎င်းတို့အလိုအလျောက် ယူကြသော တာဝန်၏သဘောပမာနကို ကောင်းစွာသိကြသည်။ ယင်းတာဝန်ကို ဥပဒေအကာအကွယ်ယူ၍ ရှောင်တိမ်းခြင်းမပြုစေအပ်ချေ။ ၎င်းတို့ ခံဝန်ပြုခဲ့ကြသော တရားရုံးပီလေးသည်၊ အိန္ဒိယနိုင်ငံသို့ အပြီးပြန်သွားပြီဖြစ်၍လည်း ၎င်းတို့ နှစ်ဦးပူးတွဲခံယူထားသော တာဝန်ကို လေးနက်စွာ ဆောင်ရွက်စေအပ်သည်။ ။ထို့ကြောင့် ခရိုင်တရားမ တရားသူကြီးက၊ လိုအပ်လျှင် တရားမကျင့်ထုံး ပုဒ်မ ၁၅၁ က တရားရုံးအား၊ အပ်နှင်းထားသော၊ တရားမျှတမှုကို ဖြစ်စေရန် လိုအပ်သည်ကို ဆောင်ရွက်နိုင်သည့် အာဏာကို သုံးမည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည်၊ တရားမျှတပေသည်။

စာမျက်နှာ

သို့ရာတွင်တရားရုံး ဒီကရီနှင့် အတည်ဖြစ်စေရန် ခံဝန်ပြုသူတဦးနှင့် ပတ်သက်၍၊ တရားမကျင့်ထုံး ပုဒ်မ ၁၄၅ တွင် အတိအကျ သီးခြားပြဋ္ဌာန်းထားပြီး ဖြစ်ပေသည်။ **မောင်စံဘွင့် နှင့် မောင်ရွှေစင်** အေ၊ အိုင်၊ အာ၁ (ရ်)၊ ၁၉၃၁၊ ရန်ကုန်၊ ၆၅ ကို ကိုးကားသည်။

**၁။ ဦးထွန်း၊၊ ရေအေးတွင်းရပ် တောင်ကြီးမြို့။**
**၂။ ဦးအေးမောင်၊ ဗိုလ်ကုန်း ရပ်၊ တောင်ကြီးမြို့။**
**နှင့်**
**၁။ ဒေါ်သိန်းငွေ**
**၂။ ဦးညွှန့်မောင်** } **သားအမိ**
**ပွဲစားတန်း၊၊ မိတ္ထီလာမြို့၊ မလှိုင်စာတိုက်။** ... ၇၃

**အိမ်ငှါးဆိုသည့်စကားရပ်၏ အဓိပ္ပါယ်**—ဥပစာတခုတွင် နေထိုင်သူတဦးသည် အိမ်ငှါးဟုတ်၊ မဟုတ် ဆိုသောကိစ္စကို ဆုံးဖြတ်ရာ၌ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို သုံးသပ်ရန်လိုခြင်း——မြို့ပြငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေသည် ခွင့်ပြုချက်အရ၊ နေထိုင်သူများနှင့် သက်ဆိုင်ခြင်း ရှိ မရှိ။ ။ **ဆုံးဖြတ်ချက်။** ။"အိမ်ငှါး" ဆိုသောစကားကို မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ) တွင်၊ ငှါးရမ်းခ ပေးရမည့်သူ ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ "ငှါးရမ်းခ" ဆိုသော စကားကိုမူ၊ ထိုဥပဒေ၌ ရှင်းလင်းထားခြင်းမရှိပေ။ ။မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းထားသည့် အဓိကရည်ရွယ်ချက်မှာ၊ ငှါးရမ်းခများကို ကြီးကြပ်ရန် ဖြစ်သည်။ ထိုဥပဒေ၌ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှုကို၊ မည်ကဲ့သို့ ဖန်တည်းရမည်၊ မည်ကဲ့သို့ ရပ်စဲရမည်ဟုဆိုသော ပြဋ္ဌာန်းချက်များမရှိပေ။ ပုဒ်မ ၁၃ (၁) အရ၊ ဥပစာတွင် သဘောရိုးဖြင့် နေထိုင်သည့် အိမ်ငှါးမဟုတ်သူတဦးကို၊ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့်ပြုကာ၊ ဥပဒေအရ၊ အိမ်ငှါးအဖြစ် အသိအမှတ်ပြုနိုင်သည့် ပြဋ္ဌာန်းချက်တရပ်သာ ရှိပေသည်။ သို့ဖြစ်ရာ၊ ဥပစာတခုတွင် နေထိုင်သူတဦးသည်၊ အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသော ကိစ္စကို ဆုံးဖြတ်ရာ၌ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကြည့်ရှုသုံးသပ်ရန် လိုပေသည်။ ။ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၅ တွင်၊ မရွှေမပြောင်းနိုင်သည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်းခံရသူကို၊ ငှါးရမ်းသူ သို့မဟုတ် အိမ်ငှါးဟူ၍ရင်း၊ ထိုပစ္စည်း၏ အကျိုးခံစားခွင့်ကိုလွှဲပြောင်းပေးရသည့် အဘိုးစားနားကို ငှါးရမ်းခဟုရင်း အဓိပ္ပါယ်ဖွင့်ထားသည်။ သို့ဖြစ်ရာယခုအမှု၌ လျှောက်ထားသူသည် မရွှေမပြောင်းနိုင်သည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်း ခံရသော အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသောအချက်ကို စိစစ်ရန်လိုမည်ဖြစ်သည်။ ။**ထပ်မံဆုံးဖြတ်ချက်။** ။မြို့ပြဆိုင်ဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသည်၊ သာမန်အိမ်ငှါးနှင့်ကြီးကြပ်ရေးဝန်က ဥပဒေအရ၊ အိမ်ငှါးအဖြစ် အသိအမှတ်ပြုထားသူများနှင့်သာ အကျုံးဝင်ပေသည်။ ခွင့်ပြုချက်အရ၊ နေထိုင်သူများနှင့်သက်ဆိုင်ခြင်းမရှိပေ။ ။**အစ္စဂူဟာမစ်. နှင့် အက်(စ်)၊ အေ၊ အစ္စဂူဟာမစ်၊** ၁၉၅၁ ခု၊ မြန်မာပြည်စီရင်ထုံး ၃၉၄ (တရားလွှတ်တော်)၊ **ဟာဂျီရာဟင် ဘတ်(စ်) နှင့် ရှိတ်မူအာရက်ဟူစိန်၊** ၁၉၅၃ ခု၊ မြန်မာပြည် **စီရင်ထုံး၊** ၇၀၊ (တရားလွှတ်တော်ချုပ်) တို့ကိုရည်ညွှန်းသည်။

**မစ္စတာ အာ (ရ်)၊ ကရစ် (ရှ်) နန်း နှင့် ဝိုင်၊အမ်၊စီ၊အေ** ....

စာမျက်နှာ

**အောက်မြန်မာပြည် မြို့နှင့်ရွာမြေများ အက်ဥပဒေက အငှါးဂရံချထားသော မြေကွက်ကို တဆင့်ငှါးရမ်းခြင်း မပြုရဟုတားမြစ်ထားခြင်းရှိ၊ မရှိ—ဂရံစည်းကမ်းကို ချိုးဖေါက်ပြီး တဆင့်ငှါးရမ်းခြင်းသည်၊ ဥပဒေနှင့် ဆန့်ကျင်သော ပဋိဉာဉ်ဖြစ်မဖြစ်** ။ ။**ဆုံးဖြတ်ချက်**။ ။ဟသာ်တခရိုင်ဝန်က အခင်းဖြစ်မြေကွက်ကို အယူခံတရားပြိုင်တို့အား၊ အငှါးချထားသည့် ဂရံစာချုပ်ပါ စည်းကမ်းချက်အမှတ် ၅ ၌၊ ခရိုင်ဝန်၏ ကြိုတင်သဘောတူညီချက် မရရှိဘဲ မြေ၏တစိတ်တဒေသကို တဆင့် ငှါးရမ်းခြင်းမပြုရဟု သတ်မှတ်ထားသည်မှာ မှန်၏။ သို့ရာတွင်အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ အက်ဥပဒေတွင်၊ အငှါးဂရံချထားသောမြေကွက်များကိုတဆင့်ငှါးရမ်းခြင်းမပြုရဟုတားမြစ်ထားသည့်ပြဋ္ဌာန်းချက်မရှိချေ။ ပုဒ်မ ၂၀ ၌ အငှါးဂရံစာချုပ်ပါ စည်းကမ်းများကို ချိုးဖေါက်လျှင် အစိုးရကိုယ်စား ခရိုင်ဝန်သည်၊ မြေငှါးဂရံရသူအား၊ ဒဏ်ငွေ တတ်ရိုက်နိုင်သည်။ ဂရံကို ဖျက်သိမ်းနိုင်သည်ဟုသာ ဖေါ်ပြထားသည်။ ယခုအယူခံအမှု၌ တရားပြိုင်တို့က ကြိုတင်သဘောတူညီခွင့်မရဘဲ တဆင့်အငှါးချထားသည့် ကိစ္စအတွက်၊ ခရိုင်ဝန်က ဒဏ်တပ်ရိုက်ခဲ့ပြီးဖြစ်သည်။ ဂရံကိုမူ ဖျက်သိမ်းခြင်းမပြုခဲ့ပေ။ အောက်မြန်မာပြည် မြေနှင့် ရွာမြေများအက်ဥပဒေအရ၊ ဂရံမြေကို တဆင့် အငှါးချထားခြင်း မပြုရဟု အတိအလင်းတားမြစ်ထားခြင်း မရှိသည့်အလျောက် ဂရံစည်းကမ်းကို ချိုးဖေါက်ပြီး တဆင့်ငှါးရမ်းခြင်းသည်၊ ပဋိဉာဉ် အက်ဥပဒေ ပုဒ်မ ၂၃ အရ၊ ဥပဒေနှင့် ဆန့်ကျင်သော ပဋိဉာဉ်ဖြစ်သည်ဟု မဆိုနိုင်ချေ။ **ဘိုးမောင် နှင့် ဗွီ၊ အာ (ရ်)၊ အမ်၊ စီ၊ အာ (ရ်)၊ အမ်၊ ချစ်တီး အတွဲ ၁၂၊ ဘားမားလောဘိုင်း၊ ၁၅၆ ကို** သဘောတူသည်။

**၁။ ဦးမြသိန်း**
**၂။ ဒေါ်ခင်စိန်**

နှင့်

**၁။ ဦးမြသီး**
**၂။ ဒေါ်မြသွင်** .... .... ၁၃၄
**၃။ ဦးမောင်မောင်သင်**

**ဥပသကာမည်သော ပုဂ္ဂိုလ်—အဓိပ္ပါယ်ဖွင့်ဆိုချက်—ဂေါပကလူကြီး အရွေးခံရသူအား လက်ခံ ပြီးနောက် ကန့်ကွက်လွှာ ရလျှင် စွပ်စွဲချက်များ မှန် မမှန်၊ တရားရုံးမှ ဆုံးဖြတ်ချက်ယူရန် မညွှန်ကြားဘဲ ဂေါပကအဖွဲ့က စစ်ဆေး၍ဆုံးဖြတ်ချက်ပေးနိုင်ခြင်း—ကုမ္ပဏီနှင့် ဖက်စပ်လုပ်ငန်းတို့၏ ကွာခြားချက်**။ ။**ဆုံးဖြတ်ချက်**။ ။အယူခံတရားလိုနှင့် အယူခံ တရားပြိုင်အမှတ် ၁ တို့သည်၊ အရွေးခံရန် နာမည်တင်သွင်း၍၊ အဖွဲ့က စစ်ဆေးသောအခါ စကင်းနှင့် ကိုက်ညီကြောင်း ဆုံးဖြတ်ပြီး၊ ၎င်းတို့ကို လက်ခံ၍ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကြေ်ငြာရန် စီစဉ်ထားသည့် အထိ၊ အယူခံ တရားလို၏ ကန့်ကွက်လွှာတွင် ပါရှိသောအချက်အလက်များကို အဖွဲ့က မသိရသေးပေ။ သို့ကြောင့်လည်း ၎င်းတို့ကို လက်ခံခဲ့သည်။ သို့သော် နောက်ကန့်ကွက်လွှာတွင် ပါရှိသော အချက်အလက်များကို သိရှိ၍၊ စွဲချက်များမှာ မှန်နေကြောင်း သိရှိလာသောအခါ၊ အဖွဲ့က တရားရုံးမှ စုံစမ်းစစ်ဆေး၍၊ ဆုံးဖြတ်ချက်ယူရန် ညွှန်ကြားချက်မပေးဘဲ ဝတ္တရားရှိသည့်အတိုင်း၊ အဖွဲ့ကပင်စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ချက်ပေးနိုင်သည်။ ဆုံးဖြတ်ချက်နှစ်ခုပင် ရှိလင့်ကစား၊ တခုနှင့် တခု ဆန့်ကျင်စရာမရှိနိုင်။ တခုနှင့်တခု အကြောင်းချင်းရာမှာလည်း မတူပေ။ ဤကဲ့သို့ ပြုလုပ်ခဲ့ပါက၊ ယခုအမှုသည် တရားရုံးသို့

မရောက်ရှိဘဲ လစ်လပ်နေသော ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီး၏ နေရာကို ယခုကဲ့သို့ မကြန့်ကြာဘဲ ဖြည့်သွင်းပြီးစီးရာ ရောက်ခဲ့ပေမည်မှာ အထူးပြောရန် မလိုပေ။ ပဉ္စမ ကန့်ကွက်ချက်များမရှိ၊ စကင်းနှင့် ကိုက်ညီ၊ မညီကိုသာ အဖွဲ့က စစ်ဆေးသည်။ နောက်မှ ကန့်ကွက်ချက်များ ပေါ်လာရာ၊ ထိုအဖွဲ့ကပင် စုံစမ်း စစ်ဆေး၍၊ ဆုံးဖြတ်ချက်ပေးရန် အာဏာမရှိဟု မဆိုနိုင်ပေ။ ဆုံးဖြတ်ချက် ပေး၍၊ ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးခန့်ခဲ့သည်ကို မကျေနပ်သူက၊ တရားမ ကျင့်ထုံးပုဒ်မ ၉၂ (က)၊ (ခ) အရ၊ တရားရုံးတွင် လျှောက်ထားနိုင်ပေသည်။ အဖွဲ့၏တာဝန်ဝတ္တရားမှာ၊ လစ်လပ်နေသော နေရာတွင် ဖြည့်စွက်ရမည်ဖြစ်သည်။ အမှန်မှာ စကင်းအပိုဒ် ၂ အရ၊ ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးတို့ကို ရန်ကုန်မြို့ရှိ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့က ရွေးကောက်တင်မြှောက်ရမည်။ အငြင်းအပွါး ရှိ၍၊ အဖွဲ့က ဆုံးဖြတ်ချက်ပေးရန် အခက်အခဲနှင့် တွေ့ကြုံမှသာ၊ တရားရုံးမှ ညွှန်ကြားချက် ဖောင်းယူရမည်။ သို့မဟုတ် အခြေအနေအရ၊ တရားစွဲဆိုရမည်။ ယခု ကိစ္စမှာ အဖွဲ့ကဆုံးဖြတ်ချက် ပေးနိုင်ခဲ့ပေသည်။ **ထပ်မံ ဆုံးဖြတ်ချက်။** ။ရွှေ တိဂုံစေတီတော်ကြီးမှာ တပြည်လုံးရှိ ဗုဒ္ဓဘာသာဝင်လူတိုင်း၏ ကြည်ညိုပူဇော် ခြင်းကို ခံရသည်သာမက၊ တကမ္ဘာလုံးတွင် နာမည်ကျော်ဇော ထင်ရှားသော အံ့ဘွယ်ရာတခုဖြစ်သည့် အားလျော်စွာ စေတီတော်ကြီးကို စီမံအုပ်ချုပ်ယုံမှတ် အပ်နှံရေးအတွက် ဘဏ္ဍာတော်ထိန်းဂေါပကလူကြီးဖြစ်ရန်၊ မြန်မာဗုဒ္ဓဘာသာဝင် သာမကဥပသကာလည်း ဖြစ်ရမည်ဟုပြဋ္ဌာန်းထား၍၊ ဥပသကာမည်သောသူသည် အဘယ်သူနည်းဆိုသည်ကို ရှာဖွေရမည်။ ဤပြဿနာမှာ ဥပဒေစကား၏ အဓိပ္ပါယ် ကို ရှာခြင်းမဟုတ်၊ ဘာသာရေးနှင့်သာဆိုင်သည်။ သို့ကြောင့် ဥပဒေရှုထောင့် တခုတည်းမှမကြည့်ဘဲ၊ ဘာသာရေးနှင့်စပ်၍၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ ၏ မျက်စိရှုထောင့်မှကြည့်၍၊ မည်ကဲ့သို့သော သူအား လက်ခံရမည့်ကို သတိ ထားရပေမည်။ အငြင်းမရှိနိုင်သော အဓိပ္ပါယ်မှာ၊ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားထားသော မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ) ၌၊ ဖေါ်ပြထားသည့်အရ၊ အမျိုးယုတ်ညံ့မဟူသရဏဂုံတည်သူမှန်သမျှသည်ဥပသကာ မည်၏။ ဥပသကာသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ် တတ်သော သူဖြစ်သည်။ ဥပသကာ၏ သီလကား၊ ငါးပါးသီလမည်၏။ ဥပသကာ ၏ အသက်မွေးမှုများမှာ (၁) လက်နက် (၂) လူ၊ (၃) အသားငါး၊ (၄) သေရည်သေရက်၊ (၅) အဆိပ်ကိုရောင်းဝယ်ကုန်သွယ်ခြင်း၊ ဤမိစ္ဆာကုန်သွယ်ခြင်း ငါးမျိုးကို ရှောင်ရှား၍ တရားနှင့်အညီ ရောင်းဝယ်ကုန်သွယ် အသက်မွေးမှုဖြစ် သည်။ အဆိုပါ "မိစ္ဆာကုန်သွယ်ခြင်း ငါးမျိုးတွင်၊ တမျိုးမျိုးဖြင့် ကုန်သွယ်၍၊ အသက်မွေးလျှင်၊ ဥပသကာ၏ အဖြစ် ပျက်စီးလေတော့၏" ဟုရေးသားထား သည်ကို တွေ့ရသည်။ သို့ကြောင့် ငါးပါးသီလနှင့် တရားသောအသက်မွေးမှုတို့၏ ပျက်စီးခြင်းသည်၊ ဥပသကာ၏ ပျက်စီးခြင်းမည်၏။ မပျက်စီးလျှင် ဥပသကာ အဖြစ်ပြည့်စုံနေ၏ဟု ဆိုလိုသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ကုမ္ပဏီနှင့်ဖက်စပ် လုပ်ငန်းတို့သည် ကွာခြားသည်။ တခုနှင့် တခုမတူပေ။ ကုမ္ပဏီ၏ ဆုံးရှုံးနစ်နာ ခြင်းကို အစုရှင်များကမခံရဘဲ ကုမ္ပဏီကသာခံရမည်။ ဖက်စပ်လုပ်ငန်း (Firm) တွင် အစုရှင်များက ခံရသည်။ ကုမ္ပဏီသည်၊ ဥပဒေအရ၊ သီးခြားသူတဦးဖြစ် သော်လည်း၊ ဖက်စပ်လုပ်ငန်းမှာ အစုရှင်များ မပါ သီးခြားသော ပုဂ္ဂိုလ်တဦး မဟုတ်ပေ။ (While a Company is a *Juristic* Persons a Firm is

စာမျက်နှာ

not )။ ။ဖက်စပ်လုပ်ငန်း၏ အစုရှင် တဦးသည် အခြား အစုရှင် တဦး၏အကြီးအမှူးပိုင်ရှင် ( Principal ) ဖြစ်သည့်အပြင်၊ ကိုယ်စားလှယ် ( Agent ) လည်းဖြစ်သည်။

ဦးဘခင် နှင့် { ၁။ ဦးသာဝင်း။ ၂။ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်း ဂေါပကလူကြီးအဖွဲ့။ .... ၁၀၇

၁၉၄၅ ခုနှစ် ငွေတိုးချေးစားသူများ အက်ဥပဒေပုဒ်မ ၁၅—မယူသော အတိုးကို မဖော်ပြခြင်းဖြင့် ငွေချေးစာချုပ်ပျက်ပယ်ခြင်း ရှိ မရှိ—အတိုးအမျိုးအစားကို စာချုပ်တွင် မဖော်ပြလျှင် ရုံးက ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိ။ ။ ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် ဒလစ်ဆင်းသည်၊ လုပ်ငန်းတရပ်အဖြစ် ငွေတိုးယူချေးငှါးသူမဟုတ်၊ အချင်းချင်းကူညီသည့် အနေဖြင့်၊ ပရာဆပ်အား၊ ငွေချေးလိုက်ခြင်းသာဖြစ်သည်ဟူသော အချက်သည်၊ အငြင်းမထွက်။ ငွေချေး စဉ်ကလည်း အတိုးမည်မျှပေးရမည် သတ်မှတ်တောင်းဆိုခြင်း မပြု၊ ပရာဆပ်က ငွေဆပ်ရန် ငြင်းဆန်သော အခါမှ၊ တရားစွဲဆိုကာ အရင်းနှင့် ရုံးက ခွင့်ပြုသည့် အတိုးကို တောင်းခံခြင်းဖြစ်သည်။ နဂိုက အတိုးမတောင်း၊ မသတ်မှတ်ခဲ့သော ကြောင့်၊ ငွေချေးစာချုပ်တွင် အတိုးနှုန်းကို မဖော်ပြခဲ့ခြင်းဖြစ်သည်ဟု ယူဆ နိုင်သည်။ မယူသောအတိုးကို မဖော်ပြခြင်းဖြင့်၊ ငွေချေးစာချုပ် ပျက်ပြယ်ရန် မရှိ။ ။ငွေတိုးချေးစားသူများ အက်ဥပဒေပုဒ်မ ၁၅ က၊ အတိုးနှုန်းပါလျှင်၊ အတိ အလင်းဖော်ပြရမည်ဟု လွှမ်းခြုံ၍သတ်မှတ်ထားသဖြင့် ရုံးကခွင့်ပြုသော ထုံးတမ်း စဉ်လာ အတိုးဟူ၍ ဥပဒေအပြင်ဖက်၌၊ သီးခြားရပ်တည်နိုင်ခွင့်မရှိနိုင်။ အတိုးကို အမျိုးအစားခွဲခြား၍၊ မည်သည့်အတိုးမျိုးကို ငွေချေးစာချုပ်တွင် ဖော်ပြရမည်။ မည်သည့်အမျိုးအစားကို စာချုပ်ပေါ်တွင် မဖော်ပြစေကာမူ၊ ရုံးကခွင့်ပြုနိုင် သည်ဟုပြဋ္ဌာန်းထားခြင်း၊ ကင်းလွတ်ခွင့်ပြုထားခြင်း မရှိ။ ဥပဒေပြဋ္ဌာန်းချက် အတိုင်း ရုံးက တိတိကျကျလိုက်နာရမည်သာဖြစ်သည်။ ။ထို့ကြောင့်၊ ငွေချေး သူငွေရှင်က ချေးယူသူ မြီရှင်ထံမှ အတိုးနှုန်းယူရန် မူလက သဘောတူခဲ့ပါလျက် အတိုးနှုန်းကို ငွေချေးစာချုပ်တွင် မဖော်ပြခဲ့လျှင်၊ ထိန်ဝှက်ခြင်းမြောက်သော ကြောင့် ပုဒ်မ ၁၅ အရ၊ စာချုပ် တခုလုံးပျက်ပြယ်သည်။ ယင်းစာချုပ်ကိုသာ မှီခိုအားထားကာ ငွေရှင်က တရားစွဲဆိုပိုင်ခွင့်မရှိ။ ဤအမှုတွင်၊ ငွေရှင်ကမူလ ၌ အတိုးယူရန်ရည်ရွယ်ခြင်းမရှိခဲ့ ဟုအကြောင်းချင်းရာမှ ယူဆနိုင်သောကြောင့်၊ အတိုးနှုန်းကို ဖော်ပြခြင်းမပြုသောကြောင့် စာချုပ်သည် ပျက်ပြယ်ခြင်းမရှိ။ သို့ရာတွင် ယင်းစာချုပ်အရ၊ ငွေရင်းကိုသာ ဒီကရီချမှတ်ပေးနိုင်သည်။ ရုံးတွင် အတိုးခွင့်ပြုနိုင်သည့် အာဏာမရှိ။

ကာစီပရာဆပ်၊ ကန်ထရိုက်တာ နှင့် ဒလစ်ဆင်း၊ ကန်ထရိုက်တာ .... ၃၀

၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပ ဒေ—ဤအက်ဥပဒေ၏ရည်ရွယ်ချက်—"မယားငယ်" များဖြစ်အောင် ပြဋ္ဌာန်း ပေးသည်မဟုတ်ခြင်း—မယားကြီးမယားငယ် ခေါ်ဝေါ်သည်ထက်ပထမ မယား၊ ဒုတိယမယား ဟုခေါ်ဝေါ်သည်က ပို၍တိကျမှန်ကန်မည်ဖြစ်ခြင်း—တရားဝင်

စာမျက်နှာ

မယားသည် မြန်မာစလေ့ ထုံးတမ်းဥပဒေအရ လင့်အမွေကို ဆက်ခံနိုင်ခွင့်ရှိသည့် တရားဝင်မယားပြိုင်အဖြစ်ပေးခြင်း—အိမ်ထောင်ရေးကိစ္စသည် အဓိကအားဖြင့် လူမှုရေးကိစ္စသာဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အထူး အက်ဥပဒေက ဗုဒ္ဓဘာသာဝင် အမျိုးသမီးများကို " မယားငယ် " များဖြစ်အောင် ပြဋ္ဌာန်းပေးသည် မဟုတ်။ ဗုဒ္ဓဘာသာဝင် မဟုတ်သောယောကျ်ားများ၏ အငယ်အနှောင်းသဖွယ် သို့မဟုတ် ရှေးမှေးသတ်အဆို " ဖော်ပြောင်း၊ ကျွန်မ " သဖွယ် နေရသော ဗုဒ္ဓဘာသာဝင်အမျိုးသမီးများအား၊ ယင်းဘဝမှ လွတ်မြောက်၍၊ တရားဝင်မယားအဖြစ်သို့ရောက်စေအောင် ပို့ဆောင်ပေးခြင်းဖြစ်၏။ ယင်းသို့ ပို့ဆောင်ရာတွင်အခြားစလေ့ထုံးတမ်းဥပဒေများ၊ အခြားဥပဒေများက၊ မည်သို့ပင်ဆိုစေ၊ ဖော်ပြသည့် နည်း ပေါင်းဖက်နေထိုင်ကြလျှင်၊ တရားဝင်ထိမ်းမြားပြီးဖြစ်သည်ဟုမှတ်ယူရမည်။ အမွေဆက်ခံခွင့် စသည့်အခွင့်အရေးများကို မြန်မာစလေ့ထုံးတမ်းဥပဒေအရ၊ ရရှိစေရမည် ဟု အထူးဥပဒေက လွှမ်းခြုံ၍၊ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။" မယားငယ် " ဆိုသည့်စကားသည် တိကျရှင်းလင်းခြင်း မရှိ၍၊ ယင်းစကားကို အင်္ဂလိပ်လို ပြန်ဆိုသောအခါ (Lesser wife, inferior wife) စသည်ဖြင့် ပိုမိုရှုပ်ထွေးစေကာ၊ ရှေးစီရင်ထုံးတို့ ချွတ်ချော်ခဲ့ခြင်း ဖြစ်သည်။ အမှန်မှာ မယားငယ်အဖြစ်သို့ တရားဝင်ရောက်သော ဗုဒ္ဓဘာသာဝင် အမျိုးသမီးသည်၊ အခြားတရားဝင်မယားနှင့် မယားပြိုင်အဖြစ်တန်းတူရည်တူ လင့်အမွေကို ဆက်ခံယူထိုက်သည်။ ယင်းသို့မယားများကို ပထမ မယား၊ ဒုတိယ မယား၊စသည်ဖြင့် ရည်ညွှန်းခြင်းက ပို၍၊ မှန်ကန်ဖလိမ့်မည်။ မယားကြီး၊ မယားငယ်ဟုခေါ် ဝေါ် သည်နှင့်အဆင့်အတန်းကွာခြားခြင်း၊အခွင့်အရေးခြားနားခြင်း သဘော မှားယွင်းစွာ ဝင်လာနိုင်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။၁၉၅၄ ခုနှစ်၊ အထူးအက်ဥပဒေသည်၊ ဗုဒ္ဓဘာသာဝင်မိန်းမကို တရားဝင်ထိမ်းမြားပြီးသည့် မယားအဖြစ် အသိအမှတ်ပြု၏။ အခြားတရားဝင်မယားရှိနေလျှင်၊ မြန်မာစလေ့ ထုံးတမ်း ဥပဒေအရ၊ တန်းတူရည်တူ လင့်အမွေကို ဆက်ခံနိုင်ခွင့်ရှိသည့် တရားဝင် မယားပြိုင်အဖြစ်ကို ပေး၏။ အထူးဥပဒေက ပေးသော အခွင့်အရေး ကိုတရားရုံးချုပ်က နုတ်ပယ်၍မရ၊ လင်ဖြစ်သူ၏ သေတမ်းစာဖြင့် ဖျက်၍မရ၊ အပြည့်အဝခံစားရမည်သာဖြစ်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု ဥပဒေသည်လည်း ဘာသာရေးကိစ္စမဟုတ်၊ အိမ်ထောင်ရေး၊ လူမှုရေး ကိစ္စဖြစ်သည်။ သိမ်မွေ့မျှတသော မူတို့ကိုဆောင်သော အိမ်ထောင်ရေးဆိုင်ရာ မြန်မာစလေ့ ထုံးတမ်းဥပဒေ၏ အကျိုးသက်ရောက်မှုကို အက်ဥပဒေဖြင့် ကျယ်ပြန့်စေခြင်းဖြစ်သည်။ ။ဒေါ်လှ အုန်း နှင့် မညွန့် ၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ ၄၁၀၊ မသိန်းရင် နှင့် မောင်သာဒွန်း Vol. 2, Rgn, 62 နှင့် *Law and Custom in Burma and the Burmese Family* by Dr. Maung Maung, The Hague, 1963 ဦးမြစိန်ရေး၊ မြန်မာ့စလေ့ထုံးတမ်းဥပဒေ တို့ကို ရည်ညွှန်းသည်။

ဒေါ်ကြည်ကြည် / မစ္စ(စ်)မေရီဝိန် ပါ ၇ } နှင့် { မစ္စ(စ်)မေရီဝိန် ပါ ၉ / ဒေါ်ကြည်ကြည် ပါ ၇ .... ၅၂

**စာမျက်နှာ**

၁၉၆၃ ခုနှစ်၊ လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေ၊နိုင်ငံတော်အစိုးရအဖွဲ့ဥက္ကဋ္ဌရုံး၏ **အမိန့်ကြော်ငြာစာအမှတ် ၃၉ တွင် ပါရှိသော "ရပိုင်ခွင့်အားလုံး" ၏ရှင်းလင်းချက်——ပြည်သူပိုင်မလုပ်မီက ရရန်ရှိသော ကြွေးမြီအတွက် တရားစွဲဆိုပိုင်ခွင့်သည် ပြည်သူပိုင်ပြုလုပ်ပြီးနောက် အစိုးရ၌ တည် မတည်။ ။ဆုံးဖြတ်ချက်။ ။** ၁၉၆၃ ခုနှစ်၊ ဥပဒေက ပုဒ်မ ၃ (၃) (က) ဖြင့် ပြည်သူပိုင်ပြုလုပ်သော လုပ်ငန်း၏ ရပိုင်ခွင့် အားလုံးကို အစိုးရလက်ဝယ်သို့ ရောက်စေရန်၊ ကျေညာနိုင်သည့် အာဏာကို ဖန်တီးအပ်နှင်းထားသည်မှန်၏။ သို့ရာတွင် အာဏာကို ခံယူရရှိသော အစိုးရက လုပ်ငန်းသဘော အခြေအနေနှင့် အကြောင်းကြောင်းကို ထောက်ရှု၍၊ ပေါ်လစီအရ၊ ယင်းအာဏာမှ လိုသလောက်ကိုသာ သုံးစွဲလျှင်လည်း တရားဝင်သည်သာဖြစ်သည်။ လုပ်ငန်းရပိုင်ခွင့် အားလုံးကို ပြည်သူပိုင်ပြုလုပ်ခွင့် ရှိကာမျှနှင့် ရရန်ကြွေးမြီများကိုပါ မယူမနေ၊ ယူရမည်ဟု မဆိုချေ။ အုပ်ချုပ်မှု အာဏာကို လုပ်ငန်းအလိုက် တိုင်းထွာ၍၊ လိုအပ်သလို သုံးစွဲရသည်။ ဥပဒေက မပေးသော အာဏာကို ကောက်ယူသုံးစွဲခြင်း မပြုမိအောင်၊ သို့မဟုတ် ပေးသည်ထက် ပိုသုံးစွဲကာ၊ အာဏာလွန်ခြင်း မဖြစ်မိအောင်သာလျှင် စောင့်စည်းရသည်။ ။အခမှုပါ "ဇင်" ရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားအလားတူလုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ရာတွင်၊ ရရန်ကြွေးမြီများကို အမိန့်ကြော်ငြာစာမှ အတိအလင်း ချန်လှပ်ထားခြင်းကြောင့် ယင်းကြွေးမြီတို့သည်၊ အစိုးရလက်ဝယ်သို့ မရောက်။ ပြည်သူပိုင် ပြုလုပ်ခြင်းခံရသူတို့က တောင်းခံခြင်း၊ ကြွေးမြီရရန် တရားစွဲဆိုခြင်း ပြုလုပ်နိုင်သည်။ ဥပဒေက အပ်နှင်းသော အာဏာအရ၊ ယခင် ရရန်ကြွေးမြီတို့သည်လည်း အစိုးရ၏ လက်ဝယ်ရောက်စေရမည်ဟု အမိန့်ကြော်ငြာ ထုတ်ပြန်လျှင်ကား၊ ယင်း ကြွေးမြီများသည်၊ အစိုးရ လက်ဝယ်သို့ ရောက်ရှိကာ၊ အစိုးရသာ ယင်းတို့ကို တောင်းယူခြင်း၊ တရားစွဲဆိုခြင်းပြုနိုင်မည်ဖြစ်သည်။ ။ **ဝိန်ရတနာ ပိုးယက်ကန်းစက်လီမိတက် နှင့် ကုန်သွယ် လုပ်ငန်းခွန် မင်းကြီး** ၁၉၆၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅၊ ကို ရည်ညွှန်းသည်။

**ပေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့်** { **၁။ အဗ္ဗဟူဆတ္တား (ခေါ်) မောင်သာထွန်း။ ၂။ နူးမိုဟာမက်** } .... ၆၇

# စီရင်ထုံးပြုသောအမှုခင်းများ

# LIST OF CASES REPORTED

---

## နိုင်ငံတော်တရားရုံးချုပ်၊

## တရားမမှုများ

## CHIEF COURT OF BURMA

## CIVIL CASES


| | စာမျက်နှာ |
|---|---|
| ချစ်ရာ၊ ဦးဖိုးနှင့် ဦးစိုးဟန် ပါ ၃ .... .... .... | ၁၄၂ |
| နီ၊ မောင် (ခ) ဆောင်ဘွန်ကြူး နှင့် အတွင်းဝန်၊ လုပ်ငန်းကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီးဌာန | ၁၅၆ |
| ဓ့ဒါသိန်း၊ ဟာဂျီမ၊ ပါ ၃ နှင့် ဟာဂျီဗွာဆာမတ် (သေ) ၎င်း၏တရားဝင် ကိုယ်စားလှယ် ဒေါ်ရှန် ပါ ၉ .... | ၁၆၀ |
| အသက်တန်းငွေနေ ဦးထွန်းစိန်ကိစ္စ .... .... .... | ၁၆၃ |
| ဆောင်ဆိုင်၊ ဦး၊ နှင့် ဦးစံရှိ .... .... .... | ၁၆၆ |
| ငွေနှဝံသ၊ ဦး၊ နှင့် ဦးသဲဆောင် ပါ ၂ .... .... | ၁၇၇ |

# စီရင်ထုံးပြုသောမှုခင်းများ

# LIST OF CASES CITED

---

## နိုင်ငံတော်တရားရုံးချုပ်

## တရားမမှုများ

## CHIEF COURT OF BURMA

## CIVIL CASES


| | စာမျက်နှာ |
|---|---|
| ကျင်လှိုင်၊ ဒေါ်၊ နှင့် ဦးဝင်းမောင်၊ ၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၈၇ | ၁၇၀ |
| ဂရာပရာဆပ် နှင့် ဦးကျော်ရွှေ၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၁၆၃ (၁၁၆၅) .... .... .... .... | ၁၅၂ |
| ငြိမ်းလှ၊ မ၊ နှင့် မရင်၊ အတွဲ ၃၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၄၆ .... | ၁၅၁ |
| စူလတန်အာမက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ စာ ၅၈၃ နှင့် ခြားနားသည် .... .... .... | ၁၅၈ |
| ဒေါ်ဂျိဂျိဝါး၊ အီဘရာဟင် နှင့် အဂျမ်မိုဟာမက်လူဘားဝါလာ၊ ၁၉၅၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၇၀ (၁၉၉)၊ (တရားလွှတ်တော်ချုပ်) .... | ၁၅၁ |
| ဘိုးရှင်၊ ဦး၊ နှင့် တဦး နှင့် အက်ဒွပ်နှင့်အများ၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၄၊ ရန်ကုန်၊ စာ ၁၃၉ .... .... .... | ၁၅၁ |
| ဟန်ဆင်၊ မ၊ နှင့် ဦးဘရီ၊ ၁၉၃၉၊ ရန်ကုန်စီရင်ထုံး၊ စာ ၃၅၈ .... | ၁၆၂ |
| အရာနူလာ (ခ) ဟန်နူလာ နှင့် ဦးပါစိန်၊ ၁၉၆၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၅၆ (၂၆၁)၊ (တရားလွှတ်တော်) .... .... | ၁၇၉ |

# ညွှန်းချက်

# INDEX

---

## နိုင်ငံတော်တရားရုံးချုပ်

## တရားမမှုများ

## CHIEF COURT OF BURMA

## CIVIL CASES

စာမျက်နှာ

**အက်ဥပဒေများ—**

**ကာလစည်းကမ်းသတ်ဥပဒေ။**

**တရားမကျင့်ထုံး။**

**ပဋိညာဉ်အက်ဥပဒေ။**

**မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေ။**

**သက်သေခံဥပဒေ။**

**သီးခြားသက်သာခွင့်ဥပဒေ။**

**ဆန့်ကျင်၍လက်ရှိ ထားရှိခြင်း**—မရွှေ့မပြောင်းနိုင်သော ပစ္စည်းတခုကို မှတ်ပုံတင် အရောင်းစာချုပ်ဖြင့် ဝယ်သူသည်၊ ဝယ်စဉ်က ထိုပစ္စည်းကို လက်ရောက် မရရှိခဲ့၍ ရောင်းသူက ထိုပစ္စည်းပေါ်တွင် ဆက်လက်နေခဲ့ရာ၌ ဝယ်သူ၏ ခွင့်ပြုချက်၊ အငှါးချထားချက်၊ သဘောတူညီချက်တို့အရ နေထိုင်ခြင်း မဟုတ် လျှင်ရောင်းသူသည် စာချုပ် ချုပ်သည့်နေ့မှစ၍ ဝယ်သူကို ဆန့်ကျင်၍ လက်ရှိ ထားခဲ့သည်ဟု ယူဆရမည် ဖြစ်ခြင်း—**ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၈ ၏ ပြဋ္ဌာန်းချက်။ ။ဆုံးဖြတ်ချက်။** ။ယခုအမှုတွင်အချင်းဖြစ်မြေကွက် အမှတ် (၈) ကိုအယူခံတရားလို (မူလရုံးတရားလို) ထံ ရောင်းချသူဆရာမြနှင့် ဦးထွန်းလှိုင် တို့သည်၊ ၁၉၂၁ ခုနှစ်မှစ၍ ၎င်းတို့နှင့် ၎င်းတို့၏ ဖခင်ဖြစ်သော ဆရာမှိုင်က လက်ရှိ မရခဲ့ဘဲ လက်ဝယ်၌ မထားရဘဲ၊ ဆရာမှိုင်ထံ ရောင်းလိုက်သူ ဆရာရှင် (မောင်ဆင်) နှင့် ၎င်း၏သားသမီး မယားတို့ကသာ ဆက်လက်၍ တောက်

စာမျက်နှာ

လျှောက် နေထိုင်ခဲ့ပြီးလျှင် ဆန္ဒကျင်လက် ရှိထားခဲ့ကြသည်ဟု ယူဆသည်။ ထို့ကြောင့် ၁၂ နှစ်ကျော်သွားသော ၁၉၃၃ ခုနှစ်၊ ကုန်ဆုံးပြီးနောက်တွင် ဆရာမှိုင်နှင့် ၎င်း၏ အမွေစား ဆရာမြနှင့် ဦးထွန်းလှိုင်တို့ မပိုင်ဆိုင်တော့ပေ။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၈ တွင် ဤသို့ အတိအလင်းပြဋ္ဌာန်းထားသည်။

ဦးအောင်ဆိုင် နှင့် ဦးစံရီ .... .... .... .... ၁၆၆

**တရားမကျင့်ထုံး ပုဒ်မ ၈၀—ပြည်သူ့ဝန်ထမ်းနှင့် သာမန်အရပ်သားတို့အား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့်အမှုတွင်၊ ပြည်သူ့ဝန်ထမ်းအား နို့တစ်မပေးခဲ့ပါက ပြည်သူ့ဝန်ထမ်း အပေါ်သာမက၊ အရပ်သား အပေါ်စွဲဆိုသည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိ—နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင် မစွန့်လွှတ်နိုင်။ ။ဆုံးဖြတ်ချက်။** ။ပြည်သူ့ဝန်ထမ်းနှင့် သာမန် အရပ်သားထုအား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့် အမှုတွင် ပြည်သူ့ဝန်ထမ်းအား တရားမကျင့်ထုံးပုဒ်မ ၈၀ အရ၊ ကြိုတင်နို့တစ်စာ ပေးခဲ့ပါက ပြည်သူ့ဝန်ထမ်းအပေါ်သာမက အရပ်သားအပေါ် စွဲဆိုသည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိဆိုသော ပြဿနာနှင့် ပတ်သက်၍ ယူဆချက် အမျိုးမျိုး ဝိဝါဒကွဲပြားလျက်ရှိနေပေသည်။ အချို့က ပြည်သူ့ဝန်ထမ်းအပေါ်သာမက အရပ်သား အပေါ်၌လည်း တရားစွဲဆိုခြင်းမပြုနိုင်ဟု ဆိုသည်။ အချို့ကမူ နို့တစ်စာ မပေး၍ ပြည်သူ့ဝန်ထမ်းအပေါ် တရားစွဲဆိုခြင်း မပြုနိုင်သော်လည်း အရပ်သား အပေါ်ဆက်လက်၍ စွဲဆိုနိုင်သည်ဟု ယူဆကြသည်။ ပြည်သူ့ဝန်ထမ်းကို အမှုတွင် တရားပြိုင်အဖြစ် မထည့်ပဲ အရပ်သားထံမှ တရားလိုသည်၊ မိမိအလိုရှိသော သက်သာခွင့်ကို တောင်းဆိုနိုင်လျှင်ပြည်သူ့ဝန်ထမ်းကို ချန်လှပ်ပြီး အရပ်သား အပေါ်ဆက်လက်၍ တရားမစွဲဆိုနိုင်စရာ အကြောင်းမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ပြည်သူ့ ဝန်ထမ်းအား ကြိုတင်နို့တစ်စာ မပေးခဲ့သည့် အကြောင်းကြောင့် အရပ်သားအပေါ် စွဲဆိုသည့် အမှုပါ ပျက်ပြယ်ခြင်းမရှိပေ။ **အရာနူလာ (ခေါ်) ဟန်နူလာ နှင့် ဦးပါစိန်**၊ ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၅၆ (၂၆၁)၊ တရားလွှတ်တော်ကို ရည်ညွှန်းသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ပြည်သူ့ဝန်ထမ်း၏ အကျိုးအတွက် တရားမကျင့်ထုံးပုဒ်မ ၈၀ အရ၊ ပေးရသည့် ကြိုတင်နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင်သည်။ **ပေါ်ကျင်လှိုင် နှင့် ဦးဝင်းမောင်**၊ ၁၉၅၈၊ မြန်မာပြည် စီရင်ထုံး၊ ၈၇၊ တရားလွှတ်တော်၊ ရည်ညွှန်းသည်။

ဦးဣန္ဒဝံသ နှင့် ဦးမဲအောင် ပါ ၂ .... .... .... ၁၇၇

**တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်ပြုသည့်ကိစ္စ—နှစ်ပေါင်းများစွာ အမှုလိုက်ရှေ့အရာရှိအဖြစ်နှင့် အထူးစုံစမ်းစစ်ဆေးရေး ဌာနတွင်လည်း တရားစွဲဆိုရေးဖက်တွင် ဆောင်ရွက်ခဲ့ခြင်း—အထက်တန်း ရှေ့နေအဖြစ် မှတ်ပုံတင်ပြီးနောက် စည်းကမ်း**

**စာမျက်နှာ**

အရ လိုအပ်သော ၅ နှစ်ကျော် အမှုလိုက်ခဲ့ခြင်း—နှစ်နှစ်ကျော် အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်း အပြင် တရားရုံးချုပ် ရှေ့နေစာမေးပွဲ အောင်မြင် ခဲ့ခြင်းတို့ကို ထည့်သွင်း စဉ်းစားခြင်း။ ။ဆုံးဖြတ်ချက်။ ။ ဦးထွန်းစိန်သည် နှစ်ပေါင်းများစွာ အမှုလိုက်ရဲ့အရာရှိ အဖြစ်ဆောင်ရွက်ခဲ့သူဖြစ်သည်။ အထူးစုံစမ်း စစ်ဆေးရေးဌာနတွင် ဝင်ရောက် အမှုထမ်းသော အခါ၌လည်း တရား စွဲဆိုရေးဖက်တွင်သာ တလျှောက်လုံး တာဝန်ယူခဲ့သည်။ ယင်းကဲ့သို့ မှုခင်းများတွင် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ မှုခင်းများကို ရုံးသို့တင်ပို့တရားစွဲဆိုခြင်းကို ညွှန်ကြားခဲ့ခြင်းတို့ကြောင့် ဦးထွန်းစိန်သည် တရားရုံးချုပ်ရှေ့နေ စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အရည်အချင်း ပြည့်ဝသူဖြစ်သည်ဟု ပြည်ထောင်စု ရာထူးဝန်အဖွဲ့က သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ်တွင် အထက်တန်း ရှေ့နေအဖြစ် စာရင်းသွင်းပြီးသည်မှ ၁၉၆၇ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေး ဌာနမှ အငြိမ်းစားယူသည်အထိ ဦးထွန်းစိန်သည် စည်းကမ်းအရ လိုအပ်သော ၅ နှစ်ကျော် အမှုလိုက်ပါ ဆောင်ရွက်ရေးတွင် တာဝန်ယူခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် စည်းကမ်းနှင့်အညီတရားရုံးချုပ်ရှေ့နေအဖြစ် ခံယူထိုက်သည်ဟု တွေ့ရှိသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ထိုအချက်အပြင် ဦးထွန်းစိန်သည် နှစ်နှစ်ကျော်မျှ အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ တရားရုံးချုပ် ရှေ့နေစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ခြင်းတို့ကိုပါ ထည့်သွင်းစဉ်းစားကာ၊ ၎င်း၏ လျှောက်လွှာကိုခွင့်ပြုသင့်သည်ဟုဆုံးဖြတ်သည်။

အထက်တန်းရှေ့နေ ဦးထွန်းစိန် ကိစ္စ .... — .... ၁၆၃

နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင် မစွန့်လွှတ်နိုင် .... ၁၇၇

**ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးခြင်း—နှစ်ဦးနှစ်ဖက် သဘောတူညီချက်မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးနိုင်မထိုးနိုင် — တရားရုံးက ဒီကရီကျငွေအတွက် လစဉ်အရစ်ကျ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသည် တရားရုံးက၊ ဒီကရီငွေအတွက် ပစ္စည်းကို အာမခံ ပေးထားခြင်းအား ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၆၂ အရ၊ ပျက်ပြယ်ခြင်းရှိ မရှိ — ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၃၉ အရ၊အာမခံသူ၏အာမခံထားသောကြွေးမြီအတွက်တာဝန်။ ။ဆုံးဖြတ်ချက်။** ။ပဋိညာဉ်တခုကို အခြား ပဋိညာဉ်တခုနှင့် အစားထိုးလိုက်သဖြင့်၊ မူလပဋိညာဉ်မှာ ကွယ်ပျောက်သွားပြီဆိုသော ကိစ္စ၌၊ အစားထိုးသည်ဆိုသော ပဋိညာဉ် အသစ်ပြုလုပ်ရန် နှစ်ဦးသဘောတူညီချက်ရှိရန်လိုသည်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက် မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားမထိုးနိုင်။ ယခုအမှု၌ တရားနိုင်သည် ဒီကရီကျငွေများအတွက် အာမခံ ပစ္စည်းကို လက်လွှတ်ပြီး တရားရှုံးထံမှ တလလျှင် ငွေကျပ် ၃၀၀ ကျယူပါမည်ဆိုသော ပဋိညာဉ်အသစ် ပြုလုပ်ခဲ့သည်ဆိုသော အထောက်အထား မရှိ၊ တရားနိုင်က ကန့်ကွက်ပါလျက် ရုံးမှ တရားရှုံးအား တလငွေကျပ် ၃၀၀ နှုန်းဖြင့် ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသာ ဖြစ်၍၊ ဒီကရီငွေ အတွက် ပစ္စည်းကို အာမခံပေးထားခြင်းသည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၆၂ အရ၊ ပျက်ပြယ်

ပါသည်ဆိုသော တင်ပြချက်ကို လက်မခံနိုင်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၉ အရ၊ မြီရှင်က အာမခံသူ၏ မြီစားအပေါ် ရရန်ရှိသော အခွင့်အရေးကို ထိခိုက်အောင် မပြုသရွေ့ အာမခံထားသူသည် အာမခံထားသော ကြွေးမြီအတွက် တာဝန်ရှိသည်။ မဟန်ဆင် နှင့် ဦးဘရီ၊ ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၃၅ဂ ကိုရည်ညွှန်းသည်။

၁။ ဟာဂျီမဒေါ်သိန်း
၂။ အပ္ပဒူလာ
၃။ ဟူစိန်
နှင့်
ဟာဂျီပဒူဆမတ် (သေ)၊ ၎င်း၏တရားဝင်ကိုယ်စားလှယ် (၁) ဒေါ်ရန်၊ (၂)ဒေါ်အစီရာ။ (၃) ကိုဘချစ်၊ (၄)ကိုဘရင် (၅) ကိုဘရှင်၊ (၆)တင်အောင်(၇) မမြင့်မြင့်၊ (ဂ) ကိုကျော်မြင့်၊ (၉)မောင်မောင်အေး (အရွယ်မရောက်သေးသူ) ၎င်း၏နီးစပ်ရာမိတ်ဆွေ ကိုဘချစ်စီးအေး။ .... ၁၆၀

ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၃၉ အရ၊ အာမခံသူ၏ အာမခံထားသော ကြွေးမြီအတွက်တာဝန် .... .... .... .... .... ၁၆၀

**သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂—ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၆ (၁) အရ၊ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေးရှိခြင်းကြောင့် သက်သာခွင့်မပေးထိုက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။** သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ စွဲဆိုသောအမှုတွင်၊ ထိုပုဒ်မအရ၊ တရားလိုက တောင်းဆိုသည့် မြွက်ဟချက်ကို ရုံးကပေးနိုင်သည့် အာဏာရှိသည်ကား မှန်ပေသည်။ သို့ရာတွင်၊ တရားရုံးက ယင်းအာဏာကို အလွယ်တကူ သုံးစွဲရန် မဟုတ်ချေ။ ရုံးမှဆင်ခြင်တုံတရား အတိုင်းသာ အသုံးပြုရမည်ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလိုမှာ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိနေကြောင်း အထက်တွင် ဖေါ်ပြခဲ့ပြီးဖြစ်ရာ၊ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရသက်သာခွင့် မပေးထိုက်ဟု မူလဘက်ရုံးတရားသူကြီး၏ ကောက်ယူဆုံးဖြတ်ချက်မှာ မှန်ကန်သဖြင့်၊ ဤအယူခံလွှာကို လက်မခံနိုင်တော့ချေ။ **စူလတန်အာမက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊** ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၅ဂ၃ နှင့် ခြားနားသည်။

မောင်နီ (ခ) အောင်ဘွန်ကြူး နှင့် အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေး နှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန .... ၁၅၆

**သက်သေခံဥပဒေ၏ အခြေခံမူတရပ်—အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန်လိုအပ်ခြင်း — တန်ဘိုးလျော့နည်းသော သက်သေခံချက်များကို မတင်ပြထိုက်ခြင်း—အရေးကြီးသည့် သက်သေကိုသက်သေအဖြစ်မှ ပယ်လိုက်ခြင်းနှင့် ဥပဒေအမြင်။ ။ဆုံးဖြတ်ချက်။** ။သက်သေခံဥပဒေ၏အခြေခံ မူတရပ်မှာ၊ အမှုသည်တို့သည်မိမိရရှိနိုင်စွမ်းရှိသောအကောင်းဆုံးသောသက်သေခံချက်များကိုတင်ပြ

ရန်လိုအပ်သည်ဟူသော မူပင်ဖြစ်သည်။ အကြောင်းချင်းရာများနှင့် ပတ်သက်၍ သက်သေထင်ရှားပြရန် အတွက်၊ သက်သေခံချက်များ တင်ပြသည့်အခါ၌တင်ပြနိုင်စွမ်းရှိသော သက်သေခံချက်များ အနက်၊ အကောင်းဆုံးသော သက်သေခံချက်များ (best evidence producible)ကို တင်ပြရမည်။ ယင်းကဲ့သို့မတင်ပြဘဲ၊ ဒုတိယတန်းစား၊ တန်ဘိုးလျော့နည်းသော (second rate) သက်သေခံချက်များကို မတင်ပြထိုက်ပေ။ **မငြိမ်းလှ နှင့် မရင်၊** အတွဲ ၃၊ မြန်မာပြည် စီရင်ထုံး၊ ၂၄၆။ **အီဗရာဟင် ဒေါ်ဂျီဂျီဝါး နှင့် အဂျမ်မိုဟာမက်လူဘားဝါလာ၊** ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၇၀(၁၉၉)၊(တရားလွှတ်တော်ချုပ်)တို့ကို ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။အမှုသည် တယောက်က သက်ဆိုင်ရာအမှုတွင်၊ လူတယောက်သည် သက်သေအဖြစ် ရုံးရှေ့သို့ လာရောက်၍ အစစ်ခံရန်လိုအပ်လျှင်၊ မိမိကိုယ်တိုင်လည်း ခေါ်ယူလာနိုင်သည်၊ တရားရုံးမှ တဆင့်သမ္မာန်စာချ၍လည်း ခေါ်ယူနိုင်ပေသည်။ အကယ်၍ သမ္မာန်စာချရာ၌အတည်ဖြစ်ပါလျက်နှင့် သက်သေက ရုံးသို့ မလာရောက်ဘဲနေလျှင်၊ တရားရုံးမှ ဝါရမ်းထုတ်ဆင့်၍ သက်သေကို ရုံးသို့ လာရောက်စေရန် ဆောင်ရွက်ပေးနိုင်သည်။ အမှုသည်က လျှောက်တောင်းလျှင်၊ ရုံးချိန်ကုန်ဆုံး၍ မစစ်ဆေးနိုင်သော အရေးကြီးသော သက်သေကို၊ နောက်တနေ့တွင်၊ သို့မဟုတ် အနီးကပ်ဆုံး ရက်ချိန်းတွင်ရုံးက စစ်ဆေးပေးမည်မှာ မလွဲပေ။ ထို့ပြင်၊ ရုံးရှေ့သို့ မလာရောက်နိုင်သော သက်သေများ၊ သို့မဟုတ် တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာရှိသော နယ်နိမိတ်ပြင်ပတွင်ရှိနေသော သက်သေများ၊ သို့မဟုတ် နယ်နိမိတ်ပြင်ပသို့ သွားအံ့ဆဲဆဲ သက်သေများကို စစ်ဆေးလိုလျှင်၊ တရားရုံးက ကော်မရှင် ထုတ်ဆင့်၍စစ်ဆေးနိုင်သည်။ အယူခံတရားလိုသည် တရားဥပဒေက ပေးထားသော ထိုအခွင့်အရေးများကို အသုံးမပြုဘဲ၊ မိမိအလိုအလျောက် အရေးပါ အရာရောက်သော သက်သေ ဦးအောင်ကြီးကို ပယ်လိုက်ခြင်းပင် ဖြစ်သည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ဤအမှုတွင် ဦးအောင်ကြီးကို တရားလိုက သက်သေအဖြစ် **မစစ်ဆေးတော့ဘဲ** ပယ်လိုက်ခြင်းသည်၊ **ဦးအောင်ကြီး၏ သက်သေခံချက်သည် တရားလို၏ အမှုကို အကျိုးပြုမည် မဟုတ်သောကြောင့် ပယ်လိုက်ခြင်းဖြစ်သည်။** တနည်းအားဖြင့်ဆိုလျှင်၊ တရားလိုက ဆန့်ကျင်ပြီး ထွက်ဆိုမည်စိုးရိမ်၍သာ ဖြစ်သည်ဟု ကောက်ယူရန် အကြောင်း ပေါ်ပေါက်နေသည်ဟု ဆိုရပေလိမ့်မည်။ **ဦးဘိုးရှင် နှင့် တဦး နှင့် အက်ဒ်ပ် နှင့် အများ၊** အောအိုင်၊အာ(ရ်) ၁၉၃၄၊ ရန်ကုန်၊ ၁၃၉ နှင့် **ဂရာပရာဆပ် နှင့် ဦးကျော်ရွှေ** ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၁၆၃ (၁၁၆၅) တို့ကိုရည်ညွှန်းသည်။


**ဦးချစ်ရာ နှင့်** { **၁။ ဦးစိုးဟန်**
**၂။ ဦးချစ်ရာ**
**၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေသိန်းဆုဌာန။** .... ၁၄၂

**အရေးကြီးသည့် သက်သေကို သက်သေအဖြစ်မှ ပယ်လိုက်ခြင်းနှင့် ဥပဒေအမြင်** .... ၁၄၂

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

ဦးကျော်ညိမ်း

နှင့်

ဒေါ်အုံးမြိုင် ပါ ၂*

† ၁၉၇၁

မတ်လ ၂၄ ရက်။

**လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အာဏာ—လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန် ဆောင်ရွက်သည့် အမှုများသည် ၎င်းအား ငှါးရမ်းခ ကြီးကြပ်ရေးဝန်က လွှဲပြောင်းပေးသည့် အမှုများဟု ယူဆနိုင်·မယူဆနိုင်။**

**ဆုံးဖြတ်ချက်။** ။ရန်ကုန်မြို့၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန် (ဦးမောင်မောင်ဘ) အား လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန် အာဏာသော်၎င်း၊ မိမိ အလုပ်ဝတ္တရားများ အပြင် ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံမှ လွှဲပြောင်းပေးသည့် အမှုများကိုပါ ဆောင်ရွက်နိုင်ရန် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အာဏာများ အားလုံးကိုလည်း အပ်နှင်းလျက် အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ပြည်သူ့လုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ ပြန်တမ်း၌ အမိန့်ကြော်ငြာစာထုတ်၍ ပေးအပ်ရှိရာ၊ ၎င်းမှာ အဆိုပါ အက်ဥပဒေတွင် ပေးရှိသော အာဏာ အပြည့်အဝရှိသည်။ ယခုအမှုကို ကြီးကြပ်ရေးဝန်က လွှဲပြောင်းပေးသည်ဟု အမှုတွဲတွင် မပေါ်ပေါက်သည်ကား မှန်၏။ သို့သော် လွှဲအပ်မပေးဟု လျှောက်ထားသူက တင်မပြနိုင်ပေ။ သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၁၄ အရ၊ ကြီးကြပ်ရေးဝန်က လုပ်ရိုးလုပ်စဉ်အရ လွှဲပြောင်းပေးခဲ့သည်ဟု ယူဆရန် ရှိပေသည်။ [ဤပုဒ်မ ဥဒါဟရဏ် (င) ကိုကြည့်ပါ]။ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က စာရေး၍ လွှဲပြောင်းရမည်ဟုမဆို။ လျှောက်ထားသူ၏ တရားရုံးချုပ်ရှေ့နေက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၂ ကို ရည်ညွှန်းသည်။ ဤပုဒ်မအရလည်း စာဖြင့် လွှဲပြောင်းပေးရန် မလို။ အများအားဖြင့် အမှုများကို လွှဲပြောင်း ပေးရာ၌ အုပ်ချုပ်မှု လွယ်ကူ ချောမွေ့ဖြောင့်မတ်စေရန် ရုံး၏ အတွင်းရေး စီမံမှုမျှသာ ဖြစ်သည်။ *Ram Krishna Sinha and others* v. *Petitioners*, 42 C.W.N. 246 (250) ကို ရည်ညွှန်းသည်။

---

* ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ ၁၀၅။

† ရန်ကုန်မြို့၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံး၏ အမှုအမှတ် ၃၁ အေ/၆၇ တွင် ၁၉၆၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်၍ အမှုခေါ်စာချွန်မိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားသော လျှောက်လွှာ။

၁၉၇၁ — ဦးကျော်ညိမ်း နှင့် ဒေါ်အုန်းမြိုင် ပါ ၂။

**လျှောက်ထားသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးအေးမောင်။

**လျှောက်ထားခံရသူအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်း။

**လျှောက်ထားခံရသူ(၂)အတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးဝင်းကြည်။

**တရားသူကြီး ဦးကျော်ဇံဦး။** ။အိမ်ရှင်များဖြစ်သူ အလျှောက်ခံရသူတို့က အိမ်ငှါးဖြစ်သူ လျှောက်ထားသူသည် အိမ်မှ အပြီးအပိုင်ပြောင်းရွှေသွား၍ အရွယ်ရောက်ကလေး ၅ ယောက်နှင့် လက်ရှိအိမ်ခန်းမှာ ကျဉ်းမြောင်း၍ မနေနိုင်သဖြင့် အိမ်ငှါးနေထိုင်ခဲ့သောအခန်းကို ပြန်လည်ပေးရန်လျှောက်ထားရာ၊ အိမ်ငှါးက မပြောင်းရွှေသေးပါဟုငြင်းဆန်၍ အမှုကိုစုံစမ်းစစ်ဆေးပြီး ၁၉၆၉ ခု၊ ဧပြီလ ၇ ရက်နေ့ နှင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ အရ အိမ်ရှင်များသို့ ပြန်လည်နေထိုင်ရန် အမိန့်ချမှတ်လိုက်သည်ကို မကျေနပ်၍ အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားရာ၌ တင်ပြသည့်အချက်မှာ၊ ရန်ကုန်မြို့၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်၌ ထိုအမိန့်ကိုချမှတ်ရန်အာဏာမရှိဟုဆိုသည်။

ရန်ကုန်မြို့၊ လက်ထောက်ငှါးရမ်းခကြီးကြပ်ရေးဝန် (ဦးမောင်မောင်ဘ)အား လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန် အာဏာသော်၎င်း၊ မိမိအလုပ်ဝတ္တရားများ အပြင် ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံမှ လွှဲပြောင်းပေးသည့်အမှုများကို ပါဆောင်ရွက်နိုင်ရန် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အာဏာများ အားလုံးကိုလည်း အပ်နှင်းလျက်၊ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ပြည်သူ့လုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံပြန်တမ်း၌ အမိန့်ကြော်ငြာစာထုတ်၍ ပေးအပ်ရှိရာ ၎င်းမှာ အဆိုပါအက်ဥပဒေအရ ပေးရှိသော အာဏာအပြည့်အဝရှိသည်။ ယခုအမှုကိုကြီးကြပ်ရေးဝန်က လွှဲပြောင်းပေးသည်ဟု အမှုတွဲတွင် မပေါ်ပေါက်သည်ကားမှန်၏။ သို့သော် လွှဲအပ်မပေးဟု လျှောက်ထားသူက တင်မပြနိုင်ပေ။ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၄ အရ၊ ကြီးကြပ်ရေးဝန်က လုပ်ရိုးလုပ်စဉ်အရ လွှဲပြောင်းပေးခဲ့သည်ဟု ယူဆရန်မှုပေသည်။ [ဤပုဒ်မ၏ဥဒါဟရဏ်(င)ကိုကြည့်ပါ]။ ငှါးရမ်းခကြီးကြပ်ရေး ဝန်က စာရေး၍ လွှဲပြောင်းရမည်ဟုမဆို။ လျှောက်ထားသူ၏ တရားရုံးချုပ်ရှေ့နေက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၂ ကို ရည်ညွှန်းသည်။ ဤပုဒ်မအရလည်း စာဖြင့်လွှဲပြောင်း ပေးရန်မလိုဟု *Ram Krishna Sinha and others* v. *Petitioners* (1) စီရင်ထုံးတွင်ဖေါ်ပြထားသည်။ အများအားဖြင့်အမှုများကို လွှဲပြောင်းပေးရာ၌အုပ်ချုပ်မှု

(1) 42 C.W.N. 246 (250).

လွယ်ကူဖြောင့်မတ်စေရန် ရုံး၏ အတွင်းရေးစီမံမှုမျှသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ *Daw Hnin Zi* v. *Mr. T. Ahmed and four others* (2) စီရင်ထုံး၌



> "No question of any right whatsoever is involved in an application for the allotment of a vacant room under section 21 (4) of the Urban Rent Control Act of 1960. For these reasons apart from the merits of the case, the application for a *writ of certiorari* does not lie."

ဟုဆိုထားသည်ကို တွေ့ရှိရသည်။ သို့ကြောင့် ဤလျှောက်လွှာကိုလက်ခံရန် လုံလောက်သောအကြောင်းမရှိသဖြင့် စရိတ်နှင့်တကွ ပယ်လိုက်သည်။ တရားရုံးချုပ်ရှေ့နေစရိတ် ငွေ ၇၅ ကျပ် သတ်မှတ်သည်။

---

(2) 1964 B.L.R. 324 (327).

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

## ဒေါ်စိန်

နှင့်

## ဆူလူချန် (ခေါ်) နီလာအန်ဒီ *

† ၁၉၇၁

မတ်လ ၂၄ ရက်။

**ဇာရီမှုကိုဆိုင်းငံ့ခြင်း—အယူခံဝင်ရန်အခွင့်ထူးတောင်းနေစဉ် ဇာရီမှုကိုဆိုင်းငံ့ထားလေ့ရှိ မရှိ— အယူခံဝင်ရုံနှင့်ပင် ဇာရီမှုသည် အလိုအလျောက်ဆိုင်းငံ့ထားခြင်းရှိ မရှိ—ဆိုင်းငံ့ခြင်းမှာ ရုံး၏ဆင်ခြင်တုံတရားအရ ပြုလုပ်ရမည်ဖြစ်ခြင်း။**

ဤအမှုတွင်လျှောက်ထားသူက အယူခံဝင်ရန်အခွင့်ထူးတောင်းနေစဉ် ဇာရီမှုကို ဤရုံးကဆိုင်းငံ့ပေးရန်ပါလျှောက်ထားခြင်းဖြစ်သည်။ **ဆုံးဖြတ်ချက်။** ။အယူခံဝင်ရန် အခွင့်ထူးတောင်းနေစဉ် ဇာရီမှုကို သာမန်အားဖြင့် ဤရုံးကဆိုင်းငံ့ထားလေ့မရှိချေ။ **ထပ်မံဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၅ အရလည်း၊ အယူခံဝင်ရုံနှင့်ပင် ဇာရီမှုသည် အလိုအလျောက်ဆိုင်းငံ့ခြင်းမရှိ။ အယူခံရုံး၏ဆင်ခြင်တုံတရားအရ ပြုလုပ်ရမည်သာဖြစ်သည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးထွန်းညို။

လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ အာ(ရ်)၊ ချော်ဘေး။

**တရားသူကြီး ဦးကျော်ဇံဦး။** ။လက်ခံရေးနှင့်ပတ်သက်၍ ထပ်မံကြားနာရန် တဘက်သို့ နို့တစ်စာထုတ်ပါ။

အယူခံဝင်ရန် အခွင့်ထူးတောင်းနေစဉ် ဇာရီမှုကို သာမန်အားဖြင့် ဤရုံးကဆိုင်းငံ့ထားလေ့မရှိချေ။ တရားရုံးချုပ် (ယခင်တရားလွှတ်တော်ချုပ်) ဒုတိယပိုင်းအမိန့် ၁၄၊ နည်းဥပဒေ ၅ က ဆိုင်းငံ့ထားရမည်မဆို၊ ပထမပိုင်း၊ အမိန့် ၁၊ နည်းဥပဒေ

* ၁၉၇၀ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာမှုအမှတ် ၁၀၆။

† ၁၉၆၈ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၇၃ တွင်၊ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၆ ရက် နေ့စွဲပါ အမိန့်ကိုအယူခံဝင်ရန် အခွင့်ထူးတောင်းနေစဉ်ဇာရီမှုကို ဤရုံးကဆိုင်းငံ့ပေးရန်ပါလျှောက်ထားမှု။

၁၉၇၁

ဒေါ်စိန် နှင့် ဆုလှချွန်(ခေါ်) နီလာအန်နီ။

၅ အရ၊ ဤနည်းဥပဒေများတွင် အတိအလင်းထည့်သွင်း၍မထားလျှင်၊ တရားမကျင့်ထုံး ပါမည်သည့် ပြဋ္ဌာန်းချက်မျှ တရားရုံးချုပ်ရှိမူခင်းကိစ္စများနှင့် မသက်ဆိုင်။ ဤကိစ္စမှာ ရုံး၏ဆင်ခြင်တုံတရားအရ ပြုလုပ်ရမည်သာဖြစ်သည်။

တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၅ အရလည်း၊ အယူခံဝင်ရုံနှင့်ပင် ဇာရီမှုသည် **အလိုအလျောက် ဆိုင်းငံ့ခြင်းမရှိ၊ အယူခံရုံး၏ဆင်ခြင်တုံတရားအရ ပြုလုပ်ရမည်သာ** ဖြစ်သည်။ **ဤအမိန့်အပိုဒ် (၂) (၃) နှင့် (၄) အရ ဇာရီရုံးကလည်း** ဖော်ပြထားသော အကြောင်းများ လုံလောက်သည်ဟု ကြေနပ်လျှင်၊ ဇာရီမှုကိုဆိုင်းငံ့နိုင်ပေသည်။ ဤရုံး၌ လျှောက်ထားရန်မလိုပေ။ အယူခံရုံးများသို့ မရောက်မီကပင် ဤကိစ္စကို ဇာရီရုံး၌ ဥပဒေကပေးထားသော အခွင့်အရေးသက်သာခွင့်တို့ကို လျှောက်ထားသူက တောင်းခံသင့်ပေသည်။ လျှောက်ထားသူ တရားရှုံးသည် အကြောင်းညီညွတ်လျှောက် **ကန် ဟုတ္တိရှိစွာ လုံ့လဝီရိယဖြင့် ကြိုးစားခဲ့ခြင်းမရှိခဲ့ချေ။ သို့ကြောင့် ဇာရီဆိုင်းငံ့** အမိန့်ပေးရန် ကျွန်ုပ်တို့ငြင်းပယ်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

† ၁၉၇၁
ဖေဖော်ဝါရီလ
၁၉ ရက်။

## ဦးပြေ
## နှင့်
## ဦးဘအေး ပါ ၂ *

**တရားမကျင့်ထုံး ပုဒ်မ ၁၄၄ ၏ အခြေခံမှု—၎င်းပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အမှုသည်တဦး မဟုတ်သည့် လေလံဆွဲဝယ်ယူခဲ့သော တတိယသူ တဦးအပေါ်၌ အကျိုး သက်ရောက်နိုင်ခြင်း ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ပုဒ်မ ၁၄၄ ၏ အခြေခံမှုမှာ ဒီကရီကို မှားယွင်းသောကြောင့် ပယ်ဖျက်လိုက်ရသည်ရှိသော် ထိုဒီကရီကြောင့် အကျိုးကျေးဇူး ခံစားခွင့်ရသူအား တဘက် အမှုသည်၏ ဆုံးရှုံးမှုကို လျော်ကြေးပေးရန် တာဝန်ချထားခြင်းမျှသာ ဖြစ်သည်။ ဒါဝတ်ဟာရှင်အီစွတ်နှင့် တင်ရှိန်၊ ရန်ကုန် စီရင်ထုံးများ၊ အတွဲ (၁၁)၊ စာ ၄၇၀ ကို ရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ယခုအမှုတွင် လေလံဆွဲဝယ်သူမှာ မှားယွင်းစွာ ချမှတ်ထားသည့် ဒီကရီကြောင့် အကျိုးခံစားခွင့်ရရှိခဲ့သူဟု မဆိုသာချေ။ ရုံးမှပြုလုပ်ခဲ့သည့် လေလံတင် ပစ္စည်းကို တန်ရာတန်ဘိုးပေး၍ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူမျှသာ ဖြစ်သည်။ သို့ဖြစ်လေရာ လေလံဆွဲဝယ်ယူသည် တရားနိုင်ဖြစ်နေလျှင် သော်လည်းကောင်း၊ တရားနိုင်နှင့် နားလည်မှုယူကာ မရိုးမဖြောင့်သော သဘောဖြင့် လေလံဆွဲဝယ်ခဲ့သူ ဖြစ်နေလျှင် သော်လည်းကောင်း၊ ပုဒ်မ ၁၄၄ အရ၊ မိမိရရှိခဲ့သည့် အကျိုးအမြတ်ကို ပြန်ပေးရန် တာဝန် ရှိမည်ဖြစ်သော်လည်း၊ ဤအမှုမှာကဲ့သို့ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူ အပြင်လူအပေါ်၌မူ၊ ထိုပုဒ်မ၏ ပြဋ္ဌာန်းချက်များ အကျုံးမဝင်ဟု ယူဆရမည်ဖြစ်သည်။

**အယူခံ တရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးတင့်။

**အယူခံ တရားပြိုင်အတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာ။

---

* ၁၉၆၈ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှုအမှတ် ၆။

† နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၁၉၆၄ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၃ တွင် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့စွဲပါ စီရင်ချက်ကို မကျေနပ်၍ အထူးအယူခံဝင်ခွင့် တင်သွင်းသောလျှောက်လွှာ။

တရားသူကြီး ဦးစိန်သင်း။ ။"ဤအမှုနှင့် ပတ်သက်၍ တရားမကျင့်ထုံးပုဒ်မ ၁၉၇၁
၁၄၄ ပါ ပြဋ္ဌာန်းချက်များသည်၊ အမှုသည်တဦးမဟုတ်သည့် လေလံဆွဲဝယ် ယူခဲ့သော ဦးပြေ
တတိယသူ တဦးအပေါ်၌ အကျိုးသက်ရောက်နိုင်ခြင်းရှိ၊ မရှိ" ဟူသည့်ပြဿနာ နှင့်
ပေါ်ပေါက်သဖြင့်၊ ဤအခွင့်ထူး အယူခံမှု ဖွင့်လစ်ရခြင်းဖြစ်သည်။ ထိုပြဿနာ ပေါ် ဦးဘအေးပါ ၂။
ပေါက်လာပုံအကြောင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

မန္တလေးမြို့၊ ရာဘက်ခရိုင် တရားမရုံး၊ ၁၉၅၅ ခု၊ တရားမကြီးမှုအမှတ် ၁၈ တွင် ဒေါ်ချစ်က ဦးဘအေးအပေါ်၌ ငွေ ၄,၈၀၀ ကျပ် ရရှိရန် အနိုင်ဒီကရီ ရရှိခဲ့သည်။ ထိုဒီကရီကို ထိုရုံး၏ ၁၉၅၈ ခု၊ ဇာရီမှုအမှတ် ၇ တွင် ဇာရီပြုလုပ်ခဲ့ရာ၊ နောက်ဆုံးတွင် ဦးဘအေး ပိုင်မြေနှင့် ထိုမြေပေါ်ရှိ အဆောက်အဦကို ရုံးကလေလံတင် ရောင်းချလိုက်သောကြောင့်၊ ဦးပြေက ကျပ် ၃,၂၅၀ ဖြင့် လေလံဆွဲဝယ်လိုက်သည်။ ထိုကဲ့သို့ လေလံဆွဲဝယ်လိုက်ခြင်းမှာ မူလရုံးကချမှတ်သည့် စီရင်ချက်နှင့် ဒီကရီတို့ကို ဦးဘအေးက မကျေနပ်သဖြင့် မန္တလေးရုံးထိုင် တရားရုံးချုပ်တွင် အယူခံ ဝင်ထားစဉ်အတွင်း ဖြစ်သည်။ ၁၉၆၂ ခု၊ ဩဂုတ်လ ၁ ရက်နေ့၌ အဆိုပါအယူခံတွင် နှစ်ဦးနှစ်ဖက်သော အမှုသည်များ၏ သဘောတူညီချက်အရ၊ ဦးဘအေးအပေါ်၌ ချမှတ်ထားသည့် စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ ထို့ကြောင့် ဦးဘအေးက ဇာရီမှုတွင် လေလံတင်ရောင်းချခဲ့ပြီးဖြစ်သော မိမိပိုင်မြေနှင့်အိမ်ကို ပြန်လည်ပေးအပ်ရန် တရားမကျင့်ထုံးပုဒ်မ ၁၄၄ အရ၊ လျှောက်ထားသည်။ ရာဘက်ခရိုင် တရားမရုံးက **မတုပ် နှင့် မောင်မိုးနောင်း (၁)၊ မောင်ဘန်းကြီး နှင့် မငွေပုံ (၂)** အစရှိသည့် စီရင်ထုံးများကို ကိုးကားပြီး၊ လေလံဆွဲဝယ်သူ ဦးပြေသည် သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူ ဖြစ်ပါသည်။ မူလရုံး၏ စီရင်ချက် ဒီကရီတို့နှင့် စပ်လျဉ်း၍ အယူခံဝင်ထားခြင်းကို မသိရှိခဲ့ပါ၊ လေလံတင်ရောင်းချ၍ ရရှိသည့်အဖိုးငွေ ကျပ် ၃,၂၅၀ ကို တရားပိုင် ဒေါ်ချစ်၏ ကိုယ်စားလည် ဒေါ်တင်ညွန့်က ထုတ်ယူသွားပြီး ဖြစ်ပါသည်။ လေလံဆွဲဝယ်သူ ဦးပြေသည် တရားနိုင်မဟုတ်။ အပြင်လူစိမ်းတယောက် ဖြစ်သဖြင့် ၎င်းအပေါ်၌ တရားမကျင့်ထုံးပုဒ်မ ၁၄၄ ပါပြဋ္ဌာန်းချက်များအရ အရေးယူနိုင်ခွင့် မရှိပါဟု ကောက်ယူဆုံးဖြတ်ပြီး၊ ဦးဘအေး၏ လျှောက်ထားချက်ကို ပယ်ချခဲ့သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့်၊ ဦးဘအေးက ဤရုံး၏ ၁၉၆၄ ခု၊ တရားမပထမအယူခံမှုအမှတ် (၁၃)တွင် အယူခံဝင်ရောက်ခဲ့သည်။ ထိုအယူခံမှုကို စစ်ဆေးကြားနာသည့် တရားသူကြီး ဦးစောဘသိန်းက တရားရုံးသည် အမှုသည်များ၏ အကျိုးပျက်စီးနစ်နာခြင်း မရှိရအောင် အထူးသတိထား၍ အမှုများကို စီရင်ဆုံးဖြတ်ရမည် ဖြစ်ပါ

(၁) ရန်ကုန်စီရင်ထုံးများ၊ အတွဲ (၃) စာ၊ (၂၅၁)။
(၂) ရန်ကုန်စီရင်ထုံးများ၊ အတွဲ (၇) စာ၊ (၁၀၇)။

၁၉၇၀ ဦးပြေ နှင့် ဦးဘအေးပါ ၂။ သည်။ ဤအမှုတွင် ဦးဘအေးသည် မိမိအပေါ်၌ ချမှတ်သည့် ဒီကရီကို မကျေနပ်သော ကြောင့်၊ အယူခံ ဝင်ထားခဲ့ပါသည်။ ထိုကဲ့သို့ အယူခံဝင်ထားစဉ် ဇာရီမှုကို ယာယီ ဆိုင်းငံ့ထားရန် အမိန့်ရရှိခဲ့ပါသော်လည်း အာမခံ မပေးနိုင်သောကြောင့်၊ ၎င်းအပေါ် တွင်ဆက်လက် ဇာရီပြုလုပ်ခြင်း ခံခဲ့ရပါသည်။ အချင်းဖြစ် ပစ္စည်းများကို အာမခံ အဖြစ် ပေးသွင်းနိုင်ကြောင်း ဦးဘအေးသည်မသိရှိသဖြင့်၊ အာမခံမပေးနိုင်ပဲဖြစ်ခဲ့ရပါ သည်။ ခရိုင်တရားမရုံးသည် ရုံးသို့ တင်သွင်းထားသည့် လေလံဆွဲဝယ်ငွေကျပ် ၃,၂၅၀ ကို၊ ဒေါ်ချစ်အား ထုတ်မပေးပဲ အယူခံမှုကို ဆုံးဖြတ်ပြီးစီးသည့်တိုင်အောင် ဆိုင်းငံ့ ထားသင့်ပါလျက်၊ အလျင်စလို ဆက်လက်ဆောင်ရွက်ခြင်း အားဖြင့် ဦးဘအေးအား အကျိုးပျက်စီး နစ်နာခြင်း ဖြစ်စေပါသည်။ တရားရုံးများသည် အမှုသည်များအား မူလရှိရင်းစွဲ နေရာ၌ "ပိုနေမြဲ-ကျားနေမြဲ" ဖြစ်စေရန်၊ တရားမကျင့်ထုံးပုဒ်မ ၁၄၄ အရသာလျှင် မဟုတ်ပဲ၊ ပုဒ်မ ၁၅၁ အရလည်း အမိန့်ချမှတ်ခြင်း ပြုနိုင်ပါသည်ဟု ကောက်ယူဆုံးဖြတ်ပြီး၊ ရာဘက်ခရိုင် တရားမရုံးကချမှတ်သည့် အမိန့်ကို ပယ်ဖျက်၍၊ ဒေါ်ချစ်အား ၎င်းရယူထားသည့်ငွေကျပ် ၃,၂၅၀ ကို ရုံးသို့တင်သွင်းရန်နှင့် ထိုငွေကို ရုံးသို့ပေးသွင်းလျှင်၊ လေလံဆွဲဝယ်သူ ဦးပြေအား ပြန်လည်ပေးစေရန်၊ ၎င်းပြင် ထိုကဲ့သို့ ငွေပြန်လည်ရရှိသောအခါ ၎င်းရယူထားသည့် မြေနှင့်အိမ်ကို ဦးဘအေးအား ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်လိုက်သည်။

ယခု ကျွန်ုပ်တို့ရှေ့တွင် လျှောက်လဲချက်များ ပေးရာ၌ အယူခံ တရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ်ရှေ့နေ ဦးတင့်က၊ ကျင့်ထုံးပုဒ်မ ၁၄၄ အရ၊ လေလံဆွဲဝယ်သူထံမှ ပစ္စည်းပြန်လည် ရရှိနိုင်ရန် ကိစ္စမှာ လေလံဆွဲဝယ်သူသည် သဘောရိုးဖြင့်ဝယ်ခြင်းဟုတ်၊ မဟုတ်ဟူသော အချက်အပေါ်တွင် မူတည် ဆုံးဖြတ် ရပါသည်။ သဘောရိုးဖြင့် ဝယ်ယူခဲ့ခြင်းဟုတ်၊ မဟုတ်ကို ဆင်ခြင်စဉ်းစားရာ၌ ထို ပစ္စည်းများနှင့် စပ်လျဉ်း၍ အမှုတန်းလန်း ဖြစ်နေသည်ကို ဝယ်ယူသူသိ၊ မသိ ဟူသောအချက်မှာ မှတ်ကျောက်တရပ် ဖြစ်ပါသည်။ မူလဒီကရီကို ပြင်ဆင်ပြောင်းလဲ လိုက်စေကာမူ သဘောရိုးဖြင့် ဝယ်ယူသူများ၏ ဝယ်ယူခြင်းကို အတည်ပြုသင့်ပါသည်၊ အစရှိသည်ဖြင့် တင်ပြသွားသည်။ သဘောရိုးဖြင့် လေလံဆွဲခဲ့သူအပြင်လူများ၏ ဝယ်ယူ ခြင်းကို သာမန်အားဖြင့် အတည်ပြုသင့်ကြောင်း စီရင်ထုံး မြောက်မြားစွာတို့တွင် ပြဆိုထားရာ၊ ကျွန်ုပ်တို့ကလည်း သဘောတူညီသည်။ သို့မှသာလျှင် ရုံးအမိန့်အရ လေလံဆွဲဝယ်ခြင်းများကို အများက ယုံကြည်မှုရရှိမည်။ ထိုကဲ့သို့ ယုံကြည်မှု ရရှိမှ သာလျှင် ရောင်းချသည့် ပစ္စည်းများအတွက် တန်ရာတန်ဘိုး ရရှိနိုင်မည်ဖြစ်သည်။ ဤအမှုတွင် အချင်းဖြစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ အယူခံ ဝင်ထားသည်ကို ဦးပြေ သိရှိကြောင်း အထောက်အထား တစုံတရာ မတွေ့ရှိရချေ။ လေလံဆွဲသည့် အဆင့်မှ

၁၉၇၁
ဦးပြေ
နှင့်
ဦးဘအေးပါ ၂။

စ၍ လေလံရောင်းချခြင်းကို အတည်ပြုသည်အထိ တရားရုံးက ကန့်ကွက်ခြင်း မပြုလုပ်ခဲ့ချေ။ လေလံကိုပယ်ဖျက်ရန် အတွက်လည်း ဥပဒေအရ ဆောင်ရွက်ခြင်း မပြုလုပ်ခဲ့ချေ။ ကျင့်ထုံးပုဒ်မ ၁၄၄ ၏ ရည်ရွယ်ချက်မှာ မူလရုံးက ချမှတ်သည့် ဒီကရီကြောင့် မိမိ၏အကျိုးကို ဆန့်ကျင်၍ ထိခိုက်မှုရှိသည့် အမှုသည်အား မူရင်းအခြေအနေသို့ ပြန်လည်ထားရှိရန်ဖြစ်သည်။ မိမိ၏အကျိုးကို ထိခိုက်ခြင်းမှာလည်း မူလရုံးက ချမှတ်သည့်ဒီကရီ၏ မှားယွင်းမှုကြောင့်သာလျှင် ဖြစ်ရမည်။ ဤအမှု၌ အလွန်အရေးကြီးသည့် ထည့်သွင်းစဉ်းစားရန် အချက်မှာ မူလရုံးက ဒီကရီသည် မည်သည့်အတွက်ကြောင့် ပျက်ပြယ်သွားရသည်ဟူသော အချက်ဖြစ်သည်။ လေလံရောင်းချရာတွင်ရရှိသည့်ကျပ်ငွေကျပ် ၃,၂၅၀ ကို၊ဒေါ်ချစ်၏ တရားဝင်ကိုယ်စားလှယ် ဒေါ်တင်ညွန့်သည် ၁၉၅၉ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ထုတ်ယူသွားခဲ့ပြီး ဖြစ်သည်။ ထိုအကြောင်းကို ဦးဘအေး သိရှိခဲ့သည်ဟု ယူဆနိုင်စရာ အကြောင်းရှိသည်။ ထိုကဲ့သို့ ပစ္စည်းရောင်းရငွေကို တရားနိုင်များက ထုတ်ယူသွားပြီဖြစ်ကြောင်း သိရှိပါလျက်နှင့် ထိုငွေနှင့် စပ်လျဉ်း၍ မည်ကဲ့သို့မျှ စည်းကမ်းချက် မသတ်မှတ်ပဲ မိမိတင်သွင်းထားသော အယူခံမှု၌ ဦးဘအေးသည် တရားနိုင် ဒေါ်ချစ်တို့နှင့် နားလည်မှုယူကာ၊ မူလရုံးက ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပါမည့်အကြောင်းဖြင့်သဘောတူညီခဲ့သောကြောင့်၊ အယူခံရုံးက မူလရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အယူခံမှုတွင် ဦးဘအေး အနိုင်ရရှိခဲ့ခြင်းမှာ အမှုသွား အမှုလာအရ အဆုံးအဖြတ် ပြုခဲ့ခြင်းကြောင့် မဟုတ်ချေ။ တနည်းအားဖြင့်ဆိုသော် မူလရုံးက ချမှတ်ခဲ့သည့် ဒီကရီသည် မှားယွင်းနေသဖြင့် အယူခံရုံးက ပယ်ဖျက်လိုက်သည်ဟု မပေါ်လွင်၊ အမှုသည်များ၏ သဘောတူညီမှုဖြင့်သာလျှင် အယူခံရုံးသည် အမှု၏ အကြောင်းချင်းရာ အပြည့်အစုံကို ဆင်ခြင်သုံးသပ်ခြင်း မပြုလုပ်နိုင်ပဲ မူလရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ **ဒါဝတ်ဟာရှင်အီစွတ် နှင့် တင်ရှိန်** (၃) အမှုစီရင်ထုံးတွင် မှတ်ချက်များ ပြုထားသည့်အတိုင်း၊ တရားမကျင့်ထုံးပုဒ်မ ၁၄၄ ၏ အခြေခံမှုမှာ ဒီကရီကို မှားယွင်းသောကြောင့် ပယ်ဖျက်လိုက်ရသည်ရှိသော် ထိုဒီကရီကြောင့် အကျိုးကျေးဇူး ခံစားခွင့်ရသူအား တဘက်အမှုသည်၏ ဆုံးရှုံးမှုကို လျော်ပေးရန် တာဝန်ချထားခြင်းမျှသာဖြစ်သည်။ ယခု ကျွန်ုပ်တို့ရှေ့ရှိ အမှုတွင် လေလံဆွဲဝယ်သူမှာ မှားယွင်းစွာ ချမှတ်ထားသည့် ဒီကရီကြောင့် အကျိုးခံစားခွင့် ရရှိခဲ့သည်ဟု မဆိုသာချေ။ ရုံးမှပြုလုပ်ခဲ့သည့် လေလံတွင် ပစ္စည်းကို တန်ရာတန်ဘိုးပေး၍ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူမျှသာ ဖြစ်သည်။ သို့ဖြစ်လေရာ လေလံဆွဲဝယ်သူသည် တရားနိုင် ဖြစ်နေလျှင်သော်လည်းကောင်း၊ တရားနိုင်နှင့် နားလည်မှုယူကာ မရိုးမဖြောင့်

(၃) ရန်ကုန်စီရင်ထုံးများ၊ အတွဲ (၁၀)၊ စာ (၄၇၁)။

၁၉၇၁ — ဦးပြေ နှင့် ဦးဘအေးပါ ၂။

သောသဘောဖြင့် လေလံဆွဲဝယ်ခဲ့သူ ဖြစ်နေလျှင်သော်သည်းကောင်း ပုဒ်မ ၁၄၄ အရ၊ မိမိရရှိခဲ့သည့် အကျိုးအမြတ်ကို ပြန်ပေးရန် တာဝန်ရှိမည် ဖြစ်သော်လည်း၊ ဤအမှုမှာကဲ့သို့ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူ အပြင်လူအပေါ်၌မူ၊ ထိုပုဒ်မ၏ ပြဋ္ဌာန်းချက်များ အကျုံးမဝင်ဟု ယူဆရမည်ဖြစ်သည်။

ပထမအယူခံရုံးက၊ ဦးဘအေးအား အချင်းဖြစ် ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခြင်းနှင့် ပတ်သက်၍၊ တရားမကျင့်ထုံးပုဒ်မ ၁၅၁ ပါ ပြဋ္ဌာန်းချက်များ၏ အထောက်အကူကိုလည်း ရယူခဲ့သည်။ ထိုပုဒ်မတွင် ရုံး၌မူလ ရရှိမြဲဖြစ်သည့် အခွင့်အာဏာများကို ပြဋ္ဌာန်းထားရာ၊ ထိုအခွင့်အာဏာများ၏ အကျိုးအာနိသင်ကို ခံစားနိုင်သည့်သူမှာ ၎င်းကိုယ်တိုင်က လစ်ဟင်းပျက်ကွက်မှုများ မမှုရန်လိုကြောင်း စီရင်ထုံး အများအပြား၌ ပြဆိုထားသည်ကို ကျွန်ုပ်တို့ကလည်း ထောက်ခံလိုသည်။ ဤအမှု၌ လေလံဆွဲဝယ်သူ ဦးပြေသည် လေလံဆွဲဝယ်ရာ၌ မသမာမှု တစုံတရာကို ပြုလုပ်ခဲ့ကြောင်း စွပ်စွဲချက် မရှိချေ။ သဘောရိုးဖြင့် ဝယ်ကြောင်းသာလျှင် ပေါ်လွင်သည်။ တဘက်၌မူ တရားရုံးသည် လစ်ဟင်းပျက်ကွက်မှုများ မကင်းကြောင်း ပေါ်လွင်သည်။ ရုံး၌ မူလ ရှိမြဲဖြစ်သည့် အခွင့်အာဏာများကို အသုံးပြုရာ၌လည်း အခြားဥပဒေ ပြဋ္ဌာန်းချက်များ မရှိသည့် ကိစ္စအတွက်သာလျှင် အသုံးပြုနိုင်သည်။ ထို့ကြောင့် ထိုပုဒ်မ၏ အကူအညီဖြင့် ဦးဘအေးအား သက်သာခွင့် ပေးခြင်းမှာ မှားယွင်းသည်ဟု ထင်မြင်ယူဆသည်။ ပုဒ်မ ၁၄၄ အရ သက်သာခွင့် ပေးရာ၌လည်း အမှုသည်တို့ ရောက်သင့်သည့် အခြေအနေမျိုးသို့ ရောက်နိုင်သမျှ ရောက်စေနိုင်အောင်သာလျှင် ပြုလုပ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤအမှု၌ ဦးပြေသည် မိမိဝယ်ယူခဲ့ပြီး ဖြစ်သည့် ပစ္စည်းနှင့် ပတ်သက်၍ ပြင်ဆင်တိုးချဲ့မှုများ ပြုလုပ်ကာ လက်ဝယ်ထားရှိခဲ့သည်မှာ (၁၀) နှစ် ကျော်မျှ ရှိပြီဖြစ်သည်။ ဝယ်ယူစဉ်က ပစ္စည်း၏ ကာလတန်ဘိုးကိုလည်း ပေးခဲ့ပြီးဖြစ်ရာ၊ ယခုမှတဖန်ထိုပစ္စည်းကို ယခင်တန်ဘိုးနှင့် ပြန်အမ်းကာ တရားရှုံးအား အပ်ရမည်ဆိုလျှင် အလွန်နစ်နာမှုများ ရှိမည်မှာ မလွဲချေ။ ထို့ကြောင့် ဤအမှုနှင့် ပတ်သက်၍ တရားမကျင့်ထုံးပုဒ်မ ၁၄၄ ပါ ပြဋ္ဌာန်းချက်များသည် အမှုသည် တဦး မဟုတ်သည့် လေလံဆွဲဝယ်ခဲ့သူ ဦးပြေအပေါ်၌ အကျိုးသက်ရောက်ခြင်း မရှိဟု ကျွန်ုပ်တို့ အဆုံးအဖြတ်ပြုလိုက်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤရုံး၏ ၁၉၆၅ ခု၊ ဩဂုတ်လ ၃၁ ရက်နေ့စွဲပါ ချမှတ်ထားသည့်စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး၊ မန္တလေးမြို့၊ ရာဘက်ခရိုင်တရားမရုံး၊ ၁၉၆၄ ခု၊ တရားမ ဇာရီမှုအမှတ် ၇ တွင်ချမှတ်ခဲ့သည့် ၁၉၆၄ ခု၊ ဩဂုတ်လ ၁၃ ရက်နေ့စွဲပါ အမိန့်နှင့် ဒီကရီတို့ကို စရိတ်နှင့်တကွ အတည်ပြုလိုက်သည်။

ဤရုံး၏ ရှေ့နေခကို ကျပ် ၁၁၉ တိတိသတ်မှတ်လိုက်သည်။

## နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

## ဦးဘညွန့် ပါ ၂

## နှင့်

## ဦးစိန်ကြည် ပါ ၈ *

† ၁၉၇၁

မတ်လ

၂၄ ရက်။

**အခွင့်ထူးအယူခံတရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့်စီရင်ချက်ကို တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင် မနိုင်—စီရင်ပိုင်ခွင့် အာဏာကို မအပ်ပဲရ မရ—အခွင့်ထူးလျှောက်လွှာ၊ အခွင့်ထူးအယူခံမှု၊ စာချွန်မှုတို့အပေါ် တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓကရှိ မရှိ—အတိုင်းအတာမရှိ အယူခံဝင်ချင်တိုင်းဝင်သင့် မသင့်—အမှေ့ ပုံကုန်ခါမှ တရားပြတ်သည်ဟူသော အစွဲအလန်းကို ပယ်ဖျောက်သင့်ခြင်း—အယူခံရုံးများက အမှုတွဲခေါ်ယူခြင်းနှင့် မူလရုံးများက အမှုကို ဆိုင်းငံ့ထားခြင်း။**

ဤအမှုတွင်လျှောက်ထားသူတို့သည်၊ မန္တလေးခရိုင် တရားမရုံးတွင် အချင်းဖြစ် မြေနှင့် အဆောက်အဦကို၊ ၎င်းတို့ပိုင်ကြောင်း မြွက်ဟကျေညာပေးရန် တရားစွဲဆိုခဲ့ရာ၊ အမှုကို ၅ နှစ်ကြာမျှ စစ်ဆေးပြီးနောက် လျှောက်ထားသူတို့၏ အမှုကို ပယ်ခဲ့သည်။ လျှောက်ထားသူတို့က မကျေနပ်၍ တရားရုံးချုပ်သို့ ပထမအယူခံဝင်သည်။ သို့သော် မအောင်မြင်ခဲ့သဖြင့် အခွင့်ထူး လျှောက်လွှာလျှောက်ရာ ရုံးတော်က ပယ်ခဲ့သည်။ ဤတွင် လျှောက်ထားသူတို့က အခွင့်ထူး လျှောက်လွှာကို ပယ်သောအမိန့်ကို ပြန်လည် သုံးသပ်ရန် ထပ်မံလျှောက်ထားခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။၁၉၆၂ ခုနှစ်၊ ဥပဒေအမှတ် ၄၁ ဖြင့် တရားရုံးချုပ်က ချမှတ်သော အချုပ်စီရင်ချက်၊ ဒီကရီ၊ အမိန့်တို့မှ အယူခံဝင်ရန် အခွင့်ထူးလျှောက်ထားခွင့်ကို ဖွင့်ပေးခဲ့စဉ်က အခွင့်ထူးလျှောက်လွှာ သို့မဟုတ် အခွင့်ထူး အယူခံတရပ်ရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့်စီရင်ချက်ကိုလည်း တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင်သည်ဟူ၍ နောက်ဘဆင့် တိုးထွင်ခြင်း၊ အာဏာအပ်နှင်းခြင်း မပြုခဲ့ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။စီရင်ပိုင်ခွင့်အာဏာကို မအပ်ပဲ မရချေ။ မအပ်သော အာဏာကိုလည်း ဖန်တီးပြုလုပ်၍ မယူနိုင်ချေ။ တရားရုံးချုပ်သည် ဥပဒေပြုအာဏာပိုင်အဖွဲ့ မဟုတ်ချေ။

---

* ၁၉၇၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၁။

† နိုင်ငံတော် တော်လှန်ရေး ကောင်စီ ကျေညာချက်အမှတ် ၂၅၊ နိုင်ငံတော် တရားရုံးချုပ်၏ ရရှိမြဲအာဏာအရ၊ ၁၉၇၀ ခု၊ မတ်လ ၄ ရက်နေ့စွဲပါ အခွင့်ထူး လျှောက်လွှာကို အကျဉ်းနည်း ပလပ်သည့်အမိန့်ကို မကျေနပ်သဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားသော လျှောက်လွှာ။

၁၉၇၁
ဦးဘညွန့်
ပါ ၂
နှင့်
ဦးစိန်ကြည်
ပါ ၈။

အပ်နှင်းသော အာဏာအတွင်းကသာလျှင် ထုံးတမ်းသာ‌ေကာ၊ လုပ်ထုံးစသည်တို့နှင့်အညီ မျှတ မှန်ကန်စွာစီရင်ရသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အယူခံဝင်ရန်အခွင့်လျှောက်လွှာ၊ အခွင့်ထူးအယူခံမှု၊စာချွန်မှုစသည်တို့ အပေါ်၌ တရားလွှတ်တော်ချုပ်က ချမှတ်ပြီးသော အမိန့်၊ စီရင်ချက်တို့ကို တရားလွှတ်တော် ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓက တရပ်မျှပင် မရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားသူကြီးများသည်လည်း လူသားများသာ ဖြစ်ကြပါသည်။ တင်ပြ **သော သက်သေ အထောက်အထားများကိုသာ အခြေခံ၍ ဆုံးဖြတ်ကြရပါသည်။** ထို့ကြောင့် ဤရုံးနောက်ဆုံးဆင့်သို့ တက်ရောက်ပြီးကာမျှဖြင့် မမှားမယွင်း ကောန်မှန်သည် မဆိုနိုင်ပါချေ။ သို့ရာတွင် အတိုင်းအတာမရှိ၊ အယူခံဝင်ချင်တိုင်းဝင်၊ အမိန့်များကို ပြန်လည် သုံးသပ်လိုတိုင်း သုံးသပ်ရပါမူ ပြည်သူတို့၏ အရေးအခင်းတို့သည် ပြီးပြတ်သည်မရှိ၊ ပြည်သူတို့၏ အခွင့်အရေး တို့သည် တည်ငြိမ်သည်မရှိ၊ ပြည်သူတို့၏ ဘဝသည် တရားရုံးများတွင်သာ ဆောက်တည်ရာမရ ဖြစ်နေရတော့မည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမှေ့ပုံကုန်ခါမှ တရားပြတ်သည် ဟူသော အတွေးအခေါ် အစွဲ အလန်းကို လက်တွေ့အလုပ်ပြု၍ ပယ်ဖျောက်ကာ ပြည်သူချင်းချင်း၏ အရေးအခင်းများကို တရား ရုံးများက မျှတမြန်ဆန် မှန်ကန်စွာ ပြေလည်ပြီးပြတ်လေအောင် ဆောင်ရွက်ပေးနိုင်ပါမှ၊ ပြည်သူက တရားရုံးများကို အားကိုးယုံကြည်ကြပေလိမ့်မည်။ ယင်းသို့ ပြည်သူအားကိုး ယုံကြည်သော တရားစီရင်ရေး ဖြစ်ထွန်းစေအောင် တရားရုံးများအား ရှေ့နေကြီးများက ဝိုင်းဝန်းကူညီအပ်၏။ သို့မှသာ ပြည်သူ့ရှေ့နေကြီးများ ပြီသကြမည်ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသည့် အချက်ရှိ၏။ ဤရုံးအပါအဝင် အယူခံရုံးများသည် အယူခံလွှာ၊ လျှောက်လွှာ စသည်ကို ရသမျှနှင့် မူလရုံးများမှ အမှုတွဲကို ခေါ်ယူခြင်း၊ ဆီလျော်ဆက်စပ်မှုမရှိသော အခြားရုံးများမှ အမှုတွဲများကို ခေါ်ယူခြင်း စသည်ကို ပြုတတ်ကြသည်ဟုသိရသည်။ မူလရုံးများကလည်း အယူခံရုံးသို့ အယူခံဝင်သည်၊ လျှောက်လွှာ တင်သည်ဆိုကာမျှနှင့် အမှုကို ဆိုင်းငံ့ထားခြင်း စသည်ကို ပြုတတ်ကြသည်ဟုလည်း သိရသည်။ ယင်းသို့ ပြုကြခြင်းသည် လုပ်ထုံးနှင့်မညီ၊ အမှုများကို ကြန့်ကြာစေသည်။ ထို့ကြောင့် ထုံးတမ်း လက်စွဲနည်းဥပဒေများနှင့်အညီသာ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှတ်ချက်ပြုသည်။ တရားရုံး ချုပ်ကလည်း တရားရုံးများ ညွှန်ကြားလွှာတရပ်ကို ထုတ်ပြန်ရန် စီစဉ်လျက်ရှိသည်။

**လျှောက်ထားသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးလှဖေ (၂)။

**လျှောက် ထားခံရသူအတွက်။** ။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။လျှောက်ထားသူတို့သည် မန္တလေးမြို့ ခရိုင်တရားမရုံးတွင် အချင်းဖြစ်မြေနှင့် အဆောက်အဦကို ၎င်းတို့ပိုင်ဆိုင် ကြောင်း မြွက်ဟကြေညာပေးပါရန် တရားတထုံးကို ၁၉၆၁ ခုနှစ်တွင် စွဲဆိုခဲ့ကြ၏။

အမှုကိုငါးနှစ်ကြာမျှ စစ်ဆေးကာ ခရိုင်တရားမတရားသူကြီးသည် ၁၉၆၆ ခုနှစ်တွင် လျှောက်ထားသူ (တရားလို) တို့အား အရှုံးပေးကာ အမှုကို ပယ်ခဲ့၏။

လျှောက်ထားသူတို့က တရားရုံးချုပ် သို့ ပထမ အယူခံဝင်သည်၊ ဤရုံးတရားသူကြီး ၂ ဦးထိုင်ခုံရုံးက အယူခံကို အပြည့်အစုံကြားနာပြီးနောက် ၁၉၆၉ ခုနှစ်တွင် ပယ်ခဲ့သည်။

မကျေနပ်သေးသဖြင့် လျှောက်ထားသူတို့က ဤရုံးသို့ အယူခံဝင်၍ အခွင့်ထူး တောင်းသည်။ အခွင့်ထူးလျှောက်လွှာကို ၂ ဖက်ရှေ့နေကြီးများ အစုံအညီကြားနာပြီး နောက် ကျွန်ုပ်တို့ကပယ်ခဲ့သည်။

ယခုလျှောက်ထားသူတို့က အခွင့်ထူးလျှောက်လွှာကို ပယ်သော အမိန့်ကိုပြန်လည် သုံးသပ်ပေးပါရန် ထပ်မံလျှောက်ထားပြန်သည်။

လျှောက်ထားသူတို့၏ ရှေ့နေကြီး ဦးလှဖေက နိုင်ငံတော်တရားရုံးချုပ်အား တရား လွှတ်တော်နှင့် တရားလွှတ်တော်ချုပ်တို့၏ စီရင်ပိုင်ခွင့်ကို တော်လှန်ရေးကောင်စီက အပ်နှင်းထားပါသည်။ တရားလွှတ်တော်ချုပ်သည် မိမိချမှတ်သော အမိန့်တို့ကို ပြန် လည်သုံးသပ် (Review) လုပ်ခဲ့ခြင်းမရှိပါ။ ယင်းသို့ပြန်လည်သုံးသပ်ရန် အာဏာမရှိ ဟူ၍လည်း **ဝမ်ရှေတီး နှင့် ရန်ကုန် ရဲမင်းကြီး** (၁) တို့အမှုတွင် ဆုံးဖြတ်ခဲ့ဘူးပါသည်။ သို့ရာတွင် ဤတရားရုံးချုပ်သည် တရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်ကိုသာမကပဲ၊ တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်ကိုပါ ရရှိထားသည်ကို သတိချပ်သင့်ပါသည်။ တရား လွှတ်တော်သည် မိမိ၏ အမိန့်များကို ပြန်လည်သုံးသပ်နိုင်ပါသည်။ ထို့ကြောင့် ဤရုံး ကလည်း မိမိ၏ အမိန့်များကို ပြန်လည်သုံးသပ်နိုင်ပါသည်ဟု တင်ပြသည်။

ဦးလှဖေ ကိုးကားသောစီရင်ထုံး၌ တရားလွှတ်တော်ချုပ်က မိမိ၏ အမိန့်ကို ပြန်လည်သုံးသပ်နိုင်သည့် အာဏာကို ဥပဒေက အပ်နှင်းခြင်းမပြုပဲ မိမိဘာသာ ဖန်တီးယူ၍ မရနိုင်ဟု မှတ်ချက်ပြုခဲ့သည်ကို ကျွန်ုပ်တို့ကလည်း လေးစားစွာ လက်ခံ ရမည်သာဖြစ်သည်။ တော်လှန်ရေးကောင်စီက ၁၉၆၂ ခု၊ ဥပဒေအမှတ် ၄၁ ဖြင့် တရားရုံးချုပ်က ချမှတ်သော အချုပ်စီရင်ချက်၊ ဒီကရီ၊ အမိန့်တို့မှ အယူခံဝင်ရန် အခွင့် ထူးလျှောက်ထားခွင့်ကို ဖွင့်ပေးခဲ့စဉ်က အခွင့်ထူးလျှောက်လွှာ သို့မဟုတ် အခွင့်ထူး အယူခံတရပ်ရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့် စီရင်ချက်ကိုလည်း တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင်သည် ဟူ၍ နောက်တဆင့် တိုးတွင်ခြင်း အာဏာအပ်နှင်းခြင်းမပြုခဲ့ပေ။

စီရင်ပိုင်ခွင့်အာဏာကို မအပ်ပဲမရချေ။ မအပ်သောအာဏာကိုလည်း ကျွန်ုပ်တို့ သည် ဖန်တီးပြုလုပ်၍ မယူနိုင်ချေ။ တရားရုံးချုပ်သည် ဥပဒေပြု အာဏာပိုင်အဖွဲ့

---

(၁) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ ၁၅၇။

၁၉၇၁

ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈။

မဟုတ်ချေ။ အပ်နှင်းသော အာဏာအတွင်းကသာလျှင် ထုံးတမ်းသာမက၊ လုပ်ထုံးစသည်တို့နှင့်အညီမျှတမှန်ကန်စွာ စီရင်ရသည်။

အယူခံဝင်ရန် အခွင့်ထူးလျှောက်လွှာ၊ အခွင့်ထူးအယူခံမှု၊ စာချွန်မှု စသည်တို့အပေါ်၌ တရားလွှတ်တော်ချုပ်က ချမှတ်ပြီးသောအမိန့်၊ စီရင်ချက်တို့ကို တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓကတစ်ရပ်မျှပင်မရှိချေ။ ဦးလှဖေ တင်ပြသော စီရင်ထုံးအပြင်၊ **အော၊ အမ်၊ ဝါလား နှင့် အီဘရာဟင်ဂျီဝါး** (၂) တို့အမှု၌၊ တရားလွှတ်တော်ချုပ်က တရားမအယူခံမှုတွင် ချမှတ်ခဲ့ပြီးသော စီရင်ချက်အမိန့်တို့ကို တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားခဲ့ဘူး၏။ သို့ရာတွင် တရားလွှတ်တော်ချုပ်က လျှောက်လွှာကို ပယ်ခဲ့သည်။ ယင်း ၁၉၅၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တရားလွှတ်တော်ချုပ်၏ သက်တမ်းတလျှောက်တွင် အမိန့်တရပ်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရန် ကြိုးစားသော သာဓကတရပ်မျှပင် မတွေ့ရတော့ချေ။

တရားရုံးချုပ်က အယူခံဝင်ရန် အခွင့်ထူး လျှောက်လွှာများကို လက်ခံစဉ်းစားခြင်း၊ အခွင့်ထူးပေးသင့်လျှင် ပေးခြင်းတို့သည် တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၁ က ပြုလုပ်ပြဋ္ဌာန်းသော အာဏာရပ်များဖြစ်၏။ ယင်းအာဏာကို ယခင်တရားလွှတ်တော်သို့ပေးသည်လည်းမဟုတ်၊ ယခင်တရားလွှတ်တော်ချုပ်သို့ ပေးသည်လည်းမဟုတ်၊ ယခုတရားရုံးချုပ်သို့ပေးခြင်းသာဖြစ်၏။ ယင်းအာဏာနှင့် ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုရန်လိုလျှင်၊ တော်လှန်ရေးကောင်စီဥပဒေကိုသာ ရည်ညွှန်းရမည်။ တော်လှန်ရေးကောင်စီက ဥပဒေဖြင့် အပ်နှင်းသော အာဏာကို ကျွန်ုပ်တို့က ကျယ်ဝန်းအောင် ချဲ့ထွင်ရန်လည်းမဖြစ်၊ ကျဉ်းမြောင်းစေအောင် ချုံးရန်လည်းမဟုတ်၊ တိတိကျကျ လေးလေးနက်နက်ခံယူသုံးစွဲရန်သာဖြစ်၏။

အယူခံဝင်ရန် အခွင့်ထူးလျှောက်လွှာများကို ကျွန်ုပ်တို့သည် လေးလေးနက်နက် လက်ခံစဉ်းစားကြပါသည်။ **ဒေါ်ရွှေစိန်မြ နှင့် ဦးထွန်းအောင်မြို့** ပါ ၂ (၃) တွင် တော်လှန်ရေးကောင်စီက အထူးအယူခံဝင်ခွင့်ကို ဖွင့်ပေးသည့် စေတနာကိုလည်း ထိရောက်စေအောင်၊ ဥပဒေ ပြဿနာကြီးထွားပေါ်ပေါက်နေ-မနေ၊ ဤရုံးက ရှာဖွေ၍ ပေါ်ပေါက်နေက အမြန်ဖြေရှင်းနိုင်ရလေအောင် အခွင့်ထူးအယူခံဝင်ခွင့် လျှောက်လွှာများကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံစဉ်းစားမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ဆိုခဲ့ပြီ၊ ဆိုသည့်အတိုင်းလည်း တသမတ်တည်း ဆောင်ရွက်လျက်ရှိကြသည်။

(၂) တရားလွှတ်တော်ချုပ်၏ ၁၉၅၀ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ ၈၂။

(၃) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ ၆၂၈။

ထိုမျှသာမကသေး၊ တရားလွှတ်တော်ချုပ်ခေတ်က "အပြီးသတ်အမိန့်"ဆိုသော စကားရပ်ကို အင်္ဂလန်နိုင်ငံ ပရီဗီကောင်စီ၏ ရှေးထုံးတရပ်ကို တသွေမတိမ်းလိုက်နာခဲ့သောကြောင့်၊ ကျဉ်းမြောင်းခက်ခဲကြန့်ကြာနေတတ်သည်များ ရှိသည်ကို ကျွန်ုပ်တို့ တွေ့ရသဖြင့်လည်း၊ ယင်းစကားရပ်ကို **ဒေါ်မြရင် ပါ ၅** နှင့် **ဒေါ်စော (၄)** တွင်ပို၍ သဘာဝကျနမျှတအောင်၊ အဓိပ္ပါယ်ဖွင့်ဆိုပေးခဲ့ပြီး၊ ယင်းသို့ဆုံးဖြတ်ရာတွင်—

၁၉၇၀ ——— ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈။

"တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၁ ဖြင့် ဖွင့်ပေးခဲ့သော အခွင့်ထူးအယူခံဝင်ခွင့်သည် မကျဉ်းလွန်း၊ မကျယ်လွန်း၊ မနည်းလွန်း၊ မများလွန်း၊ မျှတသည်ဟု ဆိုရမည်။ ထို့ကြောင့် တရားရုံးချုပ်သည် အယူခံ၏ တန်ဘိုးကိုမကြည့်၊ ပြဿနာ၏အတိမ်အနက်ကိုလိုက်၍ စုံညီခုံရုံးဖွဲ့သည့် အခါဖွဲ့၍၊ အမှုသည်တဦးဦး နွမ်းပါးချို့တဲ့သောကြောင့် ရှေ့နေငှါးရမ်းခြင်းမပြုနိုင်မှုလည်း၊ ရုံးသဟာယ ရှေ့နေကြီးများနှင့် နိုင်ငံတော်ရှေ့နေချုပ်တို့အား ဖိတ်ကြား၍ ညီညွတ်သော စီရင်ထုံးတို့ကို ပြုကြရန် မျှတမှန်ကန်မှုကိုဖြစ်စေရန် ကြိုးပမ်းကြသည်"

ဟုဖော်ပြခဲ့ပါသည်။

**ဒေါ်မြရင်** အမှုတွင် ကျွန်ုပ်တို့က အောက်ပါကဲ့သို့ သတိပေးမေတ္တာရပ်ခံခဲ့ကြသေးသည်။

"အပြီးသတ် အမိန့်ကို ဤသို့မျှတစွာ၊ ကျယ်ပြန့်စွာ၊ အမှု၏ အကြောင်းချင်းရာ၊ အမိန့်၏ အကျိုးသက်ရောက်မှုတို့ကို ထည့်သွင်း ဆင်ခြင်၍ အဓိပ္ပါယ်ကောက်ယူရာ၌ ပြည်သူတို့ တရားရုံး အဆင့်ဆင့်သို့ စရိတ်ကုန် လူပမ်းတတ်ရောက် နေရသည်မှ သက်သာသင့်သလောက် သက်သာလေအောင်၊ တရားရုံးချုပ်ကလည်း အခွင့်ထူး အယူခံဖြင့် အဝိက ပြဿနာတရပ်ရပ်ပေါ်တွင် အချိန်မလင့်ပဲ ဝင်ရောက်ကူညီဖြေရှင်းနိုင်အောင် ရည်ရွယ်သည်။ သေးဖွဲ့သော ပြဿနာများကို အကျယ်ချဲ့ကာ၊ အချင်းချင်းမခံချင်စိတ်ဖြင့် အခွင့်ထူးအယူခံဆင့်အထိ တက်ရောက်လာကြသည်များကိုမူ လက်ခံခွင့်ပြုမည်မဟုတ်ပေ။ ရှေ့နေကြီးများ၏ ဝိုင်းဝန်းကူညီမှုဖြင့် အခွင့်ထူး အယူခံနှင့် ထိုက်တန်သော ပြဿနာများကိုသာ လေးလေးနက်နက် ကိုင်တွယ်ဆုံးဖြတ်ကာ တရားစီရင်ရေး လမ်းညွှန်သမှုပြုနိုင်လိမ့်မည်ဟု မျှော်လင့်သည်။"

အမှုရှုံးသူသည် ကြေနပ်တတ်သည်မဟုတ်။ အမြင့်ဆုံးရုံး အဆုံးစွန်သော လမ်းအထိတက်ရောက်လိုတတ်သည်၊ ဤလျှောက်လွှာနှင့်ပတ်သက်သော အမှုသည်

(၄) ၁၉၆၁ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၃၈။

၁၉၇၁ — ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၇။

ထင်ရှားသော ဥပမာဖြစ်၏။ လျှောက်ထားသူတို့သည် ခရိုင်တွင် အမြင့်ဆုံးဖြစ်သော ခရိုင်တရားမရုံး၌ စတင်၍ ၁၀ နှစ်ခန့်က တရားစွဲခဲ့၏။ ရှုံးသဖြင့် တရားရုံးချုပ်ခုံရုံးသို့ အယူခံဝင်ခဲ့သည်။ ရှုံးပြန်သဖြင့် တရားရုံးချုပ်သို့ပင် အမြင့်ဆုံး အဆင့်ဖြစ်သည့် အခွင့်ထူးအယူခံဝင်ခွင့်လျှောက်ထားခဲ့ရာ၊ ကျွန်ုပ်တို့က ၂ ဖက်ကို အပြည့်အစုံကြားနာပြီးမှ ပယ်ခဲ့သည်။ လျှောက်ထားသူ၏ အမှုကို ခရိုင်တရားမ တရားသူကြီးတဦး ဤရုံးတရားသူကြီးလေးဦးတို့သည် မူလအဆင့်၊ ပထမအယူခံအဆင့် ၊အခွင့်ထူးအယူခံ လျှောက်ထားသည့်အဆင့် စသည်ဖြင့် အဆင့်ဆင့်တွင် ၁၀ နှစ်ကြာမျှ စစ်ဆေးဆုံး ဖြတ်ခဲ့ကြပြီးပြီ။ ဤမျှကြာအောင် အဆင့်ဆင့်သို့တက်ရောက်ခဲ့ပြီးသည့်နောက် အမှုသယ်က မကျေနပ်သေးပါကလည်း၊ ၎င်း၏ရှေ့နေကြီးတွင် လမ်းကုန်ပြီဖြစ်ကြောင်း ကို ရှင်းလင်း ပြောပြရန် တာဝန်ရှိပေသည်။

တရားသူကြီးများသည်လည်း လူသားများသာ ဖြစ်ကြပါသည်၊ တင်ပြသော သက်သေအထောက်အထားများကိုသာ အခြေခံ၍ ဆုံးဖြတ်ကြရပါသည်။ ထို့ကြောင့် ဤရုံး နောက်ဆုံးအဆင့်သို့ တက်ရောက်ပြီးကာမျှဖြင့် မမှားမယွင်း၊ ကေန်မှန်သည် မဆိုနိုင်ပါချေ။ သို့ရာတွင် အတိုင်းအတာမရှိ၊ အယူခံဝင်ချင်တိုင်းဝင်၊ အမိန့်များကို ပြန်လည်းသုံးသပ်လိုတိုင်း သုံးသပ်ရပါမူပြည်သူတို့၏ အရေးအခင်းတို့သည် ပြီးပြတ် သည်မရှိ၊ ပြည်သူတို့၏ အခွင့်အရေး တို့သည် တည်ငြိမ်သည်မရှိ၊ ပြည်သူတို့၏ဘဝသည် တရားရုံးများတွင်သာ ဆောက်တည်ရာမရ ဖြစ်နေရတော့မည်။

အမြဲဒုံးကုန်ခါမှ တရားပြတ်သည်ဟူသော အတွေးအခေါ် အစွဲအလန်းကိုလက်တွေ့ အလုပ်ပြ၍ ပယ်ဖျောက်ကာ ပြည်သူချင်းချင်း၏ အရေးအခင်းများကို တရားရုံးများက မျှတမြန်ဆန်မှန်ကန်စွာ ပြေလည်ပြီးပြတ်လေအောင် ဆောင်ရွက်ပေးနိုင်ပါမှ ပြည်သူ က တရားရုံးများကို အားကိုးယုံကြည်ကြပေလိမ့်မည်။ ယင်းသို့ ပြည်သူ့ယုံကြည်အား ကိုးသော တရားစီရင်ရေးဖြစ်ထွန်းစေအောင် တရားရုံးများအား ရှေ့နေကြီးများက ဝိုင်းဝန်းကူညီအပ်၏။ သို့မှသာ ပြည်သူ့ရှေ့နေကြီးများပြီသကြမည် ဖြစ်ပေသည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ တရားဥပဒေ မညီ၊ ထုံးသာဓက မရှိသော ဤလျှောက်လွှာကိုပယ်သည်။

အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသည့်အချက်ရှိ၏။ ဤရုံးအပါအဝင် အယူခံရုံးများ သည် အယူခံလွှာ၊ လျှောက်လွှာစသည်ကို ရကာမျှနှင့် မူလရုံးများမှ အမှုတွဲကို ခေါ်ယူခြင်း၊ ဆီလျော်ဆက်စပ်ခြင်းမရှိသော အခြားရုံးများမှ အမှုတွဲများကို ခေါ်ယူ ခြင်း စသည်ကို ပြုတတ်ကြသည်ဟု ကျွန်ုပ်တို့သိရသည်။ မူလရုံးများကလည်း အယူခံ ရုံးသို့အယူခံဝင်သည်၊ လျှောက်လွှာ တင်သည်ဆိုကာမျှနှင့် အမှုကို ဆိုင်းငံ့ထားခြင်း စသည်ကို ပြုတတ်ကြသည်ဟုလည်း ကျွန်ုပ်တို့သိရသည်။ ယင်းသို့ ပြုကြခြင်းသည်

လုပ်ထုံးနှင့်မညီ အမှုများကို ကြန့်ကြာစေသည်။ ထို့ကြောင့် ထုံးတမ်းလက်စွဲနည်း ဥပဒေများနှင့် အညီသာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ကျွန်ုပ်တို့ မှတ်ချက်ပြုသည်။ တရားရုံးချုပ်ကလည်း တရားရုံးများ ညွှန်ကြားလွှာတရပ်ကို ထုတ်ပြန်ရန် စီစဉ်လျက်ရှိသည်။

၁၉၇၁

ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

† ၁၉၇၁

ဖေဖေါ်ဝါရီလ ၁၆ ရက်။

## မိုဟာမက်ဟာနစ်ခန်

နှင့်

## မိုင်ရှန်နစ်ဆာ *

**အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ အရွယ်မရောက်သေးသူအား မည်သူက အုပ်ထိန်းသင့်သည်ဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာဘာသာထုံးတမ်းအရ အုပ်ထိန်းခွင့်ရှိ-မရှိဆိုသောအချက်သည် အစိကမဟုတ်—အရွယ်မရောက်သေးသူ၏ ကောင်းကျိုးချမ်းသာမှုကို ဦးစားပေး သုံးသပ်ရန်လိုခြင်း။**

ဆုံးဖြတ်ချက်။ ။မဟာမေဒင်ဘာသာထုံးတမ်းအရ၊ မိခင်ဖြစ်သူသည်၊ တစ်ခါတရံသူနှင့်နောက်အိမ်ထောင်ပြုလျှင် ၎င်း၏ အရွယ်မရောက်သေးသည့် သားသမီးများကို အုပ်ထိန်းရန် အခွင့်အရေးဆုံးရှုံးသည်မှာ မှန်၏။ သို့ရာတွင်အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများဥပဒေအရ အရွယ်မရောက်သေးသူတဦးဦးအား မည်သူ၏အုပ်ထိန်းမှုအောက်တွင် ထားရှိသင့်သည်ဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာဘာသာထုံးတမ်းအရ၊ အုပ်ထိန်းပိုင်ခွင့်ရှိသည်၊မရှိသည်ဆိုသော အချက်မှာ အစိကမဟုတ်၊ မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိခြင်းဖြင့် အရွယ်မရောက်သေးသူ၏ ကောင်းကျိုးချမ်းသာမှုကို အကျိုးပြုမည်ဆိုခြင်းကို ဦးစားပေး၍သုံးသပ်ရမည်ဖြစ်သည်။ **တန်စိုကြူး နှင့် ချန်ချိန်လျန်၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၁၀၇။ ဦးမောင်မောင် နှင့် မအေးသူ၊ ၁၉၅၂၊** မြန်မာပြည် စီရင်ထုံး၊ ၄၁၆ (တရားလွှတ်တော်) တို့ကိုရည်ညွှန်းသည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်။

**အယူခံတရားခံအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်လေး။

**တရားသူကြီး ဦးသက်ဖေ။** ။တောင်ငူမြို့၊ ခရိုင်တရားမရုံးတွင် အယူခံတရားလို မိုဟာမက် ဟာနစ်ခံက အယူခံတရားပြိုင် မိုင်ရှန်နစ်ဆာအပေါ် အရွယ်မရောက်သူ မှုနှာ

* ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် ၅။

† ၁၉၆ဂ ခုနှစ်၊ တရားမသေးမှုအမှတ် ၄ တွင် တောင်ငူမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

(ခေါ်)ရိုင်မွန်နစ်ဆာအား ၎င်း၏အုပ်ထိန်းမှုအောက်သို့ပြန်လည်အပ်ပေးရန် လျှောက်ထားရာ၊ အယူခံတရားလို၏ လျှောက်ထားချက်ကို ပယ်လိုက်သောကြောင့် ဤအယူခံပေါ်ပေါက်လာရခြင်းဖြစ်သည်။ ၁၉၅၁ — မိုဟာမက်ဟာနစ်ခနီ နှင့် ၂ မိုင်ရွှန်နစ်ဆာ။

အယူခံတရားလိုနှင့် အယူခံ တရားပြိုင်တို့သည် ၁၉၅၀ ခုနှစ်တွင် မဟာမေဒင်ဘာသာ ထုံးတမ်းအရ အကြင်လင်မယားအဖြစ် လက်ထပ် ပေါင်းသင်းခဲ့ရာ ၁၉၅၉ ခု၊ ဖေဖေါ်ဝါရီလ ၁၂ ရက်နေ့၌ သမီး မူနာကို ထွန်းကားခဲ့သည်။ ကလေးအသက်တနှစ်ခန့် အရွယ်မှစ၍ အယူခံတရားလိုသည် အယူခံ တရားပြိုင်အား ထောက်ပံ့ရန် ပျက်ကွက်သဖြင့် တောင်ငူမြို့၊ ဒုတိယရာဇဝတ် ရာဇဝတ်တရားသူကြီးရုံးတွင် မယားနှင့် သားစားစရိတ် တောင်းဆိုရာ၊ အယူခံတရားလိုသည် အယူခံ တရားပြိုင်အား ၁၉၆၃ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် တလပ်သုံးကြိမ်ပေး၍ ကွာရှင်းလိုက်ပြီး၊ ကလေးစားစရိတ်ဘာလ ၂၀ ပေးရန် သဘောတူခဲ့သည်။ အရွယ်မရောက်သူ မူနာအားမွေးဖွားသည့် အချိန်မှစ၍ အယူခံ တရားပြိုင်က လက်ရှိအုပ်ထိန်းခဲ့သည်။ အယူခံတရားလိုနှင့် အယူခံ တရားပြိုင်တို့သည် အသီးသီး နောက်အိမ်ထောင် ပြုခဲ့ကြသည်။

၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလမှစ၍ အယူခံတရားလိုသည် ကလေးစားစရိတ် ပေးဆောင်ရန် ပျက်ကွက်သဖြင့် အယူခံတရားပြိုင်က ကလေးစားစရိတ်များ ရလိုကြောင်း ဒုတိယရာဇဝတ် ရာဇဝတ် တရားသူကြီးရုံးတွင် လျှောက်ထားရာ၊ အယူခံတရားလိုက အရွယ်မရောက်သေးသူ မူနာအား ၎င်း၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်အပ်ပေးရန် ခရိုင်တရားမရုံး၌ တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ခရိုင်တရားမရုံးမှ အယူခံတရားလိုသည် ကလေးစားစရိတ်ကို ပေးလိုစိတ် မရှိသဖြင့် သဘောရိုးဖြင့် လျှောက်ထားခြင်း မဟုတ်ဟုဆုံးဖြတ်ပြီး အယူခံတရားလို၏ လျှောက်ထားချက်ကို ပယ်ချခဲ့ပေသည်။

အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်က အယူခံ တရားပြိုင်သည် နောက်အိမ်ထောင် ပြုပြီးဖြစ်၍၊ အရွယ်မရောက်သူ မူနာအား အုပ်ထိန်းခွင့်ကို မဟာမေဒင်ဘာသာ ထုံးတမ်းအရ ဆုံးရှုံးလက်လွှတ်ခဲ့ပြီး ဖြစ်ပါသည်။ အယူခံတရားလိုသည် အရွယ်မရောက်သူ မူနာ၏ ဘခင်ဖြစ်သည့်အလျောက် သဘာဝ အုပ်ထိန်းသူဖြစ်သည့်အားလျော်စွာ ၎င်း၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်အပ်ပေး သင့်ပါသည်ဟု တင်ပြသွားသည်။

မဟာမေဒင်ဘာသာ ထုံးတမ်းအရ မိခင်ဖြစ်သူသည် တစိမ်းတရံသူနှင့် နောက်အိမ်ထောင်ပြုလျှင် ၎င်း၏ အရွယ်မရောက်သေးသည့် သားသမီးများကို အုပ်ထိန်းရန် အခွင့်အရေး ဆုံးရှုံးသည်မှာ မှန်၏။ သို့ရာတွင် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ အရွယ်မရောက်သေးသူ တဦးဦးအား မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိသင့်သည်ဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာဘာသာ ထုံးတမ်း

၁၉၇၁ — မိုဟာမက် ဟာနစ်ခန် နှင့် မိုင်ခွန်နစ်ဆာ။

အရ အုပ်ထိန်းပိုင်ခွင့်ရှိသည်၊ မရှိသည်ဆိုသော အချက်မှာ အဓိကမဟုတ်။ မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိခြင်းဖြင့် အရွယ် မရောက်သေးသူ၏ ကောင်းကျိုး ချမ်းသာမှုကို အကျိုးပြုမည် ဆိုခြင်းကို ဦးစားပေး၍သုံးသပ်ရမည်ဖြစ်သည်။ ထိုအတိုင်း ပင် **တန်စွီကြူး** နှင့် **ချန်ချိန်လျန်** (၁)၊ **ဦးမောင်မောင်** နှင့် **မအေးသူ** (၂) တို့အမှုများ၌ ဆုံးဖြတ်ထားသည်ကို ကျွန်ုပ်တို့ သဘောတူသည်။

ယခုအမှုတွင် အယူခံတရားလိုသည် သမီးဖြစ်သူအား လသားအရွယ်ကပင် ကျွေးမွေးထောက်ပံ့ခြင်း မပြုဘဲ စွန့်ပစ်ခဲ့သည်။ ထို့ကြောင့် ငယ်ရွယ်သူ လေးနှစ်သမီး အရွယ်တွင် အယူခံ တရားလိုက စားစရိတ် တောင်းဆိုခဲ့ရသည်။ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလမှစ၍ စားစရိတ်ပေးရန် ပျက်ကွက်ပြန်သဖြင့် စားစရိတ်ရလိုကြောင်း လျှောက်ထားသောအခါ အယူခံတရားလိုသည် ၁၉၆၈ ခုနှစ်၊ မတ်လတွင် ငယ်ရွယ်သူအား ၎င်း၏ အုပ်ထိန်းမှုအောက်သို့ ပြန်ပေးရန် လျှောက်ထားခဲ့သည်။ အယူခံ တရားပြိုင်ကနောက် အိမ်ထောင်ပြု၍ ငယ်ရွယ်သူကို ၎င်းအား ပြန်ပေးသင့်သည်ဟု အကြောင်းပြသည်။ အယူခံ တရားပြိုင်သည် ၁၉၆၇ ခု၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် နောက်အိမ်ထောင် ပြုခဲ့သည်ဆိုခြင်းမှာ အငြင်းမပွါးပေ။ သို့ရာတွင် အယူခံတရားလို အနေဖြင့် သမီးကို အုပ်ထိန်းလိုကြောင်း လျှောက်ထားခြင်းမပြုဘဲ စားစရိတ်ကြွေး တောင်းဆိုမှသာ ၁၉၆၈ ခုနှစ်၊ မတ်လတွင် အုပ်ထိန်းလိုသည်ဟု တင်ပြလာခြင်းမှာ သဘောရိုးဖြင့် တင်ပြခြင်းမဟုတ်ပါဟု ဆိုသော မူလရုံး၏ ကောက်ယူချက်သည် မှားယွင်းသည်ဟု မဆိုသာချေ။

အရွယ်မရောက်သူ မူနာသည် ယခုအခါအသက် ၁၀ နှစ်ကျော်ပြီဖြစ်သည်။ ၎င်းက ဖခင်ဖြစ်သူကို ကောင်းစွာပင် မမှတ်မိပါဟု ထွက်ဆိုသည်ကို တွေ့ရှိရပါက၊ အယူခံ တရားလိုသည် သမီးဖြစ်သူနှင့် လုံးဝအဆက်အသွယ်မပြုဘဲ စွန့်ပစ်ထားကြောင်း ပေါ်လွင်သည်။ အရွယ်မရောက်သူက မိခင်ထံ၌သာ နေလိုပါသည်၊ ဖခင်နှင့် အတူမနေလိုပါဟု ဆန္ဒပြုထားသည်၊ ဆန္ဒပြုနိုင်သည့်အရွယ် ရောက်နေပြီဖြစ်သည်။

အယူခံ တရားပြိုင်သည် အယူခံတရားလိုလောက် ပစ္စည်းဥစ္စာ ကုံလုံသူတယောက် မဟုတ်သော်လည်း ငယ်ရွယ်သူအား ၎င်း၏ အဆင့်အတန်းနှင့်အညီ နေထိုင်စားသောက်ရန် ထောက်ပံ့ထားသည်။ ကျောင်းတွင် ပညာသင်ပေးလျက်ရှိသည်၊ ဘာသာရေးသင်တန်း၌လည်း ထားပေးကြောင်း ပေါ်ပေါက်နေသည်။

အထက်ပါ အချက်အလက်များကို ပေါင်းစပ် ကြည့်ရှုလျှင်၊ အရွယ်မရောက်သူ မူနာအား အယူခံတရားလို၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည် အပ်ပေးသည်ထက်

(၁) ၁၉၄၇၊ ရန်ကုန်စီရင်ထုံး။ ၁၀၇။

(၂) ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး ၄၁၆ (တရားလွှတ်တော်)။

၁၈၇၁

မိုဟာမက် ဟာနုစ်ခန် နှင့် မိုင်ရှန်နုစ်ဆာ။

အယူခံ တရားပြိုင်၏ အုပ်ထိန်းမှုအောက်တွင် ဆက်လက် ထားရှိခြင်းသည် အရွယ်မရောက်သူ၏ ကောင်းကျိုးချမ်းသာမှုကို ပို၍အကျိုးပြုရန် အကြောင်း ရှိနေသည့် အလျောက်၊ အယူခံတရားလို၏ လျှောက်လွှာအား ပယ်ခဲ့သော မူလရုံး၏အမိန့်ကို ဝင်ရောက် ဖက်စွက်ရန် အကြောင်းမမြင်သဖြင့် ဤအယူခံကို တရားစရိတ်နှင့်တကွ ပယ်လိုက်သည်၊ ရှေ့နေစရိတ် ၃၄ိ သတ်မှတ်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

† ၁၉၇၀
ဖေဖော်ဝါရီလ
၃ ရက်။

ဦးမြရွှေ

နှင့်

ဗွီ၊ အီး၊ အာ(ရ်)၊ အမ်၊ အေ၊ အာ(ရ်) ချစ်တီးယားဖမ်း *

**ကိုယ်စားလှယ်တဦး၏ အပ်နှင်းထားသော အာဏာကိုကျော်လွန်၍ ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲတွင် တာဝန်ရှိ-မရှိ—ပစ္စည်းကိုပေါင်နှံ၍ ငွေချေးခြင်းသည် အော်ဒီမန်စာချုပ် ချုပ်၍ ငွေချေးခြင်းနှင့် တူ-မတူ။**

**ဆုံးဖြတ်ချက်။** ။ကိုယ်စားလှယ်တဦး၏ ပြုလုပ်ဆောင်ရွက်မှုသည်၊ ၎င်းအား ကိုယ်စားလှယ်စာဖြင့် လွှဲအပ်ထားသည့် အာဏာဘောင်အတွင်း ကျရောက်ပါမူ၊ ထိုပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တာဝန်ရှိရမည်ဖြစ်သည်။ ကိုယ်စားလှယ်စာတွင် အပ်နှင်းထားသောအာဏာကို ကျော်လွန်၍ပြုသည့် ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တစုံတရာ တာဝန်ရှိမည်မဟုတ်ပေ။ **အယ်(လ်)၊အင်(န်)၊လက်မန်နန်ချစ်တီးယားဖမ်း နှင့် ဗွီ၊အမ်၊ဖမ်း၊** ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၂၂၅ (တရားလွှတ်တော်) ကိုရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပစ္စည်းကိုပေါင်နှံ၍၊ ငွေချေးခြင်းသည် သာမန်အော်ဒီမန်စာချုပ် ချုပ်ဆို၍ ငွေချေးခြင်းနှင့်တူညီခြင်း မရှိသည်ကို သတိချပ်ရမည်ဖြစ်သည်။ ပစ္စည်းကိုပေါင်နှံ၍ ငွေချေးလျှင် မြီရှင်သည် ပစ္စည်းအပေါ်၌သာ အရေးယူနိုင်မည်ဖြစ်သည်။ ငွေချေးသူအား ပုဂ္ဂိုလ်အရ **ဒီကရီတောင်းဆိုနိုင်မည်မဟုတ်။ အော်ဒီမန်စာချုပ် ချုပ်ဆို၍ ငွေချေးလျှင် ငွေချေးသူအပေါ် ပုဂ္ဂိုလ်အရ တာဝန်ထားရှိနိုင်မည်ဖြစ်သည်။** သို့ဖြစ်ရာ ပစ္စည်းကိုအပေါင်ထား၍ ငွေချေးယူခွင့်ပြုခြင်း၌ သာမန်အော်ဒီမန်စာချုပ် ချုပ်ဆိုပြီး ငွေချေးယူနိုင်ခွင့်အာဏာ ပါဝင်သည်ဟု မယူဆနိုင်။ **အမ်၊ အေ၊ အာ(ရ်)၊ အာ(ရ်)၊ အမ်၊ အာ(ရ်)၊ ချစ်တီးယား နှင့် ဗေဒီယာရာမန်ချောက်ဒရီ၊** အတွဲ ၉၊ ဘားမား လောတိုင်း(မ်)၊ ၁၆၆ ကိုရည်ညွှန်းသည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ မစ္စတာ အာ(ရ်)ချော်ဘား။

**အယူခံတရားခံအတွက်။** ။တရားရုံးချုပ်ရှေ့နေ မစ္စတာအက်(စ်)၊အေ၊အေ၊ပီလေး။

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄၇။

† ၁၉၆၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၄၉ တွင်၊ ရန်ကုန်မြို့ တရားမရုံး တတိယတရားသူကြီး ရုံးတော်၏ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၁

ဦးမြရွှေ နှင့် ဗွီ၊အီး၊အာ(ရ်)၊ အမ်၊အေ၊ အာ(ရ်) ချစ်တီးယားဖမ်း။

**တရားသူကြီး ဦးသက်ဖေ။** ။ရန်ကုန်မြို့ တရားမရုံးတွင် အယူခံတရားလိုဦးမြရွှေက အယူခံတရားပြိုင် ဗွီ၊အီး၊အာ(ရ်)၊ အမ်၊အေ၊အာ(ရ်) ချစ်တီးယားဖမ်း အပေါ် ချေးငွေ ၁,၇၀၀ကျပ် ပြန်လည်ရလိုကြောင်း တရားစွဲဆိုရာ စွဲဆိုသည့်အမှုကို တရားစရိတ်နှင့်တကွ ပယ်လိုက်သောကြောင့်၊ ဤအယူခံမှုပေါ် ပေါက်လာရခြင်းဖြစ်သည်။

တရားပြိုင် ချစ်တီးယားဖမ်း၏မူလကိုယ်စားလှယ်မှာ ဂျီ၊ ဆွမ်ဒရမ်ဆင်ချစ်တီးယား ဆိုသူဖြစ်သည်။ အယူခံတရားလိုက အယူခံတရားပြိုင်ကိုယ်စားလှယ်၊ ဂျီ၊ဆွမ်ဒရမ် ချစ်တီးယားသည်မိမိထံမှ ၁၉၆၃ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ငွေ ၁,၇၀၀ ကျပ်ကို ချေးယူခဲ့ပါသည်၊ ထို့နောက် ဂျီ၊ ဆွမ်ဒရမ်ဆင်ချစ်တီးယားအား ထုတ်ပေးထားသော ကိုယ်စားလှယ်စာကို ဖျက်သိမ်းလိုက်ကြောင်းသိရ၍ နောက်ထပ်ခန့်ထားသည့် ကိုယ်စားလှယ်များထံမှ ချေးငွေကို ပြန်လည်တောင်းခံရာ၊ ဂျီ၊ ဆွမ်ဒရမ်ဆင်ချစ်တီးယားမှာ အယူခံတရားပြိုင်အတွက် ငွေချေးယူနိုင်ရန် အခွင့်အာဏာမရှိသဖြင့်၊ အဆိုပါငွေအတွက် အယူခံတရားပြိုင်၌ တာဝန်မရှိပါဟု ပြန်ကြားခဲ့ပါသည်၊ ထို့ကြောင့်ရင်းငွေကို ပြန်လည်ရလို၍ တရားစွဲဆိုရပါသည်ဟု အဆိုပြုခဲ့သည်။ အယူခံတရားပြိုင်က မူလ ကိုယ်စားလှယ် ဂျီ၊ ဆမ်ဒရမ်ဆင်ချစ်တီးယားသည် မိမိအတွက် ငွေချေးယူနိုင်သော အာဏာမရှိပါ၊ မိမိအား အကျိုးပြုရေးအတွက် ငွေချေးယူခြင်းလည်းမဟုတ်၍ ထိုငွေကို ပေးရန်တာဝန်မရှိပါဟု ထုချေခဲ့သည်။

မူလရုံးမှ နှစ်ဦးနှစ်ဘက်သက်သေများကို စစ်ဆေးပြီးနောက်၊ ဂျီ၊ဆွမ်ဒရမ်ဆင် ချစ်တီးယားသည် အယူခံတရားပြိုင်အတွက် ငွေချေးယူနိုင်သောအာဏာမရှိ၊ အယူခံ တရားလိုထံမှ ချေးယူသည်ဆိုသောငွေမှာလည်း အယူခံတရားပြိုင်အား တစုံတရာ အကျိုးပြုရေးအတွက်မဟုတ်၍ ထိုငွေကို အယူခံတရားပြိုင်သည် တာဝန်မရှိပါဟု ဆုံးဖြတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေ မစ္စတာ ချော်ဘေးက အယူခံတရားပြိုင်၏ အကျိုး ကျေးဇူးအတွက် မူလကိုယ်စားလှယ်က ချေးယူခဲ့ခြင်း ရှိမရှိဆိုသော ပြဿနာမှာ၊ ကိုယ်စားလှယ်နှင့် ၎င်း၏အကြီးအကဲအကြား ပေါ်ပေါက်သည့် ကိစ္စသာဖြစ်ပါသည်။ အပြင်လူတဦးအနေဖြင့် အကြီးအကဲကိုယ်စား ကိုယ်စားလှယ်ကို ငွေချေးခဲ့ပါမူ၊ ထို ကဲ့သို့ချေးငှါးခဲ့သော ငွေအတွက် အကြီးအကဲ၌တာဝန်ရှိကြောင်းဆုံးဖြတ်သင့်ပါသည်ဟု တင်ပြသွားသည်။

ကိုယ်စားလှယ်တဦး၏ ပြုလုပ်ဆောင်ရွက်မှုသည်၊ ၎င်းအားကိုယ်စားလှယ်စာဖြင့်လွှဲ အပ်ထားသည့် အာဏာဘောင်အတွင်း ကျရောက်ပါမူ၊ ထိုပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တာဝန်ရှိရမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်စာတွင် အပ်နှင်းထားသော အာဏာကို ကျော်လွန်၍ပြုသည့် ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တစုံတရာ

၁၉၇၁

ဦးမြရွှေ နှင့် ဗွီ၊အီး၊အာ(ရ်)၊ အမ်၊အော၊ အာ(ရ်) ချစ်တီး ယားဖမ်း။

တာဝန်ရှိမည်မဟုတ်ပေ။ ထိုအတိုင်းပင် ဆုံးဖြတ်ထားသည့်အယ်(လ်)၊ အင်(န်)၊လက် **မန်နန်ချစ်တီးယားဖမ်း နှင့် ဗွီ၊ အမ်၊ဖမ်း** (၁) တို့အမှု၌ ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့ သဘောတူသည်။ သို့ဖြစ်ရာ၊ ယခုအမှုတွင် ငွေချေးယူခဲ့သည့် မူလကိုယ်စားလှယ် ဂျီ၊ဆွမ်ဒရမ်ဆင်ချစ်တီးယားသည် အယူခံဘရားပြိုင် ကိုယ်စား ငွေချေးယူနိုင်သည့် အာဏာ ရှိမရှိဆိုသောပြဿနာကို သုံးသပ်ရန်လိုပေသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အယူခံဘရားလို၏ရှေ့နေက ဂျီ၊ဆွမ်ဒရမ်ဆင်ချစ်တီးယားသည် အယူခံဘရားပြိုင်ကိုယ်စား ငွေချေးငှါးနိုင်ခွင့်ရှိပါသည်ဟုဆိုကာ သက်သေခံ (ဂ) ကိုယ်စားလှယ်စာရှိ အောက်ပါစာပိုဒ်ကို ရည်ညွှန်းသွားသည်။

> "To sell, transfer, assign and dispose of or mortgage all or any of my properties in Burma to any person or persons for any consideration; AND also to transfer and assign all or any mortgages, bonds, pronotes, leases, outstandings, securities, decrees etc., to any person or persons and for that purpose to execute and sign on my behalf and cause the same to be duly registered according to law by appearing before the proper registering officer and admitting execution etc."

ထိုစာပိုဒ်၏ ပဌမအပိုင်းတွင်၊ အယူခံဘရားပြိုင်က ၎င်း၏ကိုယ်စားလှယ်အား မြန်မာပြည်၌ရှိသည့် ၎င်း၏ပစ္စည်းများကို ရောင်းခြင်း၊ လွှဲပြောင်းခြင်း၊ အပေါင်ထားခြင်းတို့အတွက် အာဏာအပ်နှင်းထားသည်။ ဒုတိယအပိုင်းမှာ အပေါင်စာချုပ်၊ အငှါးစာချုပ်၊ အတိုးတန်စာချုပ်၊ အော်ဒီမန်စာချုပ်တို့ကို လွှဲပြောင်းနိုင်သည့်အာဏာ ပေးထားသည်။ အယူခံဘရားလို၏ရှေ့နေက ပစ္စည်းကိုပေါင်နှံရန် အာဏာပေးထားရာ၌ ငွေချေးယူနိုင်သည့်အာဏာလည်းပါကြောင်း ယူဆရမည်ဟု တင်ပြလာသည်။

ပစ္စည်းကိုပေါင်နှံ၍ ငွေချေးခြင်းသည် သာမန်အော်ဒီမန် စာချုပ်ချုပ်ဆို၍ ငွေချေးခြင်းနှင့် တူညီခြင်းမရှိသည်ကို သတိချပ်ရမည်ဖြစ်သည်။ ပစ္စည်းကိုပေါင်နှံ၍ ငွေချေးလျှင် မြီရှင်သည် ပစ္စည်းအပေါ်၌သာ အရေးယူနိုင်မည်ဖြစ်သည်။ ငွေချေးသူအား ပုဂ္ဂိုလ်အရ ဒီကရီ တောင်းဆိုနိုင်မည်မဟုတ်၊ အော်ဒီမံစာချုပ်ချုပ်ဆို၍ ငွေချေးလျှင် ငွေချေးသူအပေါ် ပုဂ္ဂိုလ်အရ တာဝန်ထားရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပစ္စည်းကို အပေါင်ထား၍ ငွေချေးယူခွင့်ပြုခြင်း၌ သာမန်အော်ဒီမံစာချုပ် ချုပ်ဆိုပြီး ငွေချေး ယူနိုင်ခွင့်အာဏာ ပါဝင်သည်ဟု ကျွန်ုပ်တို့ မယူဆနိုင်။ ထိုကိစ္စနှင့်ပတ်သက်၍

(၁) ၁၉၅၂ ခု၊ မြန်မာပြည်စီရင်ထုံး ၂၂၅ (တရားလွှတ်တော်)။

အမ်၊ အော၊ အာ(ရ်)၊အမ်၊အာ(ရ်)၊ အမ်ချစ်တီးယား နှင့် ဗေဒီယာရာမန်ချောင်ဒရီ(၂) တို့အမှုတွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့နိုင်ပေသည်။

၁၉၇၁

ဦးမြရွှေ နှင့် ဗွီ၊အိး၊အာ(ရ်)၊ အမ်၊အော၊ အာ(ရ်) ချစ်တီးယားဖမ်း။

> "A general power to mortgage implies a power to borrow money on the principal's account, and where equitable mortgages are recognized as valid,to create an equitable mortgage by deposit of title-deeds, but not to sign promissory notes no behalf of the principal.
>
> The principal is not liable on a promissory note executed by an agent in professed exercise of a power to mortgage."

ယခုအမှုတွင် အထက်၌ဖော်ပြခဲ့သည့်အတိုင်း မူလကိုယ်စားလှယ်ဖြစ်သူ ဂျီ၊ ဆွမ်ဒရမ်ဆင်ချစ်တီးယားသည် အယူခံဘရားပြိုင်ကိုယ်စား အပေါင်မရှိဘဲ ငွေချေး ယူခွင့်အာဏာ ရှိသူတဦးမဟုတ်သဖြင့်၊ ၎င်းက အယူခံတရားလိုထံမှ ငွေ ၁,၇၀၀ ကျပ် ချေးယူထားခြင်းအတွက် အယူခံဘရားပြိုင်တွင် တာဝန်မရှိပေ။ သို့ဖြစ်ရာ၊ မူလရုံး မှ ဖော်ပြခဲ့သည့် အကြောင်းချင်းရာများကြောင့် မဟုတ်သော်လည်း အယူခံတရားလို သည် အယူခံဘရားပြိုင်ထံမှ စွဲဆိုသောငွေများကို တောင်းဆိုနိုင်ခွင့်မရှိသည့်အလျောက် ၎င်း၏အမှုကို ပယ်ခဲ့သော မူလရုံး၏ စီရင်ချက်နှင့် ဒီကရီတို့အား အတည်ပြုပြီး ဤအယူခံကိုပယ်လိုက်သည်။ အမှုတွင်ပေါ်ပေါက်နေသော အကြောင်းချင်းရာများ အရ၊ ဤအယူခံနှင့်ပတ်သက်၍အမှုသည်များသည် မိမိတို့တရားစရိတ်ကို မိမိတို့ဘာသာ ကျခံကြရမည်ဖြစ်သည်။

---

(၂) အတွဲ ၉၊ ဗားမားလောတိုင်း(မ်) ၁၆၆။

## နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

## တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးပိန်သင်းတို့ ရှေ့တွင်

† ၁၉၇၁ — ဖေဖေါ်ဝါရီလ ၂၇ ရက်။

ဦးသက်ပြင်း (သေသူ)
၎င်း၏ တရားဝင်ကိုယ်စား
လှယ်များဖြစ်သော—
၁။ ဒေါ်မမကြီး
၂။ ဒေါ်မမလေး
၃။ ဒေါ်ပုလေး
၄။ ဦးအောင်ကြည်
နှင့် ဒေါ်တုပ်တုပ် (ခေါ်) ခင်တုပ်*

**တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၂ အရ ချမှတ်သောအမိန့်သည် အယူခံဝင်နိုင်သော အမိန့်ဟုတ် မဟုတ်——တရားမအယူခံမှုတွင် တရားဝင်ကိုယ်စားလှယ်များအား အယူခံ တရားပြိုင်အဖြစ် ထည့်သွင်းခြင်း မပြုဘဲ သေဆုံးသူ တရားနိုင်အား အယူခံ တရားပြိုင် အဖြစ် ထည့်သွင်းခဲ့ခြင်းကြောင့် အယူခံမှုသည် ရပ်စဲပြီးဖြစ် မဖြစ်—လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ရန် လျှောက်ရာ၌ လေလံဝယ်သူသည် လိုအပ်သည့် အမှုသည်တဦးဖြစ် မဖြစ်။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၉၂ အရ၊ ချမှတ်သောအမိန့်သည် **တရားမကျင့်ထုံးအမိန့် ၄၃၊ နည်းဥပဒေ ၁ (၃) အရ၊** အယူခံဝင်နိုင်သောအမိန့်ဖြစ်သည်။ ထိုကဲ့သို့အယူခံဝင်နိုင်သော အမိန့်ဖြစ်လျှင်၊ တရားမကျင့်ထုံး ပုဒ်မ ၁၀၄ (၂) အရ၊ ဒုတိယ အယူခံဝင်ပိုင်ခွင့်မရှိတော့ပေ။ **မောင်ဖေစိန် နှင့် မသင်းမြ၊** အတွဲ ၇၊ ရန်ကုန်၊ စာ ၃၇ ကို ကိုးကားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။**တရားမကြီးမှုတွင်သော်၎င်း၊** အယူခံမှုတွင်သော်၎င်း၊ **အမှုသည် တဦးဦး သေဆုံးပြီးနောက်၊ ၎င်း၏ တရားဝင် ကိုယ်စားလှယ်များကို** အမှုသည်အဖြစ် **အချိန်မီ** ထည့်သွင်းခြင်းမပြုပါက၊ စွဲဆိုသော အမှုသည် ထိုသေဆုံးသူနှင့် ပတ်သက်၍ ရပ်စဲသည်ဆိုသော တရားမကျင့်ထုံးအမိန့် ၂၂ ပါပြဋ္ဌာန်းချက်များမှာ စွဲဆိုသည့်တရားမကြီးမှု၊ သို့မဟုတ် အယူခံ မှုကြားနာနေဆဲအချိန်၌ အမှုသည်တဦးဦး သေဆုံးသည့်ကိစ္စနှင့်သာ သက်ဆိုင်သည်။ ဒေါ်ခင်တုပ်က ခရိုင်တရားမရုံးသို့ အယူခံမှု စွဲဆိုခြင်း မပြုမီကပင် ဦးသက်ပြင်းမှာ သေဆုံးပြီးဖြစ်သည်။ အယူခံမှု

* ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆။

† ၁၉၆၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂ တွင်စစ်ကိုင်းမြို့၊ ခရိုင်တရားမရုံး၏ ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

ဆိုစဉ်အချိန်အတွင်း သေဆုံးခြင်းမဟုတ်၍ တရားမကျင့်ထုံး အမိန့် ၂၂ ပါပြဋ္ဌာန်းချက်သည်၊ ဒေါ်ခင်တုပ်စွဲဆိုသည့် အယူခံမှုနှင့် အကျုံးမဝင်ချေ။ ၁၉၇၁

**ထပ်မံဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ လေလံဘင် ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်ကိစ္စ၌ လေလံဆွဲဝယ်သူသည် လိုအပ်သည့် အမှုသည်တဦးဖြစ်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုနည်းဥပဒေအရ၊ လျှောက်ထားနိုင်သည့် ပုဂ္ဂိုလ်များမှာ တရားနိုင် သို့မဟုတ် ပစ္စည်းကိုရောင်းချရာ၌၊ အကျိုးထိခိုက်နိုင်သူ တို့သာဖြစ်သည်။ ပစ္စည်းကို ရောင်းချစဉ်က လေလံဆွဲဝယ်သူသည် ပစ္စည်းပေါ်၌ တစုံတရာအကျိုး ခံစားခွင့် မရှိသေးသဖြင့် ပစ္စည်းရောင်းချခြင်းကြောင့် ၎င်း၏အခွင့်အရေးကို ထိခိုက်သည်ဟု ယူဆခြင်း မပြုနိုင်။ **အနားမလဲယားချစ်တီး နှင့် ဒေါ်ကျင်စိန်၊** ၁၉၅၇ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ (တရားလွှတ်တော်ချုပ်) စာ ၉၅ ကို ရည်ညွှန်းသည်။

ဦးသက်ပြင်း (သေသူ)၎င်း၏ တရားဝင်ကိုယ်စားလှယ်များ ဖြစ်သော
၁။ ဒေါ်မမကြီး
၂။ ဒေါ်မမလေး
၃။ ဒေါ်ပုလေး
၄။ ဦးအောင်ကြည်
နှင့်
ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင်တုပ်။

**လျှောက်ထားသူများအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးညွန့်မြိုင်။

**လျှောက်ထားခံရသူများအတွက်။** ။ကိုယ်တိုင်။

**တရားသူကြီး ဦးသက်ဖေ။** ။မန္တလေးမြို့၊ မြို့နယ်တရားမရုံးတွင် ကော၊ အမ်၊အန်၊ အမ်၊ ချစ်တီးယားဆိုသူက လျှောက်ထားခံရသူ ဒေါ်ခင်တုပ်အပေါ် ငွေဒီကရီတရပ် ရရှိခဲ့ရာ၊ ထိုဒီကရီကို ဦးသက်ပြင်းအား မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချလိုက်သည်။ ဦးသက်ပြင်းသည် ဒီကရီကျငွေများကို ဒေါ်ခင်တုပ်ထံမှ ရလိုကြောင်း ဇာရီမှုဖွင့်ရာ ဒေါ်ခင်တုပ်က ဒီကရီကျငွေများကို ပေးဆပ်ခြင်း မပြုသဖြင့် ဒေါ်ခင်တုပ်ပိုင် မန္တလေးမြို့၊ မောရဃီဝရပ်ကွက်၊ အမှတ် ၇၀၃၊ ဦးပိုင်အမှတ် ၂၉ ရှိ၊ မြေနှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသည့်အိမ်ကို လေလံဘင် ရောင်းချရာ ဦးသက်ပြင်း၏ သမီး ဒေါ်မမလေးက ငွေ ၁,၀၀၀ိ ဖြင့် လေလံဆွဲဝယ်ယူခဲ့သည်။ တရားရုံး ဒေါ်ခင်တုပ်က ၎င်းပိုင် ပစ္စည်းကို လေလံဘင်ရောင်းချခြင်းမှ ပယ်ဖျက်ပေးရန် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ လျှောက်ထားရာ မူလရုံးမှ ဒေါ်ခင်တုပ်၏ လျှောက်လွှာကို ပယ်လိုက်သည်။

ထို့ကြောင့် ဒေါ်ခင်တုပ်သည် ယင်းအမိန့်ကို ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ ခရိုင်တရားမရုံးမှ မူလရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ ဒေါ်ခင်တုပ်ပိုင် မြေနှင့်အိမ်အား လေလံဘင် ရောင်းချခဲ့ခြင်းကို နည်းဥပဒေ ၉၂ အရ၊ ပယ်ဖျက်လိုက်သည်။ ထိုကဲ့သို့ ပယ်ဖျက်လိုက်သော အမိန့်ကို ဦးသက်ပြင်း၏ တရားဝင်ကိုယ်စားလှယ်များက မကျေနပ်၍ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

ပြင်ဆင်မှု အကြောင်းပြချက်များအနက်၊ မူလရုံး၏ အမိန့်မှာ ဇာရီမှုတွင် ချမှတ်သည့်အမိန့်တရပ် ဖြစ်သည့်အလျောက်၊ ဒုတိယအယူခံ ဝင်ပိုင်ခွင့်ရှိပါက ပြင်ဆင်မှုမှ အယူခံမှုသို့ ပြောင်းလဲ၍ ကြားနာဆုံးဖြတ် သင့်ပါသည်ဟု ဖေါ်ပြထားသည်ကို တွေ့ရ

၁၉၇၁

ဦးသက်ပြင်း (သေသူ) ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်သော ၁။ ဒေါ်မမကြီး ၂။ ဒေါ်မမလေး ၃။ ဒေါ်ပုလေး ၄။ ဦးအောင်ကြည် နှင့် ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင်တုပ်။

သည်။ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၂ အရ ချမှတ်သောအမိန့်သည် တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ ၁ (ဍ)အရ၊ အယူခံဝင်နိုင်သော အမိန့်ဖြစ်သည်။ ထိုကဲ့သို့ အယူခံဝင်နိုင်သော အမိန့်ဖြစ်လျှင်၊ တရားမကျင့်ထုံးပုဒ်မ ၁၀၄ (၂) အရ၊ ဒုတိယအယူခံ ဝင်ပိုင်ခွင့် မရှိတော့ပေ။ထိုအတိုင်း **မောင်ဖေစိန် နှင့် မသင်းမြ** (၁) တို့အမှု၌ ဆုံးဖြတ်ထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ဤပြင်ဆင်မှု တင်သွင်းခြင်းသည် မှန်ကန်သည်။

လျှောက်ထားသူများ၏ တရားရုံးချုပ်ရှေ့နေ ဦးညွန့်မြိုင်က ဇာရီရုံးတွင် ဒေါ်ခင်တုပ်သည် ၎င်း၏ပစ္စည်းကို လေလံဘင် ရောင်းချခြင်းမှ ပယ်ဖျက်ပေးရန် လျှောက်ထားစဉ် တရားနိုင် ဦးသက်ပြင်းမှာ သေဆုံးခဲ့ပါသည်။ ထိုကဲ့သို့ သေဆုံးသဖြင့် ၎င်း၏ တရားဝင် ကိုယ်စားလှယ်များကို အမှုသည်များအဖြစ် ထည့်သွင်း ခံရပါသည်။ ထိုကဲ့သို့ ထည့်သွင်းကြောင်းကို ဒေါ်ခင်တုပ်လည်း အသိဖြစ်ပါသည်။ ယင်းသို့ သိရှိပါလျက် ဒေါ်ခင်တုပ်သည် ဇာရီရုံးမှ ချမှတ်သောအမိန့်ကို ခရိုင်တရားမရုံးသို့ အယူခံဝင်သော အခါ၊ ဦးသက်ပြင်း၏ တရားဝင်ကိုယ်စားလှယ်များကို အယူခံ တရားပြိုင်များအဖြစ် ထည့်သွင်းရမည့်အစား၊ သေဆုံးသူ တရားနိုင် ဦးသက်ပြင်းကို အယူခံတရားပြိုင်အဖြစ် ထည့်သွင်းခဲ့ပါသည်။ လပေါင်းများစွာကြာမှ ဦးသက်ပြင်း၏ တရားဝင် ကိုယ်စားလှယ်များအား အမှုသည်များအဖြစ် ထည့်သွင်းခဲ့ရာ၊ ထိုကဲ့သို့ အမှုသည်များအဖြစ် ထည့်သွင်းသည့်အချိန်၌ စွဲဆိုထားသော အယူခံမှုသည် ရပ်စဲပြီး ဖြစ်ပါသည်ဟု အယူခံရုံး၌ တင်ပြခဲ့သော်လည်း၊ထိုတင်ပြချက်ကို လက်မခံခြင်းမှာ မှားယွင်းနေပါသည်ဟု လျှောက်လဲသွားသည်။

တရားမကြီးမှုတွင် သော်၎င်း၊ အယူခံမှုတွင် သော်၎င်း အမှုသည်တဦးဦး သေဆုံးပြီးနောက်၊ ၎င်း၏ တရားဝင် ကိုယ်စားလှယ်များကို အမှုသည်အဖြစ် အချိန်မီ ထည့်သွင်းခြင်းမပြုပါက၊ စွဲဆိုသောအမှုသည် ထိုသေဆုံးသူနှင့် ပတ်သက်၍ ရပ်စဲသည်ဆိုသော တရားမကျင့်ထုံးအမိန့် ၂၂ ပါ ပြဋ္ဌာန်းချက်များမှာ စွဲဆိုသည့် တရားမကြီးမှု သို့မဟုတ် အယူခံမှု ကြားနာနေဆဲအချိန်၌ အမှုသည်တဦးဦး သေဆုံးသည့် ကိစ္စနှင့်သာ သက်ဆိုင်သည်။ ဒေါ်ခင်တုပ်က ခရိုင်တရားမရုံးသို့ အယူခံမှု စွဲဆိုခြင်း မပြုမီကပင် ဦးသက်ပြင်းမှာ သေဆုံးပြီးဖြစ်သည်။ အယူခံမှု စွဲဆိုစဉ် အချိန်အတွင်း သေဆုံးခြင်း မဟုတ်၍ တရားမကျင့်ထုံးအမိန့် ၂၂ ပါပြဋ္ဌာန်းချက်များသည် ဒေါ်ခင်တုပ် စွဲဆိုသည့် အယူခံမှုနှင့် အကျုံးမဝင်ချေ။

အမှန်မှာ ဒေါ်ခင်တုပ်သည် တရားနိုင် ဦးသက်ပြင်း၏ တရားဝင် ကိုယ်စားလှယ်များအစား ဦးသက်ပြင်း၏အမည်ကို မှားယွင်း၍ အယူခံလွှာ၌ ဖော်ပြခဲ့ခြင်းသာဖြစ်

(၁) အတွဲ ၇ ရန်ကုန်၊ စာ ၃၇။

၁၉၇၁

ဦးသက်ပြင်း (သေသူ) ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်သော
၁။ ဒေါ်မမကြီး
၂။ ဒေါ်မမလေး
၃။ ဒေါ်ပုလေး
၄။ ဦးအောင်ကြည်
နှင့်
ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင်တုပ်။

သည်၊ ထိုကဲ့သို့ မှားယွင်းရခြင်းမှာလည်း ဇာရီရုံးမှ ချမှတ်သော စီရင်ချက်ဘွင်သော် ၎င်း၊ ထုံးပုံကျ အပြီးသတ် အမိန့်ဘွင်သော်၎င်း တရားနိုင်၏အမည်ကို ဦးသက်ပြင်း၏ တရားဝင် ကိုယ်စားလှယ်များအစား၊ ဦးသက်ပြင်းဟု ဖော်ပြထားခြင်းကြောင့်ပင် ဖြစ်ရကြောင်း တွေ့ရသည်။ သို့ဖြစ်ရာခရိုင်တရားမရုံးမှ ဒေါ်ခင်တုပ် တင်သွင်းသည့် အယူခံမှု၌ အယူခံတရားပြိုင်အမည် မှားယွင်းနေသည်ကို တရားမကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၁၀ (၂)နှင့် အမိန့် ၆၊ နည်းဥပဒေ ၁၇ အရ၊ မှန်အောင်ပြင်ဆင် ပြောင်းလဲပေးနိုင်ပေသည်။

ဦးညွန့်မြိုင်ကပင် ဒုတိယအချက် အနေဖြင့် လေလံရောင်းချခြင်းကို ပယ်ဖျက်ရန် လျှောက်ထားသည့်ကိစ္စ၌ လေလံဆွဲသယ်သူကို အမှုသည်အဖြစ် ထည့်သွင်းသင့်ပါသည်။ ထိုကဲ့သို့ ထည့်သွင်းခြင်းမပြုသဖြင့်၊ မူလလျှောက်ထားသော အမှုသည် ပျက်ပြယ်နေပါသည်ဟု တင်ပြသွားသည်။ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ လေလံဘင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့် ကိစ္စ၌ လေလံဆွဲဝယ်သူသည် လိုအပ်သည့် အမှုသည်ဘဦး ဖြစ်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုနည်းဥပဒေအရ လျှောက်ထားနိုင်သည့် ပုဂ္ဂိုလ်များမှာ တရားနိုင်၊ သို့မဟုတ် ပစ္စည်းကို ရောင်းချရာ၌ အကျိုးထိခိုက်နိုင်သူတို့သာဖြစ်သည်။ ပစ္စည်းကို ရောင်းချစဉ်က လေလံဆွဲဝယ်သူသည် ပစ္စည်းပေါ်၌ တစုံတရာ အကျိုးခံစားခွင့် မရှိသေးသဖြင့်၊ ပစ္စည်းရောင်းချခြင်းကြောင့် ၎င်း၏ အခွင့်အရေးကို ထိခိုက်သည်ဟု ယူဆခြင်း မပြုနိုင်။ **အနာမလဲယားချစ်တီး နှင့် ဒေါ်ကျင်စိန်** (၂) တို့ အမှုဘွင် လေလံဆွဲဝယ်သူသည် ဘရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ လေလံကို ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်သူ မဟုတ်ကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။ သို့ဖြစ်ရာ ယခုအမှု၌ လေလံဆွဲဝယ်သူ ဒေါ်မမလေးအား လေလံပယ်ဖျက်ပေးရန် အမှု၌ အမှုသည်ဘဦးအနေဖြင့် ထည့်သွင်းခြင်းမပြုသည့် အကြောင်းကြောင့် ထိုအမှုသည် ပျက်ပြယ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ ထို့ပြင် ဒေါ်မမလေးသည် ယင်းအမှုတွင် တရားနိုင်၏ တရားဝင် ကိုယ်စားလှယ် တဦးအနေဖြင့်လည်း အမှုဘွဲ့၌ ပါဝင်နေပြီဖြစ်ရာ ၎င်းအဘို့ နစ်နာဆုံးရှုံးမှု မဖြစ်နိုင်ပေ။ လေလံရောင်းချခြင်းကို ပယ်ဖျက်သည့် အယူခံရုံး၏ အမိန့်နှင့် ပတ်သက်၍၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၀ ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်းရှိ၊ မရှိဆိုသောကိစ္စကို သုံးသပ်ရန် လိုပေသည်။ ယခုအမှုတွင် လေလံဘင်၍ ပစ္စည်းကို ရောင်းချခြင်းမပြုမီ အရောင်းကြော်ငြာစာ ထုတ်ပြန်ရာ၌ ပစ္စည်း၏ တန်ဘိုးကိုင်၎င်း၊ ပစ္စည်းနှင့် ပတ်သက်၍ ပေးဆောင်ရမည့် အခွန်အခများကို သော်၎င်း၊ ဖော်ပြခဲ့ခြင်းမရှိကြောင်း အငြင်းမသွက်ချေ။ သို့ဖြစ်ရာ ဇာရီရုံးမှ အရောင်း

---

(၂) ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်ချုပ်)။

၁၉၇၁

ဦးသက်ပြင်း (သေသူ) ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်သော ၁။ ဒေါ်မမကြီး ၂။ ဒေါ်မမလေး ၃။ ဒေါ်ပုလေး ၄။ ဦးအောင်ကြည် နှင့် ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင်တုပ်။

ကြေငြာစာ ထုတ်ပြန်ရာတွင် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၆ တွင် လိုအပ်သည့် အချက်အလက်များကို ဖော်ပြခြင်းမပြုသည့် အရေးပါအရာရောက်သော ချို့ယွင်းချက်များ ရှိခဲ့သည်ဆိုခြင်းမှာ ပေါ်လွင်သည်။ ထို့ပြင် အချင်းဖြစ်ပစ္စည်းသည် ၁၉၅၉ ခုနှစ်က ငွေ ၂,၅၀၀ိ ဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့ကြောင်း မူလရုံး အမှုတွဲရှိ သက်သေခံအမှတ် (ဂ) မှတ်ပုံတင်စာချုပ်အရ ထင်ရှားနေသည်။ ထိုပစ္စည်းကို ငွေ ၁,၀၀၀ိ ဖြင့် လေလံဘင်ရောင်းချခြင်းဖြစ်ရာ ပစ္စည်းပိုင်ရှင်ဖြစ်သူ တရားရှုံးအဘို့ များစွာ နစ်နာခဲ့ရသည် ဆိုခြင်းမှာလည်း မငြင်းသာပေ။ သို့ဖြစ်ရာ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၉၀ တွင်လိုအပ်သည့် ရောင်းချခြင်းနှင့် ပတ်သက်သော အရေးပါအရာရောက်သည့် ချို့ယွင်းချက်အပြင်၊ တရားရှုံးအဘို့ များစွာဆုံးရှုံး နစ်နာခဲ့ရသည် ဆိုသော အင်္ဂါရပ်များနှင့် ပြည့်စုံနေသည့် အလျောက် လေလံဘင် ရောင်းချခြင်းကို ပယ်ဖျက်သည့် အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု ကျွန်ုပ်တို့ မယူဆနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ပယ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီး ဒေါက်တာမောင်မောင် နှင့် တရားသူကြီးဦးကျော်ငံဦးတို့ ရှေ့တွင်

† ၁၉၇၁

မတ်လ ၃၁ ရက်။

ဒေါ်အေးမိ

နှင့်

လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၊ ရန်ကုန်မြို့ ပါ ၂။ *

**ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ ပြုပြင်ပေးရန် အိမ်တန်ဘိုးထက် ၄၀ ရာခိုင်နှုန်းထက် မပိုရဟုသတ်မှတ်ချက်ရှိ မရှိ— "ပြုပြင်မှု" ( Repair ) နှင့် ပြန်လည်ဆောက်လုပ်မှု ( Reconstruction ) တို့၏ အဓိပ္ပါယ် ခြားနားချက်—ရာခိုင်နှုန်း ၄၀ ပြင်ဆင်သော အဆောက် အဦသည် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် သက်ဆိုင် မသက်ဆိုင်။**

လျှောက်ထားသူ အိမ်ငှါးက၊ လျှောက်ထားခံရသူ အိမ်ရှင်အပေါ် အိမ်မှာ ပျက်စီးယိုယွင်း နေ၍ ပြင်ဆင်ပေးရန် ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ လျှောက်ထားခဲ့သည်။

**ဆုံးဖြတ်ချက်။** ။ပြုပြင်ပေးရန် အိမ်တန်ဘိုးထက် ၄၀ ရာခိုင်နှုန်းထက်မပိုစေရဟု ဥပဒေက မဆို၊ အိမ်သည်ကျပ် ၂၀၀ သာ တန်ဘိုးရှိပါသည်ဟုလည်း အထောက်အထား မတွေ့ရ၊ အကျုံးဝင်သည့် ဥပဒေမှာ ၁၉၆၀ ခုနှစ်၊ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ ဖြစ်သည်။ ဤပုဒ်မ၏ ပုဒ်မငယ် (၁) အရ၊ အဆောက်အဦတွင် လက်ရှိနေထိုင်သူ အိမ်ငှါး၏ လျှောက်ထား ချက်အရ အိမ်ရှင်အပေါ် လူနေထိုင်နိုင်မည့် အခြေအနေတွင် ထားရှိရန် မိမိထင်မြင်သဘောရရှိ သော ပြင်ဆင်မှုတရပ်ရပ်ကို ပြုလုပ်စေရန် လက်ထောက် ငှါးရမ်းခကြီးကြပ်ရေးဝန်က အမိန့် ချမှတ်ပေးနိုင်သည်။ အိမ်၏ တန်ဘိုးအပေါ် ရာခိုင်နှုန်း သတ်မှတ်၍ ပြုပြင်စရိတ်ကို မပိုစေရဟု အမိန့်ချမှတ်ရန်မလိုပေ။ အိမ်တန်ဘိုးသည် ပဓါနမဟုတ်။

**ထပ်မံဆုံးဖြတ်ချက်။** ။"ပြုပြင်မှု" ဆိုသည်ကို ထိုပုဒ်မ၏ ရှင်းလင်းချက်တွင် အဓိပ္ပါယ် ဖေါ်ပြထားသည်။ "ပြုပြင်မှု" ( Repair ) နှင့် "ပြန်လည်ပြုပြင်မှု၊ သို့မဟုတ် ဆောက်လုပ်မှု" ( Reconstruction ) တို့မှာ ခြားနားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ရာခိုင်နှုန်း ၄၀ ပြင်ဆင်သော အဆောက်အဦသည် မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် မသက်ဆိုင်စေရဟု ကြော်ငြာကို ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ကပင် ရုပ်သိမ်းထားခဲ့ပြီးဖြစ်၍၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မိမိမှာ စီရင်ပိုင်ခွင့် အာဏာရှိလျက်နှင့် ထိုအာဏာကို မှားယွင်း၍ မသုံးခြင်းသာဖြစ် သည်။

---

* ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၅၈။

† အမှုခေါ်စာချွန်တော်အမိန့်ထုတ်ပေးရန်လျှောက်လာ။

၁၉၇၁

ဒေါ်အေးမိ နှင့် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေး ဝန် ရန်ကုန်မြို့ ပါ၂။

**အယူခံတရားလိုအတွက်။** ။ဘာရားရုံးချုပ်ရှေ့နေ ဦးစိုးမြင့်။

**အယူခံတရားခံ (၁) အတွက်။** ။ဘာရားရုံးချုပ်ရှေ့နေ ဦးကျော်ဇံ။

**အယူခံတရားခံ (၂) အတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်း။

**တရားသူကြီး ဦးကျော်ဇံဦး။** ။လွန်ခဲ့သော ၁၇ နှစ်ခန့်ကပင် အိမ်လခ တလလျှင် ၃၀ ကျပ်နှုန်းဖြင့် ရန်ကုန်မြို့ကျောက်မြောင်း၊ ရေအိုးစင်ရပ်ကွက်၊ ဈေးလမ်းအမှတ် ၄၄ ကိုလျှောက်ထားသူက အလျှောက်ခံရသူ အမှတ် ၂၊ အိမ်ရှင်ဖြစ်သူ ဦးသွန်းရွှေထံမှ ငှါးရမ်းနေထိုင်လာခဲ့ရာ၊ အိမ်မှာပျက်စီးယိုယွင်းနေသဖြင့် ပြင်ဆင်ပေးရန် ရန်ကုန်မြို့ လက်ထောက် ငှါးရမ်းခကြီးကြပ်ရေးဝန် ရုံး၌ အမှုအမှတ် ၁၆၄၆ အေ/၆၈ တွင် လျှောက်ထားခဲ့ရာ၊ ကုန်ကျမည့် ခန့်မှန်းခြေစာရင်း တင်သွင်းရာ၌ ငွေ ၄၀၀ ကျပ်ခန့် ကုန်ကျလိမ့်မည်ဟုဖေါ်ပြထား၍၊ အလျှောက်ခံရသူက ၎င်း၏ကန့်ကွက်လွှာအပိုဒ် ၆ တွင် အိမ်သည်ငွေ ၂၀၀ ကျပ်ခန့်သာတန်ဘိုးရှိ၍ ငွေ ၄၀၀ ကျပ်မှာ များလွန်းသည်ဟု ဆိုရာ၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်က၊ ၁၉၆၉ ခုသြဂုတ်လ ၂၅ ရက်နေ့စွဲ ဖြင့် အမိန့်တွင် ပြုပြင်ခမှာ အိမ်တန်ဘိုးထက် ၄၀ ရာခိုင်နှုန်းကျော်လွန်၍ တအိမ်လုံး ကိုပင် ပြုပြင်ရန်လိုမည်ဖြစ်၍ လျှောက်လွှာကိုပယ်သိုက်သဖြင့် ထိုအမိန့်ကို အမှုခေါ် စာချွန်တော်ဖြင့်ပယ်ဖျက်ပေးရန်လျှောက်ထားခြင်းဖြစ်သည်။

ပြုပြင်ပေးရန် အိမ်တန်ဘိုးထက် ၄၀ ရာခိုင်နှုန်းထက်မပိုရဟု ဥပဒေကမဆို။ အိမ်သည်ငွေ ၂၀၀ ကျပ်သာတန်ဘိုးရှိသည်ဟုလည်းအထောက်အထားမတွေ့ရ။ အကျုံးဝင်သည့်ဥပဒေမှာ ၁၉၆၀ ပြည့်နှစ် ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၁ ဖြစ်သည်။ ဤပုဒ်မ၏ ပုဒ်မငယ် (၁)အရ အဆောက်အဦတွင် လက်ရှိနေထိုင်သူ အိမ်ငှါး၏ လျှောက်ထားချက်အရ အိမ်ရှင်အပေါ် လူနေထိုင်နိုင်မည့်အခြေအနေတွင် ဘားရှိရန် မိမိထင်မြင် သဘောရရှိသော ပြင်ဆင်မှုအရပ်ရပ်ကို ပြုလုပ်စေရန် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အမိန့်ချမှတ်ပေးနိုင်သည်။ အိမ်၏တန်ဘိုးအပေါ် ရာခိုင်နှုန်းသတ်မှတ်၍ ပြုပြင်စရိတ်ကို မပိုရဟု အမိန့်ချမှတ်ရန်မလိုပေ။ အိမ်၏တန်ဘိုးသည် ပဓါနမဟုတ် "ပြုပြင်မှု" ဆိုသည်ကို ထိုပုဒ်မ၏အဓိပ္ပါယ် ရှင်းလင်းချက်တွင် အဓိပ္ပါယ် ဖေါ်ပြထားသည်။ "ပြုပြင်မှု" (Repair) နှင့် ပြန်လည်ပြုပြင်မှု၊ သို့မဟုတ် ဆောက်လုပ်မှု (Reconstruction)တို့မှာ ခြားနားသည်။ ယခုအမှုတွင် လျှောက်ထားသူ အိမ်ငှါးသည် ထိုပုဒ်မ ၁၁(၃)အရ ကုန်ကျစရိတ်ခန့်မှန်းခြေကို လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ တင်သွင်းပြီးဖြစ်၍ အိမ်ရှင်ကငြင်းပယ်နေသောကြောင့် တကြောင်း၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အမှန်တကယ်ပြုပြင်ရန်လိုနေ သည်ကို တွေ့ရှိခဲ့ရသည်ကတကြောင်း၊ ထို့ကြောင့် အိမ်ငှါးကိုယ်တိုင်ပြုပြင်ရန် ခွင့်ပြု

၁၉၇၁

ဒေါ်အေးမိ
နှင့်
လက်ထောက်
ငှါးရမ်းခ
ကြီးကြပ်ရေး ဝန်
ရန်ကုန်မြို့ ပါ ၂။

သင့်သည်ကိုသာ စဉ်းစားဝေဖန်၍ အမိန့်ချမှတ်ရန်ရှိပေသည်။ ယခုကိစ္စမှာ အိမ်ကို အသစ်ပြန်လည်ဆောက်လုပ်ရန်၊ သို့မဟုတ် ရာခိုင်နှုန်း ၄၀ ပြင်ဆင်ရန် အိမ်ရှင်က လျှောက်ထားခြင်းမဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ၊ ရာခိုင်နှုန်း ၄၀ ပြင်ဆင်သော အဆောက်အဦသည် မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေနှင့် မသက်ဆိုင်စေရ ဟု ကြေငြာကို ၁၉၆၆ ခု၊ စက်တင်ဘာလ ၈ ရက်နေ့ကပင် ရုပ်သိမ်းထားခဲ့ပြီးဖြစ်၍ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မိမိမှာ စီရင်ပိုင်ခွင့်အာဏာရှိလျက် နှင့်ထိုအာဏာကို မှားယွင်း၍မသုံးသဖြင့် ၎င်း၏ ၁၉၆၉ ခု၊ဩဂုတ်လ ၂၅ ရက်နေ့စွဲဖြင့် အမိန့်ကိုပယ်ဖျက်၍ အထက်တွင်ညွှန်ပြထားသည့်အတိုင်း မိမိ၏အာဏာကို သုံးစွဲလျက် အမှုကိုပြန်လည်စုံစမ်း စစ်ဆေး၍ တရားဥပဒေအရ အမိန့်ချမှတ်ပေးရန် သက်ဆိုင်ရာ အမှုတွဲများကို ပြန်ပို့လိုက်သည်။ စရိတ်မရှိ။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

† ၁၉၇၀ ဇွန်လ ၁၁ ရက်။

## မစ္စတာအာ (ရ်) ကရစ် (ရှ်) နန်း

နှင့်

## ဝိုင်၊အမ်၊ဝီ၊အေ၊ *

**အိမ်ငှါးဆိုသည့်စကားရပ်၏ အဓိပ္ပါယ်—ဥပစာတခုတွင် နေထိုင်သူတဦးသည်၊ အိမ်ငှါးဟုတ်၊ မဟုတ် ဆိုသော ကိစ္စကို ဆုံးဖြတ်ရာ၌ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို သုံးသပ်ရန် လိုခြင်း—မြို့ပြငှါးရမ်းခ ကြီးကြပ်ရေး၊ အက်ဥပဒေသည်၊ ခွင့်ပြုချက်အရ၊ နေထိုင်သူများ နှင့် သက်ဆိုင်ခြင်းရှိ မရှိ။**

ဆုံးဖြတ်ချက်။ ။" အိမ်ငှါး " ဆိုသောစကားကို မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ) တွင်၊ ငှါးရမ်းခပေးရမည့်သူ ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ " ငှါးရမ်းခ " ဆိုသောစကားကိုမူ၊ ထိုဥပဒေ၌ ရှင်းလင်းထားခြင်းမရှိပေ။

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းထားသည့် အဓိက ရည်ရွယ်ချက်မှာ၊ ငှါးရမ်းခများကို ကြီးကြပ်ရန်ဖြစ်သည်။ ထိုဥပဒေ၌၊ အိမ်ရှင်အိမ်ငှါးဆက်သွယ်မှုကို၊ မည်ကဲ့သို့ ဖန်တည်းရမည်၊ မည်ကဲ့သို့ ရပ်စဲရမည်ဟုဆိုသော ပြဋ္ဌာန်းချက်များမရှိပေ။ ပုဒ်မ ၁၃ (၁) အရ၊ ဥပစာတွင် သဘောရိုးဖြင့် နေထိုင်သည့် အိမ်ငှါးမဟုတ်သည့်သူတဦးကို၊ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့်ပြုကာ၊ ဥပဒေအရ၊ အိမ်ငှါးအဖြစ်အသိအမှတ်ပြုနိုင်သည့် ပြဋ္ဌာန်းချက်တရပ်သာရှိပေသည်။ သို့ဖြစ်ရာ၊ ဥပစာတခုတွင် နေထိုင်သူတဦးသည် အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသော ကိစ္စကို ဆုံးဖြတ်ရာ၌ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပြဋ္ဌာန်းချက်များကို ကြည့်ရှုသုံးသပ်ရန်လိုပေသည်။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၅ တွင်၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်းခံရသူကို၊ ငှါးရမ်းသူ၊ သို့မဟုတ် အိမ်ငှါးဟုငင်း၊ ထိုပစ္စည်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးရသည့် အဘိုးစားနားကို ငှါးရမ်းခဟုငင်း၊ အဓိပ္ပါယ်ဖွင့်ထားသည်။ သို့ဖြစ်ရာယခုအမှု၌ လျှောက်ထားသူသည်၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏အကျိုးခံစားခွင့်ကိုလွှဲပြောင်းပေးခြင်းခံရသော အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသော အချက်ကို စိစစ်ရန်လိုမည်ဖြစ်သည်။

---

* ၁၉၆၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၃။

† ၁၉၆၀ ခုနှစ်၊ တရားမစခေါ်ကော်မှုအမှတ်၊ ၄၈၉ တွင်၊ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် နေ့စွဲဖြင့်၊ ရန်ကုန်မြို့၊ တရားမရုံး တရားသူကြီးချုပ်ရုံး၏ ချမှတ်သော ဒီကရီကို ပြင်ဆင်မှု။

၁၉၇၁
——)
မစ္စတာအာ(ရ်)
ကရစ်(ရှ်)နန်း
နှင့်
ဝိုင်၊အမ်၊စီ၊
အေ။

**ထပ်မံဆုံးဖြတ်ချက်။** ။မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေသည်၊ သာမန်အိမ်ငှါးနှင့် ကြီးကြပ်ရေးဝန်က ဥပဒေအရ၊ အိမ်ငှါးအဖြစ် အသိအမှတ်ပြုထားသူများနှင့်သာ အကျုံးဝင်ပေသည်။ ခွင့်ပြုချက်အရ၊ နေထိုင်သူများနှင့် သက်ဆိုင်ခြင်းမရှိပေ။

**အဗ္ဗဒူဟာမစ်** နှင့် အက် (စ်)၊ အေ၊ အဗ္ဗဒူဟာမစ် ၁၉၅၁ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၃၉၄ (တရားလွှတ်တော်)၊ **ဟာဂျီရာဟင် ဘတ် (စ်)** နှင့် **ရှိတ်မူဘာရက် ဟူစိန်** ၁၉၅၃ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၈၀ (တရားလွှတ်တော်ချုပ်) တို့ကို ရည်ညွှန်းသည်။

**လျှောက်ထားသူအတွက်။** ။တရားနှုံးချုပ်ရှေ့နေ ဦးညွန့်တင်၊ ဦးခင်မောင်အေး၊ များ။

**လျှောက်ထားခံရသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်။

**တရားသူကြီး ဦးသက်ပေ။** ။ရန်ကုန်မြို့ တရားမရုံးတွင်၊ လျှောက်ထားခံရသူ ဝိုင်၊အမ်၊စီ၊အေ (ခေါ်) ကလျှောက်ထားသော ခရစ်ယာန်အသင်းက၊ လျှောက်ထားသူ **မစ္စတာ** အာ(ရ်)၊ကရစ်(ရှ်)နန်းအပေါ် အဆောင်တည်းခိုခငွေ ၈၁၂ ကျပ် ၅၀ ပြား ရလိုကြောင်း တရားစွဲဆိုရာ၊ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးလိုက်သဖြင့် လျှောက်ထားသူမှ အကျေနပ်၍ ဤပြင်ဆင်မှုတင်သွင်းလာခြင်းဖြစ်သည်။

ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၂၆၃ ရှိ အဆောက်အဦမှာ၊ ဝိုင်၊အမ်၊စီ၊အေ၊ ပိုင်အဆောက်အဦတခုဖြစ်သည်။ ထိုအဆောက်အဦ၏ အခန်းနံပါတ် ၃၁၀ တွင် လျှောက်ထားသူနှင့် ဦးလှသန်းတို့ ၂ ယောက်သည် ၁၉၆၅ခုနှစ်၊ ဩဂုတ်လမှစ၍ တဦးလျှင် ၅၀ ကျပ်စီပေး၍ နေထိုင်ခဲ့ကြသည်။ ၁၉၆၆ခုနှစ်၊ အောက်တိုဘာလမှစ၍၊ တလ ၅၀ ကျပ်နှုန်းမှ ၄၃ ကျပ် ၇၅ ပြားသို့လျှော့ချခဲ့သည်။ လျှောက်ထားသူသည် ၁၉၆၆ခုနှစ်၊ ဇွန်လမှစ၍ ၁၉၆၇ခုနှစ်၊နိုဝင်ဘာလအထိ၊ကျသင့်ငွေ၈၁၂ ကျပ် ၅၀ပြားကို ပေးဆောင်ခြင်းမပြုသဖြင့်၊ လျှောက်ထားခံရသူကရင်းအပေါ် တရားစွဲဆိုခြင်းဖြစ်သည်။

ခုလျှောက်ထားသူက အဆိုပါငွေများကို မပေးရသေးကြောင်းမငြင်းချေ။ သို့ရာတွင် မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉ အရ၊ စံငှါးရမ်းခသက်သောခံ လက်မှတ် တင်ပြခြင်းမပြုသဖြင့်၊ လျှောက်ထားခံရသူသည် တရားစွဲဆိုပိုင်ခွင့်မရှိပါဟု ထုချေခဲ့သည်။

မူလရုံးမှ လျှောက်ထားသူသည်၊ လျှောက်ထားခံရသူ၏ အိမ်ငှါးမဟုတ်သဖြင့်၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် အကြုံးမဝင်သောကြောင့်၊ စံငှါးရမ်းခ သက်သေခံလက်မှတ်တင်ပြရန် မလိုဟုဆုံးဖြတ်ပြီး၊ လျှောက်ထားခံရသူစွဲဆိုသည့် အမှုကို အနိုင်ဒီကရီချမှတ်ပေးလိုက်ခြင်းဖြစ်သည်။

လျှောက်ထားသူ၏ တရားရုံးချုပ်ရှေ့နေ ဦးညွန့်တင်က၊ ဝိုင်၊အမ်၊စီ၊အေ၊အဆောက် အဦသည် မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဃ)တွင် အဓိပ္ပါယ်

၁၉၇၁

မစ္စတာအာ(ရ်)ကချစ်(ရှ်)နှန်းနှင့် ဝိုင်၊အမ်၊ဝီ၊ ဇအ။

ဖွင့်ဆိုထားသည့် ဥပစာဆိုသောစကားတွင် အကျုံးဝင်ပါသည်။ ထိုအလောက်အဦသည် ယင်းဥပဒေနှင့် အကျုံးဝင်ခြင်းမရှိဟု ခြွင်းချက်မပြုထားသဖြင့်၊ စံငှါးရမ်းခသက်သေခံ လက်မှတ်ကိုမတင်ပြဘဲ၊ အဆောင်တည်းခိုခငွေများကို တောင်းဆိုခြင်းမပြုနိုင်ပါဟု တင်ပြသွားသည်။

လျှောက်ထားခံရသူ၏ တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်က၊ လျှောက်ထားသူသည် လျှောက်ထားခံရသူ၏ အိမ်ငှါးမဟုတ်ပါ၊ ခွင့်ပြုချက်အရ နေထိုင်သူတဦးသာဖြစ်၍၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် အကျုံးမဝင်ပါ။ ထို့ကြောင့် အဆောင်တည်းခိုခ တောင်းဆိုရာ၌ စံငှါးရမ်းခသက်သေခံ လက်မှတ်တင်ပြရန်မလိုပါဟု ပြန်လည်တင်ပြသွားသည်။

ဤအမှုတွင် အဓိကစဉ်းစားရမည့်ပြဿနာမှာ၊ လျှောက်ထားသူသည် ၎င်းတင်ပြသည့်အတိုင်း အိမ်ငှါးဖြစ်ပါသလား၊ သို့မဟုတ် လျှောက်ထားခံရသူ အဆိုပြုသည့်အတိုင်း ခွင့်ပြုချက်အရ နေထိုင်သူဖြစ်ပါသလား ဆိုခြင်းပင်ဖြစ်သည်။ အိမ်ငှါးဖြစ်လျှင် စံငှါးရမ်းခ သက်သေခံလက်မှတ်တင်ပြရန်လိုမည်ဖြစ်သည်။ အိမ်ငှါးမဟုတ်ဘဲ ခွင့်ပြုချက်အရ နေထိုင်သူသာဖြစ်ပါက၊ ထိုလက်မှတ်တင်ပြရန် လိုမည်မဟုတ်ပေ။

"အိမ်ငှါး" ဆိုသောစကားကို မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂(ဆ)တွင်၊ ငှါးရမ်းခ ပေးရမည့်သူဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ "ငှါးရမ်းခ" ဆိုသောစကားကိုမူ၊ ထိုဥပဒေ၌ ရှင်းလင်းထားခြင်းမရှိပေ။

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းထားသည့် အဓိကရည်ရွယ်ချက်မှာ၊ ငှါးရမ်းခများကို ကြီးကြပ်ရန်ဖြစ်သည်။ ထိုဥပဒေ၌ အိမ်ရှင်အိမ်ငှါးဆက်သွယ်မှုကို၊ မည်ကဲ့သို့ဖန်တီးရမည်၊ မည်ကဲ့သို့ရပ်စဲရမည် ဟုဆိုသောပြဋ္ဌာန်းချက်များမရှိပေ။ ပုဒ်မ ၁၃(၁)အရ၊ ဥပစာတွင် သဘောရိုးဖြင့်နေထိုင်သည့်အိမ်ငှါး မဟုတ်သူတဦးကို၊ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့်ပြုကာ၊ ဥပဒေအရအိမ်ငှါး အဖြစ်အသိအမှတ်ပြုနိုင်သည့် ပြဋ္ဌာန်းချက်တရပ်သာရှိပေသည်။ သို့ဖြစ်ရာဥပစာတခုတွင် နေထိုင်သူတဦးသည်၊ အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသောကိစ္စကိုဆုံးဖြတ်ရာ၌ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပါပြဋ္ဌာန်းချက်များကိုကြည့်ရှုသုံးသပ်ရန်လိုပေသည်။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၅တွင်၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်းခံရသူကို၊ ငှါးရမ်းသူ၊ သို့မဟုတ် အိမ်ငှါးဟုရင်း၊ ထိုပစ္စည်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးရသည့် အတိုးစားနားကို ငှါးရမ်းခဟုရင်း အဓိပ္ပါယ်ဖွင့်ထားသည်။ သို့ဖြစ်ရာ ယခုအမှု၌ လျှောက်ထားသူသည် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်းခံရသော အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသောအချက်ကို စိစစ်ရန်လိုမည်ဖြစ်သည်။

**၁၉၇၁**

**မစ္စတာအာ(ရ်) ကရစ်(ရှ်)နန်း နှင့် ဝိုင်၊အမ်၊စီ၊အေ**

မူလရုံးအမှုတွဲ့ရှိ သက်သေအထောက်အထားများအရ ပေါ်ပေါက်နေသည်မှာ၊ ဝိုင်၊အမ်၊စီ၊ေအ ပိုင်အဆောက်အအုံရှိ အခန်းများတွင်၊ ဝိုင်၊အမ်၊စီ၊အေ၊အသင်းဝင် ဖြစ်မှသာ နေထိုင်ခွင့်ရှိသည်။ ယောက်ျားများကိုသာနေထိုင်ခွင့်ပြုပြီး၊ မိန်းမနေထိုင်ခွင့် လုံးဝမရှိပေ။ အခန်းတွင်နေသူသည် ဇနီးကိုသော်၎င်း၊ သားသမီးကိုသော်၎င်း၊ ခေါ်ထားခွင့်မရှိ။ အခန်းထဲ၌ ထမင်းဟင်း ချက်ပြုတ်စားသောက်ခွင့်မရှိ၊ အဆောင်၏ အတွင်းရေးမှူးသည် အချိန်မရွေး အခန်းထဲသို့ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။ ဧည့်သည်များကို အဆောင်မှူး၏ခွင့်ပြုချက်မရရှိဘဲ အခန်းထဲ၌ဧည့်ခံခြင်းမပြုရ၊ အဆောက်အအုံတွင် တံခါးမကြီးတခုရှိရာ ထိုတံခါးမကြီးကို သန်းခေါင်ကျော် ၁ နာရီအချိန်တွင် ပိတ်သည်။ ထို့ပြင် မည်သို့မည်ပုံနေထိုင်ရမည်၊ ပြုမူရမည်ဆိုသော အခြားစည်းကမ်းများကို လိုက်နာပါမည်ဟု ဝန်ခံသော ကတိပြုချက်ကိုလည်း လက်မှတ်ရေးထိုးရသည်။

အိမ်ငှါးဆိုသည်မှာ၊ ၎င်းအားလွှဲပြောင်းပေးသည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၏ အကျိုးခံစားခွင့်ကို၊ အပြည့်အဝရရှိသူဖြစ်ပြီး၊ ယင်းအကျိုးခံစားခွင့် အပြည့်အဝမရသူကိုမူ၊ ခွင့်ပြုချက်အရ နေထိုင်သူသာဖြစ်သည်ဟု တရားရုံးမှုစီရင်ထုံး အမြောက်အများ၌ လက်ခံထားပြီးဖြစ်သည်။

ယခုအမှု၌ အထက်တွင်ဖော်ပြထားသည့် အချက်အလက်များကိုထောက်ရှုပါက၊ လျှောက်ထားသူသည် အိမ်ငှါးမဟုတ်ဘဲ ခွင့်ပြုချက်အရနေထိုင်သူကဦးသာဖြစ်ကြောင်း ပေါ်လွင်နေသည်။ အဆောင်ရှိအခန်း၌ နေထိုင်ခွင့်ပြုသည့်အတွက်- ပေးရငွေမှာ၊ ငှါးရမ်းခမဟုတ်ဘဲ အဆောင်တည်းခိုခသာဖြစ်သည်ဟု ယူရမည်ဖြစ်သည်။

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေသည်၊ သာမန်အိမ်ငှါးနှင့် ကြီးကြပ်ရေးဝန်က ဥပဒေအရ အိမ်ငှါးအဖြစ် အသိအမှတ်ပြုထားသူများနှင့်သာ အကျုံးဝင်ပေသည်။ ခွင့်ပြုချက်အရ နေထိုင်သူများနှင့် သက်ဆိုင်ခြင်းမရှိပေ။ **အဗ္ဗဒူဟာမစ် နှင့် အက်(စ်)၊အေ၊အဗ္ဗဒူဟာမစ်(၁)၊ ဟာဂျီရာဟင်ဘတ်(စ်) နှင့်ရှိတ်မူဟာမ ဒ်ဟူစိန်(၂)** ကိုအမှုများ၌၊ ခွင့်ပြုချက်အရ နေထိုင်သူသည် မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေနှင့် အကျုံးမဝင်ကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

အထက်ပါအကြောင်းများကြောင့်၊ လျှောက်ထားသူသည် လျှောက်ထားခံရသူ၏ အိမ်ငှါးမဟုတ်ဘဲ ခွင့်ပြုချက်အရ နေထိုင်သူသာဖြစ်၍၊ အဆောင်ရှိအခန်း၌ နေထိုင်ခွင့်ပြုသည့်အတွက် ပေးရငွေတောင်းခံရာ၌၊ ငှါးရမ်းခသက်သေခံ လက်မှတ်တင်ရန်မလိုဟု ဆိုသော မူလရုံး၏ ဆုံးဖြတ်ချက်သည်မှန်ကန်သဖြင့်၊ ဤပြင်ဆင်မှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၂၁ ကျပ်သတ်မှတ်သည်။

(၁) ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး၊ ၃၉၄ (တရားလွှတ်တော်)။

(၂) ၁၉၅၃၊ မြန်မာပြည်စီရင်ထုံး၊ ၈၀ (တရားလွှတ်တော်ချုပ်)။

## နိုင်ငံတော်တရားရုံးချုပ်

## အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦး နှင့်တရားသူကြီးဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၇၁

ဇွန်လ ၁၁ ရက်။

## ကာဝီပရာဆဝ်၊ ကန်ထရိုက်တာ

နှင့်

## ဒလစ်ဆင်း၊ ကန်ထရိုက်တာ *

**၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ၊ အက်ဥပဒေပုဒ်မ ၁၅—မယူသောအတိုးကို မဖော်ပြခြင်းဖြင့် ငွေချေးစာချုပ် ပျက်ပြယ်ခြင်း ရှိ မရှိ—အတိုးအမျိုးအစားကို စာချုပ်တွင် မဖော်ပြလျှင်** ရုံးက ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိ။

**ဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင် ဒလစ်ဆင်းသည်၊ လုပ်ငန်းအရပ်အဖြစ် ငွေတိုးယူ ချေးငှါးသူမဟုတ်၊ အချင်းချင်း ကူညီသည့်အနေဖြင့်၊ ပရာဆပ်အား၊ ငွေချေးလိုက်ခြင်းသာ ဖြစ်သည်ဟူသော အချက်သည် အငြင်းမထွက်။ ငွေချေးစဉ်ကလည်း အတိုးမည်မျှပေးရမည်ဟု သတ်မှတ် တောင်းဆိုခြင်းမပြု၊ ပရာဆပ်က ငွေပေးဆပ်ရန် ငြင်းဆန်သောအခါမှ တရားစွဲဆိုကာ၊ အရင်းနှင့် ရုံးက ခွင့်ပြုသည့်အတိုးကို တောင်းခံခြင်းဖြစ်သည်။ နဂိုက အတိုးမတောင်း၊ မသတ်မှတ် ခဲ့သောကြောင့်၊ ငွေချေးစာချုပ်တွင် အတိုးနှုန်းကို မဖော်ပြခဲ့ခြင်းဖြစ်သည်သည်ဟု ယူဆနိုင်သည်။ မယူသောအတိုးကို မဖော်ပြခြင်းဖြင့်၊ ငွေချေးစာချုပ်ပျက်ပြယ်ရန်မရှိ။

ငွေတိုးချစားသူများ၊ အက်ဥပဒေပုဒ်မ ၁၅ က၊ အတိုးနှုန်းပါလျှင်၊ အတိအလင်းဖော်ပြရမည် ဟု လွှမ်းခြုံ၍သတ်မှတ်ထားသဖြင့် ရုံးကခွင့်ပြုသော ထုံးစံအခွင့်သာ အတိုးဟူ၍ ဥပဒေအပြင်ဖက်၌ သီးခြားရပ်တည်ခွင့်မရှိနိုင်။ အတိုးကို အမျိုးအစားခွဲခြား၍၊ မည်သည့်အတိုးမျိုးကို ငွေချေးစာချုပ် တွင်ဖော်ပြရမည်။ မည်သည့်အမျိုးအစားကို စာချုပ်တွင် မဖော်ပြစေကာမူ၊ ရုံးကခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်း၊ ကင်းလွတ်ခွင့် ပြုထားခြင်း မရှိ။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ရုံးက တိတိကျကျ လိုက်နာရမည်သာဖြစ်သည်။

ထို့ကြောင့်၊ ငွေချေးသူ ငွေရှင်က ငွေချေးသူမြီရှင်ထံမှ အတိုးနှုန်းယူရန် မူလကသဘောတူ ခဲ့ပါလျက်၊ ယင်းအတိုးနှုန်းကို ငွေချေးစာချုပ်တွင် မဖော်ပြခဲ့လျှင်၊ ထိမ်ချက်ခြင်းမြောက်သောကြောင့်

---

* ၁၉၆၉ ခုနှစ်၊ အခွင့်ထူးတရားမအယူခံမှုအမှတ် ၅။

† ၁၉၆၇ ခုနှစ်၊ တရားမပဋ္ဌမ အယူခံမှုအမှတ် ၇၇ တွင် နိုင်ငံတော်တရားရုံးချုပ်၏ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၃.

ကါစီပရာဆပ်၊ ကန်ထရိုက်တာ နှင့် ဒလစ်ဆင်း၊ ကန်ထရိုက်တာ။

ပုဒ်မ ၁၅ အရ၊ စာချုပ်တခုလုံး ပျက်ပြယ်သည်။ ယင်းစာချုပ်ကိုသာ မှီခိုအားထားကာ ငွေရှင်က တရားစွဲဆိုပိုင်ခွင့်မရှိ။ ဤအမှုတွင်၊ ငွေရှင်က မူလ၌ အတိုးယူရန် ရည်ရွယ်ခြင်းမရှိခဲ့ဟု၊ အကြောင်းချင်းရာမှ ယူဆနိုင်သောကြောင့်၊ အတိုးနှုန်းကို ဖေါ်ပြခြင်းမပြုသော စာချုပ်သည် ပျက်ပြယ်ခြင်းမရှိ၊ သို့ရာတွင် ယင်းစာချုပ်အရ၊ ငွေရင်းကိုသာ ဒီကရီချမှတ်ပေးနိုင်သည်။ ရုံးတွင် အတိုးခွင့်ပြုနိုင်သည့် အာဏာမရှိ။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာ။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်။

**တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။** ။ပရာဆပ်သည် ၎င်းထံမှငွေချေးစာချုပ်ဖြင့်ငွေ ₹၄,၀၀၁ ကျပ်ချေးယူခဲ့ပါသည်။ ငွေကိုပေးဆပ်ရန် ပျက်ကွက်သောကြောင့်၊ အရင်းအတိုးပေါင်း ၅,၉၇၀ ကျပ်ရသင့်ပါသည်ဟု၊ ဒလစ်ဆင်းက ရန်ကုန်မြို့ တရားမရုံးတွင်စွဲဆိုခဲ့သည်။

မူလရုံးတွင် တရားခံပရာဆပ်က ၎င်းသည်ငွေချေးစာချုပ်ကို လက်မှတ်မထိုးခဲ့ပါ၊ ငွေမချေးခဲ့ပါ စသည်ဖြင့် ထုချေခုခံသည့်အတွက် ရုံးကကောက်ချက်ထုတ်နှုတ်စစ်ဆေးကာ၊ ဒလစ်ဆင်း၏အမှုကိုပယ်ခဲ့သည်။ ဒလစ်ဆင်းက ဤရုံးသို့ ပထမအယူခံတင်သွင်းခဲ့ရာ တည်းဖြတ်တရားသူကြီးက၊ အကြောင်းခြင်းရာကိုသုံးသပ်၍၊ ပရာဆပ်သည် စာချုပ်လက်မှတ်ရေးထိုး၍ ငွေချေးယူခဲ့ခြင်းမှန်သည်၊ ထို့ကြောင့်ငွေရင်းငွေတိုး ၅,၉၇၀ကျပ် ပေးဆပ်စေရန်၊ ၎င်းအပေါ် ဒီကရီချမှတ်ပေးခဲ့သည်။

ပရာဆပ်က၊ အခွင့်ထူးဒုတိယအယူခံတက်ရောက်လာရာတွင် ငွေချေးစာချုပ်၌ အတိုးနှုန်းကိုရေးသားဖေါ်ပြထားခြင်းမရှိသည့်အတွက် စာချုပ်သည်၊ ၁၉၄၅ခုနှစ် ငွေပိုးချေးစားသူများ အက်ဥပဒေပုဒ်မ ၁၅ အရပျက်ပြယ်ပါသည်။ ထို့ကြောင့်စာချုပ်ကိုအမှီပြုသော အမှုကိုလည်း ပယ်ရမည်သာဖြစ်ပါသည် ဟုအဓိကအကြောင်းပြသည်။

အယူခံတရားလို၏ရှေ့နေကြီး ဦးဘိုးသာက ပုဒ်မ ၁၅ က ငွေချေးစာချုပ်တွင် ချေးငွေ၊ အတိုးနှုန်း၊ စာချုပ်နေ့စွဲ၊ ပြန်လည်ပေးဆပ်ရမည့်ကာလ၊ စသည်တို့ကို အတိအကျ ရေးသားဖေါ်ပြထားပြီးဖြစ်ရမည်။ ဗလာထား၍ နောက်မှဖြည့်စွက်ခြင်းလည်း မရှိစေရ၊ ယင်းစည်းကမ်းချက်တို့နှင့်မညီလျှင်၊ စာချုပ်ပျက်ပြယ်သည်ဟု အဘိအလင်း ပြဋ္ဌာန်းထားပါသည်။ အမှုတွဲတွင်တင်သွင်းထားသောစာချုပ်၌ အတိုးနှုန်းမပါကြောင်း ပေါ်လွင်သဖြင့်၊ ယင်းစာချုပ်သည် ပျက်ပြယ်သည်ဟု ပထမအယူခံရုံးက ဆုံးဖြတ်သင့်ပါလျက်၊ စာချုပ်ကိုအခြေပြုကာ၊ ချေးငွေအပြင် အတိုးပါခွင့်ပြုထားခြင်းသည် မှားယွင်းပါသည်ဟု လျှောက်လဲသည်။

၁၉၇၁

ကါစီပရာဆပ်၊ ကန်ထရိုက်တာ နှင့် ဒလစ်ဆင်း၊ ကန်ထရိုက်တာ။

ရှေ့နေကြီးရည်ညွှန်းသောပုဒ်မ ၁၅ ကဤသို့ပြဋ္ဌာန်းသည်—

" 15. (1) No creditor shall take from a debtor or intending debtor any note, bond, security or promise to pay, which does not state the actual amout in words of the loan, the terms of the loan, the date of execution of the document, the rate of interest charged and the time, if any, winthin which the principal is stipulated to be repaid in full, or which states any of such particulars incorrectly; nor shall any creditor take from any debtor or intending debtor any instrument in which any of the above particulars is left blank to be filled up at a subsequent date.

(2) Notwithstanding anything contained in any law for the time being in force, any such note, bond, security, promise, or document shall be void.

အယူခံတရားပြိုင်၏ရှေ့နေကြီး ဦးသန်းအောင်က ငွေချေးစာချုပ်တွင် အတိုးနှုန်း ဖော်ပြ၍မထားသည်မှာ၊ အတိုးမယူ၍ဖြစ်ပါသည်။ မူလရုံးတွင် အတိုးတောင်းစဉ် ကလည်း၊ ရုံးကခွင့်ပြုလေ့ရှိသောအတိုး။ (Customary Interest) ကိုသာတောင်း ပါသည်။ အတိုးနှုန်းမတောင်းပါ။ ထို့ကြောင့်ငွေချေးစာချုပ်သည် ပုဒ်မ ၁၅ ကို မကျူးလွန်၊ တရားဝင်ပါသည်။ ပထမအယူခံရုံးက အတိုးငွေခွင့်ပြုခြင်းပျက်ပြယ်စေဦး၊ ငွေရင်းကိုပြန်ပေးစေခဲ့မှတ်သော ဒီကရီကိုအတည်ပြုသင့်ပါသည်ဟု လျှောက်လဲသည်။

ငွေတိုးချေးစားသူများ အား ဥပဒေသည် ငွေတိုးပေးလုပ်ငန်းကို စည်းကမ်းဖြင့်ချုပ် သိမ်းရန် ရည်ရွယ်သည်မှာ ထင်ရှား၏။ ငွေချေးယူသူမြို့ရှင်အား ဗလာစာချုပ်တွင် လက်မှတ်ရေးထိုးစေပြီးနောက် ချေးငွေ ကို ငွေတိုးချသူ ငွေရှင် ကြိုက်သလောက်ဖြည့်စွက်ခြင်း စသော မတရားသောလုပ်ရပ်တို့ကို တားဆီးပိတ်ပင်ရန် စေတနာပါသောဥပဒေဖြစ်၏။

အယူခံတရားပြိုင် ဒလစ်ဆင်းသည်၊ လုပ်ငန်းတရပ်အဖြစ် ငွေတိုးယူချေးငှါးသူ မဟုတ်၊ အချင်းချင်းကူညီသည့်အနေဖြင့်၊ ပရာဆပ်အား ငွေချေးလိုက်ခြင်းသာဖြစ်သည် ဟူသောအချက်သည် အငြင်းမပွားပါ။ ငွေချေးစဉ်ကလည်း မည်မျှပေးရမည် ဟုတ်မှတ် တောင်းဆိုခြင်းမပြု၊ နောက်ကျမှ ငွေပေးဆပ်ရန် ငြင်းဆန်သောအခါမှ၊ တရားစွဲဆိုကာ အရင်းနှင့် ရုံးကခွင့်ပြုသည့် အတိုးကို တောင်းခံခြင်းဖြစ်သည်။ နဂိုကအတိုးမတောင်း၊ မသတ်မှတ်ခဲ့သောကြောင့်၊ ငွေချေးစာချုပ်တွင်အတိုးနှုန်းကို မဖော်ပြခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ မယူသောအတိုးကို မဖော်ပြခြင်းဖြင့်၊ ငွေချေးစာချုပ်ပျက်ပြယ်ရန်မရှိ။

၁၉၇၁
ကါစီပရာဆပ်၊
ကန်ထရိုက်တာ
နှင့်
ဒလစ်ဆင်း၊
ကန်ထရိုက်တာ။

ငွေတိုးချစားသူများ အက်ဥပဒေပုဒ်မ ၁၅ က၊ အတိုးနှုန်းပါလျှင်၊ အတိအလင်း ဖေါ်ပြရမည်ဟု လွှမ်းခြုံ၍ သတ်မှတ်ထားသဖြင့် ရုံးကခွင့်ပြုသောထုံးတမ်းစဉ်လာ အတိုးဟူ၍ ဥပဒေအပြင်ဘက်၌ သီးခြားရပ်တည်ခွင့်မရှိနိုင်။ အတိုးကိုအမျိုးအစား ခွဲခြား၍ မည်သည့်အတိုးမျိုးကို ငွေချေးစာချုပ်တွင်ဖေါ်ပြရမည်၊ မည်သည့်အမျိုးအစားကို စာချုပ်တွင်မဖေါ်ပြစေကာမူ ရုံးကခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်း၊ ကင်းလွတ်ခွင့်ပြုထားခြင်း မရှိ။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ရုံးကတိတိကျကျ လိုက်နာရမည်သာဖြစ်သည်။

ထို့ကြောင့်၊ ငွေချေးသူ ငွေရှင်က ချေးယူသူမြို့ရှင်ထံမှ အတိုးနှုန်းယူရန်မူလက သဘောတူခဲ့ပါလျက်၊ ယင်းအတိုးနှုန်းကို ငွေချေးစာချုပ်တွင်မဖေါ်ပြခဲ့လျှင်၊ ထိမ်ဝှက်ခြင်း မြောက်သောကြောင့် ပုဒ်မ ၁၅ အရ၊ စာချုပ်တခုလုံးပျက်ပြယ်သည်။ ယင်းစာချုပ်ကိုသာ မှီခိုအားထားကာ ငွေရှင်က တရားစွဲဆိုပိုင်ခွင့်မရှိ။ ဤအမှုတွင်၊ ငွေရှင်က မူလဦ အတိုးယူရန်ရည်ရွယ်ခြင်းမရှိခဲ့ ဟုအကြောင်းခြင်းရာမှ ယူဆနိုင်သောကြောင့်၊ အတိုးနှုန်းကိုဖေါ်ပြခြင်းမပြုသောစာချုပ်သည် ပျက်ပြယ်ခြင်းမရှိ။ သို့ရာတွင်၊ ယင်းစာချုပ်အရ ငွေရင်းကိုသာ ဒီကရီချမှတ်ပေးနိုင်သည်။ ရုံးတွင်အတိုး ခွင့်ပြုနိုင်သည့်အာဏာမရှိ။

ပထမအယူခံရုံးကွင် အတိုးနှုန်းနှင့်ပတ်သက်၍၊ ဒံမှုသည်များက၊ တင်ပြခဲ့ကြဟန် မတူချေ။ ထို့ကြောင့်လည်း ငွေတိုးချစားသူများ အက်ဥပဒေကိုမကြည့်တော့ဘဲ၊ တရားသူကြီးက ငွေရင်းနှင့်ငွေတိုးပါ ခွင့်ပြုခဲ့ခြင်းဖြစ်တန်ရာသည်။ သို့ရာတွင် တင်ပြမှုမြင်ရသည်မဟုတ်၊ အမှုကိုဆုံးဖြတ်ရသည်မှာ တရားသူကြီးဖြစ်၍၊ တရားသူကြီးသည် အကြောင်းခြင်းရာ ဆီလျော်သော ဥပဒေတို့ကို မပြတ်သတိဖြင့်ကောင်းစွာလေ့လ ပြီးနောက်အမှုတွင်ပေါ်ပေါက်သမျှတို့ကို၊ ပြီးပြည့်စုံအောင် ဆုံးဖြတ်ရသည်။ သို့မှသာ မှုခင်းများကို မှန်ကန်မျှတစွာ ပြီးပြီးပြတ်ပြတ် ဆုံးဖြတ်နိုင်ကြမည် ဖြစ်ပေသည်။ ရှေ့နေကြီးများကလည်း၊ ရုံးအရာရှိများ၊ အမှန်တရား၏အကျိုးဆောင်များပီပီ၊ မိမိ ဖက်လိုသာသည့်အချက်ကိုသာ တင်ပြခြင်းမပြုဘဲ၊ အားလုံးကိုခြုံ၍ မျှတမှန်ကန်စွာ ထုတ်ဖေါ်တင်ပြကြရန်ဖြစ်ပေသည်။

ပထမအယူခံရုံးက အတိုးငွေ ၁,၉၇၀ ကျပ်ခွင့်ပြုထားသည်ကို ပယ်ဖျက်လိုက်သည်။ ပရာဆပ်က ဒလစ်ဆင်းအား ငှင်းချေးယူထားသောငွေရင်း ၄,၀၀၀ ကျပ်ကို၊ မူလရုံး၊ ပထမအယူခံရုံးတို့တွင် ဒလစ်ဆင်းကုန်ကျခဲ့သော အခြေးကျငရိတ်များနှင့်အတူပေးစေရမည်။ ဤအခွင့်ထူးအယူခံတွင် အမှုသည်တို့က ကိုယ့်စရိတ်ကိုယ်ခံ။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပဌမအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးစိန်သင်းတို့က ဟင်ပြသည့် အပေါ် တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ဆုံးဖြတ်ချက်

†၁၉၇၁

ဧပြီလ ၂၀ ရက်။

## ကမ်ဇာခန်

နှင့်

## လှသနင်းပါ ၆ *

**အမှုတခုကို စိတ်တွင် ပွင့်လင်း သန့်ရှင်းစွာ စစ်ဆေးနိုင်သည်ဟု အမှုစစ် တရားသူကြီးက ယုံကြည် လျှင် ယင်းသို့ စစ်ဆေးစီရင်ရန်မှာ အခွင့်အရေး တရပ်သာမဟုတ်၊ တာဝန် ဖြစ်ခြင်း—တဦး ကိုတဦး လေးစား ယုံကြည် ယဉ်ကျေးစွာ ဆက်ဆံကြခြင်းသည် ရုံးနှင့် ရှေ့နေ တို့ ထားရှိ အပ်သော ကျင့်ဝတ် ဖြစ်ခြင်း—တရားသူကြီးသည် မူလဘက် မှုခင်းတွင် အနည်းငယ် ဆောင် ရွက် ခဲ့ခြင်း၊ ယင်းအမှုမှ ပေါက်ပွါးသော ကိစ္စ တရပ်တွင် အယူခံ ဘက်၌ ပါဝင် ဆုံးဖြတ် ခဲ့ခြင်းတို့ကြောင့်၊ ၎င်း တရားသူကြီး အား အယူတွင် ဆက်လက် ဆောင်ရွက်ခြင်း ပြုသင့် မပြုသင့်။**

အမှုမှာ နိုင်ငံတော်တရားရုံးချုပ် မူလဘက်ဌာန၏၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ်(၈)တွင်၊ တရားလို (ယခုအယူခံတရားပြိုင်) တို့အား အနိုင် ဒီကရီ ချမှတ် ပေးသည်ကို မကျေနပ်၍၊ အယူခံ တရားလို (မူလတရားပြိုင်) တို့က အယူခံဝင်သော အမှုဖြစ်သည်။ ။အယူခံ တရားလို ဘက်မှ လိုက်ပါ ဆောင်ရွက်သော တရားရုံးချုပ် ရှေ့နေ ဦးဝမ်ဟုတ်က အယူခံ ခုံရုံးတွင် ပါဝင်သော တရားသူ ကြီး တဦး ဖြစ်သော ဦးကျော်ဇံဦး သည်၊ မူလ အမှုတွင် ငြင်းချက် ထုတ်ခဲ့ပြီး တရားလိုများ ဘက်ကို စစ်ဆေးခဲ့၍၊ တရားသူကြီး ဦးကျော်ဇံဦး မပါဝင်သော ခုံရုံးကသာ ဤအယူခံမှုကို ကြားနာသင့် ကြောင်း တင်ပြရာ၊ ၎င်းနှင့် အတူ လိုက်ပါဆောင်ရွက်သော ဝတ်လုံတော်ရ ဦးချန်ထွန်းအောင်က ထောက်ခံသည်။ အယူခံ တရားပြိုင်များ၏ တရားရုံးချုပ်ရှေ့နေ မစ္စတာ ဘီ၊ ကေ၊ ဆင်း ကမူ၊ ဤအယူခံမှုမှာ ၄ နှစ် နီးပါး ကြာပြီဖြစ်၍၊ တရားသူကြီး ဦးကျော်ဇံဦး ပါဝင်သော ခုံရုံးက စစ်ဆေး ကြားနာခြင်းကို ကန့်ကွက်ရန် မရှိဟု ဆိုသည်။ သို့ဖြစ်၍၊ ခုံရုံး တရားသူကြီးများက တရားသူကြီး ချုပ်ထံသို့ သိသာရန်နှင့် ညွှန်ကြားချက် ပေးရန် တင်ပြ ခဲ့သည်။

---

* ၁၉၆၇ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၇၅။

† ဤရုံးချုပ်၊ မူလဘက် ဌာန၏၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၈ တွင် ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် နေ့စွဲပါ တရားသူကြီး ဦးသက်ဇော် ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံမှု။

ဆုံးဖြတ်ချက်။ ။အမှုတခုကို စိတ်တွင် ပွင့်လင်း သန့်ရှင်းစွာ စစ်ဆေး စီရင်နိုင်သည်ဟု အမှုစစ် တရားသူကြီးက ယုံကြည်လျှင်၊ ယင်းသို့ စစ်ဆေး စီရင်ရန်မှာ အခွင့် အရေးတရပ်မျှသာ မဟုတ်၊ တာဝန် တရပ်ပင် ဖြစ်သည်။ စစ်ဆေး နိုင်ပါလျက်၊ စစ်ဆေးခြင်း မပြုက၊ တာဝန်ကိုပင် တိမ်းရှောင်ရာ ရောက်နိုင်သည်။ ကိုယ်ကြိုက်ရာ အမှုကို ရွေး၍၊ စစ်ဆေးကြလျှင်၊ မလျော်သော ကိစ္စများ ဖြစ်နိုင်သည်။ ၁၉၇၁ ကမ်ဇာခန် နှင့် လှနင်းပါ ၆။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်၏ သက်တမ်းတွင်လည်း အမှုသည်များ အပြင်း အထန် ပဋိပက္ခ ဖြစ်နေသည့် အခါများမှ လွဲ၍၊ ရှေ့နေကြီးများသည်၊ ရုံးအပေါ် လေးစား ယုံကြည်စွာ ဆက်ဆံ ခဲ့ကြသည်ကို တသမတ်တည်း တွေ့ခဲ့ရသည်။ ဤသို့ တဦးကို တဦး လေးစားယုံကြည် ယဉ်ကျေးစွာ ဆက်ဆံ ကြခြင်းသည်၊ ရုံးနှင့် ရှေ့နေတို့ ထားရှိ အပ်သော ရှေးဟောင်း ကျင့်ဟန်လည်း ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။မူလဘက် တရားသူကြီးများသည်လည်း၊ ယခင် အခါများမှာ ကဲ့သို့ တဆက်တည်း နှစ် အတန်ကြာအောင် မထိုင်နိုင်ကြပါ။ အယူခံဘက်သို့ ဝင်ရောက် ကူညီရခြင်း၊ အလှည့်ကျ မန္တလေးသို့ သွားရောက် ရုံးထိုင်ရခြင်းများ ပြုကြရပါသည်။ ထို့ကြောင့် မူလဘက် မှုခင်း တရပ်တွင် သက်သေ အနည်းငယ် စစ်ဆေးခဲ့ခြင်း၊ ကြားဖြတ် အမိန့် တရပ်ရပ် ချမှတ်ခဲ့ခြင်း၊ ယင်း အမှုမှ ပေါက်ဖွားသော ကိစ္စ တရပ်ရပ်တွင် အယူခံဘက်၌ ပါဝင် ဆုံးဖြတ်ခဲ့ခြင်းဟူ၍ ရှိလာပါသည်။ ယိုသို့ ရှိတိုင်း တရားသူကြီးအား အမှုတွင် ဆက်လက် ဆောင်ရွက်ခြင်း မပြုရဟု ဆိုလျှင် မှုခင်းများ ပြီးပြတ်တော့မည်မဟုတ်၊ သာသူ သာ၍၊ နာသူ နာကြ ပါလိမ့်မည်။

အယူခံ တရားလိုအတွက်။ ။တရားရုံးချုပ် ရှေ့နေများ ဦးဝမ်ဟုတ်နှင့် ဦးချန်ထွန်းအောင်။

အယူခံ တရားခံအတွက်။ ။တရားရုံးချုပ် ရှေ့နေကြီး မစ္စတာ ဘီ၊ ကေ၊ သင်း။

*　　*　　*　　*

၁၉၇၁ ခုနှစ်၊ မတ်လ ၃၁ ရက်။ ။အမှုခေါ်သည်။

ဒေါက်တာ မောင်မောင်။ ။အယူခံ တရားလို အတွက် တရားရုံးချုပ် ရှေ့နေ၊ ဦးချန်ထွန်းအောင်နှင့် ဦးဝမ်ဟုတ်တို့ ရောက်သည်။ အယူခံ တရားပြိုင်များ အတွက် တရားရုံးချုပ် ရှေ့နေ မစ္စတာ ဘီ၊ ကေ၊ သင်း ရောက်သည်။

ဦးဝမ်ဟုတ်က ဤအယူခံမှုသည် ဤရုံး၏ မူလဘက်မှ တက်လာသော အမှုဖြစ်ရာ၊ မူလအမှုတွင် တရားသူကြီး ဦးကျော်ဇံဦးက ငြင်းချက် ထုတ်ခဲ့သည်ဟု ဆိုသည်။ ငြင်းချက်မှာလည်း တခုသာ ဖြစ်သည်။ ထိုငြင်းချက်မှာ—

"Are the allegations in the plaint true, and if so, are the plaintiffs entitled to a decree as prayed for therein?"

၁၉၇၁

ကမ်ဇာခန်
နှင့်
လွှာနင်းပါ ၆။

မူလရုံးတွင် တရားသူကြီး ဦးကျော်ဇံဦးသည် တရားလို ၂ ယောက်နှင့်၊ လိုပြုသက်သေတယောက် စုစုပေါင်း ၃ ယောက်ကို စစ်ဆေးပြီး၊ တရားလိုဘက်မှ အမှုကို ပိတ်ခဲ့သည်၊ အမှုမှာ ချေးငွေကို ပြန်ရလိုမှု ဖြစ်သည်။

တရားပြိုင် (ယခု အယူခံတရားလို) နှင့် ၎င်း၏သက်သေ ၄ ယောက်ကို တရားသူကြီး ဦးသက်ဖေက စစ်ဆေး၍ အယူခံ တရားပြိုင် (မူလ တရားလိုများ) အား၊ အယူခံ တရားလိုထံမှ အချိုးကျ တရားစရိတ်ဖြင့် ငွေ ၄၃,၀၀ဝ ကို ရယူရန် ဒီကရီ ချမှတ်ပေးလိုက်သည်။

အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေဦးဝင်းဟုတ်က တရားသူကြီး ဦးကျော်ဇံဦးသည် ငြင်းချက်ကို ထုတ်၍ တရားလိုများ (အယူခံ တရားပြိုင်များ) ဘက်ကို စစ်ဆေးခဲ့၍၊ တရားသူကြီး ဦးကျော်ဇံဦး မပါဝင်သော ခုံရုံးကသာ ဤအယူခံမှုကို စစ်ဆေးကြားနာသင့်သည်ဟု ဆိုသည်ကို ၎င်းနှင့် အတူ လိုက်ပါဆောင်ရွက်သော ဝတ်လုံတော်ရ ဦးချန်ထွန်းအောင်ကလည်း ထောက်ခံ၍ အယူခံ တရားလိုက အယူခံ တရားပြိုင် အမှတ် (၂-က) အား ပေးသော စာ နှစ်စောင်နှင့်ပတ်သက်လျက်၊ ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် နေ့စဉ်မှတ်တမ်းကိုရည်ညွှန်း၍ သက်သေခံ အဖြစ် တင်သွင်းခွင့်ကို ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့စွဲပါ ကြားဖြတ် အမိန့် (ကြားဖြတ်ဖိုင်တွဲ စာမျက်နှာ ၆က) ဖြင့် ချမှတ်ခဲ့သည်ဖြစ်၍၊ ဤအယူခံမှုကို တရားသူကြီး၊ ဦးကျော်ဇံဦးကလည်း ပါဝင်၍ စစ်ဆေးကြားနာလျှင် ၎င်း၏ အမှုသယ်သည့် တရားမျှတမှုရရှိနိုင်မည်ဟု ထင်မြင်ယူဆမည် မဟုတ်ဟု ဆိုသည်။

ဤအယူခံမှုကို တရားသူကြီး ဦးကျော်ဇံဦး တဦးတည်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ပေးမည် မဟုတ်ဘဲ ခုံရုံးကသာ ကြားနာစစ်ဆေး၍ ဆုံးဖြတ်ပေးမည် ဖြစ်သည်။ တရားသူကြီး ဦးကျော်ဇံဦးသည် မူလ အမှုကို ပြည့်ပြည့်စုံစုံကြားနာစစ်ဆေးပြီး၊ စီရင်ချက် ဒီကရီ ချမှတ်ပေးခဲ့သော တရားသူကြီးလည်း မဟုတ်သည့် အပြင်၊ တရားသူကြီး ဦးကျော်ဇံဦးသည် လွန်ခဲ့သော ၅ နှစ်ခန့်က ကြားနာခဲ့ခြင်းသာ ဖြစ်သည်။

အယူခံ တရားပြိုင်များ၏ တရားရုံးချုပ် ရှေ့နေ မစ္စတာ ဘီ၊ ကေ၊ ဆင်းကား ဤအယူခံမှုကို တရားသူကြီး ဦးကျော်ဇံဦး ပါဝင်သော ခုံရုံးက စစ်ဆေးကြားနာခြင်းကို ကန့်ကွက်ရန် မရှိဟု ဆိုသည်၊ ဤအယူခံမှုမှာလည်း ၄ နှစ် နီးပါးခန့် ကြန့်ကြာနေပြီ။

အထက် ဖော်ပြပါ အချက်များကို တရားသူကြီးချုပ် သိရှိရန်နှင့် ညွှန်ကြားချက်ပေးရန် တင်ပြပါသည်။ အမှုကို နောက် အပတ်တွင် ပြောကြားရန် ချိန်းဆိုထားပါသည်။

၁၉၇၁ ခုနှစ်၊ ဧပြီလ ၂၈ ရက် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ အလားတူ ပြဿနာ ဤရုံး ၁၉၆၄ ခုနှစ်၊ တရားမကြီးမှု နံပါတ် ၂၉ တွင် ပေါ်ပေါက်ခဲ့ဘူးပါသည်။ ယင်းအမှု၌ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့စွဲပါ နေ့စဉ်မှတ်တမ်းတွင် ဤပြဿနာမျိုး ပေါ်ပေါက်သောအခါ လိုက်နာ ကျင့်သုံးရန် တရားသူကြီးများကလက်ခံထားသည့်မှုကို ကျွန်တော်ရှင်းလင်းဖော်ပြပြီး ဖြစ်ပါသည်။ နေ့စဉ် မှတ်တမ်းမှ အောက်ပါ ကဲ့သို့ ကောက်နုတ်ဖော်ပြပါသည်။

၁၉၇၁ — ကမ်ဇာခန် နှင့် လွှာနင်းပါ ၆။

"ဤကိစ္စမျိုးနှင့် ပတ်သက်၍ တရားရုံးချုပ် တရားသူကြီးအားလုံးက၊ ကျေညက်စွာ စဉ်းစားကြပြီး ဖြစ်သည်။

အမှုတမှုကို စိတ်တွင် ပွင့်လင်း သန့်ရှင်းစွာ စစ်ဆေး စီရင်နိုင်သည်ဟု အမှုစစ် တရားသူကြီးက ယုံကြည်လျှင်၊ ယင်းသို့ စစ်ဆေး စီရင်ရန်မှာ အခွင့် အရေး တရပ်မျှသာ မဟုတ်၊ တာဝန် တရပ်ဖြစ်သည်။ စစ်ဆေးနိုင်ပါလျက် စစ်ဆေးခြင်း မပြုက၊ တာဝန်ကိုပင် တိမ်းရှောင်ရာ ရောက်နိုင်သည်။ ကိုယ်ကြိုက်ရာ အမှုကို ရွေး၍ စစ်ဆေးကြလျှင်၊ မလျော်သော ကိစ္စများ ဖြစ်နိုင်သည်။

တရားရုံးချုပ်တွင် တရားသူကြီးများ နည်းပါးနေသည့် အထဲမှ၊ မန္တလေးတွင် ရုံးထိုင်၊ အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့၊ စစ်ဘက် အယူခံ တရားရုံး၊ မူလဘက်၊ အယူခံဘက်တို့တွင် ခွဲဝေ၍ ရုံးထိုင်ကာ၊ အထူး အယူခံ လျှောက်လွှာများကိုပါ ကြားနာစစ်ဆေးကြရသည်။ ဤအခြေအနေတွင် ကျွန်ုပ်တို့က အများ ပြည်သူ အကျိုးကို သောက်ရှု၍၊ အထက်ပါမှုကိုတိတိမတ်မတ် ကျင့်သုံးရန် ပို၍ပင်လိုသေးသည်။

တရားရုံးချုပ်၏ သက်တမ်းတွင်လည်း အမှုသည်များ အပြင်း အထန် ပဋိပက္ခ ဖြစ်နေသည့်အခါများမှလွဲ၍၊ ရှေ့နေကြီးများသည် ရုံးအပေါ် လေးစားယုံကြည်စွာ ဆက်ဆံခဲ့ကြသည်ကို တသမတ်တည်း တွေ့ခဲ့ရသည်။ ဤသို့တဦးကို တဦးလေးစား ယုံကြည် ယဉ်ကျေးစွာ ဆက်ဆံကြခြင်းသည်၊ ရုံးနှင့် ရှေ့နေတို့ ထားရှိအပ်သော ရေးဟောင်း ကျင့်ဝတ်လည်း ဖြစ်သည်။

တရားသူကြီး ကိုယ်တိုင်က အကြောင်း တစုံတခုကြောင့် စိတ်တွင် ပွင့်လင်း သန့်ရှင်းစွာ အမှုကို စစ်ဆေး စီရင်ခြင်း မပြုနိုင်ဟု ယူဆပါက၊ ထိုအချက်ကို မှတ်တမ်းတင်ကာ တရားသူကြီးချုပ်ထံ တင်ပြသည့်ထုံးကိုလည်း တရားသူကြီးများက ဆက်လက် ကျင့်သုံးကြရန် ဆုံးဖြတ်ကြသည်။"

တဖန် ဤရုံး မူလဘက်၌ ၁၉၅၇ ခုနှစ်၊ တရားမကြီးမှုနံပါတ် ၁၂၄ တွင် အလားတူ ပြဿနာပေါ်ပေါက်ပြန်သဖြင့် ၁၉၇၀ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့စွဲပါနေ့စဉ် မှတ်တမ်း၌

၁၉၇၁ — ကမ်ဇာခန် နှင့် လွှာနှင်းပါ ၆။

အထက်ပါ မှုကို ကျွန်တော်က ထပ်မံ ရှင်းလင်း ဖော်ပြကာ အမှုကို ဆက်လက် စစ်ဆေးရန်၊ မူလဘက်သို့ ပြန်ပို့ခဲ့ရပါသည်။ ယင်းနေ့စဉ်မှတ်တမ်းမှ အောက်ပါကဲ့သို့ ကောက်နုတ်ဖော်ပြပါသည်။

"မူလဘက် တရားသူကြီးများသည်လည်း၊ ယခင်အခါများမှာ ကဲ့သို့ တဆက်တည်း နှစ် အဘန်ကြာအောင် မထိုင်နိုင်ကြပါ။ အယူခံဘက်သို့ ဝင်ရောက်ကူညီရခြင်း၊ အလှည့်ကျ မန္တလေးသို့ သွားရောက်ရုံးထိုင်ရခြင်းများ ပြုကြရပါသည်။ ထို့ကြောင့် မူလဘက် မှုခင်း တရပ်တွင် သက်သေ အနည်းငယ် စစ်ဆေးခဲ့ခြင်း၊ ကြားပြတ် အမိန့်တရပ်ရပ်ချမှတ်ခဲ့ခြင်း၊ယင်းအမှုမှ ပေါက်ဖွါးသော ကိစ္စ တရပ်ရပ်တွင်အယူခံဘက်၌ ပါဝင်ဆုံးဖြတ်ခဲ့ခြင်းတို့ ရှိလာပါသည်။ထိုသို့ရှိတိုင်းတရားသူကြီးအား အမှုတွင် ဆက်လက် ဆောင်ရွက်ခြင်း မပြုရဟု ဆိုလျှင် မှုခင်းများ ပြီးပြတ်တော့မည်မဟုတ် သာသူသာ၍၊ နာသူနာကြပါလိမ့်မည်။

အထက်ပါ အကြောင်းများကို ရှေ့နေကြီးများအားလည်း ကြုံတိုင်း ရှင်းလင်းပြောပြ၍ ဝိုင်းဝန်း ကူညီကြပါရန် အမှုသည်များကိုလည်း တဆင့် ရှင်းလင်း ပြောပြကြပါရန် မေတ္တာရပ်ခံပြီးဖြစ်သည်နှင့် အညီ ရှေ့နေကြီးများကလည်း ကူညီနေကြပါသည်။"

အထက်ပါကဲ့သို့ တရားသူကြီး အားလုံး သတောတူ ချမှတ်ထား၍ တသမတ်တည်း ကျင့်သုံးလာရသော မှုအရလည်းကောင်း၊ ခုံရုံး တရားသူကြီး ၂ ဦး၏ မှတ်ချက်အရ လည်းကောင်း၊ အယူခံတရားပြိုင်၏ ရှေ့နေကြီးက ကန့်ကွက်ရန် မရှိခြင်း ကြောင့် လည်းကောင်း အယူခံမှုကို တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးစိန်သင်းတို့ ပါဝင်သောခုံရုံးက စစ်ဆေးဆုံးဖြတ်နိုင်ရန်၊ အမှုတွဲကို ပြန်ပို့လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပဌမအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

## မောင်ကျော်မြင့်

နှင့်

## မောင်ကျော်ဆင့် (ငယ်ရွယ်သူ) ၎င်း၏အုပ်ထိန်းသူ ဒေါ်မြကျင်*

† ၁၉၇၁ မေလ ၃ ရက်။

**မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေ—လင်မယား ကွာရှင်းပြီး နောက် မိဘများထံမှ သားသမီးများ၏ အမွေ ဆက်ခံခွင့်—အမိ အဘတို့၏ အိုးအိမ်သစ်—မိဘတို့၏ဆန္ဒ—သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရား။**

**ဆုံးဖြတ်ချက်။** ။လင်မယား ကွာရှင်းပြီးသည်နှင့် တပြိုင်နက် အဖ၏ အိုးအိမ်၊ အမိ၏ အိုးအိမ်ဟူ၍ အိုးအိမ်သစ်နှစ်ခု ပေါ်ပေါက် လာသည်။ အဖနှင့် အတူ လိုက်နေသည့် သားသမီးများသည် အဖထံမှ အမွေကို ဆက်ခံနိုင်သည်။ အမိထံမှ အမွေကိုမူ ဆက်ခံခွင့် မရှိ၊ ထိုနည်းတူစွာပင် အမိနှင့် လိုက်ပါ သွားသော သားသမီးများသည်လည်း ဖခင် ထံမှ အမွေကို ဆက်ခံခွင့် မရှိတော့ပေ။ လင်မယား ကွာရှင်း ပြတ်စဲရာ၌ မည်သည့် သားသမီးသည် မည်သူ့ထံမှ အမွေကို ဆက်ခံ စေရမည် ဆိုသော အချက်မှာ မိဘတို့၏ ဆန္ဒအလျောက် ဆုံးဖြတ်ရသည့် အချက် ဖြစ်သည်။ မရီရီ နှင့် မကလေး အောက် မြန်မာပြည် စီရင်ထုံး၊ အတွဲ ၆၊ စာ ၁၆၇ ကို ရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရား ဆိုရာ၌ ရှံဖန် ရံခါ အလည် အပတ်သွားခြင်း၊ မိဘ၏ ပေးကမ်း ထောက်ပံ့မှုကို လက်ခံ ရရှိခြင်း အစရှိသည့် အချက် အလက်များ ပေါ်ပေါက်လာမှုဖြင့်၊ အဆိုပါ ဝတ္တရားများကို ပြန်လည် ဆောင်ရွက်ရာ မရောက်ကြောင်း စီရင်ထုံးအများအပြားဖြင့် ပြဆိုခဲ့ပြီး ဖြစ်သည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ် ရှေ့နေ ဦးဝင်းကြည်။

**အယူခံတရားခံ အတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးကိုကို။

**တရားသူကြီး ဦးစိန်သင်း။** ။ရန်ကုန်မြို့ တရားမရုံး၊ ၁၉၆၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃၆ တွင်၊ အယူခံ တရားလို မောင်ကျော်မြင့်က၊ အဖေတူ မအေကွဲ ညီတော်

* ၁၉၇၁ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၃၈။

† ၁၉၆၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃၆ တွင် ၁၉၇၀ ခုနှစ်၊ မေလ ၂၉ ရက် နေ့စွဲဖြင့် ရန်ကုန်မြို့ တရားမရုံး၊ တွဲဘက် တရားသူကြီးချုပ်ရုံး၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၁

မောင်ကျော်မြင့် နှင့် မောင်ကျော်ဆင့် (ယင်ရှယ်သူ) (၎င်း ၏ အုပ်ထိန်းသူ ဒေါ်မြကျင်)။

သူ မောင်ကျော်ဆင့် အပေါ်၌ ၎င်းတို့၏ ကွယ်လွန်သူ ဖခင် ဦးအောင်မြိုင် ကျန်ရစ်သည့် ပစ္စည်းများကို အုပ်ထိန်း စီမံခန့်ခွဲပေးစေလိုမှု တရားစွဲ ဆိုခဲ့သည်။ အယူခံ တရားလို၏ မိခင် ဒေါ်အေးမှင်နှင့် ကွယ်လွန်သူ ဦးအောင်မြိုင်တို့သည်၊၁၉၄၇ ခုနှစ်က အိမ်ထောင် ကျ၍၊ အယူခံ တရားလို မောင်ကျော်မြင့်ကို မွေးဖွါးခဲ့သည်။ မောင်ကျော်မြင့် တနှစ်သား အရွယ်သို့ ရောက်သော အခါ ဦးအောင်မြိုင် နှင့် ဒေါ်အုံးမှင်တို့သည် နှစ်ဦး သဘောတူ လင်မယား ကွာရှင်း ပြတ်စဲခဲ့သည်။ မောင်ကျော်မြင့် အား၊ မိခင် ဖြစ်သူက ထိန်းသိမ်း စောင့်ရှောက် မွေးမြူခဲ့သည်။ လင်မယား ကွာမှင်း ပြတ်ငဲပြီးနောက် ဦးအောင်မြိုင်သည်၊ မူလက နေထိုင်သည့် ရွာဦပင် တနှစ်ခန့် ဆက်လက် နေထိုင်ပြီးနောက်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ နေထိုင်သည်။ ထိုကဲ့သို့ နေထိုင်စဉ် ဦးအောင်မြိုင်သည် အယူခံ တရားပြိုင် မောင်ကျော်ဆင့်၏ မိခင် ဒေါ်အေးနှင့် အကြောင်း ပါခဲ့သည်။ ဦးအောင်မြိုင် နှင့် ဒေါ်အေးတို့တွင် သားနှစ်ယောက် ထွန်းကားခဲ့ရာ၊ တယောက် သေဆုံးသွားပြီး မောင်ကျော်ဆင့်သာလျှင် ကျန်ရစ်ခဲ့သည်။ ထို့နောက် ၁၉၆၂ ခု၊ ဩဂုတ်လ ၉ ရက် နေ့တွင် ဦးအောင်မြိုင် သည် ရန်ကုန်မြို့၌ ကွယ်လွန် သွားသောကြောင့်၊ မောင်ကျော်မြင့်က အမွေ တောင်းခံရာ မရရှိသဖြင့် ဤအမှုကို စွဲဆိုခြင်း ဖြစ်သည်။ ဒေါ်အေးမှာလည်း ၁၉၅၂ ခုနှစ်အတွင်းက သေ ဆုံးသွားခဲ့ပြီး ဖြစ်သည်။

မူလ ရုံးဘွင် အယူခံ တရားပြိုင် မောင်ကျော်ဆင့်က၊ အယူခံ တရားလို မောင်ကျော်မြင့်သည်၊ ဦးအောင်မြိုင်၏ အမွေစား အမွေခံ မဟုတ်သော ကြောင့် အမွေ ဆက်ခံခွင့် မရှိပါဟု ထုချေခဲ့သည်။ ထို့ကြောင့် ဤအမှုဋ္ဌ အဓိက စဉ်းစားရန် ကောက်ချက်မှာ "ကွယ်လွန်သူ ဦးအောင်မြိုင်၏ ပစ္စည်းများကို အမွေအဖြစ် မည်သူ ဆက်ခံ ယူထိုက် ပါသနည်း" ဟူ၍ ဖြစ်သည်။

မူလရုံးတရားသူကြီးက တရားလို၏ မိဘများ ကွာရှင်းရာတွင်၊ တရားလို၏ မိခင်က တရားလို၏ ဖခင်အား ပစ္စည်းခွဲဝေသည့် အနေဖြင့် ငွေ ကျပ် ၄၄၀ ပေးခဲ့ရပြီးလျှင်၊ တရားလိုအား၊ မွေးမြူရန် တာဝန်ကိုပါ ယူခဲ့ရပါသည်၊ တရားလို၏ မိခင်သည် ရန်ကုန် မြို့သို့ ပြောင်းရွှေ့ နေထိုင်ကာ ပန်းရောင်းသည့် အလုပ်ကို လုပ်ကိုင်ပြီး တရားလိုအား လူလားမြောက်သည် အထိ စောင့် ရှောက် မွေးမြူခဲ့ပါသည်။ တရားလိုသည် မိမိ၏ ဖခင် ကွယ်လွန်သူ ဦးအောင်မြိုင် အား၊ သားသမီး တို့၏ ပြုဘွယ် သောဝတ္တရားများကို ပြန်လည် ဆောင်ရွက် ခဲ့ကြောင်း သက်သေခံ အထောက် အထား တင်ပြ နိုင်ခြင်း မရှိပါ၊ ဖခင် ဖြစ်သူ အနေဖြင့် တရားလိုအား ရံဖန် ရံခါ မုန့်ဘိုးပေးခြင်း၊ စာအုပ်ဘိုး ပေးခြင်း လာရောက် လည်ပတ်ခြင်းတို့ကို ပြုစေကာမူ ယင်း အပြုအမူများကြောင့် ဖခင် ဖြစ်သူက တရားလိုအား နောက် အိမ်ထောင်သစ်

တွင် အခမွခံ အဖြစ် အသိ အမှတ် ပြုသည်ဟု မယူဆနိုင်ပါ အစ ရှိသဖြင့် ကောက်ယူ ဆုံးဖြတ်ခဲ့သည်။ ယင်းကဲ့သို့ ကောက်ယူ ဆုံးဖြတ်ခဲ့ပြီးနောက်၊ **မပေါ ပါ ၂ နှင့် မမုန်း ပါ ၆** (၁) အမှု စီရင်ထုံးကို ကိုးကားပြီး၊ တရားလို မောင်ကျော်မြင့် သည်၊ ကွယ်လွန်သူ ဦးအောင်မြိုင်၏ ပစ္စည်းများကို အမွေအဖြစ် ဆက်ခံထိုက်သူ မဟုတ်ဟူ၍၊ အဆုံးအဖြတ်ပြုကာ အမှုကို စရိတ်နှင့် တကွ ပလပ် လိုက်သည်။ ထိုစီရင်ချက်နှင့် အမိန့်တို့ကို မကျေနပ်သဖြင့် မောင်ကျော်မြင့်က ယခု ကျွန်ုပ်တို့ရှေ့ရှိ အယူခံလွှာကို တင်သွင်းခြင်း ဖြစ်သည်။

၁၉၇၁

မောင်ကျော်မြင့် နှင့် မောင်ကျော်ဆင့် (ငယ်ရွယ်သူ) (၎င်း ၏ အုပ် ထိန်းသူ ဒေါ်မြ ကျင်)။

အယူခံ တရားလိုအတွက် လိုက်ပါ ဆောင်ရွက်သည့် အကျိုးဆောင်က၊ ဦးအောင်မြိုင် နှင့် ဒေါ်အုံးမှင်တို့ကွာရှင်းကြစဉ်က၊ မောင်ကျော်မြင့်သည်၊ တနှစ်သား အရွယ်သာ ရှိပါသေးသည်၊ ထို့ကြောင့် မိမိကိုယ်တိုင် မည်သည့် မိဘနှင့် နေထိုင်မည်ဟု ဆန္ဒ ပြုနိုင်ခြင်း မရှိခဲ့ပါ၊ မိဘများ ကွာရှင်း စဉ်ကလည်း၊ မိမိ အား ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ မည်သို့သော အစီ အစဉ် ပြုလုပ်ကြောင်း မပေါ် လွင်ပါ၊ ငယ်ရွယ်သူ ဖြစ်သဖြင့် မိခင် ဖြစ်သူထံ ပါသွားခြင်းသာ ဖြစ်ပါသည်။ မိဘများကွာရှင်းပြတ်စဲပြီးနောက် မောင်ကျော်မြင့် လူလား မြောက်လာသော အခါ၊ ဦးအောင်မြိုင်သည်၊ မောင်ကျော်မြင့် အား၊ မုန့်ဖိုးပေးခြင်း၊ ကျောင်းစရိတ် ပေး ခြင်း ပြုလုပ်သည့် အပြင်၊ ရှင်ပြုရန် အတွက်လည်း အစီ အစဉ် များ ရှိခဲ့ပါသည်။ ဦးအောင်မြိုင် သေဆုံးသော အခါ မောင်ကျော်မြင့်တို့သည် ဦးအောင်မြိုင်၏ အသုဘ သို့ သွားရောက် ခဲ့ပါသည်။ ထို့ကြောင့် မောင်ကျော်မြင့်သည်၊ ဦးအောင်မြိုင် အား၊ ၎င်း မသေဆုံးမီက သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရား ပြန်လည် ဆောင်ရွက် ခဲ့သောကြောင့် ဦးအောင်မြိုင်၏ အမွေကို ဆက်ခံသင့်ပါသည်ဟု တင်ပြ လျှောက်လဲ သွားသည်။ အယူခံ တရားလို၏ အကျိုး ဆောင်က ဆက်လက်၍၊ ဦးအောင်မြိုင်၏ ချန်ရစ်ခဲ့သည့် ပစ္စည်းများမှာ၊ ဦးအောင်မြိုင် နှင့် ဒုတိယ ဇနီး ဒေါ်အေးတို့ လက်ထက်က ဖြစ်ပွားသော ပစ္စည်းများ မဟုတ်ပါ၊ ဒေါ်အေး သေဆုံးပြီးနောက်မှ ဖြစ်ထွန်းခဲ့သော ပစ္စည်းများဖြစ်ပါသည်၊ ထို့ကြောင့် ထိုပစ္စည်းများ၌ မောင်ကျော်မြင့်၏ အခွင့် အရေး ရှိပါသည်ဟု တင်ပြ သွားသည်။

လင်မယား ကွာရှင်းပြီးသည်နှင့် တပြိုင်နက်၊ အဖ၏ အိုးအိမ်၊ အမိ၏ အိုးအိမ်၊ ဟူ၍ အိုးအိမ်သစ် နှစ်ခု ပေါ်ပေါက် လာသည်။ အဖ နှင့် အတူ လိုက်နေသည့် သားသမီးများသည်၊ အဖ ထံမှ အမွေကို ဆက်ခံနိုင်သည်၊ အမိထံမှ အမွေကိုမူဆက်ခံခွင့် မရှိ၊ ထိုနည်း တူစွာပင် အမိနှင့် လိုက်ပါ သွားသော သားသမီးများသည် လည်း ဖခင်ထံမှ အမွေကို ဆက်ခံခွင့် မရှိတော့ပေ။ လင်မယား ကွာရှင်း

(၁) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၄၊ စာ ၂၇၂။

၁၉၇၁

မောင်ကျော်မြင့် နှင့် မောင်ကျော်ဆင့် (ယှဉ်ရွယ်သူ) (၎င်း ၏ အုပ်ထိန်းသူ ဒေါ်မြကျင်)။

ပြတ်စဲရာ၌ မည်သည့် သားသမီးသည်၊ မည်သူ့ ထံမှ အမွေကို ဆက်ခံစေရမည် ဆိုသော အချက်မှာ မိဘတို့၏ ဆန္ဒအလျောက် ဆုံးဖြတ်ရသည့် အချက်ဖြစ်ကြောင်း **မရိရိ** နှင့် **မကလေး** (၂) အမှုတွင် ထုံးဖွဲ့ထားပြီး ဖြစ်သည်။ မိဘတို့၏ စီမံခန့်ခွဲမှုသည် သားသမီးများ အပေါ်၌ အတည် ဖြစ်ကြောင်း ဖြင့်လည်း၊ စီရင်ထုံး အများအပြား၌ ပြဆိုခဲ့ပြီးဖြစ်သည်။ ယခု ကျွန်ုပ်တို့ ရှေ့ရှိ အမှုတွင်၊ ဦးအောင်မြိုင် နှင့် ဒေါ်အုံးမှင်တို့ ကွာရှင်း ပြတ်စဲစဉ်က၊ မောင်ကျော်မြင့် အား၊ ဒေါ်အုံးမှင်က ဆက်လက်၍ ကျွေးမွေး စောင့်ရှောက်ခဲ့သည်။ ဦးအောင်မြိုင် သည်၊ ဒေါ်အုံးမှင် နှင့် ကွာရှင်း ပြတ်စဲပြီးနောက် တနှစ်ကျော်ခန့် ကြာသော အခါ၊ ဒေါ်အေး နှင့် အိမ်ထောင်ပြုခဲ့သည်။ မောင်ကျော်မြင့်သည်၊ ဦးအောင်မြိုင်၏ အိမ်ထောင်သစ်သို့ လိုက်ပါ သွားခြင်း မရှိချေ။ ဒေါ်အုံးမှင်နှင့် သာလျှင် အတူတကွ နေထိုင်ခဲ့သည်။ သို့ ဖြစ်လေရာ၊ မောင်ကျော်မြင့် သည်၊ ဦးအောင်မြိုင်၏ အမွေကို ဆက်ခံနိုင်ရန်အတွက်၊ ဦးအောင်မြိုင်၏ အိမ်ထောင် သစ်သို့ ဝင်သွားခြင်း ရှိ၊ မရှိ၊ ဆင်ခြင်စဉ်းစားရန် လိုသည်။ မောင်ကျော်မြင့်သည်၊ ဦးအောင်မြိုင် အား၊ သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရားများကို ပြန်လည် ဆောင်ရွက်ခဲ့ကြောင်း ပေါ်လွင် ထင်ရှားပါက၊ ဦးအောင်မြိုင်၏ အမွေကို ဆက်ခံ နိုင်စရာ အကြောင်းရှိသည်။ သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရား ဆိုရာ၌၊ ရံဖန်ရံခါ အလည် အပတ် သွားခြင်း၊ မိဘ၏ ပေးကမ်း ထောက်ပံ့မှုကို လက်ခံ ရရှိခြင်း အစ ရှိသည့် အချက် အလက်များပေါ်လွင်ရုံသာမျှနှင့် အဆိုပါ ဝတ္တရားများကို ပြန်လည် ဆောင်ရွက်ရာ မရောက်ကြောင်း စီရင်ထုံးအများအပြား၌ ပြဆိုခဲ့ပြီးဖြစ်သည်။ မူလ ရုံး တရားသူကြီး ရည်ညွှန်းသည့် **မချစ်မေ** နှင့် **မစောရှင်** (၃) အမှု၌ ပြဆို ထားသည့် အတိုင်း မောင်ကျော်မြင့် သည်၊ မိခင် ထံတွင် ကျန်ရစ်ခဲ့၍၊ မိခင်၏ လက်တွင်း မှာပင် ကြီးပြင်း လာခဲ့သောကြောင့် ကွယ်လွန်သူ ဖခင်၏ အိမ်ထောင်သစ်သို့ ကူးပြောင်း ပါဝင်ခဲ့ခြင်း မရှိရကား၊ ဦးအောင်မြိုင်၏ အိမ်ထောင်သစ်တွင် တစိမ်း တရံစာ ကဲ့သို့ ဖြစ်နေကြောင်း ထင်ရှားပေသည်။ ထိုသို့ တစိမ်း တရံစာ ဖြစ်နေ သဖြင့် ဖခင်ထံမှ အမွေဆက်ခံခွင့် ရရန် ကိစ္စမှာ ဖခင်၏ ဆန္ဒ အပေါ်၌သာ တည်ပေသည်။ ထို အမှု၌ မြွက်ဟ ထားသည့် အတိုင်း၊ သမီးတဦးသည် မိမိ၏ မိခင်နှင့် ကွာရှင်း ပြတ်စဲခဲ့ပြီး ဖြစ်သည့် ဖခင်ထံ သွားရောက် လည်ပတ် ရုံကာမျှနှင့် ထိုဖခင်၏ အမွေစား တဦး ဖြစ်သည်ဟု မယူဆ နိုင်ချေ။ အယူခံ တရားပြိုင် အတွက် လိုက်ပါ ဆောင်ရွက်သည့် အကျိုးဆောင်ကလည်း၊ ဦးအောင်မြိုင် ကျန်ရစ်ခဲ့သည့် ပစ္စည်း

(၂) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၆ စာ၊ ၁၆၇။

(၃) ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၃၊ စာ ၁၆၆။

> ၁၉၇၁
>
> မောင်ကျော်မြင့် နှင့် မောင်ကျော်ဆင့် (ငယ်ရွယ်သူ) (၎င်း ၏ အုပ်ထိန်းသူ ဒေါ်မြကျင်)။

များမှာ၊ ဒေါ်အေး သေဆုံးပြီးသည့် နောက ပိုင်းမှ ဖြစ်ထွန်းခဲ့သော ပစ္စည်း များ မဟုတ်ပါ၊ ဒေါ်အေး အသက်ရှင်လျက် ရှိစဉ်က ပိုင်ဆိုင်သည့် ပစ္စည်းများမှ တိုးပွါး လာသည့် ပစ္စည်းများ ဖြစ်ပါသည် ဟု တင်ပြ သွားသည်။ မည်သို့ပင် ဖြစ်စေကာမူ၊ မောင်ကျော်မြင့်သည်၊ ဦးအောင်မှိုင်၏ နောက်အိမ်ထောင်တွင် ပါဝင်ခဲ့သူ တဦး ဖြစ်သည်ဟု မယူဆနိုင်သောကြောင့် ဦးအောင်မှိုင်၏ အမွေကို ဆက်ခံ ထိုက်သူ မဟုတ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် မူလရုံး တရားသူကြီး ချမှတ်သည့် စီရင်ချက်နှင့် အမိန့်ဘို့ကို ဝင်ရောက် စွက်ဖက်ရန် အကြောင်း မရှိဟု ကျွန်ုပ်တို့ ယူဆ သဖြင့်၊ ဤ အယူခံကို စရိတ် နှင့် တကွ ပလပ် လိုက်သည်။

ဤရုံး၏ ရှေ့နေခကို ငွေ ကျပ် ၅၁ သတ်မှတ် သည်။

## နိုင်ငံတော်တရားရုံးချုပ်

## အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ငြိမ်းဦး နှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၇၁

ဇွန်လ ၁၅ ရက်။

ဒေါ်ကြည်ကြည် / မစ္စ(စ်)မေရီဝိန် ပါ ၇ } နှင့် { မစ္စ(စ်)မေရီဝိန် ပါ ၉ / ဒေါ်ကြည်ကြည် ပါ ၃ *

၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ— ဤအက်ဥပဒေ၏ ရည်ရွယ်ချက်— "မယားငယ်" များ ဖြစ်အောင် ပြဋ္ဌာန်းပေးသည် မဟုတ်ခြင်း—မယားကြီး၊ မယားငယ် ခေါ်ဝေါ်သည်ထက် ပထမ မယား၊ ဒုတိယ မယား ဟု ခေါ်ဝေါ် သည်က ပို၍ တိကျ မှန်ကန်မည် ဖြစ်ခြင်း—တရားဝင် မယားသည် မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေအရ လင့် အမွေကို ဆက်ခံနိုင်ခွင့် ရှိသည့် တရားဝင် မယား ပြိုင် အဖြစ် ပေးခြင်း—အိမ်ထောင်ရေး ကိစ္စသည် အဓိက အားဖြင့် လူမှုရေး ကိစ္စသာ ဖြစ်ခြင်း—ဓလေ့ထုံးတမ်း ဥပဒေ သည် ဘာသာရေး ဥပဒေ မဟုတ်။

**ဆုံးဖြတ်ချက်။** ။အထူးအက်ဥပဒေက ဗုဒ္ဓဘာသာဝင် အမျိုးသမီးများကို "မယားငယ်" များဖြစ်အောင် ပြဋ္ဌာန်းပေးသည် မဟုတ်၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားများ၏ အငယ် အနှောင်းသဖွယ်၊ သို့မဟုတ် ရှေးမွေသတ် အဆို "တော်ပြောင်၊ ကျွန်မ" သဖွယ် နေရသော ဗုဒ္ဓဘာသာဝင် အမျိုးသမီးများအား ယင်းဘဝမှ လွတ်မြောက်၍၊ တရားဝင် မယားအဖြစ်သို့ ရောက်စေအောင်ပို့ဆောင်ပေးခြင်းဖြစ်၏။ယင်းသို့ပို့ဆောင်ရာတွင်အခြားဓလေ့ ထုံးတမ်းဥပဒေများ၊ အခြား ဥပဒေများက၊ မည်သို့ပင် ဆိုစေ၊ ဖော်ပြသည့်နည်း ပေါင်းဖက် နေထိုင်ကြလျှင်၊တရားဝင် ထိမ်းမြားပြီး ဖြစ်သည် ဟု မှတ်ယူရမည်။ အမွေဆက်ခံခွင့် စသည့်အခွင့် အရေးများကိုမြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ၊ ရရှိစေရမည် ဟု အထူး ဥပဒေက လွှမ်းခြုံ၍ ပြဋ္ဌာန်း ထားခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။"မယားငယ်" ဆိုသည့် စကားသည် တိကျ ရှင်းလင်းခြင်း မရှိ၍၊ ယင်းစကားကို အင်္ဂလိပ်လို ပြန်ဆိုသော အခါ (Lesser wife inferior wife) စသည်ဖြင့် ပို၍ ရှုပ်ထွေးစေကာ ရှေးမီရင်ထုံးတို့ ချွတ်ချော်ခဲ့ခြင်း ဖြစ်သည်။ အမှန်မှာ၊ မယား အဖြစ်သို့ တရားဝင်ရောက်သော ဗုဒ္ဓဘာသာဝင်အမျိုးသမီးသည် အခြားတရားဝင်မယားနှင့် မယားပြိုင်အဖြစ် တန်းတူရည်တူ လင့်အမွေကိုခံယူထိုက်သည်။ ယင်းသို့ မယားများကို ပထမ မယား၊ ဒုတိယမယား စသည်ဖြင့် ရည်ညွှန်းခြင်းက ပို၍တိကျမှန်ကန် ပေလိမ့်မည်။ မယားကြီး၊ မယားငယ်ဟု ခေါ်ဝေါ် သည်နှင့်အဆင့်အတန်းကွာခြင်း အခွင့် အရေး ခြားနားခြင်း၊သဘော မှားယွင်းစွာဝင်လာနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။၁၉၅၄ ခုနှစ်၊ အထူး အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင် မိန်းမကို တရားဝင် ထိမ်းမြားပြီးသည့် မယားအဖြစ် အသိအမှတ် ပြု၏။ အခြား တရားဝင် မယားများ နှ

* ၁၉၇၀ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှု အမှတ် ၇၊ ၈။

† ၁၉၆၇ ခုနှစ်၊ တရားမ ပသမ အယူခံမှုအမှတ် ၁၀၄ တွင်၊ နိုင်ငံတော် တရားရုံးချုပ်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

နေလျှင်၊မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အရ၊တန်းတူ ရည်တူလင်၏အမွေကိုဆက်ခံနိုင်ခွင့်ရှိသည့်တရားဝင် မယားပြိုင် အဖြစ်ကို ပေး၏။ အထူး ဥပဒေက ပေးသော အခွင့် အရေးကို တရားရုံးချုပ်က နုတ်ပယ်၍ မရ၊ လင်ဖြစ်သူ၏ သေတမ်းစာဖြင့် ဖျက်၍မရ၊ အပြည့် အဝ ခံစားရမည်သာဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု ဥပဒေသည်လည်း ဘာသာရေး ကိစ္စ မဟုတ်၊ အိမ်ထောင်ရေး၊ လူမှုရေး ကိစ္စ ဖြစ်သည်။ သိမ်မွေ့ မျှတသော မှုတို့ကို ဆောင်သော အိမ်ထောင်ရေး ဆိုင်ရာ မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေ၏ အကျိုး သက်ရောက် မှုကို အက်ဥပဒေဖြင့် ကျယ်ပြန့်စေခြင်း ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။မြန်မာ့ ဓလေ့ ထုံးတမ်း ဥပဒေသည်၊ ဓမ္မသတ်တို့မှ အဓိက အားဖြင့် သက်ဆင်းသည်ဟု ဆိုကြသော်လည်း မြန်မာ့ သမိုင်း၊ ယဉ်ကျေးမှု၊ လူနေမှုတို့မှ အားယူကာ အစဉ် ရှင်သန် ကြီးထွားလျက် ရှိသော ဥပဒေ ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေသည်၊ ဓမ္မသတ်ထက်ကြီး၏၊ ကျယ်ဝန်း၏၊ ထို့ပြင် ဗုဒ္ဓဘာသာ ဓမ္မသတ်ဟု ခေါ်ဝေါ်ခြင်း သည်လည်း မှားယွင်း ပေသည်။ မြန်မာ အိမ်ထောင်ရေး ကိစ္စတို့နှင့် သက်ဆိုင်သော ဓလေ့ ထုံးတမ်း ဥပဒေသည် ဘာသာရေး ဥပဒေ မဟုတ်ချေ။

ဒေါ်လှအုန်း နှင့် မညွန့်၊ ၁၉၃၇ ခုနှစ်၊ ရန်ကုန် စီရင်ထုံးများ၊ ၄၁၀။ မသိန်းရင် နှင့် မောင်သာဒွန်း Vol. 2, Rgn. 62 နှင့် *Law and Custom in Burma and the Burmese Family* by Dr. Maung Maung, The Hague, 1963။ ဦးမြစိန် ရေး၊ မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေ တို့ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ် ရှေ့နေများ ဦးမောင်မောင် နှင့် ဒေါ်ခင်လေး။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေများဦးကျော်မြင့် နှင့် ဦးသန်းမောင်။

ရုံးသဟာယ။ ။တရားရုံးချုပ်ရှေ့နေ ဒေါက်တာ မေမောင် နှင့် လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။ဒေါ်ကြည်ကြည် ကမိမိသည်၊ ဦးထင်ဝိန်၏ တရားဝင် မယားတယောက် ဖြစ်ခဲ့ပါသောကြောင့် ဦးထင်ဝိန် ကွယ်လွန် ပြီးနောက်၊ ကျန်ရစ်သောအမွေပုံကို ဦးထင်ဝိန်၏ ပထမ မယား မစ္စ(စ်)မေရီဝိန်နှင့် အချိုးကျခွဲဝေရရှိ ထိုက်ပါသည်ဟု ရန်ကုန်မြို့ တရားမ ရုံးတွင်တရားစွဲဆိုခဲ့လေသည်။ ဦးထင်ဝိန်နှင့် မစ္စ(စ်)မေရီဝိန်တို့သည်၊ခရစ်ယာန်ဘာသာကိုကိုးကွယ်ကြသောမြန်မာ လူမျိုးများ ဖြစ်ကြ၍၊ ဒေါ်ကြည်ကြည် သည် မြန်မာ ဗုဒ္ဓဘာသာတဦးဖြစ်သည်။

မစ္စ(စ်)မေရီဝိန်တို့က၊ အမှုတွင် ခုခံ ချေပရာ၌၊ ၎င်းနှင့် ဦးထင်ဝိန် တို့သည်၊ ခရစ်ယာန်လက်ထပ်ထိမ်းမြားခြင်းအက်ဥပဒေ(Christian Marriages Act)အရ ထိမ်းမြားခဲ့ခြင်း ဖြစ်ပါသည်။ ယင်းဥပဒေ အရ၊ တလင် တမယားသာရှိရသဖြင့် ဦးထင်ဝိန် သည် ဒေါ်ကြည်ကြည် ကို တရားဝင် မယားအဖြစ်ထိမ်းမြားခြင်းမပြုနိုင်ပါ၊ ဒေါ်ကြည်ကြည်သည်၊အမွေရနိုင်သောတရားဝင်မယားမဟုတ်ခဲ့ပါဟု ခြွင်းဆိုကြသည်။

၁၉၇၁

ဒေါ်ကြည်ကြည်
မစ္စ(စ်) မေရီဝိန်
ပါ ၇
နှင့်
မစ္စ(စ်)မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၃။

၁၉၇၁ မူလ ရုံးက ကောက်ချက်နှ အရပ်ရပ် ထုတ်နုတ် စစ်ဆေး၍၊ ဦးထင်ဝိန် နှင့် ဒေါ်ကြည်ကြည်တို့သည်၊ မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ၊ လင်မယား အရာ မြောက်စေမည့်ပေါင်းဖက်နေထိုင်မှုမျိုးဖြင့်နေထိုင်ခဲ့ကြောင်းထင်ရှားသည်၊ထို့ကြောင့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားမှု နှင့် အမွေဆက်ခံမှု အက်ဥပဒေပုဒ်မ ၂၀ အရ၊ တရားဝင်လင်မယားအရာ မြောက်ခဲ့သည်၊ ထို့ကြောင့်၊ ဦးထင်ဝိန် ရေးသားခဲ့သော သေတမ်းစာ ပျက်ပြယ်၍၊ ၎င်း၏ အမွေပုံကို ဒေါ်ကြည်ကြည်ပါ တရားဝင်မယားတဦးအနေဖြင့် ခွဲဝေ ရထိုက်သည်ဟုဒီကရီ ချမှတ် ခဲ့သည်။

ဒေါ်ကြည်ကြည် မစ္စ(စ်) မေရီဝိန် ပါ ၇ နှင့် မစ္စ(စ်) မေရီဝိန် ပါ ၉ ဒေါ်ကြည်ကြည် ပါ ၃။

မစ္စ(စ်)မေရီဝိန်တို့က ဤရုံးသို့ အယူခံဝင်ရာ၊ အယူခံကိုကြားနာသော တဦးထိုင် တရားသူကြီးက၊ ဦးထင်ဝိန် နှင့် ဒေါ်ကြည်ကြည်တို့သည် လင်မယား အဖြစ် အတူ တကွ ပေါင်းသင်း နေထိုင် ခဲ့ကြောင်းကို အထင် အရှားတွေ့၏။ ယင်းသို့ ပေါင်း သင်းခြင်းသည် အထက်တွင် ရည်ညွှန်းထားသော အက်ဥပဒေတွင် အကျုံးဝင်သော ပေါင်းသင်းခြင်း ဖြစ်သည်ဟူ၍လည်း တွေ့ရှိ၏။ သို့ရာတွင် ဒေါ်ကြည်ကြည်သည်၊ "မယားငယ်"အဆင့်သာ ရှိခဲ့သည်။ အမွေပုံကို စုံစမ်း ပြေးနောက် ဒေါ်ကြည်ကြည် က ၅ ပုံ ၂ ပုံ၊ မစ္စ(စ်)မေရီဝိန်က ၅ ပုံ ၃ ပုံ ရထိုက်သည်ဟု ဆုံးဖြတ်ခဲ့သည်။

ထို ဆုံးဖြတ်ချက်မှ၊ဒေါ်ကြည်ကြည်ကလည်းကောင်း၊မစ္စ(စ်)မေရီဝိန်တို့ကလည်း ကောင်း၊ အခွင့်ထူး တောင်းခံ၍၊ အယူခံ တက်လာကြသည်။ ဒေါ်ကြည်ကြည်က ၎င်းအား၊ "မယားငယ်"ဟု သဘ်မှတ် သည်ကို မကျေနပ်၊ မစ္စ(စ်)မေရီဝိန်တို့က ဒေါ်ကြည်ကြည် သည် အမွေ ရထိုက်သည်ဟု ဆုံးဖြတ်သည်ကိုပင် မကျေနပ်။

ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှု နှင့် အမွေဆက်ခံမှု အက်ဥပဒေကို အများ ပြည်သူသိကျွမ်းခြင်း၊ သုံးစွဲခြင်း၊ ယင်းဥပဒေနှင့်ပတ်သက်၍၊ စီရင်ထုံး ပြုတား ခြင်း နည်းပါးသေးသည် ဖြစ်၍၊ စုံညီခုံဖြင့် နိုင်ငံတော် ရှေ့နေချုပ်နှင့် မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေ ကျွမ်းပြူ ပါရဂူ ဒေါက်တာ မောင်တို့အား၊ ရုံးသဟာယ အဖြစ် ဖိတ်ကြားပြီးနောက် အခွင့်ထူး အယူခံများကို ကြားနာ ခဲ့ကြခြင်း ဖြစ်သည်။ နှစ်ဖက် အပြိုင်တင်သော အယူခံများတွင် ပြဿနာများ ထပ်တူ ဖြစ်ကြ၍၊ တပေါင်းတည်း ကြားနာကာ၊ ဤစီရင်ချက် တရပ်တည်းဖြင့် ဆုံးဖြတ်သည်။

ဒေါ်ကြည်ကြည်၏ ရှေ့နေကြီး ဦးမောင်မောင်က၊ အထူး ဥပဒေ တရပ် ပြဋ္ဌာန်း ခဲ့ခြင်း၏ ရည်ရွယ်ချက်သည်၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားနှင့် ပေါင်း ဖက် နေထိုင်သော ဗုဒ္ဓဘာသာဝင် မိန်းမများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ပေးရန်ဖြစ်ပါသည်။ မူလရုံးနှင့် ပထမ အယူခံရုံးတို့က ဒေါ်ကြည်ကြည် သည် ယင်းအထူး ဥပဒေ အရ၊ ဦးထင်ဝိန်၏ မယား ဖြစ်သည်ဟု တထပ်တည်း ဆုံးဖြတ်ခဲ့ကြပါလျက်၊ ပထမ အယူခံကိုဆုံးဖြတ်သောတရားသူကြီး က တဆင့်တက်၍၊

မယားဖြစ်စေကာမူ၊ မယားငယ်သာဖြစ်သည်ဟု ဆုံးဖြတ်ခြင်းသည်၊ အထူး ဥပဒေဖြင့် ပေးသောအခွင့်အရေးမှ ထုတ်နုတ်ရာ အထူး ဥပဒေ၏ ရည်ရွယ်ချက်ကို ဆန့်ကျင်ရာ ရောက်ပါသည်။ ထို့ကြောင့်မှားယွင်းပါသည်ဟုတင်ပြသည်။ ဒေါ်ကြည်ကြည် သည် ဦးထင်ဝိန် နှင့် တအိုး တအိမ် ထူ၍၊ အထင်အရှား လင်မယားအဖြစ် နေထိုင် သွားလာခြင်း၊ မိဘ်ကောင်းဆွေကောင်းများကိုဧည့်ခံခြင်း၊ ဦးထင်ဝိန် က ၎င်းတို့ အတူနေရာအိမ်နှင့်အိမ် ရှိတယ်လီဖုန်းတို့ကို ၎င်း၏လုပ်ငန်းနှင့် ပတ်သက်သော လိပ်စာ တယ်လီဖုန်းအဖြစ်သုံးခြင်း၊ ဦးထင်ဝိန် နောက်ဆုံး မမာမကျန်း ဖြစ်စဉ်ကလည်း ဒေါ်ကြည်ကြည်ကပင် ဆေးရုံတင်ပြုစုခြင်း၊ စသည့် ထင်ရှား ခိုင်လုံသောအထောက် အထားများ ရှိသဖြင့်၊ မူလရုံးနှင့် ပထမ အယူခံ ရုံးတို့က ဒေါ်ကြည်ကြည် သည် မယားဖြစ်သည်ဟု အကြောင်းချင်းရာအားဖြင့် တသဘောတည်း ဆုံးဖြတ်ထားခြင်း သည် မှန်ကန် ပါသည် ဟုလည်း ဦးမောင်မောင် က တင်ပြသည်။

၁၉၇၁
ဒေါ်ကြည်ကြည်
မစ္စ(စ်) မေရီဝိန်
ပါ ၇
နှင့်
မစ္စ(စ်) မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၂၃။

မစ္စ (စ်) မေရီဝိန်၏ရှေ့နေကြီးဦးကျော်မြင့်က၊ဦးထင်ဝိန်သည်၊ ဒေါ်ကြည်ကြည်နှင့် အတူနေခဲ့သည်ကို မငြင်း၊သို့ရာတွင်၊ ဒေါ်ကြည်ကြည် အား၊ ဦးထင်ဝိန် က မယား အဖြစ် အသိ အမှတ် ပြုခဲ့ပါလျှင် ဒေါ်ကြည်ကြည် အား၊ ထိုက်သင့်သောအမွေကို ပေးရန် သေတမ်းစာတွင် ရေးသား ခဲ့မည်ဖြစ်ပါသည်။ ဒေါ်ကြည်ကြည် အား ရန်ကုန်မြို့တွင် တိုက်ခန်း ငယ်၌ ထားပါသည်။ ဦးထင်ဝိန်တွင် တိုက်တာ အိမ်ခြေ ရှိပါလျှက်၊ မယားနှင့် ထိုက်သော နေရာတွင် ဒေါ်ကြည်ကြည်ကိုမထားပါ။ မော်တော် ကား တစီးကိုပင် ဒေါ်ကြည်ကြည်အားရောင်းချလိုက်သေးသည်ဟုအထောက်အထား ရှိပါသည်။မယားသာဆိုလျှင်ကားကိုမရောင်းပဲပေးဖို့ရှိပါသည်။ထို့ကြောင့်အကြောင်း ချင်းရာ အရ၊ ဒေါ်ကြည်ကြည်သည် မယားမဟုတ် အပျော်ထားသည့် မိန်းမ (mistress) မျှသာ ဖြစ်ပါသည်။ ၁၈၅၄ ခုနှစ်၊ အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင် မိန်းမ နှင့် ပေါင်းဖက် နေထိုင်သော ဟိန္ဒူ၊ အစ္စလမ် ဘာသာဝင်ယောကျ်ားများနှင့် သာ သက်ဆိုင်ရန်မူလအစီကရည်ရွယ်ခဲ့ပါသည်။ ခရစ်ယာန်ယောကျ်ားများကို ဥပဒေ ရေးဆွဲစဉ်က ထည့်သွင်း စဉ်းစားခဲ့ဟန် မတူပါ ဟု ဦးကျော်မြင့်က တင်ပြသည်။

ဒေါက်တာ မောင်က မယားကြီး၊ မယားငယ် ခွဲခြားခြင်းသည် မြန်မာ့ ဓလေ့ ထုံးတမ်း ဥပဒေ နှင့် မညီပါ။ ရှေး ဓမ္မသတ်ပါ၊ စကားရပ် အချို့ကို အင်္ဂလိပ်လို ပြန်ဆိုရာတွင် လွဲမှားခဲ့သဖြင့်၊ အတွေးအခေါ် ရှုပ်ထွေးခဲ့ခြင်း ဖြစ်ပါသည်။ ဓမ္မသတ် တို့တွင်၊ မယားကြီး၊ တော်ပြောင်၊ (သို့မဟုတ် အပြောင်)၊ ကျွန်မ စသည်ဖြင့် ပါသော်လည်း၊ မယားအရာ ရောက်သော မိန်းမသည်၊ မယားပြိုင်သာ ဖြစ်ပါသည်။ တန်းတူ ရည်တူ လင့်အမွေကို ဆက်ခံပိုင်ခွင့် ရှိပါသည်၊ ယင်းမယားတို့ကို ပထမ မယား၊ ဒုတိယ မယား စသည်ဖြင့် ခေါ်ဝေါ်ခြင်းက၊ မယားကြီး၊ မယားငယ်ဟု ခေါ်ဝေါ်

၁၉၇၁
ဒေါ်ကြည်ကြည်
မဥ္စ(စ်)မေရီဝိန်
ပေ ၇
နှင့်
မဥ္စ(စ်)မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၃။

ခြင်းထက် တိကျ ရှင်းလင်းပါသည်။ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေသည်၊ ဗုဒ္ဓဘာသာဝင် မိန်းမနှင့်ပေါင်းဖက်နေထိုင်သော ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားဟူသမျှ နှင့် သက်ဆိုင်ပါသည်။ ခရစ်ယာန် ဘာသာဝင် ယောကျ်ားလည်း ပါဝင်ပါသည်။ ခြွင်းချက် မရှိပါ။ ယင်းဥပဒေတွင် ဓါဝေါ သုံးစွဲမှုကို တိကျ ပြည့်စုံခြင်း မရှိသည် တွေ့ရပါသည်။ ပုဒ်မ ၂၄ တွင် "ဗုဒ္ဓဘာသာ ဓမ္မသတ် အတိုင်း ဆုံးဖြတ်ရမည်" ပုဒ်မ ၂၅(၁)တွင်" ဗုဒ္ဓဘာသာ ဓမ္မသတ်၏ပြဋ္ဌာန်းချက်များသည် - - -"စသည် ဖြင့် သုံးစွဲထားပါသည်။ အမှန်မှာ ဗုဒ္ဓဘာသာဝင်တို့၏။ အိမ်ထောင်ရေး ကိစ္စတို့နှင့် သက်ဆိုင်သော မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေသည် ဓမ္မသတ်များချည်းသာ မဟုတ် ပါ။ ဓမ္မသတ်သို့မှညီညွတ်သော အနှစ်သာရ တို့ကို သုတ်နုတ်၍၊ ခေတ်နှင့် အညီစီရင် ထုံးဖွဲ့ခြင်း၊ ပြုပြင် ကျင့်သုံးခြင်းဖြင့် 'အမြဲတိုးတက်လျက် ရှိသော ထုံးတမ်း ဓလေ့ ဥပဒေ ဖြစ်ပါသည်၊ စသည်ဖြင့် အကျယ် တဝင့် ကျမ်းကိုးဖြင့် တင်ပြသည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းက၊ ၁၉၅၄ ခုနှစ် အက်ဥပဒေ သည်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတို့၏ အိမ်ထောင်ရေး ရပိုင်ခွင့်တို့ကို ကာကွယ် စောင့်ရှောက်ရန် အထူး ပြဋ္ဌာန်း ရသော ဥပဒေ ဖြစ်ပါသည်။ ယင်း ဥပဒေတွင် အတိအလင်း ပါရှိသည့် အတိုင်း၊ ယင်းဥပဒေတွင် အကျုံးဝင်သော ထိမ်းမြားခြင်းတို့ သည်၊ အခြား ဥပဒေများ၊ ဓလေ့ ထုံးတမ်း များကို လွှမ်းမိုး ပါသည်။ ယင်းသို့ လွှမ်းမိုးခြင်းသာ မရှိခဲ့ပါမူ၊ ခရစ်ယာန် ဘာသာဝင် ဦးထင်ဝိန် သည်၊ ဒေါ်ကြည်ကြည် အား၊ တရားဝင် ထိမ်းမြား နိုင်မည် မဟုတ်ပါ။ မယား လက်ရှိနှင့် ဥပဒေ အရ၊ အတည် မဖြစ်နိုင်သော ထိမ်းမြားခြင်းကို ပြုလျှင် ရာဇသတ် ပုဒ်မ ၄၉၄ အရ၊ ပြစ်မှု ကျူးလွန်ရာပင် ရောက်ပါသည်။ သို့ရာတွင် ၁၉၅၄ ခုနှစ်၊ အက်ဥပဒေက၊ တည်ဆဲ ဥပဒေ ဓလေ့ထုံး တမ်းတို့ကို လွှမ်းမိုးသဖြင့်၊ ခရစ်ယာန် ဘာသာဝင် ဦးထင်ဝိန် နှင့် ဗုဒ္ဓဘာသာဝင် ဒေါ်ကြည်ကြည်တို့ ပေါင်းသင်း နေထိုင်ခြင်းသည်၊ ၎င်းတို့အား တရား ဝင် ထိမ်းမြားထားသည့် လင်မယား ဖြစ်စေ ပါသည်။ ထိမ်းမြားခြင်း တရား ဝင်သဖြင့် ဦးထင်ဝိန်အား၊ ပြစ်မှုမမြောက်ပါ၊ အထူး ဥပဒေဖြင့်ဖန်တီးလိုက်သောလင်မယားဘဝ ဖြစ်သဖြင့် မယားကြီး၊မယားငယ်ဟု အဆင့် အတန်းခွဲ၍မရပါ။ မယား၏အခွင့် အရေး အပြည့်အဝကို ဒေါ်ကြည်ကြည်ရရန်ဖြစ်ပါသည်။ အထူး အက်ဥပဒေသည်၊ခရစ်ယာန် ဘာသာဝင်ယောကျ်ားများကို ခြွင်းချက် မပြုပါ၊ ဟု ဦးလှသင်းကတင်ပြ သည်။

ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားများနှင့် ပေါင်းဖက် နေထိုင်ကြသော ဗုဒ္ဓဘာသာဝင် မိန်းမများ၏ ရသင့် ရထိုက်သော အခွင့် အရေးများကို ကာကွယ် စောင့်ရှောက်နိုင်ရန် အတွက်၊ ၁၉၅၄ ခုနှစ် တွင် မှသာ အထူး အက်ဥပဒေ ပြဋ္ဌာန်း ခဲ့သည် မဟုတ်၊ ၁၉၃၉ ခုနှစ် ကတည်းကပင်၊ အထူး အက်ဥပဒေ ပြုလုပ်ခဲ့ရသည်။

(Buddhist Womens Special Marriage and Succession Act of 1939)။ ယခင်ဥပဒေ မပြည့် စုံ၍၊ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေကြမ်းကို ရေးဆွဲခဲ့ရာတွင် ဥပဒေကြမ်းစိစစ်ရေးပါလီမန် ကော်မီတီက အောက်ပါကဲ့သို့ ပါလီမန်သို့ တင်ပြ ခဲ့လေသည်။

၁၉၇၁

ဒေါ်ကြည်ကြည်

မစ္စ(စ်)မေရိဝိန်

ပါ ၇

နှင့်

မစ္စ(စ်)မေမိုဝိန်

ပါ ၉

ဒေါ်ကြည်ကြည်

ပါ ၃။

"၁၉၃၉ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှု နှင့် အမွေဆက်ခံမှု အက်ဥပဒေ၏ ရည်ရွယ်ချက်မှာ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားနှင့် အိမ်ထောင် ပြုကြသည့် ဗုဒ္ဓဘာသာဝင် မိန်းမ အတွက်၊ လင်မယား ကွာရှင်းရေး၊ ပစ္စည်း ခွဲဝေရေး၊ သားသမီး ထိန်းသိမ်းရေး နှင့် အမွေ ဆက်ခံရေး စသည့် လူမှုရေးရာ အရေးများတွင် တရားမျှတသည့် အခွင့် အရေးများ ပေးရန် ရည်ရွယ်ချက်ပင် ဖြစ်လေသည်။ သို့သော်အဆိုပါ အက်ဥပဒေ၏ ရည်ရွယ်ချက်ကောင်းပင် ကောင်းငြားသော်လည်း၊ ဥပဒေ အချက် အလက်များ ပြည့်စုံခြင်း မရှိ သဖြင့် ဗုဒ္ဓဘာသာဝင် မိန်းမသို့မှာ အက်ဥပဒေ၏ အကျိုးအာနိသင်ကို ခံစားခွင့် မရရှိခဲ့ကြပေ။" (၁)

၎င်းအမှုနှင့် ဆီလျော်သော ယင်းဥပဒေ ပုဒ်မတို့သည် အောက်ပါတို့ဖြစ်သည်။

၄။ ။အခြား တည်ဆဲ တရားဥပဒေများတွင် သော်၎င်း၊ တရားဥပဒေကဲ့သို့ အာဏာရှိသော ဓလေ့ ထုံးစံများတွင် သော်၎င်း၊ မည်သို့ပင် ဆန့်ကျင်လျက် ပါရှိစေကာမူ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဗုဒ္ဓဘာသာဝင် မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင် မဟုတ်သော လင်ယောကျ်ားတိုင်းအပေါ်၌ အာဏာ သက်ရောက်ရမည်။

* * * * * *

၂၀။ ။(၁)ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတဦးနှင့် ဗုဒ္ဓဘာသာဝင် မိန်းမတဦးတို့ ပေါင်းဖက်နေထိုင် ပြုမူကြပုံသည် အကယ်၍ ထိုသူနှစ်ဦးလုံး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ခဲ့သော်၊ ဗုဒ္ဓဘာသာ ဓမ္မသတ်အရ၊ လင်မယားအရာမြောက်မည့် ပေါင်းဖက် နေထိုင် ပြုမူကြပုံမျိုးဖြစ်လျှင်၊ ထိုသူတို့သည်၊ ထိုသို့ ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်ပြင်၊ ထိုသူတို့သည် ဤအက်ဥပဒေအရ၊ ထိမ်းမြားခဲ့ကြသည်ဟုလည်း မှတ်ယူရမည်။

* * * * * *

၂၅။ ။(၁) လင်မယား ကွာရှင်းမှု ကိစ္စ၊ ပစ္စည်း ခွဲဝေမှု ကိစ္စ၊ သားသမီး ထိန်းသိမ်းမှုကိစ္စတို့ဆိုင်ရာ ဗုဒ္ဓဘာသာဓမ္မသတ်၏ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေအရ၊ ထိမ်းမြားကြသူတို့ အပေါ် သို့၊ သို့တည်း မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု

(၁) ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် နေ့စွဲပါ မြန်မာ နိုင်ငံ ပြန်တမ်း၊ ပြည်သူ့ လွှတ်တော် ညီလာခံ မှတ်တမ်း စာတွဲ ၄၊ အစည်းအဝေး ၃၁၊ စာ ၂၇၆၇။

၁၉၇၁

ဒေါ်ကြည်ကြည်
မစ္စ(စ်)မေရီဝိန်
ပါ ၇
နှင့်
မစ္စ(က်)မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၃။

မှတ်ယူခြင်းခံရသူတို့ အပေါ်သို့၊ ထိုသူတို့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်း ဖြစ်ဘိသကဲ့သို့ အာဏာ သက်ရောက်ရမည်။

* * * * * *

၂၆။ ။ဤအက်ဥပဒေအရ၊ ထိမ်းမြားကြသူတို့၏၊ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏အမွေဆက်ခံမှုနှင့် စပ်လျဉ်းသည့်ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစု အားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာ လူမျိုးချည်းဖြစ်ဘိသကဲ့သို့၊ ဗုဒ္ဓဘာသာ ဓမ္မသတ် အတိုင်း ဆုံးဖြတ်ရမည်။

ဤအမှုတွင် ဒေါ်ကြည်ကြည်သည်၊ ပုဒ်မ ၂၀ (၁) ပါပြဋ္ဌာန်းချက်နှင့်အညီ ဦးထင်ဝိန်နှင့် ပေါင်းဖက်နေထိုင်ခဲ့သည်ဟု၊ မူလရုံးနှင့် ပထမအယူခံရုံးတို့က တသဘောတည်း တွေ့ရှိပြီး၍၊ ၎င်းတို့ ၂ ဦးသည်၊ အထူး ဥပဒေအရ၊ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရန်သာ ရှိသည်။ တနည်းဆိုသော် ၎င်းတို့အား ဥပဒေ အာနိသင်ဖြင့် (by operation of law) ထိမ်းမြားပြီးသောတရားဝင်လင်မယားအဖြစ်သို့ပို့ဆောင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ အမွေဆက်ခံမှုကို မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေအရသာ ဆုံးဖြတ်ရန် ဖြစ်လာတော့သည်။

ဤနေရာတွင်ပထမ အယူခံကို ဆုံးဖြတ်ခဲ့သောဤရုံးတရားသူကြီးသည်အက်ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားခြင်းကို ကျော်၍ ရှေး စီရင်ထုံး အချို့ကို ကြည့်မိကာ၊ ဒေါ်ကြည်ကြည်သည် "မယားငယ်" မျှသာ ဖြစ်ရမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြင့်၊ အထူး အက် ဥပဒေ၏ ရည်ရွယ်ချက် စေတနာကို မျက်ခြေပြတ်ခဲ့လေသည်။ အထူးအက်ဥပဒေက ဗုဒ္ဓဘာသာဝင် အမျိုးသမီးများကို "မယားငယ်" များဖြစ်အောင် ပြဋ္ဌာန်းပေးသည် မဟုတ်။ ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားများ၏ အငယ်အနှောင်းသဖွယ် သို့မဟုတ် ရှေးဓမ္မသတ်အဆို "တော်ပြောင်၊ ကျွန်မ" သဖွယ်၊ နေရသော ဗုဒ္ဓဘာသာဝင် အမျိုးသမီးများအား ယင်းဘဝမှ လွတ်မြောက်၍ တရားဝင် မယား အဖြစ်သို့ ရောက်စေအောင် ပို့ဆောင်ပေးခြင်း ဖြစ်၏။ ယင်းသို့ ပို့ဆောင်ရာတွင် အခြား ဓလေ့ထုံးတမ်း ဥပဒေများ၊ အခြား ဥပဒေများက၊ မည်သို့ပင်ဆိုစေ၊ ပေါ်ပြသည့်နည်းပေါင်းဖက်နေထိုင်ကြလျှင်၊တရားဝင် ထိမ်းမြားပြီး ဖြစ်သည်ဟုမှတ်ယူရမည်၊ အမွေဆက်ခံခွင့် စသည့် အခွင့်အရေးများကိုမြန်မာ ဓလေ့ထုံးတမ်းဥပဒေအရ၊ ရရှိစေရမည်ဟု အထူး ဥပဒေက လွှမ်းခြုံ၍ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။)

အထူး အက်ဥပဒေပုဒ်မ ၂၀ (၁)တွင် "လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ခြင်း" ရှိလျှင်၊ ယင်း ဥပဒေအရ၊ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဆိုသည်။ "လင်မယား" ဆိုသော စကားရပ်၊ "ထိမ်းမြား" ဆိုသော စကားရပ်တို့သည်၊ "မယားငယ်" ဘဝနှင့် အပ်စပ်သည်မဟုတ်။ ပုဒ်မ ၁၅ တွင် မှတ်ပုံတင်

အရာရှိရှေ့၌ ထိမ်းမြားကြပုံကို သတ်မှတ်ရာ၌၊ "ကျွန်ုပ်တို့သည်၊တရားဝင်လင်မယား အဖြစ် ပေါင်းဖက်ပါမည်"ဟု ပြောဆိုရမည် ဆိုထားသည်။ တရားဝင် မယားသည် "မယားငယ်" မဟုတ်နိုင်ချေ။ "မယားငယ်" ကိုထိမ်းမြားသည်ဟု ဆိုလေ့မရှိ။ ၁၉၇၁ ဒေါ်ကြည်ကြည် မစ္စ(စ်) မေရီဝိန် ပါ ၇ နှင့် မစ္စ(စ်) မေရီဝိန် ပါ ၉ ဒေါ်ကြည်ကြည် ပါ ၃။

၁၉၃၉ ခုနှစ်၊ ဥပဒေကို အင်္ဂလိပ်လို ပြဋ္ဌာန်းထားရာ၌လည်း ထိမ်းမြားသည် (marry)ဟု လည်းကောင်း၊ တရားဝင် မယား၊ သို့မဟုတ် လင်(Lawful wife or husband) ဟု လည်းကောင်း ခေါ်ဝေါ်သုံးစွဲထားသည်။

"မယားငယ်" ဆိုသည့် စကားသည် တိကျရှင်းလင်းခြင်း မရှိ၍၊ ယင်းစကားကို အင်္ဂလိပ်လို ပြန်ဆိုသောအခါ (Lesser wife, inferior wife) စသည်ဖြင့် ပိုမို ရှုပ်ထွေးစေကာ၊ ရှေး စီရင်ထုံးတို့ ချွတ်ချော်ခဲ့ခြင်းဖြစ်သည်။ အမှန်မှာ၊ မယားအဖြစ် သို့ တရားဝင်ရောက်သော ဗုဒ္ဓဘာသာဝင် အမျိုးသမီးသည်၊ အခြား တရားဝင် မယားနှင့် မယားပြိုင်အဖြစ် တန်းတူ ရည်တူ လင့်အမွေကို ခံယူထိုက်သည်။ ယင်းသို့ မယားများကို ပထမ မယား၊ ဒုတိယ မယား စသည်ဖြင့် ရည်ညွှန်းခြင်းက ပို၍ တိကျ မှန်ကန်ပေလိမ့်မည်။ မယားကြီး၊ မယားငယ်ဟု ခေါ်ဝေါ်သည်နှင့် အဆင့် အတန်းကွာခြင်း၊ အခွင့် အရေး ခြားနားခြင်း သဘော မှားယွင်းစွာ ဝင်လာနိုင်သည်။

ဒေါ်လှအုန်း နှင့် မညွန့် (၂) တွင် မယားပြိုင် ၂ ယောက်၏ အမွေဆက်ခံမှုကို ရှင်းလင်းစွာ ဖေါ်ပြထားသည်။ စော၍ ထိမ်းမြားသော မယား၊ နောက်မှ ထိမ်းမြား သော မယားဟူ၍ အချိန်အားဖြင့် ခြားနားစေကာမူ၊ ဒုတိယ မယားသည် မယားငယ် (Lesser wife, junior wife) မဟုတ်၊ ဟူ၍ ရှင်းလင်းပြထားသည်။

အထက်ဖေါ်ပြပါ စီရင်ထုံးထက် စောသော မသိန်းရင် နှင့် မောင်သာဒွန်း (၃) စီရင်ထုံးတွင်လည်း မြန်မာ ဓလေ့ထုံးတမ်း ဥပဒေ အရ၊ ယောကျ်ား တယောက်သည် မယား ၂ ယောက်၊ သို့မဟုတ်ထို့ထက်ပို၍ထိမ်းမြားယူနိုင်သည်။ လင်မယားတို့သည်လင် နှင့်အတူနေသူ၊ မနေသူမခွဲ၊ လင့်အမွေကို တန်းတူဆက်ခံကြသည်ဟု ညွှန်ပြထားသည်။

၁၉၅၄ ခုနှစ်၊ အထူး အက် ဥပဒေသည် ဗုဒ္ဓဘာသာဝင် မိန်းမကို တရားဝင် ထိမ်းမြားပြီးသည့်မယား အဖြစ် အသိအမှတ်ပြု၏။ အခြား တရားဝင် မယားများ ရှိနေလျှင်၊ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ၊ တန်းတူရည်တူ လင့်အမွေကို ဆက်ခံနိုင် ခွင့်ရှိသည့် တရားဝင် မယားပြိုင် အဖြစ်ကို ပေး၏။ အထူး ဥပဒေက ပေးသော အခွင့်အရေးကို တရားရုံးက နုတ်ပယ်၍ မရ၊ လင်ဖြစ်သူ၏ သေတမ်းစာဖြင့် ဖျက်၍ မရ၊ အပြည့်အဝခံစားရမည်သာ ဖြစ်သည်။

မူလမှုတွင် ဒေါ်ကြည်ကြည်က မိမိသည် မယားပြိုင် (Co-wife)ဖြစ်၍၊ မစ္စ(စ်) မေရီဝိန်နှင့်တန်းတူ ဦးထင်ဝိန်၏ အမွေကို ခံစားခွင့်ရှိကြောင်းစွဲဆိုခဲ့ခြင်းဖြစ်သည်။

---

(၂) ၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ ၄၁၄။ (၃) Vol. 2. Rgn. 62.

၁၉၇၁ ဒေါ်ကြည်ကြည် — မစ္စ(စ်) မေရီဝိန် ပါ ၇ နှင့် မစ္စ(စ်)မေရီဝိန် မ ပါ ၉ ဒေါ်ကြည်ကြည် ပါ ၃။

မစ္စ(စ်)မေရီဝိန်တို့ကလည်း ဒေါ်ကြည်ကြည်သည် မယားမဟုတ၊လုံးဝအမွေဆက်ခံခွင့် မရှိသော တော်ပြောင်အဆင့် (mistress) မျှသာ ဖြစ်ကြောင်းချေပခဲ့ကြသည်။ အမွေပုံ၏ ၅ ပုံ ၂ ပုံသာ ရထိုက်သော "မယားငယ်" ဖြစ်သည်ဟုမချေခဲ့ကြချေ။

အထောက် အထားများအရ ဒေါ်ကြည်ကြည်သည် ၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အရ၊ ဦးထင်ဝိန်၏ တရားဝင် မယားအဖြစ်သို့ ရောက်ခဲ့ပြီးသည်ဟု မူလရုံးနှင့် ပထမ အယူခံရုံးတို့က တသဘောတည်း တွေ့ရှိခဲ့သည်။ ကျွန်ုပ်တို့ကလည်း ထိုသို့ပင် မြင်တွေ့ ဆုံးဖြတ်သည်။ ထို့ကြောင့် ပထမအယူခံရုံးက လွဲချော်၍၊ ဒေါ်ကြည်ကြည်သည်၊ "မယားငယ်" ဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းကို ပယ်ဖျက်ရပေမည်။

အလျဉ်းသင့်သဖြင့်၊ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေတွင် "ဗုဒ္ဓဘာသာ ဓမ္မသတ်" ကိုသာ ညွှန်းထားခြင်းသည် အခေါ် အဝေါ်လွဲမှား၍ ဥပဒေရေးဆွဲရာ၌ အနည်းငယ် ချွတ်ယွင်းခဲ့ခြင်း ဖြစ်သည်ဟု မှတ်ချက်ပြုလိုသည်။ အက်ဥပဒေက မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေ(Burmese Customary Law)ကို ရည်ညွှန်းခြင်း ဖြစ်ပေသည်။ ယင်းဥပဒေသည် ဓမ္မသတ်တို့မှ အဓိကအားဖြင့် သက်ဆင်းသည်ဟု ဆိုကြသော်လည်း မြန်မာ့ဓမ်မိုင်း၊ ယဉ်ကျေးမှု၊ လူနေမှုတို့မှ အားယူကာ အစဉ်ရှင်သန် ကြီးထွားလျက် ရှိသော ဥပဒေ ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ ဓလေ့ထုံးတမ်း ဥပဒေသည် ဓမ္မသတ်ထက်ကြီး၏၊ကျယ်ဝန်း၏။ထို့ပြင် ဗုဒ္ဓဘာသာ ဓမ္မသတ်ဟု ခေါ်ဝေါ်ခြင်းသည် လည်း မှားယွင်းပေသည်။ မြန်မာ အိမ်ထောင်ရေး ကိစ္စတို့နှင့် သက်ဆိုင်သော ဓလေ့ ထုံးတမ်း ဥပဒေသည် ဘာသာရေး ဥပဒေ မဟုတ်ချေ။ (၄)

၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု ဥပဒေသည်လည်း ဘာသာရေး ကိစ္စမဟုတ်၊ အိမ်ထောင်ရေး၊ လူမှုရေးကိစ္စဖြစ်သည်။ သိမ်မွေ့မျှတသောမှုတို့ကို ဆောင်သော အိမ်ထောင်ရေးဆိုင်ရာ မြန်မာဓလေ့ထုံးတမ်း ဥပဒေ၏ အကျိုးသက်ရောက်မှုကို အက်ဥပဒေဖြင့် ကျယ်ပြန့်စေခြင်း ဖြစ်သည်။ ဥပဒေကြမ်းကိုစိစစ်သောကော်မီတီက အစီရင်ခံခဲ့ရာ၌၊ ထိုအချက်ကို အောက်ပါကဲ့သို့ ဖော်ပြခဲ့သည်။

"(ကော်မီတီက) ဆွေးနွေးစဉ်းစားရာတွင်၊ ဥပဒေကြမ်းနှင့် သက်ဆိုင်သည့် တည်ဆဲ အက်ဥပဒေများ၊ ဘာသာရေး တရားဥပဒေများ၊ ဓလေ့ထုံးစံများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ကိုးကားကြပါသည်။ ဤဥပဒေကြမ်းသည် ဘာသာရေးကိစ္စများနှင့်မသက်ဆိုင်သည့်အပြင်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

(၄) Law and Custom in Burma and the Burmese Family by Dr. Maung Maung, The Hague, 1963. ဦးမြစိန်ရေး မြန်မာဓလေ့ ထုံးတမ်းဥပဒေ။

အရ၊ ခွင့်ပြုသည့်ဘာသာရေးအခွင့်အရေးများကိုလည်း၊ ထိခိုက်ခြင်းမရှိသည့် လူမှုရေးရာကိစ္စများနှင့်သာသက်ဆိုင်သော ဥပဒေကြမ်းတရပ် ဖြစ်သည်ဟုကော်မီတီက ယူဆပါသည်။ ကော်မီတီသည်၊ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံအချို့တွင်ဆောင်ရွက်လိုက်နာပုံများနှင့် အထူးသဖြင့်မြန်မာနိုင်ငံတွင် ဘာသာရေးဓလေ့ထုံးစံကွဲပြားမှုကြောင့်ဖြစ်ပေါ်သောလူမှုရေးရာပြဿနာများကိုဆွေးနွေးစဉ်းစားကြပါသည်။"

၁၉၇၁
ဒေါ်ကြည်ကြည်
မစ္စ(စ်) မေရီဝိန်
ပါ ၇
နှင့်
မစ္စ(စ်) မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၃။

အိမ်ထောင်ရေးကိစ္စသည် အဓိကအားဖြင့် လူမှုရေးကိစ္စဖြစ်သဖြင့် နိုင်ငံ၏ လူအများ လက်ခံ ကျင့်သုံးသော အိမ်ထောင်ရေး ဓလေ့ ထုံးတမ်းတို့ကို နိုင်ငံတွင် အိုးအိမ်စိုက်ထူနေသူ အများနှင့် သက်ဆိုင်သော ဥပဒေအာဏာသက်ဝင်စေအောင်၊ လိုအပ်သော ဥပဒေများ ပြုစုပြဋ္ဌာန်းပေးရန် သင့်၊ မသင့်ကို ဥပဒေပြု အာဏာပိုင်တို့က လေးနက်စွာ စဉ်းစားသင့်သည်။ အိမ်ထောင်ရေးနှင့် ဘာသာရေး ရောနှော ရှုပ်ထွေးခြင်း၊ကိုယ်ရေးဘာသာ၊ကိုယ်ရေးဥပဒေ (Personal Law) စသည်တို့သည် ခေတ်နှင့် မလျော်ပြီ။

အခွင့်ထူးအယူခံများအနက် မစ္စ(စ်)မေရီဝိန်၏ အယူခံကို ပယ်သည်။ ဒေါ်ကြည်ကြည်၏ အယူခံကို စရိတ်နှင့်တကွ ခွင့်ပြု၍ ပထမအယူခံရုံး၏ ဆုံးဖြတ်စီရင်ချက်ကို ပယ်ဖျက်သည်။ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ တရားဝင်မယားအဖြစ်၊ ငင်းကျန်ရစ်သော အမွေပုံမှ၊ မစ္စ(စ်)မေရီဝိန်နှင့် ခွဲဝေရပိုင်ခွင့်ရှိသည်။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ၊ ဒေါ်ကြည်ကြည်၏ဝေစုသည် ဦးထင်ဝိန်နှင့် ပေါင်းသင်းစဉ်က ရရှိခဲ့သော လက်ထက်ပွါးပစ္စည်းမှ ထက်ဝက်၊မပေါင်းသင်းမီ၊ မစ္စ(စ်)မေရီဝိန်နှင့်ဦးထင်ဝိန်တို့၏ လက်ထက်ပွါးပစ္စည်းမှ သုံးပုံတပုံတို့ဖြစ်သည်။

မူလရုံးက မည်သည့်ပစ္စည်းတို့သည် ဦးထင်ဝိန် မယား ၂ ယောက်နှင့် ပေါင်းသင်းစဉ်ကရသောလက်ထက်ပွါးဖြစ်သည်၊မည်သည့်ပစ္စည်းသည် မစ္စ(စ်)မေရီဝိန်တဦးတည်းနှင့် ပေါင်းသင်းစဉ်ကရသော လက်ထက်ပွါးဖြစ်သည်ဟု ပဏာမ ဒီကရီတွင် ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဖြစ်၍ ယင်းဆုံးဖြတ်ချက်ကို ပယ်ဖျက်၊ ယင်းသို့ ဆုံးဖြတ်နိုင်ရန် လိုအပ်သလို စာရင်းရှင်းလင်း စုံစမ်းစေရဦးမည်ဖြစ်သည်။

ဤရုံးရှေ့နေခ ၁၇၀ ကျပ် အယူခံ ၂ မှုကို တပေါင်းတည်းကြားနာသဖြင့် စရိတ်တရပ်သာခွင့် ပြုသည်။ရုံးအဆင့်ဆင့် တရားစရိတ်တို့ကို အမွေပုံမှ ထုတ်ယူနိုင်သည်။

ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ကာ၊ ရုံးအားကူညီကြသော ရှေ့နေကြီး ဒေါက်တာ မောင်နှင့်၊ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းတို့အား၊ အထူး ကျေးဇူးဥပကာယ တင်ရှိကြောင်း မှတ်တမ်းတင်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## အခွင့်ထူးအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေ
တို့ရှေ့တွင်

† ၁၉၇၁ ———— ဇွန်လ ၄ ရက်။

၁။ ဒေါ်စောရွှေ
၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်စောရွှေ } နှင့် ဒေါ်မှန် *

**ပဋိညာဉ်အတိုင်းမြေကိုလွှဲပြောင်းရေးဆောင်ရွက်စေရန် ဒီကရီပေးခြင်းနှင့် ဒီကရီပေးရန် ငြင်းခြင်း— မည်သည့်ယူဆချက်ကမှန်မမှန်—သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၂၂ က တရားရုံးအား အပ်နှင်းထားသောအာဏာသည် ၎င်းအက်ဥပဒေ ပြဋ္ဌာန်းချက်များကို လွှမ်းခြုံခြင်း ရှိမရှိ— အယူခံရုံးသည် မိမိ၏ဆင်ခြင်တုံတရားကို မူလရုံး၏ ဆင်ခြင်တုံတရားနှင့် အစားထိုးရန် မဟုတ်ခြင်း။**

ဤအမှုတွင် အယူခံတရားလို ဒေါ်စောရွှေတို့က၊ အယူခံတရားပြိုင် ဒေါ်မှန်အား၊ ၎င်းတို့ပိုင် မြေအချို့ကိုရောင်းရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ ဒေါ်မှန်က မြေကို ပေးအပ်၍ အရောင်း အဝယ်မှတ်ပုံတင်ရန်ပြောဆိုရာ၊ ဒေါ်စောရွှေက ငြင်းဆန်သဖြင့် ဒေါ်မှန်က ပဋိညာဉ်အတိုင်း ဆောင်ရွက်စေလိုမှု စွဲသည်။ မူလရုံးနှင့် ပထမအယူခံရုံးများတွင် စွဲဆိုသည့်အတိုင်း ဆောင်ရွက် ပေးစေရန် ဒီကရီပေးသင့် မသင့် စဉ်းစားရာ၌ ထူးခြားသောပြဿနာတွေ့ခဲ့ရသည်။

**ဆုံးဖြတ်ချက်။** ။မူလရုံးက အကြောင်းအချက်တို့ကို ကောင်းစွာသုံးသပ်ပြီးနောက် ဆင်ခြင် **တုံတရားကို သဘာဝယုတ္တိနှင့်အညီ မျှတစွာ သုံးစွဲထားခြင်းဖြစ်သည်။** ပုဒ်မ ၂၂ ကလည်း ဆင်ခြင်တုံ တရားကို သုံးစွဲခွင့်အာဏာကို ရုံးအား နှင်းအပ်ထားသည်။ ယင်းသို့ သုံးစွဲ၍ ဆုံးဖြတ်ထားသည်ကို အယူခံရုံးက ကြည့်ရှု၍ တရားမျှတမှုကင်းနေလျှင် ပြင်ဆင်နိုင်သည်မှန်၏။ သို့ရာတွင် မူလရုံးကဆင်ခြင် တုံတရားသုံးစွဲပုံမှန်-မမှန်ကို စိစစ်ဝေဖန်ရန်ဖြစ်၏။ အယူခံရုံးက မိမိ၏ ဆင်ခြင်တုံတရားကို မူလရုံး၏ ဆင်ခြင်တုံတရားနှင့် အစားထိုးရန်မဟုတ်။ အယူခံရုံးထိုင် တရားသူကြီးက မိမိသာလျှင် မူလအမှုကို စစ်ဆေးလိုက်ရလျှင်၊ ဤသို့ကွဲလွဲ၍ ဆုံးဖြတ်လိုက်ရလျှင် သင့်မြတ်မည်ဟု ယူဆကာမျှနှင့်လည်း၊ အယူခံမှုတွင် ယင်းသို့ ကွဲလွဲ၍ ဆုံးဖြတ်ပေးရန်မဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ ၏ ရှင်းလင်းချက်တွင် " အခြားဆန့်ကျင်သော အချက်အလက်ကို သက်သေမထူနိုင်လျှင် " ဟူသောစကားရပ်များက

---

* ၁၉၇၀ ခုနှစ်၊ အခွင့်ထူးအယူခံမှုအမှတ် ၉။

† ၁၉၆၈ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၅ တွင်၊ နိုင်ငံတော် တရားရုံးချုပ် (မန္တလေးမြို့ ရုံးထိုင်)၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၁

၁။ ဒေါ်စောရွှေ၊ ၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ် ဒေါ်စောရွှေ နှင့် ဒေါ်မှုန်။

ချုပ်ထားသည်ကို မမေ့အပ်။ သာမန်အားဖြင့် မြေကိုလွှဲပြောင်းပေးခြင်းကို ငွေလျော်ကြေးဖြင့် အစားထိုး၍ မလုံလောက်ဟုယူဆရမည်။ သို့ရာတွင် မြေကိုလွှဲအပ်သဖြင့် အိမ်ဖျက်ရမည်၊ ရေတွင်းဖို့ရမည်ဟု ထင်ရှားစွာအမှုတွင်ပေါ်နေသော အချက်သည်၊ ယင်းယူဆချက်ကို ဆန့်ကျင်၍ သက်သေထူထားသောအချက်ဖြစ်၏။

ပုဒ်မ ၂၂ က တရားရုံးအား အပ်နှင်းသော အာဏာသည် အက်ဥပဒေ ပြဋ္ဌာန်းချက်များကို လွှမ်းခြုံသည်။ ရှေ့ကပါသော ပုဒ်မ ၁၂ ကိုလည်း လွှမ်းခြုံသည်။ ပုဒ်မ ၁၂ တွင်ပါရှိသော ရှင်းလင်းချက်အရ အချင်းဖြစ်ကိစ္စသည် မြေစသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်လျှင် ပစ္စည်းကိုပင် မပေးမနေ ပေးအပ်စေရမည်ဆိုလျှင်၊ တရားရုံးအား ပုဒ်မ ၂၂ ကအပ်နှင်းသော အာဏာသည် အဓိပ္ပါယ်မရှိ၊ အချီးနှီးဖြစ်လိမ့်မည်။

မူလရုံးက နှစ်ဖက်မျှတစေသော၌၊ ဒေါ်မှုန်အား၊ ဒေါ်စောရွှေက လျော်ကြေးပေးစေ၏။ ပုဒ်မ ၁၉ အရ၊ ယင်းသို့လျော်ကြေးပေးရန်အမိန့်ချမှတ်ပေးနိုင်သည်။ ပုဒ်မ ၁၉ ၏ဒုတိယအပိုဒ်တွင် တရားရုံးက ပဋိညာဉ်အတိုင်း ဆောင်ရွက်စေဟုလည်း အမိန့်မပေး၊ ပဋိညာဉ်ဖေါက်ဖျက်မှုလည်း ရှိနေသည်ဟုတွေ့ရလျှင်၊ တရားလိုအား သင့်တော်သောလျော်ကြေးကို ပေးစေရန်မိန့်ဆိုနိုင်သည် ဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တရားလိုက လျော်ကြေးမတောင်းခံစေကာမူ တရားရုံးက လျော်ကြေးပေးထားခြင်းသည် ဥပဒေအာဏာမလွန်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဒေါက်တာ ကျင်စို။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးမြင့်စိုး။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။အယူခံတရားလို ဒေါ်စောရွှေနှင့် ဦးဆင့် (ကွယ်လွန်) တို့က အယူခံတရားပြိုင် ဒေါ်မှုန် အား၊ ၎င်းတို့ပိုင်မြေမှ ပေ ၃၀ × ပေ ၃၀ တပိုင်းကိုဒေါ်မှုန် အား အဘိုးငွေ ၃,၅၀၀ ကျပ်ဖြင့် ရောင်းရန် သဘောတူကြောင်း၊ ၁၉၆၁ ခု၊ ဒီဇင်ဘာလ ၁၄ ရက်နေ့စွဲဖြင့် သဘောတူ စာချုပ်ချုပ်ဆိုခဲ့သည်။ စရံငွေ ၃,၀၀၀ ကျပ်ကိုရရှိကြောင်း စာချုပ်တွင် မြွက်ဆိုသည်။

ဒေါ်မှုန်ကကျန်ငွေ ၅၀၀ ကျပ်ပေးသော်လည်း ဒေါ်စောရွှေတို့က လက်မခံ မြေကိုပေးအပ်၍ အရောင်းအဝယ်ကို မှတ်ပုံတင်ပေးရန်ကိုလည်းငြင်းဆန်သောကြောင့် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုကို ဒေါ်မှုန်က မန္တလေးမြို့နယ်ပိုင်တရားမ တရားရုံးတွင် ၁၉၆၃ ခုနှစ်၌ စွဲဆိုသည်။

ဒေါ်စောရွှေတို့က မြေကိုရောင်းရန်သဘောတူစာချုပ် ချုပ်ဆိုခြင်းမပြုခဲ့ပါ၊ ရောင်းရန်စရံမယူခဲ့ပါ၊ ဒေါ်မှုန်ထံမှငွေ ၃,၀၀၀ ကျပ်ကိုချေးငှါးယူခဲ့ခြင်းသာ ဖြစ်ပါသည်ဟု ထုချေခဲ့သဖြင့် ယင်းအချက်တို့ကို မူလရုံးက ကောက်ချက်ထုတ်၍စစ်ဆေးခဲ့သည်။ အရောင်းစာချုပ် ချုပ်ခြင်းမှန်ကြောင်း၊ စရံငွေ ၃,၀၀၀ ကျပ်ယူကြောင်းကို ဆုံးဖြတ်

၁၉၇၁

၁။ ဒေါ်စောရွှေ၊ ၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်စောရွှေ နှင့် ဒေါ်မှုန်

ခဲ့သည်။ ဒေါ်မှုန်အား ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် ဒီကရီပေးသင့်မပေးသင့်ကို ချိန်ကစဉ်းစားရာ၌ကား၊ ထူးခြားသောပြဿနာကိုတွေ့ရသည်။

စာချုပ်အတိုင်း မြေကိုပိုင်းခြား၍ လွှဲပြောင်းပေးရမည်ဆိုလျှင် ဒေါ်စောရွှေ လက်ရှိနေသော အိမ်တဝက်နှင့် နောက်အိမ်တလုံး ပါနေသဖြင့် ဖျက်ကာပြောင်းရွှေ့ပေးရမည်၊ ရေတွင်းကိုလည်း အလားတူဖျက်ပေးရမည်။ အိမ်တန်ဘိုး ၄,၀၀၀ ကျပ်ခန့်နှင့် ရေတွင်းတန်ဘိုး ၄၀၀ ကျပ်ခန့်ရှိသည်။ ထိုအချက်တို့ကို စာချုပ် ချုပ်စဉ်က ဂရုမပြုခဲ့၍သာ ဒေါ်စောရွှေတို့ကငွေ ၃,၅၀၀ ကျပ်မျှနှင့် မြေကိုရောင်းရန် သဘောတူခဲ့ခြင်းဖြစ်မည်။ တဖက်တချက် အသာအနာကို ချိန်၍ကြည့်ရန် တရားရုံးတွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၂၂ အရတာဝန်ရှိသည်။ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေအမိန့်ချမှတ်လျှင်၊ ဒေါ်စောရွှေတို့ဖက်မှ နစ်နာမှုများမည်။ ထို့ကြောင့် ဒေါ်မှုန်တောင်းသော ဒီကရီကိုမပေး၊လျော်ကြေးဖြင့် လုံလောက်သင့်မြတ်မည်ဆိုကာ၊ ဒေါ်မှုန်အား ဒေါ်စောရွှေတို့က လျော်ကြေးပေးစေဟုဆုံးဖြတ်သည်။

ဒေါ်မှုန်က ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ၊ ယင်းပထမအယူခံရုံးက ၎င်းအား အနိုင်ပေးသည်။ အရောင်းအဝယ်တွင် ၎င်းကပေးရန်ကျန်ငွေ ၅၀၀ ကျပ်ပေးလျှင် ဒေါ်စောရွှေက မြေကိုလွှဲပြောင်းပေးအပ်စေ ဟုအမိန့်ချသည်။

ဒေါ်စောရွှေက ဤရုံးသို့ ဒုတိယအယူခံတင်သွင်းရာ၊ မအောင်မြင်ခဲ့ချေ။ အယူခံရုံးများက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ ၏ရှင်းလင်းချက်ကို ရည်ညွှန်းကြသည်။ ယင်းရှင်းလင်းချက်၏သဘောမှာ၊အခြားဆန့်ကျင်သောအကြောင်းအချက်ကိုသက်သေပထူနိုင်လျှင်၊ တရားရုံးသည်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လွှဲပြောင်းပေးအပ်ရန် ပဋိညာဉ်ပျက်ခြင်းကို၊ငွေလျော်ကြေးဖြင့် အစားထိုးကာမျှဖြင့် လုံလောက်ခြင်းမရှိဟု ယူဆရမည်။ ပစ္စည်းကိုပင် လွှဲပြောင်းပေးစေအပ်သည် ဟူ၍ဖြစ်သည်။

> "*Explanation.*—Unless and until the contrary is proved, the Court shall presume that the breach of a contract to transfer immoveable property cannot be adequately releved by compensation in money . . ."

ထိုရှင်းလင်းချက်အရ၊ မြေကိုလွှဲပြောင်းပေးအပ်ရန် သဘောတူချက်ကို ဆောင်ရွက်ရမည်သာဖြစ်သည်။ လျော်ကြေးပေးကာမျှဖြင့်တာဝန်မကြေဟု အယူခံရုံးများက ယူဆကြသည်။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၉ အရ၊ တရားရုံးက လျော်ကြေးပေးရန် အာဏာရှိသော်လည်း တရားလိုက လျော်ကြေးမတောင်းခဲ့ပဲ မူလရုံးကလျော်ကြေး ပေးခဲ့ခြင်းဖြစ်၍ မှားယွင်းသည်ဟု ဒုတိယအယူခံရုံးကလည်း ဆုံးဖြတ်ခဲ့သည်။

၁၉၇၁

၁။ ဒေါ်စော ရွှေ။
၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ် စား လှယ် ဒေါ်စောရွှေ။
နှင့်
ဒေါ်မှန်။

အမှုတွင် ထင်ရှားသောအချက်သည်၊ အကယ်၍သာ ပဋိညာဉ်အတိုင်း မြေကိုပေးအပ်ရမည်ဆိုလျှင် ပိုင်ရှင်ဒေါ်စောရွှေတို့ဘက်မှ အိမ်တဝက်နှင့် နောက်ထပ်အိမ်တလုံး၊ ၎င်းပြင် ရေတွင်းတတွင်းတို့ကို ဖျက်သိမ်းရွှေ့ပြောင်းရမည်ဆိုသော အချက်ဖြစ်၏။ ထိုအချက်ကိုအခြေခံထားကာ၊ မူလရုံးကပုဒ်မ ၂၂ ကိုညွှန်း၍ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် ဒီကရီပေးခြင်းကို ငြင်းခြင်းမှန်သလား၊ သို့မဟုတ် အယူခံရုံးများက ပုဒ်မ ၁၂ ပါရှင်းလင်းချက်ကိုညွှန်း၍၊ မြေကိုလွှဲပြောင်း၍သာ ပေးရမည်ဟု ယူခြင်းမှန်သလား၊ စဉ်းစားရန်လို၍၊ အယူခံဝင်ရန် အခွင့်ထူးပေးခဲ့ခြင်းဖြစ်သည်။

အယူခံတင်သွင်းလျှောက်လဲသောရှေ့နေကြီး ဒေါက်တာ ကျင်စိုက၊ပုဒ်မ ၁၂ သည် ပုဒ်မ ၂၂ ကိုလွှမ်းမိုးခြင်း မပြုနိုင်ပါ။ အမှုတိုင်းတွင်တရားရုံးက၊ မိမိ၏ဆင်ခြင်တုံတရားကိုသုံး၍၊ အကြောင်းချင်းရာနှင့်အညီ မျှတစွာ ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ဒေါ်စောရွှေတို့သည် စာချုပ်ချုပ်စဉ်က မြေကိုလွှဲပြောင်းပေးရလျှင် အိမ် ၂ လုံးနှင့် ရေတွင်းပါမည်၊ များစွာနစ်နာဖွယ်ရှိသည်ကိုမသိကြပါ၊ အမှုအခင်းဖြစ်၍ တိုင်းတွာမှသာ မြင်သိလာခြင်းဖြစ်ပါသည်။ မူလရုံးသည် အကြောင်းချင်းရာကို စေ့စုံစွာ သုံးသပ်ပြီးနောက် ဥပဒေနှင့်အညီ ဆင်ခြင်တုံတရားအရ မျှတစွာဆုံးဖြတ်ထားခြင်း ဖြစ်၍ မူလရုံး၏ အမိန့်ဒီကရီကို အတည်ပြုပေးသင့်ပါသည်ဟု လျှောက်လဲသည်။

အယူခံတရားပြိုင်အတွက် ရှေ့နေကြီး ဦးမြင့်စိုးက မြေအစားငွေဖြင့်ပေးလျော်၍ မရကြောင်း ပုဒ်မ ၁၂ ၏ရှင်းလင်းချက်နှင့် **မောင်ဖေ** နှင့် **ကင်လောက်(၁)** ရှေးထုံးတို့တွင်ပေါ်လွင်ပါသည်။ မြေကိုအမှုမဖြစ်မီက မတိုင်းမိ၍ အန္တရာယ်ကို မမြင်မသိဆိုစေကာမူ ဒေါ်စောရွှေ၏မြေလွှာမှာကျယ်ဝန်းလှသည်မဟုတ်ရာ၊ပေ ၃၀ × ပေ ၃၀ ခွဲ၍ပေးရလျှင် အိမ်နှင့်ရေတွင်းပါမည်ကို သိကောင်းပါသည်။ သိလျက်နှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်၍ ယင်းစာချုပ်အတိုင်းသာလျှင် တိကျစွာ ဆောင်ရွက်စေသင့်ပါသည်ဟု လျှောက်လဲသည်။

**မောင်ဖေ** အမှုတွင် မြေပိုင်ရှင်က **အကြောင်းကောင်းမပြပဲ မြေကိုရောင်းချ** လွှဲအပ်ပေးရန် ငြင်းဆန်ခြင်းဖြစ်၏။ ဤအမှုတွင် ဒေါ်စောရွှေဘက်မှ ရောင်းဖိုးငွေ ၃,၅၀၀ ကျပ်မျှအတွက် ၄,၀၀၀ ကျပ်ခန့်တန်သောအိမ် ၂ လုံးနှင့် ၄၀၀ ကျပ်ခန့်တန်သောရေတွင်းတတွင်း နစ်နာရမည်လိုဖြစ်နေသည်။ အိမ်ကိုဖျက်၍ ရွှေ့၍ရသည်၊ ရေတွင်းကိုဖို့၍ အသစ်တူး၍ရသည်ဆိုစေကာမူ၊စရိတ်စက နစ်နာမှုများကား နည်းပါးမည်မဟုတ်။ ဒေါ်မှန်ဖက်မှကြည့်လျှင် မြေမရ၍ မကျေနပ်ဖွယ်ဖြစ်၏။ မြေရလျှင် ၎င်း၏ ဝင်းခြံကိုချဲ့၍ရသည်၊ ကျယ်ဝန်းမည်မှန်၏။ သို့ရာတွင် မူလရုံးက ညွှန်ပြသည့်အတိုင်း၊ ၎င်းတွင်လည်း၊ လက်ရှိဝင်းနှင့်အိမ်နှင့်။

(၁) ၁၇၉၇—၁၉၁၁၊ အထက်မြန်မာနိုင်ငံ စီရင်ထုံးများ အတွဲ ၂၊ စာ ၅၃၉။

၁။ ဒေါ်စောရွှေ။
၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်စောရွှေ။
နှင့်
ဒေါ်မှန်။

မည်သို့ပင်ဆိုစေ၊ မူလရုံးက အကြောင်းအချက်တို့ကို ကောင်းစွာသုံးသပ်ပြီးနောက် ဆင်ခြင်တုံတရားကို သဘာဝယုတ္တိနှင့်အညီ မျှတစွာ သုံးစွဲထားခြင်းဖြစ်သည်။ ပုဒ်မ ၂၂ ကလည်း ဆင်ခြင်တုံတရားကိုသုံးစွဲခွင့်အာဏာကို ရုံးအားနှင်းအပ်ထားသည်။ ယင်းသို့သုံးစွဲ၍ ဆုံးဖြတ်ထားသည်ကို အယူခံရုံးကကြည့်ရှု၍ တရားမျှတမှုကင်းနေလျှင် ပြင်ဆင်နိုင်သည်မှန်၏။ သို့ရာတွင် မူလရုံးက ဆင်ခြင်တုံတရား သုံးစွဲပုံ မှန်-မမှန်ကို စိစစ်ဝေဖန်ရန်ဖြစ်၏။ အယူခံရုံးက မိမိ၏ဆင်ခြင်တုံတရားကို မူလရုံး၏ ဆင်ခြင်တုံတရားနှင့် အစားထိုးရန်မဟုတ်။ အယူခံရုံးထိုင် တရားသူကြီးက မိမိသာလျှင်မူလမှုကို စစ်ဆေးလိုက်ရလျှင်၊ ဤသို့ကွဲလွဲ၍ ဆုံးဖြတ်လိုက်ရလျှင် သင့်မြတ်မည်ဟု ယူဆကာမျှနှင့်လည်း အယူခံမှုတွင် ယင်းသို့ကွဲလွဲ၍ ဆုံးဖြတ်ပေးရန်မဟုတ်ချေ။

ပုဒ်မ ၁၂ ၏ရှင်းလင်းချက်တွင် "အခြားဆန့်ကျင်သော အချက်အလက်ကိုသက်သေမထူနိုင်လျှင်" ဟူသောစကားရပ်များက ချုပ်ထားသည်ကိုမမေ့အပ်။ သာမန်အားဖြင့် မြေကိုလွှဲပြောင်းပေးခြင်းကို ငွေလျော်ကြေးဖြင့် အစားထိုး၍ မလုံလောက်ဟုယူဆရမည်။ သို့ရာတွင်မြေကိုလွှဲအပ်သဖြင့် အိမ်ဖျက်ရမည်၊ ရေတွင်းဖို့ရမည် ဟုထင်ရှားစွာ အမှုတွင်ပေါ်နေသောအချက်သည်၊ယင်းယူဆချက်ကိုဆန့်ကျင်၍ သက်သေထူထားသောအချက်ဖြစ်၏။

ပုဒ်မ ၂၂ က တရားရုံးအား အပ်နှင်းသောအာဏာသည်အက်ဥပဒေပြဋ္ဌာန်းချက်များကိုလွှမ်းခြုံသည်။ ရှေ့ကပါသောပုဒ်မ ၁၂ ကိုလည်းလွှမ်းခြုံသည်။ ပုဒ်မ ၁၂ တွင်ပါရှိသော ရှင်းလင်းချက်အရ အချင်းဖြစ်ကိစ္စသည် မြေစသော မရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်လျှင် ပစ္စည်းကိုပင် မပေးမနေ ပေးအပ်စေရမည်ဆိုလျှင်၊ တရားရုံးအား ပုဒ်မ ၂၂ ကအပ်နှင်းသောအာဏာသည် အဓိပ္ပါယ်မရှိ၊ အချီးနှီးဖြစ်လိမ့်မည်။

မူလရုံးက နှစ်ဖက်မျှတစေသော၄ါ၊ ဒေါ်မှန်အား၊ ဒေါ်စောရွှေက လျော်ကြေးပေးစေ၏။ ပုဒ်မ ၁၉ အရ၊ ယင်းသို့လျော်ကြေးပေးရန် အမိန့်ချမှတ်ပေးနိုင်သည်။ ပုဒ်မ ၁၉ ၏ ဒုတိယအပိုဒ်တွင်၊ တရားရုံးက ပဋိညာဉ်အတိုင်း ဆောင်ရွက်စေဟုလည်း အမိန့်မပေး။ ပဋိညာဉ်ဖေါက်ဖျက်မှုလည်း ရှိနေသည်ဟုတွေ့ရလျှင်၊ တရားလိုအား သင့်တော်သော လျော်ကြေးကိုပေးစေရန် မိန့်ဆိုရမည်ဟု ပြဋ္ဌာန်းထားသည်။

> "If in any such suit the Court decides that specifiic performance ought not to be granted, but that there is a contract between the parties which has been broken by the defendant and that the plaintiff is entitled to compensation for that breach, it shall award him compensation accordingly."

၁၉၇၁

၁။ ဒေါ်စောရွှေ
၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်စောရွှေ။
နှင့်
ဒေါ်မှန်။

ထို့ကြောင့် တရားလိုက လျော်ကြေးမတောင်းစေကာမူ တရားရုံးက လျော်ကြေးပေးထားခြင်းသည် ဥပဒေအာဏာမလွန်။

ဦးမြင့်စိုးက မူလရုံးကပေးထားသောလျော်ကြေးသည် အမှန်အားဖြင့် ဒေါ်မှန်က ပေးထားသောစရံငွေ ၃,၀၀၀ ကျပ်သာဖြစ်နေပါသည်။ ထို့ကြောင့် လျော်ကြေးမမည်ပါဟုတင်ပြသည်။

လျော်ကြေးမည်မျှ သတ်မှတ်သင့်သည်ကို မူလရုံးကစစ်ဆေး၍ ကျွန်ုပ်တို့ထံ ပြန်လည်တင်ပြနေရလျှင်၊ ၈ နှစ်ကျော်ကြာမြင့်ခဲ့ပြီး ဖြစ်သောအမှုသည်ထပ်မံ၍ကြန့်ကြာကာ ၂ ဖက်အမှုသည်များ စရိတ်ကုန်ပင်ပန်းကြဖို့သာရှိမည်။ ထို့ကြောင့်၊ အမှုအဖြစ်အပျက်ကိုကြည့်၍ လျော်ကြေးငွေ ၁,၀၀၀ ကျပ်သတ်မှတ်လျှင် သင့်တော်မည်ဟု ကျွန်ုပ်တို့ယူဆကာ၊ ဒေါ်စောရွှေက ဒေါ်မှန်ထံမှယူပြီးသောစရံငွေ ၃,၀၀၀ ကျပ်အပြင် ပဋိညာဉ်ပျက်ကွက်သည့်အတွက် လျော်ကြေးငွေ ၁,၀၀၀၊ ပေါင်းငွေ ၄,၀၀၀ ကျပ်ပေးစေဟု မူလရုံး၏အမိန့်ကို ပြင်ဆင်၍ အတည်ပြုလိုက်သည်။ အယူခံရုံးများ၏ စီရင်ဆုံးဖြတ်ချက်တို့ကို ပယ်ဖျက်သည်။ ရုံးအဆင့်ဆင့်တွင် ကုန်ကျခဲ့ကြသော တရားစရိတ်တို့ကို အမှုသည်တို့သည် မိမိတို့ဘာသာ ကျခံစေကြရမည်။

# နိုင်ငံတော်တရားရုံးချုပ်

## အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၇၁ / ဇွန်လ ၉ ရက်။

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် { ၁။ အဗဟူဆတ္တား (ခေါ်) မောင်သာထွန်း ၂။ နူးမိုဟာမက် *

**၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေ—နိုင်ငံတော်အစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၃၉ တွင်ပါရှိသော "ရပိုင်ခွင့်အားလုံး" ၏ရှင်းလင်းချက်— ပြည်သူပိုင်မလုပ်မီက ရရန်ရှိသောကြွေးမြီအတွက် တရားစွဲဆိုပိုင်ခွင့်သည် ပြည်သူပိုင်ပြုလုပ်ပြီးနောက် အစိုးရ၌တည် မတည်။**

**ဆုံးဖြတ်ချက်။** ။၁၉၆၃ ခုနှစ်၊ ဥပဒေက ပုဒ်မ ၃(၃) (က) ဖြင့် ပြည်သူပိုင်ပြုလုပ်သော လုပ်ငန်း၏ရပိုင်ခွင့်အားလုံးကို အစိုးရလက်ဝယ်သို့ ရောက်စေရန်၊ ကျေညာနိုင်သည့် အာဏာကို ဖန်တီးအပ်နှင်းထားသည်မှန်၏။ သို့ရာတွင် အာဏာကို ခံယူရရှိသော အစိုးရကလုပ်ငန်းသဘော အခြေအနေနှင့် အကြောင်းကြောင်းကို ထောက်ရှု၍၊ ပေါ်လစီအရ၊ ယင်းအာဏာမှ လိုသလောက်ကိုသာသုံးစွဲလျှင်လည်း တရားဝင်သည်သာဖြစ်သည်။ လုပ်ငန်းရပိုင်ခွင့်အားလုံးကို ပြည်သူပိုင် ပြုလုပ်ခွင့်ရှိကာမျှနှင့် ရရန်ကြွေးမြီများကိုပါ မယူမနေ၊ ယူရမည်ဟုမဆိုချေ။ အုပ်ချုပ်မှုအာဏာကို လုပ်ငန်းအလိုက် တိုင်းထွာ၍၊ လိုအပ်သလို သုံးစွဲရသည်။ ဥပဒေကမပေးသော အာဏာကိုကောက်ယူသုံးစွဲခြင်းမပြုမိအောင်၊ သို့မဟုတ် ပေးသည်ထက်ပို သုံးစွဲကာ အာဏာလွန်ခြင်း မဖြစ်မိအောင် သာလျှင် စောင့်စည်းရသည်။

အမှုပါ "ဇင်" ရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားအလားတူ လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ရာတွင်၊ ရရန်ကြွေးမြီများကို အမိန့်ကြော်ငြာစာမှ အတိအလင်း ချန်လှပ်ထားခြင်း ကြောင့် ယင်းကြွေးမြီတို့သည် အစိုးရလက်ဝယ်သို့မရောက်၊ ပြည်သူပိုင်ပြုလုပ်ခြင်းခံရသူတို့ကတောင်းခံခြင်း၊ ကြွေးမြီရရန် တရားစွဲဆိုခြင်းပြုလုပ်နိုင်သည်။ ဥပဒေက အပ်နှင်းသော အာဏာအရ၊ ယခင် ရရန်ကြွေးမြီတို့သည်လည်း အစိုးရ၏လက်ဝယ်ရောက်စေရမည်ဟု အမိန့်ကြော်ငြာထုတ်ပြန်လျှင်ကား ယင်းကြွေးမြီများသည် အစိုးရလက်ဝယ်သို့ ရောက်ရှိကာ၊ အစိုးရသာ ယင်းတို့ကိုတောင်းယူခြင်း တရားစွဲဆိုခြင်းပြုနိုင်မည်ဖြစ်သည်။ **စိန်ရတနာပိုးယက်ကန်းစက် လီမိတက် နှင့် ကုန်သွယ်လုပ်ငန်း ခွန်မင်းကြီး၊ ၁၉၆၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅ ကိုရည်ညွှန်းသည်။**

---

* ၁၉၆၀ ခုနှစ်၊ အခွင့်ထူးတရားမ အယူခံမှုအမှတ် ၇၊ ၀။

† ၁၉၆၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၇/၂၀ တွင် နိုင်ငံတော် တရားရုံးချုပ်၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးချန်ထွန်းအောင်၊

**အယူခံတရားခံအတွက်။** ။တရားရုံးချုပ်ရှေ့နေ မစ္စတာ၊ အမ်၊ အေ၊ ဆူဘန်း၊

**ရုံးသဟာယ။** ။အစိုးရ တရားရုံးချုပ်ရှေ့နေ မစ္စတာ၊ အက် (စ်)၊ ကော ဂို(ရှ်)။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေက အပ်နှင်းသော အာဏာအရ၊ နိုင်ငံတော် အစိုးရက ပြည်သူပိုင် ပြုလုပ်သော လုပ်ငန်း တရပ်တွင် ပြည်သူပိုင် မပြုလုပ်မီက ရရန် ရှိနေသော ကြွေးမြီ အတွက်၊ တရားစွဲဆို ပိုင်ခွင့်သည် ပြည်သူပိုင် ပြုလုပ် ပြီးသည့် နောက်၌ လုပ်ငန်းပိုင်ရှင်၌ပင် တည်သလော၊ အစိုးရ၌သာ တည်သလော၊ ဟူသော ပြဿနာကို စဉ်းစားရန် လို၍၊ ဤအခွင့်ထူး အယူခံမှု ၇ နှင့် ၈/၁၉၆၈ တို့ကို ဖွင့်ခဲ့ခြင်း ဖြစ်သည်။

၁၉၇၁

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟူ- ဆတ္တား (ခေါ်) မောင်သာထွန်း။ ၂။ နူးမိုဟာ မက်။

ပြဿနာ ထပ်တူ ဖြစ်၍၊ အယူခံ ၂ မှုလုံးကို ပေါင်းရုံး၍၊ စုံညီ ခုံရုံးဖြင့် နှစ်ဖက်ရှေ့နေကြီးများ အပြင်၊ ရုံးသဟာယ နိုင်ငံတော် ရှေ့နေချုပ်ကိုပါ ကြားနာခဲ့သည်။ ဤစီရင်ချက်ဖြင့် ၂ မှုကို ဆုံးဖြတ်သည်။

အယူခံ တရားလို ဒေါ်ဇင် သည်၊ "ဇင်" ရောင်းဝယ်ရေးလုပ်ငန်းကိုလုပ်ကိုင်ခဲ့ကြစဉ်၊ အယူခံတရားပြိုင် အဗဟူဆတ္တားနှင့် နူးမိုဟာမက်တို့အား၊ ဘယဆေးပစ္စည်းများ ရောင်းချခဲ့ကြသည် ဆို၏။ အစိုးရက၊ ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေအရ၊ ၁၉၆၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင်၊ အမိန့်ကြော်ငြာစာ အမှတ် ၃၉ ဖြင့်၊ ရန်ကုန်နယ်နိမိတ်တွင်း ရှိလက်ကားဆိုင်၊ ပွဲရုံ၊ ဆိုင်ကြီး၊ ကုန်တိုက် စသည်တို့ကို ပြည်သူပိုင် ပြုလုပ် ရာတွင် "ဇင်" ရောင်းဝယ်ရေး လုပ်ငန်းလည်း ပါဝင်လေသည်။

အမိန့်ကြော်ငြာစာ အမှတ် ၃၉ ၏ အပိုဒ် ၃ တွင် အောက်ပါ ကဲ့သို့ သတ်မှတ်ထားသည်။

> ၃။ ။ဖော်ပြပါ လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးကို ပြည်ထောင်စု မြန်မာ နိုင်ငံ အစိုးရ၏ လက်ဝယ်သို့ ရောက်စေရမည်။ ဆိုလိုသည်မှာ၊ လုပ်ငန်းနှင့် သက်ဆိုင်သည့်—
>
> အပိုင်ပစ္စည်းများ
>
> (၁) မြေများ၊
> (၂) အဆောက်အဦများ၊
> (၃) ကုန်ပစ္စည်းများ
>
> နှင့် ဆိုင် ပရိဘောဂများ။

၁၉၇၂ — ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဇဟူဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာမက်။

လုပ်ငန်းကို ပြည်သူပိုင် မပြုလုပ်မီက အဇဟူဆတ္တား နှင့် နူးမိုဟာမက် တို့က ပေးချေရန် တင်ရှိနေသော ဘယဆေးဖိုး ကြွေးမြီများကို ရလိုကြောင်းဖြင့် ဒေါ်ဇင်က ရန်ကုန်မြို့၊ တရားမရုံး၌၊ တရားမမှု အသီးသီး စွဲဆိုသည်။ တရားခံတို့က၊ အကြောင်း အမျိုးမျိုးပြ၍၊ ခုခံခဲ့ရာတွင် တရပ်မှာ "ဇင်" လုပ်ငန်းကို ပြည်သူပိုင် ပြုလုပ်ပြီး ဖြစ်၍၊ ဒေါ်ဇင်တွင် တရား စွဲဆို ပိုင်ခွင့် မရှိတော့ပြီဟူ၍ ဖြစ်သည်။

အချင်းဖြစ် ကြွေးမြီများအတွက် ဒေါ်ဇင်တွင် စွဲဆိုပိုင်ခွင့် ရှိ၊ မရှိ၊ ဥပဒေ ပြဿနာကို ပဏာမ ကောက်ချက် အဖြစ် ထုတ်နုတ်ကာ မူလ ရုံးက စစ်ဆေးခဲ့သည်။ အမိန့်ကြော်ငြာစာ အပိုဒ် ၄ က ပြည်သူပိုင် ပြုလုပ်သော လုပ်ငန်း၏ ကြွေးမြီများအတွက် အစိုးရက လုံးဝ တာဝန် မယူ ဟု ဆိုထားသဖြင့်၊ အစိုးရသည်၊ လုပ်ငန်း တရပ် ရရှိရန် ကြွေးမြီကို တောင်းယူသော တာဝန်၊ လုပ်ငန်းက ပေးရန်ကြွေးမြီကို ပေးဆပ်ရန် တာဝန် မယူကြောင်း ထင်ရှားသည်။ ထို့ကြောင့် ပြည်သူပိုင် ပြုလုပ်သော နေ့ အထိ၊ လုပ်ငန်းကရရန်ကြွေးမြီများကို ရရန်အတွက် လုပ်ငန်း ပြည်သူပိုင် ပြုလုပ် ခံရသူက၊ တောင်းခံခြင်း၊ တရားစွဲဆိုခြင်း ပြုလုပ် နိုင်သည်ဟု မူလ ရုံးက ဆုံးဖြတ် ခဲ့သည်။

တရားရုံးချုပ်သို့ အဇဟူဆတ္တားနှင့် နူးမိုဟာမက် တို့က ပြင်ဆင်မှုဖြင့် တက်ရောက် ခဲ့ကြရာ၊ ဤရုံး တဦးတိုင် တရားသူကြီးက၊ ဒေါ်ဇင်တွင် ၎င်းတို့ အပေါ် တရားစွဲဆိုပိုင်ခွင့် မရှိပြီ၊ ပြည်သူပိုင် ပြုလုပ်သည်နှင့် လုပ်ငန်း၏ "ရပိုင်ခွင့်အားလုံး" သည်၊ အစိုးရတွင် တည်သည် ဟု ဆုံးဖြတ် ခဲ့လေသည်။

နိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် ၃၉ ပါ သတ်မှတ် ချက်များနှင့် ယင်းအမိန့်သို့ အာဏာ သက်ဆင်းရာ ဖြစ်သော ၁၉၆၃ ခုနှစ်၊ ဥပဒေပါ ပြဋ္ဌာန်း ချက်တို့ကို နှိုင်းယှဉ်၍ အဓိပ္ပါယ် ဖွင့်ဆိုရန် လိုသဖြင့် နှစ်ဖက် ရှေ့နေကြီးများ နှင့် ရှေ့သဟာယတို့ကို ကျွန်ုပ်တို့ အကျယ် တဝင့် ကြားနာ ခဲ့ကြသည်။

အယူခံ တရားလို၏ ရှေ့နေကြီး ဦးချန်ထွန်းအောင်က၊ အမိန့် ကြော်ငြာစာ အပိုဒ် ၃ တွင် လုပ်ငန်းနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးသည်၊ အစိုးရ လက်ဝယ်သို့ ရောက် စေရမည်ဟု ဆိုထားစေကာမူ၊ ယင်း "ရပိုင်ခွင့်" ကို အဓိပ္ပါယ်ဖွင့်ရာ၌၊ မြေ၊ အဆောက်အဦ၊ ကုန်ပစ္စည်းနှင့် ပရိဘောဂ ဟု အတိ အကျ၊ ရှင်းရှင်း လင်းလင်း သတ်မှတ် ထားပါသည်။ လုပ်ငန်းက ရရန် ကြွေးမြီများ မပါပါ။ ရည်ရွယ်ချက်မှာ၊ ယခင်က၊ ရရန် ကြွေးမြီကို ယခင် ပိုင်ရှင်က တောင်းယူခြင်း၊ တရားစွဲဆိုရန် လိုက တရားစွဲဆိုခြင်း ပြုရန် ဖြစ်သည်ဟု အဓိပ္ပါယ် သက်ရောက် ပါသည်။ ယခင် ကြွေးမြီများသည်၊ အစိုးရ လက်သို့ ရောက်သည် ဟု သတ်မှတ် ခြင်း မပြုဘဲ၊ ယင်း သို့ သတ်မှတ် ထားဘိသကဲ့သို့ ရုံးက အဓိပ္ပါယ် ကောက်ယူခြင်းသည်၊ အမိန့် ကြော်ငြာစာကို ဖြည့်စွက် ပြင်ဆင်ခြင်း သဘော ရောက် ပါသည်။ ယင်းသို့ ပြုရန် တရားရုံးတွင်

အာဏာ မရှိကြောင်း၊ စီရင် ထုံးများ ရှိပါသည်။ ထင်ရှားသော မကြာမြင့်မီက စီရင်ထုံးသည် **စိန် ရတနာ ပိုးယက်ကန်းစက် လီမိတက်** နှင့် ၊ **ကုန်သွယ် လုပ်ငန်းခွန်မင်းကြီး** (၁) ဖြစ်ပါသည် ဟု တင်ပြ သည်။

၁၉၇၁

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟု ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာမက်။

အယူခံ တရားပြိုင်တို့ အတွက် လိုက်ပါ ဆောင်ရွက်သော ရှေ့နေကြီး မစ္စတာ ဆူဘန်းက၊ အမိန့်ကြော်ငြာစာ အမှတ် ၃၉ ကို ၁၉၆၃ ခုနှစ်၊ ဥပဒေက လွှမ်းမိုးပါသည်။ ယင်း ဥပဒေ ပုဒ်မ ၃ က အောက်ပါ ကဲ့သို့ ပြဋ္ဌာန်း ပါသည်။

၃။ (၁) အစိုးရမှ မည်သည့် လုပ်ငန်းကိုမဆို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ပြည်သူပိုင်အဖြစ် သိမ်းယူ နိုင်သည့် အာဏာ ရှိရမည်။

(၂) ယင်းသို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ လုပ်ငန်း တခုခုကို သိမ်းယူသည့် အခါ၊ အဆိုပါ အမိန့်ကြော်ငြာစာတွင် သီးခြား ဖော်ပြ ထားသည့် လုပ်ငန်းသည်၊ သီးခြား ဖော်ပြ ထားသည့် နေ့ရက်တွင် ပုဒ်မ ခွဲ (၃) နှင့် အညီ ပြည်သူပိုင် ဖြစ်လာမည်။

(၃) ယင်းသို့ ပြည်သူပိုင် အဖြစ် ကျေညာ ရာတွင် အောက်ပါ အချက်များ ပါဝင်ရမည်။

(က) အဆိုပါ လုပ်ငန်း၏ အပိုင် ပစ္စည်း အားလုံး၊

(ခ) အဆိုပါ လုပ်ငန်း၏ ကြွေးမြီများအနက် အစိုးရက တာဝန်ယူ၍၊ ပေးထိုက်သော ကြွေးမြီ တာဝန်များ။

အထက်ပါ ပြဋ္ဌာန်းချက်အရ၊ ပြည်သူပိုင် ပြုလုပ်သော လုပ်ငန်း၏ အပိုင် ပစ္စည်း အားလုံးသည်၊ ပြည်သူပိုင် ဖြစ်လာပါသည်။ လုပ်ငန်းက ရရန် ကြွေးမြီများသည်လည်း လုပ်ငန်း၏ အပိုင် ပစ္စည်းများပင် ဖြစ်သဖြင့် ယင်း ကြွေးမြီတို့ကို တောင်းယူ နိုင်ခွင့်သည် အစိုးရ၌သာ ရှိပါမည်။ လုပ်ငန်း၏ ယခင် ပိုင်ရှင်ဘွင် မရှိတော့ပါ၊ ထို့ကြောင့် အမိန့်ကြော်ငြာစာ အမှတ် ၃၉ တွင် ရရန် ကြွေးမြီများကို ချန်လှပ် ထားခြင်းကပင် ဘာအရေးမဝင်ပါ။ ကြွေးမြီများကို ဖော်ပြခြင်း မပြုစေကာမူ၊ ဥပဒေ အရ၊ ယင်းကြွေးမြီတို့သည်လည်း အစိုးရ၏ ရပိုင်ခွင့်သာ ဖြစ်ပါသည် ဟု လျှောက်လဲသည်။

ရုံးသဟာယ အဖြစ် နိုင်ငံတော် ရှေ့နေချုပ် ကိုယ်စား လိုက်ပါ ဆောင်ရွက်သော အစိုးရ ရှေ့နေကြီး မစ္စတာ ဂို (ရှ) က၊ ၁၉၆၃ ခုနှစ်၊ ဥပဒေ အရ၊ အစိုးရသည် လုပ်ငန်းအမျိုးမျိုးကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြည်သူပိုင် ပြုလုပ်ခဲ့ရာ၌၊ အချို့သောအမိန့်ကြော်ငြာစာတို့၌၊ လုပ်ငန်း၏ ရပိုင်ခွင့်အားလုံးသည် အစိုးရ၏ လက်ဝယ်သို့ ရောက် ရှိစေရမည်ဟုရင်း၊ အချို့၌ ရပိုင်ခွင့် ဆိုသော စကားရပ်ကိုပင် ထပ်မံ၍

(၁) ၁၉၆၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅။

၁၉၇၁
ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟု ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာမက်။

အသေးစိတ် ရှင်းလင်း ဖော်ပြကာ၊ လုပ်ငန်းက ရရန် ကြွေးများ၊ အခွင့် အရေးများဟု သတ်မှတ်၍ရှင်း ပါရှိပါသည်။ "ဇင်" ရောင်း ဝယ်ရေး လုပ်ငန်း အပါအဝင် လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်သော အမိန့်ကြော်ငြာစာ အမှတ် ၃၉ တွင်ကား အစိုးရ လက်ဝယ်သို့ ရောက်စေရမည့် ရပိုင်ခွင့်များတွင် လုပ်ငန်းက ရရန် ကြွေးမြီများ မပါပါ။ ယင်းသို့ ချန်လှပ် ထားခဲ့ခြင်းသည် မေ့လျော့၍ မဟုတ်ပါ၊ အကြောင်းမဲ့လည်း မဟုတ်ပါ၊ လုပ်ငန်း အများ၏ ယခင် ကြွေးမြီများကို တောင်းယူခြင်း၊ မရလျှင် တရားစွဲဆိုခြင်း စသည့် တာဝန်တို့ကို အစိုးရက မယူလို၊ မယူနိုင်သော ကြောင့် ဖြစ်ပါသည်။ ယင်းသို့ ချန်လှပ် ထားခြင်းသည် ၁၉၆၃ ခုနှစ် ဥပဒေကို မဆန့်ကျင်ပါ၊ တရားဝင်ပါသည် ဟု လျှောက် လဲပါသည်။

ရှေ့နေကြီးများ ရည်ညွှန်းကြသော အမိန့် ကြော်ငြာစာ တို့တွင် အစိုးရ၏ လက်ဝယ်သို့ ရောက်စေရမည့် ရပိုင် ခွင့်တို့ကို လုပ်ငန်း ကို လိုက်၍၊ ကွဲလွဲစွာ သတ်မှတ် ထားသည်ကို တွေ့ရသည်။ ဥပမာ အားဖြင့် ရန်ကုန် နယ်နိမိတ် အတွင်းရှိ လက်ကား ဆိုင်များ၊ ပွဲရုံ၊ ဆိုင်ကြီး၊ ကုန်တိုက်များကို ပြည်သူပိုင် ပြုလုပ်ကြောင်း ကြေညာသော ၁၉၆၄ ခုနှစ်၊ မတ်လ ၁၉ ရက် နေ့စွဲပါ နိုင်ငံတော် အစိုးရအဖွဲ့ ဥက္ကဋ္ဌ၏ အမိန့်ကြော်ငြာစာ အမှတ် ၃၉ တွင် အစိုးရ လက်သို့ ရောက်ရမည့် "ရပိုင်ခွင့်အားလုံး" ဆိုသော စကားရပ်ကို ရှင်းလင်း၍ အတိ အကျ ဖော်ပြ ရာတွင် လုပ်ငန်းက ရရန် ရှိသော ကြွေးမြီများ မပါဝင်ချေ။

၁၉၆၄ ခုနှစ်၊ ဧပြီလ ၉ ရက် နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၄၉ ဖြင့်၊ နိုင်ငံတွင်းရှိ လက်ကားဆိုင်၊ ပွဲရုံ၊ ဆိုင်ကြီး၊ ကုန်တိုက်များကို ပြည်သူပိုင် ပြုလုပ်ခဲ့ရာတွင် အပိုဒ် ၃ တွင် လည်း အစိုးရ လက်ဝယ်သို့ ရောက်စေရမည့် ရပိုင် ခွင့်များတွင်၊ စက်များ၊ ယာဉ်များ၊ ပါဝင်ကြောင်း တိုးချဲ့၍ သတ်မှတ် သော်လည်း လုပ်ငန်းက ရရန် ကြွေးမြီများကိုကား ထည့်သွင်းခြင်းမပြု။

၁၉၆၄ ခုနှစ်၊ ဇက်တင်ဘာလ ၁ ရက် နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၁၃၁ ဖြင့် သတင်းစာနှင့် ပုံနှိပ် လုပ်ငန်း အချို့ကို ပြည်သူပိုင် ပြုလုပ်ခဲ့ရာ တွင် အပိုဒ် ၃ ၌၊ အစိုးရ လက်ဝယ်သို့ ရောက်စေရမည့် ရပိုင် ခွင့်များကို သီးခြား ဖော်ပြပြီးနောက်၊ အပိုဒ်ခွဲ(င) တွင် "အခြားရပိုင်ခွင့်အားလုံး" ဟူ၍၊ အားလုံးကို ခြုံငုံမိအောင် သတ်မှတ် ထားသည်။

၁၉၆၅ ခု၊ ဇန္နဝါရီလ ၁၆ ရက် နေ့တွင်ထုတ်ပြန်သောအမိန့် ကြော်ငြာစာအမှတ် ၃ ဖြင့် ဘားမား ဂေါ်ပိုရေးရှင်း (၁၉၅၁) လီမိတက်၏လုပ်ငန်းများကိုပြည်သူပိုင်၊အပိုဒ် ၃ ၌ "လုပ်ငန်းနှင့် ဆက်သိုင်သော ရပိုင်ခွင့် အားလုံးကိုအစိုးရ၏ လက်ဝယ်သို့ရောက်စေရ မည်" ဟုရှိသော အသေးစိတ် သီးခြားမဖော်ပြဘဲ၊ အားလုံးကို ခြုံ၍ သတ်မှတ်ခဲ့သည်။

၁၉၇၁

ဒေါ်ဇင် (ဒေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဇဟူ ဆတ္တား (ဒေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာ မက်။

လုပ်ငန်းက ရရန် ကြွေးမြီများပါ အစိုးရ လက်ဝယ်သို့ ရောက်စေရမည်ဟု အတိအလင်း သတ်မှတ်သော နမူနာ တရပ်ကို ပုလဲလုပ်ငန်း ပြည်သူ ပိုင် ပြုလုပ်ရာတွင် တွေ့ရသည်။ [အမိန့်ကြော်ငြာစာအမှတ် ၁၂၄၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင်၊ ရရန်ကြွေးမြီကို သီးခြား ဖော်ပြခြင်း မပြုစေကာမူ၊ "ရပိုင်ခွင့် အားလုံးသည် အစိုးရ လက်ဝယ်သို့ ရောက်စေရမည်" ဟု သတ်မှတ်သော နမူနာများကို ဒီ၊ အက်(စ်)၊ အိုင် (အမိန့်ကြော်ငြာစာ ၁၂၅၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်) ဘီ၊ ဒီ၊ ဒီ၊ စီ (အမိန့် ကြော်ငြာစာ အမှတ် ၁၂၆၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်) တို့ကို ပြည်သူပိုင် ပြုလုပ်ရာ၌ တွေ့ရသည်။ ယင်း ပြည်သူပိုင် ပြုလုပ် ခြင်းများသည်၊ အမိန့် ကြော်ငြာစာ ၃၉ ဖြင့် ဤ "ဇင်" ရောင်းဝယ်ရေး အပါ အဝင် ရန်ကုန်မြို့ရှိ လုပ်ငန်းကြီးများကို ပြည်သူပိုင် ပြုလုပ်ခြင်းထက် စောသည်။]

ထို့ကြောင့် ရန်ကုန်မြို့နှင့် နိုင်ငံတွင်းရှိ လက်ကားဆိုင်၊ ပွဲရုံ စသည်တို့ကို ပြည်သူပိုင်ပြုလုပ်ခြင်း မပြုမီက ထုတ်ပြန်သော အမိန့်ကြော်ငြာစာများတွင် ရရန် ကြွေးမြီကို သီးခြားဖော်ပြ၍ ဖြစ်စေ၊ လွှမ်းခြုံ၍ ဖြစ်စေ၊ အစိုးရ လက်ဝယ်သို့ ရောက်စေခဲ့ကြောင်း ထင်ရှားသည်၊ ယင်း လက်ကားဆိုင်၊ ပွဲရုံ စသည်တို့ကို ပြည်သူပိုင် ပြုလုပ်ပြီးနောက် ထုတ်ပြန်သော အမိန့် ကြော်ငြာစာများတွင်လည်း အလားတူပင် ကြွေးမြီကိုပါ ချန်လုပ်ခြင်း မပြုပဲ၊ အထင် အရှား ပါဝင် စေသည်။

ရရန်ကြွေးမြီများသည်၊ အစိုးရသို့ ရောက်စေရမည် ဟူ၍ လက်ကားဆိုင်၊ ပွဲရုံ၊ စသည်တို့ကို ပြည်သူပိုင် ပြုလုပ်သော **အမိန့် ကြော်ငြာစာများ၌ ဖော်ပြ ခြင်း** မပြုပဲ ချန်လှပ် ထားခဲ့ခြင်းသည်၊ မေ့လျော့၍ သို့မဟုတ် အကြောင်းမဲ့ မဟုတ်နိုင် အကြောင်း အကျိုးကို ဆင်ခြင်၍ အစိုးရက ရည်ရွယ် ချက်ဖြင့် အုပ်ချုပ်မှု သဘောအရ ဆုံးဖြတ် ကျေညာခဲ့ခြင်း ဖြစ်သည်ဟုသာ ယူဆရမည်။ အမိန့်ကြော်ငြာစာတို့ကို စကားပြေဖြင့် အများ နားလည် လွယ်အောင် ရှင်းရှင်း လွယ်လွယ် ရေးသားထားသည်။ စကားပြေဖြင့် အဓိပ္ပါယ် ပေါက်သော စကား ရပ်တို့ကို တရားရုံးတို့က အဓိပ္ပါယ်ဖွင့်ရန် မဟုတ်ချေ ဒွေးနေကြီး ဦးချန်ထွန်းအောင် ကိုးကား သွားသော စိန်ရတနာ ပိုးယက်ကန်းစက် လီမိတက် တွင် ဤခုံရုံးက အောက်ပါ ကဲ့သို့ သတိပေးဖူးသည်။

"ရှင်းလင်း ထင်ရှားသော ဥပဒေ စကားရပ်တို့ကို တရားရုံးများက သော်လည်းကောင်း၊ အခြားအုပ်ချုပ်ရေး ဆိုင်ရာတို့က သော်လည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ရန် ခွင့်ကား မရှိချေ။ ယင်းသို့ ပြုပြန်လျှင် အဓိပ္ပါယ် ဖွင့်သလို နှင့် ဥပဒေ ချဲ့ထွင်ခြင်း၊ ချုံ့ခြင်း၊ တွင်ခြင်း စသည်တို့ကို ပြုလုပ်မိတတ်ကြသည်။ ချဲ့ရန်၊ ချုံ့ရန်၊

၁၉၇၁
ဖေါ်ဇင် (ခေါ်) ဖေါ်မယ်ဇင် နှင့် ၁။ အဗဟူ ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာမက်။

ထွင်ရန်လိုလျှင် ဥပဒေပြုအဖွဲ့အစည်းကသာ လိုအပ်သလို ပြုလုပ်နိုင်သည်။ ဥပဒေ စကားရပ်များက မထင်ရှား မသဲမကွဲ ဖြစ်နေမှသာလျှင်၊ လက်ငင်း အားဖြင့် ဥပဒေပြု အဖွဲ့အစည်း၏ ရည်ရွယ်ချက် ဖြစ်မြောက် စေလေအောင် ဥပဒေ စကား နှင့် လက်တွေ့ အခြေအနေ စပ်ဟပ် မိနိုင်လေအောင် လိုအပ် သလောက်၊ အဓိပ္ပါယ် ဖွင့်ဆိုရသည်။ ယင်းသို့ အဓိပ္ပါယ် မဖွင့်လျှင် မဖြစ်သော အခြေအနေ မျိုးနှင့်ကြုံရလျှင်၊ အမြင့်ဆုံးသော တရားရုံးကသာလျှင် အထူး သတိထား၍၊ ဝည်းကမ်း စောင့်ထိန်းကာ၊ မိမိ၏ စီရင်ပိုင်ခွင့်ကို မလွန်စေဘဲ၊ ညီညွှတ်သော ထုံး ပြုပေးရသည်"။

အထက်ပါ လမ်းညွှန်သည်၊ တရားရုံးများ၏ ကျင့်ထုံးသာမက၊ ကျင့်ဝတ်လည်း ဖြစ်သည်။ ကျွန်ုပ်တို့သည်ယင်း ထုံးကို လိုက်၍၊ ယင်း ကျင့်ဝတ်ကို မပျက်စေရန် ကြိုးစား ကြသည်။

၁၉၆၃ ခုနှစ်၊ ဥပဒေက ပုဒ်မ ၃ (၃) (က) ဖြင့် ပြည်သူပိုင်ပြုလုပ်သော လုပ်ငန်း ၏ ရပိုင်ခွင့်အားလုံးကို အစိုးရ လက်ဝယ်သို့ ရောက်စေရန် ကျေညာ နိုင်သည့် အာဏာ ကို ဖန်တီး အပ်နှင်း ထားသည် မှန်၏။ သို့ရာတွင် အာဏာကို ခံယူ ရရှိသော အစိုးရ က လုပ်ငန်းသဘော၊ အခြေအနေနှင့် အကြောင်း ကြောင်းကို ထောက်ရှု၍၊ ပေါ် လစီအရ၊ ယင်းအာဏာမှ လိုသလောက်ကိုသာ သုံးစွဲလျှင်လည်း တရားဝင်သည်သာ ဖြစ်သည်။ လုပ်ငန်း ရပိုင်ခွင့် အားလုံးကို ပြည်သူပိုင် ပြုလုပ်ခွင့် ရှိကာမှနှင့် ရရန် ကြွေးမြီများကိုပါ မယူမနေ၊ ယူရမည်ဟု မဆိုချေ။ အပ်ချုပ်မှု အာဏာ ကို လုပ်ငန်း အလိုက် တိုင်းထွာ၍၊ လိုအပ်သလို သုံးစွဲရသည်။ ဥပဒေက မပေးသော အာဏာကို ကောက်ယူ သုံးစွဲခြင်း မပြုမိအောင်၊ သို့မဟုတ် ပေးသည်ထက် ပိုသုံးစွဲကာ အာဏာ လွန်ခြင်း မဖြစ်မိအောင်သာလျှင် စောင့်စည်းရသည်။

အမှုပါ "ဇင်" ရောင်းဝယ်ရေး လုပ်ငန်းနှင့် အခြား အလားတူ လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ရာတွင် ရရန် ကြွေးမြီများကို အမိန့်ကြော်ငြာစာမှ အတိ အလင်း ချန်လှပ် ထားခြင်းကြောင့် ယင်း ကြွေးမြီ တို့သည်၊ အစိုးရ လက်ဝယ်သို့ မရောက်။ ပြည်သူပိုင် ပြုလုပ်ခြင်းခံရသူတို့က တောင်းခံခြင်း၊ ကြွေးမြီ ရရန် တရား စွဲဆိုခြင်း ပြုလုပ်နိုင်သည်။ ဥပဒေက အပ်နှင်းသော အာဏာအရ၊ ယခင် ရရန် ကြွေးမြီ တို့သည်လည်း အစိုးရ၏ လက်ဝယ် ရောက်စေရမည်ဟု အမိန့် ကြော်ငြာစာ ထုတ် ပြန်လျှင်ကား၊ ယင်း ကြွေးမြီများသည် အစိုးရ လက်ဝယ်သို့ ရောက်ရှိကာ၊ အစိုးရ ကသာ ယင်းတို့ကို တောင်းယူခြင်း၊ တရား စွဲဆိုခြင်း ပြုနိုင်မည် ဖြစ်သည်။

အထက်ပါအကြောင်းတို့ကြောင့် အခွင့်ထူး အယူခံကို လက်ခံကာ ဤရုံး၏ ပြင်ဆင်မှု အမိန့် များကို ပယ်ဖျက် လိုက်သည်။ မူလ ရုံးက ပဏာမ ဥပဒေ ပြဿနာ ပေါ်တွင် ချမှတ် ထားသော အမိန့်များ တည်သဖြင့် အမှုများကို ဆက်လက်၍ စစ်ဆေး စီရင်ရန် ဖြစ်သည်။ တရားရုံးချုပ် အဆင့်ဆင့်၌ ကုန်ကျခဲ့သော စရိတ် အသီးသီးကို အမှုသယ်တို့သည် မိမိတို့ ဘာသာ ကျခံကြ စေရမည်။

၁၉၇၁

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟု ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာမက်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

† ၁၉၇၁
မေ့ပြီလ ၉ ရက်။

ဦးတင်ဂွမ်

နှင့်

ဦးသော်ဒါ *

**တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁—တရားမမှုတခုခုတွင် သက်ဆိုင်ရာရုံးသည် သင့်တော်သည်ဟုထင်သောသူတဦးအား စာရင်းများ စစ်ဆေးရန်ညွှန်ကြားနိုင်သည့် အာဏာရှိမရှိ—တရားမရုံး အက်ဥပဒေ ပုဒ်မ ၃၄ အရ၊ ထုတ်ပြန်သည့်ပြဋ္ဌာန်းချက်များသည်၊ တရားမကျင့်ထုံးအမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကို လွှမ်းမိုးနိုင်မနိုင်—ကော်မရှင်နာခန့်ထားခြင်းမှာ သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ခန့်အပ်ရသည့်ကိစ္စဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ အရ တရားမမှုတခုခုတွင် သက်ဆိုင်ရာရုံးသည် မိမိသင့်တော်သည်ဟု ထင်မြင်သောသူတဦးတယောက်အား စာရင်းများစစ်ဆေးရန်အတွက် ညွှန်ကြားနိုင်သည့်အာဏာရှိသည်။ ရန်ကုန်မြို့၊ တရားမရုံး၊ ရုံးလက်စွဲအပိုဒ် ၁၁ ၌ ရုံးဝန်ထောက်နှင့် စပ်ဆိုင်သည့်တာဝန်ဝတ္တရားများ ပြဋ္ဌာန်းထားသည်။ ထိုတာဝန်ဝတ္တရားများထဲတွင် စာရင်းရှင်းလင်းသည့် တာဝန်လည်းပါဝင်သည်။ ထိုတာဝန်များကို တရားမရုံးအက်ဥပဒေ ပုဒ်မ ၃၄ အရ၊ ထုတ်ပြန်သည့်ပြန်တမ်းအရ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ရာတွင် ယင်းကဲ့သို့ ရုံးဝန်ထောက်၏ တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းထားရာ၌ စာရင်းရှင်းလင်းသည့် အလုပ်တာဝန်ပါယုံကာမျှဖြင့်၊ ထိုပြဋ္ဌာန်းချက်များသည် တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကိုလွှမ်းမိုး၍ မသွားနိုင်။ စာရင်းရှင်းလင်းရန်အတွက် ကော်မရှင်နာခန့်ထားခြင်းမှာ သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ခန့်အပ်ရသည့် ကိစ္စဖြစ်သည်။ **သာမန်အားဖြင့် ရုံးဝန်ထောက်အား ကော်မရှင်နာခန့်အပ်ရန်ဖြစ်သော်လည်း** အကျိုးအကြောင်းသင့်မြတ်သည့် အကြောင်းအရာများရှိလျှင် အပြင်လူကိုလည်းခန့်ထားနိုင်သည်။

**လျှောက်ထားသူအတွက်။** ။တရားရုံးချုပ် ရှေ့နေ ဦးကျော်မြင့်။

**လျှောက်ထားခံရသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်။

---

* ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၉၉ တွင် ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံး ဒုတိယတရားသူကြီးရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

**တရားသူကြီး ဦးစိန်သင်း။** ။မြသော်ဒါ ရုပ်ရှင် ကုမ္ပဏီ၏ ငွေစာရင်းများ ရှင်းလင်းရန် အတွက် ရန်ကုန်မြို့၊ တရားမရုံး ဒုတိယ တရားသူကြီးက ၁၉၆၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၀၉၉ တွင်တရားရုံးချုပ် ရှေ့နေ ဦးမြင့်သိန်းအား ကော်မရှင်နာ အဖြစ်ခန့်အပ်ရန် ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က အမိန့်ချမှတ်လိုက် သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ယခု ကျွန်ုပ်တို့ ရှေ့ရှိ ပြင်ဆင်မှု လျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။

၁၉၇၁
ဦးတင်ဂွမ်
နှင့်
ဦးသော်ဒါ။

ပြင်ဆင်မှု လျှောက်လွှာ၌ ဖော်ပြထားသည့် အကြောင်းပြချက်မှာ ခိုင်လုံသည့် အကြောင်းများ မရှိပဲလျက်၊ ရန်ကုန်မြို့၊ တရားမရုံး၏ ရုံးဝန်ထောက်အား ကော်မရှင်နာအဖြစ် ခန့်အပ်ခြင်းမပြုလုပ်သည်မှာ မှားယွင်းပါသည်ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့ရှေ့တွင် လျှောက်လဲချက်များပေးရာ၌ လျှောက်ထားသူ အတွက် လိုက်ပါဆောင်ရွက်သည့်တရားရုံးချုပ် ရှေ့နေ ဦးကျော်မြင့်က မူလရုံး တရားသူကြီးသည် အက်ဥပဒေအရ ပြဋ္ဌာန်းထားသည့် ညွှန်ကြားချက်များကို မလိုက်နာသဖြင့် ဦးမြင့်သိန်းအား ကော်မရှင်နာအဖြစ် ခန့်အပ်ခြင်းမှာ မှားယွင်းပါသည်ဟု တင်ပြသွားသည်။ မူလရုံး၏အမိန့်၌ ရုံးဝန်ထောက်မှာ အမှုစစ်ဆေးရသည့် လုပ်ငန်းများကိုသာမက၊ ရုံး၏ အုပ်ချုပ်မှုကိစ္စ အဝဝတို့ကိုလည်း ဆောင်ရွက်ရသူ တဦးဖြစ်သည့် အလျောက် အလုပ်တာဝန် အလွန်များပြားလှသော အရာရှိ တဦး ဖြစ်ပါသည်။ ၎င်းအား ကော်မရှင်နာ ခန့်အပ်ခြင်းဖြင့် ပိုမို၍ အလုပ် တာဝန်ဝတ္တရားများ များပြားလာဘွယ်ရာရှိပါသည်။ တရားရုံးချုပ် ရှေ့နေ ဦးမြင့်သိန်းအား ကော်မရှင်နာ ခန့်အပ်ခြင်းဖြင့် မည်သူတွင်မှ ထိခိုက်နစ်နာဘွယ်ရာ အကြောင်း မရှိပါဟု အကြောင်းပြ ထားသည်။ တရားမကျင့်ထုံး အမိန့် ၂၆၊ နည်း ဥပဒေ ၁၁ အရ၊ တရားမမှု တခုခုတွင်သက်ဆိုင်ရာရုံးသည် မိမိသင့်တော်သည်ဟု ထင်မြင်သောသူ တဦး တယောက်အား စာရင်းများစစ်ဆေးရန် အတွက် ညွှန်ကြားနိုင်သည့် အာဏာရှိသည်။ ရန်ကုန်မြို့၊ တရားမရုံး၊ ရုံးလက်စွဲအပိုဒ် ၁၁ ၌ ရုံးဝန်ထောက်နှင့် စပ်ဆိုင်သည့် တာဝန် ဝတ္တရားများ ပြဋ္ဌာန်းထားသည်။ ထိုဘာဝန်ဝတ္တရားများထဲတွင် စာရင်းရှင်းလင်းသည့် တာဝန်လည်း ပါဝင်သည်။ ထိုတာဝန်များကိုတရားမရုံးအက်ဥပဒေပုဒ်မ ၃၄ အရ၊ ထုတ်ပြန်သည့် ပြန်တမ်းအရ၊ ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ သို့ရာတွင် ယင်းကဲ့သို့ ရုံးဝန်ထောက်တို့ တာဝန်ဝတ္တရားများကိုပြဋ္ဌာန်းထားရာ၌စာရင်းရှင်းလင်းသည့်အလုပ်တာဝန် ပါရှိကာမျှဖြင့်ထိုပြဋ္ဌာန်းချက်များသည် တရားမကျင့်ထုံးအမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကို လွှမ်းမိုး၍ မသွားနိုင်။ စာရင်းရှင်းလင်းရန်အတွက် ကော်မရှင်နာခန့်ထားခြင်းမှာသက်ဆိုင်ရာရုံး၏ဆင်ခြင်တုံ တရားအရ၊ခန့်အပ်ရသည့် ကိစ္စဖြစ်သည်။ သာမန်အားဖြင့်ရုံးဝန်ထောက်အား ကော်မရှင်နာခန့်အပ်ရန်ဖြစ်သော်လည်းအကျိုးအကြောင်းသင့်မြတ်သည့် အကြောင်းအရာ

၁၉၇၁
ဦးတင်ဂွမ်
နှင့်
ဦးသော်ဒါ။

များရှိလျှင် အပြင်လူကိုလည်း ခန့်ထားနိုင်သည်။ မူလရုံး၏ အမိန့်တွင် ရုံးဝန်ထောက်အား မည်သည့် အတွက် ခန့်ထားခြင်း မပြုလုပ်နိုင်ကြောင်း ခိုင်လုံသည့် အကြောင်းပြချက်များ ဖေါ်ပြထားသည့်အပြင် တဘက်မှလည်း တရားရုံးချုပ်ရှေ့နေ ဦးမြင့်သိန်းအား မည်သည့် အတွက်ခန့်ထားခြင်း မပြုလုပ်သင့်ကြောင်း တစုံတရာ အကြောင်းပြထားခြင်း မရှိချေ။ ထို့ကြောင့် မူလရုံးက ချမှတ်ထားသည့် အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မမြင်သဖြင့် ယခု ကျွန်ုပ်တို့ရှေ့ရှိ ပြင်ဆင်မှု လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံး၏ ရှေ့နေခကို ၃၄ ကျပ် သတ်မှတ်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးသက်ဖေ
တို့ရှေ့တွင်

† ၁၉၇၁ ဇွန်လ ၁၆ ရက်။

၁။ ဒေါ်တင်တင်
၂။ ဦးကရင်

နှင့်

၁။ ဦးတင်မောင်
၂။ ဒေါ်သိန်းတင်*

**ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားရန် တရားရုံးချုပ်၏ ညွှန်ကြားချက်—တည်ဆဲ ဥပဒေနှင့် လက်တွေ့ အခြေအနေများအကြား ပေါင်းကူးတံတားခင်းပေးသည့် သဘောညွှန်ကြားခဲ့ခြင်း—တရားရုံးချုပ် အမှာစာသည် အိမ်မြေများနှင့် ပတ်သက်၍ ဇာရီပြုလုပ် ခြင်းကို ယာယီအားဖြင့် ဆိုင်းငံ့ထားခြင်း—ဇာရီ ပြုလုပ်ခြင်းကို အချိန်မီ ပြုလုပ်ရန်ဤစီရင်ချက်ဖြင့်သတိပေးခြင်း။**

**ဆုံးဖြတ်ချက်။** ။ဆင်းရဲနွမ်းပါးသော သူတို့အား၊ မြေမှ အိမ်မှ၊ ဥပဒေ အာဏာဖြင့် ဖယ်ရှား လိုတိုင်း ဖယ်ရှား နိုင်ကြလျှင်၊ အတိ ဒုက္ခ ရောက်နိုင်ကြသည်ကို မြင်၍၊ ဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရန်နှင့် ဥပဒေ ဘောင် အတွင်းမှ မျှတသော နည်းလမ်း များကို ဖန်တီး နိုင်ရန် တရားရုံးချုပ်က တရားရုံးများအား ရည်ညွှန်းသော အမှာစာကို ထုတ်ပြန် ခဲ့ခြင်း ဖြစ်သည်။ တရား စီရင်ရေးကို အုပ်ချုပ် ကွပ်ကဲသည့် သဘော၊ တည်ဆဲ ဥပဒေ များနှင့် လက်တွေ့ အခြေ အနေများ အကြား ပေါင်းကူး တံတား ခင်းပေးသည့် သဘော ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ယင်း ညွှန်ကြားလွှာသည်၊ ဥပဒေ အာနိသင် အပြည့် မရှိစေကာမူ၊ တရားရုံးချုပ်၏ အုပ်ချုပ် ကွပ်ကဲမှုကို ခံယူ ရသော တရားရုံးများက လိုက်နာ ကြရသည့် ညွှန် ကြားချက်မျိုး ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက် နှင့် သတိပေးချက်။** ။တရား စရိတ်ကို ဇာရီ ပြုလုပ်နိုင်ကြောင်း၊ တရားရုံးချုပ် အမှာ စာသည် အိမ်မြေ များနှင့် ပတ်သက်၍၊ ဇာရီ ပြုလုပ်ခြင်းကို ယာယီ အားဖြင့် ဆိုင်းငံ့ထားခြင်းသာ ဖြစ်ကြောင်း၊ ဤစီရင်ချက်ဖြင့် ထင်ရှားစေပြီး၍၊ နောင် အခါတွင် ဇာရီ ပြုလုပ်ခြင်းကို အချိန်မီ ပြုလုပ် ကြရမည် ဖြစ်ကြောင်း သတိပေး လိုက်သည်။ တရား နိုင်က မိမိ၏ အခွင့်အရေးကို စွန့်ပယ်ခြင်း မပြုကြောင်း၊ ကာလ စည်းကမ်းသတ် အတွင်း ဇာရီ လျှောက်ထားခြင်းဖြင့် တရားရုံးအား သိစေရန် တာဝန် ရှိပေသည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးမြင့်စိုး။

**ရုံးသဟာယ။** ။(လက်ထောက် နိုင်ငံတော် ရှေ့နေချုပ်)ဦးလှသင်း။

---

*၁၉၇၀ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှုအတွက် အမှတ် ၁၀။

†၁၉၆၈ ခုနှစ်၊ တရားမ အသေးအဖွဲ့ အယူခံမှု အမှတ် ၇ တွင်၊ နိုင်ငံတော် တရားရုံးချုပ် (မန္တလေးမြို့ရုံးထိုင်) ၏ ချမှတ်သော ၁၉၆၉ ခုနှစ်၊ မေလ ၃ ရက် နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်မှု။

၁၉၇၁

၁။ ဒေါ်တင်တင်
၂။ ဦးကရင်
နှင့်
၁။ ဦးတင်မောင်၊
၂။ ဒေါ်သိန်းတင်။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။အယူခံ တရားလို ဒေါ်တင်တင်တို့သည်၊ အယူခံ တရားပြိုင် ဦးတင်မောင်တို့အား အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် မူလရုံးတွင် တရားစွဲဆို အနိုင်ရရှိခဲ့ကြသည်။ ဦးတင်မောင်က အယူခံဝင်သော်လည်း မအောင်မြင်။

ဒေါ်တင်တင်တို့က ၎င်းတို့ရရှိသော အနိုင် ဒီကရီကို ဇာရီပြုလုပ် အတည်ဖြစ်စေရန် ရုံးသို့ လျှောက်ထားသောအခါ၌၊ ယင်းသို့ ဇာရီမှုဖွင့်ရန် ဥပဒေ ကန့်သတ်ထားသော ၃ နှစ်ထက် ၉ လခန့် လွန်သွားသည်။ ယင်းသို့ လွန်သည်မှာ တရားရုံးချုပ်က ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ အမှာစာဖြင့်၊ တရားရုံးများအား ယင်းကဲ့သို့သော ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားရန် ညွှန်ကြားထားခဲ့ခြင်းကြောင့် ဇာရီပြုလုပ်ပေးရန် လျှောက်လွှာတင်ရန်မလို ဟု ထင်မြင်ယူဆခဲ့မိခြင်းကြောင့် ဖြစ်ပါသည်။ သို့ကြောင့် ကာလ စည်းကမ်းသတ် လွန်ခြင်းကို ခွင့်လွှတ်သင့်ပါသည် ဟု ဒေါ်တင်တင်တို့က လျှောက်ထားသည်။

ဇာရီမှုကို လက်ခံ စစ်ဆေးသော မန္တလေး ရာဇဝတ် ခရိုင် တရားမရုံးသူကြီးအကြောင်းပြချက်ကို လက်ခံ၍ ရက်လွန်ခြင်းကို ခွင့်လွှတ်ခဲ့သည်။ ဦးတင်မောင်တို့က တရားရုံးချုပ်သို့ အယူခံခဲ့ရာ၊ တဦးထိုင် တရားသူကြီးက၊ ကာလ စည်းကမ်းသတ် လွန်ခြင်းကို ခွင့်ပြုရန် အကြောင်းကောင်း မမြင်၊ တရားရုံးချုပ်က ဇာရီပြုလုပ်ခြင်းများကို တားမြစ်ထားခြင်းမဟုတ်၊ ထို့ပြင် တရားရုံးချုပ်၏ အမှာစာသည် ဥပဒေကဲ့သို့ အကျိုးသက်ရောက်သည့် ပြဋ္ဌာန်းချက်မဟုတ်ဟု ဆုံးဖြတ်ကာ၊ အယူခံကို လက်ခံ၍ ဇာရီမှုကို ပယ်ဖျက်ခဲ့ အမိန့်ချမှတ်ခဲ့သည်။ ယင်းသို့ သုံးသပ်ရာတွင် အိန္ဒိယနိုင်ငံ ဘုံဘေ တရားလွှတ်တော်၏ ၁၉၂၆ ခုနှစ်၊ စီရင်ထုံး တရပ်၊ ၁၉၄၇ ခုနှစ်၊ စီရင်ထုံးတရပ်ကိုလည်း ကိုးကားခဲ့သည်။

ပြဿနာသည် မြန်မာနိုင်ငံ၏ ထူးခြားသော အခြေ အနေမှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဘုံဘေနှင့် မတူချေ။ **ဆင်းရဲနွမ်းပါးသော သူတို့အား မြေမှ အိမ်မှ** ဥပဒေ အာဏာဖြင့် ဖယ်ရှားလိုတိုင်း ဖယ်ရှားနိုင်ကြလျှင်၊ အတိဒုက္ခရောက်နိုင်ကြသည်ကို မြင်၍၊ ဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရန်နှင့်၊ ဥပဒေ ဘောင် အတွင်းမှ မျှတသော နည်းလမ်းများကို ဖန်တီးနိုင်ရန် တရားရုံးချုပ်က တရားရုံးများအား ရည်ညွှန်းသော အမှာစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တရားစီရင်ရေးကို အုပ်ချုပ်ကွပ်ကဲသည့် သဘော၊ တည်ဆဲ ဥပဒေများနှင့် လက်တွေ့ အခြေအနေများ အကြား ပေါင်းကူး တံတားခင်းပေးသည့် သဘော၊ ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ယင်းညွှန်ကြားလွှာသည် ဥပဒေ အာနိသင် အပြည့်မရှိစေကာမူ၊ တရားရုံးချုပ်၏ အုပ်ချုပ်ကွပ်ကဲမှုကို ခံယူရသော တရားရုံးများက လိုက်နာကြရသည့် ညွှန်ကြားချက်မျိုးဖြစ်သည်။

၁၉၇၉

၁။ ဒေါ်တင်တင်
၂။ ဦးကာရင်
နှင့်
၁။ ဦးတင်မောင်
၂။ ဒေါ်သိန်းတင်

အယူခံ တရားလို၏ ရှေ့နေကြီး ဦးမြင့်စိုးက ညွှန်ကြားချက်ကို ရုံးများက လိုက်နာကြပါသည်။ သင့်မြတ်သော အချိန်၌ လိုအပ်သော ဥပဒေကို ပြဋ္ဌာန်းပေးခြင်း၊ သို့မဟုတ် ညွှန်ကြားလွှာကို ပြင်ဆင်ပေးခြင်း စသည်ကိုပြုအပ်ပါသော်လည်း၊ ယင်းသို့ မပြုမီအတွင်း ညွှန်ကြားလွှာကို လိုက်နာကြရန်သာ ဖြစ်ပါသည်။ ဇာရီ လျှောက်ထားသူတို့ကလည်း ယင်းသို့ပင် ထင်မြင်ခဲ့ကြ၍၊ ဇာရီ မလျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချက်ကို အကြောင်းကောင်းဟု လက်ခံကာ ၉ လမျှ ရက်လွန်ခြင်းကို ရာဘက်ခရိုင် တရားမရုံးက ခွင့်လွှတ်ထားခြင်းသည် တရားမျှတ မှန်ကန်ပါသည်ဟု လျှောက်လဲသည်။

အယူခံ တရားပြိုင်တို့က ၎င်းတို့သည် မရှိဆင်းရဲသားများ ဖြစ်ကြောင်း၊ အယူခံ တရားလိုတို့သည် ငွေရှင် ကြေးရှင်ဖြစ်ပြီးလျှင်၊ မသိ၍ ဇာရီလုပ်ရာ နောက်ကျသည်ဟု လျှောက်ထားခြင်း မမှန်ကန်နိုင်ကြောင်း စသည်ကို စာဖြင့် တင်သွင်းကန့်ကွက သည်။

ရုံးသဟာယ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းက မြေမှ ဖယ်ရှားသော ဒီကရီများကို ဇာရီပြုလုပ်ခြင်းမှ ဆိုင်းငံ့ထားခြင်းကို သင့်မြတ်သလို ပြင်ဆင်နိုင်ရန်နှင့် လိုအပ်သော ဥပဒေတို့ကို ပြဋ္ဌာန်းရန် သက်ဆိုင်ရာတို့က ဆောင်ရွက်လျက်ရှိပါသည်။ ဆိုင်းငံ့ထားသော ညွှန်ကြားလွှာကို အကာအကွယ်ယူ၍ မသမာသူ အချို့ အကျိုး အမြတ်ရှာနေကြသည်ဟု သိရပါသည်။ တရားရုံးချုပ်၏ ညွှန်ကြားလွှာကြောင့် ဇာရီမှုများ ဖွင့်၍ မရဟု မှားယွင်းကာ ထင်မြင်မိပါသည်ဟု ဒေါ်တင်တင်တို့က လျှောက်ထားသည်ကို လက်ခံ၍၊ ရာဘက်ခရိုင် တရားမရုံးက ဇာရီ ရက်လွန်ခြင်းကို ခွင့်လွှတ်ခဲ့ခြင်းသည် တရားမျှတသည်ဟု ယူဆပါသည်။ တရားစရိတ်နှင့် ပတ်သက်၍မူ ဇာရီဆိုင်းငံ့ရန် မရှိပါဟု တင်ပြသည်။

တရားရုံးချုပ် အမှာစာဖြင့် အိမ်မြေမှ ဖယ်ရှားခြင်းကို ဆိုင်းငံ့ထားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကာလ အတော အတွင်း၊ ဆိုင်းငံ့ မိန့်ကို မိမိတို့ အကျိုး အမြတ်အတွက် မလျော်သောနည်း သုံးစွဲခြင်းများရှိတန်သရွေ့ ရှိလာသည်ဟု သိရသည်။ အမှန်တကယ်ဖြစ်နေသော အခြေ အနေတို့ကို ကောင်းစွာ လေ့လာပြီးနောက်၊ စောင့်ရှောက်အပ်သူတို့ကို စောင့်ရှောက်စေနိုင်အောင်၊ သက်ဆိုင်ရာတို့က စီမံဆောင်ရွက်လျက် ရှိသည်၊ ဥပဒေ ပြဋ္ဌာန်းသင့်က ပြဋ္ဌာန်းရန် တင်ပြဘို့ရှိသည်။ ကျူးကျော်ခြင်းများကိုလည်း ထိရောက်စွာ အရေးယူလျက် ရှိသည်ဟု သိရသည်။ တရားရုံးချုပ် အမှာစာကိုလည်း သင့်မြတ်သလို ပြင်ဆင်ရန် ရှိသည်။

မည်သို့ပင်ဆိုစေ တရားရုံးချုပ် အမှာစာကြောင့်၊ ဇာရီမှုဖွင့်ရန် မလိုသေးဟု ထင်မြင်ခဲ့မိပါသည်ဟု ဒေါ်တင်တင်တို့က တင်ပြခဲ့ခြင်းကို ရာဘက်ခရိုင် တရားမ

၁၉၇၁
၁။ ဒေါ်တင်တင်
၂။ ဦးကရင်
နှင့်
၁။ ဦးတင်မောင်
၂။ ဒေါ်သိန်းတင်

တရားသူကြီးက လက်ခံခဲ့ခြင်းသည်တရားမျှတသည်ဟု ယူဆအပ်သည်။ တရားစရိတ်နှင့် ပတ်သက်၍လည်း သီးခြား ဇာရီ ပြုလုပ်နိုင်ကြောင်း၊ ခွဲခြား မသိခဲ့၍ ဖြစ်နိုင်သည်။ ထို့ကြောင့် ဤရုံး ပထမ အယူခံ အမိန့်ကို ပယ်ဖျက်ကာ၊ ရာဘက် ခရိုင်တရားမရုံး၏ အမိန့်ကို တည်စေလိုက်သည်။ တရားရုံး အဆင့်ဆင့်တွင် အမှုသည်တို့သည် ကိုယ့်စရိတ် ကိုယ်ခံ။

တရားစရိတ်ကို ဇာရီ ပြုလုပ်နိုင်ကြောင်း၊ တရားရုံးချုပ် အမှာစာသည် အိမ်မြေများနှင့် ပတ်သက်၍ ဇာရီပြုလုပ်ခြင်းကို ယာယီအားဖြင့် ဆိုင်းငံ့ထားခြင်းသာ ဖြစ်ကြောင်း၊ ဤစီရင်ချက်ဖြင့် ထင်ရှားစေပြီး၍၊ နောင်အခါတွင် ဇာရီပြုလုပ်ခြင်းကို အချိန်မီ ပြုလုပ်ကြရမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။ တရားနိုင်က မိမိ၏ အခွင့် အရေးကို စွန့်ပယ်ခြင်း မပြုကြောင်း၊ ကာလ စည်းကမ်းသတ် အတင်း ဇာရီ လျှောက်ထားခြင်းဖြင့် တရားရှုံးအား သိစေရန် တာဝန်ရှိပေသည်။

တရားရှုံးတို့က ၎င်းတို့သည် မရှိဆင်းရဲသူများ ဖြစ်ကြပါသည်ဟု ဆိုသည်။ ယင်းအချက်ကို ဇာရီပြုလုပ်နိုင်သောအခါ၌ တရားရုံးက စုံစမ်းစစ်ဆေး၍ သင့်မြတ်သလို ဥပဒေက ခွင့်ပြုသော သက်သာခွင့်များကို ပေးနိုင်မည် ဖြစ်ပေသည်။

## နိုင်ငံတော်တရားရုံးချုပ်

## အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း
တို့ ရှေ့တွင်

| | | | | |
|---|---|---|---|---|
| ၁။ ဦးထွန်း၊ရေအေးတွင်းရပ်၊ တောင်ကြီးမြို့၊<br>၂။ ဦးအေးမောင်၊ ဗိုလ်ကုန်း ရပ်၊ တောင်ကြီးမြို့၊ | နှင့် | ၁။ ဒေါ်သိန်းငွေ<br>၂။ ဦးညွန့်မောင် } သားအမိ၊<br>ပွဲစားတန်း၊ မိတ္ထီလာမြို့၊<br>မလှိုင်စာတိုက်။ * | | † ၁၉၇၁<br>ဇွန်လ ၅ ရက်၊ |

**အာမခံ စာချုပ်—အမှုတွင် တင်သွင်းသော မရွေ့ မပြောင်း နိုင်သော ပစ္စည်းတွင် အကျိုး သက်ရောက် စေသည့် အာမခံ စာချုပ်သည် မှတ်ပုံတင် ထားခြင်း မရှိက တရားဝင် မဝင်— ခံဝန် ပြုသူတို့၏ အာမခံ စာချုပ် သည် တရားမဝင်ကာမျှနှင့် ၎င်းခံဝန်ပြုသူတို့တွင် ပေးချေရန် တာဝန်ရှိ မရှိ—တရားစီရင်ထုံး ဟူသည် မှန်ကန် မျှတ၍ တရား ဥပဒေ နှင့် ညီညွတ် မှသာ လမ်းညွှန် တရပ် ဖြစ်နိုင်ခြင်း—စီရင်ထုံး ကိုးကားခြင်း—နိုင်ငံခြား စီရင် ထုံးများကို ဗဟုသုတ အလို့ငှါ လေ့လာ ကောင်းသော်လည်း အမှီ သဟဲ မပြုအပ်။**

ဆုံးဖြတ်ချက်။ ။အမှုတွင် တင်သွင်းသော၊ မရွေ့ မပြောင်း နိုင်သော ပစ္စည်းတွင် အကျိုး သက်ရောက် စေသည့် အာမခံ စာချုပ်သည်၊ မှတ်ပုံတင် အက်ဥပဒေနှင့် အခြား ဆီလျော်သော ဥပဒေ ပြဋ္ဌာန်းချက်တို့နှင့် ကိုက်ညီ မှသာ တရားဝင်သည်ဟု မြန်မာ နိုင်ငံ တရား ရုံးများက ကျင့်သုံး လာခဲ့ခြင်းသည် ဥပဒေနှင့် ကိုက်ညီသည်။ တည်နေသော စီရင်ထုံးများနှင့်လည်း ကိုက်ညီသည်။ မရွေ့ မပြောင်း နိုင်သော ပစ္စည်း (တန်ဘိုးငွေ ကျပ် ၁၀၀ နှင့် အထက်)နှင့် ပတ်သက်သော အရောင်း၊ အပေါင် စသော စာချုပ်ကို မှတ်ပုံတင်စေခြင်းဖြင့် ပို၍ လေးနက် စေသည်။ ပစ္စည်းနှင့် ပတ်သက်သူတို့သည် မှတ်ပုံတင် ရုံးတွင် သွားရောက်၍ စစ်ဆေး ကြည့်ရှု နိုင်စေသည်။ ယင်း ပစ္စည်းနှင့် ပတ်သက်၍၊ ရောင်းဝယ် ဆက်သွယ်ခြင်းသည် ရှင်းလင်းနိုင်သည်။ သတ်မှတ်သော တံဆိပ်ခွန်ဘိုး ပြည်သူ့ဘဏ္ဍာတွင် တိုးသည်။ ယင်းသို့ မပြုမူဘဲ၊ ဤ အမှုမှာကဲ့သို့ စာရွက်ပေါ်တွင် ခံဝန် ပြုကြောင်း ရေးသားကာ တရားရုံးတွင် တင်သွင်းလျှင် တရား မဝင်။

ထပ်မံဆုံးဖြတ်ချက်။ ။တရား စီရင်ထုံးဟူသည် မှန်ကန် မျှတ၍ တရား ဥပဒေနှင့် ညီညွတ် မှသာလျှင်၊ လမ်းညွှန် တရပ် ဖြစ်နိုင်သည်။ မြင့်သော ရုံးတွင် ထိုင်သော တရား သူကြီး တယောက်

---

* ၁၉၇၀ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှု အမှတ် ၄။

† ၁၉၆၇ ခုနှစ်၊ တရားမ သေးဖွဲ့ အယူခံမှုအမှတ် ၂ တွင်၊နိုင်ငံတော် တရားရုံးချုပ်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၁

——

၁။ ဦး ထွန်း၊ ရေအေး တွင်း ရပ်၊ တောင်ကြီး မြို့။

၂။ ဦး အေး မောင်၊ ဖိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ် သိန်း ငွေ၊

၂။ ဦး ညွန့် မောင်၊ သား အမိ၊ ပွဲစားတန်း၊ မိတ္ထီလာ မြို့၊ မလှိုင် စာတိုက်။

က ဆုံးဖြတ်ကာမျှနှင့်၊ ကြာမြင့်ကာမျှနှင့် စီရင် ထုံးများတွ ထည့်သွ ပုံနှိပ် ထားကာမျှနှ အာနိ သင် မရှိချေ။ ထို့ကြောင့် တရားသူကြီး တဦးဦးသည် ယခင် စီရင် ထုံးနှင့် ကွဲလွဲ ယူဆလျှင် စုံညီ ခုံရုံးသို့ တင်ပြကာ၊ ကျယ်ဝန်း နက်နဲစွာ ပြဿနာကို အဖက်ဖက်မှ လေ့လာ ကြားနာပြီးမှ အဆုံးအဖြတ် ပေးသော လုပ်ထုံးကို ကျွန်ုပ်တို့ လိုက်နာလျက် ရှိကြသည်။

စီရင်ထုံးကို ကိုးကားရာတွင် စီရင် ချက် အပြည့် အစုံကို ဖတ်ရှု မှသာလျှင် အမှု အချက် အလက် တို့ကို သိမြင် နိုင်သည်။ ခေါင်းစည်း မှတ်ချက်တို့သည်၊ အကြောင်းအရာ ဆုံးဖြတ်ချက်ကို အရိပ်ပြ ခြင်းမျှသာ ပြုနိုင်သည်။ စီရင်ထုံးပါ အမှု အကြောင်း အရာနှင့် ဆုံးဖြတ်ရန် အမှု အကြောင်း အရာ တို့ကို ကောင်းစွာ နှိုင်းယှဉ်ရသည်။ ပြီးမှသာ စီရင် ထုံး၏ လမ်းညွှန် မှုကို ယူသင့် သလောက် ယူအပ်သည်။ စီရင်ထုံး နောက်သို့ ဆုံးဖြတ်ရန် အမှု၏ အကြောင်းချင်းရာက လိုက်ရန် မဟုတ်။ အမှု အကြောင်း ချင်းရာကို ဥပဒေနှင့် စပ်ဟပ် ရာတွင် အခက် အခဲ ရှိသမျှသာလျှင် စီရင်ထုံး က ဆီလျော်သမျှ ထောက်ကူရန် ဖြစ်သည်။

နိုင်ငံခြား စီရင်ထုံးများကို လေ့လာလျှင်လည်း၊ သူတို့၏ အခြေ အနေ နောက်ခံ အပြင်၊ သူတို့၏ ဥပဒေကိုပါ အတိ အကျ လေ့လာ အပ်သည်။ ဥပမာ အားဖြင့် အိန္ဒိယ နိုင်ငံတွင် ပြည်နယ် အသီးသီးက မိမိတို့၏ ဥပဒေများကို ပြင်ဆင်ထားသည်လည်း ရှိ၏။ အချင်းချင်းပင် မတူကြချေ။ တရားလွှတ်တော် အများကလည်း ကွဲပြားသော စီရင် ထုံးများကို ပြုကြသည်။ ဥပဒေ များကိုလည်း ပြင်ဆင် ပြဋ္ဌာန်း လျက် ရှိကြသည်။ ပြင်ဆင် ပြဋ္ဌာန်း ထားသော ဥပဒေ များကို မကြည့်ပဲ၊ စီရင် ထုံး၏ ခေါင်းစီး မှတ်ချက်ကိုသာ အပေါ်ရံ ဖတ်ကာ မြန်မာ နိုင်ငံ မှုခင်းများကို ဆုံးဖြတ် ကြလျှင် အမှားအယွင်းများ၍၊ မမျှမတ မညီ မညွတ် ဖြစ်မည်၊ မြန်မာ့ တရား စီရင်ရေး ဆိတ် သုဉ်းမည်။ ထို့ကြောင့် နိုင်ငံခြား စီရင် ထုံးများကို ဗဟုသုတ အလို့ငှါ လေ့လာ ကောင်းသော်လည်း အမှီ သဟဲ မပြု အပ်။

**ထပ်မံဆုံးဖြတ်ချက်။** ။အယူခံ တရားလို ဦးထွန်းတို့ တွင် တာဝန် ကင်းပြီ ကား မဟုတ် သေး၊ **မြေနှင့် တိုက်ကို အပေါင် ထားခြင်း တရား မဝင်ကာမျှနှင့် ၎င်းတို့ကို နှစ်ဦး ပေါင်း၍ ငွေ ကျပ် ၂၀,၀၀၀ အထိ ပေးချေရန် တာဝန် ယူပါသည်ဟု လေးနက်စွာ ခံယူ ကတိပြုထားခြင်း ကျန်သေး** သည်။ တရားရုံးသို့ လာရောက်၍ ပေါ့ပေါ့ လွယ်လွယ် ခံဝန် ပြုရသည် မဟုတ်။ **ဦးထွန်း နှင့် ဦးအေးမောင် တို့သည် ၎င်းတို့ အလို အလျောက် ယူကြသော တာဝန်၏ သဘော ပမာနကို** ကောင်းစွာ သိကြသည်။ ယင်း တာဝန်ကို၊ ဥပဒေ အကာအကွယ် ယူ၍၊ ရှောင်တိမ်းခြင်း မပြု စေအပ်ချေ။ ၎င်းတို့ ခံဝန် ပြုခဲ့ကြသော တရားရုံး ပီလေးသည်၊ အိန္ဒိယ နိုင်ငံသို့ အပြီးပြန် သွားပြီး ဖြစ်၍လည်း၊ ၎င်းတို့ နှစ်ဦး ပူးတွဲ ခံယူ ထားသော တာဝန်ကို လေးနက်စွာ ဆောင်ရွက် စေအပ်သည်။

ထို့ကြောင့် ခရိုင် တရားမ တရားသူကြီးက၊ လိုအပ်လျှင် တရားမ ကျင့်ထုံး ပုဒ်မ ၁၅၁ က တရား ရုံးအား အပ်နှင်း ထားသော တရား မျှတမှုကို ဖြစ်စေရန် လိုအပ်သည်ကို ဆောင်ရွက် နိုင်သည့် အာဏာကို သုံးမည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည်၊ တရားမျှတပေသည်။ သို့ရာတွင် တရားရုံး ဒီကရီနှင့် အတည် ဖြစ်စေရန် ခံဝန် ပြုသူ တဦးနှင့် ပတ်သက်၍၊ တရားမ ကျင့်ထုံး ပုဒ်မ ၁၄၅ တွင် အတိ အကျ သီးခြား ပြဋ္ဌာန်း ထားပြီး ဖြစ်ပေသည်။ **မောင်စံဘွင့် နှင့် မောင်ရွှေခင်၊ အေ၊ အိုင်၊ အာ (ရ်)** ၁၉၇၁၊ ရန်ကုန်၊ ၆၇ ကို ကိုးကားသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးအေးမောင်၊

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးတင့်။

**တရားသူကြီးချုပ် ဒေါက်တာမောင်မောင့်။** ။အယူခံတရားပြိုင် ဒေါ်သိန်းငွေတို့ကတောင်ကြီးခရိုင် တရားမရုံးတွင်၊ ၁၉၆၃ ခုနှစ် ကဂုရူဆွာမိပီလေးဆိုသူတဦးအပေါ် ငွေ ၁၇,၅၁၅ ကျပ်ရလိုမှုစွဲဆိုခဲ့သည်။ ယင်းချေးငွေများကိုပေးအပ်စေ ဒီကရီရ၍၊ ဇာရီပြုလုပ်နေစဉ်၊ ပီလေးက အယူခံဝင်နေစဉ်အတွင်း ဇာရီပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရန် လျှောက်ထားသည်။

တရားနိုင် ဒေါ်သိန်းငွေတို့ဖက်က၊ အာမခံတင်သွင်းထားလျှင် ဆိုင်းငံ့ထားခြင်းကို မကန့်ကွက်ပါဆိုသဖြင့်၊ ရုံးကနှစ်သောင်းတန်အာမခံ နှစ်ယောက်တင်သွင်းစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးထွန်းနှင့် ဦးအေးမောင်တို့ကငွေ ၂၀,၀၀၀ ကျပ်အထိ၊ နှစ်ဦးတွဲ၍ ပီလေးအတွက်အာမခံပါသည်။ ဦးထွန်းပိုင်တန်ဖိုး ၃၀,၀၀၀ ကျပ်ခန့်ရှိ တိုက်တလုံးနှင့် ဦးအေးမောင်ပိုင်တန်ဖိုး ၄၀,၀၀၀ ကျပ်ခန့်ရှိတိုက်တလုံးကိုလည်း စာချုပ်ဖြင့်အပေါင်အနှံထားပါသည်ဟု ချုပ်ဆိုကာ ရုံးသို့တင်သွင်းခဲ့ကြသည်။ ရုံးက လုပ်ရိုးလုပ်စဉ်အတိုင်း မြေနှင့်တိုက်များသည် အခြားအပေါင်အနှံ ကင်းလွတ်မလွတ်စစ်ဆေးစေကာ၊ ကင်းလွတ်ကြောင်း ဦးထွန်းနှင့် ဦးအေးမောင်တို့က ဖြည့်စွက်အာမခံသဖြင့် စာချုပ်ကို လက်ခံ၍၊ ဇာရီကို ဆိုင်းငံ့ပေးခဲ့သည်။

အယူခံတွင် ပီလေးရှုံးသဖြင့်၊ ဒီကရီကို ဇာရီပြုလုပ်ခြင်းမှ ဆိုင်းငံ့ထားခြင်းကို ပယ်ဖျက်ကာ အတည်ပြုရန် ဖြစ်ပေါ်လာသည်။ ထိုအခါ၌ တရားရှုံးပီလေးသည် အိန္ဒိယသို့ အပြီးပြန်သွားခြင်းဖြစ်သဖြင့်၊ ဒေါ်သိန်းငွေတို့က အာမခံသူဦးထွန်းနှင့် ဦးအေးမောင်တို့က ၎င်းတို့ခံဝင်ပြုသည့်အတိုင်း ပေးချေစေရန်၊ ရုံးသို့လျှောက်သည်။

ဦးထွန်းနှင့် ဦးအေးမောင်တို့က ၎င်းတို့ရုံးသို့တင်သွင်းခဲ့သော စာချုပ်ကို ခေါင်းကပ်ခြင်း၊ မှတ်ပုံတင်ခြင်းပြု၍၊ မထားသဖြင့် တရားမဝင်ပါ၊ ထို့ကြောင့် ၎င်းတို့တွင်တာဝန်မရှိပါဟု လျှောက်ထားတင်ပြကြသည်။ တောင်ကြီးခရိုင် တရားမ တရားသူကြီးက ယင်းလျှောက်လဲချက်ကိုလက်ခံလျှင် ခံဝန်ချုပ်ဆိုခြင်းသည် အဓိပ္ပါယ်မရှိဖြစ်မည်၊ ထို့ကြောင့်ရုံးအား တရားမကျင့်ထုံးပုဒ်မ ၁၅၁ ကအပ်နှင်းသော တရားမျှတမှုကိုဖြစ်စေရန်လိုအပ်သည်ကို ဆောင်ရွက်နိုင်သည့်အာဏာကိုသုံးစွဲ၍ စာချုပ်ကိုအတည်ပြုရမည်ဟုဆုံးဖြတ်ခဲ့သည်။

မန္တလေး ရုံးထိုင်တရားရုံးချုပ်သို့ ဦးထွန်းတို့ကအယူခံဝင်ရာ တဦးထိုင်တရားသူကြီးက အယူခံကိုပယ်ခဲ့သည်။ အကြောင်းပြချက်မှာ ဦးထွန်းတို့တင်သွင်းခဲ့သော အာမခံစာချုပ်သည် တရားရုံးအမှုတွဲ၏ တစိတ်တဒေသဖြစ်သွားပြီ ဖြစ်သောကြောင့်၊ မှတ်ပုံ

၁၉၇၁

၁။ ဦး ထွန်း၊ ရေအေး တွင်း ရပ်၊ တောင်ကြီး မြို့။
၂။ ဦး အေး မောင်၊ဗိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ် သိန်း ငွေ၊ [illegible]
၂။ ဦး ညွန့် မောင်၊ သားအ မိ၊ ပွဲစားတန်း၊ ဓိ ထွီ လ ၁ မြို့၊ မလှိုင်စာတိုက်။

၁၉၇၁ တင်ရန်မလို၊ တရားဝင်အတည်ဖြစ်သည်၊ ဟူ၍ဖြစ်သည်။ ယင်းသို့ဆုံးဖြတ်ရာတွင် **ဒါဒူဗလာဂျီကိုကူး နှင့် ကံဟားလားဒါနရမ်** (၁) အိန္ဒိယနိုင်ငံ နဂ်ပူ တရားလွှတ်တော် ဆုံးဖြတ်ချက်ကိုအမိကထားခဲ့လေသည်။

၁။ ဦးထွန်း၊ ရေ အေး တွင်း ရပ်၊ တောင်ကြီး မြို့။

၂။ ဦး အေး မောင်၊ဗိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ် သိန်း ငွေ၊

၂။ ဦး ညွန့် မောင်၊ သားအ မိ၊ ပွဲစားတန်း၊ မိတ္ထီလာ မြို့၊ မလှိုင် စာတိုက်။

ဦးထွန်းတို့က ဤရုံးသို့အယူခံဝင်ရန် အခွင့်ထူးပေးရန် လျှောက်ထားခဲ့ကြသည်။ ငွေ ၁၀၀ ကျပ်တန်ဖိုး၊ သို့မဟုတ် ယင်းထက်ပိုသော တန်ဖိုးရှိသော မရွှေ့မပြောင်း နိုင်သောပစ္စည်းကို လွှဲပြောင်းပေးသော၊ သို့မဟုတ် ပေါင်နှံခြင်းစသည်ကိုပြုခြင်းဖြင့်၊ ယင်းပစ္စည်းတွင် အကျိုးသက်ရောက်စေသော၊ စာချုပ်ကိုမှတ်ပုံတင်ရမည်ဟု မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇(၁)( င)၊ ကဆိုထားသည်။ အလားတူပြဋ္ဌာန်းချက်၊ ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၉ တွင်လည်းရှိသည်၊ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇(၁)(ခ)တွင်လည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင်ငွေ ၁၀၀ ကျပ်၊ သို့မဟုတ် ယင်းအထက် တန်ဖိုးရှိသောအခွင့်၊ အကျိုးကို ဖန်တီးလွှဲပြောင်း၊ ဖျက်သိမ်းစသည့် အမှုတခုခုပြုသောစာချုပ်ကို မှတ်ပုံတင်ရမည်ဟုဆိုသည်။ ထိုဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးထားသော မြန်မာနိုင်ငံ စီရင်ထုံးများလည်းရှိသည်။ သို့ပါလျက် အိန္ဒိယနိုင်ငံ စီရင်ထုံးတရပ်ကို ကိုးကားလျက်၊ ငွေ ၁၀၀ ကျပ်အထက် တန်ဖိုးရှိသော မြေနှင့်တိုက်တို့ကို ပေါင်နှံပါသည်ဆိုသော မှတ်ပုံတင်မထားသော စာချုပ်သည် တရား ဝင် အတည်ဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းသည် မှန်-မမှန် ဆုံးဖြတ်နိုင်ရန်၊ ဦးထွန်းတို့ တောင်းခံသော အခွင့်ထူးအယူခံဝင်ခွင့်ကို ပေးခဲ့သည်။

အယူခံတရားလိုတို့၏ ရှေ့နေကြီး ဦးအေးမောင်က မြန်မာနိုင်ငံစီရင်ထုံး အထင် အရှားရှိပါလျက် အိန္ဒိယနိုင်ငံ စီရင်ထုံးကို ကိုးကားလိုက်နာခြင်းသည် မှားယွင်း ပါသည်။ **ဆူပရာမုနီယံချစ်တီး** နှင့် **လို့တ်ဘာဏ်** (၂)တွင်၊မြန်မာနိုင်ငံတရားလွှတ်တော်က မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇(၁)(ခ) နှင့်ဆန့်ကျင်သောစာချုပ်ကို ရုံးကအတည် ပြုမပေးနိုင်။ စာချုပ်ကိုလက်ခံခြင်းဖြင့် အာမခံတင်သောပစ္စည်းသည် လုံလောက်သည် ဟုသာဆုံးဖြတ်ခြင်းဖြစ်သည်။ တရားဝင်သည်ဆိုခြင်းမဟုတ်။ စာချုပ်ချုပ်ဆိုခြင်းသည် တရားရုံး၏ လုပ်ရပ်လုပ်ထုံးမဟုတ်ဟု ဆုံးဖြတ်ထားပါသည်။

"That the security bond fell within *S.* 17 (1) (b) of the Registration Act, and not being registered could not be enforced by an order for sale. In accepting a bond the Court intimates that the property tendered as security is deemed to be sufficient. The Court approves the substance not the form of the security, the bond as executed being the form in which the security is subsequently furnished.

(၁) A.I.R. 1947 Nagpur. 26. (၂) I.L.R. 13, Rangoon 359.

၁၉၇၁

၁။ ဦးထွန်း၊ ရေအေး တင်း ရပ်၊ တောင်ကြီး မြို့။
၂။ ဦးအေး မောင်၊ ဗိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ်သိန်း ငွေ၊
၂။ ဦး ညွန့် မောင်၊ သာအေး မိ၊ ပွဲစားတန်း၊ မိတ္ထီလာ ၁ မြို့၊ မလှိုင် စာတိုက်။

In such circumstances the execution of the bond is not an act of the Court, or a step of judicial procedure."

အထက်ဖော်ပြပါစီရင်ထုံးကိုပြင်ဆင်ထားသော အခြားမြန်မာနိုင်ငံစီရင်ထုံးမရှိပါပဲ နှင့်၊ နဂ်ပူ စီရင်ထုံးကိုလိုက်သောကြောင့်၊ တရားရုံးချုပ် တရားသူကြီးက မှားယွင်းချွတ်ချော်နေပါသည်။ မှတ်ပုံမတင်သော အာမခံစာချုပ်ကို ရုံးကအတည်မဖြစ်စေနိုင်ပါဟု ဦးအေးမောင်က လျှောက်လဲသည်။

အယူခံတရားပြိုင်များ၏ ရှေ့နေကြီးဦးတင့်က၊ စာချုပ်ကို ရုံးကလက်ခံခဲ့ပြီးဖြစ်၍၊ အတည်ပြုပေးသင့်ပါသည်။ အိန္ဒိယနိုင်ငံ တရားလွှတ်တော်များသည် ဤပြဿနာပေါ်တွင် ကွဲလွဲစွာဆုံးဖြတ်ကြပါသည်။ ပြဿနာကို ပိုမိုရှင်းလင်းစေအောင် ထုံးပြုသင့်ပါသည်ဟု တင်ပြသည်။

တရားရုံးက၊ ဤအမှုတွင်တင်သွင်းခဲ့သော အာမခံဝန်သည်သူ၏ကိစ္စ၊ သူ၏တာဝန်ဖြစ်သည်။ ရုံး၏ကိစ္စ၊ လုပ်ရပ်၊ အမိန့်၊ ဒီကရီမဟုတ်ချေ။ ထို့ကြောင့် အာမခံဝန်ချုပ်သည် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပေါင်နှံလွှဲပြောင်းခြင်း စသည်တို့နှင့်ပတ်သက်သော ဥပဒေပြဋ္ဌာန်းချက်တို့ကို လိုက်နာမှသာလျှင်၊ ဥပဒေအရ တရားဝင်သည်။ ဤအမှုတွင် မြေနှင့်တိုက်ကို ပေါင်နှံသည်ဟု စာချုပ်တွင်ဆိုကာမျှနှင့် ပြီးပြည့်စုံခြင်းမရှိ မှတ်ပုံတင်ပြီးမှ အပေါင်စာချုပ်မြောက်သည်။ စာချုပ်ပါလုပ်ရပ်သဘောသည် မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇(၂)(စ)တွင် အကျုံးမဝင်သောကြောင့်၊ မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်မရနိုင်ချေ။

ဆူပရာမုနီယံချစ်တီး အမှုတွင်၊ တရားသူကြီးချုပ်နှင့် တရားသူကြီးတဦးတို့ပါဝင်သော မြန်မာနိုင်ငံ တရားလွှတ်တော်ခုံရုံးက၊ အိန္ဒိယနိုင်ငံ တရားလွှတ်တော်များ၏ ကွဲလွဲနေသောစီရင်ထုံးများကို သုံးသပ်ပြီးနောက်မှ၊ လေးနက်စွာဆုံးဖြတ်ထုံးပြုခဲ့ခြင်းဖြစ်ပေသည်။ အယူခံတွင် တရားသူကြီးအား ထားခဲ့သော ဒါဒူဗလာဂျီကိုကူး အိန္ဒိယနိုင်ငံ နဂ်ပူစီထုံးသည် ဂျာရပ်ပါး နှင့် ရှိုဗန်ကူးဒါး (၃) ဘုံဘေစီရင်ထုံးနှင့် ကတ်စကူရီလား နှင့် ဂိုဗာဒန်ဒတ်(၄) လာဟိုးစီရင်ထုံးများတို့ကို လိုက်နာခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံစီရင်ထုံးတွင် ယင်းဘုံဘေနှင့် လာဟိုးစီရင်ထုံးတို့ကို ကောင်းစွာသုံးသပ်၍ ပယ်ခဲ့ခြင်းဖြစ်လေသည်။

မြန်မာနိုင်ငံ၏ ဆူပရာမုနီယံချစ်တီး စီရင်ထုံးသည်၊ မြန်မာနိုင်ငံတရားရုံးများက မပြတ် လိုက်နာကျင့်သုံးလာခဲ့သော ထုံးနှင့်လည်း ကိုက်ညီသည်။ မရွှေမြ နှင့် မောင်ဘိုးနွေခင်း(၅)တွင် ၁၉၂၁ ခုနှစ်က လန်ဒန်မြို့ ပရီဗီကောင်စီသို့ပင် တက်ရောက်ခဲ့

(၃) I.L.R. 52, Bombay 72. (၄) I.L.R. 15, Lahore 282.

(၅) 1923 II Burma Law Journal 264.

၁၉၇၁

၁။ ဦးထွန်း၊ ရေအေး တင်းရပ်၊ တောင်ကြီးမြို့။
၂။ ဦးအေးမောင်၊ ဗိုလ်ကုန်းရပ်၊ တောင်ကြီးမြို့

နှင့်

၁။ ဒေါ်သိန်းငွေ၊
၂။ ဦးညွန့်မောင်၊ သားအမိ၊ ပွဲစားတန်း၊ မိတ္ထီလာမြို့၊ မလှိုင်စာတိုက်။

သော အယူခံမှုပါ မူနှင့်လည်းညီသည်။ **ဆိုမာစွန်ဒရမ်ချစ်တီး နှင့် နခါ့ယပ်ပါးချစ်တီး** (၆)အမှုတွင် ရန်ကုန်မြို့ တရားလွှတ်တော်က ချမှတ်ခဲ့သောထုံးပါ မူနှင့်လည်းညီသည်။

အမှုတွင်တင်သွင်းသော၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးသက်ရောက်စေသည့် အာမခံစာချုပ်သည်၊ မှတ်ပုံတင်အက်ဥပဒေနှင့် အခြားဆီလျော်သောဥပဒေပြဋ္ဌာန်းချက်တို့နှင့်ကိုက်ညီမှသာ တရားဝင်သည်ဟု၊ မြန်မာနိုင်ငံတရားရုံးများက ကျင့်သုံးလာခဲ့ခြင်းသည် ဥပဒေနှင့်ကိုက်ညီသည်၊ တည်နေသောစီရင်ထုံးများနှင့်လည်း ကိုက်ညီသည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်း (တန်ဖိုးငွေ ၁၀၀ ကျပ်နှင့်အထက်) နှင့်ပတ်သက်သော၊ အရောင်း၊ အပေါင်၊ စသောစာချုပ်ကို မှတ်ပုံတင်စေခြင်းဖြင့်၊ ပို၍လေးနက်စေသည်။ ပစ္စည်းနှင့် ပတ်သက်သူတို့သည် မှတ်ပုံတင်ရုံးတွင် သွားရောက်၍ စစ်ဆေးကြည့်ရှုနိုင်စေသည်။ ယင်းပစ္စည်းနှင့်ပတ်သက်၍ ရောင်းဝယ်ဆက်သွယ်ခြင်းသည် ရှင်းလင်းနိုင်သည်၊ သတ်မှတ်သော တံဆိပ်ခွန်ဖိုး ပြည်သူ့ဘဏ္ဍာတွင်တိုးသည်။ ယင်းသို့မပြုမူပဲ၊ ဤအမှုမှာကဲ့သို့ စာရွက်ပေါ်တွင် ခံဝန်ပြုကြောင်းရေးသားကာ တရားရုံးတွင်တင်သွင်းလျှင်၊ တရားမဝင်။

ဤရုံးအယူခံမှုကို ဆုံးဖြတ်ခဲ့သော တရားသူကြီးသည်၊မြန်မာနိုင်ငံစီရင်ထုံးကိုကျော်၍ အိန္ဒိယနိုင်ငံ နာဂ်ပူ တရားလွှတ်တော်စီရင်ထုံးကို အားကိုးခဲ့သောကြောင့်အာမခံဝန်စာချုပ်သည် တရားဝင်ကြောင်း ချွတ်ချော်လွဲမှားစွာဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။

စီရင်ထုံးကို အသုံးပြုခြင်းနှင့်ပတ်သက်၍၊ ဤရုံးက အောက်ပါကဲ့သို့ **ဦးထွန်းအောင်သာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၇) တွင်သတိပေးဘူးသည်။

"ဥပဒေကို အဓိပ္ပါယ် ဖွင့်ဆိုရာ၌လည်း စကားပြေအရ အများနားလည်လက်ခံ၍ သဘာဝကျသော အဓိပ္ပါယ်ကိုယူခြင်းက ပို၍မှန်ကန်တတ်သည်။ ယင်းသို့ အဓိပ္ပါယ်ဖွင့်ဆိုမှသာလျှင် ဥပဒေကို ပြည်သူအများ နားလည်လက်ခံမည်။ လိုက်နာလေးစားကြမည်။ ဥပဒေနှင့်ပြည်သူ ရင်းနှီးကာ ဥပဒေများသက်ဝင်လှုပ်ရှားမည်။ တရားသူကြီးများသည် အခြားနိုင်ငံများမှ စီရင်ထုံးများကို လေ့လာကောင်းပါ၏။ သို့ရာတွင် မိမိတို့ရှေ့သို့ရောက်လာသော မှုခင်းများကို စစ်ဆေးစီရင်ရာတွင်ကား မှုခင်းဖြစ်ပျက်ကာလ၊ ဒေသ၊ အခြေအနေ၊ ပတ်ဝန်းကျင်၊ လူနေမှု၊ ဓလေ့ထုံးတမ်းစသည်တို့ကို စစ်ဆေးဆင်ခြင်ကာ၊ ဥပဒေဘောင်အတွင်းက မျှတမှန်ကန်၍ အများနားလည် သဘာဝကျသောတရားကို စီရင်အပ်ပေသည်။ အခြားနိုင်ငံများမှ စီရင်ထုံးများကို ရှေ့ထားကိုးကားလျှင် တရားစီရင်ရေးသည် မြန်မာပီသမည်မဟုတ်။ မြန်မာ့အခြေအနေနှင့်ကင်း၍ ပြည်သူနှင့်ဝေးဘွယ်ရာသာရှိသည်"

---

(၆) I.L.R. 2, Rangoon 429.

(၇) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ ၅၈။

စိန်ရတနာပိုးယက်ကန်းစက်လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး (ဂ) တွင်လည်း၊ ဤရုံးက အောက်ပါကဲ့သို့ သတိပေးဘူးသည်။

"ရှင်းလင်း ထင်ရှားသော ဥပဒေ စကားရပ်တို့ကို တရားရုံးများကသော်လည်းကောင်း၊ အခြားအုပ်ချုပ်ရေး ဆိုင်ရာတို့ကသော်လည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ရန် ငြိုကာချဲ့ရန်မလိုချေ။ ယင်းသို့ပြုပြန်လျှင်၊ အဓိပ္ပါယ်ဖွင့်သလိုနှင့် ဥပဒေ ချဲ့ထွင်ခြင်း၊ ချုံးခြင်း၊ ထွင်ခြင်းစသည်ကို ပြုလုပ်မိတတ်ကြသည်။ ချဲ့ရန်၊ ချုံးရန်၊ ထွင်ရန်လိုလျှင်၊ ဥပဒေပြုအဖွဲ့အစည်းကသာ လိုအပ်သလိုပြုလုပ်နိုင်သည်။ ဥပဒေစကားရပ်များက မထင်ရှား၊ မသဲမကွဲဖြစ်နေမှသာလျှင်၊ လက်ငင်းအားဖြင့် ဥပဒေပြုအဖွဲ့အစည်း၏ ရည်ရွယ်ချက် ဖြစ်မြောက်စေလေအောင်၊ ဥပဒေစကားနှင့် လက်တွေ့အခြေအနေ စပ်ဟပ်မိလေအောင်၊ လိုအပ်သလောက် အဓိပ္ပါယ်ဖွင့်ဆိုရသည်။ ယင်းသို့အဓိပ္ပါယ်မဖွင့်လျှင် မဖြစ်သောအခြေအနေမျိုးနှင့် တွေ့ကြုံရလျှင် အမြင့်ဆုံးသောတရားရုံးကသာလျှင် အထူးသတိထား၍၊ စည်းကမ်းစောင့်ထိန်းကာ မိမိ၏ စီရင်ပိုင်ခွင့်ကို မလွန်စေဘဲ၊ ညီညွတ်သောထုံးပြုပေးရမည်"။ (ဂ)

တရားစီရင်ထုံးဟူသည် မှန်ကန်မျှတ၍ တရားဥပဒေနှင့် ညီညွတ်မှသာလျှင်၊ လမ်းညွှန်တရပ်ဖြစ်နိုင်သည်။ မြင့်သောရုံးတွင် ထိုင်သောတရားသူကြီး တဦးတယောက်က ဆုံးဖြတ်ကာမျှနှင့် ကြာမြင့်ကာမျှနှင့် စီရင်ထုံးများတွင် ထည့်သွင်းပုံနှိပ်ထားကာမျှနှင့် အာနိသင်မရှိချေ။ ထို့ကြောင့် တရားသူကြီးတဦးဦးသည် ယခင်စီရင်ထုံးနှင့် ကွဲလွဲယူဆလျှင်၊ စုံညီခုံရုံးသို့တင်ပြကာ၊ ကျယ်ဝန်းနက်နဲစွာပြဿနာကို အဖက်ဖက်မှလေ့လာကြားနာပြီးမှ၊ အဆုံးအဖြတ်ပေးသောလုပ်ထုံးကို ကျွန်ုပ်တို့ လိုက်နာလျက်ရှိကြသည်။

စီရင်ထုံးကိုကိုးကားရာတွင် စီရင်ချက်အပြည့်အစုံကို ဖတ်ရှုမှသာလျှင် အမှုအချက်အလက်တို့ကို သိမြင်နိုင်သည်။ ခေါင်းစည်းမှတ်ချက်တို့သည်အကြောင်းအရာဆုံးဖြတ်ချက်ကို အရိပ်ပြခြင်းမျှသာ ပြုနိုင်သည်။ စီရင်ထုံးပါ အမှုအကြောင်းအရာနှင့် ဆုံးဖြတ်ရန် အမှုအကြောင်းအရာတို့ကို ကောင်းစွာနှိုင်းယှဉ်ရသည်။ ပြီးမှသာစီရင်ထုံး၏ လမ်းညွှန်မှုကို ယူသင့်သလောက် ယူအပ်သည်။ စီရင်ထုံး နောက်သို့ဆုံးဖြတ်ရန် အမှု၏ အကြောင်းချင်းရာက လိုက်ရန်မဟုတ်။ အမှုအကြောင်းချင်းရာကို ဥပဒေနှင့်စပ်ဟပ်ရာတွင် အခက်အခဲရှိသရွေ့သာလျှင် စီရင်ထုံးက ဆီလျော်သမျှ ထောက်ကူရန်ဖြစ်သည်။

နိုင်ငံခြားစီရင်ထုံးများကို လေ့လာလျှင်လည်း၊ သူတို့၏ အခြေအနေ နောက်ခံအပြင်၊ သူတို့၏ဥပဒေကိုပါ အတိအကျလေ့လာအပ်သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံတွင် ပြည်နယ်အသီးသီးက မိမိတို့၏ဥပဒေများကို ပြဋ္ဌာန်းထားသည်လည်းရှိ၏။

၁၉၇၁

၁။ ဦးထွန်းရေ အေး တွင်းရပ်၊ တောင်ကြီးမြို့။

၂။ ဦး အေးမောင်၊ဖိုလ်ကုန်းရပ်၊ တောင်ကြီးမြို့

နှင့်

၁။ ဒေါ် သိန်းငွေ၊

၂။ ဦး ညွန့်မောင်၊ သားအမိ၊ ပွဲစားတန်း၊ မိတ္ထီလာ မြို့၊ မလှိုင်စာတိုက်။

(ဂ) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ၂၀၅။

၁၉၇၃

၁။ ဦးထွန်း၊ ရေအေး တွင်း ရပ်၊ တောင်ကြီး မြို့။
၂။ ဦး အေး မောင်၊ဗိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ်သိန်း ငွေ၊
၂။ ဦး ညွန့် မောင်၊ သားအ မိ၊ ပွဲစားတန်း၊ မိတ္ထီလာ မြို့၊ မလှိုင်စာတိုက်။

အချင်းချင်းပင်မတူကြချေ။ တရားလွှတ်တော်အများကလည်း ကွဲပြားသောစီရင်ထုံးများကိုပြုကြသည်။ ဥပဒေများကိုလည်း ပြင်ဆင်ပြဋ္ဌာန်းလျက်ရှိကြသည်။ ပြင်ဆင်ပြဋ္ဌာန်းထားသော ဥပဒေများကို မကြည့်ပဲ၊ စီရင်ထုံး၏ ခေါင်းစည်းမှတ်ချက်ကို သာအပေါ်ရံဖတ်ကာ မြန်မာနိုင်ငံမှုခင်းများကို ဆုံးဖြတ်ကြလျှင် အမှားအယွင်းများ၍ မမျှမတ မညီမညွတ်ဖြစ်မည်။ မြန်မာ့တရားစီရင်ရေး ဆိတ်သုဉ်းမည်။ ထို့ကြောင့် နိုင်ငံခြား စီရင်ထုံးများကို ဗဟုသုတအလို့ငှါ လေ့လာကောင်းသော်လည်း၊ အမှီသဟဲ မပြုအပ်၊ ကိုးကားခြင်းမပြုအပ်ချေ။

ဤအယူခံမှုတွင်၊ အထက်ပါကဲ့သို့ မှတ်ချက်များ ပြုပြီးနောက် ပဌမအယူခံတွင် ဤရုံးတရားသူကြီးက၊ မှတ်ပုံတင်ခြင်းမရှိခဲ့သောအာမခံစာချုပ်သည် တရားဝင်သည် ဟုဆုံးဖြတ်ခဲ့ခြင်းသည်မှားယွင်းသည်၊ဥပဒေ၊စီရင်ထုံး၊ လုပ်ထုံးနှင့်မညီဟုဆုံးဖြတ်သည်။

သို့ရာတွင် အယူခံတရားလို ဦးထွန်းတို့တွင် တာဝန်ကင်းပြီကားမဟုတ်သေး။ မြေနှင့်တိုက်ကိုအပေါင်ထားခြင်း တရားမဝင်ကာမျှနှင့် ၎င်းတို့ကို နှစ်ဦးပေါင်း၍ငွေ ၂၀,၀၀၀ ကျပ်အထိ ပေးချေရန် တာဝန်ယူပါသည်ဟု လေးနက်စွာ ခံယူကတိပြုထားခြင်း ကျန်သေးသည်။ တရားရုံးသို့လာရောက်၍ ပေါ့ပေါ့လွယ်လွယ် ခံဝန်ပြုရသည်မဟုတ်။ ဦးထွန်းနှင့် ဦးအေးမောင်တို့သည်၊ ၎င်းတို့အလိုအလျောက် ယူကြသော တာဝန်၏ သဘော၊ ပမာနကို ကောင်းစွာသိကြသည်။ ယင်းတာဝန်ကို၊ ဥပဒေအကာအကွယ်ယူ၍ ရှောင်တိမ်းခြင်း မပြုစေအပ်ချေ။ ၎င်းတို့ခံဝန်ပြုခဲ့ကြသော တရားရုံးပီလေးသည်၊ အိန္ဒိယနိုင်ငံသို့ အပြီးပြန်သွားပြီဖြစ်၍လည်း ၎င်းတို့နှစ်ဦး ပူးတွဲခံယူထားသောတာဝန်ကို လေးနက်စွာဆောင်ရွက်စေအပ်သည်။

ထို့ကြောင့် ခရိုင်တရားမ တရားသူကြီးက၊ လိုအပ်လျှင် တရားမ ကျင့်ထုံးပုဒ်မ ၁၅၁ ကတရားရုံးအား အပ်နှင်းထားသော၊ တရားမျှတမှုကိုဖြစ်စေရန် လိုအပ်သည်ကိုဆောင်ရွက်နိုင်သည့်အာဏာကို သုံးမည်ဟုဆုံးဖြတ်ခဲ့ခြင်းသည် တရားမျှတပေသည်။ သို့ရာတွင် တရားရုံးဒိကရီနှင့် အတည်ဖြစ်စေရန် ခံဝန်ပြုသူတဦးနှင့်ပတ်သက်၍၊ တရားမကျင့်ထုံး ပုဒ်မ ၁၄၅ တွင်အောက်ပါကဲ့သို့ အတိအကျ သီးခြားပြဋ္ဌာန်းထားပြီးဖြစ်ပေသည်။

"145. Where any person has become liable as surety—

(a) for the performance of any decree or any part thereof, or
(b) * * * *
(c) * * * *

the decree or order may be executed against him, to the extent to which he has rendered himself personally liable,

in the manner herein provided for the execution of decrees . . ."

မောင်စံဘွင့်နှင့်မောင်ရွှေခင်(၉)တို့အမှုတွင်လည်း အထက်ပါမူ ပြဋ္ဌာန်းချက်တို့နှင့် အညီ အာမခံစာချုပ်ကို မှတ်ပုံမတင်သောကြောင့် တရားမဝင်စေကာမူ ခံဝန်ပြုသူသည် ကိုယ်တိုင်ခံဝန်ချက်၏ အတိုင်းအတာအထိ ပေးချေရန် တာဝန်ရှိသည်ဟု ဆုံးဖြတ်ထားသည်။

"Where a bond purporting to create charge over immovable property is ineffective for want of registration still if there is a distinct personal covenant to pay in the bond, it can be enforced."

ဤအမှုတွင် အယူခံတရားလိုတို့က၊ တရားရုံးပိလေးသည် ဒိကရီကျငွေများကို ပေးချေရန်ပျက်ကွက်လျှင်ငွေ ၂၀,၀၀၀ ကျပ်အထိ ၎င်းတို့နှစ်ဦးပူးတွဲ၍ တာဝန်ယူပါမည်၊ အပေါင်ထားသောပစ္စည်းတို့ကိုရောင်းချ၍၊ မပြည့်စုံသေးက ကျန်ငွေတို့ကို ၎င်းတို့ကဖြစ်စေ၊ ၎င်းတို့၏တရားဝင် ကိုယ်စားလှယ်များကဖြစ်စေ ပေးချေရန်တာဝန်ယူပါသည်(personally liable ဟု) အာမခံစာချုပ်တွင် အတိအလင်း ဆိုထားသည်။
ထိုတာဝန်အရ တရားရုံးပိလေး ပေးဆပ်ရန်ဒိကရီ ကျငွေများမှငွေ ၂၀,၀၀၀ ကျပ်အထိကို ဦးထွန်းနှင့် ဦးအေးမောင်တို့က၊ ၎င်းတို့ ပူးတွဲခံယူထားသော ကိုယ်တိုင်တာဝန်အရ၊ ပေးဆပ်စေရမည် ဟုအမိန့်ချမှတ်လိုက်သည်။

ရုံးအဆင့်ဆင့်တွင် ဒေါ်သိန်းငွေတို့ကကုန်ကျခဲ့ကြသောစရိတ်တို့ကို အယူခံတရားလိုတို့ကကျခံစေ။ အယူခံတရားလိုတို့က ဤရုံးသို့ ဥပဒေပြဿနာ တင်ပြတက်ရောက်ခဲ့ခြင်းဖြစ်၍၊ ဤရုံးစရိတ်တို့ကို အမှုသည်တို့က မိမိတို့ဘာသာကျခံကြစေ။

---

(၉) A.I.R. 1931 Rangoon 65.

## နိုင်ငံတော်တရားရုံးချုပ်

## အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ ရှေ့တွင်

† ၁၉၇၁ / မေလ ၂၂ ရက်။

| | | |
|---|---|---|
| ၁။ ဦးထွန်းလှိုင်<br>၂။ ဦးသာဝင်း | နှင့် | ၁။ ဦးကြည်ဝင်း ပါ ၅<br>၂။ ဦးကျော်စိန် ပါ ၄ * |

**တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရခြင်း—တရားရုံးသည် ဥပဒေက အပ်နှင်းသော အာဏာ ကိုသာ သုံးစွဲနိုင်ခြင်း—ဂေါပက လူကြီးအဖြစ် ရွေးကောက်ခြင်း ခံရသည်ဟု ကျေညာခြင်းခံရသော ပုဂ္ဂိုလ်သည် ဂေါပကလူကြီးအဖြစ်သို့ ရောက် မရောက်—ဂေါပက လူကြီး ရွေးကောက် ခံရခြင်းကို တရားရုံးချုပ်သို့ အတည် ပြုပေးရန် အတွက် လျှောက်ထားရန် လို မလို—ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းတွင် ဂေါပက ရွေးကောက်ပွဲ ကျေညာပြီးနောက် တရားရုံးသို့ အတည်ပြုရန် ပြဋ္ဌာန်းချက်များသည် အချီးနှီး ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သာဓကေ လုပ်ထုံးမှားယွင်း ချွတ်ချော် နေသည်ကို မြင်ရလျှင် သင့်မြတ်သလိုပြင်ပေးရန် တရားရုံးချုပ်တွင် တာဝန်ရှိသည်။

ဗုဒ္ဓ ဘုရားရှင် ကိုယ်တော်တိုင် ပင်လျှင်၊ ကာလာမ မင်းတို့အား ဆုံးမစကား မြွက်ကြားရာ၌၊ "သင်တို့သည် ပြောသံကြားကာမျှဖြင့်၊ ဟုတ်ပြီ၊ မှန်ပြီဟု အတည်မယူ ကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူ ကုန်လင့်ဦး၊ ဤသို့ဖြစ်ဖူးသတတ် ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး . . . "စသည်ဖြင့် သတိ ပေးတော် မူကာ၊ ဤကား ကုသိုလ်တရားတည်း၊ ဤကား အကုသိုလ် တရားတည်းဟု မိမိတို့ကိုယ်တိုင် သိသော အခါ၌မူ၊ ပယ်စွန့်ခြင်း၊ ပြည့်စုံစေခြင်းတို့ကို ပြုအပ်ပေ၏ဟု ဟောတော်မူ၏။

**ကောင်းမြတ်သော ရှေးထုံးတို့ကို မပယ်ကောင်း၊ သို့ရာတွင် ရှေးထုံးကိုသာလျှင် ရင်ဝယ် ပိုက်ကာ ပြုပြင်ပြောင်းလဲခြင်း မပြုလျှင်မူကား တရား ဥပဒေသည်၊ ရှေးခေတ်၌ပင် ဝပ်လျိုး၍ နေရစ်မည် ဖြစ်ကြောင်း ကိုလည်း အလျဉ်းသင့်သလို ညွှန်ပြခဲ့ကြဘူးပြီ၊ တရားရုံးချုပ်၏ တရား ဥပဒေ သဘာဝ ယုတ္တိတို့နှင့် အညီ ချမှတ်ခဲ့သော စီရင်ထုံးတို့ကို အောက်ရုံးများက တညီတညွတ် လိုက်နာကြရန် ဖြစ်သော်လည်း၊ တရားရုံးချုပ်၏ စီရင် ထုံးသည်ပင် မှားယွင်းချွတ်ချော်နေသည်။ သို့မဟုတ် ခေတ်နှင့် မလျော် ဖြစ်နေသည်ကို တွေ့ရလျှင် တရား ရုံးချုပ်ကပင် လိုအပ်သလို ပြန်လည် သုံးသပ် ပြင်ဆင် ပေးရမည် ဖြစ်ပေသည်။ ထိုသို့ မဟုတ်က၊ အမှား၏ အသက်သည် ရှည်လိမ့်မည်။ တရား ဥပဒေသည် လက်တွေ့ အခြေ အနေနှင့် ကင်းကွာ နေလိမ့်မည်။ ကေသမုတ္တိသုတ်**

---

* ၁၉၇၁ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှု အမှတ် ၃ နှင့် ၄။

† ၁၉၆၇ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၁၁ တွင် နိုင်ငံတော် တရားရုံးချုပ်က ချမှတ်သော စီရင်ချက်ကို အယူခံဝင်မှု။

အင်္ဂလိပ်သိုရိုပါဒ္ဓိတော်၊ ၂၂ မဟာဝဂ်၊ ဗုဒ္ဓသာသနာအဖွဲ့နှင့် ဒေါ်[illegible]ရင် ပါ ၅ နှင့် ဒေါ်စော၊ ၁၉၆၈ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၈၊ (စုံညီခုံရုံး) တို့ကို ရည်ညွှန်းသည်။

၁၉၇၁
ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်မိန် ပါ ၄။

တရားရုံးသည်၊ ဥပဒေကို ရှင်းလင်း ထင်ရှားသလို ကျင့်သုံးရသည်။ ရှင်းလင်း ထင် ရှားသော ဥပဒေ စကားရပ်ကို တရားရုံးက အဓိပ္ပါယ် ဖွင့်ဆိုရန် ဋီကာချဲ့ရန် မလို၊ အဓိပ္ပါယ် ဖွင့်သလို နှင့် ဥပဒေကို ချဲ့ခြင်း၊ ချုံးခြင်း၊ ထွင်ခြင်း ပြုမိတတ်သည်ကို ဆင်ခြင် ရမည်။ ယင်းသို့ ပြုရန် လိုလျှင်၊ ဥပဒေပြု အာဏာပိုင် အဖွဲ့ကသာ လုပ်ပိုင်ခွင့် ရှိသည် ဟုလည်း မကြာခဏ သတိပေးခဲ့ဘူး ပြီ၊ **စိန်ရတနာ ပိုးယက်ကန်းစက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး၊** ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး ၂၀၅။ **ဝင်နီဆူးမား နှင့် ဒေါ်အေးကြည်၊** ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၄၆ တို့ကို ရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားရုံးသည် ဥပဒေက မိမိအား အပ်နှင်းသော အာဏာကိုသာ သုံးစွဲနိုင်သည်။ အာဏာကို ဖန်တီး ပြုလုပ်ယူ၍ မရ၊ စီရင် ပိုင်ခွင့် အာဏာကို မလွန်စေရ ဟူ၍၊ လိုအပ်သလို ညွှန်ပြခဲ့ဘူးပြီ။ **မကြင်မွေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊** ၁၉၆၈ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှု ၂၅၀ (ခ)။ **ဦးဘရှင် နှင့် ဟာဆန်၊** ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၇။ **ဒေါ်အေးတင် နှင့် မိတ္ထီလာခရိုင် ဒေသ ပြည်သူ့ တရားရုံး အယူခံအဖွဲ့၊** ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၈။ **ဦးဘညွန့် နှင့် ဦးစိန်ကြည်၊** ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၄၁ တို့ကို ရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင် ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးအဖြစ် အရွေးခံလိုသော ပုဂ္ဂိုလ်တို့၏ အရည် အချင်းကို စိစစ် ဆုံးဖြတ်ပြီးနောက်၊ ညှိနှိုင်း ကာ၊ စည်းကမ်း၊ ထုံးတမ်းနှင့် အညီ ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်း ဖြစ်သည်။ မဲဆန္ဒရှင်တို့ကလည်း မဲပေး၍၊ ရွေးကောက် တင်မြှောက်ခဲ့ပြီးပြီ။ ရွေးကောက် တင်မြှောက် ခြင်းကိုလည်း ဂေါပက အဖွဲ့က စည်းဝေး စိစစ်၍၊ ဆုံးဖြတ် ကျေညာပြီး ဖြစ်သည်။ ယင်းသို့ ကျေညာ ပြီးသည်ကို တရား ရုံးက ထပ်မံ စိစစ်၍၊ အတည်ပြုရန် မလိုပြီ၊ ရွေးကောက်သည်ကို အတည် မပြု မနေ ပြုရမည်သာ ဆိုလျှင် ကြန့်ကြာ အလုပ်ပို စရိတ်ကုန်၍၊ အချိုးနှိုး အလဟဿ ဖြစ်မည်။ အဆင့်ဆင့်၌ စိစစ်ကာ ဂေါပက လူကြီး ဖြစ်ရန် အရည် အချင်း ပြည့်သော ပုဂ္ဂိုလ် ဖြစ်သည်ဟု ဂေါပက အဖွဲ့က သတ်မှတ် ပြီးသော၊ မဲဆန္ဒ ရှင်များကလည်း ဆန္ဒ ပေးပြီး ရွေးချယ်ပြီးသော ရွေးကောက်ခြင်းကို ဂေါပက အဖွဲ့က ကျေညာပြီးသော ပုဂ္ဂိုလ်အား တရားရုံးက အတည် မပြုပြန်လျှင်လည်း လက်တွေ့ သဘော အားဖြင့် ရွေးကောက်ခြင်း ခံရသော ပုဂ္ဂိုလ်အား ဂေါပက လူကြီး အဖြစ်မှ ထုတ်ပယ်ခြင်းမြောက် သည်။ ရွေးကောက်ခြင်းကို အတည် မပြုခြင်းသည် ရွေးကောက် ခံရသူအား ထုတ်ပယ်ခြင်းပင် ဖြစ်သဖြင့်၊ ပုဒ်မ ၉၂ က ပြဋ္ဌာန်းသော စည်းကမ်းချက်ဘို့နှင့် အညီ တင်သွင်း လာသော တရားမ ကြီးမှုကို အခြေခံ၍သာ တရားရုံးက ဆုံးဖြတ်ရမည့် လေးနက်သော ကိစ္စ ဖြစ်သည်။ ယင်းသို့ တရား ဥပဒေနှင့် အညီ စွဲဆိုသော တရားမ ကြီးမှု၏ အပ၌ တရားရုံးက ထုတ်ပယ် နိုင်ခွင့် မရှိ။

ထို့ကြောင့် ရွှေတိဂုံ စေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့၊ ဖွဲ့စည်းပုံ စည်းမျဉ်း ပါ အပိုဒ် ၆ သည် မလိုဘဲ၊ ပိုနေ၍၊ **အချိုးနှိုး** ဖြစ်သော ပြဋ္ဌာန်းချက် ဖြစ်သည်။ ဂေါပက လူကြီး ရွေးကောက်ခြင်းကို ဂေါပက အဖွဲ့က အပိုဒ် ၅ (င) နှင့် အညီ ကျေညာ သည်နှင့် ကျေညာခြင်း ခံရသော ပုဂ္ဂိုလ်သည် ဂေါပက လူကြီး အဖြစ်သို့ ရောက်ကာ၊ တာဝန် ဝတ္တရားများကို ထမ်း

၁၉၇၁ ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

ဆောင် နိုင်သည်။ တရားရုံးချုပ်သို့ အတည်ပြုပေးရန် လျှောက် ထားရန် မလို၊ ရွေးကောက် ခြင်းကို စောဒက တက်လိုသော ပုဂ္ဂိုလ်တို့သည်၊ တရားမ ကျင့်ထုံး ပုဒ်မ ၉၂ နှင့် အညီ ဖြစ်စေ၊ အခြား ဆီလျော်သော ဥပဒေ အရ ဖြစ်စေ တရားမကြီးမှု စွဲဆိုရန်သာ ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားရုံးများက ပုဒ်မ ၉၂ အရ၊ အတည်ပြု ထားသော ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းများတွင် ဂေါပက ရွေးကောက်ပွဲကို ဂေါပက အဖွဲ့က ကျေညာပြီးနောက် တရားရုံးသို့ အတည်ပြုရန် လျှောက်ထားရမည်ဟု ရွှေတိဂုံစေတီတော်ကြီးဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် ၆ ကဲ့သို့သော ပြဋ္ဌာန်းချက်များ ရှိနေခဲ့လျှင်၊ ယင်းတို့သည်၊ အချီးနှီး ဖြစ်သည့်ပြင် တရားရုံးတို့အား အာဏာ လွန်၍ ဆုံးဖြတ် စေနိုင်သည်။ ယင်း ပြဋ္ဌာန်းချက်တို့ကို လိုက်နာရန် မဟုတ်ဟု စီရင် ထုံးပြုသည်။ ယင်း သို့သော ပြဋ္ဌာန်းချက် ပါရှိ စေကာမူ တရား ရုံးသည်၊ ရွေးကောက်ပွဲကို အတည် ပြုပေးရန် လျှောက် ထား လာပါက၊ ဆက်လက် အရေးယူ ဆောင် ရွက်ခြင်း မပြု မူ၍ လျှောက်လွှာကို ပယ်ရန် ဖြစ်သည်။ ဂေါပက အဖွဲ့များကလည်း ရွေးကောက် ခြင်းကို အတည် ပြုရန် တရားရုံးသို့ လျှောက် ထားရန် မလိုချေ။ နောင် အခါများ၌ ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း ကို တရားရုံးက စီစဉ် အတည် ပြုပေးလျှင် ရွေးကောက်ပွဲကို ရုံးက အတည်ပြု ပေးရမည့် သဘော ပါရှိသည့် ပြဋ္ဌာန်းချက်မျိုးကို ထည့်သွင်း ပေးခြင်း မပြုစေရ။

**အယူခံ တရားလို အတွက်။** ။တရားရုံးချုပ် ရှေ့နေများ ဦးခင်မောင်အေးနှင့် ဦးလှဖေ (၂)။

**အယူခံတရားခံ(၁)အတွက်။** ။တရားရုံးချုပ် ရှေ့နေ ဒေါက်တာ ဦးဧမောင်။

**အယူခံတရားခံ(၂)အတွက်။** ။မလာရောက်။

**အယူခံတရားခံ(၃)အတွက်။** ။တရားရုံးချုပ် ရှေ့နေ ဦးမြင့်စိုး။

**အယူခံတရားခံ(၄)အတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးမြတင်။

**ရုံးသဟာယအဖြစ်။** ။အစိုးရ တရားရုံးချုပ် ရှေ့နေ မစ္စတာ အက်(စ်)၊ ကော၊ ဂို(ရှ်)။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။ဘာသာရေး၊ သို့မဟုတ် ကုသိုလ် ရေးနှင့်ပတ်သက်သော အများပြည်သူ ဆိုင်ရာဂေါပက အဖွဲ့အစည်းများကို အုပ်ချုပ် ထိန်းသိမ်းရာတွင် တရားမကျင့်ထုံး ပုဒ်မ ၉၂ အရ၊ တရားရုံးများ၌ မည်သို့ စီရင်ပိုင်ခွင့် အာဏာနှင့် တာဝန်ရှိသည်၊ တရားရုံးက မူလ စီရင်ဆုံးဖြတ်သည်မှ မည်သို့ အယူခံ ဝင်ခြင်း၊ ပြင်ဆင်မှု တက်ရောက်ခြင်း ပြုနိုင်သည် စသည့် ပြဿနာအချို့ကို ဤရုံးက၊ **ကောပီ၊ဒတ် (စ်) ပါ ၅ နှင့် အတွင်းရေးမှူး၊ ရှရီရှရီဒူဂါဘာရီ ဟိန္ဒူဘုရားရှိခိုးကျောင်း ဂေါပကအဖွဲ့** (၁) တွင် စုံညီ ခုံရုံးဖြင့်ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

---

(၁) ၁၉၆၉ ခုနှစ်၊ တရားမ ပဋ္ဌမအယူခံမှု ၇၉။

ဤအမှုတွင်လည်း တရားမကျင့်ထုံး ပုဒ်မ ၉၂ က တရားရုံးအား အပ်နှင်းသော ဂေါပက အဖွဲ့အစည်းများကို အုပ်ချုပ် ထိန်းသိမ်းရာတွင် စီရင်ပိုင်ခွင့် အာဏာနှင့် တာဝန်ကို ပိုမိုပြည့်စုံစွာ အဓိပ္ပါယ်ဖွင့်ဆိုရန် လိုသည်ကို မြင်၍၊ အယူခံဝင်ရန်အခွင့်ထူး ပေးကာ၊ နိုင်ငံတော် ရှေ့နေချုပ်အား ရုံးသဟာယအဖြစ် လိုက်ပါကူညီရန် မေတ္တာ ရပ်ခံခဲ့ခြင်းဖြစ်သည်။

၁၉၇၁
ဦးထွန်းလှိုင်
ဦးသာဝင်း
နှင့်
ဦးကြည်ဝင်း
ပါ ၅၊
ဦးကျော်စိန်
ပါ ၄။

ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့တွင် ၂ နေရာလစ်လပ် သောကြောင့် ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် မဲဆန္ဒပေး ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ယှဉ်ပြိုင်သော ပုဂ္ဂိုလ် ၄ ဦး အနက်၊ ဦးကျော်စိန်က မဲဆန္ဒအများဆုံး နှင့် ဦးကိုကိုက ဒုတိယ အများဆုံး ရရှိကြသည်။ ဦးသာဝင်းနှင့် ဦးမြတို့က တတိယနှင့် စတုတ္ထဖြစ်ကြသည်။ ရွေးကောက်ပွဲပြုလုပ်သည့်နေ့တွင်ပင် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့က မဲများကို ရေတွက် မှတ်တမ်းတင်ကြပြီးနောက်၊ ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် (၅) (င) နှင့်အညီ၊ ဦးကျော်စိန်နှင့် ဦးကိုကိုတို့သည် ဂေါပကလူကြီးများ အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်ဟု ကြေညာသည်။ ထို့ပြင် စည်းမျဉ်း အပိုဒ် ၆ အရ၊ ယင်းသို့ ရွေးကောက်တင်မြှောက်ခြင်းကို အတည်ပြုရန်၊ နိုင်ငံတော် တရားရုံးချုပ်သို့ လျှောက်ထားကြရန်ကိုလည်း ဆုံးဖြတ်သည်။

ရွှေတိဂုံစေတီတော်ကြီး၏ အလှည့်ကျ အမှုဆောင် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ဦးကြည်ဝင်းက အပိုဒ် ၆ အရ၊ တင်သွင်းသော အတည်ပြု ပေးရန် လျှောက်လွှာ ကို၊ ဤရုံး မူလဘက်သို့ ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် တင်သွင်းခဲ့သည်။ ရွေးကောက်ခြင်းကို အတည်ပြုခြင်းကို ကန့်ကွက်ရန် ရှိ၊ မရှိ၊ ဤရုံးက လုပ်ရိုး လုပ်စဉ်အတိုင်း ကြော်ငြာစေသည်။ အပြိုင် အရွေးခံခဲ့ကြသော ဦးသာဝင်းနှင့် ဦးမြတို့အားလည်း အထူး အကြောင်းကြားသည်။

ဦးသာဝင်းကလည်းကောင်း၊ မဲဆန္ဒရှင် အချို့ကလည်းကောင်း၊ ကန့်ကွက်လွှာ များ တင်ကြလေသည်။ ရွေးကောက်ပွဲသည် ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းနှင့် မညီ၊ မမျှတမှုများရှိခဲ့ပါသည်။ ထို့ကြောင့် ဆန္ဒပေးရွေးကောက်ပွဲသည် တရား မဝင်၊ ပျက်ပြယ်သည်၊ ထို့ပြင် အရွေးချယ်ခံရသူများအဖြစ် ဂေါပက အဖွဲ့ကကြေညာခဲ့သော ဦးကျော်စိန်နှင့် ဦးကိုကိုတို့သည် ဂေါပက လူကြီး ဖြစ်ရန် အရည် အချင်း ချို့ငဲ့သည် ဟူသော အကြောင်းတို့ကို အသေးစိတ်၍ တင်ပြကန့်ကွက်ခဲ့ကြသည်။ ရုံးက သက်သေ များကို ကြားနာ၊ အထောက်အထားများကို စိစစ်ပြီးနောက် ရွေးကောက်ပွဲများ သည် စည်းမျဉ်းနှင့် ကိုက်ညီသည်၊ ကန့်ကွက်ချက်တို့သည် မခိုင်လုံ၊ ဦးကိုကိုသည်လည်း အရည်အချင်းပြည့်ဝသည်ဖြစ်၍ ၎င်းအား ရွေးကောက်ခြင်းကို အတည်ပြုသည်။ ဦးကျော်စိန်မှာမူကား၊ အရွေးခံလိုသော ပုဂ္ဂိုလ်တို့က လျှောက်လွှာတင်သွင်းရန်

၁၉၇၁ — ဦးထွန်းလှိုင် ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

သတ်မှတ်ထားသည့် နောက်ဆုံးရက်တွင် အသက် ၆၀ ကျော်နေပြီဖြစ်၍၊ ဂေါပက လူကြီးဖြစ်ရန် အရည် အချင်း ပျက်ကွက်သည်။ ထို့ကြောင့် ဦးကျော်စိန်အားဂေါပက လူကြီး အဖြစ် ရွေးကောက်ခြင်းကို အတည်မပြုဟု ဆုံးဖြတ်ခဲ့လေသည်။

ဂေါပကလူကြီး ရွေးကောက် တင်မြှောက်ခြင်းကို အတည်ပြုပေးရန် ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် တင်သွင်းခဲ့သော လျှောက်လွှာကို ကန့်ကွက်သူများ ပေါ် လာသဖြင့် နှစ်ဖက် တရားပြိုင်တို့က အချိန်တောင်းသည်ကို သင့်မြတ်သလို ခွင့်ပြု ခြင်း၊ သက်သေ တဖက်တချက် စစ်ဆေးခြင်း၊ လျှောက်လဲချက်များကို ကြားနာ ခြင်း စသည်ကို တရားမမှုကြီးကို စစ်ဆေး စီရင်ရဘိသကဲ့သို့ ရုံးက ဆောင်ရွက် ခဲ့ရလေသည်။ ထို့ကြောင့်လည်း ၁၉၆၇ ခုနှစ်၊ ဇန္နဝါရီလ ၁၀ ရက်နေ့တွင်မှ အမိန့်ချမှတ်နိုင်ခဲ့သည်။ လျှောက်ထားသည့်နေ့မှ ၉ လမျှကြာသည်။

ဂေါပကလူကြီး အဖြစ် အတည်ပြုခြင်း မခံရသည့် ဦးကျော်စိန်က အယူခံဝင်ရာ၊ ဤရုံး၏ ပထမအယူခံခုံက၊ ဦးကျော်စိန်သည် ဂေါပကအဖွဲ့တွင် တနေရာလစ်လပ်၍ အရွေးခံလိုသူတို့ကို ကြော်ငြာခေါ်ယူစဉ်က လျှောက်ခဲ့ခြင်းဖြစ်သည်။ ယင်းတနေရာ အတွက် လျှောက်လွှာပိတ်ရက်တွင် ၎င်း၏ အသက်သည် ၆၀ မကျော်သေး။ ထို့ကြောင့် အရည်အချင်းမှီသည်။ နောက် တနေရာ လစ်လပ်သောကြောင့် ၂ နေရာ အတွက် တပြိုင်တည်း ရွေးကောက်ပွဲ ကျင်းပရန် ရည်ရွယ်၍ လျှောက်လွှာပိတ်ရက်ကို ဂေါပကအဖွဲ့က ရွှေ့ဆိုင်း သတ်မှတ်ခဲ့ပြန်ရာ၊ ယင်း ပိတ်ရက်တွင် ဦးကျော်စိန်သည် အသက် ၆၀ ကို ရက်ပိုင်းအားဖြင့် ကျော်လွန်နေခြင်းသာ ဖြစ်သည်။ ဂေါပကအဖွဲ့က အရည်အချင်းမှီသည်ဟု သတ်မှတ်၍ အရွေးချယ်ခံခွင့်ပြုပြီး၊ မဲဆန္ဒလည်း အများဆုံး ရပြီး ဖြစ်သူကို အတည်မပြုသည့်အမိန့်သည် မှားယွင်းသည်ဟု ဆုံးဖြတ်ကာ၊ ဦးကျော် စိန်ကိုလည်း ဤရုံး အယူခံခုံက ဂေါပက လူကြီး အဖြစ် အတည်ပြုခဲ့သည်။ ယင်း ဆုံးဖြတ်ချက်သည် ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့စွဲဖြင့် ဖြစ်၍၊ အတည်ပြုပေးရန် လျှောက်ထားသည့်နေ့မှဆိုလျှင် ၂ နှစ်နှင့် ၄ လခန့် ကြာမြင့်ခဲ့ပြီးဖြစ်လေသည်။

ကော၊ ပီ၊ ဒတ် (စ်) အမှုတွင် စုံညီ ခုံရုံးဖြင့် ကျွန်ုပ်တို့က၊ ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းပါ စည်းကမ်းများနှင့် ညီ မညီ၊ တရားရုံးက ဆုံးဖြတ်၍ အမိန့်ချမှတ်သည်တို့မှ သာမန် အယူခံမရှိ။ ခရိုင်တရားမရုံးက ယင်းသို့ ချမှတ်သော အမိန့်ကို မကျေနပ်လျှင်၊ တရားရုံးချုပ်သို့ ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။ တရားရုံးချုပ် မူလဘက်က ယင်းသို့ ချမှတ်သော အမိန့်ကို မကျေနပ်လျှင်၊ ပြည်ထောင်စု တရားစီရင်ရေး အက် ဥပဒေပုဒ်မ ၆ အရ၊ အထူးအယူခံဝင်ခွင့် လျှောက်လိုက လျှောက်နိုင်သည်ဟု စီရင်ထုံး

၁၉၇၁

ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

ပြုခဲ့သည်။ ယင်းသို့ စီရင်ထုံးပြုရာ၌၊ ဤအခွင့်ထူးအယူခံမှုတွင် လိုက်ပါကြသောရှေ့နေကြီးများအားလည်းကောင်း၊ လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်အား လည်းကောင်း ရုံးသဟာယများအဖြစ် ဖိတ်ကြားကြားနာခဲ့ကြသည်။

အထက် ဖေါ်ပြပါ စုံညီခုံ၏ စီရင်ထုံးအရဆိုလျှင် ဤအခွင့်ထူး အယူခံမှုနှင့် ပတ်သက်သော ပြဿနာတို့ကို၊ ဤရုံးသို့ ပထမအယူခံဝင်ရန် မဟုတ်ခဲ့ချေ။ မူလဘက်မှ အထူးအယူခံဝင်ခွင့် လျှောက်၍ တက်ရောက်ရန်သာ ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်၊ ယင်းသို့ မူလဘက်မှ တက်လာသည့် အထူးအယူခံမှုကို ကြားနာသကဲ့သို့ပင် ဤအခွင့်ထူး အယူခံမှုကို ကြားနာခဲ့ကြသည်။

ရှေ့နေကြီး ဦးလှပေနှင့် ဦးခင်မောင်အေးတို့က ဂေါပက ရွေးကောက်ပွဲသည် စည်းမျဉ်းနှင့် မညီ၊ မမျှတ၊ မဲဆန္ဒရှင်တို့ မဲပေးရန် အချိန် မလောက်ငှ၊ စသည်ကို မူလဘက်၌ တင်ပြပြီးဖြစ်သည့်အတိုင်း တင်ပြကြသည်။ ဦးခင်မောင်အေးက ထပ်ဆင့်၍ ဦးကျော်စိန်သည်၊ အသက်လွန်နေပြီဟု မူလဘက်က ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်ကြောင်းတင်ပြသည်။

ဂေါပကအဖွဲ့အတွက် လိုက်ပါခဲ့သော ရှေ့နေကြီး ဦးဗဂျမ်း ကွယ်လွန်သဖြင့်၊ ၎င်း၏ ကိုယ်စားလိုက်ပါသော ရှေ့နေကြီး ဦးမြတင်က၊ လျှောက်လွှာများကို ဂေါပကဖွဲ့စည်းပုံစည်းမျဉ်း၊ လုပ်ထုံးနှင့် အညီ စိစစ် လက်ခံခဲ့ကြောင်း၊ ရွေးကောက်ပွဲဝင်သူများနှင့် ညှိနှိုင်းပြီးမှ မဲပေးရန် အချိန် သတ်မှတ်ခြင်း၊ စည်းကမ်း သတ်မှတ်ခြင်းတို့ကို ပြုလုပ်ခဲ့ခြင်းလည်း ဖြစ်ကြောင်း၊ စံနစ်တကျ မဲရေတွက်ပြီးနောက် ထုတ်ပြန်ကာ အများဆုံးရသော ပုဂ္ဂိုလ်တို့သည် ဂေါပက လူကြီးအဖြစ် ရွေးကောက်ခြင်းခံရကြောင်းကို ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် ၅ (င) နှင့် အညီ ကျေညာခဲ့ခြင်းဖြစ်ကြောင်းကို တင်ပြသည်။

ဦးကျော်စိန်၏ ရှေ့နေကြီး ဒေါက်တာ မောင်က ဂေါပက ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၅(င) အရ၊ ဂေါပကအဖွဲ့က ရွေးကောက်တင်မြှောက်ခြင်း ခံရသူကို ကျေညာသည်နှင့်၊ ယင်းပုဂ္ဂိုလ်သည် ဂေါပကလူကြီး ဖြစ်ပါသည်။ စည်းမျဉ်းအပိုဒ် ၆ တွင် "ရွေးကောက် တင်မြှောက်ခြင်းကို အတည်ပြုရန် အတွက် ရန်ကုန်မြို့၊ ဟိုက်ကုတ်လွှတ်တော်တွင် လျှောက်ထားရမည်" ဟု ပြဋ္ဌာန်းထားခြင်းသည် မလိုထည့်သွင်းထားခြင်းသာဖြစ်ပါသည်။ တရားလွှတ်တော် (ယခု နိုင်ငံတော် တရားရုံးချုပ်) က အတည် မပြုမနေ၊ ပြုရမည်သာ ဖြစ်၍၊ အချိန်ကုန်၊ စရိတ်ကုန်စေသော အချီးနှီးဖြစ်သော ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ဤအမှုတွင် ဦးကိုကိုအား ဂေါပက အဖြစ်၊ အတည်ပြုရာတွင် ၉ လကျော်၊ ဦးကျော်စိန်အား အတည်ပြုရာတွင် ၂ နှစ်ကျော်ကြာခဲ့ပါသည်။ ထိုကာလများ အတွင်း၌ ရွှေတိဂုံ စေတီတော်မြတ်ကြီး၏

၁၉၇၁
ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

ဂေါပကအဖွဲ့တွင် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီး မစုံမလင်ဖြစ်ခဲ့ရပါသည်။ ရွေးကောက်ခြင်းကို ဂေါပကအဖွဲ့က ကျေညာထားသည့် အတိုင်း တရားရုံးက မလွဲမသွေ အတည်ပြုရမည်ဆိုလျှင်လည်း အတည်ပြုရန် ပြဋ္ဌာန်းချက်သည် အချီးနှီး ဖြစ်ပါသည်။ အတည်မပြုပဲ ငြင်းဆန်ရန်လည်း ရုံးတွင် အာဏာမရှိပါ။ ဤရုံးမူလဘက်က၊ ဦးကျော်စိန်အား မဲဆန္ဒရှင်များက ရွေးကောက် တင်မြှောက်ထားခြင်း၊ ယင်းရွေးကောက် တင်မြှောက်ခြင်းကို ဂေါပကအဖွဲ့က ကျေညာထားခြင်းတို့ကိုအတည်မပြုပဲ ပယ်ဖျက်ခြင်းသည် တရားမဝင်ပါ၊ ရုံးတွင်မရှိသော အာဏာကို သုံးစွဲရာ တရားဥပဒေကို လွန်ရာ၊ တရားဝင်ရွေးချယ်ပြီးသော ဂေါပကလူကြီးကို ရုံးက ထုတ်ပယ်ရာ ရောက်ပါသည်ဟု လျှောက်လဲသည်။

တရားမကျင့်ထုံး ပုဒ်မ ၉၂ တွင် အကျုံးဝင်သော အများပြည်သူဆိုင်ရာ ဂေါပကအဖွဲ့၏ ဂေါပက လူကြီးကို ထုတ်ပယ်ရန်လိုလျှင် နိုင်ငံတော် ရှေ့နေချုပ်က သော်လည်းကောင်း၊ ရှေ့နေချုပ်၏ ကြိုတင် သဘောတူချက်ကို ရယူပြီးသော ဂေါပကအဖွဲ့အစည်းတွင် စိတ်ဝင်စား၍ ပါဝင်တောင်းဆိုခွင့်ရှိသူ အနည်းဆုံး နှစ်ဦးက သော်လည်းကောင်း၊ မူလ တရားမ တရားစီရင်ပိုင်ခွင့်ရှိသော ဒေသဆိုင်ရာ အဓိကတရားရုံးသို့ သွားရောက်၍ တရားမကြီးမှု စွဲဆိုရသည်။ ယေဘုယျအားဖြင့် ခရိုင်တွင် ခရိုင်တရားမရုံး၊ ရန်ကုန်မြို့တွင် ဤရုံး မူလဘက်၌ စွဲဆိုရန် ဖြစ်သည်။

ဂေါပကလူကြီးကို ထုတ်ပယ်ခြင်း၊ ခန့်ထားခြင်း၊ ဂေါပကလူကြီး တဦးဦးအား ပစ္စည်းအပ်နှင်းခြင်း၊ စာရင်းစစ်ရန် စုံစမ်းရန် ညွှန်ကြားခြင်း၊ ဂေါပကပိုင် ပစ္စည်းကို ဂေါပကကိစ္စအတွက် ခွဲဝေရာထားခြင်း၊ ဂေါပကပစ္စည်းကို ငှါးရမ်းရောင်းချ ပေါင်နှံလဲလှယ်ခြင်း၊ ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းကို အတည်ပြုခြင်းနှင့် အခြားသောအလားတူ ဂေါပက ကိစ္စများတွင် စည်းမျဉ်းဖေါက်ဖျက်မှု တရပ်ရပ်ရှိသည်ဟု ဘွဲ့ဆိုလိုလျှင် အထက်တွင် သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် တရားမကြီးမှု စွဲဆိုရန် ဖြစ်ကြောင်းကို ပုဒ်မ ၉၂ တွင် အတိအလင်းဆိုသည်။

ရုံးသဟာယ အဖြစ် နိုင်ငံတော်ရှေ့နေချုပ် ကိုယ်စား လိုက်ပါဆောင်ရွက်သော အစိုးရ ရှေ့နေကြီး မစ္စတာ ဂို(ရှ်)က၊ ယင်းသို့ တရားမကြီးမှု စွဲဆိုခြင်းက နည်းလမ်းမှန်ကြောင်း၊ သို့ရာတွင် ကြန့်ကြာမှု မရှိစေရန်၊ တရားမကြီးမှုဖြင့် မဟုတ်ပဲ၊ အထွေထွေလျှောက်လွှာဖြင့် သော်လည်းကောင်း၊ ကန့်ကွက်လွှာဖြင့် သော်လည်းကောင်း၊ တက်ရောက်လာ၍၊ ရုံးက စစ်ဆေးဆုံးဖြတ်ပေးလျှင်လည်း တရားဝင်သည်ဟု စီရင်ထုံး အချို့ရှိပါသည်။ ဤရုံးက ဂေါပကလူကြီး ရွေးကောက်ခြင်းကို အတည်ပြုခြင်း၊ အတည်မပြုခြင်းကို အထွေထွေ လျှောက်လွှာများပေါ်တွင် ပြုလုပ်ပေးခဲ့သည့် သာဓကများလည်း ရှိပါသည်ဟု တင်ပြသည်။

သာမက၊ လုပ်ထုံး မှားယွင်း ချွတ်ချော်နေသည်ကို မြင်ရလျှင် သင့်မြတ်သလို ပြင်ပေးရန် တရားရုံးချုပ်တွင် တာဝန်ရှိသည်။

၁၉၇၁ ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင်၊ ကာလမမင်းတို့အား ဆုံးမစကား မြွက်ကြားရာ၌ "သင်တို့သည် ပြောသံကြားကာမျှဖြင့်၊ ဟုတ်ပြီ၊ မှန်ပြီဟု အတည်မယူကုန်လင့်ဦး၊ အစဉ် အဆက်စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဖူးတတ်ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး . . ." စသည်ဖြင့် သတိပေးတော်မူကာ၊ ဤကား ကုသိုလ်တရားတည်း ဤကား အကုသိုလ်တရားတည်း ဟု မိမိတို့ ကိုယ်တိုင်သိသောအခါ၌မူ၊ ပယ်စွန့်ခြင်း၊ ပြည့်စုံစေခြင်းတို့ကို ပြုအပ်ပေ၏ဟု ဟောတော်မူ၏။ (၂)

ကောင်းမြတ်သော ရှေးထုံးတို့ကို မပယ်ကောင်း၊ သို့ရာတွင် ရှေးထုံးကိုသာလျှင် ရင်ဝယ်ပိုက်ကာ ပြုပြင်ပြောင်းလဲခြင်း မပြုလျှင်မူကား၊ **ဘုရားဥပဒေသည် ရှေးခေတ်၌ပင် ဝပ်လျှိုး၍ နေရစ်မည်ဖြစ်ကြောင်းကိုလည်း** ကျွန်ုပ်တို့သည် အလျဉ်းသင့်သလို **ညွှန်ပြခဲ့ကြဘူးပြီ**။ ဥပမာ၊ **ဒေါ်မြရင် ပါ ၅ နှင့် ဒေါ်စော (၃)** တရားရုံးချုပ်၏ **တရားဥပဒေ သဘာဝ ယုတ္တိတို့နှင့် အညီ ချမှတ်ခဲ့သော စီရင်ထုံးတို့ကို အောက်ရုံးများက တညီတညွတ်လိုက်နာကြရန် ဖြစ်သော်လည်း၊ တရားရုံးချုပ်၏ စီရင်ထုံး** သည်ပင်၊ မှားယွင်းချွတ်ချော်နေသည်၊ သို့မဟုတ် ခေတ်နှင့် မလျော် ဖြစ်နေသည်ကို တွေ့ရလျှင် တရားရုံးချုပ်ကပင် လိုအပ်သလို ပြန်လည် သုံးသပ်ပြင်ဆင်ပေးရမည် ဖြစ်ပေသည်။ ထိုသို့မဟုတ်က အမှား၏ အသက်သည် ရှည်လိမ့်မည်။ တရားဥပဒေ သည် လက်တွေ့ အခြေအနေနှင့် ကင်းကွာနေလိမ့်မည်။

တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရသည်။ ရှင်းလင်း **ထင်ရှားသော ဥပဒေစကားရပ်ကို တရားရုံးက အဓိပ္ပါယ်ဖွင့်ဆိုရန်၊ ငြိကာချဲ့ရန် မလို၊** အဓိပ္ပါယ်ဖွင့်သလိုနှင့် ဥပဒေကိုချဲ့ခြင်း၊ ချုံးခြင်း၊ ထွင်ခြင်း ပြုမိတတ်သည်ကို ဆင်ခြင် ရမည်။ ယင်းသို့ပြုရန်လိုလျှင် ဥပဒေပြု အာဏာပိုင် အဖွဲ့ကသာ လုပ်ပိုင်ခွင့်ရှိသည် ဟုလည်း ကျွန်ုပ်တို့ မကြာခဏ သတိပေးခဲ့ဘူးပြီ။ ဥပမာ၊ **စိန်ရတနာ ပိုးယက်ကန်းစက် နှင့် ကုန်သွယ်ရေး လုပ်ငန်းခွန်မင်းကြီး (၄)၊ ဝင်နီဆူမား နှင့် ဒေါ်အေးကြည်။ (၅)**

တရားရုံးသည် ဥပဒေက မိမိအား အပ်နှင်းသော အာဏာကိုသာ သုံးစွဲနိုင် သည်။ အာဏာကို ဖန်တီးပြုလုပ်ယူ၍မရ။ စီရင်ပိုင်ခွင့် အာဏာကို မလွန်စေရ

(၂) ကေတမုတ္တိသုတ်၊ အင်္ဂုတ္တိုရ် ပါဠိတော် ၂၊ မဟာဝဂ်၊ ဗုဒ္ဓသာသနာ့အဖွဲ့။
(၃) ၁၉၆၇ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၃၇၊ စုံညီခုံရုံး။
(၄) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး ၂၀၅။
(၅) ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ ၁၄၆။

၁၉၇၁

ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ [ဦးကျော်စိန်] ပါ ၄။

ဟ၍လည်း ကျွန်ုပ်တို့သည် လိုအပ်သလို ညွှန်ပြခဲ့ကြဘူးပြီ။ ဥပမာ၊ **မကြင်မွေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၆)၊ **ဦးဘရှင် နှင့် ဟာဆန်** (၇)၊ **ဒေါ်အေးတင် နှင့် မိတ္ထီလာခရိုင်ဒေသ ပြည်သူ့ တရားရုံး အယူခံအဖွဲ့** (၈) **ဦးဘညွန့် နှင့် ဦးစိန်ကြည်** (၉)။

အထက်ပါစီရင်ထုံးမှုများအရ၊ စဉ်းစားသုံးသပ်လျှင် ဤအမှုတွင် တရားမအထွေထွေ လျှောက်လွှာတွင် ကန့်ကွက်လွှာတင်၍ အကျယ်စစ်ဆေးခဲ့ခြင်းဖြစ်၏။ ကန့်ကွက်သူတို့က တရားမကြီးမှု မစွဲ၊ ရှေ့နေချုပ်၏ ကြိုတင်ခွင့်ပြုချက် မယူ။ ကန့်ကွက်ခြင်းသည် တရားမကျင့်ထုံး ပုဒ်မ ၉၂ ကို ဆန့်ကျင်သည်။ ကြန့်ကြာမှု မရှိအောင် လက်ခံ စစ်ဆေးခဲ့ရသည် ဆိုပါလျှင်လည်း၊ အမှုကို တရားမကြီးမှု သဖွယ် စစ်ဆေးခဲ့ရသောကြောင့်၊ မူလမှုကို ၉ လမျှ စစ်ဆေးခဲ့ရသည်၊ တဆင့်တက်သော အယူခံကို ရွေးကောက်ခြင်းကို အတည်ပြုပေးရန် လျှောက်ထားသည်မှ ၂ နှစ်ကျော်ကြာမှ ဆုံးဖြတ်နိုင်ခဲ့သည်။ ထို့ကြောင့် ဤအမှုများတွင်လည်း လက်တွေ့အားဖြင့် ကြန့်ကြာခဲ့သည်။ ထိုသို့ ကြန့်ကြာသည်နှင့် အမျှ ဂေါပကအဖွဲ့ အင်အား ချိတ္တဲ့ နေခဲ့ရသည်။

နိုင်ငံတော် ရှေ့နေချုပ်က ပဏာမ စီစစ်၍ တရားစွဲဆိုခွင့်ပြုသင့်မှ ပြုခြင်းဖြင့်၊ မစွဲထိုက်သော အမှုကို မစွဲအောင် တားဆီးနိုင်သည်။ ဘာသာရေး၊ ကုသိုလ်ရေးနှင့် ပတ်သက်သော အများပြည်သူဆိုင်ရာ ဂေါပကအဖွဲ့ **အစည်းဖြစ်၍ ရှေ့နေချုပ်က** အများပြည်သူ အကျိုးကို ကြည့်၍ကိုယ်တိုင်စွဲဆိုရန် စီစဉ်ခြင်း၊ အခြားပုဂ္ဂိုလ်တို့က စွဲဆိုလိုသည်ကို စီစစ်ခြင်း ပြုကောင်းသည်။ ထို့ကြောင့်လည်း တရားမ ကျင့်ထုံး ပုဒ်မ ၉၂ က အတိအလင်း ထိုသို့ ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

ဤအမှုတွင်၊ ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့က ဂေါပကလူကြီးအဖြစ် အရွေးခံလိုသော ပုဂ္ဂိုလ်တို့၏ အရည်အချင်းကို စီစစ်ဆုံးဖြတ်ပြီး နောက်၊ ညွှန်ကြားကာ၊ စည်းကမ်း၊ ထုံးတမ်းနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်း ဖြစ်သည်။ မဲဆန္ဒရှင်တို့ကလည်း မဲပေး၍ ရွေးကောက် တင်မြှောက်ခဲ့ကြပြီးပြီ။ ရွေးကောက် တင်မြှောက်ခြင်းကိုလည်း ဂေါပကအဖွဲ့က စည်းဝေး စီစစ်၍ ဆုံးဖြတ် ကြေညာပြီးဖြစ်သည်။ ယင်းသို့ ကြေညာပြီးသည်ကို တရားရုံးက ထပ်မံ စီစစ်၍ အတည်ပြုရန် မလိုပြီ။ ရွေးကောက်သည်ကို အတည် မပြုမနေ၊ ပြုရမည်သာဆိုလျှင်

(၆) ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု ၂၅၀ (ခ)။

(၇) ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ ၇။

(၈) ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၈။

(၉) ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၄၁။

ကြန့်ကြာ အလုပ်ပို စရိတ်ကုန်၍ အချိးနှီး အလဟဿ ဖြစ်မည်။ အဆင့်ဆင့်၌ စိစစ်ကာ ဂေါပက လူကြီးဖြစ်ရန် အရည် အချင်းပြည့်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ဂေါပကအဖွဲ့က သတ်မှတ်ပြီးသော၊ မဲဆန္ဒရှင်များကလည်း ဆန္ဒပေးရွေးချယ်ပြီးသော ရွေးကောက်ခြင်းကို ဂေါပကအဖွဲ့က ကြေညာပြီးသော ပုဂ္ဂိုလ်အား တရားရုံးက အတည်မပြုပြန်လျှင်လည်း၊ လက်တွေ့ သဘောအားဖြင့် ရွေးကောက်ခြင်း ခံရသော ပုဂ္ဂိုလ်အား ဂေါပကလူကြီး အဖြစ်မှ ထုတ်ပယ်ခြင်း မြောက်သည်။ ရွေးကောက်ခြင်းကို အတည်မပြုခြင်းသည် ရွေးကောက် ခံရသူအား ထုတ်ပယ်ခြင်းပင် ဖြစ်သဖြင့်၊ ပုဒ်မ ၉၂ က ပြဋ္ဌာန်းသော စည်းကမ်းချက်တို့နှင့် အညီ တင်သွင်းလာသော တရားမကြီးမှုကို အခြေခံ၍သာ တရားရုံးက ဆုံးဖြတ်ရမည့် လေးနက်သော ကိစ္စဖြစ်သည်။ ယင်းသို့ တရားဥပဒေနှင့် အညီ စွဲဆိုသော တရားမကြီးမှု၏ အပဉ္စ တရားရုံးက ထုတ်ပယ်နိုင်ခွင့်မရှိ။

၁၉၇၁
ဦးထွန်းလှိုင်
ဦးသာဝင်
နှင့်
ဦးကြည်ဝင်း
ပါ ၅၊
ဦးကျော်စိန်
ပါ ၄။

ထို့ကြောင့် ရွှေတိဂုံ စေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့၊ ဖွဲ့စည်းပုံ စည်းမျဉ်းပါ အပိုဒ် ၆ သည် မလိုပဲ၊ ပိုနေ၍ အချိးနှီးဖြစ်သော ပြဋ္ဌာန်းချက်ဖြစ်သည်။ ဂေါပကလူကြီး ရွေးကောက်ခြင်းကို ဂေါပက အဖွဲ့က အပိုဒ် ၅(င)နှင့် အညီ ကြေညာသည်နှင့်၊ ကြေညာခြင်းခံရသော ပုဂ္ဂိုလ်သည် ဂေါပက လူကြီး၏အဖြစ်သို့ ရောက်ကာ၊ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်သည်။ တရားရုံးချုပ်သို့ အတည်ပြုပေးရန် လျှောက်ထားရန် မလို။ ရွေးကောက်ခြင်းကို စောဒကတက်လိုသော ပုဂ္ဂိုလ်တို့သည် တရားမ ကျင့်ထုံး ပုဒ်မ ၉၂ နှင့် အညီဖြစ်စေ၊ အခြားဆီလျော်သော ဥပဒေအရဖြစ်စေ၊ တရားမကြီးမှု စွဲဆိုရန်သာ ရှိသည်။

တရားရုံးများက ပုဒ်မ ၉၂ အရ အတည်ပြုထားသော ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းများတွင် ဂေါပက ရွေးကောက်ပွဲကို ဂေါပကအဖွဲ့က ကြေညာပြီးနောက်၊ တရားရုံးသို့ အတည်ပြုရန် လျှောက်ထားရမည်ဟု ရွှေတိဂုံစေတီတော်ကြီး ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် ၆ ကဲ့သို့သော ပြဋ္ဌာန်းချက်များ ရှိနေခဲ့လျှင်၊ ယင်းတို့သည် အချိးနှီးဖြစ်သည့်ပြင် တရားရုံးတို့အား အာဏာလွန်၍ ဆုံးဖြတ်စေနိုင်သည် ဟု ကျွန်ုပ်တို့ တွေ့မြင်ရသဖြင့် ယင်းပြဋ္ဌာန်းချက်တို့ကို လိုက်နာရန် မဟုတ်ဟု ကျွန်ုပ်တို့ စီရင်ထုံးပြုသည်။ ယင်းသို့သော ပြဋ္ဌာန်းချက် ပါရှိစေကာမူ၊ တရားရုံးသည် ရွေးကောက်ပွဲကို အတည်ပြုပေးရန် လျှောက်ထားလာပါက၊ ဆက်လက် အရေးယူဆောင်ရွက်ခြင်းမပြုမူ၍၊ လျှောက်လွှာကို ပယ်ရန်ဖြစ်သည်။ ဂေါပက အဖွဲ့များကလည်း ရွေးကောက်ခြင်းကို အတည်ပြုရန်တရားရုံးသို့ လျှောက်ရန် မလိုချေ။ နောင်အခါများ၌ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းကို တရားရုံးက စိစစ် အတည်ပြုပေးလျှင်၊ ရွေးကောက်ပွဲကို ရုံးကအတည်ပြုပေးရမည့် သဘော ပါရှိသည့် ပြဋ္ဌာန်းချက်မျိုးကို ထည့်သွင်းပေးခြင်းမပြုစေရ။

၁၉၇၁

ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန်၊ ပါ ၄။

ဤအခွင့်ထူး အယူခံမှုနှင့် ပတ်သက်သော ဂေါပကလူကြီး ရွေးကောက် တင်မြှောက်ခြင်းကိုဂေါပကအဖွဲ့ကကျေညာသည်နှင့်ပြီးပြည့်စုံသည်၊ကျေညာပြီးစီးသည်နှင့် ဦးကျော်စိန်နှင့် ဦးကိုကိုတို့သည် ဂေါပကလူကြီးများ ဖြစ်ကြသည်ဟု ဆုံးဖြတ်သည်။ ထို့ကြောင့် ဤရုံး မူလဘက် တရားသူကြီးက မလိုပဲနှင့် ဂေါပကတဦးအား ရွေးကောက်ထားခြင်းကို အတည်ပြုထားသည့် ဆုံးဖြတ်ချက်ကို လည်းကောင်း၊ စီရင်ပိုင်ခွင့် မရှိပဲနှင့်ဂေါပကတဦးကို အတည်ပြုရန် ငြင်းဆန်ထားသော ဆုံးဖြတ်ချက်ကို လည်းကောင်း ပယ်ဖျက်လိုက်သည်။ သာဓကများကို ပြန်လည်သုံးသပ်၍၊ တရားရုံး၏ စီရင်ပိုင်ခွင့်ကို ပြန်လည်စိစစ်ကာ စီရင်ထုံးပြုရသော အမှုဖြစ်၍ တရားမြို့င်တို့သည် မိမိတို့၏ တရားစရိတ်ကို မိမိတို့ကပင် ကျခံကြစေရန် ဖြစ်သည်။

ရုံးသဟာယအား ညွှန်ကြားစေလွှတ်သော နိုင်ငံတော်ရှေ့နေချုပ်အား ကျေးဇူးတင်ကြောင်းမှတ်တမ်းတင်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

| | | | | |
|---|---|---|---|---|
| ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ဘဏ် (ယခင် နိုင်ငံတော် ကုန်သွယ်ရေးဘဏ်) * | နှင့် | ၁။ ဦးလှသိန်း<br>၂။ ဒေါ်စန်း * | | † ၁၉၇၁ ဇွန်လ ဂ ရက်။ |

**မရွှေ့ မပြောင်းနိုင်သော ပစ္စည်းမှ နှင့်ထုတ်သည့် ဒီကရီကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ခြင်းမှ ဆိုင်း ထားရန် တရား ရုံးချုပ်က ညွှန်ကြား ထားချက်—အစိုးရ ဘဏ်များမှရရှိထားသည့် ဒီကရီများနှင့် အကျုံးဝင်—မဝင်။**

ဆုံးဖြတ်ချက်။ ။တရားရုံးချုပ် (အထွေထွေဌာန)၏ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက် နေ့စွဲပါ စာအမှတ် ၂၃၂/၂၀-၁၅၅ (၆၃) အမှာ စာဖြင့်၊ တရားမ တရားသူကြီး အားလုံးထံသို့ မရွှေ့ မပြောင်းနိုင်သော ပစ္စည်းမှ နှင်ထုတ်သည့် ဒီကရီ၊ သို့မဟုတ် အမိန့်ကို အကျိုး သက်ရောက်စေရန်၊ အရေးယူ ဆောင်ရွက်ခြင်းမှ ခေတ္တ ရပ်ဆိုင်း ထားရန် ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက် နေ့တွင် ညွှန်ကြားခဲ့သည်။ ထိုကဲ့သို့ ညွှန်ကြားရခြင်းမှာ တရားမ ရုံးများမှ ဒီကရီဖြင့် နေအိမ်များအား ဝရမ်း ကပ်၍ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း စသော အမိန့်များကြောင့် ဆင်းရဲသားများ နစ်နာ၍၊ အိုးအိမ်မဲ့ခြင်း၊ မဖြစ်ရအောင် လိုအပ်သည့် ဥပဒေ တရပ်ကို ပြဌာန်းရန်ရှိ၍၊ တရားမ တရားသူကြီးများအား လိုအပ် သလို ညွှန်ကြားချက် တရပ် ထုတ်ပြန်ရန် တော်လှန်ရေး အစိုးရ၊ တရားရေး ဌာနမှ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် နေ့စွဲပါ၊ စာအမှတ်-၃ တစ၊ ၆၃ အရ၊ မေတ္တာ ရပ်ခံ ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်မှ ညွှန်ကြားလွှာ ထုတ်ပြီးသည့် နောက် နိုင်ငံတော် ကုန်သွယ်ရေး ဘဏ်မှ ထိုညွှန်ကြားချက်သည်၊ ဘဏ်မှ ရရှိ ထားသည့် အပေါင်ဒီကရီများနှင့် အကျုံးဝင်ခြင်း ရှိ၊ မရှိ ပြန်ကြားရန် ၁၉၆၄ ခုနှစ်၊ မတ်လ ၁၈ ရက် နေ့တွင် စာအမှတ် ငွေချေး-၁၄၁ အရ မေးမြန်းခဲ့သည်။ တရားရုံးချုပ်မှ ထိုစာ၏ မိတ္တူကို တရားရေး ဌာနသို့ ပေးပို့၍ မေးမြန်းရာ၊ တရားရေး ဌာနမှ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက် နေ့စွဲပါ၊ စာအမှတ် ၂ တဝ ၆၄ (၃၁၆) အရ၊ အောက်ပါအတိုင်း ပြန် ကြားခဲ့သည်။

" တရားမ ရုံးများမှ ဒီကရီဖြင့် နေအိမ် များ အား ဝရမ်း ကပ်၍ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း စသော အမိန့်များကြောင့် ဆင်းရဲသား လူနေများ နစ်နာ၍၊ အိုးအိမ်မဲ့ ဖြစ်ရသော

---

* ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၁၇။

† ၁၉၆၇ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၁ တွင်၊ ၁၉၇၀ ခုနှစ်၊ ဇန္နဝါရီလ ၂၆ ရက် နေ့စွဲပါ၊ ပဲခူးမြို့၊ ရာဘက် ခရိုင် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် (ယခင် နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေး ဘဏ်) နှင့် ၁။ ဦးလှသိန်း။ ၂။ ဒေါ် စန်း။

ကိစ္စနှင့် စပ်လျဉ်း၍ လိုအပ်သော ဥပဒေ တရပ် ပြဋ္ဌာန်းရန် ကိစ္စကို ဗဟို လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီသို့ ထပ်မံ တင်ပြ ထားဆဲ ဖြစ်ပါသည်။ ထိုသို့ ယခု ရေးဆွဲလျက် ရှိသော ဥပဒေကြမ်း၏ သဘောတွင် 'နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်တွင် ငွေချေးဌာန မန်နေဂျာထံမှ ခမေးမြန်းထားသည့် ဘဏ် လက်ဝယ်ရှိ အပေါင်ပစ္စည်းများ ဖြစ်ကြသည့် မြေ၊ နေအိမ် အဆောက်အဦများ၊စက်ရုံများနှင့် စက် ပစ္စည်းများ စသည့်ဘို့ကို အပေါင် ဒီကရီ (Mortgage Decree) များဖြင့် ဇာရီမှုပြုလုပ်ခြင်း၊ ရောင်းချခြင်း စသော အမှုများ အကျုံးမဝင်ကြောင်း ပြန်ကြားအပ်ပါသည် ''။

ထိုပြန်စာနှင့် စပ်လျဉ်း၍၊ နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေး ဘဏ်မှ ၁၉၆၄ ခုနှစ်၊ မေလ ၂၈ ရက် နေ့စွဲဖြင့်၊ စာအမှတ် ငွေချေး-၁၀၆ အရ၊ တရား ရုံးချုပ်၏ မူလ ညွှန်ကြားလွှာ သည်၊ ဘဏ်မှ စွဲဆို ထားသည့် အမှုများနှင့် အကျုံးမဝင်ကြောင်း၊ ခရိုင် တရားမရုံးများသို့ ညွှန်ကြားချက် ထုတ်ပြန်ပေးရန် မေတ္တာ ရပ်ခံခဲ့သည်။ ထို့ကြောင့် တရား ရုံးချုပ်မှ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် နေ့စွဲပါ (အထွေထွေဌာန) စာအမှတ် ၅၂၃/၂၀-၁၅၅ (၆၃) အရ၊ တရားရေး ဌာန၏ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက် နေ့စွဲပါ စာအမှတ် ၂ တင ၆၄ (၃၁၆) ကို ရည်ညွှန်း၍ ခရိုင် တရားမ ရုံးများသို့ သိသာရန်နှင့် လိုအပ်သလို ဆောင်ရွက်ကြရန် ညွှန်ကြားခဲ့သည်။ တနည်း ဆိုသော် မူလက ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်၌ အစိုးရ ဘဏ်များမှ ရရှိ ထားသည့် ဒီကရီများသည် အကျုံးဝင်ခြင်း မရှိဟု ပြင်ဆင်၍ ညွှန်ကြားခဲ့ပြီး ဖြစ်သည်။

**အယူခံတရားလိုအတွက်။** ။အစိုးရ တရားရုံးချုပ် ရှေ့နေ မစ္စတာ အက် (စ်)၊ကော၊ ငို(ရှ်)။

**အယူခံတရားခံအတွက်။** ။

**တရားသူကြီး ဦးသက်ဖေ။** ။ပဲခူးမြို့၊ ရာဘက် ခရိုင် တရားမရုံးတွင် နိုင်ငံတော် ကူးသန်းရောင်း ဝယ်ရေး ဘဏ်က အယူခံ တရားပြိုင် ဦးလှသိန်းနှင့် ဒေါ် စန်းတို့အပေါ် ချေးငွေ ၁၃,၅၅၅ ကျပ် ၂၉ ပြား အတွက်၊ အပေါင် ဒီကရီ တရပ် ရရှိခဲ့သည်။ **တရားနိုင်က ထိုဒီကရီကို ဇာရီ ပြုလုပ်၍ အပေါင်ပစ္စည်းဖြစ်သည့် အိမ်ကို လေလံ တင် ရောင်းချရာ၌ တရားနိုင်ကပင် လေလံ ဆွဲဝယ်ခဲ့သည်။**

ရောင်းချခြင်းကို အတည်ပြုပြီးနောက် တရားနိုင်က လေလံဆွဲဝယ်ခဲ့သော ပစ္စည်းကို လက်ရောက် အပ်ပေးရန် လျှောက်ထားရာ တရားရုံးတို့က အိမ်ကို တရားနိုင်သို့ လက်ရောက် အပ်ပေးလျှင် ၎င်းတို့တွင် အိုးအိမ်မဲ့ ဖြစ်ရန် အကြောင်း ရှိနေသောကြောင့် လက်ရောက် အပ်ပေးခြင်း မပြုသင့်ကြောင်း ကန့်ကွက်ကြသည်။

မူလရုံးမှ တရားရုံးချုပ် (အထွေထွေဌာန) ၏ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၀ ရက် နေ့စွဲပါ စာအမှတ် ၂၃၂/၂၀-၁၅၅ (၆၃) ဖြင့် မရွှေ့ မပြောင်းနိုင်သော ပစ္စည်းမှ နှင်ထုတ်သည့် ဒီကရီကိုသော်၎င်း၊ အမိန့်ကိုသော်၎င်း၊ အကျိုး သက်ရောက် စေရန်

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် (ယခင် နိုင်ငံတော် ကုန်သွယ်ရောင်းဝယ်ရေး ဘဏ်) နှင့် ၁။ ဦးလှသိန်း။ ၂။ ဒေါ်စန်း။

အရေးယူ ဆောင်ရွက်ခြင်းမှ ခေတ္တ ဆိုင်းထားရန် ညွှန်ကြား ထားသောကြောင့် လေလံတင် ရောင်းချခဲ့သည့် အိမ်ကို လက်ရောက် အပ်ပေးခြင်း မပြုနိုင်ဟု အမိန့်ချမှတ် လိုက်သောကြောင့် တရားနိုင်က ဤအယူခံ တင်သွင်းလာခြင်း ဖြစ်သည်။

အယူခံ တရားလို၏ ရှေ့နေ မစ္စတာ ဂို (ရှ) က အဆိုပါ တရားရုံးချုပ်၏ ညွှန်ကြားလွှာသည် သာမန် အရပ်သား အချင်းချင်း ရရှိထားသည့် ဒီကရီ၊ အမိန့် စသည့်တို့နှင့်သာ အကျုံးဝင်ပါသည်။ အစိုးရ ဘဏ်များ လက်ဝယ် ရှိသော အပေါင် ပစ္စည်းများဖြစ်သည့် မြေ၊ နေအိမ် အဆောက်အဦ၊ စက်ရုံ၊ စက်ပစ္စည်းတို့ အပေါ်၌ ရရှိခဲ့သည့် အပေါင် ဒီကရီများနှင့် မသက် ဆိုင်သဖြင့် မူလရုံး၏ အမိန့်သည် မှားယွင်းနေပါသည်ဟု တင်ပြ သွားသည်။ အယူခံ တရားပြိုင်တို့သည်၊ ၎င်းတို့အပေါ် သမ္မာန်စာ အတည်ဖြစ်သော်လည်း၊ ရုံးသို့ လာရောက် ထုချေခြင်း မပြုကြသဖြင့် အယူခံကို တဖက်သတ် ကြားနာ ခဲ့ရပေသည်။

တရားရုံးချုပ်မှ အထက်၌ ဖေါ်ပြခဲ့သည့် အမှာစာဖြင့် တရားမ တရားသူကြီး အားလုံး ထံသို့ မရွှေ့ မပြောင်း နိုင်သော ပစ္စည်းမှ နှင်ထုတ်သည့် ဒီကရီ၊ သို့မဟုတ် အမိန့်ကို အကျိုး သက်ရောက်စေရန် အရေးယူ ဆောင်ရွက် ခြင်းမှ ခေတ္တ ရပ်ဆိုင်းထားရန် ၁၉၆၄ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့တွင်ညွှန်ကြားခဲ့သည်။ ထိုကဲ့သို့ညွှန်ကြားရခြင်းမှာ တရားမရုံးများမှ ဒီကရီဖြင့် နေအိမ်များအား ဝရမ်းကပ်၍၊ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း စသော အမိန့်များကြောင့် ဆင်းရဲသားများနစ်နာ၍ အိုးအိမ်မဲ့ခြင်း မဖြစ်ရအောင် လိုအပ်သည့် ဥပဒေ တရပ်ကို ပြဋ္ဌာန်းရန် ရှိ၍ တရားမ တရားသူကြီးများအား လိုအပ်သလို ညွှန်ကြားချက် တရပ် ထုတ်ပြန်ရန် တော်လှန်ရေးအစိုးရ တရားရေးဌာနမှ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် နေ့စွဲပါ စာအမှတ် ၃ တစ ၆၃ အရ၊ မေတ္တာ ရပ်ခံ ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

တရားရုံးချုပ်မှ ညွှန်ကြားလွှာ ထုတ်ပြီးသည့် နောက်၊ နိုင်ငံတော် ကုန်သွယ်ရောင်းဝယ်ရေး ဘဏ်မှ ထိုညွှန်ကြားချက်သည် ဘဏ်မှ ရရှိ ထားသည့် အပေါင် ဒီကရီများနှင့် အကျုံးဝင်ခြင်း ရှိ၊ မရှိ ပြန်ကြားရန် ၁၉၆၄ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် စာအမှတ် ငွေချေး-၁၄၁ အရ၊ မေးမြန်းခဲ့သည်။ တရားရုံးချုပ်မှ ထိုစာ၏ မိတ္တူကို တရားရေးဌာနသို့ ပေးပို့၍ မေးမြန်းရာ တရားရေး ဌာနမှ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့စွဲပါ စာအမှတ် ၂ တင ၆၄ (၁၁၆) အရ၊ အောက်ပါ အတိုင်း ပြန်ကြားခဲ့ပါသည်။

"တရားမ ရုံးများမှ ဒီကရီဖြင့် နေအိမ်များအား၊ ဝရမ်း ကပ်၍၊ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း စသော အမိန့်များကြောင့် ဆင်းရဲသား လူနေများ နစ်နာ၍၊ အိုးအိမ်မဲ့ ဖြစ်ရသော ကိစ္စ နှင့် စပ်လျဉ်း၍ လိုအပ်သော ဥပဒေ တရပ်

၁၉၇၁
မြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် (ယခင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်) နှင့် ၁။ ဦးလှသိန်း။ ၂။ ဒေါ်စန်း။

ပြဋ္ဌာန်းရန် ကိစ္စကို ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီသို့ ထပ်မံတင်ပြထားဆဲ ဖြစ်ပါသည်။ ထိုသို့ ယခု ရေးဆွဲလျက်ရှိသော ဥပဒေကြမ်း၏ သဘောတွင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် ငွေချေး ဌာန မန်နေဂျာထံမှ မေးမြန်းထားသည့် ဘဏ်လက်ဝယ်ရှိ အပေါင် ပစ္စည်းများ ဖြစ်ကြသည့် မြေ၊ နေအိမ် အဆောက် အဦများ၊ စက်ရုံများနှင့် စက်ပစ္စည်းများ စသည်တို့ကို အပေါင်း ဒီကရီ ( Mortgage Decree ) များဖြင့် ဇာရီမှု ပြုလုပ်ခြင်း၊ ရောင်းချခြင်း စသော အမှုများ အကျုံးမဝင်ကြောင်း ပြန်ကြား အပ်ပါသည် ”။

ထိုပြန်စာနှင့် စပ်လျဉ်း၍ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်မှ ၁၉၆၄ ခုနှစ်၊ မေလ-၂၇ ရက်နေ့စွဲဖြင့် စာအမှတ် ငွေချေး ၁၀၆ အရ၊ တရားရုံးချုပ်၏ မူလ ညွှန်ကြားလွှာသည်၊ ဘဏ်မှ စွဲဆိုထားသည့် အမှုများနှင့် အကျုံးမဝင်ကြောင်း ခရိုင် တရားမ ရုံးများသို့ ညွှန်ကြားချက် ထုတ်ပြန်ပေးရန် မေတ္တာ ရပ်ခံ ခဲ့သည်။ ထို့ကြောင့် တရားရုံးချုပ်မှ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် နေ့စွဲပါ (အထွေထွေဌာန) စာအမှတ် ၅၂၃/၂၀-၁၅၅ (၆၃) အရ၊ တရားရေး ဌာန၏ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက် နေ့စွဲပါ စာအမှတ် ၂ တင ၆၄ (၁၁၆) ကိုရည်ညွှန်း၍၊ခရိုင်တရားမ ရုံးများသို့ သိသာရန်နှင့် လိုအပ်သလို ဆောင်ရွက် ကြရန် ညွှန်ကြားခဲ့သည်။ တနည်း ဆိုသော် မူလက ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်၌ အစိုးရ ဘဏ်များမှ ရရှိ ထားသည့် ဒီကရီများသည် အကျုံးဝင်ခြင်း မရှိဟု ပြင်ဆင်၍ ညွှန်ကြားခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်ရာ တရားနိုင် ဘက်က လေလံဆွဲဝယ်ခဲ့သည့် ပစ္စည်းကို လက်ရောက် အပ်ပေးရန် လျှောက် ထားချက်သည်၊ ဤရုံး၏ ညွှန်ကြားချက် အရ ပိတ်ပင် ထား၍၊ ခွင့်မပြု နိုင်ဆိုသော မူလ ရုံး၏၊ ၁၉၇၁ ခုနှစ်၊ ဇန္နဝါရီလ ၂၆ ရက် နေ့စွဲပါ အမိန့်သည် မှားယွင်း နေသဖြင့် ပယ်ဖျက် လိုက်ပြီး ဇာရီမှုကို ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်ရန် အမိန့် ချမှတ် လိုက်သည်။ အယူခံ တရားပြိုင်တို့သည်၊ အယူခံ တရားလို၏ တရားစရိတ်ကို ကျခံရမည်။ ရှေ့နေ စရိတ် ၃၄ ကျပ် သတ်မှတ်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမ ပဌမ အယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့သို့

ဦးဘခင် နှင့် { ၁။ ဦးသာဝင်း
၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့*

† ၁၉၇၁
မေလ ၁၄ ရက်။

**ဥပါသကာ မည်သော ပုဂ္ဂိုလ်—အမိပ္ပါယ် ဖွင့်ဆိုချက်—ဂေါပက လူကြီး အရွေး ခံရသူအား လက်ခံပြီးနောက် ကန့်ကွက်လွှာ ရလျှင် စွပ်စွဲချက်များ မှန် မမှန်၊ တရားရုံးမှ ဆုံးဖြတ်ချက် ယူရန် မညွှန် ကြားဘဲ ဂေါပက အဖွဲ့က စစ်ဆေး၍ ဆုံးဖြတ်ချက် ပေးနိုင်ခြင်း—ကုမ္ပဏီ နှင့် ဖက်စပ် လုပ်ငန်းတို့၏ ကွာခြားချက်။ ။**

**ဆုံးဖြတ်ချက်။** ။အယူခံ တရားလိုနှင့် အယူခံ တရားပြိုင် အမှတ် ၁ တို့သည် အရွေးခံရန် နာမည် တင်သွင်း၍ အဖွဲ့က စစ်ဆေးသော အခါ၊ စကင်းနှင့် ကိုက်ညီကြောင်း ဆုံးဖြတ်ပြီး၊ ၎င်းတို့ကို လက်ခံ၍ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကြော်ငြာရန် စီစဉ် ထားသည် အထိ၊ အယူခံ တရားလို၏ ကန့်ကွက်လွှာတွင် ပါရှိသော အချက် အလက် များကို အဖွဲ့က မသိရသေးပေ။ သို့ကြောင့်လည်း ၎င်းတို့ကို လက်ခံခဲ့သည်။ သို့သော် နောက် ကန့်ကွက်လွှာတွင် ပါရှိသော အချက် အလက်များကို သိရှိ၍၊ စွပ်စွဲချက်များမှာ မှန်နေကြောင်း သိရှိ လာသော အခါ၊ အဖွဲ့က တရားရုံးမှ ဝုံစမ်း စစ်ဆေး၍၊ ဆုံးဖြတ်ချက် ယူရန် ညွှန်ကြားချက် မပေးဘဲ ဝတ္တရား ရှိသည့် အတိုင်း၊ အဖွဲ့ကပင် စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်ချက် ပေးနိုင်သည်။ ဆုံးဖြတ်ချက်နှစ်ခုပင် ရှိလင့်ကစား၊ တခုနှင့် တခု ဆန့်ကျင် စရာ မရှိနိုင်။ တခုနှင့် တခု အကြောင်း ချင်းရာမှာလည်း မတူပေ။ ဤကဲ့သို့ ပြုလုပ် ခဲ့ပါက၊ ယခု အမှုသည် တရားရုံးသို့ မရောက် ရှိဘဲ လစ်လပ် နေသော ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး၏ နေရာကို ယခုကဲ့သို့ မကြန့်ကြာဘဲ ဖြည့်သွင်းပြီးစီးရာ ရောက်ခဲ့ပေမည်မှာ အထူး ပြော ရန် မလိုပေ။ ပဌမ ကန့်ကွက်ချက်များ မရှိ၊ စကင်းနှင့် ကိုက်ညီ မညီကိုသာ အဖွဲ့က စစ်ဆေးသည်။ နောက်မှ ကန့်ကွက်ချက်များ ပေါ်လာရာ၊ ထိုအဖွဲ့ကပင် စုံစမ်း စစ်ဆေး၍ ဆုံးဖြတ် ချက် ပေးရန် အာဏာ မရှိဟု မဆို နိုင်ပေ။ ဆုံးဖြတ်ချက် ပေး၍၊ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ခန့်အပ်ခဲ့သည်ကို မကျေနပ်သူက တရားမ ကျင့်ထုံး ပုဒ်မ ၉၂ (က) (ခ) အရ၊ တရား ရုံးတွင် လျှောက်ထား နိုင်ပေသည်။ အဖွဲ့၏ တာဝန် ဝတ္တရားမှာ၊ လစ်လပ်နေသော နေရာတွင် ဖြည့် စွက်ရမည် ဖြစ်သည်။ အမှန်မှာ စကင်း အပိုဒ် ၂ အရ၊ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးတို့ကို

* ၁၉၆၉ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၃၁။

† ၁၉၆၈ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၄ တွင်၊ ၁၉၆၉ ခုနှစ်၊ မတ်လ ၂၁ ရက် နေ့စွဲဖြင့် နိုင်ငံတော်တရားရုံးချုပ် မူလ ဘက်ရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၉၇၁

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံ စေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကလူကြီးအဖွဲ့။

ရန်ကုန်မြို့ရှိ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့က ရွေးကောက် တင်မြှောက်ရမည်။ အငြင်း အပွါး ရှိ၍၊ အဖွဲ့က ဆုံးဖြတ်ချက် ပေးရန် အခက် အခဲနှင့် တွေ့ကြုံမှသာ တရားရုံးမှ ညွှန်ကြားချက် တောင်း ယူရမည်။ သို့မဟုတ် အခြေ အနေအရ တရားစွဲဆိုရမည်။ ယခု ကိစ္စမှာ အဖွဲ့က ဆုံးဖြတ် ချက်ပေးခဲ့နိုင်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ရွှေတိဂုံ စေတီတော်ကြီးမှာ တပြည်လုံးရှိ ဗုဒ္ဓဘာသာဝင် လူပုဂ်ိုလ်များ၏ ကြည်ညို ပူဇော်ခြင်းကို ခံရသည်သာမက တကမ္ဘာလုံးတွင် နာမည်ကျော်ဇော ထင်ရှားသော အံ့ဘွယ်ရာ တခု ဖြစ်သည့် **အားလျော်စွာ** စေတီတော်ကြီးကို **စီမံ** အုပ်ချုပ် ယုံမှတ် အပ်နှံရေး အတွက် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ဖြစ်ရန်၊ မြန်မာ ဗုဒ္ဓဘာသာဝင် သာမက ဥပါသကာလည်း ဖြစ်ရမည်ဟု ပြဋ္ဌာန်း ထား၍၊ ဥပါသကာ မည်သော သူသည် အဘယ်သူနည်း ဆိုသည်ကို ရှာဖွေရ မည်။ ဤပြဿနာမှာ ဥပဒေ စကား၏ အဓိပ္ပါယ်ကို ရှာခြင်း မဟုတ်၊ ဘာသာရေးနှင့်သာ ဆိုင် သည်။ သို့ကြောင့် ဥပဒေ ရှုထောင့် တခုတည်းမှ မကြည့်ဘဲ၊ ဘာသာရေးနှင့် စပ်၍၊ ဗုဒ္ဓဘာသာ ဝင် မြန်မာ လူမျိုးများ၏ မျက်စိ ရှုထောင့်မှ ကြည့်၍၊ မည်ကဲ့သို့သော သူအား လက်ခံရမည် ကို သတိ ထားရပေမည်။ အငြင်း မရှိနိုင်သော အစီပွါယ်မှာ တိပိဋက ဓရ ဆရာတော် ဦးဝိစိတ္တ **သာရာဘိဝံသ ဦးစီးရေးသား ထားသော မဟာ ဗုဒ္ဓဝင် (စတုတ္ထတွဲ) ၌ ဖေါ်ပြ ထားသည့် အရ၊ အမျိုးယုတ်ညံ့ မဟူ သရဏဂုံ တည်သူမှန်သမျှသည် ဥပါသကာမည်၏။** ဥပါသကာသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ် တော်သော သူ ဖြစ်သည်။ **ဥပါသကာ၏ သီလ ကား ငါးပါးသီလ မည်၏။ ဥပါသကာ၏** အသက်မွေးမှုများမှာ (၁) လက်နက်၊ (၂) လူ၊ (၃) အသား ငါး၊ (၄) သေရည် သေရက်၊ (၅) **အဆိပ်ကို ရောင်းဝယ် ကုန်သွယ်ခြင်း၊ ဤမိစ္ဆာ ကုန်သွယ်ခြင်း ငါးမျိုးကို ရှောင် ရှား၍၊ တရားနှင့် အညီ ရောင်းဝယ် ကုန်သွယ် အသက်မွေးမှု ဖြစ်သည်။ အဆိုပါ "မိစ္ဆာ ကုန်သွယ်ခြင်း ငါးမျိုးတွင် တမျိုးမျိုးဖြင့် ကုန်သွယ်၍ အသက်မွေးလျှင်၊ ဥပါသကာ၏ အဖြစ် ပျက်စီးလေတော့၏"** ဟု ရေးသား ထားသည်ကို တွေ့ရသည်။ သို့ကြောင့် ငါးပါး သီလနှင့် တရားသော အသက် မွေးမှုတို့၏ ပျက်စီးခြင်းသည် ဥပါသကာ၏ ပျက်စီးခြင်း မည်၏။ မပျက်စီးလျှင် ဥပါသကာ အဖြစ် ပြည့်စုံ နေ၏ ဟု ဆိုလိုသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ကုမ္ပဏီနှင့် ဖက်စပ် လုပ်ငန်းတို့သည် ကွာခြားသည်။ တခုနှင့် တခု မတူပေ။ ကုမ္ပဏီ၏ ဆုံးရှုံး နစ်နာနေခြင်းကို အစုရှင် များက မခံရဘဲ ကုမ္ပဏီကသာ ခံရမည်။ ဖက်စပ် လုပ်ငန်း (Firm) တွင် အစုရှင် များက ခံရသည်။ ကုမ္ပဏီသည် ဥပဒေ အရ သီးခြား သူ တဦးဖြစ်သော်လည်း၊ ဖက်စပ် လုပ်ငန်းမှ အစုရှင်များမပါ၊ သီးခြားသောပုဂ္ဂိုလ်တဦးမဟုတ်ပေ၊ **(While a Company is a Juristic *persona* a firm is not.)** ဖက်စပ်လုပ်ငန်း၏အစု ရှင်တဦးသည်အခြား အစုရှင် တဦး၏ အကြီး •အမှူးပိုင်ရှင် (Principal) ဖြစ်သည့်အပြင်၊ ကိုယ်စားလှယ် (Agent) လည်း ဖြစ်သည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးအေးမောင်။
**အယူခံတရားခံ (၁) အတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်အေး။
**အယူခံတရားခံ (၂) အတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးမြတင်။
**ရုံးသဟာယအတွက်။** ။အစိုးရ တရားရုံးချုပ်ရှေ့နေ မစ္စတာအက် (စ်)၊ ကော၊ ဂို (ရှ်)။

၁၉၇၁

ဦးဘခင်နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကလူကြီးအဖွဲ့။

တရားသူကြီးဦးကျော်ဇံဦး။ ။မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင် အားလုံးတို့ ရှိခိုး ပူဇော်လေးမြတ်ကြသည်သာမက၊ ကမ္ဘာတဝှမ်းလုံးတွင် နာမည်ကျော်ဇော ထင်ရှား တော်မူသော ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ယခင် တရားလွှတ်တော်၏ ၁၉၃၈ ခုနှစ်၊ တရားမ ကြီးမှု အမှတ် ၃၁ တွင် ခွင့်ပြု ထားသော စီမံ အုပ်ချုပ် ယုံမှတ် အပ်နှံရေး အတွက် စည်းကမ်းချက် ခေါ်သော စကင်း ( Scheme ) အရ၊ ဘဏ္ဍာ တော်ထိန်း ဂေါပက လူကြီး ၉ ဦး အဖွဲ့ဝင် တဦး ဖြစ်သူ ဦးဘကျော် သည်၊ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့က နုတ်ထွက် သွားသဖြင့် လစ်လပ်သော နေရာတွင် စကင်း အရ အရည်အချင်းနှင့် ပြည့်စုံသော သူတယောက် ရွေးချယ် တင်မြှောက် ခန့်ထား ရန် လျှောက်လွှာများကို ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် နေ့ ညနေ ၄ နာရီ အချိန် ကို နောက်ဆုံးထား၍၊ သက်သေခံ အမှတ် က-အရ၊ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် နေ့စွဲပါ မြန်မာ့ အလင်း သတင်းစာ၌ ကြော်ငြာရာ၊ အယူခံ တရားလိုနှင့် အယူခံ တရားပြိုင် အမှတ် ၁ တို့ နှစ်ဦးသာ လျှောက် ထားကြ၍၊ ၎င်းတို့သည်၊ စကင်း အပိုဒ် ၃ အရ၊ အရည် အချင်း ရှိ မရှိ ကို အဖွဲ့က စစ်ဆေး ကြည့်ပြီး၊ ၎င်းတို့၏ စစ်ချက်များ ကို ရေးယူ၍၊ အဖွဲ့၏ ဥက္ကဋ္ဌ၊ အမှုဆောင် လူကြီးများနှင့် ၎င်းတို့ ကိုယ်တိုင် လက်မှတ် ရေးထိုး ကြသည်။ အယူခံ တရားပြိုင် အမှတ် ၁ အား၊ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် နေ့က စစ်ဆေး ရေးမှတ် ယူသော စစ်ချက်မှာသက်သေခံ အမှတ် ဆ၊ ဖြစ်သည်။ ၎င်းတို့သည် စကင်း အပိုဒ် ၃ အရ၊ အရည် အချင်းပြည့်စုံသည်ဟုယူဆကာ ရွေးကောက်ပွဲကို ၁၉၆၈ ခုနှစ်၊ ဖေါ်ဖေါ်ဝါရီလ ၄ ရက်နေ့နံနက် ၈ နာရီမှ နံနက် ၁၀ နာရီ အထိ၊ ရွှေတိဂုံစေတီ ရင်ပြင်ပေါ်၌ ကျင်းပရန် ၁၉၆၈ ခုနှစ်၊ ဇန္နဝါရီလ ၆ ရက် နေ့ထုတ် ရန်ကုန် သတင်းစာ (သက်သေခံ အမှတ် င) တွင် ကြော်ငြာခဲ့ သည်။

ဤသို့ ကြော်ငြာပြီးနောက် ၁၉၆၈ ခုနှစ်၊ ဇန္နဝါရီလ ၁၄ ရက် နေ့စွဲဖြင့် အယူ ခံ တရားလိုက အဖွဲ့သို့ အယူခံ တရားပြိုင် အမှတ် ၁ အား၊ ရွေးကောက် တင်မြှောက် ရန် လက်ခံထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရာ၌၊ ထိုအယူခံ တရားပြိုင်သည် ၎င်း၏ စစ်ချက်တွင် မူးယစ် စေတတ်သည့် သေရည် သေရက်နှင့် ဆေးများ ဖြစ်သည့် ကုန်ကို "ဤတသက်တွင် တကြိမ် တခါမှ မပြု မလုပ်ခဲ့ဘူးပါ" ဟု ဆိုထားချက် နှင့် ပတ်သက်၍၊ ၁၉၄၃ ခုနှစ်၊ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပြီးသည့်နောက်၊ ရန်ကုန်မြို့ ၌ အယူခံ တရားပြိုင်သည် အစုရှင် တဦးအနေဖြင့် ပါဝင်လျက်၊ အုပ်ချုပ်မှု ဒါရိုက် တာ အဖြစ် ခင်မမ နှင့် သားများ ဖက်စပ် လုပ်ငန်း ကုမ္ပဏီ အတွက်၊ သက်သေခံ အမှတ် (စျ) အရ၊ အရက်သေစာများကို မဟာမိတ် စစ်တပ်များတို့အတွက် ဖွင့် လှစ်ထားသော နာဖီ (NAAFI) မှတဆင့်ထုတ်ယူ၍၊ ရောင်းချ ခဲ့သဖြင့်၊ စကင်း

၁၉၅၁

ဦးဘခင်
နှင့်
၁။ ဦးသာဝင်း
၂။ ရွှေတိဂုံ
စေတီတော်
ဘဏ္ဍာတော်
ထိန်း ဂေါပကလူ
ကြီးအဖွဲ့။

အပိုဒ် ၃ (က) ၁ တွင် ဖေါ်ပြ ထားသော အရည် အချင်းနှင့် မပြည့်စုံသည်ကိုတွေ့ ရှိရာ၊ မဟုတ် မမှန် မုသား ထွက်ဆို ထားခြင်းမှာ ထင်ရှားနေ၍၊ ဝင်ရောက် အရွေး မခံ ထိုက်သဖြင့် အယူခံ တရားပြိုင်၏ လျှောက်လွှာကို လက်မခံဘဲ ပယ်ဖျက်၍၊ ၎င်းအား ပြိုင်ဘက် မရှိ လစ်လပ်သော နေရာတွင် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး အဖြစ် ခန့် ထား အတည်ပြုလုပ်ရန် ရေးသား ထားသည်။ အထက်တွင်ဖေါ်ပြ ခဲ့သော သက်သေခံ အမှတ်(ဈ)တွင်၊ မြို့ပြဆိုင်ရာ ထောက်ပံ့ရေး ဌာနကို အုပ်ချုပ်မှု ဒါရိုက် တာက—

"As we have run short of our stock of beer, it will be appreciated if authority can be given us to purchase 400 cases of 'Revolver' brand beer, which we understand are available in NAAFI as this brand of beer has been released from the Customs."

ဟု ရေးထားသည်ကို မြို့ပြ ဆိုင်ရာ ထောက်ပံ့ရေး အုပ်ချုပ်သူက—

"Sanctioned. KHIN MA MA & SONS, Canteen Contractors appointed by the Government of Burma, is permitted to draw the said supplies from the NAAFI on payment of Customs Duty."

ဟု ရေး၍ ခွင့် ပြုခဲ့သည်။ ခင်မမ နှင့် သားများ ကုမ္ပဏီတွင် အယူခံ တရားခံပြိုင် အမှတ် ၁ သည် အုပ်ချုပ်မှု ဒါရိုက်တာ ဖြစ်ကြောင်း အငြင်း မရှိချေ။ ဒေါ်ခင်မမ ဆိုသူသည် အယူခံ တရားပြိုင် အမှတ် ၁ ၏ ဇနီး ဖြစ်သည်။

ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးအဖြစ် အရွေး ခံလိုသူမှာ စကင်း အပိုဒ် ၃ တွင် ဖေါ်ပြ ထားသော အရည် အချင်းများမှ အပ၊ အပိုဒ် ငယ် (က) အရ—

"မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် ဥပါသကာ ဖြစ်ခြင်း"

ဟု ပြဋ္ဌာန်း ထားသည်ကို၊ အဆိုပါ အပိုဒ်ငယ် (က)၊ အမှတ် ၃ တွင်—

"မူးယစ်စေတတ်သည့် သေရည် သေရက် နှင့် ဆေးများ ဖြစ်သည့် ကုန်" ကို

"ကူးသန်း ရောင်းဝယ်ခြင်း မပြု မလုပ်သော မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် ဥပါသကာကို ဆိုလိုသည်"။

ဟု ရှင်းလင်း ညွှန်ပြ ထားသည်။ သို့ကြောင့် အယူခံ တရားပြိုင် အမှတ် ၁ သည်၊ မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်ကို အငြင်း မရှိစေကာမူ ဥပါသကာ ဖြစ်၊ မဖြစ် ကို ဆုံးဖြတ်ရန်မှာ အဓိကအချက် ဖြစ်ပေသည်။

၁၉၇၁

ဦးဘခင်
နှင့်
၁။ ဦးသာဝင်း
၂။ ရွှေတိဂုံ
စေတီတော်
ဘဏ္ဍာတော်
ထိန်း ဂေါပကလူ
ကြီးအဖွဲ့။

အလွန် ထူးဆန်းသော အချက်တခုမှာ အယူခံ တရားလိုက အကြောင်းပြ၍၊ ကန့်ကွက်လွှာ တင်ဆက် ခဲ့ပါလျက်နှင့် အဖွဲ့က သက်သေခံ အမှတ် ဃ (၁) အရ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်မှာ——

"(၁) အမည် တင်သွင်း လွှာများကို ဤအဖွဲ့မှ စိစစ်စဉ်က ဦးသာဝင်း၏ ထွက်ချက်၌ * * * မူးယစ်စေတတ်သော သေရည်သေရက်နှင့် ဆေးများ ဖြစ်သည့် ကုန် ကူးသန်းရောင်းဝယ်ခြင်း ဤတသက်တွင် တကြိမ်တခါမျှမပြုမလုပ်ခဲ့ ဘူးပါဟု ပါရှိ ခဲ့သည် မှန်၏။

(၂) ဦးဘခင် တင်သွင်းသော ကန့်ကွက် စာနှင့် ထိုစာ၌ ပူးတွဲသော တာဝန်ခံ မိတ္တူ စာရွက် စာတမ်း များအရ၊ ဒေါ်ခင်မမ နှင့် သားများ၏ အုပ်ချုပ်မှု ဒါရိုက်တာ အဖြစ်ဖြင့်၊ ဒေါ်ခင်မမ၏ ခင်ပွန်း ဖြစ်သူ ဦးသာဝင်းသည်၊ ကိုယ်တိုင် ဦးစီး ကြပ်မတ်၍၊ (က) မူးယစ်စေတတ်သော သေရည် သေရက် ကုန်ကို ကူးသန်း ရောင်းဝယ်ခဲ့ကြောင်း၊ (ခ) ဒေါ်ခင်မမ နှင့် သားများ၏ အုပ်ချုပ်မှု ဒါရိုက်တာ လက်မှတ် ရေးထိုးသော ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် နေ့စွဲပါ စာဖြင့် ပြည်သူ့ ထောက်ပံ့ရေး ဌာနမှ (ခြောက်လုံးပြူး တံဆိပ် ဘီယာ) သေတ္တာ လေးရာ (၄၀၀) ဝယ်ယူခွင့် တောင်းသည့် အတိုင်း ပြည်သူ့ ထောက်ပံ့ရေး ဌာနက ဝယ်ယူ ခွင့် ပြုကြောင်း စသည်တို့ကို တွေ့ရှိရသည် မှန်၏။

ဤအဖွဲ့မှ အမည် စာရင်း တင်သွင်း လွှာများကို စိစစ် စဉ်က၊ ဤအချက်များ သည် တစွန်းတစမျှ ပေါ်ပေါက်ခြင်း မရှိ ခဲ့သည့် အပြင်၊ ဦးသာဝင်း ကိုယ်တိုင် ကလည်း၊ * * * မူးယစ် စေတတ်သော သေရည် သေရက် နှင့် ဆေးများ ဖြစ်သည့် ကုန် * * * ကူးသန်းရောင်းဝယ်ခြင်း၊ ဤတသက်တွင် တကြိမ် တခါမျှ မပြုလုပ်ခဲ့ဘူးပါဟု ထွက်ဆို ခဲ့သည့် အလျောက်၊ ဤဘဏ္ဍာတော်ထိန်း အဖွဲ့၏ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် နေ့က ကျင်းပ ပြုလုပ်သော အစည်း အဝေး အမှတ် ၁၀၆ ၏ အပိုဒ် ၄ (၁) ၌၊ ဦးဘခင် နှင့် ဦးသာဝင်းတို့၏ အမည်တင်သွင်း လွှာ နှစ်စောင် လုံးသည်၊ ဤစေတီတော်ကြီး၏ စကင်း ဥပဒေနှင့် ကိုက်ညီသည်ဟု ဆုံးဖြတ် ပြီးလျှင် ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် နေ့တွင် ရွေးကောက်ပွဲ ကျင်းပရန် ကျေညာ စီစဉ် ထားပြီး ဖြစ်သည်။

ယခု အခြေ၌ အမည် စာရင်း တင်သွင်းသူ လူတဦး၏ အရည် အချင်း နှင့် ပတ်သက်၍၊ ထပ်မံ စဉ်းစား ဆုံးဖြတ်ရန်၊ ဤဘဏ္ဍာတော်ထိန်း အဖွဲ့၌သာ အာဏာ ရှိမှ ရှိပါမည်လား၊ ထိုသို့ ပြန်လည် စဉ်းစား ဆုံးဖြတ်ရန် သင့်မှ သင့်ပါမည်လား ဟု သံသယ မကင်း ဖြစ်သည့် အပြင်၊ ဤကိစ္စမှာ ယခု အခြေ၌ တရားရုံး၏ အဆုံးအဖြတ်ကိုခံယူရန်သင့်တော်မည်ဟုဤအဖွဲ့မှယူဆသာဖြင့်အရွေးခံရန်အမည့်တင်

၁၉၇၁ — ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့။

> သွင်းသူ ဦးသာဝင်း၏ အရွေးခံရန် အရည် အချင်းနှင့် ပတ်သက်၍ ကန့်ကွက် ပြောဆို လိုပါက၊ သက်ဆိုင်ရာ တရားရုံး၌ သာလျှင် လျှောက် ထားရန် ဦးဘခင် အား အကြောင်း ပြန်ကြားရန် ဆုံးဖြတ်ကြသည်။"

ဟုဖြစ်သည်။ ကျွန်ုပ်တို့သည် သံသယ မကင်းစရာ အကြောင်း မမြင်ပေ။ အယူခံ တရားလိုနှင့် အယူခံ တရားပြိုင် အမှတ် ၁ တို့သည် အရွေးခံရန် နာမည် တင်သွင်း၍၊ အဖွဲ့က စစ်ဆေးသော အခါ စကင်းနှင့် ကိုက်ညီကြောင်း ဆုံးဖြတ်ပြီး၊ ၎င်းတို့ကို လက်ခံ၍၊ ရွေးကောက်ပွဲ ကျင်းပရေး အတွက် ကြေငြာရန် စီစဉ် ထားသည် အထိ အယူခံ တရားလို၏ ကန့်ကွက်လွှာတွင် ပါရှိသော အချက် အလက်များကို အဖွဲ့က မသိရသေးပေ။ သို့ကြောင့်လည်း ၎င်းတို့ကို လက်ခံခဲ့သည်။ သို့သော် နောက် ကန့်ကွက်လွှာတွင် ပါရှိသော အချက် အလက်များကို သိရှိ၍၊ စွပ်စွဲချက်များမှာ မှန်နေကြောင်း သိရှိ လာသောအခါ၊ အဖွဲ့က တရားရုံးမှ စုံစမ်း စစ်ဆေး၍၊ ဆုံးဖြတ်ချက်ယူရန် ညွှန်ကြားချက် မပေးဘဲ ဝတ္တရား ရှိသည့် အတိုင်း အဖွဲ့ကပင် စုံစမ်း စစ်ဆေး၍ ဆုံးဖြတ် ချက် ပေးနိုင်သည်ဟုကျွန်ုပ်တို့ ထင်မြင်သည်။ ဆုံးဖြတ်ချက် နှစ်ခုပင် ရှိလင့်ကစား၊ တခုနှင့် တခု ဆန့်ကျင်စရာ မရှိနိုင်၊ တခုနှင့် တခု အကြောင်းခြင်း ရာမှာလည်း မတူပေ။ ဤကဲ့သို့ ပြုလုပ် ခဲ့ပါက ယခု အမှုသည် တရားရုံးသို့ မရောက် ရှိဘဲ လစ်လပ်နေသော ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး၏ နေရာကို ယခုကဲ့သို့ မကြန့်ကြာဘဲ ဖြည့်သွင်း ပြီးစီးရာ ရောက်ခဲ့ပေမည်မှာ အထူး ပြောရန် မလိုပေ။ ပထမ ကန့်ကွက်ချက် များ မရှိ၊ စကင်း နှင့် ကိုက်ညီ၊ မညီကိုသာ အဖွဲ့က စစ်ဆေးသည်။ နောက်မှ ကန့်ကွက်ချက်များ ပေါ်လာရာ၊ ထိုအဖွဲ့ကပင် စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်ချက် ပေးရန် အာဏာ မရှိဟု မဆို နိုင်ပေ။ ဆုံးဖြတ်ချက် ပေး၍ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ခန့်အပ်ခဲ့သည်ကို မကျေနပ်သူက၊ တရားမ ကျင့်ထုံး ပုဒ်မ ၉၂ (က) (ခ) အရ၊ တရားရုံးတွင် လျှောက်ထား နိုင်ပေသည်။ အဖွဲ့၏ တာဝန် ဝတ္တရားများမှာ လစ်လပ်နေသော နေရာတွင် ဖြည့်စွက် ရမည် ဖြစ်သည်။ အမှန်မှာ စကင်း အပိုဒ် ၂ အရ၊ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးတို့ကို ရန်ကုန်မြို့ရှိ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်တို့က ရွေးကောက် တင်မြှောက်ရမည်။ အငြင်း အပွားရှိ၍ အဖွဲ့က ဆုံးဖြတ်ချက်ပေးရန် အခက် အခဲနှင့် တွေ့ကြုံမှသာ၊ တရားရုံးမှ ညွှန်ကြားချက် တောင်းယူရမည်။ သို့မဟုတ် အခြေ အနေအရ၊ တရားစွဲဆိုရမည်။ ယခု ကိစ္စမှာ အဖွဲ့က ဆုံးဖြတ်ချက် ပေးခဲ့ နိုင်ပေသည်။

အယူခံ တရားလိုသည် အဖွဲ့၏ ဆုံးဖြတ်ချက် အရ၊ အယူခံ တရားပြိုင် များ အပေါ် ဤရုံး မူလဘက်၌ သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ အယူခံ တရားပြိုင် အမှတ် ၁ သည် စကင်းအရ၊ အရည် အချင်း ပြည့်စုံသူ မဟုတ်

၁၉၇၁

ဦးဘခင်
နှင့်
၁။ ဦးသာဝင်း
၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့။

ဟု ကျေညာပြီး၊ ၎င်းသာ အရည် အချင်းနှင့် ပြည့်စုံ သူ ဖြစ်သဖြင့် လစ်လပ်နေသည့် နေရာတွင် ရွှေတိဂုံ စေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး တဦးဖြစ်ကြောင်း ကျေညာ ပြဋ္ဌာန်းသည့် အမိန့်နှင့် ဒီကရီကို ချမှတ်ပေးရန် လျှောက်ထားရာ အယူခံ တရားပြိုင် အမှတ် (၁) ၏ ချေပလွှာတွင် သူသည် မူးယစ် စေတတ်သော သေရည် သေရက်ကို ကူးသန်း ရောင်းဝယ်ခြင်း ပြုခဲ့စေကာမူ၊ ထိုသို့ ပြုလုပ် ခဲ့ခြင်းမှာ နှစ်ပေါင်း များစွာ ကသာ ဖြစ်၍၊ ယခု ပစ္စုပ္ပန် အချိန်နှင့် မသက်ဆိုင်ဟု ဆိုသဖြင့် ရုံးက ၎င်းသည်၊ စကင်း အပိုဒ် ၃ (က) ၁၊ ၃ အရ၊ ရွှေတိဂုံ စေတီတော်၏ ဘဏ္ဍာထိန်း ဂေါပက အဖွဲ့ဝင် လူကြီး အဖြစ် အရွေးခံရန် အရည် အချင်းနှင့် ပြည့်စုံသူ တယောက် မဟုတ် ဟု ဆိုခြင်းမှာ မှန်ပါ သလားဟု ငြင်းချက် ထုတ်၍၊ နှစ်ဦး နှစ်ဘက်မှ တင်ပြသော သက်သေ တင်ပြ ထွက်ဆိုချက်များကို ဝေဖန်ပြီး၊ ခင်မမ နှင့် သားများ အစုစပ် လုပ်ငန်းတွင် အယူခံ တရားပြိုင်၊ အမှတ် (၁) တဦးတည်းသာ အုပ်ချုပ်သူ အစုရှင် အဖြစ် ဆောင်ရွက် ခဲ့သည်ကို၊ အဆိုပါ အယူခံ တရားပြိုင် ကိုယ်တိုင်က ဝန်ခံ ထားသဖြင့်၊ သက်သေခံ အမှတ် (ဈ) အရ၊ အရက် သေစာ မှာယူသူမှာ အယူခံ တရားပြိုင် အမှတ် (၁) ပင် ဖြစ်သော်လည်း "သေရည် သေရက်ကို ကူးသန်းရောင်းဝယ်သည့် ကိစ္စနှင့် ပတ်သက်၍၊ "(ခဲ့) ဆိုသောစာလုံးကို အသုံးပြု ထားခြင်း မရှိသဖြင့် အတိတ်၏ ဖြစ်ရပ်ကို ရည်ညွှန်းခြင်း မရှိကြောင်း ပေါ်ပေါက် နေသောကြောင့် ပုဂ္ဂိုလ်တဦးသည် တကြိမ်က သေရည် သေရက် ရောင်းဝယ်ဘူးကာမျှနှင့် အရည်အချင်း ပျက်ကွက်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။" ဟု ယူဆပြီး အယူခံ တရားပြိုင် အမှတ် ၁ သည် အရည် အချင်းနှင့် ပြည့်စုံသူ တဦးမဟုတ်ဟု ဆိုခြင်းမှာ မမှန်ဟု ဖြေဆိုပြီး တရားရုံးချုပ် ရှေ့နေ တဦးကို ငွေ ကျပ် ၇၅ စီ သတ်မှတ်၍ အမှုကို စရိတ်နှင့် တကွ ပယ်လိုက်သည်ကို မကျေနပ်၍၊ ယခု အယူခံ ဝင်ခြင်း ဖြစ်သည်။ မူလရုံးက (ခဲ့) ဆိုသော စကားကို၊ သက်သေခံ အမှတ်-ဇ စကင်းအပိုဒ် ၃ (ခ) တွင် အသုံးပြု ထားသည်ကို ညွှန် ပြ ထားသည်။ အရည် အချင်းနှင့် ပတ်သက်၍၊ အပိုဒ် ၃ (ခ) ၌—

"ရန်ကုန်မြို့တွင် အမြဲနေထိုင်သူ ဖြစ်ခြင်း၊ ရန်ကုန်မြို့တွင် ၃ နှစ် အဆက် မပြတ်နေ ထိုင်ခဲ့သူ ကို ဆိုလိုသည်"။

ဟု ပါရှိသည်။ သို့ကြောင့် အပိုဒ် ၃ (က) ၁၊ ၃ တွင် (ခဲ့) ဆိုသော စကားမပါဘဲ၊ မူးယစ်စေတတ်သော သေရည်သေရက်ကုန်ကို "ကူးသန်း ရောင်းဝယ်ခြင်း မပြုမလုပ်သော မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် ဥပါသကာ" ဖြစ်ရမည်ဟု သာ ပြဋ္ဌာန်းထားသဖြင့် အတိတ်ကာလကို ရည်ညွှန်းခြင်းမရှိဟု ယူဆလေသည်။ ဤကဲ့သို့ ယူဆချက်မှာ မှန်၊ မမှန်ကို ဆန်းစစ်ရပေမည်။

၁၉၇၁

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့။

ရွှေတိဂုံစေတီတော်ကြီးမှာ တပြည်လုံးရှိ ဗုဒ္ဓဘာသာဝင်လူတိုင်း၏ ကြည်ညို ပူဇော်ခြင်းကို ခံရသည်သာမက၊ တကမ္ဘာလုံးတွင် နာမည် ကျော်ဇော ထင်ရှား သော အံ့သြဘွယ်ရာ တခု ဖြစ်သည့် အားလျော်စွာ၊ စေတီ တော်ကြီးကို စီမံအုပ် ချုပ် ယုံမှတ် အပ်နှံရေး အတွက် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ဖြစ်ရန်၊ မြန်မာ ဗုဒ္ဓဘာသာဝင် သာမက ဥပါသကာလည်း ဖြစ်ရမည်ဟု ပြဋ္ဌာန်း ထား၍၊ ဥပါ သကာမည်သော သူသည် အဘယ်သူနည်း ဆိုသည်ကို ရှာဖွေရမည်။ ဤပြဿနာ မှာ ဥပဒေ စကား၏ အဓိပ္ပါယ်ကို ရှာခြင်း မဟုတ်၊ ဘာသာရေးနှင့် သာဆိုင်သည်။ သို့ကြောင့် ဥပဒေ ရှုထောင့် တခုတည်းမှ မကြည့်ဘဲ၊ ဘာသာရေးနှင့် စပ်၍ ဗုဒ္ဓဘာ ဘာသာဝင် မြန်မာ လူမျိုးများ၏ မျက်စိ ရှုထောင့်မှ ကြည့်၍ မည်ကဲ့သို့သော သူအား လက်ခံရမည်ကို သတိ ထားရပေမည်။ အငြင်း မရှိ နိုင်သော အဓိပ္ပါယ် မှာ၊ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တ သာရ ဘိဝံသ ဦးစီးရေးသား ထားသော မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ) ၌ ဖော်ပြထားသည့်အရ၊ အမျိုးယုတ်ညံ့ မဟူ သရဏဂုံ တည်သူမှန်သမျှသည် ဥပါသကာမည်၏။ ဥပါသကာသည် ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို ဆည်းကပ် တတ်သောသူ ဖြစ်သည်။ ဥပါသကာ၏ သီလကား၊ ငါးပါးသီလ မည်၏။ ဥပါသကာ၏ အသက် မွေးမှု များမှာ (၁) လက်နက်၊ (၂) လူ၊ (၃) အသားငါး၊ (၄) သေရည် သေရက်၊ (၅) အဆိပ်ကို ရောင်းဝယ် ကုန်သွယ်ခြင်း၊ ဤမိစ္ဆာ ကုန်သွယ်ခြင်း ငါးမျိုးကို ရှောင် ရှား၍၊ တရားနှင့် အညီ ရောင်းဝယ် ကုန်သွယ် အသက်မွေးမှု ဖြစ်သည်။ အဆိုပါ "မိစ္ဆာ ကုန်သွယ်ခြင်း ငါး (၅) မျိုးတို့တွင်၊ တမျိုးမျိုးဖြင့် ကုန်သွယ်၍ အသက်မွေးလျှင်၊ ဥပါသကာ ၏ အဖြစ် ပျက်စီးလေတော့၏" ရေးသား ထားသည်ကို တွေ့ရသည်။ သို့ကြောင့် ငါးပါးသီလနှင့် တရားသော အသက်မွေးမှုတို့၏ ပျက်စီးခြင်းသည် ဥပါသကာ၏ ပျက်စီးခြင်းမည်၏။ မပျက်စီးလျှင် ဥပါသကာအဖြစ် ပြည့်စုံနေ၏ ဟု ဆိုလိုသည်။

အထက်တွင် ဖော်ပြ ထားသော အဓိပ္ပါယ်အရ၊ အယူခံ တရားပြိုင် အမှတ် ၁ သည် ဥပါသကာ မဖြစ်နိုင်ပေ။ အကြောင်းသော်ကား၊ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ရွေးချယ် ခန့်ထားရန် လျှောက်ထားသော အခါ၊ အဖွဲ့က ပထမ အစက အရည် အချင်း ရှိ၊ မရှိ၊ စစ်ဆေး ရေးယူ၍ လက်မှတ် ရေးထိုး ထားသော စစ်ချက်တွင် အယူခံ တရားပြိုင် အမှတ် ၁ က၊ မူးယစ် စေတတ်သော သေရည် သေရက် ကုန်ကို ဤတသက်တွင် တကြိမ် တခါမျှ မပြု မလုပ်ခဲ့ဘူးပါ" ဟု ဆိုထားသည်မှာ၊ ဗုဒ္ဓဘာ သာ တရားတော် မြတ်ကို ဆည်းကပ် တတ်သူ မဟုတ်ကြောင်း ပေါ်လွင်၍ ငါးပါး သီလ၏ မုသာ ဝါဒကံကို ကျူးလွန်သည်မှာ ထင်ရှားသဖြင့် ဥပါသကာ မဖြစ်နိုင်ပေ။ အတိတ်ကာလနှင့် မသက်ဆိုင်သော ယခု အမှုမှ ပင် သေရည် သေရက် ရောင်းဝယ်

၁၉၇၁

ဦးဘခင် နှင့်
၁။ ဦးသာဝင်း
၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့။

ကုန်သွယ်ခြင်းကို တသက်တွင် တကြိမ် တခါမျှ မပြု မလုပ်ဘူးပါဟု ဆိုသည်မှာ သက်သေခံ အမှတ်(၈၂)နှင့် ဆန့်ကျင်နေသဖြင့်၊ မုသားထွက်ဆိုခြင်းဖြစ်သည်ဟု ယူဆရပေမည်။ ထို့အပြင် အယူခံ တရားပြိုင် အမှတ် ၁ သည် မိစ္ဆာ ကုန်သွယ်ခြင်း ငါးမျိုးတွင် တမျိုးမျိုးဖြင့် ကုန်သွယ်ပြီး အသက်မွေး၍၊ ဥပါသကာ၏ အဖြစ် ပျက်စီးလေတော့သည်။ စကင်း အပိုဒ် ၃ (က) ၁၊ ၃ တွင် သေရည် သေရက် ကုန်ကို ကူးသန်းရောင်းဝယ်ခြင်း မပြု မလုပ်သော မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် ဥပါသကာဟု ဆိုထားရာ "မပြုမလုပ်သော" ဆိုသည့် စကားမှာ အလွန် အရေးကြီးသည်။ ဤစကား၏ အမှန်ကို မရောနှောဘဲ အဓိပ္ပါယ် ကောက်ယူရာတွင် မပါမရှိသော စကား တခုခုကို ထည့်သွင်း၍ ဖြစ်စေ၊ ပါရှိသော စကားကို ထုတ်နုတ်၍ ဖြစ်စေ၊ မပြုအပ်ပေ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလကို ရည်မှန်း၍ ဆိုထားသည်ဟု တိကျစွာ မပြောနိုင်ပေ။ ပြဿနာမှာ အယူခံ တရားပြိုင် အမှတ် (၁) သည် သေရည် သေရက် ကုန်ကို ကူးသန်းရောင်းဝယ်ခြင်း မပြု မလုပ်ဟု ဆိုနိုင်ပါသလား၊ "မပြုမလုပ်" ဆိုသော စကားကို လျှော့ပေါ့ ပြောင်းလဲ ပြင်ဆင်ခြင်း (Qualify) မလုပ်ရပေ။ သို့ကြောင့် အယူခံ တရားပြိုင် အမှတ် (၁) သည် သေရည် သေရက် ကုန်ကို ကူးသန်းရောင်းဝယ်ခြင်း မပြု မလုပ်ဟု မဆိုနိုင်ပေ။ စကင်း အပိုဒ် ၃ (ခ) ၌ ရန်ကုန်မြို့တွင် အမြဲနေထိုင်သူ ဆိုသည့် စကား အဓိပ္ပါယ်ကို ဖေါ်လို၍၊ သုံးနှစ် အဆက်မပြတ် နေထိုင် (ခဲ့) သူကို ဆိုလိုသည်ဟု ရေးသားထားသည်။ ဥပါသကာ ဆိုသည့် စကားတွင် ဤကဲ့သို့ ဖေါ်ပြရန် မလိုပေ။ အထက်က ညွှန်ကြားပြ ခဲ့သော မဟာ ဗုဒ္ဓဝင်တွင် ပြဋ္ဌာန်းထား ချက်အရ "မိစ္ဆာကုန်သွယ်ခြင်း ငါး (၅)မျိုးတို့တွင် တမျိုးမျိုးဖြင့် ကုန်သွယ်၍ အသက် မွေးလျှင်၊ ဥပါသကာ၏ အဖြစ် ပျက်စီးလေတော့၏" ဟု မှတ်ယူရာ၏။ စကင်းကို သေချာကြပ်တည်းစွာ ဘတ်ရှု လေ့လာရပေမည်။ **ဦးပညာဒေဝတပါ ၃ ဦး နှင့် ဦးဥာဏိကပါ ၂ ဦး** (၁) စီရင်ထုံးတွင်၊ ဘာသာရေး အလှူဒါန အများနှင့် သက်ဆိုင်သော စကင်း နည်းလမ်း စည်းမျဉ်းကို လေးစား၍ ကြပ်တည်းသေချာ မှန်ကန်စွာ လိုက်နာရပေမည်" ဟု ညွှန်ပြထားသည်။ အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေတင်ပြသည့် အရ၊ ရာဇသတ်ကြီးတွင် မှုပြစ် တခုခုကျူး လွန်ခဲ့လျှင်လည်း အချိန်ကာလကို မရည် ညွှန်းဘဲ၊ မှုပြစ် ကျူးလွန်သည်ဟု ဆိုကာ ပြစ်ဒဏ် ပေးသည်။ **ဥပမာ၊** ပုဒ်မ ၃၇၉ တွင် "မည်သူမဆို၊ ခိုးမှုကို ကျူးလွန်လျှင်၊ ၎င်းသူကို သုံးနှစ်အထိ ထောင်ဒဏ် တမျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ၊ စီရင်စေရမည်" ဟု ပြဋ္ဌာန်းထားသည်။ အထူးအက် ဥပဒေများတွင်လည်း၊ မှုပြစ် တခုခုကို ကျူးလွန်ခြင်းနှင့် ပတ်သက်၍၊ ပစ္စုပ္ပန် ကာလ

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ ၅၂၀ (၅၂၄)။

၁၉၇၁

——

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကလူကြီးအဖွဲ့။

ကို ရည်ညွှန်း၍၊ ပြဋ္ဌာန်း ထားသော်လည်း၊ အတိတ်ကာလ အတွက် ကျူးလွန် ခဲ့သော မှုပြစ် အတွက်ကို စုံစမ်း စစ်ဆေးပြီးမှ ပြစ်ဒဏ် ချမှတ်သည်။ **ဥပမာ** ယစ်မျိုး အကောက် ဥပဒေ။ သေရည်သေရက် ကုန်သွယ် ရောင်းဝယ်ရေးနှင့် ပတ်သက်၍၊ အယူခံတရားပြိုင် အမှတ် (၁) ဘက်မှ တင်ပြချက် တခုမှာ၊ သက်သေခံ အမှတ်(ဈ)အရ၊ သေရည် သေရက်များ ကုန်ပြတ်နေ၍ ရောင်းစားရန် ပြန်လည် ဖြည့်ပေးပါဟု စာရေး၍ တောင်းဆိုသောအခါ၊ ခင်မမ နှင့် သားများ လီမိတက်က ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု ဆိုသည်ကို လက်ခံရန် မဖြစ်နိုင်ပေ။ လီမိတက် ကုမ္ပဏီ တခုသည် ဥပဒေ အရ၊ သီးခြားတည်ရှိသော နေရာ၊ (Separate Entity) တခု ဖြစ်သည်ကား မှန်၏။ တစုံတခု ပြုလုပ်ခြင်းသည် အစုရှင်များ ပြုလုပ်ခြင်း မဟုတ်ဘဲ၊ ကုမ္ပဏီက ပြုလုပ်သည်ဟု မှတ်ယူရမည်။ သို့သော် ထိုအချိန်က၊ (၁၉၄၇ ခုနှစ်၊) ခင်မမ နှင့် သားများ လီမိတက်ဟု ကုမ္ပဏီ မရှိသေးပေ။ အယူခံ တရားပြိုင် အမှတ် (၁) ၏ ချေပလွှာ အပိုဒ် ၁၀ (င) တွင် ကုမ္ပဏီကို ၁၉၅၃ ခုနှစ် မှသာ ဖွဲ့စည်းသည်ဟု ဆိုသည်။ သို့ကြောင့် သေရည်သေရက် ကုန်သွယ် ရောင်းဝယ်ချိန် (၁၉၄၇ ခုနှစ်) တွင်၊ ခင်မမ နှင့် သားများ ဖက်စပ်လုပ်ငန်း (Firm)တွင်၊ အယူခံတရားပြိုင် အမှတ် (၁) သည်၊ အစုရှင် **တဦး အနေဖြင့် အုပ်ချုပ်မှု ဒါရိုက်တာ** (မန်နေဂျာ) ဖြစ်သည့် အားလျော်စွာ **ဖက်စပ်** ဥပဒေ ပုဒ်မ ၂၅ အရ တာဝန် ရှိပေသည်။ ဤပုဒ်မ က—

> "Every partner is liable, jointly with all the other partners and also severally, for all acts of the firm done while he is a partner."

ဟု ဆိုထားသည်။ ကုမ္ပဏီနှင့် ဖက်စပ် လုပ်ငန်းတို့သည် တခုနှင့်တခုမတူပေ။ **ကုမ္ပဏီ၏ ဆုံးရှုံးနစ်နာခြင်းကို** အစုရှင်များက မခံရဘဲ ကုမ္ပဏီကသာ ခံရမည်။ **ဖက်စပ်လုပ်ငန်း** (Firm)တွင် အစုရှင်များကခံရသည်။ ကုမ္ပဏီသည် ဥပဒေအရ **သီးခြားသူတဦးဖြစ်သော်လည်း** ဖက်စပ်လုပ်ငန်းမှာ အစုရှင်များမှအပ၊ သီးခြားသော ပုဂ္ဂိုလ်တဦးမဟုတ်ပေ။ ( While a Company is a juristic *Persona* a firm is not. ) ဖက်စပ်လုပ်ငန်း၏ အစုရှင် တဦးသည် အခြားအစုရှင်တဦး၏ အကြီးအမှူးပိုင်ရှင်( Principal )ဖြစ်သည့်အပြင်၊ ကိုယ်စားလှယ်( Agent )လည်းဖြစ်သည်။ သို့ကြောင့် အယူခံ တရားပြိုင် အမှတ် (၁) သည်၊ မိမိကိုယ်တိုင် ယစ်မျိုး သေရည်သေရက်ကို ရောင်းသည်ဟု မှတ်ယူရမည်ဖြစ်၍ ဥပါသကာ မဖြစ်နိုင်ပေ။

ဤအယူခံမှုကို ကြားနာရန် ချိန်းဆိုသော နေ့တွင်၊ အယူခံ တရားပြိုင် အမှတ် (၁) ၏ တရားရုံးချုပ် ရှေ့နေ က၊ အမှုမှာ စကင်းမှုပေါ် ပေါက် လာသော အမှု ဖြစ်၍၊ ဤရုံး၏ မူလဘက်မှ စီရင်ပိုင်ခွင့် အရ၊ ချမှတ်သည့် အမိန့် ဖြစ်သည့် အလျောက်

၁၉၇၁

ဦးဘခင်
နှင့်
၁။ ဦးသာဝင်း
၂။ ရွှေတိဂုံစေတီတော်
ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့။

အယူခံဝင်ခွင့် မရှိသည့် အပြင်၊ တရားမ ကျင့်ထုံး ပုဒ်မ ၉၂ ကို ကျော်လွန်၍၊ သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ တရား မစွဲ ဆိုနိုင်ပါဟု လျှောက် ထားသဖြင့်၊ အစိုးရ ရှေ့နေ အား ရုံးသဟာယ အဖြစ်နှင့် အမှုတွင် လိုက်ပါ ဆောင်ရွက်သော တရားရုံးချုပ် ရှေ့နေ တို့၏ လျှောက် လဲချက်များကို ကြားနာ ခဲ့စဉ်၊ အယူခံ တရားပြိုင် အမှတ် (၁)၏ တရားရုံးချုပ် ရှေ့နေက ဤအချက် နှစ်ခုစလုံးကို ဆက်လက် တိုက်တွန်းခြင်း မပြု လိုသဖြင့် စွန့်လွှတ် လိုက်၍၊ ကျွန်ုပ်တို့ အထူး ရေးသားရန် မလိုပေ။ ဒုတိယ အချက်နှင့် ပတ်သက်၍၊ ဤရုံး၏ မူလ ဘက်မှ ပဏာမ ကောက်ချက် အဖြစ်၊ ၁၉၆၈ ခုနှစ်၊ ဧပြီလ ၂၇ ရက် နေ့စွဲပါ အမိန့်ဖြင့် ကြားနာ ဆုံးဖြတ်ချက်ချမှတ် ရာ၌ လက် မခံခဲ့ပေ။ ယခု အမှုတွင် အယူခံ တရားလို နှင့် အယူခံ တရားပြိုင် အမှတ်(၁)တို့၏ တသီး ပုဂ္ဂလ အနေဖြင့်၊ ၎င်းတို့၏ အရည် အချင်းသည် စကင်းနှင့် ကိုက်ညီ မညီ ကို ဆုံးဖြတ်ရန် ဒီကရီတောင်း ဆိုခြင်း ဖြစ်သည်။ ၎င်းတို့၏ ကိစ္စမှာအဖွဲ့နှင့် သက်ဆိုင်သော ကိစ္စမဟုတ်သေးပေ၊ ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီး အဖြစ်လည်း မရွေးရသေး၊ ခန့်အပ်ခြင်းလည်း မရှိသေးပေ။ ပထမ အချက်နှင့် ပတ်သက်၍၊ ကျွန်ုပ်တို့ တဦး ပါဝင် ဆုံးဖြတ်ခဲ့သော စုံညီ ခုံရုံး၏ **မစ္စတာ ကေ၊ ပီ၊ ဒတ် (စ်) ပါ ၅ နှင့် အတွင်းရေးမှူး၊ ရာထူး ခန့်အပ်ရေး ကော်မီတီ၊ ရှရီရှရီဒူဂါဘာရီ ဟိန္ဒူဘုရား ရှိခိုးကျောင်း ဂေါပက အဖွဲ့၊ ရန်ကုန်မြို့** (၂) အမှုကို ရည်ညွှန်းလိုသည်။ ထို့အပြင်၊ ဤအယူခံမှု၏ ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့နှင့် ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့စွဲဖြင့် နေ့စဉ် မှတ်တမ်းတို့ကိုလည်း ညွှန် ပြလိုသည်။

အထက် ဖေါ်ပြပါ အကြောင်း များကြောင့် မူလ ရုံး၏ စီရင် ချက်နှင့် ဒီကရီကို စရိတ်နှင့် တကွ ပယ်ဖျက်၍၊ အယူခံ တရားပြိုင် အမှတ် (၁) သည် ရွှေတိဂုံ စေတီတော်ကြီး စကင်း အပိုဒ် ၃ (က) အရ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးအဖြစ် **အရွေးခံရန် အရည်အချင်းနှင့် ပြည့်စုံသူတယောက် မဟုတ်ဟု ဆိုခြင်းမှာ၊ မှန်ကန်သည်ဟု ကျွန်ုပ်တို့ စီရင် ဆုံးဖြတ် လိုက်သည်။** အမှုမှာ အယူခံ တရားလိုနှင့် အယူခံ တရားပြိုင် အမှတ် (၁) တို့သာ ပြင်းပြင်း ထန်ထန် အပိုင် အဆိုင် ခုခံ ငြင်းဆိုကြသဖြင့် နှစ်ဦး စလုံး၏ တရားစရိတ်ကို အယူခံ တရားပြိုင် အမှတ်(၁)ကသာ ကျခံစေရမည် ဖြစ်သည်။ အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေ စရိတ် ငွေ ကျပ် ၁၇၀ နှင့် အယူခံ တရားပြိုင် အမှတ်(၂)ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး အဖွဲ့၏ တရားရုံးချုပ် ရှေ့နေ စရိတ် ငွေ ကျပ် ၁၀၀ အသီးသီး သတ်မှတ် သည်။

ဤရုံး၏၊ ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက် နေ့စွဲဖြင့် ယာယီ ဆိုင်းငံ့ အမိန့်ကို အတည်ပြုသော နေ့စဉ် မှတ်တမ်း အမိန့်ကို ပယ်ဖျက် လိုက်သည်။

---

(၂) ၁၉၆၉ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၇၉။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပဋ္ဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

† ၁၉၇၁

ဇွန်လ ၂ ရက်။

ဦးဘရှင်

နှင့်

ဦးမောင်မောင်ကလေး*

**မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁—အိမ်ရှင်သည် အိမ်ငှါးထံမှ ငှါးရမ်းခအတိုင်း တောင်းဆိုခွင့် ရှိခြင်း—ရေ မရသည့်အကြောင်းကြောင့် စံငှါးရမ်းခကို ပြင်ဆင်သတ်မှတ်ပေးရန် ပုဒ်မ ၂၇ (၂) အရ အိမ်ငှါးသည် ကြီးကြပ်ရေးဝန်ထံသို့ လျှောက်ထားသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။စံငှါးရမ်းခမှာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ် ထားသည့် ငှါးရမ်းခဖြစ်ရာ၊ **အိမ်ရှင်သည် အိမ်ငှါးထံမှ ထိုငှါးရမ်းခ အတိုင်း တောင်းဆို ပိုင်ခွင့် ရှိသည်။ အိမ်ရှင်**သည် ယင်း ငှါးရမ်းခ အတိုင်း တောင်း ဆိုပိုင်ခွင့် မရှိပဲ၊ အချို့ အဝက်ကိုသာ ရပိုင်ခွင့် ရှိသည်ဟု ဆိုလျှင်၊ စံငှါးရမ်းခကို ပြင်ဆင်ရာ ရောက်မည် ဖြစ်သည်။ **စံငှါးရမ်းခကို** မြို့ပြ ဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃၂ အရ၊ လွှဲအပ်လွှာ လက်ခံ နိုင်သည့် အာဏာပိုင်ကသာ ပြင်ဆင် **နိုင်သည်။** ။အယူခံ **တရားပြိုင် တင်ပြသည့် အတိုင်း ငှါးရမ်းခတွင် အခန်းအတွက်သာမက၊ ရေအတွက်လည်း ပါသည်ဟု ဆိုလျှင်၊** ရေ မရသည့် အကြောင်းကြောင့် စံငှါးရမ်းခကို ပြင်ဆင် **သတ်မှတ် ပေးသင့်ပါသည်ဟု ပုဒ်မ** ၂၇ (၂) အရ၊ အိမ်ငှါးသည် ကြီးကြပ်ရေးဝန် ထံသို့လျှောက် ထားသင့်သည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ် ရှေ့နေ မစ္စတာ မိုဟာမက်ဂျဖါး။
**အယူခံတရားခံအတွက်။** ။တရားရုံးချုပ် ရှေ့နေ ဦးတင်ဒေး။

**တရားသူကြီး ဦးသက်ဖေ။** ။အယူခံတရားလို ဦးဘရှင်သည် ရန်ကုန်မြို့၊ ၂၉ လမ်း၊ တိုက် အမှတ် ၂၂၂/၂၂၈ ၏ အိမ်ရှင်ဖြစ်သည်။ အယူခံ တရားပြိုင်

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပဋ္ဌမ အယူခံမှု အမှတ် ၅၇။

† ၁၉၆၈ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၄၃၄ တွင် ၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့စွဲပါရန်ကုန်မြို့၊ တရားမရုံး၊ တွဲဘက် တရားသူကြီးချုပ်ရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု၊

ဦးမောင်မောင်ကလေးသည် ထိုတိုက်၏ အခန်း အမှတ် ၈ ကို တလ ၇၅ ကျပ်ဖြင့် ငှါးရမ်းနေထိုင်သည့် အိမ်ငှါးဖြစ်သည်။

၁၉၇၁ — ဦးဘရှင် နှင့် ဦးမောင်မောင် ကလေး။

ဦးမောင်မောင်ကလေးသည် ၁၉၆၆ ခုနှစ်၊ ဇွန်လမှ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လအထိ ၂၂ လ အတွက် ငှါးရမ်းခ ၂,၀၂၅ ကျပ်ကို မပေးသဖြင့် ထိုငွေများကို ရလိုကြောင်း ဦးဘရှင်က တရားစွဲဆိုသည်။ ဦးမောင်မောင်ကလေး အပြင် အခြား အိမ်ငှါး ၇ ယောက်ကလည်း ဦးမောင်မောင်ကလေးနည်းတူ ငှါးရမ်းခများ ပေးရန် ပျက်ကွက်ကြသဖြင့် ၎င်းတို့ အသီးသီးတို့ကိုလည်း တရားစွဲဆိုခဲ့သည်။

အိမ်ငှါးများက ငှါးရမ်းခ ကြွေးငွေများပေးရန် ရှိသည်ကို မငြင်းသော်လည်း၊ အိမ်ခန်းများသို့ ရေပေးသော လျှပ်စစ် ရေစုတ်စက် ပျက်၍ ပြင်ရသည့်ပြင် ထိုရေစုတ်စက်လည်ပတ်ရန် အသုံးပြုသည့် လျှပ်စစ် ဓါတ်အားခများကို ပေးဆောင်ခဲ့ရသည့် အလျောက်ကုန်ကျခဲ့သည့် ငွေများကို ငှါးရမ်းခများမှ အချိုးကျ ခုနှိမ်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။

မူလရုံးက အိမ်ငှါးများ ကုန်ကျခဲ့သော ရေစုတ်စက် ပြင်ဆင်ခနှင့် ရေစုတ်စက် လည်ပတ်ရန် အသုံးပြုခဲ့သည့် လျှပ်စစ်ဓါတ်အားခငွေ ၂,၈၃၂ ကျပ်၊ ၈၁ ပြားကို အိမ်ငှါးရမ်းခထဲမှ တရားမျှတမှု အရ၊ ခုနှိမ်ခွင့်ရှိပါသည်။ ထိုငွေများကို အိမ်ငှါး ၁၂ ဦးက စိုက်ထုတ်ခဲ့ရခြင်းဖြစ်၍၊ အိမ်ငှါး တဦးလျှင် ၂၄၄ ကျပ် ၄၀ ပြား ခုနှိမ်ခွင့်ရှိသည်ဟုဆိုကာ စွဲဆိုသည့် ငှါးရမ်းခများမှ ခုနှိမ်ခွင့် ပြုလိုက်သောကြောင့် အိမ်ရှင်က မကျေနပ်၍ အယူခံဝင်လာခြင်းဖြစ်သည်။

အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေ မစ္စတာ ဂျဖါးက အခင်းဖြစ် ဥပစာသည် ၁၉၅၈ ခုနှစ်ကမှ ဆောက်လုပ်ခဲ့သည့် အဆောက် အဦ ဖြစ်ကြောင်း အငြင်းမပွါးသဖြင့် အိမ်ရှင်သည် အိမ်ငှါးများအား မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ (၁) အရ၊ ရေရရှိရေး အတွက် ဆောင်ရွက်ပေးရန် တာဝန်မရှိပါ။ ထို့ကြောင့် ရေရရှိရေး အတွက် အိမ်ငှါးများ စိုက်ထုတ်ခဲ့သည့် ကုန်ကျငွေကို ငှါးရမ်းခထဲမှ ခုနှိမ်ခွင့်ပြုခြင်းသည် မှားယွင်းပါသည်ဟု တင်ပြသွားသည်။

အယူခံတရားပြိုင်၏ တရားရုံးချုပ် ရှေ့နေ ဦးတင်အေးက အိမ်ရှင်သည် ဥပစာကို ဆောက်လုပ်ပြီး ငှါးရမ်းစဉ်ကပင် အငှါးချထားသော အခန်းများသို့ ရေပေးခဲ့ပါသည်။ သို့ဖြစ်ရာ ငှါးရမ်းခတွင် အခန်း အတွက်သာမက ရေအတွက်လည်း အပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့် ရေရရှိရေး အတွက် ကုန်ကျစရိတ်ကို ခုနှိမ်ခွင့်ပြုခြင်းသည် မှန်ကန်ပါသည်ဟု ပြန်လည်တင်ပြသွားသည်။

အယူခံတရားလိုသည် အယူခံ တရားပြိုင်အပေါ် စံငှါးရမ်းခ အတိုင်း တရားစွဲဆိုခြင်းဖြစ်သည်။ ထိုစံငှါးရမ်းခမှာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ်ထားသည့်

**၁၉၇၁**

**ဦဘရှင် နှင့် ဦးမောင်မောင် ကလေး။**

ငှါးရမ်းခဖြစ်ရာ၊ အိမ်ရှင်သည်အိမ်ငှါးထံမှထိုငှါးရမ်းခအတိုင်း တောင်းဆိုပိုင်ခွင့်ရှိသည်။ အိမ်ရှင်သည် ယင်းငှါးရမ်းခအတိုင်း တောင်းဆိုပိုင်ခွင့်မရှိပဲ၊ အချို့ အဝက်ကိုသာ ရပိုင်ခွင့်ရှိသည်ဟုဆိုလျှင် စံငှါးရမ်းခကို ပြင်ဆင်ရာရောက်မည်ဖြစ်သည်။ စံငှါးရမ်းခကို မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃၂ အရ လွှဲအပ်လွှာလက်ခံနိုင်သည့် အာဏာပိုင်ကသာ ပြင်ဆင်နိုင်သည်။

အယူခံတရားပြိုင် တင်ပြသည့် အတိုင်း ငှါးရမ်းခတွင် အခန်း အတွက်သာမက ရေအတွက်လည်း ပါသည်ဟု ဆိုလျှင် ရေမရသည့် အကြောင်းကြောင့် စံငှါးရမ်းခကို ပြင်ဆင်သတ်မှတ်ပေးသင့်ပါသည်ဟု ပုဒ်မ ၂၇ (၂) အရ၊ အိမ်ငှါးသည် ကြီးကြပ်ရေး ဝန်ထံသို့ လျှောက်ထားသင့်ပေသည်။ အိမ်ငှါးသည် လုံလောက်သော အကြောင်း ရှိပါက စံငှါးရမ်းခကို ပြင်ဆင်လျှော့ပေါ့ပေးရန် လျှောက်ထားနိုင်ကြောင်း၊ **ဝင်နီစူး မား နှင့် ဒေါ်အေးကြည် (၁) တို့ အမှု၌ ဆုံးဖြတ်ထားပြီး** ဖြစ်သည်။ **သို့ဖြစ်ရာ** ငှါးရမ်းခ ကြွေးငွေများမှ ရေစုတ်စက်အတွက် အချိုးကျ ကုန်ကျငွေ ၂၄၄ ကျပ်၊ ၄၀ ပြားကို ခုနှိမ်ခွင့်ပြုခဲ့သည့် မူလရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းနေ၍ ပယ်ဖျက် ရမည်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် အယူခံတရားလိုက အယူခံ တရားပြိုင်အပေါ် ၁,၇၇၀ ကျပ် ၆၀ ပြား အတွက်သာဒီကရီချမှတ်ထားသည့် အစား မလက စွဲဆိုသည့် အတိုင်း ငွေ ၂,၀၂၅ ကျပ် အပေါ် တရားစရိတ်များနှင့်တကွ ပြင်ဆင်၍ ဒီကရီ ချမှတ်ပေးလိုက်သည်။ **ဤရုံးရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။**

(၁) တရားရုံးချုပ်၏ ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်ထားမှု အမှတ် ၁၄၆။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

ဦးကိုးစိန်ပါ ၆ † ၁၉၇၁ မေလ ၂၂ ရက်။

နှင့်

မောင်အေး (ခေါ်) အင်အင်ကီး*

**ဒီကရီ မိတ္တူကို အယူခံလွှာ နှင့် ပူးတွဲ တင်သွင်းခြင်း မပြုပဲ နေ၍ ရ မရ—တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁—ဒီကရီ ရေးဆွဲခြင်း မပြုရသေးသည့် အကြောင်းကြောင့် အယူခံ အတွက်၊ ဒီကရီ မိတ္တူကို ကူးပေးရန် မလျှောက် ထားပဲ နေ၍ မရခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁ အရ၊ တရားမ ရုံး၏ ဒီကရီ တခုခု ကို အယူခံဝင်လျှင် အယူခံလွှာနှင့် အတူ အယူခံသော ဒီကရီ၏ မိတ္တူနှင့် စီရင်ချက် မိတ္တူတို့ကို ပူးတွဲ၍တင်သွင်းရမည်။ စီရင်ချက် မိတ္တူကို အယူခံရုံးက ခွင့်ပြုပါက တင်သွင်းခြင်း မပြုဘဲ နေနိုင်သည်။ ဒီကရီ မိတ္တူကိုမူကား တင်သွင်းခြင်း မပြုပဲ နေ၍ မရချေ။ ဒီကရီ မိတ္တူ မပါပဲ အယူခံလွှာ တင်သွင်းလျှင် ထို အယူခံသည် တရားဝင်သော အယူ ခံမဟုတ်ချေ။ **မွှိ၊ အိုင်၊ အီး၊ အိုင်၊ ဓမိုလမ် စကျွာနှင့် အီဗရာဟင်ရန်းကုမ္ပဏီ လီမိတက်၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး ၁၅၂ (တရားရုံး ချုပ်) ကို ကိုးကားသည်။**

**ထပ်မံဆုံးဖြတ်ချက်။** ။ရန်ကုန်မြို့၊ တရားမရုံး အက်ဥပဒေ ပုဒ်မ ၂၄ အရ၊ ထိုရုံးမှ ချမှတ်သော ဒီကရီကို ကာလ အတွင်း အယူခံဝင်ရမည် ဖြစ်သည်။ ဒီကရီကို မည်သည့် နေ့ရက်၌မှပင် ရေးဆွဲစေကာမူ စီရင်ချက် ချမှတ်သည့် နေ့မှ စ၍ ကာလ စည်းကမ်းသတ် အချိန်ကို စတင် ရေတွက်ရမည်။ ဒီကရီ ရေးဆွဲခြင်း မပြုရသေးသည့် အကြောင်းကြောင့် ဒီကရီ မိတ္တူကို ကူးပေးရန် မလျှောက် ထားပဲ နေ၍ မရချေ။ လျှောက်ထားခြင်း မပြု၍ ကာလ စည်းကမ်းသတ် အချိန် ကျော်လျှင်လွန်လျှင် ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်သည်။ **မောင်ဘိုးကျော် နှင့် မလေး၊ အတွဲ ၇၊ ရန်ကုန် ၁၀၊ မောင်ဘော်ဖြူ နှင့် မောင်ရန်ရှင်း ၁၉၃၉၊ ရန်ကုန် စီရင်ထုံး၊ ၆၁၆ ကို လိုက်နာသည်။**

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးသိန်း။

**အယူခံတရားခံအတွက်။** ။တရားရုံးချုပ် ရှေ့နေ ဦးဘရှိန်း။

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၁၆။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၀၉ တွင်၊ ၁၉၇၀ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက် နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံး၊ တတိယ တရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကို အယူခံ ဝင်မှု။

၁၉၇၁
ဦးဘိုးစိန်ပါ ၆ နှင့် မောင်အေး (၁) အင်အင်ကီး။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့ တရားမရုံးတွင် အယူခံ တရားလိုတို့က အယူခံတရားပြိုင် အပေါ် အိမ်လခ ငွေ ၁,၂၆၀ ကျပ် ရလိုကြောင်း စွဲဆိုရာ စွဲဆိုသော အမှုကို တရားစရိတ်နှင့်တကွ ပယ်လိုက်သည်။ ထိုသို့ ပယ်လိုက်သော ဒီကရီကို အယူခံ တရားလိုတို့က မကျေနပ်သဖြင့် ဤအယူခံမှုကို တင်သွင်းလာရာ အယူခံတရားပြိုင်က အယူခံသည် ကာလ စည်းကမ်းသတ် အချိန်ကျော်လွန်နေ၍ လက်မခံသင့်ကြောင်းတင်ပြလာသောကြောင့် ဤစီရင်ချက်ကို ချမှတ်ရခြင်းဖြစ်သည်။

တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁ အရ၊ တရားမရုံး၏ ဒီကရီ တခုခုကို အယူခံဝင်လျှင် အယူခံလွှာနှင့်အတူ အယူခံသော ဒီကရီ၏ မိတ္တူနှင့် စီရင်ချက် မိတ္တူတို့ကို ပူးတွဲ၍ တင်သွင်းရမည်။ စီရင်ချက် မိတ္တူကို အယူခံရုံးက ခွင့်ပြုပါက တင်သွင်းခြင်း မပြုဘဲ နေနိုင်သည်။ ဒီကရီ မိတ္တူကိုမူကား တင်သွင်းခြင်း မပြုဘဲ နေ၍ မရချေ။ ဒီကရီ မိတ္တူမပါဘဲ အယူခံလွှာ တင်သွင်းလျှင် ထိုအယူခံသည် တရားဝင်သော အယူခံ မဟုတ်ချေ။ ထိုအတိုင်းပင် **ဗွီ၊ အိုင်၊ အီး၊ အိုင် စမိုလမ်စကကျွာ နှင့် အီဗရာဟင်ရန်း ကုမ္ပဏီလီမိတက်** (၁) တို့အမှုတွင် ဆုံးဖြတ်ထားပြီးဖြစ်သည်။

ယခု အမှုတွင် မူလရုံးမှ စီရင်ချက်ကို ၁၉၇၀ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့တွင် ချမှတ်ပြီး ဒီကရီကို ၁၉၇၀ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၄ ရက်နေ့၌ ရေးဆွဲခဲ့သည်။ ဤအယူခံမှုကို ၁၉၇၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် တင်သွင်းရာ၌ စီရင်ချက်၏ မိတ္တူကိုသာ အယူခံလွှာနှင့် ပူးတွဲ တင်သွင်းခဲ့သည်။ ဒီကရီ၏ မိတ္တူကို တင်သွင်းခြင်း မပြုခဲ့ပေ။ ဒီကရီ မိတ္တူကို တင်ရန် တာဝန်ယူပါသည်ဟု အယူခံလွှာ၌ အယူခံတရားလို၏ တရားရုံးချုပ် ရှေ့နေ ဦးသိန်းက ရေးသား လက်မှတ်ထိုးခဲ့သည်။ ဒီကရီမိတ္တူကိုမူ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ကျမှ တင်သွင်းခဲ့လေသည်။

ရန်ကုန်မြို့ တရားမရုံး အက်ဥပဒေ ပုဒ်မ ၂၄ အရ၊ ထိုရုံးမှ ချမှတ်သော ဒီကရီကို တလအတွင်း အယူခံဝင်ရမည်ဖြစ်သည်။ ဒီကရီကို မည်သည့်နေ့ရက်၌ပင်၊ ရေးဆွဲစေကာမူ၊ စီရင်ချက် ချမှတ်သည့် နေ့မှစ၍ ကာလ စည်းကမ်းသတ် အချိန်ကို စတင်၍ ရေတွက်ရမည်။ ဒီကရီ ရေးဆွဲခြင်း မပြုရသေးသည့် အကြောင်းကြောင့် ဒီကရီမိတ္တူကို ကူးပေးရန် မလျှောက်ထားဘဲ နေ၍ မရချေ။ လျှောက်ထားခြင်း မပြု၍ ကာလစည်းကမ်းသတ် အချိန် ကျော်လွန်လျှင် ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်သည်။ ထိုအတိုင်းပင် **မောင်ဘိုးကျော် နှင့် မလေး** (၂)။ **မောင်ဘော်ဖြူ နှင့် မောင်ရန်ရှင်း** (၃) တို့အမှုများ၌ဆုံးဖြတ်ထားသည်ကို ကျွန်ုပ်တို့ သဘောတူသည်။

(၁) ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး ၁၅၂ (တရားရုံးချုပ်)။
(၂) အတွဲ ၇၊ ရန်ကုန် ၁၀။
(၃) ၁၉၃၉၊ ရန်ကုန်စီရင်ထုံး ၆၀၆။

၁၈၇၁ — ဦးဘိုးစိန်ပါ ၆ နှင့် မောင်အေး (ခေါ်) အင်အင်ကြီး။

ဤအမှု၌ မူလရုံးမှ ၁၈၇၀ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့တွင် စီရင်ချက်ချမှတ်ခဲ့သော်လည်း၊ အယူခံတရားလိုသည် ဒီကရီ မိတ္တူကို ၁၈၇၀ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင်ကူးပေးရန် လျှောက်လွှာတင်ပြီး ဒီကရီမိတ္တူကို ရရှိသည့် ၁၈၇၀ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၌ ဤရုံးသို့ တင်သွင်းခဲ့သည်။ ဒီကရီ မိတ္တူကို ကူးရန် လျှောက်ထားသည့် ၁၈၇၀ ခုနှစ်၊ မေလ ၂၉ ရက်နေ့၌ပင် မူလရုံး ဒီကရီကို အယူခံဝင်ရန် ကာလစည်းကမ်းသတ် အချိန်မှာ များစွာကျော်လွန်နေကြောင်း ပေါ်လွင်သည်။ အယူခံကို ၁၈၇၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် တင်သွင်းခဲ့သော်လည်း ဒီကရီမိတ္တူမပါသဖြင့် တရားဝင်သော အယူခံ မဟုတ်ပေ။ ဥပဒေက ခွင့်ပြုထားသည့်အချိန်တလထက် ကျော်လွန်ပြီးမှ၊ ဒီကရီ မိတ္တူကို တင်သွင်းခဲ့သဖြင့် ဤအယူခံသည် ကာလစည်းကမ်းသတ အချိန် ကျော်လွန်ပြီးမှ တင်သွင်းခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။ အချိန်ကျော်လွန်ပြီး တင်သွင်းရခြင်းမှာ လုံလောက်သော အကြောင်းရှိသည်ဟုလည်း တင်ပြခြင်း မပြုနိုင်သည့် အလျောက် ဤအယူခံကို ပယ်လိုက်သည်။

အမှုတွင် ပေါ်ပေါက်နေသော ကြောင်းခြင်းရာများအရ၊ ဤအယူခံမှုနှင့်စပ်လျဉ်း၍တရားစရိတ်ချမှတ်ခြင်းမပြု။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးခိန်သင်းတို့ ရှေ့တွင်

ဒေါ၊ အိ၊ မဒါး

နှင့်

ကိုမောင်ရွှေ *

† ၁၉၇၁

မေလ ၂၂ ရက်။

**သမ္မာန်စာ အတည်ပြုခြင်း—တရားမ ကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၁၇ တွင် ပြဋ္ဌာန်း ထား သည့်အတိုင်း သမ္မာန်စာ အတည် ပြုရာတွင် တိကျစွာ ဆောင်ရွက် ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမ ကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၁၇ အရ၊ တရားပြိုင် **တဦးသည် သမ္မာန်စာ လက်ခံ ရရှိကြောင်း ဝန်ခံ လက်မှတ်** ရေးထိုးရန် ငြင်းဆန် ပါက သမ္မာန်စာ **အတည်ပြု သူသည်၊** တရားပြိုင် **အိမ်၏** အပြင် တံခါး၊ သို့မဟုတ် တင်ရှားသည့် အစိတ် အပိုင်းတွင် **သမ္မာန်စာ** ကို တွဲထား၊ ကပ်ထားရန် လိုသည်။ ယင်းသို့ တွဲထား ကပ်ထားခြင်း မရှိလျှင် သမ္မာန်စာသည် အတည် ဖြစ်သည်ဟု ယူဆ နိုင်မည် မဟုတ်ပေ။ ထိုနည်းဥပဒေအရ၊ သမ္မာန်စာ အတည်ဖြစ်လျှင် **အမှုကိုတဘက်သတ်** ကြားနာ နိုင်သဖြင့် ယင်း နည်းဥပဒေသည်၊ အပြစ်ဒဏ် ခတ်သော သဘော **ရှိသည့်** ပြဋ္ဌာန်းချက် **တခုဖြစ်၍၊** ပြဋ္ဌာန်းချက်ဘွင် ပါသည့် အတိုင်း **တိကျစွာ ဆောင်ရွက်ရန်** လိုသည်၊ **ဦးဝ နှင့် ဦးဘထွန်း ၁၉၆၂** ခု၊ **မြန်မာနိုင်ငံ** စီရင်ထုံး၊ ၃၇၉ (တရားရုံးချုပ်)။ **ဦးကျော်ခင် နှင့် ဦးကြီးမောင်** ၁၉၆၃ ခု၊ မြန်မာ နိုင်ငံ စီရင်ထုံး၊ ၄၅၆ သို့ကို ရည်ညွှန်းသည်။

**လျှောက်ထားသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ မဥ္ဇာဘ အမ်၊ ဒေါ၊ ဆုဘန်း။

**လျှောက်ထားခံရသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်။

**တရားသူကြီး ဦးသက်ဖေ။** ။ရန်ကုန်မြို့၊ တရားမရုံးတွင် လျှောက်ထားသူက လျှောက်ထားခံရသူအပေါ် လျော်ကြေးငွေ ၈၀၁ ကျပ်နှင့် အမြဲတန်း တားဝရမ်း ရလိုမှုစွဲဆိုခဲ့သည်။ အမှုကိုကြားနာသည့်နေ့၌ လျှောက်ထားခံရသူသည် ရုံးသို့လာ ရောက်ခြင်းမရှိသဖြင့် တဘက်သတ်ကြားနာပြီး စွဲဆိုသောအမှုကို၊ အနိုင်ဒီကရီချမှတ် ပေးလိုက်သည်။

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၂၉။

† ၁၉၆၉ ခုနှစ်၊ တရားမသေးအဖွဲ့အမှုအမှတ် ၁၀၀ တွင်၊ ၁၉၇၀ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံး၊ ဧတုတ္ထ တရားသူကြီးရုံး၏ ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

၁၉၇၁ — အေး၊ အိုး၊ မဒါး နှင့် ကိုမောင်ရွှေ။

လျှောက်ထားသူက ဒီကရီကို ဇာရီပြုလုပ်သောအခါ လျှောက်ထားခံရသူက ၎င်းအပေါ် အမှုစွဲဆိုထားခြင်းကို မသိသဖြင့် အမှုကြားနာစဉ်က ရုံးသို့မလာရောက်ရခြင်းဖြစ်သည့်အလျောက် တဘက်သတ်ဒီကရီကို ပယ်ဖျက်ပေးရန်လျှောက်ထားသည်။ မူလရုံးတရားသူကြီးသည် စုံစမ်းမှုပြုလုပ်ပြီးနောက် တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ အရ၊ သမ္မာန်စာအတည်မဖြစ်ဟု ဆုံးဖြတ်ကာ တဘက်သတ်ဒီကရီကိုပယ်ဖျက်လိုက်သည်။ ထိုကဲ့သို့ တဘက်သတ်ဒီကရီကို ပယ်ဖျက်လိုက်သောအမိန့်ကို လျှောက်ထားသူက မကျေနပ်၍ ပြင်ဆင်မှုတင်သွင်းလာခြင်းဖြစ်သည်။

ယခုအမှုတွင် သမ္မာန်လုလင်က လျှောက်ထားခံရသူအား သမ္မာန်စာသွားရောက်အတည်ပြုရာ လျှောက်ထားခံရသူသည် သမ္မာန်စာလက်ခံရရှိကြောင်း ဝန်ခံလက်မှတ်ထိုးရန် ငြင်းဆန်သဖြင့် လျှောက်ထားခံရသူ ပြင်ဆင်လျက်ရှိသော မော်တော်ကားထဲသို့ သမ္မာန်စာကိုသည့်ခဲ့ကြောင်း ပေါ်ပေါက်လျက်ရှိသည်။

တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ အရ၊ တရားပြိုင်တဦးသည် သမ္မာန်စာလက်ခံရရှိကြောင်း ဝန်ခံလက်မှတ်ထိုးရန် ငြင်းဆန်ပါက သမ္မာန်စာအတည်ပြုသူသည် တရားပြိုင်အိမ်၏ အပြင်တံခါး၊ သို့မဟုတ် ထင်ရှားသည့်အစိတ်အပိုင်းတွင် သမ္မာန်စာကို တွဲထား၊ ကပ်ထားရန်လိုသည်။ ယင်းသို့ တွဲထားကပ်ထားခြင်းမရှိလျှင် သမ္မာန်စာသည် အတည်ဖြစ်သည်ဟု ယူဆနိုင်မည်မဟုတ်ပေ။ ထိုနည်းဥပဒေအရ၊ သမ္မာန်စာအတည်ပြုဖြစ်လျှင် အမှုကိုတဘက်သတ် ကြားနာနိုင်သဖြင့် ယင်းနည်းဥပဒေသည် အပြစ်ဒဏ်ပေးတော်သော သဘောရှိသည့် ပြဋ္ဌာန်းချက်တခုဖြစ်၍ ပြဋ္ဌာန်းချက်တွင်ပါသည့်အတိုင်း တိကျစွာဆောင်ရွက်ရန်လိုသည်။ ထို့ကြောင့်ပင် **ဦးဝ နှင့် ဦးဘထွန်း**(၁)တို့အမှုတွင် သမ္မာန်စာကို တရားပြိုင်အိမ်၏ အပြင်တံခါး၊သို့မဟုတ် **ထင်ရှားသောအစိတ်အပိုင်းတွင် ကပ်ထားရန်၊ တွဲထားရန်မဖြစ်နိုင်သည့် အကြောင်းမရှိပါက ထိုကဲ့သို့ဆောင်ရွက်ရန်** ပျက်ကွက်ခြင်းသည် တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ ကို၊ ဆန့်ကျင်ရာရောက်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် **ဦးကျော်ခင် နှင့် ဦးကြီးမောင်**(၂)တို့အမှုတွင်လည်း တရားပြိုင်၏အိမ်ခန်း သံဇကာတွင် သမ္မာန်စာကိုညှပ်ထားခဲ့ခြင်းသည် အဆိုပါနည်းဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ပြဆိုခဲ့ပေသည်။

ယခုအမှုတွင် သမ္မာန်လုလင်သည် လျှောက်ထားခံရသူအိမ်၏ အပြင်တံခါး၊ သို့မဟုတ် ထင်ရှားသောအစိတ်အပိုင်း၌ သမ္မာန်စာကိုတွဲရန်သော်၎င်း၊ ကပ်ရန်သော်၎င်း မဖြစ်နိုင်သည့်အကြောင်း တစုံတရာရှိသည်ဟု မပေါ်ပေါက်ပေ။ သို့ဖြစ်ရာ လျှောက်ထားခံရသူအပေါ် ချအပ်ခဲ့သော သမ္မာန်စာသည် တရားမကျင့်ထုံးအမိန့် ၅၊ နည်း

(၁) ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး ၃၇၉ (တရားရုံးချုပ်)။

(၂) ၁၉၆၃၊ မြန်မာပြည်စီရင်ထုံး ၄၅၆။

၁၉၇၁ — အောအီးမဒါး နှင့် ကိုမောင်ရွှေ။

ဥပဒေ ၁၇ အရ အတည်မဖြစ်ဟုဆိုသော "မူလရုံး၏" ဆုံးဖြတ်ချက်သည် မှန်ကန်သည်။

ဤကိစ္စမှာ တရားရုံးအမှုထမ်း၏ ချို့ယွင်းချက်ကြောင့် အမှုသည်အား ထိခိုက်ရသည့်သာဓက တရပ်ပင်ဖြစ်ပေသည်။ သို့ဖြစ်ရာ သမ္မာန်လုလင်များအား အုပ်ချုပ်ရသည့် ဘိလစ်၊ ရုံးဝန်ထောက်စသည့် ဝန်ထမ်းများက သမ္မာန်လုလင်များအား သမ္မာန်စာအတည်ပြုရာ၌ တရားဥပဒေနှင့်ညီညွတ်စေရန် မည်သို့မည်ပုံဆောင်ရွက်ရမည်ဟု သွန်သင်ညွှန်ကြားပြသကြရန် ကျွန်ုပ်တို့တိုက်တွန်းလိုပေသည်။

အထက်ပါအကြောင်းများကြောင့် ဤပြင်ဆင်မှုကိုပယ်လိုက်သည်။ ပေါ်ပေါက်လျက်ရှိသော ကြောင်းချင်းရာများအရ တရားစရိတ်နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်းမပြု။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးဂိုန်သင်းကို့ ရှေ့တွင်၊

ဒေါ်မေမေခင်ပါ ၂

နှင့်

ဒေါ်ကျောင်ရှန်းပါ ၄*

† ၁၉၇၁

မေလ ၁၄ ရက်

**မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ—ဗုဒ္ဓဘာသာတဦးဖြစ်ရန် စိတ်နေစိတ်ထားသာလျှင် ပဓါနဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဗုဒ္ဓဘာသာ မိဘများမှ **ဆင်းသက်သည့် သားသမီး များသည် အခြား ဘာသာ တခုသို့ ကူးပြောင်း ကိုးကွယ်ခြင်း မရှိလျှင်၊ ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟု ယူဆ နိုင်သည်။ မိရိုးဖလာ အားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသူများ** အဖို့ ဘုရားသွား ကျောင်းတက် အစ ရှိသည့် ဘာသာရေး ကိုင်းရှိုင်းမှုများ မပြု လုပ်စေကာမူ၊ အခြား ဘာသာသို့ မကူးပြောင်း သေးသမျှ ကာလ ပတ်လုံး ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟု လွယ်လင့် တကူ ယူဆ နိုင်သည်။ သို့ရာတွင် အခြား ဘာသာမှ ကူးပြောင်း လာသည့် သူများ၊ မိရိုးဖလာ အားဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူများနှင့် ပတ်သက်၍မူ၊ ထိုသူများသည်၊ ဗုဒ္ဓဘာသာဝင်များ ဟုတ်၊ မဟုတ် အဆုံး အဖြတ် ပြုရန် မလွယ်ကူပေ။ ဗုဒ္ဓဘာသာဝင် တဦး ဖြစ်ရန် အတွက် အခြား ဘာသာများ မှ ကဲ့သို့ ဘာသာ သစ်သို့ သွတ်သွင်းသော ပွဲလမ်း အခမ်း အနား ဟူ၍ မရှိသည်နှင့် အမျှ၊ ဗုဒ္ဓဘာ သာဝင် အဖြစ်သို့ ရောက် မရောက်၊ သက်သေ ထင်ရှား ပြသရန် ခက်ခဲသည်။ ဘုရား တရား သံ ဃာ တည်းဟူသော ရတနာ သုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူသည် ဗုဒ္ဓဘာသာ ဖြစ်သည် ဟု ယေဘုယျ အားဖြင့် ဆိုသည်။ သို့ဖြစ်လေရာ၊ ဗုဒ္ဓ ဘာသာ တဦး ဖြစ်ရန် အတွက် စိတ်နေ စိတ် ထား သာလျှင် ပဓါန ဖြစ်သည်။ သူတဦး၏ စိတ် ဓါတ်ကို သိရှိ နိုင်ရန် ခဲယဉ်းသည်။ **ဒေါ်မွန်းနှီး ပါ ၈ နှင့် အယ် (လ်) အနင်း** ၁၉၆၂၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ ၂၃၂ ကို လိုက်နာသည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေများ ဦးမြင့်စိုးနှင့် ဦးဘစိန်။

**အယူခံတရားပြိုင် (၁) မှ (၁၁) အထိအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာ။

**အယူခံတရားပြိုင် (၁၂) အတွက်။** ။မလာရောက်။

---

* ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၁၅။

† ၁၉၆၃ ခုနှစ်၊ တရားမ ကြီးမှု အမှတ် (၁) တွင် ၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲပါ မော်လမြိုင်မြို့ ခရိုင်တရားမ တရားသူကြီး ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၁ — ဒေါ်မေမေခင် ပါ ၂ နှင့် ဒေါ်ကျောင်ရှန်း ပါ ၄။

**တရားသူကြီး ဦးစိန်သင်း။** ။ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ၊ ၁၉၃၉ ခုနှစ်အတွင်းက၊ မော်လမြိုင်မြို့နေ ပစ္စည်းဥစ္စာ အတော်အတန် ကုံလုံကြွယ်ဝသော တရုပ်လူမျိုး အသက် ၈၀ ခန့်ရှိသော စောဘင်ငါး (ခ) စောစင်ဘင် ကွယ်လွန်သွားသည်။ စောဘင်ငါး အနိစ္စရောက်ပြီးနောက် ၎င်း၏ အမွေစားအမွေခံအချင်းချင်း တရားတဘောင်များဖြစ်ခဲ့ကြရာ ဤအယူခံမှုနှင့်သက်ဆိုင်သော အမှုများမှာ၊ မော်လမြိုင် ခရိုင် တရားမရုံး၊ ၁၉၆၃ ခု၊တရားမကြီးမှုအမှတ်(၁)နှင့် ၁၉၆၄ ခု၊ တရားမကြီးမှုအမှတ် (၁၈) တို့ဖြစ်ကြသည်။ တရားမကြီးမှုအမှတ် ၁/၆၃ တွင်စောဘင်ငါး၏မြေးများ ဖြစ်ကြသော ဒေါ်မေမေခင်နှင့် စောဖြန်းရှင်းတို့က၊ ၎င်းတို့၏ဖခင် ကွယ်လွန်သူ စောယူတိတ်အား စောဘင်ငါးက သေတမ်းစာဖြင့် ပေးသွားသည်ဆိုသော ပစ္စည်း များကို အုပ်ထိန်းရန်အတွက် သေတမ်းစာအတည်ပြုသည့်လက်မှတ် (Probate) လျှောက်ထားကြသည်။ တရားမကြီးမှုအမှတ် ၁၈/၆၄ တွင်မူ၊ စောဘင်ငါး၏သမီး ဖြစ်သူ ဒေါ်ကျောင်ရှန်းက၊ စောဘင်ငါးပိုင် ပစ္စည်းများအပေါ် အမွေထိန်းလက်မှတ်စာ (Letters of Administration) ရလိုကြောင်း လျှောက်ထားသည်။ ထိုအမှုနှစ်မှု စလုံးကိုမူလရုံးတွင် တပေါင်းတည်းကြားနာစစ်ဆေးခဲ့ရာ၊ အမှုနှစ်မှုစလုံးအတွက်အဓိက ကောက်ချက်မှာ "စောဘင်ငါးသည်ကွယ်လွန်ချိန်ကတရုပ်လူမျိုးဗုဒ္ဓဘာသာဝင်ဖြစ်သ လား၊သို့တည်းမဟုတ်၊တရုပ်လူမျိုးကွန်ဖြူးရှင်ဘာသာဝင်ဖြစ်သလား" ဟူ၍ဖြစ်သည်။

စောဘင်ငါးသည် တရုပ်လူမျိုး ကွန်ဖြူးရှင် ဘာသာဝင် တဦးဖြစ်ကြောင်း၊ ဒေါ်မေမေခင်တို့က အောက်ပါအချက်များနှင့် စပ်လျဉ်း၍ သက်သေထူခဲ့သည်။

(၁) စောဘင်ငါးသည် တရုပ်လို ဝတ်စားဆင်ယင်လေ့ရှိသည့်အပြင်၊ကျစ်ဆံ မြီးထား၍ တရုပ်ဦးထုပ်ကိုသာလျှင် ဆောင်းခဲ့ကြောင်း။

(၂) စောဘင်ငါးသည်နှစ်သစ်ကူးသောအခါဘိုးဘွားများကိုရှိခိုးခြင်း၊တစ္ဆေ ကြီး ပွဲများကျင်းပခြင်း၊ သင်းချိုင်းကိုရှိခိုးခြင်း၊ အိမ်နှင့်ဆိုင်တို့တွင် နတ်စင်ထားခြင်းများကို ပြုလုပ်ခဲ့ကြောင်း။

(၃) စောဘင်ငါးသည် တရုပ်ဘုံကျောင်းတွင် ဘုံလူကြီးတဦးအဖြစ် ဆောင် ရွက်ခဲ့ကြောင်း။

(၄) စောဘင်ငါး သေဆုံးသောအခါ တရုပ်ထုံးစံအတိုင်း တရုပ်သင်ချိုင်း၌ အသုဘချခဲ့ကြောင်း။

စောဘင်ငါး၏ သမီး ဒေါ်ကျောင်ရှန်းကမူ၊ မိမိ၏ဖခင်သည် ဗုဒ္ဓဘာသာဝင် တဦးဖြစ်ကြောင်း၊ အောက်ပါ အချက်များနှင့် စပ်လျဉ်း၍ သက်သေထူခဲ့သည်။

(၁) စောဘင်ငါးသည် အသက်ရှင်လျက် ရှိစဉ်က နေအိမ်တွင် ဗုဒ္ဓဘာသာ ဘုရားစင်ထားကာပန်းရေချမ်း ဆွမ်းနှင့်ဆီမီးများအမြဲကပ်လှူလေ့ရှိ ကြောင်း။

(၂) တောင်ဝေ့ဆရာတော်နှင့် မိုးညှင်းဆရာတော်များကို စောဘင်ငါးသည် ပင့်ဘိတ်ပြီး ဆွမ်း၊ ကွမ်းများ ဆက်ကပ်လှူဒါန်းခြင်း ပြုခဲ့ကြောင်း။ သီတင်းကျွတ် လပြည့်နေ့တိုင်းတွင် သံဃာတော် အပါး ၂၀၀ ကို ကျိုက်သံလံဘုရား၌ ဆွမ်းလောင်းလှူရှိကြောင်း။

၁၉၇၁ ဒေါ်မေမေခင် ပါ ၂ နှင့် ဒေါ်ကျောင်ရှန် ပါ ၄။

(၃) စောဘင်ငါးသည် အောင်တော်မူတွင် ဘုန်းကြီးကျောင်း တန်ဆောင်း ဆောက်၍ ရေကန်တကန် တူးပြီး လှူထားခဲ့သည့်အပြင်၊ စေတီ နှစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့ကြောင်း။

မူလရုံးတွင် ရရှိသည့် သက်သေခံချက်များအရ၊ အမှုစစ် တရားသူကြီးက စောဘင်ငါးသည် သေဆုံးသွားသည်အထိ တရုပ်အဝတ်အစားများကို ဝတ်ဆင်ပြီး ကျစ်ဆံမြီးထားကြောင်း ပေါ်လွင်ထင်ရှားပါသည်။ သို့ရာတွင် ယင်းကဲ့သို့ ဝတ်စား ဆင်ယင်ရုံကာမျှဖြင့် ဗုဒ္ဓဘာသာမဟုတ် ကွန်ဖြူးရှင် ဘာသာဝင် တဦးဖြစ်သည်ဟု မယူဆနိုင်ပါ။ အိမ်နှင့်ဆိုင်များ၌ နတ်စင်များထားခြင်းမှာ စီးပွါးရေးအရ ပြုလုပ်ခဲ့ ခြင်း ဖြစ်နိုင်ပါသည်။ တရုပ်ဘုံလူကြီးအဖြစ် ဆောင်ရွက်ခဲ့ခြင်းမှာလည်း ကိုးကွယ် သည့် ဘာသာနှင့် သက်ဆိုင်ခြင်း မရှိနိုင်ပါ။ အလားတူစွာ တရုပ်ထုံးစံအတိုင်း အသုဘချခြင်းသည် ဘာသာရေးနှင့် သက်ဆိုင်ခြင်း ရှိသည်ဟု မယူဆနိုင်ပါ၊ အစ ရှိသဖြင့် ကောက်ယူဆုံးဖြတ်ပြီး၊ စောဘင်ငါးသည် ကွန်ဖြူရှင်း ဘာသာဝင်တဦး ဖြစ်ကြောင်း မထင်ရှားပါဟု ကောက်ယူ ဆုံးဖြတ်ခဲ့သည်။ ဗုဒ္ဓဘာသာကို ယုံကြည် သက်ဝင်သူတဦးအဖြစ်နှင့်စပ်လျဉ်း၍ စောဘင်ငါးသည် ဗုဒ္ဓဘာသာဝင် တဦးကဲ့သို့ ပြုမူနေထိုင်ကြောင်း ခိုင်လုံသည့် သက်သေခံချက်များ ရရှိခဲ့ပါသည်။ စောဘင်ငါး သည် မိမိ၏သားများအား ရှင်ပြုခဲ့သည့်အပြင် သံဃာများအား ကိုးကွယ်ဆည်းကပ် ခဲ့ကြောင်းမှာ အလွန်ပေါ်လွင်ပါသည်။ မူလကကွန်ဖြူးရှင်ဘာသာဝင်တဦး ဖြစ်ခဲ့စေ ကာမူ စောဘင်ငါးသည် သေဆုံးစဉ်က ဗုဒ္ဓသာသာဘာဝင်တဦး ဖြစ်ကြောင်း သက်သေခံ အထောက်အထား လုံလောက်စွာ ရရှိပါသည်ဟု ကောက်ယူဆုံးဖြတ်ပြီး၊ အထက် ဖော်ပြပါ ကောက်ချက်ကို ဒေါ်ကျောင်ရှန်း၏ အကျိုးငှါ အဖြေ ပေးခဲ့လေသည်။ မူလရုံး တရားသူကြီးက ကွယ်လွန်သူ စောဘင်ငါးသည် ကွယ်လွန်ချိန်က ဗုဒ္ဓဘာသာ ဝင် တဦး ဖြစ်ခဲ့သဖြင့် အကယ်၍ သေတမ်းစာ ရေးသားခဲ့စေကာမူ၊ ထိုသေတမ်းစာ မှာ တရားဝင် ဆောင်ရွက်နိုင်သည့် သေတမ်းစာ မဟုတ်နိုင်ပါ။ ဒေါ်ကျောင်ရှန်း မှာ စောဘင်ငါး၏ အသက်ရှင်လျက်ရှိသော တဦးတည်း သမီးဖြစ်ခြင်းကြောင့် စောဘင်ငါးပိုင် ပစ္စည်းများနှင့် စပ်လျဉ်း၍ ဒေါ်ကျောင်ရှန်းသာလျှင် အမွေထိန်းစာ လက်မှတ်ရသင့်ပါသည်ဟု အဆုံးအဖြတ်ပြုပြီး၊ ဒေါ်မေမေခင်တို့၏ အမှုကို ပယ်၍၊ ဒေါ်ကျောင်ရှန်းအား အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် စီရင်ချက်ချမှတ်လိုက်

၁၉၇၁
ဒေါ်မေမေခင် ပါ ၂ နှင့် ဒေါ်ကျောင်ရှန်း ပါ ၄။

သည်။ ထိုစီရင်ချက်နှင့် ဒီကရီတို့ကို မကျေနပ်သဖြင့် ဒေါ်မေမေခင်တို့က ယခု ကျွန်ုပ်တို့ရှေ့ရှိ အယူခံလွှာကို တင်သွင်းခြင်း ဖြစ်သည်။

ယခု ကျွန်ုပ်တို့ရှေ့တွင် လျှောက်လဲချက်များ ပေးရာ၌ နှစ်ဦးနှစ်ဘက်သော ရှေ့နေကြီးများက စောဘင်ငါးသည် သေဆုံးစဉ်က တရုပ်လူမျိုး ဗုဒ္ဓရာ ဘာသာဝင် ဖြစ်ခဲ့သော်၊ သေတမ်းစာ ရေးပိုင်ခွင့် မရှိသဖြင့် မူလရုံး၌ အမှုများ စွဲဆိုစဉ်က စောဘင်ငါး၏သားသမီးများ အနက် ဒေါ်ကျောင်ရှန်း တဦးတည်းသာလျှင် အသက် ရှင်လျက် ရှိသောကြောင့် ၎င်းသည် စောဘင်ငါးပိုင် ပစ္စည်းများအတွက် အမွေထိန်း စာ လက်မှတ် ရသင့်သူဖြစ်ကြောင်း လက်ခံကြသည်။ ထို့ကြောင့် ဤအမှုတွင် ခက်ခဲနက်နဲသောပြဿနာရပ်မပါဝင်။ စောဘင်ငါးသည် သေဆုံးစဉ်က ဗုဒ္ဓဘာသာဝင် တဦး ဟုတ်မဟုတ်ဟူသည့် အကြောင်းခြင်းရာ ပြဿနာသာလျှင် အကျုံးဝင်သည်။ စောဘင်ငါးသည် မူလက ကွန်ဖြူးရှင်ဘာသာကို ကိုးကွယ်သူ တဦးဖြစ်ကြောင်း ထင်ရှားသည်။ သို့ရာတွင် နောက်ပိုင်း၌ ဗုဒ္ဓဘာသာဝင်များ ပြုမူနေထိုင် ကျင့်ကြံ တတ်သည့် အလေ့အထများကို ပြုလုပ်ခဲ့ကြောင်း ထင်ရှားလေရာ၊ ယင်းသို့ ပြုမူ ကျင့်ကြံခြင်းကြောင့် ဗုဒ္ဓဘာသာဝင်တဦး အဖြစ်သို့ ရောက်ရှိသွား-မသွားကို စဉ်းစား ရန်လိုသည်။

ဗုဒ္ဓဘာသာ မိဖများမှ ဆင်းသက်သည့် သားသမီးများသည်၊ အခြားဘာသာ တခုသို့ ကူးပြောင်း ကိုးကွယ်ခြင်းမရှိလျှင် ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟု ယူဆ နိုင်သည်။ မိရိုးဖလာအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသူများအဖို့ ဘုရားသွား ကျောင်းတက် အစရှိသည့် ဘာသာရေး ကိုင်းရှိုင်းမှုများ မပြုလုပ်စေကာမူ၊ အခြား ဘာသာသို့ မကူးပြောင်းသေးသမျှ ကာလပတ်လုံး ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟု လွယ်လင့်တကူ ယူဆနိုင်သည်။ သို့ရာတွင် အခြား ဘာသာမှ ကူးပြောင်းလာသည့် သူများ မိရိုးဖလာအားဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူများနှင့် ပတ်သက်၍မူ၊ ထိုသူ များသည် ဗုဒ္ဓဘာသာဝင်များ ဟုတ်-မဟုတ် အဆုံးအဖြတ်ပြုရန် မလွယ်ကူပေ။ ဗုဒ္ဓဘာသာဝင်တဦး ဖြစ်ရန်အတွက်၊ အခြား ဘာသာများမှာကဲ့သို့ ဘာသာသစ်သို့ သွတ်သွင်းသော ပွဲလမ်းအခမ်းအနားဟူ၍ မရှိသည်နှင့်အမျှ၊ ဗုဒ္ဓဘာသာဝင် အဖြစ်သို့ ရောက်မရောက် သက်သေထင်ရှားပြသရန် ခက်ခဲသည်။ ဘုရား-တရား-သံဃာ တည်း ဟူသော ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူသည် ဗုဒ္ဓဘာသာဖြစ်သည်ဟု ယေဘူယျအားဖြင့် ဆိုသည်။ သို့ဖြစ်လေရာ၊ ဗုဒ္ဓဘာသာ တဦးဖြစ်ရန်အတွက် စိတ်နေ စိတ်ထားသာလျှင် ပဓါနဖြစ်သည်။ သူတဦး၏စိတ်ဓါတ်ကို သိရှိနိုင်ရန် ခဲယဉ်းသည်။ ထို့ကြောင့်လည်း ဒေါ်မှန်းနှီး ပါ (ဂ) နှင့် အယ်(လ်) အနှင်း (၁) အမှုစီရင်ထုံးတွင်

---

(၁) မြန်မာနိုင်ငံစီရင်ထုံးများ၊ ၁၉၆၂၊ စာ ၂၃၂။

"လူတဦးတယောက်၏ စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်း မရှိသဖြင့် ထိုသူသည် မည်သည့်ဘာသာ၌သက်ဝင် ယုံကြည်သည်ကို ၎င်း၏နောက်ကြောင်း ရာဇဝင်၊ ကိုယ်အမူအရာ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း စသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားပြီးမှ မည်သည့် ဘာသာကို ကိုးကွယ်ကြောင်း အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်သည်"ဟု မြွက်ဟထားရာ၊ ယင်းမြွက်ဟချက်များကို ကျွန်ုပ်တို့ကလည်း လေးလေးနက်နက် ထောက်ခံအတည်ပြုလိုသည်။

၁၉၇၁
ဒေါ်မေမေခင် ပါ ၂ နှင့် ဒေါ်ကျောင်ရှန်း ပါ ၄။

အယူခံတရားလိုများအတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ် ရှေ့နေ ဦးမြင့်စိုးက၊ ဗုဒ္ဓဘာသာ မြန်မာ အမျိုးသမီးများနှင့် ပေါင်းသင်းကြသည့် ဘာသာခြား များသည် မိမိ၏ဇနီးအား ချစ်မြတ်နိုးသည့်အနေဖြင့် ဇနီး၏ ဘာသာရေး လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်တတ်ကြပါသည်။ ဗုဒ္ဓဘာသာသို့ ပြောင်းလဲ **ကိုးကွယ်ခြင်း မရှိစေကာမူ ဘုရားသွား ကျောင်းတက် အလှူဒါန ပြုခြင်းများ၌ ပါဝင်လေ့ ရှိကြပါသည်။ ထိုကဲ့သို့ ပြုမှုဆောင်ရွက်ခြင်းမျှဖြင့် ဗုဒ္ဓဘာသာသို့ ကူး**ပြောင်းသွားသည်ဟု မယူဆသင့်ပါ။ ယခင် စီရင်ထုံးများ၌ တဦးချင်း အနေနှင့် မည်ကဲ့သို့ နေထိုင်ပြုမူ ကျင့်ကြံဆောင်ရွက်လျှင်၊ ဗုဒ္ဓဘာသာဝင် **တဦး၏ စိတ်ဓါတ်ကို** ထုတ်ဖေါ်ရာကျရောက်ကြောင်း သတ်မှတ်နိုင်သည့် မှတ်ကျောက်များကို ဖေါ်ထုတ်ခြင်းမရှိပါ။ ထို့ကြောင့် ဤအမှုတွင် သက်ဆိုင်သူက မိမိဖါသာ တဦးတည်း အနေဖြင့် မည်ကဲ့သို့ ပြုကျင့်နေထိုင်လျှင် ဗုဒ္ဓဘာသာဝင် တဦးဖြစ်သည်ဟု ထင်ရှားကြောင်း တိကျပြတ်သားသည့် မူတရပ်ကို ချမှတ် ပေးသင့်ပါသည်ဟု တင်ပြသွားသည်။ သို့ရာတွင် ဤပြဿနာမှာ လွယ်ကူသည် မဟုတ်၊ အထက်၌ ဖေါ်ပြထားသည့် အတိုင်း လူ၏ စိတ်ဓါတ်ကို သိရှိနိုင်ရန် ခဲယဉ်းသည်နှင့်အမျှ ထိုစိတ်ဓါတ်ကို ပေါ်လွင်စေနိုင်သည့် အချက်များကို ပုံသေကားချပ် မှတ်ယူရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် သေဆုံးသူသည် မူလက ကွန်ဖြူးရှင် ဘာသာကို ကိုးကွယ်သူဖြစ်ပြီး၊ နောက်မှ ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့သူ ဖြစ်သလောဟူသော ပြဿနာကို ဆုံးဖြတ်ရာတွင် အထက် ဖေါ်ပြပါ **ဒေါ်မွန်းနွီး ပါ (၈)** နှင့် **အယ်(လ်) အနှင်း** အမှုအပြင် **ကိုပန်းစိန်နှင့် ဒေါ်ရှုတင် (၁) လင်ကျူူသွင် ပါ ၂ (၂)** အမှုများ၌ မြွက်ဟထားသည့်အတိုင်း ဗုဒ္ဓဘာသာဝင် ဖြစ်-မဖြစ်ကို ၎င်း၏ ပြုမှု နေထိုင်ပုံ စသည်တို့ကို ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်ရမည်သာ ဖြစ်သည်။

ယခု ကျွန်ုပ်တို့ရှေ့ရှိ အမှုတွင် စောဘင်ငါးသည် ကွန်ဖြူးရှင် ဘာသာဝင်အဖြစ် သေဆုံးသွားသည်ဟူသော အချက်နှင့် ပတ်သက်၍ အရေးကြီးသည့် သက်သေခံချက်များမှာ ၎င်းသည် မူလကကွန်ဖြူးရှင် ဘာသာဝင် ဖြစ်ခဲ့ခြင်း၊ တရုပ်လို ဝတ်စား ဆင်ယင်ခဲ့ခြင်း၊ အိမ်နှင့် ဆိုင်များ၌ နတ်စင်များ ထားရှိခြင်း၊ နောက်ဆုံးကွယ်လွန်

---

(၂) မြန်မာနိုင်ငံစီရင်ထုံးများ ၁၉၆၅၊ စာ ၁၁၇။

၁၉၇၁

ဒေါ်မေမေခင် ပါ ၂ နှင့် ဒေါ်ကျောင်ရှုန်း ပါ ၄။

သွားသော အခါ၌လည်း တရုပ်ထုံးစံအရ တရုပ်သင်းချိုင်းတွင် အသုဘချခြင်းများတို့ ဖြစ်သည်။ မူလကကွန်ဖြူးရှင် ဘာသာဝင်တဦး ဖြစ်ခဲ့သော ကြောင့် သေဆုံးသည့် အခါ၌လည်း ကွန်ဖြူးရှင် ဘာသာဝင်သာလျှင် ဖြစ်ရမည်ဟု မဆိုနိုင်။ နတ်စင်များ ထားခြင်းနှင့် ပတ်သက်၍ အထက်ဖော်ပြပါ **ကိုပန်းစိန်၏** အမှု စီရင်ထုံး၌ တရုပ် နတ်တင်ခြင်း၊ တရုပ်ရိုးရာအရ လူကြီးများကို ကန်တော့ခြင်း စသည်တို့မှာ ဘာသာရေး အရမဟုတ်ပဲ ယဉ်ကျေးမှုထုံးစံအရ ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်သည်။ ဗုဒ္ဓဘာသာ စစ်စစ်များပင်လျှင် အိမ်တွင် နတ်အုန်းဆွဲခြင်း၊ ဦးရှင်ကြီးတင်ခြင်း အစရှိသည်တို့ကို ပြုလုပ်ကြသည်။ ထို့ကြောင့် ထိုအချက်များသည် ဗုဒ္ဓဘာသာဝင်တဦး ဟုတ်-မဟုတ် ဆင်ခြင် စဉ်းစားရာ၌ အဓိကကျသည်မဆိုနိုင်။ သေဆုံးပြီးနောက် တရုပ်ထုံးစံအရ တရုပ်သင်းချိုင်းသို အသုဘချခြင်းမှာ သေဆုံးပြီးနောက်မှ ဖြစ်ပွါးသော ကိစ္စ ဖြစ် ခြင်းကြောင့် သေဆုံးသူ၏ စိတ်ဓါတ်ကို အကဲခတ်ရန် အထောက်အကူ မရရှိနိုင်ချေ။ ယင်းကဲ့သို့ အသုဘ ချခြင်းမှာလည်း သေဆုံးသူ၏ ဆန္ဒအရ ပြုလုပ်ခြင်းဖြစ်ကြောင်း မပေါ်လွင်။ တဘက်မှလည်း စောဘင်ငါး သေဆုံးသောအခါ သရဏဂုံတင်ပါသည်ဟု သက်သေထူထောင်ခဲ့သည်။

အယူခံ တရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် အကျိုး ဆောင်ကြီးက **စောဘင်ငါးသည် သေတမ်းစာ ရေးသားခဲ့သဖြင့် ဗုဒ္ဓဘာသာဝင် တဦး မဟုတ်၍သာ လျှင် ထိုကဲ့သို့ ရေးသားခြင်း ဖြစ်သည်ဟု ယူဆသင့်ကြောင်းဖြင့် တင်ပြသွားသည်။ စောဘင်ငါး သေတမ်းစာရေးခြင်းနှင့် ပတ်သက်၍ တဘက်မှ ငြင်းဆိုထားသည်။** အကယ်ပင် သေတမ်းစာ ရေးခဲ့သည်ထားဘိဦး၊ မိမိကိုးကွယ်သည့် ဘာသာအရ သေတမ်းစာ ရေးနိုင်သည်ဟု ထင်သောကြောင့် ရေးခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ မြန်မာ ဗုဒ္ဓဘာသာများပင်လျှင် သေတမ်းစာများ ရေးလေ့ ရေးထရှိကြသည်။ **ထို့ကြောင့် ထိုအချက်မှာလည်း အယူခံ တရားလိုအတွက်** အထောက်အကူ ရရှိနိုင်သော အချက်မဟုတ်ပေ။

တရုပ်လူမျိုးများသည် တချိန်တည်းမှာပင် ဘာသာအမျိုးမျိုး ကိုးကွယ် တတ်သူများဖြစ်ပြီး၊ များသောအားဖြင့် ကွန်ဖြူးရှင် ဘာသာဝင်များ ဖြစ်ကြသည်။ ၎င်းတို့ ကိုးကွယ်သည့် ကွန်ဖြူးရှင် ဘာသာမှာလည်း ဗုဒ္ဓဘာသာ၏ အသွေး အရောင်ကို ဆောင်သည်။ ထို့ကြောင့်လည်းတရုပ်လူမျိုးတဦးကိုးကွယ်သည့်ဘာသာကို ယတိပြတ် ဆုံးဖြတ်ရန် ခဲယဉ်းသည်။ သို့ရာတွင် အခြား ဘာသာနှင့် ယှဉ်တွဲ၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြောင်း ယူဆနိုင်သည့် အထောက်အထားရှိလျှင် ထိုသူမှာဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဗုဒ္ဓဘာသာဓလေ့ ထုံးတမ်းဥပဒေနှင့်အကျုံးဝင်သည်ဟု ယူဆရမည် ဖြစ်သည်။ ဤအမှုတွင် စောဘင်ငါးသည် ကွန်ဖြူးရှင် ဘာသာဝင်တဦး

၁၉၇၁
ဒေါ်မေမေခင်
ပါ ၂
နှင့်
ဒေါ်ကျောင်ရှန်း
ပါ ၄။

ဖြစ်ခဲ့လင့်ကစား၊ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင်တဦး ဖြစ်လာကြောင်း သက်သေခံ အထောက်အထား လုံလောက်စွာ ရရှိသည်ဟု ကျွန်ုပ်တို့ ထင်မြင် ယူဆသည်။ စောဘင်ငါးသည် မိမိ၏သားများအား ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းခဲ့သည်သာ မက မိမိကိုယ်တိုင်လည်း ကျောင်းဆောက်ခြင်း၊ ဘုရားတည်ခြင်း အစရှိသည့် ကုသိုလ် ကောင်းမှုများ ပြုခဲ့သည်။ ထင်ရှား ကျော်ကြားသည့် ဘုန်းတော်ကြီးများကိုလည်း စရိတ်အကုန်အကျခံကာ ပင့်ဘိတ်၍ ဆွမ်းကွမ်းများ လှူဒါန်း ထောက်ပံ့ခဲ့သည်။ ယင်းကဲ့သို့သော ပြုလုပ်ချက်များမှာ ဇနီးနှင့် သားသမီးတို့အား ချစ်မြတ်နိုးသည့် သဘောဖြင့် ၎င်းတို့၏ အလိုသို့ လိုက်၍ ပြုလုပ်ခဲ့ခြင်းသာလျှင် ဖြစ်သည်ဟု ယူဆရန် ခဲယဉ်းသည်။ စရိတ်စက အကုန်အကျခံ၍ ပြုလုပ်ခြင်းများ ဖြစ်ရာ၊ ရတနာသုံးပါး တွင် ယုံကြည် သက်ဝင်သောကြောင့် ပြုမူခြင်းသာလျှင် ဖြစ်သည်ဟု ယူဆသင့်သည်။ စောဘင်ငါး၏ မိသားစု အားလုံးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ သမီး တဦးမှာ သီလရှင် အဖြစ်နှင့်ပင်လျှင် အသက်ထက်ဆုံး နေထိုင်ခဲ့သည်။ ထိုကဲ့သို့သော ပတ်ဝန်းကျင်တွင် နေထိုင်လာခဲ့ခြင်းကြောင့်၊ ဗုဒ္ဓဘာသာဘက်သို့ ယိမ်းယိုင်သွား ခြင်းလည်း ဖြစ်နိုင်သည်။ မူလရုံး တရားသူကြီးသည် သက်သေများကို ကိုယ်တိုင် ကိုယ်ကျ စစ်ဆေးခဲ့သူ ဖြစ်ရာ၊ ၎င်းက စောဘင်ငါးသည် သေဆုံးစဉ်က ဗုဒ္ဓဘာသာဝင် တဦး ဖြစ်ပါသည်ဟု အကျိုးသင့် အကြောင်းသင့် ဆုံးဖြတ်ပေးခဲ့ပြီး ဖြစ်ရာ ကျွန်ုပ် တို့သည် အလွန်နိုင်လုံသည့် အကြောင်းများ မတွေ့ရှိရပဲ၊ ထိုဆုံးဖြတ်ချက်ကို ဝင်ရောက် စွက်ဖက်ရန် သင့်တော်မည် မဟုတ်ချေ။ ထို့ကြောင့် စောဘင်ငါးသည် သေဆုံးစဉ်က ဗုဒ္ဓဘာသာဝင် တဦးဖြစ်သည်ဟု ကျွန်ုပ်တို့ကလည်း သဘောရသည်။

အထက် ဖေါ်ပြပါ အကြောင်းများကြောင့် ဒေါ်မေမေခင်နှင့် စောမြန်းရှင်း တို့သည်၊ ၎င်းတို့၏ ဖခင် ကွယ်လွန်သူ စောယုတိတ်အား၊ စောဘင်ငါးက သေတမ်းစာ ဖြင့် ပေးသွားသည်ဆိုသော ပစ္စည်းများကို အုပ်ထိန်းရန်အတွက် သေတမ်းစာ အတည်ပြုသည့် လက်မှတ် (Probate) မရထိုက်ချေ။ ဤအယူခံမှု ကြားနာစစ်ဆေး နေစဉ်တွင် ဒေါ်ကျောင်ရှန်းမှာလည်း သေဆုံးသွားပြီး ဖြစ်သောကြောင့် မူလရုံးက ၎င်းအား စောဘင်ငါးပိုင် ပစ္စည်းများအပေါ် အုပ်မွေထိန်း လက်မှတ်စာ (Letters of Administration) ထုတ်ပြန်ပေးခြင်းကို အတည်ပြုရန် မဖြစ်နိုင်တော့ချေ။

အထက်ပါ မှတ်ချက်များအတိုင်း ယခု ကျွန်ုပ်တို့ရှေ့ရှိ အယူခံလွှာကို စရိတ် မရှိ ပယ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

† ၁၉၇၁ ဇွန်လ ၄ ရက်။

| | | |
|---|---|---|
| ၁။ ဦးမြသိန်း<br>၂။ ဒေါ်ခင်စိန် | နှင့် | ၁။ ဦးမြသီး<br>၂။ ဒေါ်မြသွင်<br>၃။ ဦးမောင်မောင်သင် * |

**အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ အက်ဥပဒေက အငှါးဂရံများ ချထားသော မြေကွက်ကို တဆင့် ငှါးရမ်းခြင်း မပြုရဟု တားမြစ် ထားခြင်း ရှိ- မရှိ — ဂရံ စည်းကမ်းကို ချိုးဖေါက်ပြီး တဆင့် ငှါးရမ်းခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သော ပဋိညာဉ် ဖြစ် မဖြစ်။**

**ဆုံးဖြတ်ချက်။** ။ဟသ်ာတ ခရိုင်ဝန်က အခင်းဖြစ် မြေကွက်ကို အယူခံ တရားပြိုင်တို့အား၊ အငှါးချထားသည့် ဂရံ စာချုပ်ပါ စည်းကမ်းချက် အမှတ် ၅ ၌၊ ခရိုင်ဝန်၏ ကြိုတင် သဘောတူညီချက် မရှိဘဲ မြေ၏ တစိတ် တဒေသကို တဆင့် ငှါးရမ်းခြင်း မပြုရဟု သတ်မှတ် ထားသည်မှာ မှန်၏။သို့ရာတွင်၊ အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ အက်ဥပဒေတွင် အငှါးဂရံချထားသော မြေကွက်များကို တဆင့် ငှါးရမ်းခြင်း မပြုရဟု တားမြစ် ထားသည့် ပြဋ္ဌာန်းချက် မရှိချေ။ ပုဒ်မ ၂၀ ၌၊ အငှါးဂရံ စာချုပ်ပါ စည်းကမ်း များကို ချိုးဖေါက်လျှင် အစိုးရ ကိုယ်စား ခရိုင်ဝန်သည်၊ မြေငှါးဂရံ ရသူ အား ဒဏ်ငွေ ဘပ် ရိုက်နိုင်သည်။ ဂရံကို ဖျက်သိမ်း နိုင်သည် ဟုသာ ဖေါ်ပြ ထားသည်။ ယခု အမှု၌ အယူခံ တရားပြိုင်တို့က ကြိုတင် သဘော တူညီခွင့် မရဘဲ၊ တဆင့် အငှါးချထားခဲ့သည့် ကိစ္စ အတွက်၊ ခရိုင်ဝန်က ဒဏ်တပ် ရိုက်ခဲ့ပြီး ဖြစ်သည်။ ဂရံကိုမူ ဖျက်သိမ်းခြင်း မပြုခဲ့ပေ။ အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ အက်ဥပဒေ အရ၊ ဂရံမြေကို တဆင့် အငှါး ချထားခြင်း မပြုရဟု အတိ အလင်း တားမြစ် ထားခြင်း မရှိသည့် အလျောက် ဂရံစည်းကမ်းကို ချိုးဖေါက်ပြီး တဆင့် ငှါးရမ်းခြင်းသည်၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၃ အရ၊ ဥပဒေ နှင့် ဆန့်ကျင်သော ပဋိညာဉ် ဖြစ်သည်ဟု မဆိုနိုင်ချေ။ **ဘိုးမောင် နှင့် ဗွီ၊ အာ (ရ်)၊ အမ်၊ စီ၊ အာ (ရ်)၊ အမ်၊ ချက်တီး၊** အတွဲ ၁၂၊ ဘားမားလောတိုင်း ၁၅၆ ကို သဘောတူသည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ် ရှေ့နေ ဦးဘအုန်း။

**အယူခံတရားခံအတွက်။** ။တရားရုံးချုပ် ရှေ့နေ ဦးအုန်းခင်။

---

* ၁၉၇၀ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၃။

† ၁၉၆၅ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၂ တွင် ၁၉၇၀ ခုနှစ်၊ မေလ ၁၅ ရက်နေ့စွဲဖြင့် ဟသ်ာတမြို့၊ ခရိုင် တရားမ တရားသူကြီးရုံးတော်က ချမှတ် သော ဒီကရီကို အယူခံဝင်မှု။

| | |
|---|---|
| **တရားသူကြီး ဦးသက်ဖေ**။ ။ဟသ်ာတမြို့၊ နယ်ပိုင် တရားမရုံးတွင် အယူခံ တရားပြိုင်တို့က၊ အယူခံ တရားလိုတို့ အပေါ် မြေငှါးရမ်းခငွေ ၁,၇၀၀ ကျပ် ရလိုကြောင်း တရားစွဲဆိုရာ၊ စွဲဆိုသည့် အတိုင်း အနိုင် ဒီကရီ ချမှတ်ပေးလိုက်သည်။ အယူခံတရားလိုတို့က မကျေနပ်၍၊ ဟသ်ာတမြို့ ခရိုင်တရားမရုံးသို့ အယူခံဝင်သော်လည်း အောင်မြင်ခြင်း မရှိသည့် အလျောက်၊ ဤဒုတိယအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။ | ၁၉၇၁<br>———<br>၁။ ဦးမြသိန်း<br>၂။ ဒေါ်မင်စိန်<br>နှင့်<br>၁။ ဦးမြသီး<br>၂။ ဒေါ်မြသွင်<br>၃။ ဦးမောင်<br>မောင်သင်။ |

ဟသ်ာတမြို့၊ ဦးရင်ကြီး မြောက်အကွက်၊ ဦးပိုင် အမှတ် ၉၄ နှင့် ၉၅ မြေကွက်တို့မှာ အစိုးရပိုင် မြေကွက်များဖြစ်သည်။ ထိုမြေကွက်များကို အစိုးရ ကိုယ်စား ဟသ်ာတ ခရိုင်ဝန်က အယူခံ တရားပြိုင် ဦးမြသီးနှင့် သား မောင်မောင်သင်တို့အား၊ အငှါးဂရံ ထုတ်ပေးထားသည်။ ဦးပိုင် အမှတ် ၉၄ မြေကွက်ကို၊ အယူခံတရားပြိုင်တို့က အယူခံ တရားလိုတို့အား ငှါးရမ်းခ တလ ၅၀ ကျပ်ဖြင့် တဆင့် ငှါးရမ်းထားသည်။ အယူခံ တရားလိုတို့သည် ငှါးရမ်းခများကို ၁၉၅၄ ခုနှစ်၊ ဖေဖေါ်ဝါရီလမှစ၍ မပေးဘဲ နေသဖြင့်၊ အယူခံ တရားပြိုင်တို့သည် ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ၌ စံငှါးရမ်းခ သတ်မှတ်ပေးရန် လျှောက်ထားပြီး၊ အယူခံတရားလိုတို့ အပေါ် သုံးနှစ်အတွက် ငှါးရမ်းခ ကြွေးငွေများကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဤဒုတိယ အယူခံမှုတွင် ဥပဒေပြဿနာတရပ်သာလျှင် စဉ်းစားရန် ရှိပါသည်။ ထိုပြဿနာမှာ အယူခံတရားပြိုင်တို့သည် အငှါး ဂရံစာချုပ် စည်းကမ်းကို ဖေါက်ဖျက်ပြီး၊ မြေ၏ တစိတ်တဒေသကို တဆင့်ငှါးရမ်းခဲ့သဖြင့်၊ ယင်းသို့ တဆင့်ငှါးရမ်းခြင်းသည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၃ အရ၊ ပျက်ပြယ်နေသောကြောင့်၊ ငှါးရမ်းခများကို တောင်းဆိုခြင်း မပြုနိုင်ပါဟု အယူခံ တရားလိုတို့၏ တရားရုံးချုပ် ရှေ့နေ ဦးဘအုန်းက တင်ပြသွားသည်။

ဟသ်ာတ ခရိုင်ဝန်က အခင်းဖြစ် မြေကွက်ကို အယူခံ တရားပြိုင်တို့အား အငှါးချထားသည့် ဂရံ စာချုပ်ပါ စည်းကမ်းချက် အမှတ် ၅ ၌၊ ခရိုင်ဝန်၏ ကြိုတင်သဘောတူညီချက်မရရှိဘဲ မြေ၏ တစိတ် တဒေသကို တဆင့်ငှါးရမ်းခြင်း မပြုရဟု သတ်မှတ်ထားသည်မှာ မှန်၏။ အောက်မြန်မာပြည်မြို့နှင့် ရွာမြေများ အက်ဥပဒေတွင်၊ အငှါး ဂရံ ချထားသော မြေကွက်များကို တဆင့်ငှါးရမ်းခြင်း မပြုရဟု တားမြစ်ထားသည့် ပြဋ္ဌာန်းချက် မရှိချေ။ ပုဒ်မ ၂၀ ၌၊ အငှါး ဂရံ စာချုပ်ပါ စည်းကမ်းများကို ချိုးဖေါက်လျှင် အစိုးရ ကိုယ်စား ခရိုင်ဝန်သည် မြေငှါး ဂရံရသူအား ဒဏ်ငွေတပ်ရိုက်နိုင်သည်။ ဂရံကို ဖျက်သိမ်းနိုင်သည်ဟုသာ ဖေါ်ပြထားသည်။ ယခုအမှု၌ အယူခံ တရားပြိုင်တို့က ကြိုတင် သဘောတူညီခွင့် မရဘဲ တဆင့် အငှါးချထားခဲ့သည့် ကိစ္စ အတွက်၊ ခရိုင်ဝန်က၊ ဒဏ်တပ်ရိုက်ခဲ့ပြီး ဖြစ်သည်။ ဂရံကိုမူ ဖျက်သိမ်း

ချုပ်

၁။ ဦးမြသိန်း
၂။ ဒေါ်ခင်စိန်
နှင့်
၁။ ဦးမြသီး
၂။ ဒေါ်မြသွင်
၃။ ဦးမောင်မောင်သင်။

ခြင်းမပြုခဲ့ပေ။ အောက်မြန်မာပြည်မြို့နှင့် ရွာ မြေများ အက်ဥပဒေအရ၊ ဂရံ မြေကို တဆင့် အငှါးချထားခြင်း မပြုရဟု အတိအလင်းတားမြစ်ထားခြင်း မရှိသည့်အလျောက် ဂရံ စည်းကမ်းကို ချိုးဖေါက်ပြီး တဆင့် ငှါးရမ်းခြင်းသည်၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၃ အရ၊ ဥပဒေနှင့် ဆန့်ကျင်သော ပဋိညာဉ် ဖြစ်သည်ဟု မဆိုနိုင်ချေ။ ထိုအတိုင်းပင်၊ **ဘိုးမောင် နှင့် ဗွီ၊ အာ (ရ်) ၊ အမ်၊ စီ၊ အာ (ရ်)၊ အပ်၊ ချစ်တီး** (၁) တို့ အမှုတွင် ဆုံးဖြတ်ထားခြင်းကို ကျွန်ုပ်တို့ သဘောတူသည်။

ဖေါ်ပြပါ အကြောင်းများကြောင့်၊ ဤဒုတိယ အယူခံမှုကို တရားစရိတ်နှင့်တကွ ပယ်လိုက်သည်။

(၁) အတွဲ ၁၂၊ ဘားမားလောတိုင်း၊ ၁၅၆။

## နိုင်ငံတော်တရားရုံးချုပ်

## အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးသက်ဝေ တို့ရှေ့တွင်

† ၁၉၇၁ ဇွန်လ ၁၅ ရက်။

| | | | |
|---|---|---|---|
| ၁။ ဦးအောင်သိန်း<br>၂။ ဒေါ်ခင်တွေး | နှင့် | ၁။ ဒေါ်အမ<br>၂။ ကိုချေးမောင် * | |

**အယူခံ ရုံးသည် အယူအဆ ကွဲလွဲကာမျှဖြင့် အောက်ရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက် စွက်ဖက်ခြင်း ပြုနိုင် မပြုနိုင်—အခွန် မြေပုံတွင် နာမည် ပေါက် ရုံမျှဖြင့် နာမည် ပေါက်သူသည် မြေ၏ ပိုင်ရှင် ဖြစ် မဖြစ်—မြေကို လက်မဲ့ ဖြစ်သူက လက်ရှိ ဖြစ်သူအား ဖယ်ရှားပေးရန် စွဲဆိုသည့် အမှုမျိုး၌ လက်မဲ့ ဖြစ်သူသည် ထိုမြေကို ပိုင်ကြောင်း သက်သေ ထူရန် တာဝန် ရှိပြီး လက်ရှိ ဖြစ်သူတွင် ပိုင်ဆိုင်ခွင့် ရှိကြောင်း တင်ပြရန် တာဝန် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။လူတဦးသည် ပစ္စည်းကို ပိုင်ရှင်၏ အခွင့် အမိန့်နှင့် လက်ရှိ ဖြစ်သည်၊ မဖြစ်သည် ဆိုသော ဆုံးဖြတ်ချက်သည်၊ ကြောင်း ချင်းရာနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်။ ယင်း ဆုံးဖြတ်ချက်သည် အယောက် အထား လုံးဝ မရှိသည့် ဆုံးဖြတ်ချက် မဟုတ်လျှင် ဒုတိယ အယူခံ ရုံးအနေဖြင့် ပထမ အယူခံရုံး၏ အဆိုပါ ဆုံးဖြတ် ချက်မျိုးကို ဝင်ရောက် ဖက်စွက်ခြင်း မပြုနိုင်ပေ။ အယူ အဆ ကွဲလွဲကာမျှဖြင့် ပြင်ရမည်ကိုဆိုလျှင် ဆုံးဖြတ်ချက် အမျိုးမျိုး မိုးမဆုံး လေမဆုံး ဖြစ်ပေါ်ရန်သာ ရှိပေသည်။ ထိုအတိုင်းပင် တရားရုံးများက အစဉ် တစိုက် ကျင့်သုံးခဲ့သည်ကို သတိ ချပ်သင့် ပေသည်။ **ဦးရဲကျော်သူ ကုမ္ပဏီ လီမိတက် နှင့် မလှဦးဖြူ** ၁၉၄၀၊ ရန်ကုန် စီရင်ထုံး ၁၈၈ ကို ရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အခွန် မြေပုံတွင် နာမည် ပေါက်ရုံမျှဖြင့် နာမည် ပေါက်သူသည် မြေ၏ ပိုင်ရှင် ဖြစ်သည်ဟု ယူဆခြင်း မပြု နိုင်ပေ။ **အောင်လှ နှင့် ထုံးကြီး၊ အတွဲ ဂ၊ အောက်မြန်မာ** ပြည် စီရင်ထုံး၊ ၂၆၄ ကို ရည် ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မြေကို လက်မဲ့ ဖြစ်သူက လက်ရှိ ဖြစ်သူအား ဖယ် ရှားပေးရန် တရားစွဲဆိုသည့် အမှုမျိုး၌ လက်မဲ့ ဖြစ်သူသည် မြေကို ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် သက်သေ ထူရန် တာဝန် ရှိပေသည်။ **ဒေါ်စောရှင် နှင့် ဟွာကီးရား** ၁၉၆၃၊ မြန်မာပြည်စီ ရင်ထုံး ၇၆၅ ကို ရည်ညွှန်းသည်။

---

*၁၉၇၀ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှု အမှတ် ၁၁။

†၁၉၆၈ ခုနှစ် တရားမ ဒုတိယ အယူခံမှု အမှတ် ၂၁ တွင် ၁၉၆၉ ခု နှစ်၊ မေလ ၃၁ ရက် နေ့စွဲဖြင့် နိုင်ငံတော် တရားရုံးချုပ် (မန္တလေးမြို့ရုံးထိုင်) ၏ ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်မှု။

၁၉၇၁

။ ဦးအောင်သိန်း၊ ဒေါ်ခင်ထွေးနှင့် ဒေါ်အမ၊ ကိုခွေးမောင်။

「ယခုအမှု၌ အယူခံ တရားပြိုင်တို့သည်၊ မြေကို ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် အထောက်အထား တင်ပြခြင်း မပြုနိုင်။ အယူခံ တရားလိုတို့ အနေဖြင့်လည်း မြေကို ပိုင်ဆိုင်ကြောင်း သက်သေမထူနိုင်သည်မှာ မှန်သော်လည်း မြေကို လက်ရှိ ဖြစ်သူကရင်း၏ ပိုင်ဆိုင် ခွင့်ကို ထင်ရှားအောင် မပြသ နိုင်ကာမျှဖြင့် လက်မဲ့ ဖြစ်သူသည် ထိုမြေကို ပြန်မရနိုင်။ လက်ရှိ ဖြစ်သူတွင် ပိုင်ဆိုင်ခွင့် ရှိကြောင်း တင်ပြရန် တာဝန် မရှိချေ။ **ကိုသန်းအောင်** နှင့် **မချစ်**၊ ၁၉၅၈၊ မြန်မာပြည် စီရင်ထုံး၊ ၂၉၁ (တရားလွှတ်တော်) ကိုရည်ညွှန်းသည်။

**အယူခံတရားလိုအတွက်**။ ။ဘရေးရုံးချုပ်ရှေ့နေ ဦးလှဘင်။

**အယူခံတရားခံအတွက်**။ ။

**တရားသူကြီး ဦးသက်ဖေ**။ ။မန္တလေးမြို့၊ မြို့နယ် တရားမရုံးတွင် အယူခံ တရားပြိုင် ဒေါ်အမနှင့် ကိုခွေးမောင်တို့က အယူခံ တရားလို ဦးအောင်သိန်းနှင့် ဒေါ်ခင်ထွေးတို့ အပေါ် မန္တလေးမြို့၊ ရတနာဘုမ္မိ အရှေ့ပိုင်း၊ အကွက် အမှတ် ၅၃၀၊ ဦးပိုင် အမှတ် ၁၂၊ ဧရိယာ ဒသမ ဝ၃ ဧက ကျယ်သော မြေကက်ကို လက်ရောက် ရလိုကြောင်း တရားစွဲဆိုရာ၊ စွဲဆိုသည့် အတိုင်း အနိုင်ဒီကရီ ချပေးလိုက်သည်။ ထိုဒီကရီကို အယူခံ တရားလိုတို့က မကျေနပ်၍ မန္တလေးမြို့၊ ရာဘက်ခရိုင် တရားမရုံးသို့ အယူခံဝင်သောအခါ၊ မူလရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်သောကြောင့်၊ အယူခံ တရားပြိုင်တို့က ဤရုံးသို့ ဒုတိယ အယူခံဝင်ရာ ဤရုံး တရားသူကြီး တဦးက ပထမ အယူခံရုံး၏ ဒီကရီကို ပယ်ဖျက်ပြီး မူလရုံး၏ ဒီကရီကို ပြန်လည် အတည်ပြုလိုက်သည်။ ဒုတိယ အယူခံရုံး၏ တွေ့ရှိချက်သည် မူလရုံး၏ စီရင်ချက်အရသော်၎င်း၊ သက်သေထွက်ချက်များအရသော်၎င်း မှန်ကန်ခြင်း ရှိ၊ မရှိ၊ ဆိုသော ပြဿနာပေါ်ပေါက်သဖြင့် အယူခံ တရားလိုတို့အား အထူးအယူခံ ဝင်ခွင့် ပြုခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ် မြေကွက်၏ ပိုင်ရှင်မှာ ဒေါ်တုတ်ဖြစ်ကြောင်း အငြင်း မထွက်ပေ။ အယူခံ တရားပြိုင်တို့က ဒေါ်တုတ်သည် မိမိတို့၏ မိခင်ဒေါ်ခင်မလေးအား မေတ္တာဖြင့် ပေးကမ်းသော စာချုပ် ချုပ်ဆို၍၊ ပေးခဲ့သဖြင့်၊ မြေကို ဒေါ်ခင်မလေး ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်မလေး သေဆုံးသောအခါ၊ မိမိတို့ အမွေဆက်ခံခဲ့ပါသည်။ အယူခံ တရားလိုတို့သည် အမှုကို စွဲဆိုခြင်းမပြုမီ ၃ နှစ်ခန့်က မြေပေါ်၌ အိမ်ဆောက်ကာ ကျူးကျော်နေပါသည်ဟု အဆိုပြုခဲ့သည်။ အယူခံတရားလိုတို့က မိဘ ဘိုးဘွား လက်ထက်မှစ၍ နှစ်ပေါင်း ၃၀ ကျော်မျှ ပိုင်ရှင်အဖြစ် နေထိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အယူခံတရားပြိုင်တို့သည် မြေ၏ ပိုင်ရှင်များ မဟုတ်ကြပါဟု ငြင်းဆိုသောအခါကြမှ အယူခံတရားပြိုင်တို့က အယူခံတရားလို ဦးအောင်သိန်း၏ အဖွါး ဒေါ်ဆောင်းအား ဒေါ်ခင်မလေးသည် မြေပေါ်တွင် အခမဲ့ နေထိုင်ခွင့်ပြုခဲ့ပါသည်ဟု ပြန်လည် ဖြေကြားခဲ့သည်။

**၁၉၇၁**

**၁။ ဦးအောင်သိန်း ၂။ ဒေါ်ခင်ထွေး**

**နှင့်**

**၁။ ဒေါ်အမ ၂။ ကိုခွေးမောင်။**

မူလရုံးမှ အခင်းဖြစ် မြေသည် ဒေါ်ခင်မလေး၏ နာမည်နှင့် ပေါက်နေသည်က တကြောင်း၊ ဒေါ်ခင်မလေးက ဦးအောင်သိန်း၏ အဖွါး ဒေါ်ဆောင်းအား မြေပေါ်၌ အခမဲ့နေထိုင်ခွင့် ပြုခဲ့သည် ဆိုသော သက်သေထွက်ချက် ရှိနေသည်က တကြောင်း၊ ထိုအကြောင်းများကြောင့် အယူခံ တရားပြိုင်တို့သည် အခင်းဖြစ် မြေ၏ ပိုင်ရှင်များ ဖြစ်သည်ဟု ယူဆကာ ၎င်းတို့ စွဲဆိုသော အမှုကို အနိုင် ဒီကရီချပေးလိုက်ခြင်း ဖြစ်သည်၊

ပထမ အယူခံရုံးမှ ဒေါ်ခင်မလေးအား ဒေါ်တုတ်က မြေကို မေတ္တာဖြင့် ပေးကမ်းသော စာချုပ် ချုပ်ဆိုပြီး ပေးခဲ့သည်ဆိုခြင်းမှာ အထောက်အထား မတင်ပြနိုင်သည့်ပြင် ဒေါ်ခင်မလေးက ဒေါ်ဆောင်းအား မြေပေါ်၌ အခမဲ့နေထိုင်ခွင့် ပြုခဲ့သည် ဆိုခြင်းမှာ ယုတ္တိမရှိ၊ မြေသည် ဒေါ်ခင်မလေး၏ အမည်ပေါက်ကာမျှဖြင့် ဒေါ်ခင်မလေးသည်၊ ထိုမြေ၏ ပိုင်ဆိုင်သူ ဖြစ်သည်ဟု မယူဆနိုင်ဟု ကောက်ယူကာ မူလရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်ခြင်း ဖြစ်ပေသည်။

ဒုတိယ အယူခံရုံးမှ မြေကို မူလက အယူခံ တရားပြိုင်တို့၏ မိခင် ဒေါ်ခင်မလေး၏ အမေဒေါ်တုတ်၏ ပိုင်ဆိုင်ကြောင်း မငြင်းမပေါက်သဖြင့် ဒေါ်တုတ်သေသောအခါ သမီးဒေါ်ခင်မလေး အမွေဆက်ခံပြီး၊ ဒေါ်ခင်မလေးက ဒေါ်ဆောင်းအား အခမဲ့ နေထိုင်ခွင့်ပြုထားကြောင်း အထောက် အထား ရှိနေသဖြင့်၊ အယူခံ တရားပြိုင်တို့ သည်၊ မိခင် ဒေါ်ခင်မလေးထံမှ အမွေဆက်ခံပြီး ပိုင်ဆိုင်လာသောကြောင့် မြေကို လက်ရောက်ရသင့်သည်ဟု ဆုံးဖြတ်ပြီး၊ မူလရုံး၏ ဒီကရီကို ပြန်လည် အတည်ပြုခဲ့ ခြင်းဖြစ်သည်။

ဒေါ်တုတ်သည် အယူခံတရားပြိုင်တို့၏ မိခင် ဒေါ်ခင်မလေး၏ အမေဖြစ်သည် ဆိုသော ဒုတိယ အယူခံရုံး၏ ကောက်ယူချက်သည် အသင် အရှား မှားယွင်းနေ ပေသည်။ အယူခံ တရားပြိုင် ဒေါ်အမ ကိုယ်တိုင်က ဒေါ်ခင်မလေးသည် ဒေါ်တုတ်၏ ဘမသာ ဖြစ်သည်ဟု ထွက်ဆိုထားသည်ကို ရည်ညွှန်းလိုပေသည်။

အယူခံ တရားပြိုင်တို့က ဒေါ်တုတ်သည် မြေကို ဒေါ်ခင်မလေးအား မေတ္တာဖြင့် ပေးကမ်းသည့် စာချုပ် ချုပ်ဆိုပြီး၊ အပိုင်ပေးခဲ့သည်ဆိုသော်လည်း၊ စာချုပ် စာတမ်း ကို တင်ပြခြင်း မပြုနိုင်။ စာချုပ်အား ကိုယ်တိုင် ဘတ်ဘူးသူကိုလည်း သက်သေ မထူနိုင်။ သို့ဖြစ်ရာမြေကို ဒေါ်တုတ်က ဒေါ်ခင်မလေးအား အပိုင် ပေးခဲ့ပါသည် ဆိုသော အဆိုပြုချက်မှာ ထင်ရှားခြင်း မရှိဟု ဆိုရပေမည်။

ဒေါ်ခင်မလေးက ဒေါ်ဆောင်းအား အခမဲ့ မြေပေါ်၌ နေထိုင်ခွင့်ပြုခဲ့ပါသည် ဆိုသော အယူခံတရားပြိုင်တို့၏ စွပ်စွဲချက်မှာ၊ ယုတ္တိမရှိဟု ပထမ အယူခံရုံးက ဆုံးဖြတ်ခဲ့သည်။ ထိုကဲ့သို့ ဆုံးဖြတ်ရာ၌ မြေကို အယူခံ တရားလို ဦးအောင်သိန်း၏

၁၉၇၁

၁။ ဦးအောင်သိန်း
၂။ ဒေါ်ခင်ထွေး
နှင့်
၁။ ဒေါ်အမ
၂။ ကိုဒွေးမောင်။

အဖွါး ဒေါ်ဆောင်း လက်ထက်က စ၍ နှစ်ပေါင်း ၃၀ ကျော် အဆက်မပြတ် လက်ရှိဖြစ်ခဲ့သည့် အပြင်၊ ဒေါ်ဆောင်း ကွယ်လွန်ပြီးနောက် ၎င်း၏ သား ဦးစံကူးက မြေကို ပေါင်နှံခဲ့ဘူးသည် ဆိုသော အချက်အလက်များကို ထည့်သွင်းစဉ်းစားခဲ့သည်။

လူတဦးသည် ပစ္စည်းကို ပိုင်ရှင်၏ အခွင့် အမိန့်နှင့် လက်ရှိဖြစ်သည်၊ မဖြစ်သည် ဆိုသော ဆုံးဖြတ်ချက်သည် ကြောင်းချင်းရာနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်။ ယင်းဆုံးဖြတ်ချက်သည် အထောက် အထား လုံးဝမရှိသည့် ဆုံးဖြတ်ချက် မဟုတ်လျှင် ဒုတိယ အယူခံရုံး အနေဖြင့် ပထမ အယူခံရုံး၏ အဆိုပါ ဆုံးဖြတ်ချက်မျိုးကို ဝင်ရောက်ဖက်စွက်ခြင်း မပြုနိုင်ပေ။ အယူအဆလွဲကာမျှဖြင့် ပြင်ရမည်ဆိုလျှင် ဆုံးဖြတ်ချက် အမျိုးမျိုး၊ မိုးမဆုံး လေမဆုံး ဖြစ်ပေါ်ရန်သာ ရှိပေသည်။ ထိုအတိုင်း ပင် တရားရုံးများက အစဉ်တစိုက် ကျင့်သုံးခဲ့သည်ကို သတိချပ်သင့်ပေသည်။ **ဦးရဲကျော်သူကုမ္ပဏီလိမိတက်** နှင့် **မလှဦးမြူ** (၁)၊ **ဒိယိုကာလီပက်တက်** နှင့် **ရမ်ဒေဗီ** (၂)၊ **ဆိုးချန်ဘီးဆန်စက်ကုမ္ပဏီ** နှင့် **စူပဂူနဟက်** (၃) တို့ အမှုများကို ကြည့်ပါ။ ယခု အမှုတွင် ပထမအယူခံရုံးက အယူခံ တရားလိုတို့သည် မြေကို အယူခံ တရားပြိုင်တို့၏ အခွင့်အမိန့်နှင့် နေထိုင်ကြခြင်း မဟုတ်ဟု ဆုံးဖြတ်ခဲ့ရာ၊ ယင်းဆုံးဖြတ်ချက်သည် အထောက်အထားကင်းမဲ့သည့် ဆုံးဖြတ်ချက် မဟုတ်၍၊ ထိုဆုံးဖြတ်ချက်အား၊ ဒုတိယ အယူခံရုံးမှ လက်မခံခြင်းသည် မှားယွင်းသည်ဟု ဆိုရမည် ဖြစ်သည်။

မြေကို မူလ ပိုင်ရှင်က မေတ္တာဖြင့် ပေးကမ်းသော စာချုပ်အရ ပေးခဲ့ပါသည် ဆိုသော အချက်နှင့် အယူခံ တရားလိုတို့သည် မြေပေါ်၌ အခွင့် အမိန့်အရ နေထိုင်ပါသည်ဆိုသော အချက်တို့ကို ထုတ်ပယ်လျှင် မြေသည် ဒေါ်ခင်မလေး အမည်နှင့် ပေါက်လျက်ရှိသည်ဆိုသော အချက်သာ ကျန်ပေတော့သည်။ အခွန်မြေပုံတွင် နာမည်ပေါက်ရုံမျှဖြင့် နာမည်ပေါက်သူသည် မြေ၏ ပိုင်ရှင် ဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ **အောင်လှ** နှင့် **ထုံးကြီး** (၄)။

မြေကို လက်မဲ့ဖြစ်သူက လက်ရှိဖြစ်သူအား ဖယ်ရှားပေးရန် တရားစွဲဆိုသည့် အမှုများ၌ လက်မဲ့ဖြစ်သူသည် ထိုမြေကို ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် သက်သေထူရန် တာဝန်ရှိပေသည်။ **ဒေါ်စောရှင်** နှင့် **ဟွာကီးရား** (၅)။ ယခုအမှု၌ အယူခံ တရားပြိုင်တို့သည် မြေကို ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် အထောက်အထား

(၁) ၁၉၄၀၊ ရန်ကုန်စီရင်ထုံး၊ ၁၁၀။
(၂) ၁၉၄၀၊ ရန်ကုန်စီရင်ထုံး၊ ၇၇၇။
(၃) ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး၊ ၂၉၁ (တရားလွှတ်တော်)။
(၄) အတွဲ ၈၊ အောက်မြန်မာပြည် စီရင်ထုံး ၂၆၄။
(၅) ၁၉၆၃၊ မြန်မာပြည်စီရင်ထုံး၊ ၇၆၅။

တင်ပြခြင်း မပြုနိုင်။ အယူခံ တရားလိုတို့ အနေဖြင့်လည်း မြေကို ပိုင်ဆိုင်ကြောင်း သက်သေမထူနိုင်သည်မှာ မှန်သော်လည်းမြေကိုလက်ရှိ ဖြစ်သူက ၎င်း၏ ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် မပြသနိုင်ကာမျှဖြင့် လက်မဲ့ဖြစ်သူ သည် ထိုမြေကို ပြန်မရနိုင်။ လက်ရှိဖြစ်သူတွင် ပိုင်ဆိုင်ခွင့်ရှိကြောင်း တင်ပြရန် တာဝန် မရှိချေ။ ကိုသန်းအောင် နှင့် မချစ် (၆)တို့အမှု၌ ထိုအတိုင်းဆုံးဖြတ်ထားသည်ကို ကျွန်ုပ်တို့ သဘောတူသည်။

အထက်ပါ အကြောင်းများကြောင့် ဒုတိယ အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီ တို့မှာ မှားယွင်းနေကြောင်း ပေါ်လွင်သဖြင့် ပယ်ဖျက်လိုက်ပြီး၊ အယူခံ တရားပြိုင်တို့ စွဲဆိုသော အမှုကို ပယ်လိုက်သည့် ပထမ အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပြန်လည်အတည်ပြုလိုက်သည်။ အယူခံတရားပြိုင်တို့သည် မူလရုံး၊ ပထမအယူခံရုံးနှင့် ဒုတိယ အယူခံရုံးတို့တွင် ကုန်ကျခဲ့သော [အယူခံ] တရားလိုတို့၏ တရားစရိတ် များကို ကျခံကြရမည်ဖြစ်သည်။ ဤအခွင့်ထူး အယူခံမှု အတွက် တရားစရိတ် မရှိ။

၁၉၅၁

၁။ ဦးအောင်သိန်း၊ ၂။ ဒေါ်ခင်ထွေး။

နှင့်

၁။ ဒေါ်အမ ၂။ ကိုခွေးမောင်။

(၆) ၁၉၅၈၊ မြန်မာပြည်စီရင်ထုံး၊ ၂၉၁ (တရားလွှတ်တော်)။

## နိုင်ငံတော်တရားရုံးချုပ်

### တရားမပထမအယူခံမှု

တရားသူကြီး ဦးကျော်ငြိမ်း နှင့် တရားသူကြီး ဦးသန်းအောင်တို့ ရှေ့တွင်

†၁၉၇၁

အောက်တိုဘာ
လ ၈ ရက်။

ဦးချစ်ရာ နှင့် { ၁။ ဦးစိုးဟန်
၂။ ဦးချစ်ရာ
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာ
လေသိန်းဆုဌာန* }

**သက်သေခံဥပဒေ၏ အခြေခံမူတရပ်—အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန်လိုအပ်ခြင်း—တန်ဖိုးလျော့နည်းသောသက်သေခံချက်များကို မတင်ပြထိုက်ခြင်း—အရေးကြီးသည့် သက်သေကို သက်သေအဖြစ်မှ ပယ်လိုက်ခြင်းနှင့်ဥပဒေအမြင်။**

**ဆုံးဖြတ်ချက်။** ။သက်သေခံဥပဒေ၏ အခြေခံမူတရပ်မှာ၊ အမှုသည်တို့သည် မိမိရရှိနိုင်စွမ်းရှိသော အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန် လိုအပ်သည်ဟူသော မူပင်ဖြစ်သည်။ အကြောင်းချင်းရာများနှင့် ပတ်သက်၍ သက်သေထင်ရှား ပြရန်အတွက်၊ သက်သေခံချက်များ တင်ပြသည့်အခါ၌ တင်ပြနိုင်စွမ်းရှိသော သက်သေခံချက်မျ း အနက်၊ အကောင်းဆုံးသောသက်သေခံချက်များ(best evidence producible)ကို တင်ပြရမည်။ယင်းကဲ့သို့မတင်ပြဘဲ၊ ဒုတိယတန်းစား၊တန်ဖိုးလျော့နည်းသော (second rate) သက်သေခံချက်များကို မတင်ပြထိုက်ပေ။ **မငြိမ်းလှ နှင့် မရင်၊** အတွဲ ၃၊မြန်မာပြည်စီရင်ထုံး၊ ၂၄၆။ **အီဗရာဟင်ဒေါ်ဂျီဂျီဝါး နှင့် အကျမ်မိုဟာမက်လူဘားဝါလာ၊** ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၇၀ (၂၉၉)၊ တရားလွှတ်တော်ချုပ်တို့ကိုရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမှုသည် တယောက်က သက်ဆိုင်ရာ အမှုတွင်၊ လူတယောက်သည် သက်သေအဖြစ် ရုံးရှေ့သို့လာရောက်၍ အစစ်ခံရန် လိုအပ်လျှင်၊ မိမိကိုယ်တိုင်လည်း ခေါ်ယူလာနိုင်သည်။ တရားရုံးမှတဆင့် သမ္မာန်စာချ၍လည်း ခေါ်ယူနိုင်ပေသည်။ အကယ်၍ သမ္မာန်စာချရာ၌ အတည်ဖြစ်ပါလျက်နှင့် သက်သေက ရုံးသို့မလာရောက်ဘဲနေလျှင်၊ တရားရုံးမှဝါရမ်းထုတ်ဆင့်၍ သက်သေကို ရုံးသို့ လာရောက်စေရန် ဆောင်ရွက်ပေးနိုင်သည်။ အမှုသည်က လျှောက်ထောင်းလျှင်၊ ရုံးချိန်ကုန်ဆုံး၍ မစစ်ဆေးနိုင်သော အရေးကြီးသော သက်သေကို၊

* ၁၉၇၀ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၇၃။

† ၁၉၆၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၃ တွင် ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့စွဲဖြင့်၊ ရန်ကုန်မြို့ တရားမရုံး ဒုတိယတရားသူကြီး၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၁

ဦးချစ်ရာ နှင့်
၁။ ဦးစိုးဟန်
၂။ ဦးချစ်ရာ
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

နောက်တနေ့တွင်၊ သို့မဟုတ် အနီးကပ်ဆုံး ရက်ချိန်းတွင် ရုံးကစစ်ဆေးပေးမည်မှာ မလွဲပေ။ ထို့ပြင် ရုံးရှေ့သို့ မလာရောက်နိုင်သော သက်သေများ၊ သို့မဟုတ် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ ရှိသော နယ်နိမိတ် ပြင်ပတွင် ရှိနေသော သက်သေများ၊ သို့မဟုတ် နယ်နိမိတ်ပြင်ပသို့ သွားအံ့ဆဲဆဲ သက်သေများကို စစ်ဆေးလိုလျှင်၊ တရားရုံးက ကော်မရှင် ထုတ်ဆင့်၍ စစ်ဆေးနိုင်သည်။ အယူခံတရားလိုသည် တရားဥပဒေက ပေးထားသော ထိုအခွင့်အရေးများကို အသုံးမပြုဘဲ၊ မိမိ အလိုအလျောက် အရေးပါ အရာရောက်သော သက်သေ ဦးအောင်ကြီးကို ပယ်လိုက်ခြင်းပင် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ဤအမှုတွင် ဦးအောင်ကြီးကို တရားလိုက သက်သေအဖြစ် မစစ်ဆေးတော့ဘဲ ပယ်လိုက်ခြင်းသည်၊ ဦးအောင်ကြီး၏ သက်သေခံချက်သည် တရားလို၏ အမှုကို အကျိုးပြုမည်မဟုတ်သောကြောင့် ပယ်လိုက်ခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုလျှင်၊ တရားလိုကို ဆန့်ကျင်ပြီး ထွက်ဆိုမည် စိုးရိမ်၍သာ ဖြစ်သည်ဟု ကောက်ယူရန် အကြောင်းပေါ်ပေါက်နေသည်ဟုဆိုရပေလိမ့်မည်။ **ဦးဘိုးရှင်နှင့် တဦး နှင့် အက်ဒွပ်နှင့်အများ၊** အေအိုင်၊အာ (ရ်)၊ ၁၉၃၄၊ ရန်ကုန်၊ ၁၃၉ နှင့် **ဂရာပရာဆပ် နှင့် ဦးကျော်ရွှေ၊** ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၁၆၃ (၁၁၆၅) တို့ကိုရည်ညွှန်းသည်။

**အယူခံတရားလိုအတွက်**။ ။တရားရုံးချုပ်ရှေ့နေ၊ ဦးကိုကိုကြီး (၃)၊။

**အယူခံတရားခံ (၁) အတွက်**။ ။တရားရုံးချုပ်ရှေ့နေ၊ ဦးခင်မောင် (၂)။

**အယူခံတရားခံ (၂) အတွက်**။ ။တရားရုံးချုပ်ရှေ့နေ၊ ဦးတင်မောင်။

**အယူခံတရားခံ (၃) အတွက်**။ ။အစိုးရတရားရုံးချုပ်ရှေ့နေ မစ္စတာ အက်(စ်)၊ ကေ၊ ဂို(ရှ်)။

**တရားသူကြီး ဦးသန်းအောင်**။ ။**ဤအယူခံမှုသည် (၁၄၄) ကြိမ်မြောက် အောင်ဘာလေ သိန်းထီဖွင့်သောအခါ၊ ငွေတသောင်းဆု ပေါက်သော "တံတားပြင်ရန်" အတိတ်နှင့် အမှတ် (၀-၂၁၇၃၄၂) ထီလက်မှတ်ကို၊ အယူခံတရားလို(မူလ တရားလို) ဦးချစ်ရာ ပိုင်မပိုင်ဟူသော ပြဿနာနှင့် ပတ်သက်သည်။**

အယူခံတရားလို ဦးချစ်ရာသည်၊ တရားလိုအဖြစ်နှင့် ၁၉၆၉ ခုနှစ်၊ မတ်လ ၁၉ ရက် နေ့တွင် အဆိုလွှာကို၊ ရန်ကုန်မြို့၊ တရားမရုံး၌ တင်သွင်း၍ တရားစွဲဆိုခဲ့သည်။ ၁၉၆၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၃ ဖြစ်၍၊ အယူခံ တရားပြိုင်များ ဖြစ်ကြသော ဦးစိုးဟန်၊ ဦးချစ်ရာနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ အောင်ဘာလေ သိန်းဆုဌာန၊ အုပ်ချုပ်ရေးမှူးတို့က-ရင်းအမှုတွင် တရားပြိုင်များ ဖြစ်ကြသည်။

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

တရားလို ဦးချစ်ရာက အမှုတွင် အဆိုပြုသည်မှာ တရားလိုသည် တန်ဆောင်မုန်းလဆုတ် ၂ ရက် (၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)နေ့တွင် (၁၄၄)ကြိမ်မြောက် အောင်ဘာလေ သိန်းထီလက်မှတ် (င-၂၁၇၃၄၂) ကို၊ ပေါင်းတည်မြို့ "အောင်ဝိဇ္ဇာ" ထီဆိုင်မှ ဝယ်ယူခဲ့သည်။ အတိတ်မှာ "တံတားပြင်ရန်" ဖြစ်သည်၊ အတိတ်နှင့် တရားလို၏အမည်၊ နေရပ်လိပ်စာတို့ကို ထီဆိုင်ရှင် ဝိဇ္ဇာအောင် (ခ) ဦးအောင်ကြီး ကိုယ်တိုင်ရေးမှတ်ပေးခဲ့သည်၊ ထီထိုးပြီးနောက် ရွာအပြန်လမ်းတွင် နွားပျောက်၍ ဦးထွန်းရွှေအကူညီတောင်းရသည်၊ ကိုစံအေးက လိုက်ရှာပေးသည်၊ ထီလက်မှတ်ကို ဘတ်ကြည့်သည်၊ ရွာသူကြီး ဦးစိုးဟန်နှင့် တွေ့သည်၊ ထီလက်မှတ်ပါသော အထုပ်ကို ပြလိုက်သည်၊ နောက်အရက် ၂၀ (သက်သေခံစဉ် ၁၁ ရက်ဟုပြောသည်) လောက် ကြာသောအခါ၊ ဦးအောင်ကြီးသည အယူခံတရားလို နေထိုင်သော ကျခတ်ဝါးရုံ ရွာသို့ ဘိုင်စကယ်ဖြင့်လာပြီးလျှင် အယူခံတရားလိုအား "ထီထိုးသလား" ဟု မေးသည်၊ ထိုအခါအယူခံတရားလိုက "ကျွန်တော်နှင့် နာမည်တူ ကိုချစ်ရာ တောင်စုမှာရှိတယ်၊ သွားချီအုံး" ဟုပြောလိုက်ကြောင်း၊ တောင်စုမှ ဦးအောင်ကြီး ပြန်လာသောအခါ၊ တရားလိုဦးချစ်ရာအား၊ " ခင်ဗျား ထီပေါက်တာ ကျွန်တော့ကို လိမ်လှတ်တယ် " ဟုပြောကြောင်းတို့ဖြစ်သည်။

တရားလိုက သက်သေခံ၍ အဆိုပြုသည်မှာ တရားလိုသည် မိမိအိမ်၌ ရှာဖွေရာ မတွေ့၍ ဦးအောင်ကြီးအား အကြောင်းကြားလိုက်၏၊ ထို့နောက် ၂ ရက်လောက် အကြာ ကားပေါ်တက်မည်အလုပ်တွင် ဦးစိုးဟန်နှင့်တွေ့၍ ဦးစိုးဟန်က သူ့ထံတွင် ထီလက်မှတ်ရှိကြောင်း၊ သူနှင့်အတူထုတ်မည်ပြောကြောင်း၊ ထီဆိုင်ရှင်ဦးအောင်ကြီး၊ သူကြီး ဦးထွန်းရွှေ၊ ဦးအောင်စိန်တို့နှင့်အတူ သွား၍ ထီရုံးသို့ သံကြိုးစာကိုလည်း၊ ပေးပို့ကြောင်း၊ ၎င်းနောက် နတ္တလင်းပါတီရုံးသို့သွားပြောကြောင်း၊ ထီရုံးသို့တားစာ ရေးသား ပေးပို့ကြောင်း၊ နောက်ဆုံးရှေ့နေငှါး၍ တရားစွဲလိုက်ကြောင်း တို့ဖြစ်သည်။

တရားလိုက အဆိုလွှာတွင် ပထမတရားပြိုင် သူကြီး ဦးစိုးဟန်သည်၊ ဒုတိယ တရားပြိုင်ဖြစ်သူ (တရားလိုနှင့် နာမည်တူသော) တရွာတည်းနေ ဦးချစ်ရာနှင့် ပူးပေါင်း၍၊ ဆုငွေ တသောင်းကို ရန်ကုန်မြို့သို့ သွားထုတ်ရန် စီစဉ်နေကြောင်း သိရှိရကြောင်း။ တတိယ တရားပြိုင်က ထီလက်မှတ် သိမ်းယူထားကြောင်း၊ အချင်းဖြစ် ထီလက်မှတ်ကို တရားလိုသာပိုင်ကြောင်း မူတည်၍ တရားလိုသည် အဆိုပါ ဦးစိုးဟန်၊ ဦးချစ်ရာနှင့် အောင်ဘာလေ သိန်းဆုဌာန အုပ်ချုပ်ရေးမှူးတို့အပေါ် တရားစွဲ၍ တရားလိုသည်သာ လျှင် အချင်းဖြစ် ထီလက်မှတ်ကို ပိုင်ဆိုင်ကြောင်း အတိအလင်း မြွက်ဟကျေညာ၍၊ ဒီကရီ ချပေးပါရန် အဓိကအားဖြင့် တောင်းဆိုခဲ့သည်။

၂-တရားပြိုင်က မိမိ၏ချေလွှာတွင် ထုချေခဲ့သည်မှာ အချင်းဖြစ် ထီလက်မှတ်ကို နတ္တလင်းမြို့၊ မင်းလမ်းရှိတရုပ်လက်ဘက်ရည်ဆိုင်တွင် မောင်စောဝင်းနှင့် ဦးစိုးဟန်တို့ ရှေ့၌ ပေါင်းတည်မြို့မှ ဝိဇ္ဇာအောင် (ဦးအောင်ကြီး) ထံမှ ဝယ်ယူခဲ့ကြောင်း၊ ၁-တရားပြိုင်က အချင်းဖြစ်ထီလက်မှတ်ကို ၂-တရားပြိုင် ဝယ်ယူခဲ့ကြောင်း၊ တရားလို၏စွပ်စွဲချက်များကို ငြင်းဆိုကြောင်း ထုချေသည်၊ ၃-တရားပြိုင်ကမူ တရားလိုသည် မိမိအဆိုပြုသည့်အတိုင်း ပိုင်ရှင် အမှန်ဖြစ်ကြောင်း သက်သေထင်ရှားပြုရန်တာဝန် ရှိကြောင်း၊ အငြင်းပွားလျက်ရှိသောထီလက်မှတ်ကိုသိမ်းဆည်းထားကြောင်း၊ အမှန်တကယ် အငြင်းပွားမှုမှာတရားလိုနှင့် တရားပြိုင် အမှတ် ၁ နှင့် ၂ တို့သာ သက်ဆိုင်သဖြင့် ၃-တရားပြိုင်ပေါ်တွင်တရားစရိတ်ကို မချမှတ်သင့်ကြောင်းတင်ပြသွားသည်။

၁၉၇၁

ဦးချမ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ၅၁၇။

မူလရုံး တရားသူကြီးသည် အဓိက ကောက်ချက်အနေဖြင့် ဤကဲ့သို့ ချမှတ်လိုက်သည်။

"အချင်းဖြစ် ထီလက်မှတ်ကို မည်သူ ပိုင်ဆိုင်ပါသလဲ"။

တရားလိုနှင့် တရားလိုပြ သက်သေများ၊ တရားပြိုင်များနှင့် တရားပြိုင်များပြ သက်သေများနှင့် တရားလို၊ တရားပြိုင်တို့ တင်သွင်းကြသော သက်သေခံချက်များကို သုံးသပ်ပြီးနောက်၊ မူလရုံး တရားသူကြီးသည် မိမိ၏ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့စွဲပါ စီရင်ချက် ဒီကရီဖြင့်၊ တရားလိုဦးချစ်ရာ စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သဖြင့် တရားလိုဦးချစ်ရာက မကျေနပ်၍ ဤရုံးသို့အယူခံ ဝင်ရောက်လာခြင်း ဖြစ်သည်။

အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေကြီး ဦးကိုက်ကြီးက၊ မူလရုံးအမှုတွဲတွင် ပါရှိသည့် သက်သေခံချက်များအရ၊ မိမိ၏အမှုသည် အယူခံတရားလို ဦးချစ်ရာသည်၊ အချင်းဖြစ် ထီလက်မှတ်၏ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟဒီကရီရထိုက်ရပါသည်ဟုလျှောက်လဲသွားသည်၊ ယင်းကဲ့သို့ လျှောက်လဲရာ၌ **(ကွယ်လွန်သူ မစ္စတာ ဂျိန်းမာတီနီ၏ အမွေစား အမွေခံများ ဖြစ်ကြသော) ဒေါ်ခင်လေး ပါ-၆ နှင့် မစ္စအယ်လန်နာနစ်မာတီနီပါ** ၂(၁) အမှုကို အားကိုးအားထားပြု၍ သက်ငသထွက်ချက်များကို ဝေဖန်ပြီး လျှောက်လဲသွားသည်။

၂-အယူခံတရားပြိုင် ဦးချစ်ရာ၏ တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်က၊ မူလရုံး တရားသူကြီးသည် သက်သေများကို ကိုယ်တိုင်မြင်တွေ့ ကြားနာပြီးမှ စီရင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊' တရားလိုသည် အချင်းဖြစ်ထီလက်မှတ်ကို ဝယ်ယူသည်ဟုဆိုရာ၌

(၁) ၁၉၆၆ ခု၊ မြန် ၁နိုင်ငံစီရင်ထုံး၊ ၁၃၇၁။

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးမိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိမ်းဆုဌာန။

မိမိကိုယ်တိုင် သက်သေခံ ထွက်ဆိုသည်မှလွဲ၍ အခြားသက်သေ အထောက်အထား မတင်ပြနိုင်ကြောင်း ၊ လျှောက်လဲသွားသည်။ ၃-အယူခံတရားပြိုင်အတွက် လိုက်ပါ ဆောင်ရွက်သည့် အစိုးရ တရားရုံးချုပ်ရှေ့နေ မစ္စတာ အာဇ်၊ ကေ၊ ဂိုရှ်က၊ အရေးပါ အရာရောက်သော သက်သေတဦးဖြစ်သူ ဝိဇ္ဇာအောင် (ဦးအောင်ကြီး)ကို၊ တရားလို ဘက်မှ သက်သေမထူခဲ့ကြောင်း၊ ထိုဦးအောင်ကြီးအား သက်သေအဖြစ်နှင့် အစစ်ခံ စေရန်အတွက် ဆောင်ရွက်သင့်ကြောင်း၊ လိုအပ်လျှင် ကော်မရှင်ထုတ်၍ စစ်မေးသင့် ကြောင်း သက်သေထင်ရှား ပြရန်မှာ တရားလို၏ တာဝန်ဖြစ်ကြောင်း လျှောက်လဲ သွားသည်။

ဤအမှုတွင် အယူခံတရားလိုက အချင်းဖြစ် ထီလက်မှတ်ကို မိမိပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီတောင်းထားသည်။ ယင်းသို့ပိုင်ဆိုင်ကြောင်းကို သက်သေထင်ရှား ပြသ ရန်မှာ အယူခံတရားလို ဦးချစ်ရာ၏ တာဝန်ဖြစ်သည်။အချင်းဖြစ် ထီလက်မှတ်ကို မိမိ ပိုင်ဆိုင်ကြောင်း သက်သေပြခြင်း၊ သက်သေထူခြင်းတို့ကို အယူခံတရားလို ဦးချစ်ရာ ကသာ လုံးဝဆောင်ရွက်ရမည် ဖြစ်သည်။ မိမိသည် အချင်းဖြစ် ထီလက်မှတ်ကိုပိုင်ဆိုင် ကြောင်း ထင်ရှားစေသော၊ လုံလောက် ခိုင်လုံသော သက်သေခံချက်များရှိရမည်။

အဆိုလွှာ၌ပင် ထင်ထင်ရှားရှား ဖေါ်ပြထားသည့် အချက်မှာ အချင်းဖြစ် ထီ လက်မှတ်သည် ၎င်း၏လက်ဝယ်၌ မရှိဟူသော အချက်ပင်ဖြစ်သည်။ အယူခံတရားပြိုင် အမှတ် ၂-ဦးချစ်ရာသည်၊အချင်းဖြစ်ထီလက်မှတ်ကို မိမိလက်ဝယ်၌ရှိခဲ့၍၊ မိမိကိုယ်တိုင် ကပင်လျှင် အောင်ဘာလေ သိမ်းဆုဌာနသို့ ထိုလက်မှတ်ကို တင်ပြ၍ ဆုငွေတောင်းခံ ကြောင်း သက်သေခံချက်များအရ ပေါ်လွင်သည်။ အောင်ဘာလေ သိမ်းဆုဌာနက ထိုထီလက်မှတ်နှင့် ပတ်သက်၍ အငြင်းပွား နေကြသဖြင့် အချင်းဖြစ် ထီလက်မှတ်ကို သိမ်းဆည်းထားရာမှ မူလရုံးအမှုတွဲတွင် သက်သေခံအမှတ် ၁ အဖြစ်တင်သွင်းထားခဲ့ သည်။ အချင်းဖြစ် ထီလက်မှတ်သည် အယူခံတရားလို၏ လက်ဝယ်၌မရှိဘဲ၊ အငြင်းပွါး သောအချိန်၌အယူခံတရားပြိုင် အမှတ် ၂ ၏လက်ဝယ်၌ရှိနေသည်ဟူသော အကြောင်း ချင်းရာနှင့်ပတ်သက်သော အချက်ကို နှစ်ဦး နှစ်ဘက် အမှုသည်တို့သည် အငြင်းမပွါး ကြပေ။

သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၀ တွင် ပြဋ္ဌာန်းထားသည်မှာ ပစ္စည်းတခုခုကို လက်ဝယ်၌ ထားရှိလျက်ရှိသောသူတယောက်သည်၊ ထိုပစ္စည်း၏ ပိုင်ရှင်ဟုတ် မဟုတ် ဟူသော ပြဿနာပေါ်ပေါက်လာသော အခါ၌ ထိုသူသည် ပိုင်ရှင်မဟုတ်ကြောင်း သက်သေထင်ရှား ပြရန်တာဝန်သည် ထိုသူသည် ပိုင်ရှင်မဟုတ်ပါဟု ပြောဆိုသူ၏ အပေါ်တွင် ကျရောက်သည်။ ဆိုခဲ့ပြီးဖြစ်သော **ဒေါ်ခင်လေးပါ-၆ နှင့် မစ္စအယ်လန်နာ**

နှစ်မာတီနီ (၁) အမှုစီရင်ထုံးတွင် သက်သေခံဥပဒေပုဒ်မ ၁၁၀ ကို သုံးသပ်ရာ၌ ဤသို့ ဖော်ပြထား၏။ ၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

"Possession is nine points of the law ဟုဆိုရိုးစကားရှိပေသည်။ လက်ရှိရခြင်းသည် ပိုင်ခြင်း လက္ခဏာ ရှိသည်။"

သက်သေခံ ဥပဒေပုဒ်မ ၁၁၀ နှင့် ပတ်သက်၍၊ ဤတရားရုံးချုပ်က ဒေါ်စောရှင် ပါ-၅ နှင့် ခွါကီးယားဘွတ် ပါ-၃၆ (၂) အမှု စီရင်ထုံး၌ ဤသို့ မြွက်ဟထား၏။

"အထက်၌ ဖော်ပြခဲ့သည့် အတိုင်း၊ အခင်းဖြစ် မြေကွက်သည် ခွါဆေးအင်း လက်ရှိဖြစ်ခဲ့သည်မှာ၊ နှစ်ပရိစ္ဆေဒ အတန်ပင် ကြာမြင့်ခဲ့သည်ဖြစ်၍၊ ထိုမြေကို ခွါဆေးအင်း မပိုင်ကြောင်း၊ မိမိတို့၏ ဘုံအိမ်အသင်းသာလျှင် ပိုင်ဆိုင်ကြောင်း သက်သေထင်ရှားပြရန် တာဝန်မှာ၊ ဘုံအိမ် အသင်းသားများ၏ ကြီးလေးသော တာဝန်ဖြစ်ပေသည်။"

သက်သေခံ ဥပဒေက ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းထားသည်မှာ၊ ပစ္စည်းတခုကို လက်မဲ့ဖြစ်နေသူသည် ထိုပစ္စည်း၏ ပိုင်ဆိုင်သူ ဖြစ်ကြောင်း အဆိုပြုသည့် အခါ၌၊ ထိုပစ္စည်း၏ ပိုင်ဆိုင်သူဖြစ်ကြောင်းကို ၎င်းပစ္စည်း လက်မဲ့ဖြစ်နေသူက သက်သေထင်ရှားပြရန် တာဝန်ရှိသည်။ ဤအမှုတွင် အယူခံတရားလိုက၊ အချင်းဖြစ် ထီလက်မှတ်ကို မိမိပိုင်ဆိုင်ကြောင်း သက်သေထင်ရှား ပြနိုင်ခြင်း ရှိခဲ့ပါသလောဟု ဆန်းစစ်ချင့်ချိန်ကြည့်ရပေလိမ့်မည်။ ထိုသို့ ချင့်ချိန် ဆန်းစစ်သည့်အခါ၌ ဤသို့ တွေ့ရှိရသည်။

အယူခံတရားလိုက သူထီလက်မှတ်ဝယ်ပုံ၊ ဦးထွန်းရွှေနှင့် တွေ့ပုံ၊ကိုစံအေးနွားရှာပေးပုံ၊ ထီလက်မှတ်ကို ထုတ်ပေးပုံ၊ ထိုနေ့၌ပင် အယူခံ တရားပြိုင်အမှတ် ၁၊ ဦးစိုးဟန် အိမ်ရှေ့၌ တွေ့ကြပုံ၊ ထီလက်မှတ်ပါသည့် အထုပ်ကို အိတ်ထဲက ထုတ်၍၊ ဗီတံတားပျက်ကြီးကို ငါပြင်မယ်ကွဟု ပြောဆိုပုံ၊ ထိုပေါက်ပြီးနောက် ဦးစိုးဟန်က၊ သူ့ဆီမှာ ထီလက်မှတ် ရှိကြောင်း ပြောပုံ၊ သူနှင့် ထုတ်ကြမယ် ပြောပုံတို့ကို ထွက်ဆိုပြီးလျှင်၊ ဦးထွန်းရွှေနှင့် ဦးစံအေးတို့ ထောက်ခံ သက်သေခံကြသည်။ ထီလက်မှတ်ကို ဦးစိုးဟန်က သူ့ထံတွင်ရှိကြောင်း ဆိုက်ကားသမား ကိုလှကြည် ပြန်ပြော၍ သိရကြောင်း၊ ဦးမြမောင်က သက်သေခံသည်။ ကိုစံအေးကို သက်သေ ဦးမောင်လှိုင်က နွားဘမ်းပေးခြင်းနှင့် ပတ်သက်၍ ထောက်ခံသည်။ ကိုပုသည် ဦးထွန်းရွှေနှင့် ဦးစိုးဟန်တို့ ထီလက်မှတ်ငွေ ထုတ်သည့်ကိစ္စ ဆွေးနွေးပုံကို သက်သေ ခံထားသည်။

(၂) ၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၇၆၅ (၇၆၈)။

၁၉၇၁

ဦးချစ်ရာနှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

တရားလိုသည် မှုလရုံး၌ ကိုယ်တိုင် အစစ်ခံခဲ့စဉ်အခါက၊ မိမိသည် ဦးအောင်ကြီး ထိအိုင်မှ လက်မှတ် ဝယ်ခဲ့ကြောင်း၊ ဦးအောင်ကြီး ကိုယ်တိုင် ထီလက်မှတ်နှင့် လက်ခံ ဖြတ်ပိုင်းပေါ်တွင်၊ အတိတ်၊ အမည်၊ နေရပ်လိပ်စာတို့ကို ရေးမှတ်ခဲ့ကြောင်း၊ ၁၁ ရက်လောက်ကြာသောအခါ၌ ဦးအောင်ကြီးက အယူခံတရားလို၏ ရွာသို့ လာရောက်၍ ထီထိုးသလားဟု မေးခဲ့ကြောင်း၊ ထိုအခါ အယူခံတရားလိုကပင်လျှင် သူနှင့် နာမည်တူ ကိုချစ်ရာတောင်စုမှာ ရှိသည်၊ သွားချည်ဦးဟု ပြောလိုက်ကြောင်း၊ ၎င်းနောက်တောင်စုမှ ဦးအောင်ကြီး အပြန်တွင် အယူခံ တရားလိုအား၊ ခင်ဗျား ထီပေါက်တာ ကျွန်တော့်ကို လိမ်တယ်ဟု ပြောပြီး၊ ဦးအောင်ကြီးက ဝမ်းသာအားရနှင့် အယူခံတရားလိုကို လာဖက်ကြောင်း၊ ၎င်းနောက် ဦးအောင်ကြီးက ထီလက်မှတ်တောင်းကြောင်း၊ ယင်းကဲ့သို့ တောင်းသောအခါ၌ အယူခံ တရားလိုက အင်္ကျီအိတ်ထဲသို့ ကြည့်ရှုသောအခါ နွားဝယ်သည့် လက်မှတ်သာ ရှိကြောင်း၊ ထီလက်မှတ်ကို မတွေ့ရှိရကြောင်း၊ ထီလက်မှတ် ပျောက်ဆုံးကြောင်းကို ဦးအောင်ကြီးအား ပြောပြကြောင်း၊ ဦးအောင်ကြီးက ပြန်သွားကြောင်း စသည်ဖြင့် အဓိက စစ်မေးချက်တွင် ထွက်ဆိုသွားသည်။ အယူခံ တရားပြိုင် အမှတ် ၂ ၏ ရှေ့နေ ဦးတင်မောင်က ပြန်လှန်မေးခွန်းထုတ်သောအခါ၌ တရားလိုက၊ ထီလက်မှတ် မည်သည့်နေရာတွင် ပျောက်ခဲ့သည်ကို မသိကြောင်း ပြန်လည် ဖြေကြားထားသည်။ အစိုးရ ရှေ့နေ ဦးအောင်သန်းထွန်းက ပြန်လှန် မေးခွန်း ထုတ်သောအခါ၊ အယူခံ တရားလို ဖြေကြားသည်မှာ၊ "ကျွန်တော် ရွာပြန်ရောက်ပြီး ၁၁ ရက်လောက်ရှိမှ ဦးအောင်ကြီး လာပါသည်။ ဒီကြားထဲတွင် ထီလက်မှတ် ပျောက်ကြောင်းကို မည်သူ့ကိုမျှ ကျွန်တော် မပြောခဲ့ပါ" ဦးအောင်ကြီးထီပေါက်ပြီးနောက် ရွာသို့ လာသည့်အခါ၌ ပြောကြဆိုကြပုံတို့ကို၊ ဒေါ်မဲက သက်သေထွက်ဆိုထား၏။ ဦးရေအေးက ဦးအောင်ကြီးကို ထိုနေ့က အယူခံတရားပြိုင် ကိုချစ်ရာထံ ခေါ်သွားပုံ၊ ထိုနေရာ၌ ပြောပုံဆိုပုံတို့ကို သက်သေခံထား၏။ ဦးအောင်ကြီးက တရားလို ထီပေါက်ကြောင်း ပြောပြပုံကို သက်သေထွက်ဆိုထား၏။ ဦးအောင်ကြီးကိုမူ သက်သေအဖြစ် စစ်ဆေးထားခြင်း မရှိသည်ကို တွေ့ရ၏။

မူလရုံးတွင် ၂ တရားပြိုင်ဖြစ်၍၊ ဤအယူခံမှုတွင်ဤအယူခံတရားပြိုင် အမှတ် ၂ ဖြစ်သော ဦးချစ်ရာသည် သက်သေခံရာ၌၊ အချင်းဖြစ် ထီလက်မှတ်ကို သူသည် နတ္တလင်းမြို့တွင် ထိုးခဲ့သည်။ တရုတ်လက်ဘက်ရည်ဆိုင်တွင်ဖြစ်သည်၊ ထိုထီလက်မှတ်ကို တရုတ်လက်ဘက်ရည်ဆိုင်တွင် ပေါင်းတည်မှ ဦးအောင်ကြီးထံမှ ထိုးခဲ့သည်။ ထိုထီလက်မှတ် ထိုးစဉ်အခါ ဦးမြအုံး၊ ဦးစောဝင်းနှင့် ဦးစိုးဟန်တို့ရှိကြသည်။ ထီထိုးစဉ်က တံတားပြင်ရန်ဆိုသော အတိတ်နှင့် ထိုးခဲ့သည်။ ကိုမြအုံး၊ ကိုစောဝင်းနှင့် ဦးစိုးဟန်

တို့က၊ အယူခံ တရားပြိုင် အမှတ် ၂ သည်၊ ဦးအောင်ကြီးထံမှ ထိထိုးကြောင်း သက်သေခံထားကြသည်။ အယူခံတရားလိုသည် ထိထိုးစဉ် အခါက၊ မည်သူမည်ဝါ များရှိကြောင်း သက်သေ မထူနိုင်ခဲ့ပေ။ အယူခံ တရားလို၏ ရှေ့နေ ဦးကိုကိုကြီးက ထိထိုးသည့်အခါ၌ သက်သေများ ခေါ်သွားလေ့ မရှိကြောင်း၊ လျှောက်လဲချက်မှာ လည်း မှန်ကန်ပေသည်။ သို့သော် အယူခံ တရားလို ထိထိုးပါသည်ဟု ထောက်ခံ ထွက်ဆို သက်သေခံနိုင်သူမှာ၊ အဆိုလွှာအရ ဦးအောင်ကြီးဖြစ်ပေသည်။ ဤအမှုတွင် ထိထိုးသူသည် အယူခံ တရားလို ဦးချစ်ရာ ဖြစ်သလား၊ သို့မဟုတ်၊ အယူခံတရားပြိုင် အမှတ် ၂ ဦးချစ်ရာ ဖြစ်သလား ဟူသော မေးခွန်းကို ဖြေကြားရာ၌၊ များစွာပင် အကူအညီပြုနိုင်သည့် သက်သေမှာ ဦးအောင်ကြီးပင် ဖြစ်သည်။

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးယာန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းရေ ဌာန။

ဦးအောင်ကြီးကို မူလရုံး၏ အမှုတွဲမှတ်တမ်းများထဲတွင် သက်သေအဖြစ် အစစ်ခံထားသည်ကို မတွေ့ရှိရပေ။ မူလရုံး အမှုတွဲ မှတ်တမ်းများအရ၊ အယူခံ တရားလိုဘက်မှ ဦးအောင်ကြီးကို သက်သေအဖြစ် စာရင်းတင်ပြခဲ့သည်။ အယူခံ တရားလို ဦးချစ်ရာအား စစ်မေးစဉ်အခါ၊ ဦးချစ်ရာက ဤကဲ့သို့ သက်သေထွက်ဆိုထားသည်။

"ဦးအောင်ကြီးသည် ဤအမှုတွင် ကျွန်တော် သက်သေပြထားပါသည်။ ယခု ရုံးရှေ့တွင် ကျွန်တော် ခေါ်ယူပြသော သက်သေဖြစ်ပါသည်။ (ဦးအောင်ကြီး ဆိုသူအား ရုံးအပြင်ဘက်မှ ခေတ္တ ခေါ်ယူပြသပြီး ထွက်ဆိုသည်။)"

ထိုထွက်ဆိုချက်ကို ထောက်ရှုခြင်းအားဖြင့်၊ ဦးအောင်ကြီးသည် ထိုနေ့ကရုံးသို့ လာသည်ဟု အယူခံ တရားလို၏ ရှေ့နေ၏ တင်ပြချက်မှာ လက်ခံနိုင်စရာ အကြောင်း ရှိသည်။ တရားလိုဘက်မှ ထိုသက်သေကို ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် နေ့တွင် မစစ်မေးနိုင်ခဲ့သည်မှာ၊ ညနေ ၄ နာရီ ထိုးပြီး ရုံးချိန် ကုန်ဆုံးသွားသည့် အတွက်ကြောင့်ဖြစ်သည်ဟု နေ့စဉ် မှတ်တမ်း အရ ပေါ်လွင်သည်။ ၎င်းနောက် တွင် အယူခံတရားလိုက အခြား သက်သေများကို စစ်မေးခဲ့သော်လည်း၊ ဦးအောင်ကြီး ကို မစစ်ဆေးဘဲ နေခဲ့သည်။ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် မူလရုံး၏ နေ့စဉ် မှတ်တမ်း၌ ဤကဲ့သို့ ရေးမှတ်ထား၏။

"ယနေ့ တရားလိုပြ သက်သေ အမှတ် ၇ နှင့် ဂ တို့ကို စစ်ဆေး၍ ပြီးစီးသည်။ ကျန် သက်သေ ဦးအောင်ကြီး (ခ) ဝိဇ္ဇာအောင် ဆိုသူ မလာသဖြင့်၊ ၎င်းသက်သေအား စွန့်ပယ်ပါသည်ဟု ဆိုပြီး၊ ရှေ့နေ ဦးဘအုံးက တရားလိုဘက်မှ သက်သေစစ်ဆေးခြင်းကို နိဂုံးချုပ်ကြောင်း လျှောက်ထားသည်။"

၁၉၇၁ — ဦးချစ်ရာနှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ၄၁၆။

ဤအမှုတွင် တရားလို တရားပြိုင်တို့ အငြင်းမပွါးသော အချက်တို့မှာ၊ ထီလက်မှတ်မှာ ဝိဇ္ဇာအောင် (ခ) ဦးအောင်ကြီးဆိုင်က ရောင်းလိုက်သော ထီလက်မှတ်ဖြစ်ကြောင်း၊ ထီလက်မှတ်ပေါ်တွင် ရေးသားချက်များသည် ဦးအောင်ကြီး၏ လက်ရေးများဖြစ်ကြောင်း၊ ထီဖွင့်ပြီးသည့် နောက်ပိုင်းတွင် ဦးအောင်ကြီးသည် ရွာသို့ ရောက်လာပြီး အယူခံ တရားလို ဦးချစ်ရာနှင့်ရော၊ အယူခံ တရားပြိုင် အမှတ် ၂ ဦးချစ်ရာနှင့်ရော တွေ့ဆုံ စကားပြောခဲ့ကြောင်း။ အငြင်းပွါးသည့် အချက်မှာ ဦးချစ်ရာ နှစ်ယောက်ရှိသည့်အနက်၊ မည်သည့် ဦးချစ်ရာသည် ဦးအောင်ကြီးထံမှ အချင်းဖြစ် ထီလက်မှတ်ကို ဝယ်ယူခဲ့ပါသနည်း၊ ထီဖွင့်ပြီးနောက် ဦးအောင်ကြီးသည်၊ အယူခံ တရားလို ဦးချစ်ရာနှင့် အယူခံ တရားပြိုင် အမှတ် ၂ ဦးချစ်ရာတို့နှင့် ရွာတွင် သွားတွေ့စဉ်က၊ မည်သို့ မည်ပုံ ပြောဆိုခဲ့ကြပါသနည်း ဟူသော အချက်တို့ပင် ဖြစ်သည်။

ဦးအောင်ကြီးသည် ဤအမှုဖြစ်ရပ်များတွင်၊ အရေးပါ အရာရောက်သော သူတယောက်ဖြစ်သည်။ ဤအမှုတွင် အရေးကြီးသော သက်သေ တယောက်ဖြစ်သည်။ တရားလိုဘက်က ပြောဆိုချက်များ မှန်သလား၊ တရားပြိုင် အမှတ် ၁ နှင့် ၂ တို့ဘက်က ပြောဆိုချက်များ မှန်သလား ဟူသော အချက်များကို စဉ်းစားရာ၌၊ ဦးအောင်ကြီး၏ သက်သေခံချက်သည် (ရှိခဲ့လျှင်) အရေးကြီးသည့် သက်သေခံ အထောက်အထားဖြစ်မည်မှာ မလွဲပေ။ တရားလိုသည် ဦးအောင်ကြီးနှင့် ပတ်သက်၍၊ အဆိုလွှာနှင့်သက်သေအစစ်ခံချက်တို့တွင် ဖေါ်ထုတ်ပြောဆိုပြီးနောက်၊ ဦးအောင်ကြီးကို သက်သေအဖြစ်မှ ပယ်လိုက်ခြင်းကြောင့် စဉ်းစားရန် အချက်ပေါ်လာသည်မှာ၊ မည်သည့် အတွက်ကြောင့် ဦးအောင်ကြီးကို သက်သေအဖြစ်မှ မစစ်ဆေးဘဲ ပယ်လိုက်ပါသနည်း၊ မှတ်တမ်းတွင် အကြောင်း မပေါ်လွင်ပေ။ သို့ဖြစ်လေရကား၊ ဥပဒေအရ မည်ကဲ့သို့ စဉ်းစားရမည်ကို ဆွေးနွေးရန် လိုအပ်ပေသည်။

အမှုသည် တယောက်က သက်ဆိုင်ရာ အမှုတွင်၊ လူတယောက်သည် သက်သေအဖြစ် ရုံးရှေ့သို့လာရောက်၍ အစစ်ခံရန် လိုအပ်လျှင်၊ မိမိကိုယ်တိုင်လည်း ခေါ်ယူလာနိုင်သည်၊ တရားရုံးမှ တဆင့် သမ္မာန်စာချ၍လည်း ခေါ်ယူနိုင်ပေသည်။ အကယ်၍ သမ္မာန်စာချရာ၌ အတည်ဖြစ်ပါလျက်နှင့် သက်သေက ရုံးသို့ မလာရောက်ဘဲနေလျှင်၊ တရားရုံးမှ ဝါရမ်းထုတ်ဆင့်၍ သက်သေကို ရုံးသို့ လာရောက်စေရန် ဆောင်ရွက်ပေးနိုင်သည်။ အမှုသည်က လျှောက်တောင်းလျှင်၊ ရုံးချိန်ကုန်ဆုံး၍ မစစ်ဆေးနိုင်သော အရေးကြီးသော သက်သေကို၊ နောက် တနေ့တွင်၊ သို့မဟုတ် အနီးကပ်ဆုံး ရက်ချိန်းတွင် ရုံးက စစ်ဆေးပေးမည်မှာ မလွဲပေ။ ထို့ပြင်၊ ရုံးရှေ့သို့ မလာရောက်နိုင်သော သက်သေများ၊ သို့မဟုတ် တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာရှိသော နယ်နိမိတ်ပြင်ပတွင် ရှိနေသော သက်သေများ၊ သို့မဟုတ် နယ် နိမိတ်ပြင်ပသို့ သွားအံ့ဆဲဆဲ

သက်သေများကို စစ်ဆေးလိုလျှင်၊ တရားရုံးက ကော်မရှင် ထုတ်ဆင့်၍ စစ်ဆေးနိုင်သည်။ အယူခံ တရားလိုသည် တရားဥပဒေက ပေးထားသော ထိုအခွင့်အရေးများကို အသုံးမပြုဘဲ၊ မိမိအလို အလျောက် အရေးပါ အရာရောက်သော သက်သေဦးအောင်ကြီးကို ပယ်လိုက်ခြင်းပင်ဖြစ်သည်။ ၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ဌာန။

သက်သေခံ ဥပဒေ၏ အခြေခံ မူတရပ်မှာ၊ အမှုသည်တို့သည် မိမိရရှိနိုင်စွမ်းရှိသော အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန်လိုအပ်သည်ဟူသော မူပင်ဖြစ်သည်။ အကြောင်းချင်းရာများနှင့် ပတ်သက်၍ သက်သေထင်ရှား ပြရန် အတွက်၊ သက်သေခံချက်များ တင်ပြသည့် အခါ၌ တင်ပြနိုင်စွမ်းရှိသော သက်သေခံချက်များ အနက်၊ အကောင်းဆုံးသော သက်သေခံချက်များ (best evidence producible) ကို တင်ပြရမည်။ ယင်းကဲ့သို့ မတင်ပြဘဲ၊ ဒုတိယတန်းစား၊ တန်ဘိုးလျော့နည်းသော (second rate) သက်သေခံချက်များကို မတင်ပြထိုက်ပေ။ **မငြိမ်းလှ နှင့် မရင်** (၃) အမှုစီရင်ထုံးကို ကြည့်ပါ။

**အီဗရာဟင်ဒေါ် ဂျီဂျီဝါး နှင့် အဂျမ်မိုဟာမက်လူဘားဝါလာ** (၄) အမှုစီရင်ထုံး၌လည်း၊ တင်ပြရန် ရရှိနိုင်သော သက်သေခံချက်များ အနက်၊ အကောင်းဆုံးသော သက်သေခံချက်များကို ရုံးသို့ တင်ပြသင့်ကြောင်းကို ဖော်ပြထားသည်ကို တွေ့ရ၏။

သက်သေခံ ဥပဒေပုဒ်မ ၁၁၄ နှင့် ဥဒါဟရဏ် (ဆ) ၏ သဘောမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

> "သက်သေခံချက် တစုံတရာကို တင်ပြနိုင်ပါလျက်နှင့် မတင်ပြဘဲနေလျှင် ထိုသို့ တင်ပြသည်ရှိသော် ယင်းကဲ့သို့ မတင်ပြဘဲ ထားသော သက်သေခံချက်သည်၊ ယင်းကဲ့သို့ မတင်ပြဘဲ ထားသူ အတွက် အကျိုး မပြုဘဲ၊ ၎င်း၏အကျိုးကို ဆန့်ကျင်မည့် သက်သေခံချက်မျိုး ဖြစ်သည်ဟူ၍၊ တရားရုံးက ပဏာမအားဖြင့် မှတ်ယူနိုင်သည်။"

**ဦးဘိုးရှင်နှင့် တဦး နှင့် အက်ဒွပ်နှင့် အများ** (၅) အမှုစီရင်ထုံးတွင် ဤကဲ့သို့ သုံးသပ်ထားသည်ကို တွေ့ရသည်။

> "The omission on the part of the party to call material witnesses raises the inference that the evidence of those witnesses, if it had been procured, would have been unfavourable."

---

(၃) အတွဲ ၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၄၆။

(၄) ၁၉၅၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၇၀ (၂၈၉) (တရားလွှတ်တော်ချုပ်)။

(၅) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၄၊ ရန်ကုန်၊ ၁၃၉။

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

ဤအမှုနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိသော၊ ဂရာပရာဆပ် နှင့် ဦးကျော်ရွှေ (၆) အမှုစီရင်ထုံး၌၊ တရားရုံးချုပ် တရားသူကြီး ဦးသက်ဖေကလည်း၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၁၄၊ ဥဒါဟာရဏ် (ဆ) နှင့် ပတ်သက်၍၊ ဤသို့ မြွက်ဟထားသည်။

"အယူခံတရားခံ၏ သက်သေများက၊ အယူခံ တရားလို ထုတ်ချေးထားသည့် ငွေရင်း ငွေတိုးများကို၊ အယူခံ တရားလို၏ တပည့် ကိုဟာမြစ်ဆိုသူသည်၊ အယူခံ တရားလို အတွက် လိုက်လံ ကောက်ခံကြောင်း အတိအလင်း စွပ်စွဲထားကြရာ၊ ထိုစွပ်စွဲချက်သည် မဟုတ် မမှန်ကြောင်း အယူခံ တရားလို အနေဖြင့်၊ ကိုဟာမြစ်အား သက်သေအဖြစ် စစ်ဆေးပြီး ဖြေရှင်းရန် တာဝန်ရှိသည်။ သို့ရာတွင် အယူခံ တရားလိုသည်၊ ကိုဟာမြစ်အား သက်သေအဖြစ်မှ စွန့်ပယ်ကာ စစ်ဆေးခြင်း မပြုခဲ့သဖြင့်၊ သက်သေခံ ဥပဒေ ပုဒ်မ ၁၁၄ ၏ ဥပမာ (ဆ)အရ၊ ၎င်း၏ အကျိုးကို ဆန့်ကျင်ပြီး ထွက်ဆိုမည် စိုးရိမ်၍သာ ဖြစ်သည်ဟု ကောက်ယူရန် အကြောင်းပေါ်ပေါက်နေသည်။"

ထို့ကြောင့် ဤအမှုတွင် ဦးအောင်ကြီးကို တရားလိုက သက်သေအဖြစ် မစစ်ဆေးဘဲ ပယ်လိုက်ခြင်းသည်၊ ဦးအောင်ကြီး၏ သက်သေခံချက်သည် တရားလို၏ အမှုကို အကျိုးပြုမည် မဟုတ်သောကြောင့် ပယ်လိုက်ခြင်း ဖြစ်သည်။ တနည်းအားဖြင့်ဆိုလျှင်၊ တရားလိုကို ဆန့်ကျင်ပြီး ထွက်ဆိုမည် စိုးရိမ်၍သာ ဖြစ်သည်ဟု ကောက်ယူရန် အကြောင်းပေါ်ပေါက်နေသည်ဟု ဆိုရပေလိမ့်မည်။

ဤအမှုတွင် အယူခံ တရားလိုသည်၊ မူလ တရားလို အနေဖြင့် မူလရုံးတွင်၊ မိမိသည်သာလျှင် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင် ဖြစ်ကြောင်း သက်သေထင်ရှားမပြနိုင်ခဲ့ပေဟု မူလရုံး တရားသူကြီး၏ ဆုံးဖြတ်ချက်သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ၊ အမှုသည်တို့ တင်ပြထားသော သက်သေခံချက်အကြောင်းရာအားလုံးကို ခြုံ၍ သုံးသပ်သော်၊ အယူခံ တရားလို ဦးချစ်ရာ၏ သက်သေခံချက်၌ပင်၊ ဦးချစ်ရာက၊ ဦးအောင်ကြီး ဘိုင်စကယ်နှင့်လာ၍ ထီထိုးသလားဟု မေးသောအခါ၌၊ ကျွန်တော်နှင့် နာမည်တူ ကိုချစ်ရာ တောင်စုမှာ ရှိသည်ဟု ပြန်ပြောခြင်းသည်၊ ထီထိုးထားသူ တယောက်၏ ရတ်တရက်ပြောကြားချက်မျိုး မဖြစ်နိုင်ပေ။ အဘယ်ကြောင့် ဆိုသော်၊ ဦးအောင်ကြီးဆိုင်မှ ထီထိုးခဲ့ရှိမှန်လျှင်၊ ဦးအောင်ကြီးက ယင်းသို့ မေးသောအခါ၌ ထိုကဲ့သို့ အဖြေမျိုး မပေးတန်ရာဟူ၍ ယူဆနိုင်စရာ အကြောင်းရှိသည်။ ထိုမျှမကသေး၊ မူလရုံး တရားသူကြီး သုံးသပ်ထားသကဲ့သို့ပင်၊

(၆) ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၁၆၃ (၁၁၆၅)။

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ၄၁၈။

သက်သေ ဦးစံအေးသည် တရားလို၏ နွားကို လိုက်ရှာပေးစဉ်က၊ တရားလို၏ အိတ်ထဲမှ လက်ကိုင်ပုဝါနှင့် ထုတ်ပေးသဖြင့်၊ ထိုသက်မှတ်ကို ဘတ်ကြည့်လိုက်ရသည်ဟု ဆိုသည်။ ထိုသီလက်မှတ်၌ "ကျခတ်ဝါးရုံ ကိုချစ်ရာ၊ တံတားပြင်ရန်" ဟု ရေးထားသည်ကို မှတ်မိသည်ဟု တိတိကျကျ ထွက်ဆိုပြီးနောက်၊ ၎င်းကို ပြန်လှန်စစ်ဆေးသောအခါ၊ စာကို သေချာစွာ ဘတ်လိုက်ပါသည်၊ အမှုမှဲ့ အမှတ်မဲ့ဖြစ်၍ ၎င်းစာသည် ထိလက်မှတ် ကျောဘက်ကလား၊ မျက်နှာဘက်ကလား ဆိုသည်ကို မမှတ်မိပါဟု ဖြေဆိုခဲ့သည်။ ဦးစံအေး၏ သက်သေခံချက်ကို၊ အငြင်းမပွါးသော စာရွက်စာတမ်း သက်သေခံဖြစ်သည့် ထီလက်မှတ် (သက်သေခံ-၁) နှင့် ချင့်ချိန်ကြည့်သော်၊ ထိုသက်သေခံ-၁ ထီလက်မှတ်ပေါ်တွင် "တံတားပြင်ရန်" ဟူသော စကားရပ်သာ ပါရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤသက်သေ၏ ထွက်ဆိုချက်ကိုမူလရုံး တရားသူကြီးက လက်မခံနိုင်ပေဟု သုံးသပ်ထားခြင်းသည် မှားယွင်းသည်ဟူ၍ မဆိုနိုင်ပေ။ အယူခံ တရားလိုဘက်မှ အခြား သက်သေများ ဖြစ်သော ဒေါ်မဲသည်၊ ထီထိုးခြင်းနှင့် ပတ်သက်၍ သော်၎င်း၊ထီလက်မှတ်နှင့် ပတ်သက်၍ သော်၎င်း၊ မည်သို့မျှမပြောနိုင်ပေ။သက်သေ ဦးရေအေးဆိုသူသည်လည်း၊ ထီထိုးခြင်းကိစ္စနှင့် ပတ်သက်၍တိုက်ရိုက်သိရှိသူမဟုတ်။ဦးထွန်းရွှေသည်၊ အယူခံ တရားလို၏နွားပျောက်၍ ကိုစံအေးအား ထည့်လိုက်ကြောင်းသာထွက်ဆိုနိုင်သည်။အယူခံ တရားလို မူးနေသည်ဟူ၍ သာထွက်ဆိုနိုင်သည်။ ထီလက်မှတ်နှင့် ပတ်သက်၍ တိုက်ရိုက် မျက်မြင် သက်သေ မဟုတ်ပေ။ ကျန်သက်သေများဖြစ်ကြသောဦးအောင်စိန်၊ ဦးမြမောင်၊ ဦးမောင်လှိုင်နှင့် ကိုပုတို့သည်၊ ထီလက်မှတ်နှင့် ပတ်သက်၍သော်၎င်း၊ ထီထိုးခြင်းနှင့်ပတ်သက်၍ သော်၎င်း သက်သေခံထားခြင်း မရှိချေ။ အယူခံတရားလို ဦးချစ်ရာကို၊ ဦးစိုးဟန်က ထီလက်မှတ်သူ့ထံတွင်ရှိကြောင်းပြောပြချက်နှင့် ပတ်သက်၍၊ ဆိုက်ကားပေါ်တွင် ပြောခြင်းဖြစ်သည်ဟု တရားလိုက ထွက်ဆိုထား၏။ ဆိုက်ကားသမား မောင်လှကြည် သေဆုံး၍ သက်သေမပြုနိုင်။ ဦးမြမောင်၏ သက်သေခံချက်သည် တဆင့်ကြားစကား ဖြစ်၍ သက်သေခံ မဝင်ပေ။ သက်သေခံဝင်သည့်တိုင်အောင် တန်ဘိုးမရှိလှပေ။ ဒေါ်မဲနှင့် ဦးရေအေးတို့၏ ထွက်ချက်တို့သည် ဦးအောင်ကြီး အကြောင်း သက်သေခံချက်များဖြစ်၍၊ ဦးအောင်ကြီး သက်သေအဖြစ် မပါသဖြင့်၊ ၎င်းတို့၏ ထွက်ချက်သည်လည်း တန်ဘိုးမရှိပေ။ ဦးထွန်းရွှေနှင့် ကိုပုတို့၏ သက်သေခံချက်တို့မှာ၊ အဓိက အချက်များနှင့် မပတ်သက်ပေ။ ထီလက်မှတ်နှင့်ပတ်သက်၍၊ ဦးထွန်းရွှေက တဆင့်ကြားစကားကိုသာ သက်သေခံနိုင်၏။ ထို့ဖွင့်ပြီးနောက်မှ ဦးစိုးဟန်နှင့် ဆုငွေအကြောင်းပြောခြင်းနှင့် ပတ်သက်သော၊ ဦးပုနှင့် ဦးထွန်းရွှေတို့၏ ထွက်ချက်များကို၊ မူလရုံး တရားသူကြီးက လက်မခံ ခြင်းသည်လည်း မှားသည်ဟု မဆိုနိုင်ပေ။

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

ထိုသက်သေတို့အား စစ်ဆေးစဉ် မြင်တွေ့ပြီးနောက် ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ တရားလိုက တင်ပြသောသက်သေခံချက်များအရ၊ အယူခံတရားပြိုင် အမှတ် ၁ နှင့် ၂ တို့ပူးပေါင်း ကြံစည်၍၊ ငွေထုတ်ယူရန် ကြံစည်အားထုတ်ကြသည် ဟူသော စွပ်စွဲချက်သည်၊ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ထိုသက်သေခံချက်များအရ၊ တရားလိုသည် အချင်းဖြစ် ထီလက်မှတ် ပိုင်ရှင်ဖြစ်သည်ဟု မယူဆနိုင်ပေ။

အယူခံ တရားပြိုင်တို့ဘက်မှ သက်သေခံချက်များကို ဆန်းစစ်ကြည့်သောအခါ အယူခံတရားပြိုင် အမှတ် ၂ သည် ထီလက်မှတ်ကို လက်ဝယ်ထားသူဖြစ်သည်။ ထီဖွင့်သောအခါနှင့် ဆုငွေ ထျောက်တောင်းသော အခါတို့၌လည်း အချင်းဖြစ် ထီလက်မှတ်သည် အယူခံ တရားပြိုင်အမှတ် ၂ လက်ထဲတွင် တချိန်လုံးရှိနေသည်ကို တွေ့မြင်ရသည်။ "တံတားပြင်ရန်" ဟူသော အတိတ်မှာလည်း၊ အယူခံတရားလိုနှင့် သော်၎င်း၊ အယူခံတရားပြိုင် အမှတ် ၂ နှင့် သော်၎င်း၊ အတူတူသက်ဆိုင်နိုင်သော၊ ကိစ္စဖြစ်သည်။ မည်သူ့ဘက်ကိုမျှ အလေးမသာချေ။ အဘယ်ကြောင့် ဆိုသော် ထိုတံတားသည် အယူခံ တရားပြိုင် အမှတ် ၁ ဦးစိုးဟန်၏ အိမ်ရှေ့အနီးတွင်ရှိသော တံတားဖြစ်သည်။ အယူခံ တရားပြိုင်အမှတ် ၂ သည်၊ ဦးအောင်ကြီးလာရောက်၍ ထီပေါက်ကြောင်း ပြောစဉ်က၊ ထီလက်မှတ်ကို ရုတ်တရက် ထုတ်မပြနိုင်သော်လည်း၊ သူ၏ ဖြေကြားချက်သည် အယူခံ တရားလို၏ ဖြေကြားချက်နှင့် နှိုင်းယှဉ်လျှင် ထီထိုးထားသူ တယောက်၏ ဖြေကြားချက်မျိုးနှင့် ဆင်သည်။ ထို့ပြင် အယူခံ တရားပြိုင် အမှတ် ၂ တင်ပြထားသော၊ ထီထိုးစဉ်ကရှိနေကြသည့် မျက်မြင် သက်သေ မောင်စောဝင်းနှင့် မောင်မြအုံးတို့ကို၊ အယူခံ တရားလိုဘက်မှ မည်သည့် အတွက်ကြောင့် မယုံကြည်ထိုက်ဟု သက်သေ စစ်ဆေးစဉ်က မတင်ပြနိုင်ခဲ့ပေ။ ပြန်လှန်မေးခွန်းများ ထုတ်ရာ၌လည်း၊ ၎င်းတို့ မှသားထွက်ဆိုကြောင်း ပေါ်လွင်အောင် မပြနိုင်ခဲ့ပေ။

**မတင်တင်နှင့် နှင့် ဒေါ်ကံရှိ** (၇) **အမှုစီရင်ထုံးတွင် ပါရှိသည့် အတိုင်း၊ ဝန်ခံထားသည့် အချက်များနှင့် ဖြစ်ဟန်လက္ခဏာရှိသော အချက်များကို ထောက်ရှုပြီး၊** အယူခံတရားလို (မူလ တရားလို) က ထွက်ဆိုခဲ့သော နှုတ်သက်သေခံချက်များနှင့်အယူခံ တရားပြိုင် အမှတ် ၁ နှင့် ၂ (မူလ တရားပြိုင် ၁ နှင့် ၂) တို့ ထွက်ဆိုခဲ့သော နှုတ်သက်သေခံ ချက်များကို နှိုင်းယှဉ်ကြည့်လျှင် အယူခံ တရားပြိုင် အမှတ် ၁ နှင့် ၂ ဘက်က တင်ပြထားသော သက်သေခံချက်များနှင့် ထုချေချက်တို့သည်၊ မှန်ကန်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

---

(၇) ၁၉၄၇၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၅၇၂။

အမှုတမှုလုံးကိုခြုံ၍ သက်သေခံ အထောက်အထားနှင့် ဖြစ်ဟန် လက္ခဏာရှိသည် များကို ဆင်ခြင်နှိုင်းချိန်ကြည့်သည့်အခါ၌ မူလ တရားသူကြီးက အချင်းဖြစ်ထိလက် မှတ်ကို အယူခံ တရားလို မပိုင်ဆိုင်ကြောင်း၊ အယူခံ တရားပြိုင် အမှတ် ၂ သာ ပိုင်ရှင်ဖြစ်ကြောင်း ဆုံးဖြတ်ချက်သည် မှားသည်ဟု မည်သည့် နည်းလမ်းနှင့်မျှ မဆိုနိုင်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ဤအယူခံမှုကို စရိတ်နှင့် တကွ ပယ်လိုက်သည်။ ဤရုံးတွင် လိုက်ပါသော တရားရုံးချုပ် ရှေ့နေကြီးများ တဦးစီ၏ ရှေ့နေစရိတ်ခကို ကျပ် ဂ၅ သတ်မှတ်လိုက်သည်။

၁၉၇၁

ဦးချစ်ရာ
နှင့်
၁။ ဦးစိုးဟန်၊
၂။ ဦးချစ်ရာ၊
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ဌာန။

## နိုင်ငံတော်တရားရုံးချုပ်

## တရားမပထမအယူခံမှု

တရားသူကြီး ဦးတင်အုံးနှင့် တရားသူကြီး ဦးဘသန်းတို့ရှေ့တွင်

† ၁၉၇၁
နိုဝင်ဘာ ၂၉ ရက်။

## မောင်နီ (ခေါ်) အောင်ဘွန်ကြူး

## နှင့်

## အတွင်းဝန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဝန်ကြီးဌာန*

**သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂—ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေးရှိခြင်းကြောင့် သက်သာခွင့် မပေးထိုက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ စွဲဆိုသော အမှုတွင်၊ ထိုပုဒ်မအရ တရားလိုက တောင်းဆိုသည့် မြွက်ဟချက်ကို ရုံးကပေးနိုင်သည့် အာဏာရှိသည်ကား မှန်ပေသည်။ သို့ရာတွင်၊ တရားရုံးက ယင်းအာဏာကို အလွယ်တကူ သုံးစွဲရန် မဟုတ်ချေ။ ရုံးမှဆင်ခြင်တုံတရားအတိုင်းသာ အသုံးပြုရမည် ဖြစ်သည်။ ယခုအမှုတွင် အယူခံ တရားလိုမှ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၆ (၁) အရ၊ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိနေကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ရာ၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ သက်သာခွင့် မပေးထိုက်ဟု မူလဘက်ရုံး တရားသူကြီး၏ ကောက်ယူ ဆုံးဖြတ်ချက်မှာ မှန်ကန်သဖြင့်၊ ဤအယူခံလွှာကို လက်မခံနိုင်တော့ချေ။ **စူလတန်အာမက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၅၇၃ နှင့် ခြားနားသည်။**

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ် ရှေ့နေ ဦးဘစိန်၊

**အယူခံတရားခံအတွက်။** ။အစိုးရ တရားရုံးချုပ် ရှေ့နေ မစ္စတာ အက် (စ်)၊ ကော၊ ဂို(ရှ်)။

**တရားသူကြီး ဦးဘသန်း။** ။အယူခံတရားလို မောင်နီ (ခေါ်) အောင်ဘွန်ကြူး မှာ၊ ၁၉၃၁ ခုနှစ်တွင် အဘ တရုပ်အမျိုးသား အောင်ဘင်လျှောင်နှင့် အမိမြန်မာ အမျိုးသမီး ဒေါ်မြတို့မှ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ရပ်တွင် မွေးဖွါးခဲ့သည်။ မိခင်၏

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၃၊

† ၁၉၆၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၇ တွင် ၃၀-၁-၇၀ နေ့စွဲဖြင့်၊ နိုင်ငံတော် တရားရုံးချုပ် (မူလဘက်) ၏ အမိန့်ကို အယူခံဝင်မှု။

**၁၉၇၁ — မောင်နီ (ခေါ်) အောင်ဘုန်ကြိုး နှင့် အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန။**

မိဘနှစ်ဦးစလုံးမှာ မြန်မာလူမျိုးများပင် ဖြစ်ကြ၍၊ မြန်မာပြည်တွင် ကွယ်လွန်သွားပြီးဖြစ်သည်။ ၁၉၄၁ ခုနှစ်တွင် ၎င်းမှာ ဖခင်နှင့်အတူ တရုပ်ပြည်သို့ အလည်သွားရောက်ခဲ့ရာ၊ ဖခင်မှာ စစ်အတွင်းတွင်၊ တရုပ်ပြည်၌ ကွယ်လွန်သွားခဲ့လေသည်။ ၁၉၄၇ ခုနှစ်တွင် ၎င်းသည် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာရာ၊ ၁၉၄၉ ခုနှစ်တွင်၊ နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်ကို ထုတ်ယူခဲ့ပြီး၊ ၁၉၅၇ ခုနှစ်တွင် အမျိုးသားမှတ်ပုံတင် လက်မှတ်ကိုပါ ထုတ်ယူရရှိခဲ့သည်။ ထိုနောက် ၁၉၆၉ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၁ ရက်နေ့စွဲပါ အမိန့်ဖြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ အမျိုးသားမှတ်ပုံတင်ရေးဌာန အတွင်းဝန်က၊ ၎င်းအား ပြည်တွင်းမှထွက်ခွါသွားရန် ညွှန်ကြားခဲ့ရာ၊ ထိုညွှန်ကြားခြင်းမှာ ၎င်းအား နိုင်ငံခြားသား တဦးဟု မှတ်ယူခြင်းဖြစ်၍၊ ၎င်းအား ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ကြောင်းနှင့် ပြည်တွင်းမှ ထွက်ခွါသွားရန် ညွှန်ကြားထားသည့် အမိန့်မှာ၊ တရားမဝင်ကြောင်း မြွက်ဟကျေညာပေးရန်၊ နိုင်ငံတော် တရားရုံးချုပ်၊ မူလဘက် စီရင်ပိုင်ခွင့် အာဏာ၊ ၁၉၆၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၇ တွင်၊ တရားပြိုင် အတွင်းဝန်၊ အမျိုးသားမှတ်ပုံတင်ရေးဌာနအပေါ် တရားစွဲဆိုခဲ့သည်။ တရားပြိုင်က တရားလို၏ အဆိုလွှာတွင်ပါသည့် အချက်များကို မသိသဖြင့် ဝန်မခံသည့်အပြင်၊ တရားလိုမှာ ၎င်းတောင်းဆိုသည့် သက်သာခွင့်ကို အခြားနည်းဖြင့် လျှောက်ထားနိုင်ခွင့် ရှိသောကြောင့်၊ ၎င်းတောင်းဆိုသည့် ဒီကရီကို မရထိုက်ကြောင်း ချေပထားသည်။

မူလရုံးမှ အောက်ပါ ကောက်ချက်များကို ထုတ်ပေးခဲ့လေသည်။

၁။ တရားလိုသည်လျှောက်ထားသည့်သက်သာခွင့်ကိုအခြားနည်းဖြင့် လျှောက်ထားပိုင်ခွင့်ရှိလျှင်၊ မြွက်ဟဒီကရီတရပ်ချမှတ်ပေးရန် မလိုဆိုခြင်းမှာမှန်ပါသလား။

၂။ တရားလိုအား မြန်မာ တိုင်းရင်းသား တဦးအဖြစ် မြွက်ဟကျေညာပေးရန် သက်သေ အထောက်အထားများ ရှိပါသလား။

၃။ တရားလို ထမ်းဆောင်ထားသည့် ရုံးခွန်တော်မှာ လျော့နည်းနေ၍၊ အမှုကို လက်မခံထိုက်ဟု ဆိုခြင်းမှာ မှန်ပါသလား။

၄။ တရားလိုသည် ဤအမှုကို အောက်ရုံးတွင် တရားစွဲဆိုနိုင်ခွင့်ရှိလျက်နှင့် ဤရုံးတွင် တရားစွဲဆိုခြင်းကို လက်ခံထိုက်ပါသလား။

၅။ တရားလိုသည် မည်သည့် သက်သာခွင့်ကိုရထိုက်ပါသနည်း။

မူလဘက်ဆိုင်ရာ ရုံးမှပထမကောက်ချက်ကို စဉ်းစားဆင်ခြင်ပြီး တရားလိုမှာ ၎င်းလျှောက်ထားသည့် သက်သာခွင့်ကို၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတွင် လျှောက်ထားနိုင်

၁၉၇၁

မောင်နီ (ခေါ်) အောင်ဘုန်းကြူး နှင့် အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန။

သဖြင့်၊ သီးခြား သက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂ နှင့် စပ်လျဉ်းသည့်မှုများအရ၊ တရားလို တောင်းဆိုသည့်သက်သာခွင့်ကိုမပေးထိုက်ဟု ဆုံးဖြတ်ပြီး၊ အမှုကိုစရိတ်မရှိ ပယ်လိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် အယူခံတရားလိုက၊ ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ အရ၊ ဤတရားမပထမအယူခံမှုကို တင်သွင်းခြင်းဖြစ်လေသည်။

အယူခံတရားလို မောင်နီ (ခေါ်) အောင်ဘုန်းကြူးမှာ၊ ၁၉၄၉ ခုနှစ်မှစ၍ နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်ကို ထုတ်ယူကိုင်ဆောင်ခဲ့ရာ၊ ယင်းသို့ကိုင်ဆောင်ခဲ့စဉ် ၎င်း၏ အသက်မှာ (၁၈) နှစ်ပြည့်ပြီ ဖြစ်သည်။ ၎င်းသည် ထိုလက်မှတ်ကို တရားစွဲဆိုသည့် အချိန်အထိ၊ နှစ်စဉ်မှန်မှန် လဲလှယ်ခဲ့ကြောင်းလည်း တွေ့ရသည့်အပြင်၊ ၎င်းသည် ၁၉၅၇ ခုနှစ်တွင် အမျိုးသား မှတ်ပုံတင် လက်မှတ်ကိုလည်း ကိုင်ဆောင်ခဲ့သည်။ ရန်ကုန်မြို့၊ အထူးတရားသူကြီး (၂) ရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၁ တွင်၊ အယူခံတရားလို အပေါ် နိုင်ငံခြားငွေ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၀/၂၄ အရ၊ မှုပြစ်ထင်ရှား စီရင်ခြင်းခံရ၍ ထောင်ဒဏ် (၄) လနှင့် ဒဏ်ငွေ ၂,၀၀၀ ပေးဆောင်စေရန် ပြစ်ဒဏ်ခံခဲ့ရသည်။ သို့ဖြစ်သောကြောင့်၊ ၎င်းအပေါ် နိုင်ငံခြားသား တဦးအဖြစ် သတ်မှတ်က၊ အမျိုးသား မှတ်ပုံတင်ရေးဌာနမှ အရေးယူခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေကြီးက၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေပုဒ်မ ၆ (၁) အရ၊ တဦးတယောက်သောသူနှင့် ပတ်သက်၍၊ ထိုသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသား ဟုတ်မဟုတ် သံသယရှိလျှင်၊ ထိုသံသယကို ရှင်းလင်းရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သော်လည်း၊ အယူခံတရားလိုမှာ ဇာတိအရ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်နေသဖြင့်၊ သံသယပေါ်ရန်မရှိသဖြင့် လျှောက်ထားရန် မလိုပါဟု လျှောက်လဲရာ၊ အယူခံတရားလိုမှာ နိုင်ငံခြားသား လက်မှတ်ကိုပင် ကိုင်ဆောင်နေသူ ဖြစ်၍၊ သံသယကင်းရှင်းသည်ဟု ဆိုနိုင်မည်မဟုတ်။ ထိုဌာနမှသာ အယူခံတရားလို တင်ပြသည့် အချက်အလက်များကို စစ်ဆေးပြီး သံသယကို ပယ်ရှားမည် ဖြစ်ပေသည်။

ထို့ပြင်၊ အယူခံတရားလို၏ ရှေ့နေကြီးက၊ အယူခံတရားလိုတွင် အခြားနည်း သက်သာခွင့် တောင်းဆိုနိုင်သဖြင့်၊ သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရလည်း၊ ယခုအမှုကို စွဲဆိုနိုင်ကြောင်း **စူလတန်အာမက်** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၁) အမှုကို ကိုးကား လျှောက်လဲသွားသည်။ ထိုအမှုတွင် "စူလတန်အာမက်သည် ပြည်ထောင်စုသား ဖြစ်သည်ဟု ဥပဒေအရ အခိုင်အလုံ သက်သေ

(၁) ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၅၈၁၊

၁၉၇၁

မောင်နီ (ခေါ်) အောင်ဘန်ကြူး နှင့် အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန။

ထူနိုင်လျှင်၊ ၎င်းကပင် ထိုသို့သက်သေထူ၍ တရားမရုံး၌ မြွက်ဟကျေညာချက်ကို ချရှိရန် တရားစွဲဆိုနိုင်သည်။ သို့မဟုတ် ပြည်ထောင်စုသား ဖြစ်မှု အက်ဥပဒေ ပုဒ်မ ၆ အရ၊ ၎င်း၏ ဘဝနှင့် ပတ်သက်၍ ရှိနေသော သံသယကို ပယ်ဖျောက်ပေးစေရန်၊ အစိုးရသို့ လျှောက်ထားနိုင်သည်” စသည်ဖြင့် စီရင်ထုံးဖွဲ့ထားသည်။ ထိုစီရင်ထုံးအရ ထိုသူ၏ အခွင့်အရေးများကို ဖော်ပြထားခြင်း ဖြစ်သည်။ အခြားသက်သာခွင့် နည်းလမ်းရှိလျက်နှင့် သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ တရားစွဲဆိုပိုင်ခွင့် ရှိသည်ဟု စီရင်ထုံးဖွဲ့ခြင်း မဟုတ်ဟု ကျွန်ုပ်တို့ ထင်မြင်ယူဆသည်။ အယူခံတရားလိုသည် သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရစွဲဆိုထားရာ၊ ၎င်းတွင် တရားဥပဒေက ခွင့်ပြုထားသည့်အတိုင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိလျက်နှင့် မလျှောက်ထားဘဲ၊ မိမိတို့ မတော်မတရားပြုလုပ်မှုများမှာ များစွာ မလိုလားသည့် အကျိုးဆက်များ ပေါ်ပေါက်လာသောအခါမှ၊ တရားရုံး၏ အကူအညီကို တောင်းခံလာခြင်းမှာ၊ မပြုသင့်မပြုထိုက်သည့်ကိစ္စဖြစ်ကြောင်း မူလဘက်ရုံး၏ စီရင်ချက်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ စွဲဆိုသော အမှုတွင်၊ ထိုပုဒ်မအရ တရားလိုက တောင်းဆိုသည့် မြွက်ဟချက်ကို၊ ရုံးကပေးနိုင်သည့် အာဏာရှိသည်ကား မှန်ပေသည်။ သို့ရာတွင်၊ တရားရုံးကယင်းအာဏာကိုအလွယ်တကူသုံးစွဲရန်မဟုတ်ချေ။ ရုံးမှဆင်ခြင်တုံတရားအတိုင်းသာ အသုံးပြုရမည် ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလိုမှာ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိနေကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ရာ၊ သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ သက်သာခွင့် မပေးထိုက်ဟု မူလဘက်ရုံး တရားသူကြီး၏ ကောက်ယူဆုံးဖြတ်ချက်မှာ မှန်ကန်သဖြင့်၊ ဤအယူခံလွှာကို လက်မခံနိုင်တော့ချေ။

အထက်ပါသုံးသပ်ချက်များအရ၊ အယူခံတရားလို၏ အယူခံမှုကို စရိတ်မငြိပယ်လိုက်သည်။

## နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

### တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

† ၁၉၇၁
ဇူလိုင်လ ၉
ရက်။

၁။ ဟာဂျီမဒေါ်သိန်း၊
၂။ အပ္ပဒူလာ၊
၃။ ဟူစိန်။

နှင့်

ဟာဂျီပဒူဆမတ်(သေ) ၎င်း၏ တရားဝင် ကိုယ်စားလှယ် (၁) ဒေါ်ရန်၊ (၂) ဒေါ်အစီရာ၊ (၃) ကိုဘာချစ်၊ (၄) ကိုဘာရင်၊ (၅) ကိုဘာရှင်၊ (၆) တင်အောင်၊ (၇) မမြင့်မြင့်၊ (၈) ကိုကျော်မြင့်၊ (၉) မောင်မောင်အေး (အရွယ်မရောက်သေးသူ) ၎င်း၏ နီးစပ်ရာ မိတ်ဆွေကိုဘာချစ်ဗီးအေး။*

**ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးခြင်း—နှစ်ဦးနှစ်ဖက် သဘောတူညီချက် မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးနိုင် မထိုးနိုင်—တရားရုံးက ဒီကရီကျငွေ အတွက် လစဉ် အရစ်ကျ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသည် တရားရုံးက၊ ဒီကရီငွေ အတွက် ပစ္စည်းကို အာမခံပေးထားခြင်းအား ပဋိညာဉ် အက်ဥပဒေပုဒ်မ ၆၂ အရ၊ ပျက်ပြယ်ခြင်းရှိ မရှိ—ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၉ အရ၊ အာမခံသူ၏ အာမခံထားသော ကြွေးမြီအတွက်တာဝန်။**

**ဆုံးဖြတ်ချက်။** ။ပဋိညာဉ်တခုကို အခြား ပဋိညာဉ်တခုနှင့် အစားထိုးလိုက်သဖြင့်၊ မူလပဋိညာဉ်မှာ ကွယ်ပျောက်သွားပြီ ဆိုသောကိစ္စ၌၊ အစားထိုးသည်ဆိုသော ပဋိညာဉ် အသစ ပြုလုပ်ရန်နှစ်ဦးနှစ်ဖက် သဘောတူညီချက်ရှိရန်လိုသည်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက်မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားမထိုးနိုင်။ ယခုအမှု၌ တရားနိုင်သည် ဒီကရီကျငွေများအတွက် အာမခံပစ္စည်းကို လတ်လွှတ်ပြီး တရားရှုံးထံမှ တလလျှင် ကျပ် ၃၀၀ ကျယူပါမည်ဆိုသော ပဋိညာဉ်အသစ်ပြုလုပ်ခဲ့သည်ဆိုသော အထောက်အထား မရှိ၊ တရားနိုင်က ကန့်ကွက်ပါလျက် ရုံးမှတရားရှုံးအား တလငွေကျပ် ၃၀၀ နှုန်းဖြင့် ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသာ ဖြစ်၍ ဒီကရီငွေအတွက် ပစ္စည်းကို အာမခံပေးထားခြင်းသည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၆၂ အရ၊ ပျက်ပြယ်ပါသည်ဆိုသော တင်ပြချက်ကို လက်မခံနိုင်။

* ၁၉၇၀ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ဂ။

† ၁၉၇၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့စွဲပါ၊ ၁၉၆၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁ တွင် မန္တလေးမြို့ ခရိုင်တရားမရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

**ထပ်မံဆုံးဖြတ်ချက်။** ။ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၉ အရ၊ မြီရှင်က အာမခံသူ၏ မြီးစားအပေါ် ရရန်ရှိသော အခွင့်အရေးကို ထိခိုက်အောင် မပြုသရွေ့ အာမခံသူသည် အာမခံထားသော ကြွေးမြီအတွက် တာဝန်ရှိသည်။ **မဟန်ဆင် နှင့် ဦးဘရီ၊ ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊** စာ ၃၅၈ ကိုရည်ညွှန်းသည်။

၁၉၇၁

၁။ ဟာဂျီမ ဓေါ်သိန်း၊
၂။ အပ္ပဒူလာ၊
၃။ ဟူစိန်
နှင့်
ဟာဂျီပဒူဆမင် (သေ) ၎င်း၏ တရားဝင် ကိုယ်စားလှယ်၊
၁။ ဒေါ်ရန်၊
၂။ ဒေါ်အစီရာ
၃။ ကိုဘချစ်၊
၄။ ကိုဘရင်၊
၅။ ကိုဘရှင်၊
၆။ တင်အောင်
၇။ မမြင့်မြင့်၊
၈။ ကို ကျော် မြင့်၊
၉။ မောင်မောင် အေး၊
(အရွယ်မရောက် သေးသူ) ၎င်း၏ နီးစပ်ရာမိတ်ဆွေ ကိုဘချစ်ဖြီး အေး။

**အယူခံတရားလိုအတွက်။** တရားရုံးချုပ်ရှေ့နေ ဦးလှညွန့်။

**အယူခံတရားခံအတွက်။** ။တရားရုံးချုပ်ရှေ့နေ မစ္စတာ အာဇင်း။

**တရားသူကြီး ဦးသက်ဖေ။** ။မန္တလေးမြို့၊ ခရိုင်တရားမရုံးတွင် ဟာဂျီအပ္ပဒူဆမက်က ဟာဂျီ မူစာကာကာအပေါ် ငွေ ၅၁,၆၈၆ ကျပ် အတွက် ဒီကရီတရပ် ရရှိခဲ့သည်။ ထိုဒီကရီကို ဟာဂျီ မူစာကာကာက မကျေနပ်၍ တရားလွှတ်တော်သို့ အယူခံဝင်စဉ် တရားနိုင်ကလည်း ဒီကရီကို ဇာရီပြုလုပ်သဖြင့် အယူခံမပြီးစီးမီ အာမခံ ပေးထားပါက ဇာရီကို ရပ်ဆိုင်းထားမည်ဟု အမိန့်ချမှတ် ခဲ့သည့်အလျောက် အယူခံတရားလိုတို့က ၎င်းတို့ပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို အာမခံ တင်ပေးခဲ့သည်၊ အာမခံတင်၍ ဇာရီမှုကိုရပ်ဆိုင်းပြီး ပိတ်ခဲ့သည်။

တရားလွှတ်တော်က အယူခံတွင် မူလရုံးဒီကရီကို ပြင်ဆင်၍ ငွေ ၂၃,၆၇၃ ကျပ် ၂၂ ပြားသာ ပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။ ထိုနောက် တရားနိုင်က ဇာရီမှု လျှောက်ထားပြန်ရာ တရားရှုံးက ဒီကရီငွေကို တလတရာကျပ် ပေးဆပ်ခွင့်ပြုရန် တောင်းဆိုသည်၊ ထိုတောင်းဆိုချက်ကို တရားနိုင်က ကန့်ကွက်သော်လည်း ရုံးမှတလ ၃၀၀ိ နှုန်းဖြင့် အရစ်ကျ ပေးဆောင်ခွင့် ပြုလိုက်သည်။ တရားရှုံးသည် ဒီကရီကျငွေသို့ ၉,၆၀၁ ကျပ် ပေးဆောင်ပြီးနောက် ၎င်း၏လုပ်ငန်းများကိုပြည်သူပိုင်သိမ်းလိုက်သည်ဆိုသော အကြောင်းပြချက်ဖြင့် ကျန်ငွေများကို ပေးဆောင်ခြင်း မပြုဘဲနေလိုက်သည်။ ထို့ကြောင့် တရားနိုင်က အယူခံတရားလိုတို့ အာမခံပေးထားသည့် ပစ္စည်းများကို ဝါရမ်းကပ်ရန် တောင်းဆိုရာ ဇာရီရုံးမှ ထိုတောင်းဆိုချက်ကို ခွင့်ပြုလိုက်၍၊ အယူခံ တရားလိုတို့က မကျေနပ်သောကြောင့် ဤအယူခံကို တင်သွင်းလာခြင်းဖြစ်သည်။

အယူခံ တရားလိုတို့က မူလရုံးမှ ၎င်းတို့အပေါ် ထုချေခွင့်မပေးဘဲ ပစ္စည်းများကို ဝါရမ်းဘမ်းခွင့် ပြုခဲ့ခြင်းသည် မှားယွင်းပါသည်ဟု အယူခံ အကြောင်းပြချက်တရပ် တင်ပြခဲ့သည်။ မူလရုံး အမှုတွဲ၏ နေ့စဉ်မှတ်တမ်းများအရ အယူခံ တရားလိုတို့အပေါ် အကြောင်းကြားစာ အတည်ပြုပြီးမှသာ ပစ္စည်းကို ဝါရမ်းဘမ်းခွင့် ပြုခဲ့ကြောင်း ပေါ်လွင်နေသဖြင့် ထိုအယူခံ အကြောင်းပြချက်ကို အယူခံတရားလိုတို့၏ရှေ့နေ ဦးလှညွန့်က ပြန်လည်ရုပ်သိမ်းသွားသည်။

၁၉၇၁

၁။ ဟာဂျိမ
ဒေါ်သိန်း၊
၂။ နူပွဒူလာ၊
၃။ ဟူစိန်
နှင့်
ဟာဂျီပဒူဆမက်
(သေ) ၎င်း၏
တရားဝင် ကိုယ်
စားလှယ်၊
၁။ ဒေါ်ရန်၊
၂။ ဒေါ်အစီရာ၊
၃။ ကိုဘချစ်၊
၄။ ကိုဘရင်၊
၅။ ကိုဘရှင်၊
၆။ ဘာင်အောင်၊
၇။ မမြင့်မြင့်၊
၈။ ကိုကျော်
မြင့်၊
၉။ မောင်မောင်
အေး၊
(အရွယ်မရောက်
သေးသူ) ၎င်း၏
နီးစပ်ရာမိတ်ဆွေ
ကိုဘချစ် ဗီး
အေး။

နောက်ဆပ် တင်ပြသည့် အယူခံအကြောင်းပြချက်မှာ ဇာရီရုံးမှ ဒီကရီကျငွေကို တလ ၃၀၀ ကျပ်နှုန်း ပေးဆပ်ခွင့် ပြုခဲ့သဖြင့်၊ ပစ္စည်းကို အာမခံတင်ခဲ့သော ဝဋ္ဋိညာဉ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၂ အရ၊ အခြားပဋိညာဉ်အသစ်ဖြင့် အစားထိုးလိုက်ပြီဖြစ်၍အာမခံသူ၌ တာဝန်မရှိတော့ပါဟုဆိုသည်။

ပဋိညာဉ်တခုကို အခြားပဋိညာဉ်တခုနှင့် အစားထိုးလိုက်သဖြင့် မူလပဋိညာဉ်မှာ ကွယ်ပျောက်သွားပြီဆိုသော ကိစ္စ၌ အစားထိုးသည်ဆိုသော ပဋိညာဉ်အသစ် ပြုလုပ်ရန် နှစ်ဦးနှစ်ဘက် သဘောတူညီချက် ရှိရန်လိုသည်၊ နှစ်ဦးနှစ်ဘက် သဘောတူညီချက် မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားမထိုးနိုင်၊ ယခုအမှု၌ တရားနိုင်သည် ဒီကရီကျငွေများအတွက် အာမခံ ပစ္စည်းကို လက်လွှတ်ပြီး တရားရှုံးထံမှ တလလျှင်ငွေ ၃၀၀ ကျပ် ကျယူပါမည်ဆိုသော ပဋိညာဉ်အသစ် ပြုလုပ်ခဲ့သည်ဆိုသော အထောက်အထားမရှိ၊ တရားနိုင်က ကန့်ကွက်ပါလျက် ရုံးမှတရားရှုံးအား တလငွေ ၃၀၀ ကျပ်နှုန်းဖြင့်ပေးဆောင်ရန် အမိန့်ချမှတ် ခဲ့ခြင်းသာဖြစ်၍ ဒီကရီငွေအတွက် ပစ္စည်းကိုအာမခံ ပေးထားခြင်းသည် ပဋိညာဉ် အက်ဥပဒေပုဒ်မ ၆၂ အရ ပျက်ပြယ်ပါသည်ဆိုသော တင်ပြချက်ကို ကျွန်ုပ်တို့လက်မခံနိုင်။

ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၉ အရ၊ မြီရှင်က အာမခံသူ၏ မြီစားအပေါ် ရရန်ရှိသော အခွင့်အရေးကို ထိခိုက်အောင် မပြုသရွေ့ အာမခံသူသည် အာမခံထားသော ကြွေးမြီအတွက် တာဝန်ရှိသည်။ **မဟာန်ဆင် နှင့် ဦးဘရီ** (၁)။

ယခုအမှုတွင် တရားနိုင်သည် အာမခံသူများ ဖြစ်ကြသည့် အယူခံတရားလိုတို့၏ အခွင့်အရေးကို ထိပါးအောင် တစုံတရာပြုလုပ် ဆောင်ရွက်ခဲ့သည်ဆိုသော စွပ်စွဲချက် မရှိသဖြင့် အာမခံထားသော ဒီကရီ ကျငွေအတွက် တာဝန်ရှိမည်သာ ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် ဤအယူခံကို တရားစရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

(၁) ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၃၅၈။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမ စေ့ဒကမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးထွန်းတင်တို့ ရှေ့တွင်

## အထက်တန်းရှေ့နေ ဦးထွန်းစိန်ကိစ္စ*

၁၉၆၉ နိုဝင်ဘာလ ၂၈ ရက်။

**တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်ပြုသည့်ကိစ္စ—နှစ်ပေါင်းများစွာ အမှုလိုက်ရဲအရာရှိအဖြစ်နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာနတွင်လည်း တရားစွဲဆိုရေးဖက်တွင် ဆောင်ရွက်ခဲ့ခြင်း—အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ပြီးနောက်စည်းကမ်းအရ၊ လိုအပ်သော ၅ နှစ်ကျော်အမှုလိုက်ခဲ့ခြင်း—၂ နှစ်ကျော် အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်းအပြင် တရားရုံးချုပ်ရှေ့နေ စာမေးပွဲ အောင်မြင်ခဲ့ခြင်းတို့ကို ထည့်သွင်းစဉ်းစားခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးထွန်းစိန်သည် နှစ်ပေါင်းများစွာ အမှုလိုက်ရဲအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ အထူးစုံစမ်း စစ်ဆေးရေး ဌာနတွင် ဝင်ရောက်အမှုထမ်းသော အခါ၌လည်း တရားစွဲဆိုရေးဖက်တွင်သာ တလျှောက်လုံး တာဝန်ယူခဲ့သည်။ ယင်းကဲ့သို့ မှုခင်းများတွင် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ မှုခင်းများကို ရုံးသို့ တင်ပို့ တရားစွဲဆိုခြင်းကို ညွှန်ကြားခဲ့ခြင်းတို့ကြောင့် ဦးထွန်းစိန်သည် တရားရုံးချုပ် ရှေ့နေစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အရည်အချင်း ပြည့်ဝသူဖြစ်သည်ဟု ပြည်ထောင်စု ရာထူးဝန်အဖွဲ့က သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ်တွင် အထက်တန်း ရှေ့နေအဖြစ် စာရင်းသွင်းပြီးသည်မှ ၁၉၆၇ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေးဌာနမှ အငြိမ်းစားယူသည်အထိ ဦးထွန်းစိန်သည် စည်းကမ်းအရ လိုအပ်သော ၅ နှစ်ကျော် အမှုလိုက်ပါဆောင်ရွက်ရေးတွင် တာဝန်ယူခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းသည် စည်းကမ်းနှင့်အညီ တရားရုံးချုပ် ရှေ့နေအဖြစ်ကို ခံယူထိုက်သည်ဟုတွေ့ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထိုအချက်အပြင် ဦးထွန်းစိန်သည် ၂ နှစ်ကျော်မျှ အထက်တန်းရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ တရားရုံးချုပ် ရှေ့နေစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ခြင်းတို့ကိုပါ ထည့်သွင်းစဉ်းစားကာ၊ ၎င်း၏ လျှောက်လွှာကို ခွင့်ပြုသင့်သည်ဟု ဆုံးဖြတ်သည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးသက်ငွေ။

**ရုံးသဟာယအဖြစ်။** ။အစိုးရတရားရုံးချုပ် ရှေ့နေ ဒေါ်မြသန်းနု။

တရားရုံးချုပ်ရှေ့နေ ဦးချောင်ဖိုး။

**တရားသူကြီးချုပ်ဒေါက်တာ မောင်မောင်။** ။ဦးထွန်းစိန်သည်၊ ၁၉၃၁ ခုနှစ်မှစ၍ ၁၉၅၁ ခုနှစ်အထိ ရုံးအမှုလိုက် ရဲအုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။ ထိုနောက် အထူး

* ၁၉၆၈ ခုနှစ်၊ တရားမ စေ့ဒကမှုအမှတ် ၃။

၁၉၆၉

အထက်တန်းရှေ့နေဦးထွန်းစိန်ကိစ္စ။

စုံစမ်းစစ်ဆေးရေးဌာနတွင် အထက်တန်းစုံစမ်းစစ်ဆေးရေးအရာရှိ (တရားစွဲ)အဖြစ်လည်းကောင်း၊ နောင်တွင် ရာထူးတိုးမြှင့်ခြင်းခံရ၍ ယင်းဌာနတွင် လက်ထောက်ညွှန်ကြားရေးဝန် (တရားစွဲ) အဖြစ်လည်းကောင်း၊ ၁၉၆၇ ခုနှစ်၊ ၎င်းအငြိမ်းစားယူသည့်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အထက်တန်းရှေ့နေ စာမေးပွဲကိုအောင်မြင်၍ အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ခဲ့သည်။အထူး စုံစမ်းစစ်ဆေးရေးဌာနမှ အငြိမ်းစားယူပြီးနောက်၊ အထက်တန်းရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ကျင်းပသော တရားရုံးချုပ် ရှေ့နေစာမေးပွဲကို ဝင်ရောက်ဖြေဆို၍လည်း အောင်မြင်ခဲ့ပြီးပြီ။

အထက်ပါ အချက်အလက်တို့ကိုထောက်ထား၍၊ မိမိအား တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်ပြုရန် ဦးထွန်းစိန်က ဤရုံးသို့လျှောက်ထားခဲ့သည်။ တရားရုံးချုပ်ရှေ့နေကြီးများကောင်စီက လျှောက်လွှာကိုကန့်ကွက်သောကြောင့် ခုံရုံးဖွဲ့၍ ၎င်းလျှောက်လွှာကို စဉ်းစားကြခြင်းဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးသက်ဌေးက ဦးထွန်းစိန်သည်နှစ်ပေါင်းများစွာက အမှုလိုက်တာဝန်များကို ထမ်းဆောင်ခဲ့ပြီးဖြစ်သောကြောင့်၊တရားရုံးများလက်စွဲတွင် ဖော်ပြထားသော အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်ဆိုင်ရာ စည်းကမ်းများအပိုဒ် ၁၅ ၏လိုအပ်ချက်တို့ကို ကောင်းစွာဖြည့်စွမ်းပြီးဖြစ်ပါသည်။ ရည်ညွှန်းသောစည်းကမ်းအရ အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ပြီးနောက်၊ရုံးအမှုလိုက် ရဲအရာရှိအဖြစ် အနည်းဆုံး ၅ နှစ်ဆောင်ရွက်ခဲ့ပြီးသော ပုဂ္ဂိုလ်တို့သည် အခြားအရည်အချင်းများ ပြည့်စုံလျှင် တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်ရှိပါသည်။ ဦးထွန်းစိန်သည် ၁၉၅၈ ခုနှစ်တွင် အထက်တန်းရှေ့နေဖြစ်ပြီးနောက်၊ ၁၉၆၇ ခုနှစ်အထိ ရုံးအမှုလိုက်တာဝန်များကို ထမ်းဆောင်ရသော အရာရှိတဦးအဖြစ် အမှုထမ်းခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် အထက်တန်းရှေ့နေအဖြစ် ထိထိရောက်ရောက် အမှုလိုက်ပါဆောင်ရွက်နေသည်မှာလည်း နှစ်နှစ်ကျော်ခဲ့ပြီးဖြစ်ပါသည်။တရားရုံးချုပ်ရှေ့နေစာမေးပွဲကိုလည်းအောင်မြင်ပြီးဖြစ်ပါသည်။ ထိုအကြောင်းများကြောင့် ဦးထွန်းစိန်၏လျှောက်လွှာကိုခွင့်ပြုသင့်ပါသည်ဟုတင်ပြသည်။

တရားရုံးချုပ်ရှေ့နေကြီးများကောင်စီအတွက်လိုက်ပါဆောင်ရွက်သောရှေ့နေကြီးဦးချောင်ဖိုးက လျှောက်လွှာကို ကောင်စီကကန့်ကွက်ရခြင်းမှာ ဦးထွန်းစိန်သည် တရားမမှုခင်းများတွင် လိုက်ပါဆောင်ရွက်သည့် အတွေ့အကြုံ ဗဟုသုတမရှိခဲ့သောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် ယခုအခါ အထက်တန်းရှေ့နေအဖြစ် ၂ နှစ်ခန့်မျှ လိုက်ပါဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ဦးထွန်းစိန်သည်အတော်အတန် ဗဟုသုတပြည့်ဝပြီး

၁၉၆၉

**အထက်တန်း ရှေ့နေဦးထွန်း စိန်ကိစ္စ။**

ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ တရားရုံးချုပ်ရှေ့နေစာမေးပွဲကို အောင်မြင်ပြီးသည့် အချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်ဟု တင်ပြသည်။

ကျွန်ုပ်တို့က ရုံးသဟာယအဖြစ် ဖိတ်ကြားခဲ့သော တရားရုံးချုပ်ရှေ့နေကြီးများ ကောင်စီ၏ဥက္ကဋ္ဌလည်းဖြစ်သော၊ နိုင်ငံတော် ရှေ့နေချုပ်၏ကိုယ်စားအစိုးရရှေ့နေကြီး ဒေါ်မြသန်းနုက လျှောက်လွှာကို ကန့်ကွက်ရန်မရှိပါဟုဆိုသည်။

ဦးထွန်းစိန်သည် နှစ်ပေါင်းများစွာ အမှုလိုက်ရဲအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ အထူးစုံစမ်းစစ်ဆေးရေးဌာနတွင် ဝင်ရောက်အမှုထမ်းသောအခါ၌လည်း တရားစွဲဆိုရေးဖက်တွင်သာ တလျှောက်လုံး တာဝန်ယူခဲ့သည်။ ယင်းကဲ့သို့မှုခင်းများ တွင် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ မှုခင်းများကို ရုံးသို့တင်ပို့တရားစွဲဆိုခြင်းကိုညွှန်ကြား ခဲ့ခြင်းတို့ကြောင့် ဦးထွန်းစိန်သည် တရားရုံးချုပ်ရှေ့နေစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အရည်အချင်းပြည့်ဝသူဖြစ်သည်ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ကသတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုကြောင့် ၁၉၅၈ ခုနှစ်တွင် အထက်တန်းရှေ့နေအဖြစ် စာရင်းသွင်းပြီး သည်မှ ၁၉၆၇ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေးဌာနမှအငြိမ်းစားယူသည်အထိ ဦးထွန်းစိန်သည် စည်းကမ်းအရ လိုအပ်သော ၅ နှစ်ကျော်အမှုလိုက်ပါဆောင်ရွက်ရေး တွင် တာဝန်ယူခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းသည်စည်းကမ်းနှင့်အညီတရားရုံးချုပ် ရှေ့နေအဖြစ်ကို ခံယူထိုက်သည်ဟု ကျွန်ုပ်တို့တွေ့ရှိသည်။

ထိုအချက်အပြင် ဦးထွန်းစိန်သည် ၂ နှစ်ကျော်မျှ အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ တရားရုံးချုပ်ရှေ့နေ စာမေးပွဲကိုဖြေဆိုအောင်မြင်ခဲ့ခြင်း တို့ကိုပါ ထည့်သွင်းစဉ်းစားကာ၊ ၎င်း၏လျှောက်လွှာကို ခွင့်ပြုသင့်သည်ဟုကျွန်ုပ်တို့ ဆုံးဖြတ်သည်။

အထက်ပါ အကြောင်းတို့ကြောင့် ဦးထွန်းစိန်က မိမိအားတရားရုံးချုပ်ရှေ့နေ အဖြစ်ဝင်ခွင့်ပြုရန် တင်သွင်းသောလျှောက်လွှာကို ခွင့်ပြုလိုက်သည်။

## နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

### တရားမဒုတိယအယူခံမှု

[တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသန်းအောင်တို့ရှေ့တွင်]

† ၁၉၇၁

ဒီဇင်ဘာလ ၄ ရက်။

ဦးအောင်ဆိုင်

နှင့်

ဦးစံရီ*

ဆန့်ကျင်၍ လက်ရှိထားရှိခြင်း—မရွှေ့မပြောင်းနိုင်သော ပစ္စည်းတခုကို မှတ်ပုံတင် အရောင်းစာချုပ်ဖြင့် ဝယ်သူသည်၊ ဝယ်စဉ်က ထိုပစ္စည်းကို လက်ရောက်မရရှိခဲ့၍၊ ရောင်းသူက ထိုပစ္စည်းပေါ်တွင် ဆက်လက် နေခဲ့ရာ၌၊ ဝယ်သူ၏ခွင့်ပြုချက်၊ အငှားချထားချက်၊ သဘောတူညီချက်တို့အရ နေထိုင်ခြင်း မဟုတ်လျှင်၊ ရောင်းသူသည် စာချုပ် ချုပ်သည့်နေ့မှစ၍ ဝယ်သူကို ဆန့်ကျင်၍လက်ရှိ ထားခဲ့သည်ဟု ယူဆရမည်ဖြစ်ခြင်း—ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၈ ၏ ပြဋ္ဌာန်းချက်။

**ဆုံးဖြတ်ချက်။** ။ယခုအမှုတွင် အချင်းဖြစ်မြေကွက် အမှတ် ၈ ကို အယူခံတရားလို (မူလရုံးတရားလို) ထံ ရောင်းချသူ ဆရာမြနှင့် ဦးထွန်းလှိုင်တို့သည်၊ ၁၉၂၁ ခုနှစ်မှစ၍ ၎င်းတို့နှင့် ၎င်းတို့၏ဖခင်ဖြစ်သော ဆရာမှိုင်က လက်ရှိမရခဲ့ဘဲ၊ လက်ဝယ်၌ မထားရဘဲ၊ ဆရာမှိုင်ထံရောင်းလိုက်သူ ဆရာရှင် (မောင်ဆင်) နှင့် ၎င်း၏ သားသမီး၊ မယားတို့ကသာ ဆက်လက်၍ တောက်လျှောက်နေထိုင်ခဲ့ပြီးလျှင်၊ ဆန့်ကျင်လက်ရှိ ထားခဲ့ကြသည်ဟု ယူဆသည်။ ထို့ကြောင့် ၁၂ နှစ်ကျော်သွားသော ၁၉၃၃ ခုနှစ်၊ ကုန်ဆုံးပြီးနောက်တွင်၊ ဆရာမှိုင်နှင့် ၎င်း၏ အမွေစားဆရာမြနှင့် ဦးထွန်းလှိုင်တို့ မပိုင်ဆိုင်တော့ပေ။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၈ တွင် ဤသို့အတိအလင်းပြဋ္ဌာန်းထားသည်။

**အယူခံ တရားလိုအတွက်** ။တရားရုံးချုပ်ရှေ့နေ ဦးဘငွေ။

**အယူခံ တရားပြိုင်အတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးလှညွန့်။

**တရားသူကြီး ဦးသန်းအောင်။** ။အယူခံမှုသည် ဤရုံး ၁၉၆၇ ခုနှစ်၊ တရားမဒုတိယ အယူခံမှုအမှတ် ၂၀ နှင့် ဆက်စပ်နေသည့်အမှုဖြစ်သည်။ အကြောင်းချင်းရာ

---

* ၁၉၆၇ ခု၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၁။

† ၁၉၆၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၁ တွင် မန္တလေးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

များနှင့် ပတ်သက်၍ အမှုသွားအမှုလာ ဖြစ်ပျက်ပုံတို့ကို တရားမဒုတိယအယူခံမှု အမှတ် ၂၀/၆၇ တွင်ရေးသားသည့် စီရင်ချက်၌ အကျယ်တဝင့် ဖော်ပြထားပြီးဖြစ်သည်။

မူလရုံးဖြစ်သော မန္တလေးမြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံး၊ ၁၉၅၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃ တွင် အယူခံတရားလို ဦးအောင်ဆိုင်က တရားလိုအနေနှင့် အယူခံတရားပြိုင် ဦးစံရီကို တရားပြိုင်အဖြစ်နှင့် ၎င်းက မန္တလေးမြို့၊ အောင်မြေသာဇံရပ်၊ မြေကွက်အမှတ် ၁၂၂၊ ဦးပိုင်အမှတ် ဂ တွင် ကျူးကျော်နေသော တစိတ်တဒေသကို လက်ရောက်ရရှိရန် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အချင်းဖြစ် မြေကွက်အမှတ် ဂ ကို ဆရာမှိုင် ပိုင်ဆိုင်ခဲ့ကြောင်း၊ ဆရာမှိုင် သေဆုံးပြီးနောက် ၎င်း၏သားများဖြစ်ကြသော ဆရာမြနှင့် ဦးထွန်းလှိုင်တို့သည် အမွေစား အမွေခံအနေနှင့် ပိုင်ဆိုင်လာပြီးနောက်၊ အယူခံတရားလိုအား ၁၉၅၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် မှတ်ပုံတင်အရောင်းစာချုပ်ဖြင့် ရောင်းချသဖြင့် အယူခံတရားလို ပိုင်ရှင်ဖြစ်လာကြောင်း။ ပိုင်ရှင်အဖြစ်နှင့် ကျူးကျော် ဝင်ရောက်နေသူ အယူခံ တရားပြိုင်ထံမှ လက်ရောက်ရရှိရန် တရားစွဲဆိုခြင်းဖြစ်ကြောင်း အဆိုလွှာတွင် ဖော်ပြထားသည်။ အယူခံ တရားပြိုင်က အဆိုပါ ဆရာမှိုင်နှင့် မောင်ရှင်တို့ ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့က အရောင်းစာချုပ်တခု ချုပ်ဆိုခဲ့သော်လည်း ထိုအရောင်းစာချုပ်သည် ဟန်ဆောင် စာချုပ်မျှသာ ဖြစ်သည်။ အရောင်းစာချုပ် အစစ်အမှန် မဟုတ်ကြောင်း၊ ဆရာမှိုင်ထံ ပေါင်နှံခြင်းနှင့် ပတ်သက်သော အယောင်ဆောင်ဟန်ပြ ချုပ်ဆိုထားသော စာချုပ်ဖြစ်ကြောင်းထုချေသည်။ ထို့ပြင်အခြားနည်း ထုချေသည်မှာ မည်သို့ပင်ဖြစ်စေ ဆရာမှိုင်နှင့် ၎င်း၏အမွေစား အမွေခံတို့သည် အချင်းဖြစ်မြေကို ၁၉၂၁ ခုနှစ်ကစ၍ နောက်မည်သည့် အခါကမျှ လက်ရောက် မရရှိခဲ့ကြောင်း၊ ရောင်းသူနှင့် ၎င်း၏ အမွေစား အမွေခံတို့က တောက်လျှောက် နေထိုင်လာခဲ့ကြောင်း ထုချေသည်။ ဆရာမှိုင်နှင့် ၎င်းတို့အမွေစား အမွေခံတို့က အချင်းဖြစ် မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် မရှိသည့်အတွက်ကြောင့် ထိုအချင်းဖြစ်မြေနှင့် ပတ်သက်သောပိုင်ရေးဆိုင်ခွင့်ကို မူလရုံး တရားလို ဦးအောင်ဆိုင်ထံသို့ ၁၉၅၅ ခုနှစ်က ရောင်းချလိုက်သော်လည်း တရားလို မပိုင်ကြောင်းဖြစ်သည်။ မူလရုံး တရားသူကြီးသည် ၁၉၂၁ ခုနှစ်က ဆရာမှိုင်ထံ ငွေ ၃၀၀ ကျပ်နှင့်ရောင်းချသည်ဟုဖော်ပြထားသော ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့စွဲပါ မှတ်ပုံစာချုပ်သည်အရောင်းစာချုပ်ဖြစ်ကြောင်း မောင်ရှင်သည် ဆရာမှိုင်သို့ ရောင်းခြင်းသာဖြစ်ကြောင်း၊ အပေါင်စာချုပ် မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ မောင်ရှင်၏ အမွေစား အမွေခံ မောင်အောင်တင့်(ခေါ်)မောင်အောင်ဒင်သည် ဆရာမှိုင်ထံမှ ပြန်လည်ရွေးနုတ်သည့် အခါက သက်သေခံအမှတ် (ဘီ) ဖြစ်သော၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့စွဲပါ

၁၉၇၁ ——— ဦးအောင်ဆိုင် နှင့် ဦးစံရီ။

စာချုပ်ကို ရရှိသည်ဆိုသည်မှာလည်း မဖြစ်နိုင်ကြောင်း။ ပြန်လည် ရွေးနုတ်ခြင်းနှင့် ပတ်သက်၍၎င်း၊ ပြန်လည်ရောင်းခြင်းနှင့် ပတ်သက်၍၎င်း၊ ခိုင်လုံသော အထောက်အထားမရှိကြောင်း မူလရုံးက ဆုံးဖြတ်ခဲ့သည်။ မောင်အောင်တင်သည် အယူခံတရားပြိုင် ဦးစံရီကိုအချင်းဖြစ် မြေကွက်အမှတ် ဂ အား၊အပေါင်ပြုလုပ်နိုင်ရန်အတွက် ပိုင်ရေးဆိုင်ခွင့် မရှိဟုဆုံးဖြတ်ခဲ့သည်။ မောင်အောင်တင်သည်ပိုင်ရှင်ဖြစ်သည်ဟု မထင်ရှားကြောင်း ဆုံးဖြတ်ခဲ့သည်။ တရားလို တောင်းဆိုသည့် အမှတ် ၂ ဖြစ်သော သက်သာခွင့်ကို ပေးရန် စီရင်ချက်နှင့် ဒီကရီ ချမှတ်ခဲ့သည်။

ပထမ အယူခံရုံးဖြစ်သော မန္တလေးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၊ တရားမ အယူခံမှုအမှတ် ၃၁ တွင် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့စွဲပါ စီရင်ချက်ဖြင့် အဆိုပါ သက်သေခံအမှတ်(ဘီ)ဖြစ်သော ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့စွဲပါ စာချုပ်သည် အပေါင်သဘောမျိုးဖြစ်၍ ထိုစာချုပ်သည် အကျိုးသက်ရောက်မှု မရှိချေဟု ဆုံးဖြတ်ထားသည်။ ၎င်းပြင် ထိုမြေကိုဦးထွန်းလှိုင်နှင့် ဆရာမြ တို့ မပိုင်သဖြင့် **ဦးအောင်ဆိုင်လည်း ပိုင်ဆိုင်မှုမရှိဟု ဆုံးဖြတ်ထားသည်**။ သက်သေခံ (ဘီ) ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့စွဲပါ စာချုပ်၏ မျက်နှာပြင်တွင် စာချုပ် ချုပ်ဆိုသူတို့က အချင်းဖြစ်မြေကို ရောင်းခြင်းဝယ်ခြင်းဖြစ်ကြောင်း အတိအလင်း ဖော်ပြထားသည်။ အပေါင်စာချုပ် မဟုတ်ပေ။ သို့သော် ၎င်းသက်သေခံ(ဘီ)စာချုပ်သည် ဟန်ဆောင် စာချုပ်ဖြစ်ကြောင်း သက်သေထူနိုင်သည်။ **လှကြီးရန်ဆင်း နှင့် စူရာနင်ဆင်း** (၁) အမှု၌ ဆုံးဖြတ်ထားသည်။စာချုပ်သည် အရောင်းအဝယ် စာချုပ်ဟု ဆိုသော်လည်း အမှန်အားဖြင့် ပေါင်နှံခြင်းသာ ရှိခဲ့၍၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုး မဟုတ်ဘဲ ဟန်ဆောင် စာချုပ်မျှသာဖြစ်ကြောင်းနှုတ်သက်သေ တင်ပြနိုင်သည်ဟု **ဦးမြထင် နှင့် ဒေါ်ကျင်ယုံ** အမှု(၂)၊ **ဒေါ်မြမေ နှင့် ဒေါ်ကျင်** (၃) တို့ အမှုများတွင် ဆိုထား၏။

**ဒေါ်သောင်းချစ် နှင့် ဦးထွန်းလှိုင်**(၄) အမှုစီရင်ထုံးတွင် ဤသို့သုံးသပ်ထားသည်ကို တွေ့ရ၏။

> "......Exhibit A was a sham document intending to cloak the real transaction, namely, the mortgage of the suit house and its site by U Aung Tin, his wife Daw Thaung Chit and his son Maung Kyi Myint for an old debt of K. 3,500 with interest thereon. Therefore, oral evidence is admissible to prove the real nature of the transaction......... Section 92 of the Evidence Act does not stand in the way of

(1) 1959 B.L.R. 207.
(2) 1964 B.L.R. 250.
(3) 1964 B.L.R. 885.
(4) 1965 B.L.R. 19.

oral evidence being given to prove the real nature of the transaction which Exhibit A was intended to cloak."

ယင်းကဲ့သို့ သက်သေခံ(ဘီ)သည်၊ အမှန်တကယ် အရောင်းအဝယ် ပြုလုပ်ကြခြင်းနှင့် ပတ်သက်၍ အရောင်းအနေနှင့်အကျိုးသက်ရောက်စေမှု ရှိရန်ချုပ်ဆိုထားခြင်းဖြစ်သလား၊သို့မဟုတ် အမှန်တကယ်အားဖြင့် အပေါင် ပြုလုပ်ကြခြင်းကိုအရေခြုံအနေနှင့် ဟန်ဆောင် စာချုပ်မျှသာ ဖြစ်သလားဟူသော အချက်နှင့် ပတ်သက်၍ နှုတ်သက်သေ ထုနိုင်သဖြင့် ယခုအမှုတွင် နှုတ်သက်သေပြထားကြသည်။ အမှန်တကယ် ပေါင်ခြင်းကို အရေခြုံအနေနှင့် ချုပ်ဆိုထားသော ဟန်ဆောင် စာချုပ်မျှသာ ဖြစ်ကြောင်းကို အသိသက်သေ ထင်ရှားပြရန်မှာ ထိုသို့ပြောဆိုသူ (ဤအမှု အယူခံတရားပြိုင်) ပေါ်တွင် တာဝန်ကျရောက်သည်။**မောင်ရွှေလှိုင် နှင့် မောင်ရွှေဒုတ်** (၅) အမှုတွင် ဤသို့သုံးသပ်ထားသည်။

"Rulings of this Court have admitted evidence to show a separate and different agreement intended to operate as the real agreement even where a plainly worded document exists, but where a plaintiff seeks, as in this case, to redeem land ostensibly sold on the ground of such separate oral agreement, the burden of proof of mortgage is on the plaintiff and the evidences of such mortgage transaction must be clear and credible."

ဤအမှုတွင် အယူခံတရားပြိုင်က ထိုကဲ့သို့ အဆိုပြုလာသည်ဖြစ်၍ သက်သေထင်ရှားပြထားခြင်းရှိ မရှိ ဆန်းစစ်ကြည့်သည့်အခါ ထိုအချက်နှင့် ပတ်သက်၍ အယူခံတရားပြိုင် ဦးစံရီက ကိုယ်တိုင်သိသည့် သက်သေတယောက် အနေနှင့် ထွက်ဆိုခြင်း မပြုနိုင်ခဲ့ပေ။ဦးထွန်းတင်က သရာမြထံမှ ပြန်ရွေးသည့် မှတ်ပုံတင်စာချုပ်တခု ပြုလုပ်ကြောင်းသာ ထွက်ဆိုသည်။ ထိုစာချုပ်ကို ရုံးရှေ့တွင် အယူခံတရားပြိုင်ဘက်မှ တင်ပြနိုင်ခြင်း မရှိပေ။ ထိုစာချုပ်နှင့် ပတ်သက်၍ ဖြေရှင်းချက်လည်း မရှိခဲ့ပေ။ ၁၉၂၁ ခုနှစ်က ချုပ်ဆိုခဲ့သော စာချုပ်သည်အရောင်းကိစ္စနှင့် ပတ်သက်၍ချုပ်ဆိုခြင်း မဟုတ်ဘဲ၊ ပေါင်နှံခြင်းကိစ္စနှင့် ပတ်သက်၍ ချုပ်ဆိုခြင်း ဖြစ်ကြောင်းကို တရားခံပြသက်သေဦးဘကိုကလည်း ထိထိရောက်ရောက်ဘာမျှ မထွက်ဆိုနိုင်ခဲ့ပေ။ တရားခံပြသက်သေများ ဖြစ်ကြသော ဦးမောင်ကလေး၊ မစ္စတာ ဝါရစ်၊ ဦးဘအုံး၊ ဦးမြနှင့် ဦးမောင်ကိုတို့ကလည်း ဤအချက်နှင့် ပတ်သက်၍ ဘာမျှသက်သေ ထွက်ဆိုနိုင်ခြင်း မရှိ။ ဦးရှင် (ဆရာရှင်)၏သမီး ဒေါ်မမလေး၊ ဦးအောင်ဆိုင်၏ မယား၏အစ်မဖြစ်သူ တရားပြိုင်ပြ သက်သေအမှတ် ၁၀ က သက်သေခံရာ၌လည်း၊ ၁၉၂၁ ခုနှစ်က ချုပ်ဆိုခဲ့

(5) P.J.L.B. 497.

၁၉၇၁ — ဦးအောင်ဆိုင် နှင့် ဦးစံရီ။

သော သက်သေခံအမှတ် (ဘီ)နှင့် ပတ်သက်၍ ဘာမျှထွက်ဆိုခြင်းမပြုခဲ့ပေ။ ပထမ အယူခံရုံး တရားသူကြီးက ထိုအရောင်းစာချုပ် သက်သေခံအမှတ်(ဘီ)သည် ရောင်းသူ တို့၏ အမွေစား အမွေခံများ လက်ထဲတွင် ရှိနေခြင်းကြောင့်အပေါင်စာချုပ်သာ ဖြစ်ရမည်ဟု သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၄ ကို ညွှန်း၍ ဆုံးဖြတ်သည်။ သို့သော် ပုဒ်မ ၁၁၄ (ဈ) ငွေပေးရန်တာဝန်ရှိသော စာချုပ်သည် ပြုလုပ်သူလက် ပြန်ရောက် လျှင်၊ ထိုငွေကို ပြေလည်အောင် ပေးဆပ်ပြီးပြီဟု မှတ်ယူရမည်ဟု ဥဒါဟာရဏ် ပြုပေး ထားသည်။ အရောင်းစာချုပ် တခုသည် ရောင်းသူလက်ထဲ ပြန်ရောက်နေခြင်းကြောင့် ထိုစာချုပ်သည် ပေါင်စာချုပ် ဖြစ်ရမည်ဟု မယူဆနိုင်ပေ။ တရားလိုဘက် သက်သေ များဖြစ်ကြသည့် ဆရာမြနှင့် ဦးထွန်းလှိုင်တို့က သက်သေခံရာတွင် ဆရာရှင် ဆိုသူက အချင်းဖြစ် မြေဖြစ်သော ဦးပိုင်အမှတ် ဂ ကို ၎င်းတို့၏ဖခင် ဆရာမြိုင်အား ရောင်းခဲ့ သည်ဟု အတိအလင်း ထွက်ဆိုထားသည်။ တရားပြိုင်ဘက်မှ ပေါင်နှံ ပြုခြင်းနှင့် ပတ်သက်၍ ခိုင်မာလုံလောက်သော သက်သေမပြနိုင်ခဲ့ပေ။ မူလရုံးက ဆုံးဖြတ်သည့် အတိုင်း ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့စွဲပါ သက်သေခံ (ဘီ) စာချုပ်သည် အရောင်းစာချုပ် အမှန်ဖြစ်ကြောင်း ကျွန်ုပ်တို့ယူဆသည်။ **ဦးသန်းတင် နှင့် ဘဘ**(၆) အမှု စီရင်ထုံးတွင်ပါရှိသည့်အတိုင်း အမှုတမှုကို ဆုံးဖြတ်ရာ၌အဆိုအချေ (pleadings) တို့ပေါ် မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ အဆိုလွှာအပိုဒ် (၄)တွင် တရားလိုက၊ ၁၉၂၁ ခုနှစ်က မှတ်ပုံတင်စာချုပ်ဖြင့် အချင်းဖြစ်မြေကိုမောင်ရှင်ထံမှ ဆရာမြိုင်ဝယ်ခဲ့ ပြီးနောက်၊ တရားပြိုင်၏ သားများဖြစ်သောဆရာမြ နှင့် မောင်ထွန်းလှိုင်တို့က အမွေ ရ၍ ၎င်းတို့နှစ်ယောက်ထံမှ မှတ်ပုံတင်အရောင်းစာချုပ်ဖြင့် အယူခံ တရားလိုဦးအောင် ဆိုင်က ၁၉၅၅ ခုနှစ်က ဝယ်ယူခဲ့ကြောင်း အဆိုပြုထားသည်။ထိုအယူခံ တရားပြိုင်က ချေလွှာအပိုဒ် ၄ တွင် ဤသို့ချေပထားသည်။

> "Neither *Saya* Myine nor his heirs ever occupied this land. Up to date Kisnandaw and his heirs have been in occupation of the same."

ချေလွှာအပိုဒ် ၆ တွင် ဤသို့ချေပထားသည်။

> "Thus no title of the property can pass to the plaintiff."

မှတ်ပုံတင် အရောင်းစာချုပ်ဖြင့် မရွှေ့ မပြောင်းနိုင်သော ပစ္စည်းတခုကို ဝယ်သူ သည် ဝယ်ယူစဉ်က ထိုပစ္စည်းကို မိမိလက်ရောက် မရရှိခဲ့၍ ရောင်းသူက ထိုပစ္စည်း ပေါ်တွင် ဆက်လက်ပြီး နေခဲ့လျှင်၊ ထိုသို့နေထိုင်ရာ၌လည်း ဝယ်သူ၏ ခွင့်ပြုချက် အငှါးချထားချက်၊ သဘောတူညီချက်တို့အရ နေထိုင်ခြင်း မဟုတ်လျှင် ရောင်းသူသည်

(၆) ၁၉၅၃ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာ၊ ၉ (တရားလွှတ်တော်ချုပ်)။

၁၉၇၁

ဦးအောင်ဆိုင် နှင့် ဦးစံရီ။

စာချုပ် ချုပ်သည့်နေ့မှစ၍ ဝယ်သူကိုဆန့်ကျင်၍ လက်ရှိထားခဲ့သည်ဟု ယူဆရမည်ဟု တရားရုံးချုပ်က (စီရင်ထုံးများတွင် ထည့်သွင်းထားခြင်း မရှိသော) ဒီ၊ ပီ၊ အက်ဖ်၊ လူးတား နှင့် ဒေါ်သိန်းခင် (၇) အမှုတွင် ဤသို့ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

"သို့သော် ထူးခြားသည့်အချက်မှာ၊ ၁၉၂၆ ခုနှစ်တွင် အဆိုပါသက်သေခံ အမှတ် (က) စာချုပ်ကိုင်ဆိုပြီးနောက်၊ မစ္စစ်ဖရန်စစ်အဲမလီလူတာသည် အခင်းဖြစ်ပစ္စည်းများကို တကြိမ်တခါမျှလက်ရောက် မရရှိခဲ့ဘူးချေ။ မမသန်းပင်လျှင် အခင်းဖြစ်ပစ္စည်းများကို လက်ရှိထားရှိပြီးလျှင် အခွန်များ ထမ်းဆောင်လျက်နေ၏။ မစ္စစ်ဖရန်စစ်အဲမလီလူတာအား ငှားရမ်းခ တကြိမ်တခါမျှ မပေးခဲ့ဘူးကြောင်းနှင့် မစ္စတာအိပ်ချ်၊အမ်၊လူတာကိုယ်တိုင်က ဝန်ခံ၏။ ၎င်း၏ဇနီး ကွယ်လွန်ပြီးနောက်၊ မစ္စတာအိပ်ချ်၊အမ်၊လူတာသည် အခင်းဖြစ်ပစ္စည်းများကို မိမိနာမည်သို့ လွှဲပြောင်းရန် လျှောက်ထားသောအခါ၊ မမသန်းက ကန့်ကွက်သဖြင့် မအောင်မြင်ချေ။ ထိုအကြောင်းများကိုထောက်သော်၊ အဆိုပါအရောင်းစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ မမသန်းသည် ယခင်အတိုင်းပင် အခင်းဖြစ်ပစ္စည်းများကို ပိုင်ဆိုင်သူအဖြစ် လက်ရှိထားခဲ့သည်ဟု ယူဆရပေသည်။ မစ္စတာအိပ်ချ်၊အမ်၊လူတာက မိမိ၏ဇနီးနှင့် မမသန်းတို့သည် ခင်မင်ရင်းနှီးကြသဖြင့် မမသန်းအား လက်ရှိထားခွင့်ပြုခဲ့ကြောင်း ထွက်ဆို၏။ သို့သော် မည်သည့်နေ့၊ မည်သည့်နေရာ၌ ယင်းကဲ့သို့အခွင့်ပြုကြောင်း မထွက်ဆိုချေ။ သက်သေအထောက်အထားသည် စိုးစဉ်းမျှမရှိချေ။ ထို့ကြောင့် မူလရုံးဆုံးဖြတ်သည့်အတိုင်း၊ မမသန်းအား အခင်းဖြစ်ပစ္စည်းများကို လက်ရှိအားခွင့်ပြုကြောင်း အယူခံတရားလို သက်သေတင်ပြခြင်းမပြုနိုင်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

ယင်းသို့ဖြစ်ရကား၊ စာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ မမသန်းသည် မစ္စစ်ဖရန်စစ်အဲမလီလူတာအား ဆန့်ကျင်ပြီး၊ အခင်းဖြစ်ပစ္စည်းများကို လက်ရှိထားခဲ့သည်ဟု ယူဆရပေမည်။ မူလရုံး ကိုးကားသော အနန်ကူမာရီ နှင့် အလီဂျမင် အမှုတွင် ဆုံးဖြတ်သည့်အတိုင်း အပိုင်ရောင်းပြီးနောက် ရောင်းသူသည် လက်ရှိဆက်လက်နေလျှင် ထိုသို့လက်ရှိနေခြင်းသည် ဝယ်သူအား ဆန့်ကျင်၍နေခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

ဤအမှုတွင် မစ္စစ်ဖရန်စစ်အဲမလီလူတာသည် အခင်းဖြစ်ပစ္စည်းများကို လက်ရှိထားစဉ် မမသန်းက ဖယ်ရှားခြင်းလည်းမပြု၊ မိမိကိုယ်တိုင်လည်း စွန့်လွှတ်ခြင်းမပြုသည်ဖြစ်ရကား၊ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၂

(၇) ၁၉၆၁ ခု၊ တရားမ ပထမ အယူခံမှုအမှတ် ၂၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ စီရင်ချက်။

၁၉၇၁

ဦးအောင်ဆိုင် နှင့် ဦးစံရီ။

နှင့် မသက်ဆိုင်ချေ။ ထို့ကြောင့် ထိုအက်ဥပဒေ ပဋ္ဌမဇယားအပိုဒ် ၁၄၄ တွင် ဤအမှု အကျုံးဝင်သည်ဟုယူဆရမည်ဖြစ်သည်။ ယင်းသို့ ယူဆရာတွင် အထက်၌ ဖော်ပြသည့်အတိုင်း အရေးစာချုပ် ချုပ်ဆိုသောနေ့မှစ၍ မမသန်းသည် ဝယ်သူအားဆန့်ကျင်၍ လက်ရှိဖြစ်သည်ဟု ယူဆရမည်။”

ဦးအောင်ဆိုင်က သက်သေခံရာတွင် ဆရာမှိုင်သည် အချင်းဖြစ်မြေကို ၁၉၂၁ ခုနှစ်က ဝယ်ပြီးနောက် ဆရာမှိုင်မနေကြောင်း သို့သော် အိမ်တခုကိုလည်း ဦးချစ်ဖူးဆိုသူအား အငှားချထားကြောင်းထွက်ဆိုသည်။ မောင်ထွန်းလှိုင်ကလည်း ဦးချစ်ဖူးအား အငှါးချထားကြောင်း ဦးချစ်ဖူးထံမှ လခကောက်ခံကြောင်း ဦးချစ်ဖူး ဂျပန်ဝင်တော့ ထွက်ပြေးသွားကြောင်း အစစ်ခံသည်။ ပြန်လှန်မေးခွန်းကို ဖြေကြားရာ၌ အချင်းဖြစ်မြေပေါ်တွင် မနေဘူးကြောင်း၊ အဖေ ဆရာမှိုင်လည်း မနေဘူးကြောင်း အတိအလင်း ဝန်ခံသည်။ တရပ်တည်းနေ ဦးဘလှိုင်ကလည်း ဆရာမှိုင် ဘယ်တုံးကမျှ အချင်းဖြစ်မြေပေါ် မနေဘူးကြောင်း ထွက်ဆိုသည်။ အငှါးထားသည် မည်သူ့ကို ငှါးမှန်းမသိဟု ဆိုသည်။ ဦးဖိုးထွန်းကလည်း ဆရာမှိုင် ဝယ်ပြီးမနေကြောင်း၊ သို့သော် ဦးချစ်ဖူးကို အငှါးချထားကြောင်း၊ တလ ၂ ကျပ် ပေးရသည်ဟုအထင်နှင့် ပြောကြောင်း ထွက်ဆိုသည်။ ဦးဘသစ်က အချင်းဖြစ်မြေပေါ် ဆရာမှိုင် မနေဘူးကြောင်း၊ ဦးချစ်ဖူးကို အငှါးချထားသည်ဟု ဦးချစ်ဖူးက ပြောပြကြောင်း၊ အိမ်ကြီး၌ ခရစ်ရှနန်ဒေါ်နေ၍ ၎င်းသေတော့ သူ၏ သားသမီး မြေးတွေ နေကြကြောင်း ထွက်ဆိုသည်။

၊ အယူခံ တရားပြိုင်ဘက်မှ သက်သေ ဒေါ်မမလေးသည် ဆရာမှိုင်အား ရောင်းလိုက်သော ဦးရှင်၏ သမီးဖြစ်သည်။ ၎င်းက သက်သေခံသည်မှာ “မှုလမေး (ဦးလှည့်နှ်) ကျမ၏အဘေ၊ ဦးရှင်၏ အဘေနှင့် အမေမှာ ဆရာသိန်း ခေါ် ဦးကဇ္ဇနေဒနန္ဒေါနှင့် ဒေါ်လက်ရှမီတို့ ဖြစ်ပါသည်။”

“အမှုဖြစ်နေတဲ့ မြေများကို သိပါသည်။ ၎င်းမြေတွေပေါ်မှာ ကျမ အဘိုး အဖွားနှင့် ကျမအဘေများ နေခဲ့ပါသည်၊ ကျမလဲ နေဘူးပါသည်။”

“ဦးကဇ္ဇနေဒနန္ဒေါက ဦးပိုင်အမှတ် ၇ နှင့် ၈ ၏ အနောက်ဘက်ပိုင်းကို ဦးစံရီတို့ တလလျှင် ၅ ကျပ် နှင့်ငှါးသည်ဆိုတာ ကျမသိပါသည်။ တခါတရံငွေယူပြီး တခါတရံ ဆန်ယူသည်ဆိုတာ မသိပါ။ ကျမကိုယ်တိုင်တော့ မယူဘူးပါ။”

“ဂျပန်ခေတ်က ထိုမြေမှာ ၁ နှစ်၊ ၂ နှစ်နေပါသည်။ ဂျပန်ဝင်၍ ထွက်ပြေးပြီး၊ ၃-၄ လကြာတော့ အချင်းဖြစ် မြေပေါ်မှာ ပြန်လာပါသည်။”

ဦးအောင်ဆိုင်ဘက်မှ ထိုအချက်များနှင့် ပတ်သက်၍ ပြန်လှန်မေးခွန်း မထုတ်ထားပါ။ မေးခွန်း တခုတည်းထုတ်၍ ဤသို့ဖြေကြားထားကြောင်း တွေ့မြင်ရသည်။

"ပြန်လှန်မေး (မစ္စတာ ဘိုစ်)၊ ဦးစံရီကို ကစ္စနေသနန္ဒောက ငှါးစဉ် ကျမမရှိပါ၊ စာချုပ်စာတမ်း လုပ်တာလဲ မသိပါ၊ ငှါးစဉ်ကိုယ်တိုင်လဲ မရှိပါ။"

သက်သေခံချက်များကို ဆင်ခြင် ချင့်ချိန်သည့် အခါ၌ မူလရုံး တရားလို၏ သက်သေများကပင်လျှင် ဆရာမှိုင်သည် ၁၉၂၁ ခုနှစ်၊ ဒီဇဘာလ ၁၉ ရက်နေ့တွင် အရောင်းစာချုပ်ဖြင့် အချင်းဖြစ်မြေကွက် အမှတ် ၈ ကို ဝယ်ပြီးနောက် ဆရာမှိုင်ဖြစ်စေ၊ ၎င်း၏ သားများကဖြစ်စေ တခါဘူးမျှ ဝင်ရောက်နေထိုင်ခြင်း မပြုခဲ့ကြောင်း ထွက်ဆိုထားကြသည်။ အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေကြီး ကိုယ်တိုင်ကလည်း စာချုပ် ချုပ်ပြီးနောက် (possession) ကိုယ်တိုင်လက်ဝယ် တခါမျှ မရှိခဲ့ဘူးကြောင်းကို ဝန်ခံသည်။ သို့သော် တရားလိုဘက်မှ သက်သေများက ၎င်းမြေကွက်ပေါ်ရှိ တဲအိမ်ကလေးကို ဦးချစ်ဖူးအား ဆရာမှိုင်က အငှါးချထား၍ ငှါးရမ်းခ ရယူခဲ့ကြောင်း ပြောဆိုကြသည်။ ဦးချစ်ဖူး သေဆုံးပြီဟုဆိုသည်။ ၎င်း၏သားမယား စသည်တို့ကို သက်သေ မထူခဲ့ပေ။ အငှါးချထားခြင်းနှင့် ပတ်သက်၍ စာရွက်စာတမ်း သက်သေ မတင်ပြနိုင်ခဲ့ပေ။ နှုတ်သက်သေ ခံချက်များမှာလည်း တိကျမှု မရှိသည်ကို တွေ့ရသည်။ အချို့သက်သေတို့က ဦးချစ်ဖူးကို အငှါးချထားခြင်းနှင့် ပတ်သက်၍ တဆင့် စကားများကို ပြောပြခြင်း ဖြစ်သည်။ တရပ်တည်းနေ ဦးဘလှိုင်က မည်သူကို ငှါးထားမှန်း မသိကြောင်း ထွက်ဆိုထားသည်။ ဦးချစ်ဖူးအား ဆရာမှိုင်က အချင်းဖြစ်မြေကို ဝယ်ပြီးနောက် အငှါးချထားခြင်းနှင့် ပတ်သက်၍ တရားလိုဘက်က ခိုင်လုံသော သက်သေ အထောက်အထား မပြနိုင်ပေ။ အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေကြီးကလည်း အငှါးချထားကြောင်း မတင်ပြတော့ပေ။ တရားပြိုင်ဘက်မှ ဆရာမှိုင်အား ရောင်းသူ ဦးရှင်၏သမီး မမလေးကို သက်သေ ပြနိုင်ခဲ့သည်။ ထိုသက်သေက ဦးရှင်တို့ သားမယားများ ဆရာမှိုင်ထံ ရောင်းပြီးနောက် နေထိုင်ခဲ့ပုံကို ပြောပြထားသည်။ တရားလိုဘက်မှလည်း ထိုအချက်နှင့် ပတ်သက်၍ ပြန်လှန်စစ်မေးထားချက် မရှိသဖြင့် လက်မခံနိုင်စရာ အကြောင်း မရှိပေ။ ဆရာမှိုင်သည် ဦးရှင်ထံမှ ဝယ်ပြီးနောက်၊ မြေကွက်အမှတ် ၈ တကွက်လုံးကို အငှါးချထားကြောင်း မည်သူကမျှ မပြောခဲ့ပါ။ တဲကလေးတခုကို ငှါးထားကြောင်းသာ ပြောခဲ့ကြသည်။ ဦးချစ်ဖူးကို တဲတွင် ဆရာမှိုင်က အငှါးချထားခြင်းနှင့် ပတ်သက်၍ ယုံကြည် စိတ်ချစွာ လက်ခံနိုင်လောက်သော တိကျခိုင်မာသည့် သက်သေခံချက် မရှိပေ။ ဆရာမှိုင်အား ရောင်းပြီးနောက် ရောင်းသူ ဦးရှင်နှင့် ခရစ်နဒ်ဒေ၏ အမွေစားများဖြစ်သည့် ၎င်း၏ သားမယားများ ဆက်လက်နေထိုင်ကြသည်မှာ သက်သေခံချက်များနှင့် အမှု အခြေအနေအရ ထင်ရှားသည်ဟု ကျွန်ုပ်တို့ ယူဆသည်။

၁၉၇၁ | ဦးအောင်ဆိုင် နှင့် ဦးစံရီ။

မူလရုံး တရားသူကြီးက ဆရာမှိုင်သည် မှတ်ပုံတင် အရောင်းစာချုပ်နှင့် (၁-က) စာရင်းတို့အရ ပိုင်ရှင်ဖြစ်သည်ဟုသာ ဆုံးဖြတ်ထား၏။ ဆရာမှိုင်၏ သားများ အယူခံ တရားလိုအား ရောင်းလိုက်သည့် အခါ၌ ပိုင်ရှင် ဖြစ်ပါသေးသလားဟူသော အချက်ကို ထည့်သွင်း စဉ်းစားခဲ့ဟန် မတူပေ။ ပထမ အယူခံရုံးက မူလအချက်ကို ထည့်သွင်း စဉ်းစားခဲ့သည်။

**မောင်ကျော်ဇံ** နှင့် **မောင်ရွှေဇံ** (၈) အမှုတွင် ဆုံးဖြတ်ထားသည်မှာ ပစ္စည်းတခုကို လက်ရှိထားသူက ပိုင်ရှင် မဟုတ်ကြောင်းကို ပစ္စည်းလက်မဲ့ ဖြစ်သူက သက်သေထင်ရှား ပြရန်တာဝန်ရှိသည်။ဆရာမှိုင်ကို ဖယ်ရှား၍ လက်ရောက်ပေးအပ်ရန် တရားလိုက တရားစွဲဆိုသည့် အခါ၌ တရားလိုသည် အချင်းဖြစ် ပစ္စည်းကို ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် ပြရမည်။ ယင်းသို့ မပြနိုင်လျှင် အမှုကို ပလပ်ရန်သာရှိသည်။

**မောင်ညိုဒင်** နှင့် **မောင်မှီ** (၉) အမှုတွင် ပစ္စည်းလက်မဲ့ဖြစ်သူ တယောက်က ၎င်းပစ္စည်း၏ ပိုင်ရှင်ဖြစ်ကြောင်း ပြောဆိုလာသည့် အခါ၌ ယင်းသို့ ပိုင်ကြောင်းကို ထိုသူကပင် သက်သေထင်ရှားပြရန် တာဝန်ရှိ၏။

**မောင်ကျော်ဇံ** နှင့် **မမင်းဖြူ** (၁၀) အမှုတွင် သူတယောက်သည် မြေတကွက်ကို လက်ရှိဖြစ်နေသူ တယောက်ကို ဖယ်ရှား၍ ၎င်းပစ္စည်းကို လက်ရောက်ရယူရန်တရားစွဲဆိုသည့် အမှုများ၌ ထိုသူသည် ၎င်းမြေကွက်ကို လက်ရှိဖြစ်သူထက် ပိုမို၍ ကောင်းမွန်မြင့်မားသော ပိုင်ဆိုင်ခွင့်ရှိကြောင်း သက်သေထင်ရှား ပြရမည်ဖြစ်သည်ဟု ဆုံးဖြတ်ထား၏။ တရားလိုပိုင်ကြောင်း ထင်ရှားရမည်။

**ဦးလှမှိုင်** နှင့် **ဗုဒ္ဓသာသနာ့ နဂ္ဂဟအဖွဲ့** (၁၁) အမှုတွင် ဆုံးဖြတ်ထားသည်မှာ မြေကို လက်ရောက်ရရှိရန် မိမိဝယ်ယူ၍ တရားဝင် ပိုင်ရှင်အနေနှင့် တရားစွဲဆိုသော အမှုမျိုးတွင် တရားစွဲဆိုသူသည် အချင်းဖြစ် ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင် ပြသရမည်။ ယင်းသို့ မပြနိုင်လျှင် တောင်းဆိုသည့် သက်သာခွင့်ကို မရနိုင်ပေ။

**အော၊ အယ်၊ အာ၊ အမ် အရွှန်ချာလန် ချစ်တီးယား** နှင့် **ကိုတူးမောင်** (၁၂) အမှု စီရင်ထုံး၌ ဆုံးဖြတ်ထားသည်မှာ ပစ္စည်းတခုကို ဝယ်ယူသူက ထိုပစ္စည်းလက်

---

(၈) S.J.L.D. 102.

(၉) ၁၇၉၂-၉၆၊ အထက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၂၊ ၃၇၈။

(၁၀) ၁၇၉၂-၉၆၊ အထက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၂၊ ၃၆၆။

(၁၁) ၁၉၆၆ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ၊ ၇၃၆။

(၁၂) အောအိုင်၊အာရ်၊ (၁၉၃၃) ရန်ကုန်၊ စာ၊ ၁၇၄။

ရောက် ပေးအပ်ရန် တရားစွဲဆိုသော အမှုတွင် ထိုပစ္စည်းကို လက်ဝယ်ထားသူက တရားလိုထံသို့ ထိုပစ္စည်းကို ရောင်းသူသည် ထိုပစ္စည်းနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု ပိုင်ဆိုင်ခွင့်မရှိကြောင်း ထုချေ၍ တရားပြိုင်သည့်အခါ၌ ထိုပစ္စည်းကို တရားလိုအား ရောင်းချခဲ့သူက ရောင်းချစဉ်က ပိုင်ရှင်ဖြစ်ကြောင်းကို ထိုတရားလိုကပင် သက်သေထင်ရှား ပြရန် တာဝန်ရှိသည်။

၁၉၅၁

ဦးအောင်ဆိုင် နှင့် ဦးစံရီ။

သို့ဖြစ်ပါ၍ ယခုအမှုတွင် အချင်းဖြစ် မြေကွက်အမှတ် ၈ ကို အယူခံတရားလို (မူလခုံးတရားလို)ထံ ရောင်းချသူ ဆရာမြနှင့် ဦးထွန်းလှိုင်တို့သည် ၁၉၂၁ ခုနှစ်မှစ၍ ၎င်းတို့နှင့် ၎င်းတို့၏ ဘခင်ဖြစ်သော ဆရာမြိုင်က လက်ရှိမရခဲ့ဘဲ၊ လက်ဝယ်၌ မထားရဘဲ၊ ဆရာမြိုင်ထံ ရောင်းလိုက်သူ ဆရာရှင် (မောင်ဆင်)နှင့် ၎င်း၏သားသမီးမယားတို့ကသာ ဆက်လက်၍ တောက်လျှောက် နေထိုင်ခဲ့ပြီးလျှင် ဆန့်ကျင်လက်ရှိထားခဲ့ကြသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် ၁၂ နှစ်ကျော်သွားသော ၁၉၃၃ ခုနှစ် ကုန်ဆုံးပြီးနောက်တွင် ဆရာမြိုင်နှင့် ၎င်း၏အမွေစား ဆရာမြနှင့် ဦးထွန်းလှိုင်တို့ မပိုင်ဆိုင်တော့ပေ။ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၈ တွင်ဤသို့ အတိအလင်း ပြဋ္ဌာန်းထားသည်။

> "28. At the determination of the period hereby limited to any person for instituting a suit for possession of any property, his right to such property shall be extinguished."

အယူခံ တရားလိုထံ ရောင်းချလိုက်သူတို့၏ ဘခင် ဆရာမြိုင်သည် မှတ်ပုံတင်အရောင်း စာချုပ်အရ၊ ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလက အချင်းဖြစ် မြေကွက်အမှတ် ၈ ၏ တရားဝင် ပိုင်ရှင်ဖြစ်ခဲ့သည်မှာ မှန်၏။ သို့သော် ၎င်းက ၁၉၂၁ ခုနှစ်တွင် ဝယ်ယူပြီးနောက် ထိုပစ္စည်းကိုလက်ရောက် မရယူခဲ့ဘဲ မူလရောင်းသူဖြစ်သော မောင်ရှင်နှင့် ၎င်း၏ သားမယားတို့ ဆက်လက်နေထိုင်၍ ဆန့်ကျင်လက်ရှိ ထားခဲ့ခြင်းကြောင့် ၁၂ နှစ်ကျော်သွားသည့် အခါ၌ အဆိုပါ ဆရာမြိုင်နှင့် ၎င်း၏အမွေဆက်ခံသူတို့ဖြစ်သော ဆရာမြနှင့် ဦးထွန်းလှိုင်တို့သည် မပိုင်တော့ကြောင်း၊ သက်သေခံချက်များအရ ၎င်း၊ ဥပဒေအရ၎င်း တွေ့ရှိရသည်။ အယူခံတရားလိုက ၎င်းအား ရောင်းချလိုက်သောသူများသည် ၎င်းအား ရောင်းချလိုက်စဉ် အခါက အချင်းဖြစ်မြေကွက် အမှတ် ၈ ကို ပိုင်ဆိုင်ကြောင်း သက်သေသင်ရှား မပြနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

သို့ပါ၍အယူခံတရားလိုသည် အခင်းဖြစ် မြေကွက်အမှတ် ၈ ကို ပိုင်ဆိုင်သူမဟုတ်၍ ၎င်းမြေကွက်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့် မရှိသဖြင့် အခင်းဖြစ် ပစ္စည်းဖြစ်သော

၁၉၇၁

ဦးအောင်ဆိုင် နှင့် ဦးစံရီ။

အခင်းဖြစ် မြေကွက်နှင့် ပတ်သက်၍ တရားစွဲ တောင်းဆိုထားသော အစိတ်အပိုင်းကို လက်ရောက် ပေးအပ်ရန်နှင့် ၎င်းအချင်းဖြစ် ပစ္စည်းမှ အဆောက်အဦများကို ဖျက်ယူ ဖယ်ရှားပေးရန် ဒီကရီ မရထိုက်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်၊ ပထမ အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို အချင်းဖြစ်မြေကွက်အမှတ် ဂ နှင့် သက်ဆိုင်သရွေ့ကို အတည်ပြုသည်။ မန္တလေးမြို့၊ နယ်ပိုင် တရားမရုံး၌ တရားမကြီးမှုအမှတ် ၂၃/၅၇ တွင် တရားလိုစွဲဆိုသောအမှုကို စရိတ်နှင့် ပယ်စေဟု အမိန့်ချသည်။ ဤအယူခံကို စရိတ်နှင့်တကွ ပယ်သည်။

## နိုင်ငံတော်တရားရုံးချုပ်

## တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးလှသင်းတို့ရှေ့တွင်

ဦးကုလ္လဝံသ

နှင့်

ဦးမဲအောင် ပါ ၂*

† ၁၉၇၁

နိုဝင်ဘာလ ၂၃ ရက်။

**တရားမကျင့်ထုံးပုဒ်မ ၈၀—ပြည်သူ့ဝန်ထမ်းနှင့် သာမန်အရပ်သားတို့အား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့် အမှုတွင် ပြည်သူ့ဝန်ထမ်းအား နို့တစ်မပေးခဲ့ပါက ပြည်သူ့ဝန်ထမ်းအပေါ်သာမက၊ အရပ်သား အပေါ် စွဲဆိုသည့်အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိ— နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင် မစွန့်လွှတ်နိုင်။**

**ဆုံးဖြတ်ချက်။** ။ပြည်သူ့ဝန်ထမ်းနှင့် သာမန်အရပ်သားတို့အား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့်အမှုတွင် ပြည်သူ့ဝန်ထမ်းအား တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ကြိုတင်နို့တစ်စာမပေးခဲ့ပါက ပြည်သူ့ဝန်ထမ်းအပေါ်သာမက အရပ်သားအပေါ် စွဲဆိုသည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိဆိုသော ပြဿနာနှင့် ပတ်သက်၍ ယူဆချက်အမျိုးမျိုး ဝိဝါဒကွဲပြားလျက်ရှိနေပေသည်။ အချို့က ပြည်သူ့ဝန်ထမ်း အပေါ်သာမက အရပ်သားအပေါ်၌လည်း တရားစွဲဆိုခြင်း မပြုနိုင်ဟုဆိုသည်။ အချို့ကမူ နို့တစ်စာမပေး၍ ပြည်သူ့ဝန်ထမ်းအပေါ် တရားစွဲဆိုခြင်း မပြုနိုင်သော်လည်း အရပ်သားအပေါ် ဆက်လက်၍ စွဲဆိုနိုင်သည်ဟု ယူဆကြသည်။ ပြည်သူ့ဝန်ထမ်းကို အမှုတွင် တရားပြိုင်အဖြစ် မထည့်ပဲ အရပ်သားထံမှ တရားလိုသည်၊ မိမိအလိုရှိသော သက်သာခွင့်ကို တောင်းဆိုနိုင်လျှင် ပြည်သူ့ဝန်ထမ်းကို ချန်လှပ်ပြီး အရပ်သားအပေါ် ဆက်လက်၍ တရားမစွဲဆိုနိုင်စရာ အကြောင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။ တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ပြည်သူ့ဝန်ထမ်းအား ကြိုတင်နို့တစ်စာ မပေးခဲ့သည့် အကြောင်းကြောင့် အရပ်သားအပေါ် စွဲဆိုသည့်အမှုပါ ပျက်ပြယ်ခြင်းမရှိပေ။ **အရာနူလာ (ခေါ်) ဟန်နူလာ နှင့် ဦးပါစိန်၊** ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၅၆ (၂၆၁)၊ တရားလွှတ်တော်ကို ရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပြည်သူ့ဝန်ထမ်း၏ အကျိုးအတွက် တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ပေးရသည့် ကြိုတင်နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင်သည်။ **ဒေါ်ကျင်လှိုင်နှင့် ဦးဝင်းမောင်၊** ၁၉၅၈၊ မြန်မာပြည် စီရင်ထုံး၊ ၈၇၊ တရားလွှတ်တော်၊ ရည်ညွှန်းသည်။

---

* ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၉။

† ၁၉၆၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့စွဲပါ စစ်တွေမြို့၊ ခရိုင်တရားမ တရားသူကြီး ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

**၁၉၇၁** **လျှောက်ထားသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးဘကျော်။

ဦးဣန္ဒဝံသ နှင့် ဦးမဲအောင် ပါ ၂။ **လျှောက်ထားခံရသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးဘရွှန်း။

**တရားသူကြီး ဦးသက်ဖေ။** ။စစ်တွေမြို့၊ ဦးဥတ္တမလမ်းရှိ ကျွးရုပ်ကျောင်းတိုက်နှင့် ပတ်သက်၍ ကျောင်းတကာ၊ တကာမများက တဖက်၊ လျှောက်ထားသူ ဦးဣန္ဒဝံသက တဖက်၊ သူပိုင် ငါပိုင် အငြင်းပွါးနေကြသဖြင့်၊ စစ်တွေခရိုင် ရာဇဝတ် တရားသူကြီးသည်၊ ထိုကျောင်းတိုက်အား ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၄၆ အရ၊ ဝါရမ်းကပ်ပြီး နယ်ပိုင် ရာဇဝတ် တရားသူကြီး အမှုးပြုသည့် အဖွဲ့ကို ထိန်းသိမ်းစောင့်ရှောက်ရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအခါ ကျောင်းတကာ နှစ်ဦးဖြစ်သည့် လျှောက်ထားခံရသူတို့က စစ်တွေမြို့၊ ခရိုင်တရားမရုံးတွင် အခင်းဖြစ် ကျောင်းတိုက်နှင့် ကျောင်းတိုက် အတွင်းရှိ ပစ္စည်းအားလုံးသည်၊ တကာ၊ တကာမများပိုင် ပစ္စည်း ဖြစ်ကြောင်း မြွက်ဟပေးရန်နှင့် လက်ရောက်အပ်ပေးရန် တရားစွဲဆိုသည်။ ၎င်းတို့ စွဲဆိုသည့် အမှုတွင် ဦးဣန္ဒဝံသအပြင် ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့အား တရားပြိုင်များအဖြစ် ထည့်သွင်းခဲ့သည်။

ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့က တရားရုံး၏ ဆုံးဖြတ်ချက်ကို နာခံပါမည်ဟု ချေလွှာ တစောင် တင်သည်။ ဦးဣန္ဒဝံသက ချေလွှာတင်ရာ၌ ပြည်သူ့ ဝန်ထမ်းများ ဖြစ်ကြသည့် ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့ကို တရားမ ကျင့်ထုံး ပုဒ်မ ၈၀ အရ၊ အကြောင်းကြားစာ မပေးပဲ တရားစွဲဆိုသဖြင့် စွဲဆိုသည့် အမှုသည် ပျက်ပြယ်ပါသည်။ ကျောင်းတိုက်နှင့် ကျောင်းတိုက် အတွင်းရှိ ပစ္စည်းများကို လက်ရောက်ရလိုကြောင်း တောင်းဆိုထားသဖြင့် ပစ္စည်းတန်ဘိုး အပေါ် ရုံးခွန်ဆောင်ရန်လိုပါသည် ဆိုသောအကြောင်းပြချက်များ တင်ပြခဲ့သည်။

ထိုအခါ မူလရုံး တရားလိုတို့က ၎င်းတို့၏ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားကြသည်။ ပြင်ဆင်လိုသည့်အဆိုလွှာတွင် ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့ကို တရားပြိုင်များအဖြစ် ထည့်သွင်းခြင်း မပြုတော့သည့်အပြင် ပစ္စည်းများအား လက်ရောက် အပ်ပေးရန် သက်သာခွင့်ကိုလည်း ချန်လှပ်ခဲ့သည်။ မူလရုံးမှ ယင်းပြင်ဆင်သည့် အဆိုလွှာကို လက်ခံလိုက်သဖြင့် ဦးဣန္ဒဝံသက ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ နို့တစ်စာမပေးပဲ ပြည်သူ့ဝန်ထမ်း တဦးအား ၎င်း၏ ဝတ္တရားအရ ပြုလုပ်မှုအတွက် တရားမမှု စွဲဆိုခြင်း မပြုနိုင်သဖြင့် ခရိုင်ရာဇဝတ်

၁၉၅၁ — ဦးဋ္ဌနုဝံသ နှင့် ဦးမဲအောင် ပါ ၂။

တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့အား လိုအပ်သည့် နို့တစ်စာ မပေးပဲ စွဲဆိုခဲ့သည့် လျှောက်ထားခံရသူတို့အမှုမှာ ကနဦးကပင် ပျက်ပြယ်နေသဖြင့် မူလရုံးမှ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုခြင်းသည်၊ စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန်၍ သုံးစွဲရာရောက်ပါသည်။ မူလက ပစ္စည်းများ ပိုင်ဆိုင်ကြောင်း မြွက်ဟပြီး လက်ရောက် ရလိုပါသည်ဟု စွဲဆိုခဲ့ပြီး ပြင်ဆင်သည့် အဆိုလွှာအရ မြွက်ဟချက် ဒီကရီသာ တောင်းဆိုထားသဖြင့် အမှု၏ ပုံသဏ္ဍာန်ကို ပြောင်းလဲရာ ရောက်သဖြင့် အဆိုလွှာ အား ပြင်ဆင်ခွင့် မပြုသင့်ပါဟု လျှောက်ထားသူ၏ ရှေ့နေ ဦးဘကျော်က တင်ပြ သွားသည်။

ပြည်သူ့ဝန်ထမ်းနှင့်သာမန် အရပ်သားတို့အား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့်အမှုတွင် ပြည်သူ့ဝန်ထမ်းအား တရားမ ကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ကြိုတင် နို့တစ်စာမပေးခဲ့ပါက ပြည်သူ့ဝန်ထမ်း အပေါ်သာမက အရပ်သား အပေါ်စွဲဆို သည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိမရှိ ဆိုသော ပြဿနာနှင့် ပတ်သက်၍ ယူဆချက်အမျိုးမျိုး ဝိဝါဒကွဲပြားလျက် ရှိနေပေသည်။ အချို့က ပြည်သူ့ဝန်ထမ်း အပေါ်သာမက အရပ်သား အပေါ်၌လည်း တရားစွဲဆိုခြင်း မပြုနိုင်ဟု ဆိုသည်။ အချို့ကမူ နို့တစ်စာ မပေး၍ ပြည်သူ့ဝန်ထမ်း အပေါ် တရားစွဲဆိုခြင်း မပြုနိုင် သော်လည်း အရပ်သား အပေါ် ဆက်လက်၍ စွဲဆိုနိုင်သည်ဟု ယူဆကြသည်။ ပြည် သူ့ဝန်ထမ်းကို အမှုတွင် တရားပြိုင်အဖြစ် မထည့်ပဲ အရပ်သားထံမှ တရားလိုသည်၊ မိမိအလိုရှိသော သက်သာခွင့်ကို တောင်းဆိုနိုင်လျှင် ပြည်သူ့ဝန်ထမ်းကို ချန်လှပ်ပြီး အရပ်သားအပေါ် ဆက်လက်၍ တရားမစွဲဆိုနိုင်စရာ အကြောင်း မရှိဟု ကျွန်ုပ်တို့ ယူဆသည်။ တရားမ ကျင့်ထုံးပုဒ်မ ၈၀ အရ၊ ပြည်သူ့ဝန်ထမ်းအား ကြိုတင်နို့တစ်စာ မပေးခဲ့သည့် အကြောင်းကြောင့် အရပ်သား အပေါ် စွဲဆိုသည့် အမှုပါ ပျက်ပြယ် ခြင်းမရှိပေ။ ယင်းကိစ္စနှင့် ပတ်သက်၍ **အရာနူလာ(ခေါ်)ဟန်နူလာ နှင့် ဦးပါစိန်** (၁) တို့ အမှုပါ အောက်ပါ ဝေဖန်ချက်ကို ကျွန်ုပ်တို့ သဘောတူသည်။

> "As pointed out by Meredith J., the true test in cases of this kind is whether the suit would be maintainable as against the private individual without impleading the official who requires a notice under section 80 of the Civil Procedure Code. In such a case, there is no reason why the official should not be struck out and the suit allowed to proceed against the private individual in whose case no notice under section 80 is at all necessary."

(၁) ၁၉၆၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၅၆ (၂၆၁) တရားလွှတ်တော်။

၁၉၇၁ — ဦးဣန္ဒဝံသ နှင့် ဦးမဲအောင် ပါ ၂။

ထို့ပြင် ပြည်သူ့ဝန်ထမ်း၏ အကျိုးအတွက် တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ ပေးရသည့် ကြိုတင် နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင်သည်။ **ဒေါ်ကျင်လှိုင် နှင့် ဦးဝင်းမောင် (၂)**၊ ယခု အမှုတွင် ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့က ကြိုတင် နို့တစ်စာ မပေး၍ အမှုကို စွဲဆိုခြင်း မပြုနိုင်ပါဟု ထုချေခြင်းမပြုပဲ တရားရုံး၏ ဆုံးဖြတ်ချက်ကို နာခံပါမည်ဟု တင်ပြခဲ့ကြသဖြင့် ၎င်းတို့၏ အခွင့်အရေးကို စွန့်လွှတ်ရာ ရောက်၍ တရားပြိုင်များ အဖြစ် ထည့်သွင်းစေကာမူ စွဲဆိုသော အမှုသည် ပျက်ပြယ်ခြင်း ရှိမည် မဟုတ်ပေ။

မူလ အဆိုလွှာတွင် လျှောက်ထားခံရသူတို့က အခင်းဖြစ် ကျောင်းနှင့် ကျောင်းတွင်းရှိ ပစ္စည်းများသည် တကာ၊ တကာမများပိုင် ပစ္စည်း ဖြစ်ကြောင်း- မြွက်ဟပေးပြီး လက်ရောက်အပ်ပေးရန် သက်သာခွင့်တောင်းခဲ့သည်။ ပြင်ဆင်သည့် ချေလွှာတွင် မြွက်ဟချက် ဒီကရီကိုသာ တောင်းဆိုထားသည်။ တနည်းဆိုရသော် မူလအဆိုလွှာတွင်သက်သာခွင့်နှစ်ခုတောင်းဆိုခဲ့ပြီးပြင်ဆင်ထားသည့်ချေလွှာ၌သက်သာခွင့် တခုသာတောင်းဆိုခြင်းဖြစ်သည်။ သက်သာခွင့်ကိုလျှော့၍ တောင်းဆိုခြင်းသာဖြစ်ပြီး၊ အမှု၏ ပုံသဏ္ဍာန်ကို ပြောင်းလဲခြင်း မပြုသဖြင့် အဆိုလွှာအား ပြင်ဆင်ခွင့်ပြုခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်။ လက်ရောက်ရလိုကြောင်း သက်သာခွင့်ကို တောင်းဆိုခြင်းမပြုပဲ မြွက်ဟချက် ဒီကရီသက်သက်ကိုသာ တောင်းဆိုခြင်းပြုနိုင် မနိုင် ဆိုသော ပြဿနာမှာ၊ ယခု အခြေအနေ၌ ဆုံးဖြတ်ရန် မဟုတ်ပေ။ အမှုကို ကြားနာပြီးမှသာ ဆုံးဖြတ်ရမည့် ကိစ္စသာဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ပါယ်လိုက်သည်။ လျှောက်ထားသူသည် သာသနာ့ဝန်ထမ်းဖြစ်၍ တရားစရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်း မပြု။

(၂) ၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၈၇၊ တရားလွှတ်တော်။

# စီရင်ထုံးပြုသောမှုခင်းများ

# LIST OF CASES REPORTED

---

## စစ်ဘက်အယူခံတရားရုံး

## COURTS-MARTIAL APPEAL COURT


| | | စာမျက်နှာ |
|---|---|---|
| သာအေး၊ မောင်၊ ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | .... | ၁၉ |

# ကိုးကားသောအမှုခင်းများ

# LIST OF CASES CITED

## စစ်ဘက်အယူခံတရားရုံး

## COURTS-MARTIAL APPEAL COURT


| | |
|---|---|
| | စာမျက်နှာ |
| ကျော်ဆောင် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံးများ ၂၇၁ ... | ၂၄ |

# ညွှန်းချက်

# INDEX

## စစ်ဘက်အယူခံတရားရုံး

## COURTS-MARTIAL APPEAL COURT

စာမျက်နှာ

**အက်ဥပဒေများ—**

သက်သေခံဥပဒေ။

**သေဆုံးသူတဦး၏၊ အသက်ရှင်စဉ်က ထွက်ဆိုချက်—မည်သည့်အခါ လက်ခံနိုင်ခြင်း— သက်သေခံအကျဉ်းချုပ် ယူခြင်းသည် တရားစီရင်မှု ဆိုင်ရာ မှုခင်း တခုဟု ယူဆနိုင် မယူဆနိုင်—မည်သည့်အခါ သက်သေခံ အကျဉ်းချုပ်သည် သက်သေခံ အဖြစ် လက်ခံနိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ယေဘုယျအားဖြင့် သေဆုံးသူ** တဦးသည်၊ အသက်ရှင်စဉ်က စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်း ကောင်း ထွက်ဆိုချက် တရပ် ပေးခဲ့လျှင်၊ ၎င်းထွက်ဆိုချက်ကို ရုံးကသက်သေခံ အဖြစ် လက်ခံနိုင်ရန် အတွက် သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၂ (၁) မှ ၃၂ (၈) အထိ၊ အပိုဒ် (၈) ပိုဒ်အနက်မှ အပိုဒ် တခုခု၏ ဘောင်အဘွင်းဝင်ရမည် ဖြစ်သည်။ သို့မှသာ ယင်းထွက်ဆိုချက်ကို သက်သေခံအဖြစ် လက်ခံနိုင်သည်။ ။ ယခင်ကထွက်ဆိုချက် တရပ်ပေးပြီးနောက်၊ ထွက်ချက်ပေးသောသူ သေဆုံး သွားလျှင်၊ ၎င်း၏ ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၃ ၏ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်ပါက၊ သက်ဆိုင်ရာ အမှုတွင် အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်၊ ဤအမှုတွင် သေဆုံးသွားသော တပ်သား စံရှိန်၏ ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၃ ၏ ဘောင်အတွင်းဝင် မဝင်စဉ်းစားရန်လိုအပ်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံ အကျဉ်း ချုပ်ယူခြင်းသည်၊ တပ်မတော် နည်းဥပဒေ၏ အခန်း (၅) တွင် ဖော်ပြထားသည့် အတိုင်း စွဲချက်များကို စုံစမ်း စစ်ဆေးခြင်းနှင့် တရားခံ ရှေ့မှောက်တွင်စွဲချက်ကို ထောက်ခံမည့် သက်သေများအား စစ်ဆေးမေးမြန်းခြင်းသာ ဖြစ်သည်။ သက် သေများထွက်ဆိုချက်အရ၊ စစ်တရားရုံးသို့ တင်ပို့သင့်မှ တင်ပို့သည်။ ယုတ္တိမရှိ လျှင် စွဲချက်မတင်ပဲ တရားခံအား လွှတ်နိုင်သည်။ ထို့ကဲ့သို့ပင် ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း (၁၈) တွင် တရားခံတဦးအပေါ်တွင် စွဲချက်နှင့် ပတ်သက်၍ သက်သေများကို စစ်ဆေးပြီး နောက်၊ အမှုအဘွက် ယုတ္တိရှိပါက၊ ရာဇဝတ် ကျင့်ထုံးဥပဒေ ပုဒ်မ ၂၁၁ (၁) အရ၊ စုံစမ်းစစ်ဆေးသော တရားသူကြီးက

စွဲချက်တင်၍၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၃ (၁) အရ၊ တရားခံအား စစ်ဆေးစီရင်ရန် အတွက် တရားလွှတ်တော်သို့ သော်လည်းကောင်း၊ စက်ရှင်ရုံးသို့သော်လည်းကောင်း တင်ပို့ခြင်းသည် အထက်ဖော်ပြပါ တပ်မတော် နည်းဥပဒေ ၂၃ (၁) (က) နှင့် ဆင်တူဖြစ်သည်။ ၁၉၆၁ ခု၊ ရာဇဝတ်အယူခံ အမှတ် ၇ နှင့် ၈၊ **မောင်လှရွှေ ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊** ၁၉၆၂၊ မြန်မာနိုင်ငံ၊ စာ ၂၇၁ ကို ကိုးကားသည်။ သို့ရာတွင် အရေးကြီးသောခြားနားချက်မှာ ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း (၁၈) တွင် သက်သေများကို ကျမ်းသစ္စာပြုစေပြီးမှ စစ်ဆေးသည်။ သက်သေခံချက် အကျဉ်းချုပ် ယူရာတွင်မူ ကျမ်းသစ္စာဖြင့် စစ်ဆေးရမည်ဟု မပါရှိချေ။ ထို့ကြောင့် မောင်လှရွှေ စီရင်ထုံးသည် လုံးဝဥဿုံ ပြည့်စုံမှန်ကန်သည် မဟုတ်၊ လုပ်ထုံးကို နှိုင်းယှဉ်ရှင်းလင်း၍ နမူနာစာပြခြင်းသာ ဖြစ်သည်။ ။တပ်မတော် ဥပဒေ ၁၃၉ အရ၊ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း သက်သေတိုင်းအားသက်သေမခံမီပြုစေရမည်ဟု ဖော်ပြထားသည်။ ထိုကဲ့သို့ သစ္စာပြုစေပြီးမှ စစ်တရားရုံးတွင် သက်သေခံလျှင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄ (အမ်) တွင် ဖော်ပြသည့်အတိုင်း တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စတခုတွင် သက်သေခံသည်ဟု ယူဆနိုင်သည်။ ထို့ကြောင့် တပ်မတော် အက်ဥပဒေ အခန်း (၁၁) ပုဒ်မ ၁၅၆ အရ၊ **စစ်တရားရုံးဖြင့် စစ်ဆေးစီရင်မှုသာ တရားစီရင်မှုဆိုင်ရာ မှုခင်း** တခု ဖြစ်ကြောင်းထင်ရှားသည်။ ။**ထပ်မံဆုံးဖြတ်ချက်။** ။အိန္ဒိယပြည်တွင် သုံးစွဲသော အိန္ဒိယစစ်ဥပဒေ လက်စွဲ အခန်း (၅)၊ စာမျက်နှာ ၆၉၊ အပိုဒ် ၄၄ တွင်ပါရှိသကဲ့သို့ပင် တပ်မတော် နည်းဥပဒေ ၁၁၅ (၂) နှင့် ၁၅၉ (၃) တွင် တရားခံက "အပြစ်ရှိသည်" ဟု ဖြေကြားလျှင် သက်သေခံ အကျဉ်းချုပ်ကိုဘတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲရမည်ဟု ဖော်ပြထားသဖြင့်၊ ယင်းသို့ အပြစ်ရှိကြောင်း ဝန်ခံသည့် သက်သေခံ အကျဉ်းချုပ်ကို ရုံးကလက်ခံ စဉ်းစားနိုင်သည်ဟုယူဆသည်။

**၁။ မောင်သာအေး**
**၂။ မောင်သောင်းစိန်** } နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** .... ၁၉

မည်သည့်အခါ **သက်သေခံအကျဉ်းချုပ်သည် သက်သေခံအဖြစ်လက်ခံနိုင်ခြင်း** .... ၁၉

# စစ်ဘက်အယူခံတရားရုံး

## ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ ဗိုလ်မှူးကြီး ကျော်ထင် နှင့် တရားသူကြီး ဦးအောင်ကြီးတို့ရှေ့တွင်

၁။ မောင်သာအေး
၂။ မောင်သောင်းစိန် } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ* † ၁၉၆၇ ဒီဇင်ဘာလ ၁၀ ရက်။

**သေဆုံးသူတဦး၏ အသက်ရှင်စဉ်က ထွက်ဆိုချက် — မည်သည့်အခါလက်ခံနိုင်ခြင်း — သက်သေခံ အကျဉ်းချုပ် ယူခြင်းသည် တရားစီရင်မှုဆိုင်ရာ မှုခင်းတခုဟု ယူဆနိုင် မယူဆနိုင် — မည်သည့် အခါ သက်သေခံ အကျဉ်းချုပ်သည် သက်သေခံအဖြစ် လက်ခံနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ယေဘုယျအားဖြင့် သေဆုံးသူတဦးသည်၊ အသက်ရှင်စဉ်က စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ထွက်ဆိုချက်တရပ် ပေးခဲ့လျှင်၊ ၎င်းထွက်ဆိုချက်ကို ရုံးကသက်သေခံအဖြစ် လက်ခံနိုင်ရန်အတွက် သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ (၁) မှ ၃၂ (၈) အထိ၊ အပိုဒ် (၈) ပိုဒ်အနက်မှ အပိုဒ် တခုခု၏ ဘောင်အတွင်း ဝင်ရမည်ဖြစ်သည်။ သို့မှသာ ယင်းထွက်ဆိုချက်ကို သက်သေခံအဖြစ် လက်ခံနိုင်သည်။ ။ယခင်က ထွက်ဆိုချက် တရပ်ပေးပြီး နောက်၊ ထွက်ဆိုချက်ပေးသောသူ သေဆုံးသွားလျှင်၊ ၎င်း၏ ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ ၏ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်ပါက၊ သက်ဆိုင်ရာ အမှုတွင် အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်၊ ဤအမှုတွင် သေဆုံးသွားသော တပ်သား စံရှိန်၏ ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ ၏ ဘောင်အတွင်းဝင် မဝင် စဉ်းစားရန်လို အပ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။သက်သေခံ အကျဉ်းချုပ် ယူခြင်းသည်၊ တပ်မတော် နည်းဥပဒေ၏ အခန်း (၅) တွင် ဖော်ပြထားသည့် အတိုင်း စွဲချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားခံရှေ့ မှောက်တွင် စွဲချက်ကို ထောက်ခံမည့် သက်သေများအား စစ်ဆေးမေးမြန်းခြင်းသာ ဖြစ်သည်။ သက်သေများထွက်ဆိုချက်အရ၊ စစ်တရားရုံးသို့ တင်ပို့သင့်မှ တင်ပို့သည်။ ယုတ္တိမရှိလျှင် စွဲချက် မတင်ဘဲ တရားခံအား လွှတ်နိုင်သည်။ ထိုကဲ့သို့ပင် ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း (၁၈) တွင် တရားခံတဦးအပေါ်တွင် စွဲချက်နှင့် ပတ်သက်၍ သက်သေများကို စစ်ဆေးပြီး နောက်၊ အမှု အတွက် ယုတ္တိရှိပါက၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၀ (၁) အရ၊ စုံစမ်းစစ်ဆေးသော တရား

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈၁၊ ၈၂။

† ၁၉၆၆ ခုနှစ်၊ အကျဉ်းစစ်တရားရုံးချုပ် (နတခ) အမှတ် ၄ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့စွဲပါ အကျဉ်းစစ်တရားရုံးချုပ် (နတခ) ၏အမိန့်ကိုအယူခံမှု။

၁၉၇၁
——
၁။ မောင်သာအေး၊
၂။ မောင်သောင်းစိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သူကြီးက စွဲချက်တင်၍၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၃ (၁) အရ၊ တရားခံအား စစ်ဆေးစီရင်ရန်အတွက် တရားလွှတ်တော်သို့သော်လည်းကောင်း၊ စက်ရှင်ရုံးသို့သော်လည်းကောင်း တင်ပို့ခြင်းသည်၊ အထက်ဖေါ်ပြပါ တပ်မတော် နည်းဥပဒေ ၂၃ (၁) (က) နှင့် ဆင်တူဖြစ်သည်။ ၁၉၆၁ ခု၊ ရာဇဝတ်အယူခံမှုအမှတ် ၇ နှင့် ၈၊ မောင်လှရွှေ ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၂၊ မြန်မာနိုင်ငံ၊ စာ ၂၇၁ ကို ကိုးကားသည်။ သို့ရာတွင် အရေးကြီးသော ခြားနားချက်မှာ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း (၁၈) တွင် သက်သေများကို ကျမ်းသစ္စာ ပြုစေပြီးမှ စစ်ဆေးသည်။ သက်သေခံအကျဉ်းချုပ်ယူရာတွင်မူ၊ ကျမ်းသစ္စာဖြင့် စစ်ဆေးရမည်ဟု မပါရှိချေ။ ထို့ကြောင့် မောင်လှရွှေစီရင်ထုံးသည် လုံးဝ ဥဿုံ ပြည့်စုံမှန်ကန်သည်မဟုတ်၊ လုပ်ထုံးကို နှိုင်းယှဉ်ရှင်းလင်း၍ နမူနာပြခြင်းသာဖြစ်သည်။ ။တပ်မတော် ဥပဒေ ၁၃၉ အရ၊ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း သက်သေတိုင်းအား သက်သေမခံမီ ပြုစေရမည်ဟု ဖေါ်ပြထားသည်။ ထိုကဲ့သို့ သစ္စာပြုစေပြီးမှ စစ်တရားရုံးတွင် သက်သေခံလျှင်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄ (အမ်) တွင် ဖေါ်ပြသည့်အတိုင်း၊ တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ တခုတွင်သက်သေခံသည်ဟုယူဆနိုင်သည်။ ထို့ကြောင့် တပ်မတော် အက်ဥပဒေအခန်း (၁၁) ပုဒ်မ ၁၅၆ အရ၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်မှုသာ တရားစီရင်မှုဆိုင်ရာ မှုခင်းတခု ဖြစ်ကြောင်းထင်ရှားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အိန္ဒိယပြည်တွင် သုံးစွဲသော အိန္ဒိယစစ်ဥပဒေ လက်စွဲ အခန်း (၅)၊ **စာမျက်နှာ** (၆၉)၊ အပိုဒ် ၄၄ တွင်ပါရှိသကဲ့သို့ပင်၊ တပ်မတော် နည်းဥပဒေ ၁၁၅ (၂) နှင့် ၁၅၉ (၃) တွင် တရားခံက "အပြစ်ရှိသည်" ဟု ဖြေကြားလျှင်၊ သက်သေခံ အကျဉ်းချုပ်ကို ဘတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲရမည်ဟု ဖေါ်ပြထားသဖြင့်၊ ယင်းသို့ အပြစ်ရှိကြောင်း ဝန်ခံသည့်သက်သေခံ အကျဉ်းချုပ်ကို ရုံးက လက်ခံ စဉ်းစားနိုင်သည်ဟု ယူဆသည်။

**အယူခံတရားလိုအတွက်။** ။

**အယူခံတရားခံအတွက်။** ။အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်း။

**ရုံးသဟာယ။** ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းနှင့် စစ်ဥပဒေချုပ် (ကိုယ်စား) ဗိုလ်ကြီး မောင်ဝ။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။အယူခံ တရားလိုများ ဖြစ်ကြသော ကိုယ်ပိုင်အမှတ် ၂၃၇၀၇၁ တပ်သား သောင်းစိန်နှင့် ကိုယ်ပိုင်အမှတ် ၁၉၆၃၀၃ တပ်သား သာအေးတို့သည် အုန်းချောင်းစခန်း၌ တာဝန် ထမ်းဆောင်နေကြစဉ် သောင်းကျန်းသူများနှင့် ပူးပေါင်းကြံစည်၍ မိမိတို့၏ အုန်းချောင်းစခန်းကို သောင်းကျန်းသူများလက်သို့ ရောက်ရန် ကြံစည်အားထုတ်သည်ဟုသော စွဲချက် ၂ ရပ်ဖြင့် အကျဉ်းစစ် တရားရုံးချုပ်က စစ်ဆေးခဲ့သည်။ ၎င်းတို့အပေါ် တင်ထားသောစွဲချက် ၂ ရပ်အနက်၊ ပထမစွဲချက်အရ၊ မှုပြစ်ထင်ရှား တွေ့ရှိကာ ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန်နှင့် စစ်မှုထမ်းခြင်းမှ အမြဲတန်း ထုတ်ပစ်ရန် ၁၉၆၆ ခု၊ မေလ ၂၅ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

၁၉၇၁

၁။ မောင်သာအေး၊ ၂။ မောင်သောင်းစိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သို့ရာတွင် အတည်ပြု အာဏာပိုင်က ပြန်လည်ပြင်ဆင်ရန် ညွှန်ကြားသဖြင့် စစ်တရားရုံးချုပ်က ပြန်လည် စဉ်းစားပြီးနောက် ထောင်ဒဏ် ၅ နှစ်စီ ချမှတ်လိုက်သည်။ ယင်းအမိန့်ကို အတည်ပြု အာဏာပိုင်က ၁၉၆၇ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် အတည်ပြုသည်။

အကျဉ်းစစ်တရားရုံးချုပ်တွင် လိုက်ပါ ဆောင်ရွက်သော တရားလိုဘက် အရာရှိ ဗိုလ်ကြီး စိုးတင့် (လိုပြ-၂) သည်၊ **အမှုစတင် စစ်ဆေးသည့်နေ့တွင် ရုံးသို့ပဏာမ လျှောက်ထားချက် တင်သွင်းရာ၌ တရားလိုသက်သေ ၄ ယောက်၏ စာရင်း (သက်** သေခံအမှတ် "ဂ")တွင်၊ တပ်သားစံရှိန်၏ အမည်ပါ ထည့်သွင်း၍ ပြထားသည်။ သို့သော်တပသား စံရှိန်သည် ၁၉၆၆ ခု၊ ဧပြီလ ၁၇ ရက်နေ့တွင် တိုက်ပွဲတခု၌ ကျဆုံးသွားခဲ့ကြောင်း၊ ၎င်း၏မူလ သက်သေထွက်ချက်ကို ရေးယူထားကြောင်း မှတ်ချက်ပေးထားသည်။

သေဆုံးသွားသော တပ်သား စံရှိန်၏ မူလထွက်ချက်ကို အမှုတွဲ၏စာမျက်နှာ ၃၉ တွင်တွေ့ရှိနိုင်သည်။ ၎င်းအား စစ်ဆေးသည့် နေ့စွဲကို ဖေါ်ပြထားခြင်းမရှိသော်လည်း အယူခံ တရားလိုများဖြစ်ကြသော သာအေးနှင့် သောင်းစိန်တို့အား တပ်မတော်နည်းဥပဒေ ၂၂ (၃)အရ၊ စစ်ဆေးသော ၁၉၆၅ ခု၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ထက်နောက်မကျနိုင်ဟု ယူဆရသည်။ တပ်သား စံရှိန်၏ မူလထွက်ဆိုချက်မှ လိုအပ်သည်များကို ဗိုလ်ကြီး စိုးတင့် (လိုပြ-၂)က စစ်တရားရုံး၌ အစစ်ခံသောအခါ၊ ဖတ်ပြသည်ကို စစ်တရားရုံးက လက်ခံထားသည်။ ယင်းထွက်ချက်ကိုလည်း ဤအမှုနှင့် ပတ်သက်၍ အယူခံတရားလို ၂ ဦးအပေါ်၌ ရုံးကစဉ်းစားခဲ့သည်ဟု ယူဆရသည်။

စစ်တရားရုံးသည် သေသူ စံရှိန်၏ ထွက်ချက်ကို သာမန်သက်သေတဦးက သစ္စာပြု၍ ထွက်ဆိုထားသော ထွက်ချက်တရပ် (**substantive evidence**) ကဲ့သို့ အလေးပေး စဉ်းစားခဲ့သလော၊ သို့တည်းမဟုတ် ဤအမှုရှိ အခြားသက်သေခံချက်များကို အထောက်အထား ပြုသည့်အနေဖြင့် အလေးပေး စဉ်းစားခဲ့သလော ဟူသော ပြဿနာတရပ် ပေါ်လာသောကြောင့် ဤအချက်နှင့် စပ်လျဉ်း၍ ဤတရားရုံးက ထပ်မံကြားနာခဲ့သည်။ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း (ယခု နိုင်ငံတော် တရားရုံးချုပ် တရားသူကြီး)နှင့် စစ်ဥပဒေချုပ်မှ ဗိုလ်မှူးကြီး မောင်လှတို့အား ယင်းပြဿနာပေါ်တွင် လာရောက်တင်ပြ ကူညီကြရန်ကိုလည်း ဖိတ်ကြားခဲ့သည်။

ယေဘုယျအားဖြင့် သေဆုံးသူ တဦးသည် အသက်ရှင်လျက် ရှိစဉ်က စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့် သော်လည်းကောင်း ထွက်ဆိုချက်တရပ် ပေးခဲ့လျှင် ၎င်းထွက်ဆိုချက်ကို ရုံးက သက်သေခံအဖြစ် လက်ခံနိုင်ရန်အတွက် သက်သေခံ

၁၉၇၁

၀။ မေခင်သာ ဆေး၊

၂။ မေခင် သောင်းစိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အက်ဥပဒေပုဒ်မ ၃၂ (၁) မှ ၃၂ (၈)အထိ၊ အပိုဒ် (၈)ပိုဒ်အနက်မှ အပိုဒ်တခုခု၏ ဘောင်အတွင်း ဝင်ရမည်ဖြစ်သည်။ သို့မှသာ ယင်းထွက်ဆိုချက်ကို သက်သေခံအဖြစ် လက်ခံနိုင်သည်။

ဤအယူခံမှုတွင် အယူခံတရားလို ၂ ဦးအပေါ်၌ တင်ထားသော ပထမ စွဲချက်နှင့် ပတ်သက်၍ တိုက်ရိုက် သက်သေခံနိုင်သော တပ်သား စံရှိန်သည် ဖော်ပြခဲ့သည့်အတိုင်း စစ်တရားရုံးတွင် အစစ်မခံရမီ တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ တပ်သား စံရှိန်အား ဗိုလ်ကြီး စိုးတင့် (လိုပြ-၂) က တပ်မတော်နည်းဥပဒေ ၂၂ အရ၊ စစ်ဆေးသောအခါ အယူခံတရားလို ၂ ဦးစလုံးက ၎င်းအား ပြန်လှန်မေးခွန်းထုတ်ရန် အခွင့်ရရှိ၍ မေးခွန်း ထုတ်ခဲ့ကြကြောင်း အမှုတွဲ၏ စာမျက်နှာ ၄၃ နှင့် ၄၄ တွင်တွေ့ရသည်။ သို့ရာတွင် သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ ၏ အပိုဒ်ခွဲ (၈)ပိုဒ်တွင် တပ်သား စံရှိန် ၏ ထွက်ဆိုချက်သည် အကျုံးမဝင်ချေ။ သို့အတွက် ပုဒ်မ ၃၂ အရ၊ အသုံးမပြုနိုင်ဟု ယူဆသည်။

ယခင်က ထွက်ဆိုချက်တရပ် ပေးပြီးနောက် ထွက်ဆိုချက် ပေးသောသူ သေဆုံး သွားလျှင် ၎င်း၏ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ ၏ ပြဋ္ဌာန်းချက် များနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာအမှုတွင် အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဤအမှုတွင် သေဆုံးသွားသော တပ်သား စံရှိန်၏ ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ ၏ ဘောင်အတွင်းဝင် မဝင် စဉ်းစားရန် လိုအပ်သည်။

သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ မှ ဤအမှုနှင့် ပတ်သက်သမျှ အောက်တွင်ဖော် ပြထားသည်။

> " Evidence given by a witness in a judicial proceeding, or before any person authorized by law to take it, is relevant for the purpose of proving, in a subsequent judicial proceeding,..............when the witness is dead,....................

တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ တခုခုတွင် ဖြစ်စေ၊ ဥပဒေအရ၊ သက်သေခံချက် ယူနိုင်ရန် ခွင့်ပြုထားသောသူ တဦးဦးထံမှာဖြစ်စေ သက်သေတဦးက ပေးထားသော သက်သေခံချက်ကို ယင်းသက်သေ သေဆုံးသွားသောအခါ နောက်ပေါ်ပေါက်လာ သည့် တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ တခုတွင် သက်သေခံအဖြစ် အသုံးပြုနိုင် သည်။

အထက်ဖော်ပြပါ ပုဒ်မ ၃၃ ၏ ကောက်နုတ်ချက်တွင် သုံးစွဲထားသော "evidence" "witness" နှင့် "judicial proceeding " စကားရပ်များတွင် အဓိပ္ပါယ် ဖော်ပြရမည့် အရေးကြီးဆုံးသော စကားရပ်ဖြစ်သည့် " judicial

proceeding" (တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စတခုခု)ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄ (အမ်)တွင် အောက်ပါအတိုင်း ဖေါ်ပြထားသည်။

"judicial proceeding" includes any proceeding in the course of which evidence is or may be legally taken on oath ;

တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ ဆိုရာတွင်၊ တရားဥပဒေနှင့် အညီ ကျမ်းသစ္စာပြု၍ သက်သေခံချက် ယူထားသော မှုခင်းကိစ္စ တခုခုလည်း ပါဝင်သည်။

အယူခံ တရားလို ၂ ဦးအပေါ် စွဲချက်တင်ပြီး၊ စစ်တရားရုံးတွင် မစစ်ဆေးမီ တပ်သား စံရှိန် သေဆုံးသွားသည်။ သို့အတွက် ဗိုလ်ကြီး စိုးတင့် သက်သေခံအကျဉ်းချုပ်ယူရာတွင် သက်သေတဦးအဖြစ် ထွက်ချက်တရပ် ပေးခဲ့ခြင်းသည် တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ တခုတွင် ကျမ်းသစ္စာပြု၍ ပေးခဲ့သော ထွက်ဆိုချက်ဖြစ် မဖြစ် စဉ်းစားရန် ဖြစ်ပေသည်။

တပ်မတော် နည်းဥပဒေ ၂၂ (၁)တွင် "သက်သေခံသော သက်သေများ၏ သက်သေခံချက်" စကားရပ် ပါရှိရာ၊ သေဆုံးသွားသော တပ်သား စံရှိန်သည်၊ သက်သေတဦး (witness) အဖြစ်ဖြင့် သက်သေခံချက်တရပ် (evidence)ပေးခဲ့ကြောင်းထင်ရှားသည်၊ သို့ရာတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄ (အမ်) အရ သက်သေခံ အကျဉ်းချုပ်ယူခြင်းသည် တရားစီရင်မှုဆိုင်ရာ မှုခင်းတခုဟု မဆိုနိုင်ပေ။ အကြောင်းမှာ သက်သေခံ အကျဉ်းချုပ် ယူရာတွင် ပေးသော သက်သေခံချက် (evidence)မှာကျမ်းသစ္စာပြု၍ ပေးရသော သက်သေခံချက် မဟုတ်ပေ။ထိုနည်းအတူ တပ်မတော် နည်းဥပဒေ ၂၂ (၃)အရ၊ တရားခံအား "သင်ပြောဆိုသမျှ" ကို ရေးမှတ်ယူမည်ဟု သတိပေးပြီးမှ ရေးယူခြင်းမှာလည်း ကျမ်းသစ္စာပြု၍ပေးသော ပြောဆိုချက် မဟုတ်ပေ။

သက်သေခံ အကျဉ်းချုပ်ယူခြင်းသည် တပ်မတော် နည်းဥပဒေ၏ အခန်း (၅)တွင် ဖေါ်ပြထားသည့်အတိုင်း စွဲချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားခံရှေ့မှောက်တွင် စွဲချက်ကို ထောက်ခံမည့် သက်သေများအား စစ်ဆေး မေးမြန်းခြင်းသာ ဖြစ်သည်။ သက်သေများ ထွက်ဆိုချက်အရ စစ်တရားရုံးသို့ တင်ပို့သင့်မှ တင်ပို့သည်။ယုတ္တိမရှိလျှင် စွဲချက်မတင်ဘဲ တရားခံအား လွှတ်နိုင်သည်။ ထိုကဲ့သို့ပင် ရာဇဝတ်ကျင့်ထုံး ဥပဒေ အခန်း (၁၈)တွင် တရားခံတဦးအပေါ်တွင် စွဲချက်နှင့် ပတ်သက်၍ သက်သေများကို စစ်ဆေးပြီးနောက်၊ အမှုအတွက် ယုတ္တိရှိပါက၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၀ (၁) အရ၊ စုံစမ်းစစ်ဆေးသော တရားသူကြီးက စွဲချက်တင်၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၃ (၁)အရ၊ တရားခံအား စစ်ဆေးစီရင်ရန်အတွက် တရားလွှတ်တော်သို့ သော်လည်းကောင်း၊ စက်ရှင်ရုံးသို့ သော်လည်းကောင်း တင်ပို့ခြင်းသည် အထက်ဖေါ်ပြပါ

၁၉၇၁

၁။ မောင်သာအေး၊
၂။ မောင်သောင်းစိန်နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ။

၁၉၇၁

၁။ မောင်သာအေး၊
၂။ မောင်သောင်းစိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တပ်မတော် နည်းဥပဒေ ၂၃ (၁)၊ (က)နှင့် ဆင်တူဖြစ်သည်။ ဤကဲ့သို့ ဆင်တူဖြစ်ကြောင်းကို ၁၉၆၁ ခု၊ ရာဇဝတ် အယူခံမှုအမှတ် (၇) နှင့် (၈) **မောင်လှရွှေ ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁)တွင် ဖော်ပြထားသည်။ သို့ရာတွင် အရေးကြီးသော ခြားနားချက်မှာ ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း (၁၈)တွင် သက်သေများကို ကျမ်းသစ္စာ ပြုစေပြီးမှ စစ်ဆေးသည်။ သက်သေခံအကျဉ်းချုပ် ယူရာတွင်မူ ကျမ်းသစ္စာဖြင့် စစ်ဆေးရမည်ဟု မပါရှိချေ။ ထို့ကြောင့် မောင်လှရွှေ စီရင်ထုံးသည် လုံးဝဥဿုံပြည့်စုံ **မှန်ကန်သည်မဟုတ်၊ လုပ်ထုံးကို နှိုင်းယှဉ်ရှင်းလင်း၍ နမူနာပြခြင်းသာဖြစ်သည်။**

တပ်မတော် နည်းဥပဒေ ၁၃၉ အရ၊ ကျမ်းသစ္စာကို သော်လည်းကောင်း၊ ကတိသစ္စာကို သော်လည်းကောင်း သက်သေတိုင်း သက်သေမခံမီ ပြုစေရမည်ဟု ဖော်ပြထားသည်။ထိုကဲ့သို့ သစ္စာပြုစေပြီးမှ စစ်တရားရုံးတွင် သက်သေခံလျှင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄(အမ်)တွင် ဖော်ပြထားသည့်အတိုင်း၊ တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စတခုတွင် သက်သေခံသည်ဟု ယူဆနိုင်သည်။ထို့ကြောင့် တပ်မတော် အက်ဥပဒေအခန်း (၁၁)၊ ပုဒ်မ ၁၅၆ အရ၊ စစ်တရားရုံးဖြင့်စစ်ဆေးစီရင်မှုသာ တရားစီရင်မှုဆိုင်ရာ မှုခင်းတခုဖြစ်ကြောင်း ထင်ရှားသည်။

သက်သေခံ အကျဉ်းချုပ် ယူခြင်းသည် တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စတခု မဟုတ်သေးကြောင်း၊ ကြိုတင်စုံစမ်းစစ်ဆေးခြင်း အဆင့်၌သာရှိကြောင်းကို၊ လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်က တင်ပြသည်။ သို့ရာတွင်တရားရုံးတွင် စစ်ဆေးခံရသော တရားခံတဦးက ၎င်းအပေါ်၌ တင်ထားသော စွဲချက်အရ၊ အပြစ်ရှိသည်ဟု ဝန်ခံပါက၊ အဆိုပါ သက်သေခံအကျဉ်းချုပ်တွင် ပါရှိသောအချက်အလက်များကို သက်သေခံအဖြစ် လက်ခံနိုင်သည်ဟု တင်ပြသည်၊ ဤအချက်နှင့် ပတ်သက်၍ အိန္ဒိယပြည်တွင် သုံးစွဲသော အိန္ဒိယ စစ်ဥပဒေလက်စွဲ (Manual of Indian Military Law, 1937) ကို တင်ပြရာ၊ သက်သေခံချက်နှင့် သက်ဆိုင်သော အခန်း (၅)၊ စာမျက်နှာ ၆၉၊ အပိုဒ် (၄၄) တွင်အောက်ပါအတိုင်း တွေ့ရှိရသည်။

> " In the case, however, of trial by court-martial, there is no similar provision making a summary of evidence taken before a commanding officer, when an accused person is remanded for trial, evidence under the same circumstances as depositions taken on oath and in a judicial proceeding. Accordingly, the summary, except so far as it contains statements by the accused himself, cannot be admitted as evidence of the facts recorded in it uulass the accused has pleaded guilty..............."

---

၁။ 1962 Burma Law Report, 271.

၁၉၇၁

၁။ မောင်သာအေး၊
၂။ မောင်သောင်းစိန်နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ။

အထက်ပါအပိုဒ် (၄၄)တွင်ပါရှိသကဲ့သို့ပင် တပ်မတော် နည်းဥပဒေ ၁၁၅ (၂) နှင့် ၁၁၉ (၃) တွင်လည်း၊ တရားခံက "အပြစ်ရှိသည်"ဟု ဖြေကြားလျှင် သက်သေခံအကျဉ်းချုပ်ကို ဘတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲရမည်ဟု ဖော်ပြထားသဖြင့် ယင်းသို့ အပြစ်ရှိကြောင်း ဝန်ခံသည့် သက်သေ ' အကျဉ်းချုပ်ကို ရုံးကလက်ခံ စဉ်းစားနိုင်သည်ဟု ယူဆသည်။

အမှု အကြောင်းချင်းရာ များနှင့် စပ်လျဉ်း၍ ဗိုလ်ကြည်ဝင်း (လိုပြ-၁) ၏ သက်သေခံချက်ကို လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရသည်။

အခင်းမဖြစ်မီ ၁၉၆၅ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကပင် အယူခံတရားလို သာအေး၏ နေထိုင် သွားလာမှုများသည် မမှန်ကြောင်း၊ ၎င်းသည် အုန်းချောင်းရွာအနီးရှိ ရန်သူများထံ သွားရောက်တွေ့ဆုံကြောင်းနှင့် အယူခံတရားလို သောင်းစိန်နှင့်လည်း ပူးပေါင်းနေကြောင်း၊ ထို့ကြောင့် သောင်းကျန်းသူများ ဝင်ရောက်တိုက်ယူမည့် ၁၉၆၅ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့ညနေ ၇ နာရီအချိန်ခန့်တွင် အယူခံတရားလို ၂ ဦးအကြောင်းကို တပ်သား စံရှိန်က ၎င်းသိသမျှ ဗိုလ်ကြည်ဝင်းအား သွားရောက် သတင်းပို့ခဲ့သည်၊ သို့သော်လည်း ၎င်းတဦးတည်းထံမှ အဆိုပါသတင်းကို ရရှိသည်ဟု မဆိုနိုင်သဖြင့် ထောက်ခံသော သတင်းသာဖြစ်သည်ဟု ယူဆသည်။ သို့အတွက် လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် တင်ပြသည့်အတိုင်း သေသူ စံရှိန်၏ ထွက်ချက်ကို ရန်သူတို့၏ အကြံအစည်နှင့် ပတ်သက်၍ ရရှိပြီးသောသတင်းကို ထောက်ခံသည့် အနေဖြင့် လက်ခံနိုင်ပေသည်။

တပ်သား စံရှိန်ထံမှ သတင်းရပြီးသည့်နောက်၊ ဗိုလ်ကြည်ဝင်းက အယူခံတရားလို ၂ ဦးတို့ကို ခေါ်ယူစစ်ဆေးရာ ၂ ဦးစလုံးက ငြင်းကြသည်။

သို့သော် ခွဲ၍စစ်ဆေးသောအခါ၊ မိမိတို့ကို ရန်သူများက ၎င်း၏စခန်းကို တိုက်ရန်လာလျှင် ၎င်းတို့အတွင်းသို့ ဝင်နိုင်ရန် အကူအညီတောင်းထားကြောင်း၊ အရပ်သား စံရွှေဆိုသူလည်း ရန်သူတို့နှင့် ဆွေးနွေးရာတွင် ပါဝင်ကြောင်း ဗိုလ်ကြည်ဝင်းအား ပြောပြသည်။ ထိုကဲ့သို့ သိရှိပြီးနောက် အရပ်သား စံရွှေကို ရှာဖွေရာ မတွေ့ရတော့ချေ။ သို့ရာတွင် ၁၉၆၅ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် အယူခံတရားလို ၂ ဦး၏ နေအိမ်များကို ရှာဖွေသောအခါ၊ သာအေးအိမ်တွင် မသင်္ကာစရာ တစုံတရာမျှ မတွေ့ရသော်လည်း၊ သောင်းစိန်၏ အိမ်တွင်မူ သူပုန်နှင့် ဆက်သွယ်သော စာတစောင် (သက်သေခံအမှတ် "ဃ")ကို တွေ့ရသည်။ ဤစာကို ဖတ်ရှုပါက၊ မိမိတို့စခန်းတွင် အခြေအနေထူးနေ၍၊ အပြင်သို့ မထွက်ရကြောင်း၊ ထို့ကြောင့် လာတွေ့ရန် မလွယ်ကူကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုစာကို သူပုန်တို့အားပေးရန် ရေးထားသော်လည်း

၁၉၇၁

၁။ မောင်သာအေး၊ ၂။ မောင်သောင်းစိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ

သူပုန်လက်ထဲသို့ မရောက်ခဲ့ပေ၊ တဖန် ၁၉၆၅ ခု။ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ဂ နာရီခန့်တွင် ဖူလေးကုန်းရွာရှိ စောဂျက် အိမ်နှင့် အရပ်သား စံရွှေအိမ်သို့ သွားရောက်ရှာဖွေရာ စာရွက်စာတမ်းသုံးစောင် တွေ့ရှိ၍ ယူလာသည်။ ဤစာရွက်စာတမ်းများတွင် အယူခံ တရားလို သောင်းစိန်ရေးသော စာတစောင် (သက်သေခံအမှတ် "ဃ")၏ မူရင်းကို၊ စစ်တရားရုံးသို့ တင်သွင်း၍ အခြားစာများ၏ မူရင်းများ တင်သွင်းသည်ကို မတွေ့ရပေ။ မိတ္တူမှန်ဟု ရေးထားသောစာအမှတ် "စ"၊ "ဆ" နှင့် "ဇ"တို့ကိုသာ တင်သွင်းသည်ကို တွေ့ရသည်။ ၁၉၆၅ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့စွဲပါ သက်သေခံအမှတ် "စ" တွင်ပါသော အကြောင်းချင်းရာများကို လေ့လာပါက၊ ရန်သူသည် ဗိုလ်ကြည်ဝင်း၏တပ်စခန်းကို ဝင်မစီးနိုင်ခြင်းမှာ တပ်တွင်ရှိ လူ ၂ ဦးအား ဖမ်းမိသွားကြောင်း၊ ရန်သူကလည်း သိသွားသဖြင့်၊ ၁၉၆၅ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အကြံမအောင်မြင်ခဲ့ခြင်း ဖြစ်သည်ဟု ဖေါ်ပြထားသည်ကို တွေ့ရသည်။ ထိုစာတွင် ရည်ညွှန်းသော လူ ၂ ဦးမှာ အမှု၏ အကြောင်းချင်းရာများအရ၊ အယူခံတရားလို ၂ ဦးသာ ဖြစ်ရမည်ဟု ယုံကြည်ရန်ဖြစ်သည်။ အခြားစာ ၂ စောင်ဖြစ်သော သက်သေခံအမှတ် "ဆ"နှင့် "ဇ"တို့သည်၊ ရန်သူက မည်ကဲ့သို့ စီစဉ်နေကြောင်းကို ဖေါ်ပြထားသော စာများဖြစ်သည်။

၁၉၆၅ ခု၊ ဇန္နဝါရီလ ၂ ရက်နေ့နှင့် ၁၉၆၅ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့များတွင် သိမ်းဆည်းရခဲ့သော စာရွက်စာတမ်းများသည် အယူခံတရားလို ၂ ဦးတို့အား တပ်မတော် နည်းဥပဒေ ၂၂ (၃)အရ၊ စစ်ဆေးသဖြင့် ထွက်ဆိုသော ထွက်ဆိုချက်များကို ထောက်ခံထားကြောင်း တွေ့ရ၍၊ အယူခံတရားလို ၂ ဦးအပေါ်တွင် ပြစ်မှုထင်ရှားစီရင်ထားခြင်းမှာ မှန်ကန်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

စံရှိန်၏ သက်သေခံ အကျဉ်းချုပ်ကို ထည့်သွင်း၍ စဉ်းစားခြင်း မပြုစေကာမူ၊ အခြားလွတ်လပ်သော သက်သေ အထောက်အထား များဖြင့်ပင် ခိုင်လုံသည်ဟု ကျွန်ုပ်တို့တွေ့ရသည်။

တပ်မတော် အက်ဥပဒေ ၃၂ (က)အရ၊ အားပေးကူညီခြင်းသည် ပုဒ်မ ၆၇ အရ ထောင်ဒဏ် ၁၄ နှစ်အထိ ချမှတ်နိုင်သော်လည်း၊ အယူခံတရားလို ၂ ဦးတို့သည် ငယ်ရွယ်သူများဖြစ်၍ ထောင်ဒဏ် ၅ နှစ်စီသာ ချမှတ်ခဲ့သည်။ စစ်မှုထမ်းသက်မှာလည်း၊ အမှုမဖြစ်မီ ၄ နှစ်နှင့် ၆ နှစ်အသီးသီးရှိကြသည်။ ၎င်းတို့သည် ပြည်သူ့တပ်မတော်သို့ ဝင်စဉ်က တိုင်းပြည်အတွက် အသက်ကိုစွန့်၍ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရန် သစ္စာပြု၍ ဝင်ခဲ့ကြောင်းကိုလည်း သတိပြုရန်လိုသည်။ အယူခံတရားလို ၂ ဦးသည် ရန်သူဘက်မှ ရာထူးဖြင့်ဖြစ်စေ၊ ငွေကြေးဖြင့် ဖြစ်စေ၊ ဖြားယောင်းသွေးဆောင်သဖြင့်

ရန်သူဘက်သို့ ပါနေကြောင်း ထင်ရှားသည်။ ယခုကဲ့သို့ ရန်သူဘက်မှ အောင်မြင်ရန်အတွက် ကြိုးစားရာတွင် မိမိတို့၏ တပ်စခန်းတွင် အမှုထမ်းဆောင်နေသော ရဲဘော်ရဲဘက်တို့၏ အသက်ဘေးအန္တရာယ်များကိုလည်းထည့်သွင်း စဉ်းစားသင့်သည်။

အထက်ပါ အကြောင်းတို့ကြောင့် အကျဉ်းစစ်တရားရုံးချုပ်က ချမှတ်ထားသော အမိန့်များကို အတည်ပြု၍ အယူခံကို ပယ်လိုက်သည်။

ရုံးသဟာယအဖြစ် လိုက်ပါကူညီသော လက်ထောက် ရှေ့နေချုပ်နှင့် စစ်ဥပဒေချုပ်တို့ကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်သည်။

၁၉၇၁

၁။ မောင်သာအေး၊
၂။ မောင်သောင်းစိန်နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ။